
www.burmeseclassic.com




www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ရုပ်စုံမဂ္ဂဇင်း

အမှတ် ၃၀၂၊ ဇန်နဝါရီ၊ ၂၀၁၅
**ဝင်းငြိမ်း** စီစဉ်တည်းဖြတ်သည်



သူတို့အရေး
၄။ အောင်သန်းထွန်း

ရွှေချစ်သူမှ ရွှေချစ်သူသို့
၁၀။ ဝင်းငြိမ်း

**One Minute Interview**
၃၈။ ဘို
ရန်အောင်
ပြေတီဦး

လူမှုဝန်းကျင်
၃၄။ ဝင်းငြိမ်း
နင်စေရင် အောင်ပွဲခံတဲ့
၂၀၁၃ ထူးချွန်ဆုပေးပွဲ

နိုင်ငံတကာစာမျက်နှာ
၄၄။ ဇာနည်ညီညီမိး
မကြောက်တတ်တော့ဘူး
ဆိုတဲ့ ကေတီဟုမ်း
၅၀။ စိုးတာအောင်၊ NY၊
ဂျန်နီဖာလိုပက်ဇ်
ပြောပြတဲ့ သူ့ဘဝ
၅၆။ ရာပြည့်
ဂီတအသစ်နဲ့
ဘဝသစ်ပြန်စမယ့်
Taylor Swift

ရွှေဝတ္ထု
မောင်ကိုကို၊ အမရပူရ၊ ၉၈။
ကျားရဲ
ခူပီအောင် ၁၁၄။
အတူတကွ
မြတ်သျှိုင်းချွင် ၁၂၂။
မော်ဒန်အက်ကြောင်း
မောင်အင်း၊ ဥတ္တံ၊ ၁၃၆။
ဇာတ်ပျက်
တင်မြင့်ဦး၊ သံတွဲ၊ ၁၄၄။
သမ္မတကြီးနဲ့ တွေ့ခွင့်ပေးပါ
လှငြိမ်းအေး၊ ဆီမီးခုံ၊ ၁၅၄။
တစ်ပေါက်ကလေးမျှသော
ရေကြည်သည်လည်း
နိုင်မြင့် ၁၆၄။
ခဲတစ်လုံးရဲ့ဂယက်
အောင်ချင်းသစ် ၁၇၀။
စဏ္ဍာလှေ
အဲလိုမှူး ၁၇၈။
တို့များ
ဆုတောင်းမှားခဲ့လေသလား
အချစ်ရယ်
ခန့်ကျော်ထင်ရှိုင် ၁၈၄။
၊ပြိုင်ကော်၊
သေရာပါအစွဲကြောင့်
ဝေဒနာသည်းရခြင်း
ကိုရှိုင်းကြည်ဝင်း ၁၉၀။
ထွက်ပေါက်
နော်၊ ကျောက်ဆိုင်၊ ၁၉၈။
နှလုံးသွေးနဲ့ ရေးတဲ့သစ္စာ
လှမြင့်အောင်၊ တောင်ကုတ်၊ ၂၀၂။
ကာလတန်ဖိုး
မကျည်းတန်၊ ပြိုင်ကော်၊ ၂၀၈။
မရှိမဖြစ် ရှိမဖြစ်သည့်လူ
လျှံနွဲ့ကို၊ စီးပွားရေးတက္ကသိုလ်၊ ၂၁၂။
ဝေးလွင့်ခြင်းဒိုင်ယာရီ
နတ်ရဲ၊ ရွှေဗေဒ၊ ၂၁၈။
မွေးအပူမှာ လေပူကာနှင့်

www.burmeseclassic.com

www.burmeseclassic.com

**ရွှေနှလုံးသား**
၃၈။ **ရဲရွှေမိုးနေ**
အဖြူရောင်အကိုျ
**အမှတ်တရစာစု**
၁၄၈။ **လွှန်းသိန်းဦး**
တစ်ခါက
နိုင်ငံတစ်ကောင်၏
ပုစဉ်းရင်ကွဲ
**ရွှေဝတ္ထုများကို**
**ပြန်လည်တူးဖော်ခြင်း**
၈၈။ **လှမောင်၊ မြန်မာစာဌာန၊**
ငွေရတဲ့သဘင်
**ရသစာတမ်း**
၁၀၆။ **ပန်းရိပ်မြူ**
ရွှေကျေးပုံပြင်
**ရွှေသုတ**
၆၄။ **မေမြွှာဦး**
ဟိမဝန္တာဒေသများသို့(၃)
၇၈။ **အလွှမ်းသီချင်းရေးတဲ့**
**မောင်ကျော်ဇော**
ဖေယျာကမ်း အလှပန်းချီနှင့်
ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း
(ဝတ္ထုသီချင်းများ)
၉၄။ **မောင်သန်းဇော်၊ တားဝယ်၊**
ရန်ကုန်တက္ကသိုလ်မှ
ကပြခဲ့သည့် စုံနှံ့သာမြိုင်နှင့်
ပတ်သက်သော ရှင်းတမ်း
၁၁၂။ **မောင်ခင်မင်၊ ဓနုဖြူ၊**
စကားသမုဒ္ဒရာထဲမှာ(၇)
၁၂၈။ **ကိုရွှန်းမြင့်၊ မြို့မ၊**
ကြိုးပမ်းမှုနှင့်
ပြဿနာအဆင့်ဆင့်
**ရွှေအသစ်**
၂၃၀။ ——————
၂၃၈။ ——————
၂၄၄။ ——————
၂၄၈။ ——————

အယ်ဒီတာအဖွဲ့ - တိုက် (၂၁/၂၃)၊ အခန်း (၃-၀၃)၊ ၅၂ လမ်း (အောက်ဘလောက်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၁-၉၀၁၀၁၁၅ Email : nyeinfamily@gmail.com. မျက်နှာဖုံး၊ မေတ္တာလက်ဆောင်နှင့် အတွင်းပုံနှိပ်သူ - ဦးညာဏ်လှိုင် (၀၅၂၂၃)၊ ဇမ္ဗူတလှပုံနှိပ်တိုက်၊ အမှတ် ၁၁၁၀၊ ရွှေတောင်ကြား ၅ လမ်း၊ ၆၃ ရပ်ကွက်၊ စက်မှုဇုန် တောင်ဒဂုံ၊ ရန်ကုန်မြို့။ ရွှေထုတ်ဝေသူ - ဦးညာဏ်လှိုင် (၃၇၁၀)၊ အမှတ် ၁၃၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ရွှေဖြန့်ချီရေး - ဇမ္ဗူတလှစာပေ၊ အမှတ် ၁၃၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၉၈၂၂၀ စာတိုက်သေတ္တာအမှတ် ၁၂၀၅၊
E-mail : zabutalu@gmail.com. Available at : iTune Store




www.burmeseclassic.com

www.burmeseclassic.com



# သူတို့အရေး

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း အမှတ် ၃၀၂၊ ဇန်နဝါရီ၊ ၂၀၁၅

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယကကြီး ဦးတင်ဦးလည်း တက်ရောက်ချီးမြှင့်ခဲ့ပါတယ်

## လွှတ်တော်ကိုယ်စားလှယ် ဇေယျာသော် ထိမ်းမြားမင်္ဂလာဆောင်နှင်း

ပါမောက္ခဒေါက်တာ ဦးမြသော်(ပါမောက္ခချုပ်-ငြိမ်း)၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)နှင့် ဒေါက်တာ ခင်ဝင်းမေ(အထူးကုဆရာဝန်ကြီး သွားနှင့်ခံတွင်း-ငြိမ်း)ခုတင်၃၀၀ဆံ့ သင်ကြားရေးဆေးရုံကြီး(မန္တလေး)တို့၏သားတေးသံရှင် မောင်ဖြိုးဇေယျာသော် (ခ)ဇေယျာသော်(B.A English) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(ပုဗ္ဗသီရိမြို့နယ်)နှင့် မိုးကုတ်မြို့၊ ကျပ်ပြင်မြို့မရပ်နေ ဦးကျော်အုန်းနှင့် ဒေါ်ကြည်ဝင်းတို့၏ သမီး မသင်းနုလှိုင်ကျော်(B.A English, Dip in Account) Marrry Me(Wedding Favorus )တို့၏မင်္ဂလာဧည့်ခံပွဲကို ဒီဇင်ဘာလ ၁၇ ရက်နေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်းရှိ မဟာစည်သာသနာ့ရိပ်သာတွင်ကျင်းပခဲ့သည်။

❑



ဘိုလေး၊ ရန်ရန်ချမ်း၊ ဂျေမီတို့နဲ့ အမှတ်တရ



အနဂ္ဂ၊ သံသာဝင်းတို့ဇနီးမောင်နှံတို့နဲ့ အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာ၊ ဒါရိုက်တာ အကယ်ဒမီ စည်သူကြည်စိုးထွန်း

## ၆၉ နှစ်ပြည့်တဲ့ ဒါရိုက်တာ ကြည်စိုးထွန်း

စာရေးဆရာ၊ ဒါရိုက်တာ အကယ်ဒမီ စည်သူကြည်စိုးထွန်းရဲ့ အသက် ၆၉ နှစ်ပြည့် မွေးနေ့အမှတ်တရအဖြစ် မြောက်ဒဂုံမြို့နယ် ၃၄ ရပ်ကွက် ယမနေ ၃ လမ်း အမှတ် ၁၁၈ နေအိမ်မှာ ရေးဖော်လုပ်ဖော်ကိုင်ဖက်များအား ဧည့်ခံကျွေးမွေးခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၂ နှစ်က အူမကြီးကင်ဆာ ရောဂါကနေ အသက်ဘေးလွတ်မြောက်လာခဲ့တဲ့ ဦးကြည်စိုးထွန်းက ဇာတိမြေ ရွှေဘိုမှာ ကြည်စိုးထွန်းစာကြည့်တိုက် ဖွင့်လှစ်ထားတဲ့အတွက် မိတ်ဆွေများက စာအုပ်များကို မွေးနေ့လက်ဆောင်အဖြစ် ပေးအပ်ခဲ့ကြပါတယ်။ ❑

## သရုပ်ဆောင်များရဲ့ သားသမီးများကို ပွဲထုတ်မယ်

မြန်မာ့ရုပ်ရှင် သီချင်းကို တေးရေးဆရာ မြင့်မိုးအောင်က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ လူမင်းရဲ့ မေတ္တာရပ်ခံချက်အရ ရေးဖွဲ့ပေးခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲကို ဒီဇင်ဘာလ ၂၇ ရက်နေ့မှာ ကျင်းပတဲ့အခါ သရုပ်ဆောင်များရဲ့ သားသမီးများက အဖွင့်သီချင်းအဖြစ် သီဆိုပေးဖို့ စီစဉ်ခဲ့ပါတယ်။ ပါဝင်သီဆိုပေးကြမယ့်သူများကတော့ ကျော်ရဲအောင်ရဲ့ သားနဲ့သမီးဖြစ်တဲ့ ထူးမြတ်ကျော်ရဲအောင်၊ မှုန်နှံ့သာကျော်ရဲအောင်၊ ဒါရိုက်တာ စင်ရော်မောင်မောင်နဲ့ မေသန်းနုတို့ရဲ့သားဖြစ်တဲ့ မင်းသန့်မောင်မောင်၊ ရဲကိုကိုနဲ့ လင်းဇာနည်ဇော်တို့ရဲ့ သမီးဖြစ်တဲ့ မြူလင်းကိုကို၊ ကိုခန့်နိုင်နဲ့ ခိုင်သင်းကြည်တို့ရဲ့ သမီးဖြစ်တဲ့ စံထိပ်ထားဦး၊ ဇော်စ်ရဲ့သားဖြစ်တဲ့ ထိုက်စံမော့စ်၊ အောင်ဇော်ရဲ့သားဖြစ်တဲ့ စူးရှ၊ ဒါရိုက်တာဝင်းထွန်းထွန်းရဲ့သမီး စင်ဒီဝင်းထွန်းထွန်းတို့ ဖြစ်ပါတယ်။

❑



မှုန်နှံ့သာကျော်ရဲအောင်၊ မြူလင်းကိုကိုနဲ့ စင်ဒီဝင်းထွန်းထွန်း





ထိုက်စံမော့စ်၊ စူးရှ၊ ထူးမြတ်ကျော်ရဲအောင်၊ မင်းသန့်မောင်မောင်

www.burmeseclassic.com

www.burmeseclassic.com



တစ်သက်တာ စာပေဆုရ
စာရေးဆရာ မောင်ခင်မင်(ဓနုဖြူ)ကို
ဒုတိယသမ္မတ ဒေါက်တာ
စိုင်းမောက်ခမ်းက
ဆုချီးမြှင့်ခဲ့ပါတယ်



စာပဒေသာစာပေဆုရ
စာရေးဆရာ မောင်ရင့်မာ(ကျောင်းကုန်း)ကို
ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက
ဆုချီးမြှင့်ပေးခဲ့ပါတယ်

# ၂၀၁၃ ခုနှစ်အတွက် တစ်သက်တာစာပေဆု၊ အမျိုးသားစာပေဆုနဲ့ စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲ ကျင်းပ



အမျိုးသားစာပေဆု(ဝတ္ထုတိုပေါင်းချုပ်ဆု)ရ
စာရေးဆရာမ နေဝ(စီးပွားရေးတက္ကသိုလ်)

၂၀၁၃ ခုနှစ်အတွက် တစ်သက်တာစာပေဆု၊ အမျိုးသား စာပေဆုနဲ့ စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲကို ဒီဇင်ဘာလ ၇ ရက်နေ့ နံနက်က ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားစာတိုက်ရုံမှာ ကျင်းပခဲ့ပါတယ်။ နိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနဲ့ တာဝန်ရှိပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်ဆွေနဲ့ ဝန်ကြီးများ တက်ရောက်ချီးမြှင့်ကြပါတယ်။

တစ်သက်တာ စာပေဆုကို စာရေးဆရာကြီး သုံးဦးအား ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ချီးမြှင့်ပေးရာ တစ်သက်တာစာပေဆုရ ဆရာ ဒေါက်တာ ခင်အေး (စာရေးဆရာ မောင်ခင်မင်-ဓနုဖြူ)၊ ဦးတင်လှိုင်(စာရေးဆရာလယ်တွင်းသားစောချစ်)၊ ဦးမြင့်ကြည်(စာရေးဆရာ တက္ကသိုလ်မြတ်စိုး)တို့က လက်ခံရယူခဲ့ကြပါတယ်။

ဆက်လက်ပြီး အမျိုးသားစာပေဆုများ၊ စာပေဗိမာန်စာမူဆုများကို ဝန်ကြီး များက အလှည့်ကျချီးမြှင့်ပေးခဲ့ကြပါတယ်။ ❑



www.burmeseclassic.com


www.burmeseclassic.com



ဝတ္ထုတိုဆေါင်းချုပ်ဆုရ
စာရေးဆရာမ
ဝေ(စီးပွားရေးတက္ကသိုလ်)ကို
ဒုတိယသမ္မတ ဒေါက်တာ
စိုင်းမောက်ခမ်းက
ဆုချီးမြှင့်ပေးခဲ့ပါတယ်

# သူတို့အရေး


ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း အမှတ် ၁၀၂၊ ဇန်နဝါရီ၊ ၂၀၁၃



ဘာသိသက်တာစာပေဆုရ စာရေးဆရာ လယ်တွင်းသားစောချစ်ကို
ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက
ဆုချီးမြှင့်ပေးခဲ့ပါတယ်



ဘာသာပြန်(သုတ)စာပေဆုရ စာရေးဆရာ ထွန်းတင့်အောင်ကို
ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက
ဆုချီးမြှင့်ပေးခဲ့ပါတယ်




## ဘယ်သူ့ကိုမှ မရောင်းသေး

ရုပ်ရှင်သမားများ မျက်စိကျတဲ့ စာရေးဆရာမ နုနုရည်အင်းဝရဲ့ **ပြုံး၍လည်း ကန်တော့ခံတော်မူပါ၊ ရယ်၍လည်း ကန်တော့ခံတော်မူပါ** ဝတ္ထုကို ရုပ်ရှင်အဖြစ် ရိုက်ကူးဖို့ လူငယ်ဒါရိုက်တာတစ်ယောက်သို့ ရောင်းချလိုက်ပြီလို့ ဒီဇင်ဘာလအတွင်းက ကျင်းပခဲ့တဲ့ မင်းနုစ်ပါးရဲ့စစ်ထွက်ပွဲမှာ သတင်းစကားဖြစ်ခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဆရာမ နုနုရည်အင်းဝက ကျွန်မ ဘယ်ဒါရိုက်တာကိုမှ မရောင်းသေးပါဘူး။ လာပြောတဲ့သူတွေကိုလည်း စဉ်းစားကြသေးတာပေါ့ ဆိုတာလောက်သာ ပြောထားပါသေးတယ်။ နတ်ပွဲမှာ ဒီသတင်းစကားကြောင့် ကျွန်မတော်တော်ရှင်းလိုက်ရသေးတယ်လို့ ဆိုပါတယ်။ **ပြုံး၍လည်း ကန်တော့ခံတော်မူပါ** ကို Smile as they Bow အမည်နဲ့ အင်္ဂလိပ်ဘာသာပြန်ဆိုထုတ်ဝေခဲ့တဲ့စာအုပ်ကို အင်္ဂလန်နိုင်ငံ တက္ကသိုလ်တစ်ခုမှာ ပြဋ္ဌာန်းစာအုပ်အဖြစ် ပြဋ္ဌာန်းခြင်းလည်းခံရတယ်လို့ သိရှိရပါတယ်။



စာရေးဆရာမ နုနုရည်အင်းဝ



www.burmeseclassic.com

www.burmeseclassic.com




မင်္ဂလာဦးအလှူအဖြစ် သံဃာတော်များကို
ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပါတယ်



တေးသံသာတွေနဲ့ သီဆိုဂုဏ်ပြုနေတဲ့
တေးသံရှင် အကယ်ဒမီ ချိုပြုံး



လှူဒါန်းမှုအစုစုအတွက်
တရားနာ ရေစက်ချလှူဒါန်းခဲ့ကြပါတယ်



မင်္ဂလာသတို့သမီးအရံတို့နဲ့အတူ
ခန်းမထဲကို ဝင်ရောက်လာတဲ့
မင်္ဂလာမောင်နှံ



ကြွရောက်ချီးမြှင့်ကြတဲ့
မေသဇ္ဈာဦး၊ ပြေတီဦး၊ အိန္ဒြာကျော်ဇင်နဲ့
အေးမြတ်သူတို့ မင်္ဂလာမောင်နှံနဲ့
အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



# သူတို့အရေး

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း အမှတ် ၃၀၂၊ ဇန်နဝါရီ၊ ၂၀၁၅

မင်္ဂလာသတို့သား
အောင်နေကျော်သက်နဲ့
မင်္ဂလာသတို့သမီး
ပွင့်နဒီမောင်

## သရုပ်ဆောင် ပွင့်နဒီမောင် ထိမ်းမြားမင်္ဂလာဆောင်နင်း

ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ပွင့်နဒီမောင်နဲ့ သူချစ်သူဖြစ်တဲ့ နေကျော်သက်တို့ တရားဝင်လက်မှတ်ရေးထိုး ထိမ်းမြားပြီးဖြစ်တဲ့အတွက် မင်္ဂလာဦးအလှူဆွမ်းကျွေးပွဲကို ဒီဇင်ဘာလ ၁၁ ရက်နေ့ မနက် ၉ နာရီအချိန်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ ဇနီတာရာမ မိုးကုတ်ဝိပဿနာကျောင်းမှာ ကျင်းပခဲ့ပါတယ်။ မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ အနုပညာမိတ်ဆွေများ တက်ရောက်ချီးမြှင့်ခဲ့ကြပါတယ်။

ဒီဇင်ဘာလ ၁၃ ရက်နေ့မှာတော့ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ဆူးလေရှန်ဂရီလာဟိုတယ်မှာ မင်္ဂလာညစာ ပွဲကျင်းပခဲ့ပါတယ်။ ■ **အောင်သန်းထွန်း**



www.burmeseclassic.com

www.burmeseclassic.com

ဆရာ ဦးဝင်းငြိမ်းခင်ဗျာ…

ရွှေအသစ် ပြန်အသက်ဝင်လာလို့ ကျေးဇူးတင် ဝမ်းမြောက်ရပါတယ်ခင်ဗျာ။ ဆရာ ခက်ခက်ခဲခဲ ဆုံးဖြတ်ရတာကို နားလည်ပါတယ်။ ဒါပေမဲ့ ၂၅ နှစ်မြောက် ရွှေမှာပါတဲ့ ဝတ္ထုတွေကတော့ တကယ့်ခေါင်တွေကြီးပါပဲ။ ရွှေအသစ်တွေ မပါပေမဲ့ အားရကျေနပ်မိပါတယ်။

ခင်ခင်ထူးရဲ့ **ဘယားအိတ်**ကို အကြိုက်ဆုံးပါ။ အဲဒီ မန္တလေးကတိုက်တန်းကို ရောက်ဖူးလို့ ကွက်ကွက်ကွင်းကွင်း မြင်မိပါတယ်။ ဦးဝင်းငြိမ်းရဲ့ အေးအေးသင်းဟာ ကျွန်တော် တရေးပြီး တောင်းဆိုမလို့လုပ်နေတဲ့ အကြောင်းအရာပါပဲ။ ကျွန်တော်တောင်းဆိုမှာက အေးအေးသင်းတစ်ယောက်တည်း မဟုတ်ပါဘူး။ ကျန်နာမည်ကြီး သက်ကြီးအနုပညာရှင်များကို နေဝင်းမြင့်က မာမာအေးအကြောင်းရေးသလို ရေးစေချင်တာပါပဲ။ နောက်တစ်ယောက် ဦးစားပေးက ခင်သန်းနု ဖြစ်စေချင်ပါတယ်။ ရေးမယ့်သူက နေဝင်းမြင့်ဖြစ်ရင် ပိုသင့်တော်ပါမယ်။ ဦးဝင်းငြိမ်းလည်း အေးအေးသင်းပြီးရင် နောက်တစ်ယောက် ဆက်ရေးပါဦး။ ရေးရမယ့် ကြည်ကြည်ဌေး၊ တင်တင်မူ၊ ခင်ယုမေတို့ ကွယ်လွန်သွားတာ အလွန်နှစ်နာပါတယ်။ ဒါကြောင့် ကျန်အနုပညာရှင်များ မကွယ်လွန်မီ မာမာအေးလို ရေးကြပါဦးလို့ စာရေးဆရာများကို မေတ္တာရပ်ခံလိုပါတယ်။

တေးသံရှင်
အိုင်ရင်းခင်မာမြင့်


တေးသံရှင် ရဲလေး



ဒါလည်း မာမာအေးလို ပွင့်ပွင့်လင်းလင်း မခြွင်းမချန် ပြောကြဦးမှ ရသမြောက်မှာပါ။

ခင်ခင်ထူးအကြောင်းကတော့ သူ့စာတွေဖတ်ပြီး၊ သူ့အကြောင်း ကိုယ့်အိမ်သားတစ်ယောက်လို သိနေပြီမို့ အထူးရေးစရာ မလိုတော့ပါဘူး။ ခင်ခင်ထူးရဲ့ ဝတ္ထုတို၊ ဝတ္ထုရှည်တွေကိုပဲ မျှော်လင့်နေပါ့မယ်။

နိုင်ငံတကာ နာမည်ကြီး ပုဂ္ဂိုလ်များရဲ့အတ္ထုပ္ပတ္တိ ဘာသာပြန်တွေကိုလည်း ဆက်လက်ဖော်ပြပေးစေလိုပါတယ်။

ဆရာဦးဝင်းငြိမ်းခင်ဗျာ၊ ဆရာ့ထံက သဘောထား မှတ်ချက်တစ်ခု တောင်းခံလိုပါတယ်။ ဒီလိုပါ၊ ကျွန်တော် နယ်က ရွာလေးတစ်ရွာမှာ ကျူရှင်ဆရာ သွားလုပ်ပါတယ်။ ရွာက ကလေးတွေက ပညာရေးမှာ စိတ်အားထက်သန်မှု သိပ်မရှိပါဘူး။ စာမကျက်ကြဘူးပေါ့ ဆရာရယ်။ ရွာမှာ တောဓလေ့အတိုင်း တောထဲသွား ဖားရှာ၊ ငါးရှာ၊ ငှက်ပစ်နဲ့ ရွာဓလေ့ ကစားခုန်စားနဲ့ အချိန်ကုန်ကြတာပါပဲ။ မိဘတွေကလည်း စာကျက်ဖို့သိပ်မပြောကြပါဘူး။ ဒါပေမဲ့ မြို့မှာရှိတဲ့ ကျွန်တော့်မြေးတွေကတော့ မိုးလင်းကမိုးချုပ် ကျူရှင်နဲ့ အချိန်ကုန်ကြတာများပါတယ်။ စာလည်း တော်ကြပါတယ်။ မြေးအကြီးက ဆယ်တန်းကို ဂုဏ်ထူးနဲ့ အောင်ပါတယ်။

တစ်ရက် ကျွန်တော် ရွာကိုရောက်တော့ တပည့်လေး… ယောက် လုံးထွေးပြီး ကစားကာ ဟက်ဟက်ပက်ပက်…တက်မတတ် ရယ်မောနေကြတာ တွေ့ရပါတယ်။ …တော့်မြေး

www.burmeseclassic.com

www.burmeseclassic.com

တွေ အဲဒီလို ရယ်မောတာ တစ်ခါမှ မတွေ့ဖူးပါဘူး။ ဒါနဲ့ ကျွန်တော် စဉ်းစားကြည့်တယ်။ တောက ကလေးတွေရဲ့ ဘဝဖြတ်သန်းမှုနဲ့ မြို့က ကလေးတွေ ဘဝဖြတ်သန်းမှု ဘယ်ဟာက ပိုကောင်းသလဲ၊ ဘယ်ဘဝကို ပိုအားကျသင့်သလဲ။ ဘယ်ဘဝကို အားပေးရမလဲဆိုတာ မဆုံးဖြတ်တတ်ပါ။ ဦးဝင်းငြိမ်းရဲ့ သဘောထားအမြင်ကို သိပါရစေ။

အကယ်ဒမီ
ဖွန်းဖွန်း



ဦးဝင်းငြိမ်းနဲ့ ရွှေအဖွဲ့သားများ ကျန်းမာရွှင်လန်းကြပါစေ။

ဒီဇင်မိုးမိုးညွှင်း၊

၂၅ နှစ်မြောက် ရွှေအမြုတေအထူးထုတ်ကို နှစ်သက်တယ်ဆိုတဲ့အတွက် ကျေးဇူးတင်ပါတယ်။ တောနေ ကလေးနဲ့ မြို့နေကလေး ဘဝပေးအခြေအနေ မတူသလို ဝတ်ဝန်းကျင်အခြေအနေကလည်း မတူနိုင်ပါဘူး။ လူကြီးများက သင့်တော်သလို လမ်းညွှန်ပေးရပါ့မယ်။ ဥပမာ ကျွန်တော့်မြေးက အသက် ၈ နှစ်ကျော် ၉ နှစ်အတွင်း ရှိပါတယ်။ ကျောင်းစာတော်ပါတယ်။ သူ့ကျောင်းက ဆရာမတွေကို မေးကြည့်ရင် စာတော့တော်ပါတယ်၊ ဆော့တာကတော့ တအားပဲလို့ ဖြေသံကြားရပါတယ်။ ကျွန်တော်တို့ကတော့ ကျောင်းမှာ ကလေးဆော့တာကို အားပေးပါတယ်။ အိမ်မှာ သူ့အိမ်စာအလုပ်တွေပြီးရင် ကြိုက်တာ လုပ်ခွင့်ပေးထားပါတယ်။ အိမ်မှာတော့ ကလေးကလည်း သူတစ်ယောက်တည်းဆိုတော့ ပြေးလွှားဆော့ မဆော့ပါဘူး။ သူ့အတွက် ပေးထားတဲ့ iPad နဲ့ဂိမ်းဆော့နေတာပဲ ရှိပါတယ်။ ဂိမ်းဆော့တာ များလာပြီလို့ ထင်ရင် ကျွန်တော်တို့ လူကြီးတွေက iPad ကို သိမ်းလိုက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အာရုံကြော ထိခိုက်မှာစိုးလို့ပါ။ ဒါကြောင့် လူငယ်များအနေနဲ့ ကစားတဲ့အချိန်မှာကစား၊ စာဖတ်ချိန်မှာဖတ်ခြင်းဟာ သူတို့အနာဂတ်အတွက် ကောင်းမွန်လိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။

❑

ဆရာ ဦးဝင်းငြိမ်း

ဆရာမ မသိတာကို အားကျတယ်။ ရွှေဘိုမှာ စာပေဟောပြောပွဲလုပ်ရင် ပါ,ပါစေ ဆုတောင်းမိတယ်။

သမီးဆီမှာရှိတဲ့ **စမ်းချောင်း အင်းစိန် ဟားဗတ်** စာအုပ်ကို လက်မှတ်ထိုးစေချင်လို့။ သည်းခံပြီးတော့ စာပေကလောင်စမ်းခွင့်ပြုတာ အတိုင်းမသိ ဝမ်းသာမိပါတယ်။ နိုဝင်ဘာလဟာ သမီးမွေးနေ့ဖြစ်သလို ကြိုက်နှစ်သက်တဲ့ စာအုပ်ရဲ့ အထူးထုတ်နှစ်လည်လလည်းဖြစ်တော့ ပီတိသောမနဿ ဖြစ်မိပါတယ်။ ၁၆၊ ၁၇ မှာ ချစ်သူမိတ်ဆွေရခဲ့တယ်။ ဟဲဟဲ သူ့ နာမည်က 'ရွှေအမြုတေ'။ ကိုယ်ကချစ်လို့ ချစ်သူလို့ ပြောပြီး ကောင်းမွန်တဲ့ သုတ၊ ရသ၊ ဗဟုသုတအစုံပေးနိုင်လို့ မိတ်ဆွေလို့ ခေါ်တာ။ ၂၀၀၀ ပြည့်နှစ်ကစပြီး မွေးနေ့လက်ဆောင်ထဲ သူပါလာတယ်။ ကိုယ့်ရဲ့ချစ်လှစွာသော ညီမက ဝယ်ပေးတာ။ ဒီနှစ်တော့ ငါးအုပ်မြောက်ပေါ့။ ရွှေချစ်သူမှ ရွှေချစ်သူသို့နဲ့ လိုက်ဖက်လား မသိပေမဲ့ ဟိုးအတွင်းကလာတဲ့ စကားလုံး စာသားတွေဖြစ်တယ်။ ဦးဇင်းကျော်ဟိန်းစကားငှားပြောချင်ပါတယ်။

အားလုံးကို လေးစားသော
စာချစ်သူ
ခင်သီတာဦး၊ရွှေဘို



www.burmeseclassic.com

www.burmeseclassic.com

*စာချစ်သူတစ်ဦး တိုးလာတာကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်။ ဒီခေတ်လူငယ်များက စာဖတ်တာထက် ဖျော်ဖြေရေးမှာ ပိုပြီးစိတ်ဝင်စားနေကြလို့ စာပေဘက်မှာ အများကြီး ကျဆင်းလာကြတာကိုတွေ့ရပါတယ်။ မဇင်သီတာဦးလို စာဖတ်သူတွေများပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်။*

❑

ဆရာ ဦးဝင်းငြိမ်းခင်ဗျား...


ကျွန်တော်သည် ဆက်သွယ်ရေး ခက်ခဲရာဒေသတွင် လုပ်ငန်းလုပ်ကိုင်ခဲ့ရသဖြင့် လေး၊ငါးလနေမှ တစ်ခါဆိုသလို မဂ္ဂဇင်းများကို ရှာဖွေပေါင်းစုပြီး ဖတ်ရပါသည်။ ရွှေအသစ်ကဏ္ဍ ရပ်ဆိုင်းသွားသည်ကို နိုဝင်ဘာမှသာ သိရှိရပါသဖြင့် ဩဂုတ်တွင် စာမူတစ်ပုဒ်၊ အောက်တိုဘာတွင် စာမူတစ်ပုဒ် ပေးပို့ခဲ့မိပါသည်။ မတ်လက ပေးပို့ခဲ့သော စာမူတစ်ပုဒ်သည်လည်း ဆရာမ မသီတာ၏ ဖတ်ရှုမှုကို မခံရသေးပါ။

စာပေနယ်နှင့် အလှမ်းဝေးလှသော၊ စာရေးသားခြင်း မတတ်မြောက်သေးသော ဒေသအသီးသီးမှ ကျွန်တော်တို့လို ဝါသနာရှင်များအတွက် ဆရာ၏ ရွှေအသစ်ကဏ္ဍသည် မမီသောပန်းကို လှမ်းနိုင်ဖို့ ခု၊ပေးသောတုံးပင် ဖြစ်ပါသည်။ တုံးပေါ် ရောက်ရန်အတွက် ခက်ခဲလှပေမဲ့ စိတ်မပျက်ဘဲ ကြိုးစားနေကြသူများအား လျစ်လျူရှုလိုက်ခြင်းသည် ငါးခုံးမ တစ်ကောင်ကြောင့် ကွက်ကွက်လေး ပုပ်နေတာကို တစ်လှေလုံး သွန်ပစ်ခံရသလို ခံစားရပါသည်။ စာမူတစ်ပုဒ်ရဖို့ ကြိုးစားပုံဖော်ရသည်မှာ မလွယ်ကူလှ သော်ငြား၊ စာမျက်နှာထက် အတင်မခံရသည်ကို ဝမ်းသာ ကျေနပ်နိုင်ကြခြင်းမှာ ဆရာ၊ ဆရာမတို့၏ လို၊ တို၊ ရှင်း ပြန်ကြား၊ ပို့ချမှုများကြောင့် ဖြစ်ပါသည်။ ယန်းကိုလည်း ပြသေး၊ တုံးကိုလည်း ချပေးသော ရှားပါး အယ်ဒီတာများဟု လေးစားမိပါသည်။ မျိုးဆက်သစ်တို့ တိုးရင်းတစ်သွားပေမဲ့လည်း ဆရာတို့၏ခံစားချက်ကို နားလည်ပေးနိုင်တာမို့ ဆရာတို့၏ ဆုံးဖြတ်ချက်ဟာ ဖြူဖြူမည်းမည်း၊ မှန်ကန်မှာပဲ ဆိုတာကို ယုံကြည်ပါသည်။

လေးစားစွာဖြင့်
ကိုဂျိုးအဲ

*ဆရာ ကိုဂျိုးအဲရဲ့စာမူအတွက် သုံးသပ်ချက် ဒီလမှာ ပါလာပါပြီ။ တစ်ခုတစ်ခုကို တွေးရင် ဘက်နှစ်ဖက် တွေးစေချင်ပါတယ်။ ရေးသူတွေ အများကြီးအတွက် ဒိုင်ခံဖတ်ပေးတာက နှစ်ယောက်ပဲ ရှိပါတယ်။ အကြောင်းတစ်ခုတစ်ခုကြောင့် ရပ်ဆိုင်းလိုက်ပေမဲ့ အားလုံးကို စာနာထောက်ထားပြီး ဒီလမှာ ရွှေအသစ်ကဏ္ဍကို ဖော်ပြထားပါပြီ။ စာရေးဝါသနာပါတာကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်။ ဒါ[illegible]မှဲ့ စာဖတ်သူ နားလည်အောင်တော့ ရေးစေချင်ပါ[illegible]။*

❑



တေးသံရှင်
ဘန်နီဖြိုး

အကယ်ဒမီ
စိုးပြည့်သဇင်



www.burmeseclassic.com

www.burmeseclassic.com

ဆရာရေ မင်္ဂလာပါ၊ နေကောင်းတယ်နော်။

October "ရွှေ"မှာပါတဲ့ "တရုတ်နဲ့ ဟောလီဝုဒ် ရုပ်ရှင်ကား"တွေအကြောင်း ဆောင်းပါးမှာ Bradpitt ပါဝင်တဲ့ **Seven Years in Tibet** ကားကို(၁၉၇၇)လို့ ရေးထားတာ တွေ့ရပါတယ်။ အဲဒီတုန်းက Brad ဟာ ၁၄ နှစ်သားပဲ ရှိသေးတယ်(မွေး- Dec.18,1963)1987 မှာ **No Way Out** တို့

တေးသံရှင်
စန္ဒီမြင့်လွင်



ဘာတို့ ရိုက်တာပါ။ ဟောလီဝုဒ်က ပိုသတိပြုမိသွားတာကတော့ Geena Davis နဲ့ Susan Saradon တို့ အဓိကသရုပ်ဆောင်ခဲ့တဲ့ **Thelma and Lewis** ရုပ်ရှင်မှာ အခန်းနည်းနည်း ပါဝင်တဲ့ ကားမှာပါ။ Geena နဲ့ (Sex Scene တစ်ခုပါ) ၁၉၉၁ မှာ ထွက်တဲ့ကားပါ။ Seven Years in Tibet က ဒလိုင်းလားမားနဲ့ မိတ်ဆွေ 'Mr Heinrich Harrer' တို့ရဲ့ Relationship ကို ဇာတ်ခင်းပေးရိုက်ထားပြီး(၁၉၉၇)မှာ ရုံတင်ခဲ့တာပါခင်ဗျာ။ တရုတ်က တိဗက်ကို ကျူးကျော်တဲ့ အခန်းတွေပါတာမို့ တရုတ်က "ပိတ်"တာ ခံခဲ့ရတာပါ။ ဒါလေးရှင်းပြရင်းက **"ဗိုလ်ချုပ်"** ရုပ်ရှင်ကို မြန်မာဒါရိုက်တာတွေပဲ လုပ်တော့တဲ့ သတင်းလည်း ကြားရပါတယ်။ ကောင်းပါတယ်။ ကိုသူရမင်းထင်ကိုကိုကြီးတို့လည်း ပါဝင်ရိုက်ကူးနေတာဆိုတော့ အားရှိစရာပါပဲ။ တစ်ခုပဲခင်ဗျ၊ သေသေချာချာ စေ့စေ့စပ်စပ်နဲ့ နိုင်ငံတကာတန်းဝင်ပြီး အနုပညာမြောက်စေချင်၊ ဂုဏ်ယူစေချင်လှပါတယ်။ ဒါရိုက်တာ Luc Besson ရိုက်ခဲ့တဲ့ ဒေါ်စုအကြောင်း **'The Lady'** ကို ရာခိုင်နှုန်းပြည့် မကြိုက်ပါဘူး။ မစ်ချဲလ်ယိုရဲ့ မိန့်ခွန်းခန်းတွေမှာ မြန်မာစကား မပီမသ ဖြစ်နေတာနဲ့တင် ဇာတ်ကားက ရေစုန်မျောနေပါပြီ။ ရိုက်ချက်၊ အပြ၊ ကာလာကောင်းပါတယ်။ အမှန်က မင်းသမီးက ပါးစပ်ပဲလှုပ်ပြီး ဒေါ်စုရဲ့ မူလအသံကို ပေါင်းစပ်ပေးနိုင်ရင်နည်းနည်းတော့ဦးမှာပါ။ Luc Besson က တန်းဝင်ဒါရိုက်တာတစ်ယောက်ပါ။ **'The Lady'** ကိုတော့ ပီပြင်အောင် မလုပ်နိုင်ခဲ့ပါဘူး။ ဒီလို ဒါရိုက်တာကတောင် ချွတ်ချော်တတ်သေးရင် ကျွန်တော်တို့ဆီက ပညာရှင်များလည်း **'ဗိုလ်ချုပ်'** ရုပ်ရှင်ကိုမသေမသပ်ဖြစ်မှာ စိုးရိမ်စရာပါ။ **'ဗိုလ်ချုပ်'** ရဲ့ အတ္ထုပ္ပတ္တိဟာ ကမ္ဘာမှာ အနုပညာမြောက်လှစွာ လှလှပပ ထွက်ပေါ်လာသင့်တယ်။ ပြည်သူတွေဂုဏ်ယူကြရမယ့် ရုပ်ရှင် ဖြစ်လာသင့်ပါတယ် ဆရာ။ စကားစပ်လို့ ကျွန်တော်တို့မြို့မှာ ရုပ်ရှင်ရုံတွေ ပြုတ်ကုန်ပြီဆရာ။ ဘာကားမှ မကြည့်ရတော့လို့ စိန်ချည်ပေါင်ရည်လည်း လက်မှိုင်ချနေရတယ်ဆရာရေ…။

ဆရာ ကျန်းမာချမ်းသာ သက်ရှည်ပါစေ။
**စိန်ချည်ပေါင်ရည်(ခ)လမင်းမောင်မောင်**

*သတ္တုရာစ်အမှားကို ထောက်ပြတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာ စိန်ချည်ပေါင်ရည်။ ဗိုလ်ချုပ်ကား အခြေအနေကိုတော့ ထွက်လာတဲ့အခါကျမှ ကြည့်ကြတာပေါ့။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ရုပ်ရှင်ရုံတွေ ပိတ်ကုန်သလို စာအုပ်အငှားဆိုင်တွေလည်း ပြုတ်ကုန်ကြတာ ကျွန်တော်တို့ သတိထားမိပါတယ်။ မကြာမီမှာ ဒစ်ဂျစ်တယ်ရုပ်ရှင်ရုံတွေ ပေါ်ပေါက်လာရေးကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနဲ့ အများပိုင်ကုမ္ပဏီတို့ က ကြိုးပမ်းနေကြပါပြီ။*

*မကြာမီ လာမည် မျှော်…ပေါ့။*

■
**ဝင်းငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com



အကယ်ဒမီဆုရ နိုင်ငံသင်းကြည့် ဝတ်ရုံရွှေရည်၊ မြတ်ဦးတို့ကို စင်မြင့်ပေါ်မှာ တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



# နှင်းဧရှင် အောင်ပွဲခံတဲ့ ၂၀၁၃ ထူးချွန်ဆုပေးပွဲ

၂၀၁၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့ညက ရန်ကုန်မြို့ လွှတ်တော်ဝင်းအနီးမှာရှိတဲ့ ရှင်စောပုလမ်းပေါ်က Myanmar Event Park မှာ ကျင်းပပြီးစီးခဲ့ပါပြီ။ ဒီနေရာမှာ ကျင်းပမယ်လို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌဖြစ်တဲ့ ကိုလူမင်းက ရွေးချယ်ခဲ့စဉ်မှာ အားလုံးနီးပါးက ကန့်ကွက်ခဲ့ကြပါတယ်။ အကြောင်းပြချက်ကတော့ မြေနီကုန်းခုံးကျော်တံတား ဆောက်လုပ်နေတဲ့နေရာနဲ့ အနီးဆုံးမှာ ရှိပြီး ကားပိတ်တဲ့ပြဿနာကို နေ့စဉ်နဲ့အမျှ ကြုံတွေ့နေကြရတာကြောင့် ကန့်ကွက်ကြခြင်း ဖြစ်ပါတယ်။ ကိုလူမင်းက ကားမပိတ်စေရအောင် သူ တာဝန်ယူဆောင်ရွက်ပါမယ်လို့ဆိုတဲ့အပြင် ကန့်ကွက်နေကြတဲ့ နာယကအဖွဲ့ဝင်များထဲက နာယကတစ်ဦးဖြစ်တဲ့ ဒါရိုက်တာ ပန်းချီစိုးမိုးကို ကျင်းပမယ့်နေရာသို့ ခေါ်ဆောင်ပြသလိုက်တဲ့အခါမှာ ဦးစိုးမိုးကလည်း သဘောတူသွားပါတယ်။ ဒါကြောင့် ဦးစိုးမိုးက အကယ်ဒမီနဲ့ပတ်သက်တဲ့

ဓာတ်ပုံ-အောင်ဖြိုးဦး၊ လင်းနိုင်ဦး၊ ထူးခြားသစ်



www.burmeseclassic.com

www.burmeseclassic.com

အစည်းအဝေးတစ်ခုမှာ သူတို့အနေနဲ့ နေရာကို မရောက်ဖူး၊ မမြင်ဖူးသေးဘဲ မျက်စိစုံမှိတ်ကန့်ကွက်နေကြခြင်း ဖြစ်ကြောင်း၊ ကိုယ်တိုင်ကိုယ်ကျသွားရောက်လေ့လာကြည့်တဲ့အခါမှာတော့ အလွန် အဆင်ပြေမယ့်နေရာတစ်ခုဖြစ်တယ်လို့ ထောက်ခံပြောကြားခဲ့ပါတယ်။

အားလုံးရင်ထဲမှာတော့ မတတ်သာလို့ လက်ခံလိုက်ကြရပေမဲ့ တအုံ့နွေးနွေးပါပဲ။ စင်မြင့်များ စတင်ဆောက်လုပ်နေချိန်မှာ ကိုလူမင်းက ကျွန်တော်နဲ့ ကိုမြတ်ခိုင်ကို လိုက်ကြည့်ဖို့ ဖိတ်ခေါ်ပါတယ်။ ဒါကလည်း သတင်းရယူမယ့် ပုံနှိပ်မီဒီယာများအတွက် အဆင်ပြေမယ့်နေရာသတ်မှတ်ပေးနိုင်ဖို့၊ ကျင်းပမယ့်နေရာမှာ မျက်မြင်ကိုယ်တွေ့ညှိနှိုင်းနိုင်အောင်လို့ ဖြစ်ပါတယ်။

စင်မြင့်က ဆောက်လုပ်ဆဲဖြစ်ပေမဲ့ ကိုလူမင်း ပေးမယ့် ပုံနှိပ်မီဒီယာများအတွက် ဓာတ်ပုံမှတ်တမ်း ယူရမယ့်နေရာက စင်မြင့်နဲ့ ပေ ၁၅၀ အကွာမှာရှိတဲ့ စင်မြင့်များဖြစ်တာကို တွေ့ရပါတယ်။ နှစ်ဆင့်ရှိပြီး အပေါ်ဆင့်မှာ ရုပ်မြင်သံကြားဌာနများအတွက် သတ်မှတ်ပေးပြီး အောက်အဆင့်က ပုံနှိပ်မီဒီယာများအတွက် ဖြစ်ပါတယ်။ ဒီနေရာကသာ ရိုက်ရမယ်ဆိုရင် အနုပညာရှင်များရဲ့နောက်ကျောကိုသာ ရနိုင်မှာဖြစ်လို့ နောက်တစ်ဆင့် ထပ်ညှိရပါတယ်။ အဲဒါကတော့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအတွက် မှတ်တမ်းဓာတ်ပုံယူမယ့်



ဘဘမိုလ်ကလေးတင့်အောင်က စန္ဒရားတင်ဝင်းလှိုင်ကို ဆုချီးမြှင့်ပေးခဲ့ပါတယ်



အကယ်ဒမီ စန္ဒရားတင်ဝင်းလှိုင်ရဲ့ကျေးဇူးတင်စကား



Alpine နဲ့ ရောဝတီဘဏ်တို့ရဲ့ဆုများကို ဥက္ကဋ္ဌ လူမင်းက ချီးမြှင့်ပေးပါတယ်



www.burmeseclassic.com

www.burmeseclassic.com



အနုပညာရှင်များက ချီးကျူးဂုဏ်ပြုကြစဉ်



ဒါရိုက်တာ ဖန်းချီစိုးမိုးကလည်း ချီးကျူးဂုဏ်ပြုခဲ့ပါတယ်



ပထမဆုံးအကြိမ်
ဆုချီးမြှင့်ခံရတဲ့
ဂီတမှူး
စန္ဒရားတင်ဝင်းလှိုင်





အပြုံးပန်းတဝေဝေနဲ့ နှုတ်ဆက်နေတဲ့ အကယ်ဒမီ စန္ဒရားတင်ဝင်းလှိုင်

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ပုံပညာရှင်များ (သူတို့က ပရိသတ်အတွင်းမှာ ရိုက်မှာပါ။) ရိုက်ကူးခဲ့တဲ့ ပုံတွေကို ပုံနှိပ်မီဒီယာများအတွက် ပွဲပြီးပြီးချင်း စီဒီခုတ်ပေးဖို့ တောင်းဆိုကြခြင်းပါ။ ဒီအချက်ကိုတော့ ကိုလူမင်းကလည်း လိုက်လျောခဲ့တာကြောင့် အဆင်ပြေသွားပါတယ်။ ၂၀၁၃ ခုနှစ်အတွက် ထူးချွန်ဆုများ ရွေးချယ်ရာမှာ အဆင့်နှစ်ဆင့် ရွေးချယ်ကြပါတယ်။ စာပေပညာရှင်များဘက်က ပထမအဆင့်မှာ ဦးမြတ်ခိုင်၊ ဆရာမ ခင်ပန်နှင်း၊ ဆရာ နွမ်ဂျာသိုင်း တို့ပါဝင်ပြီး ဒုတိယအဆင့်မှာ ဆရာ လယ်တွင်းသားစောချစ်၊ ဆရာမ နုနုရည်အင်းဝနဲ့ ကျွန်တော် ပါဝင်ပါတယ်။ ပထမအဆင့်က တင်ပြလာတဲ့ ဆန်ခါတင်ရုပ်ရှင်ကား ၆ ကားကို အပြန်ပြန်အလှန်လှန်ကြည့်ကြရပါတယ်။ အထူးသဖြင့် အမျိုးသားဓာတ်ဆောင်ဖြစ်တဲ့ ပြေတီဦးနဲ့နေတိုးတို့ကို ချိန်ထိုးနိုင်ဖို့အတွက် **နင်စေရင်၊ အမြူ ရောင်ရဲတိုက်၊ စုန်းပြူး** တို့ကို အကြိမ်ပေါင်းများစွာ ကြည့်ခဲ့ကြရတာပါ။ မင်းသားနှစ်လက်စလုံးကလည်း ဝေခွဲရခက်လောက်အောင် တော်ကြပါတယ်။ အနုပညာတစ်ရပ်ကို သုံးသပ်ဆုံးဖြတ်ကြရာမှာ ဂဏန်းသင်္ချာလို မဟုတ်တဲ့အတွက် ဓာတ်ဝင်ခန်းတိုင်းကို မလွတ်တမ်း စိတ်သွင်းကြည့်ကြရတာပါ။ အားလုံးကြည့်ပြီးတဲ့အခါမှာ တစ်ယောက်နဲ့တစ်ယောက် တိုင်ပင်ညှိနှိုင်းခြင်း မပြုကြဘဲ ကိုယ့်အမြင်ကို ကိုယ် ရေးသားကာ အိတ်ပိတ်ပြီး နာယကအဖွဲ့ထံ အပ်နှံကြရပါတယ်။ ဒါကြောင့် အကဲဖြတ်အဖွဲ့ဝင်များလည်း ဘယ်သူဆုရမယ်ဆိုတာ မသိကြတာ အမှန်ပါပဲ။ ဒီဇင်ဘာလ ၂၇ ရက်နေ့ ညမှာ အဖွဲ့ဝင်များကိုယ်တိုင် ကိုယ့်အဖြေမှန်ပါ့မလားလို့ ရင်ခုန်စိတ်လှုပ်ရှားကြပါတယ်။ ကျွန်တော်တို့စိတ်ပူခဲ့တဲ့ လမ်းပိတ်မယ့်ပြဿနာကို ကိုလူမင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ညှိနှိုင်းဆောင်ရွက်ပေးထားတဲ့အတွက် ပိတ်သင့်တဲ့လမ်းတွေကို ပိတ်ထားတာကြောင့် အဆင်ပြေစွာ



အကောင်းဆုံးအမျိုးသမီးဓာတ်ပို့ဆုရသူအမည်ကို အကယ်ဒမီ ဒေါ်ရွှဲရွှဲစန်းက ကြေညာနေစဉ်


အကယ်ဒမီ ဝါဝါအောင်ဇာ ခိုင်သင်းကြည်ကို ဆုချီးမြှင့်ပေးခဲ့ပါတယ်



အကယ်ဒမီ ခိုင်သင်းကြည်ရဲ့ကျေးဇူးတင်စကား

www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု ရရှိသွားတဲ့ ခိုင်သင်းကြည်ကို ဂုဏ်ပြုကြစဉ်၊ နောက်ဘက်မှာ ရပ်နေသူက ဒါရိုက်တာ ဝင်းထွန်းထွန်း ဖြစ်ပါတယ်



ခင်ပွန်းသည် ကိုခန့်နိုင်နဲ့ ခိုင်သင်းကြည်တို့ကို မိတ်ဆွေများကြားမှာ တွေ့မြင်ရစဉ်



ခင်မြင့်ပေါ် တကၠသိုလ်နီး တွေ့ရတဲ့ ခိုင်သင်းကြည်



အကယ်ဒမီ ခိုင်သင်းကြည်

www.burmeseclassic.com

www.burmeseclassic.com




အကောင်းဆုံးအမျိုးသားဓာတ်ပို့ဆုကို အကယ်ဒမီ ထွန်းထွန်းဝင်းက ကြေညာပေးခဲ့ပါတယ်



မင်းဦးအတွက် ဆုများကို အကယ်ဒမီ ဦးအောင်လွင်က ချီးမြှင့်ပေးခဲ့ပါတယ်

သွားနိုင်ခဲ့ပါတယ်။ အဝင်ဂိတ်ကိုလည်း VIP အနုပညာရှင်များနဲ့ မီဒီယာများလို့ ခွဲခြားပေးထားတာကြောင့် အဆင်ပြေခဲ့ပါတယ်။ အနုပညာရှင်များရဲ့ အဝင်ပေါက်မှဝင်လိုက်ချိန် မြင်လိုက်ရတဲ့ အကယ်ဒမီ ရွှေစင်ရုပ်တုကြီးက ကြည်နူးစေပါတယ်။ ကော်ဇောနီ လျှောက်လမ်းခင်းထားပြီး ကြွကြွရွရွ ဝင်ကြရပါတယ်။ သံတန်းများကာဆီးပေးထားတဲ့နောက်မှာ မီဒီယာများက ဓာတ်ပုံမှတ်တမ်းများ၊ ရုပ်မြင်သံကြားမှတ်တမ်းများ ရယူနေကြပါတယ်။ မဝင်မီ ဓာတ်ပုံအရိုက်ခံနိုင်ဖို့ စင်မြင့်တစ်ခုလည်း ဆောက်လုပ်ပေးထားတဲ့အတွက် အနုပညာရှင်များက စင်ပေါ်တက်ပြီး ဓာတ်ပုံအရိုက်ခံကြပါတယ်။ ခန်းမထဲကို ဝင်လိုက်ချိန်မှာတော့ ရုပ်မြင်သံကြားအစီအစဉ်များက ကိုယ့်စင်နဲ့ကိုယ် သီးခြားစီ အနုပညာရှင်များကို အင်တာဗျူးမေးကြပါတယ်။ အဲဒီကမှ တစ်ဆင့် ပွဲခင်းထဲကို ဝင်ကြရတာပါ။

ထူးခြားချက်ကတော့ ပွဲခင်းတစ်ခုလုံးမှာ ရှိတဲ့ ထိုင်ခုံများကို အဖြူရောင်ဖဲအစွပ်များနဲ့ စွပ်ထားပါတယ်။ အဲဒီအပေါ်မှာ ခုံနံပါတ် ဖော်ပြထားတဲ့ စတစ်ကာများ ကပ်ထားတဲ့အတွက် လွယ်ကူစေပါတယ်။ ဒါတင်မကသေးပါဘူး။ အရင်တုန်းက အဝင်ဝကနေ စားစရာများ ထည့်ထားတဲ့ စက္ကူအိတ်တွေ၊ ဖော့ဘူးတွေ လက်ကမ်းတဲ့အစား ထိုင်ခုံရှေ့မှာ စားပွဲအရှည်လိုခုံတန်းများ ခင်းပေးထားပြီး စားပွဲပေါ်မှာ ဖော့ဘူးတစ်ဘူး (ထမင်း၊ ကြာဇံသုပ်၊ ကြက်ကြော်နဲ့ဟင်းရည်တစ်ဘူး)၊ Alpine ရဲ့သောက်ရေသန့်၊ M-150 အချိုရည်ဘူး၊ Max Cola တစ်ဘူးစီ ချထားပေးပါတယ်။ ဗိုက်ခြွေမပျက် စားနိုင်သောက်နိုင်အောင် စီစဉ်ထားခြင်းပါ။

နေရာယူပြီးတဲ့ အချိန်မှာ သတင်းတစ်ခုရလိုက်ပါတယ်။ အဖြေများကို ဖွင့်ဖောက်ပြီး ဆုရသူများစာရင်း သိပြီးချိန်မှာ ရုပ်ရှင်နဲ့မပတ်သက်တဲ့




မင်းဦးရဲ့ကျေးဇူးတင်စကား

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေများကြားမှာ ဝိုင်းမြှောက်ခံနေရတဲ့ မင်းဦး



"နှင်းစေရင်"မှာ ဆုံခဲ့ကြတဲ့ ပြေတီဦးနဲ့ မင်းဦး



ချီးကျူးဂုဏ်ပြုသူများ ဝိုင်းဝိုင်းလည်နေတဲ့ မင်းဦး



အကယ်ဒမီ မင်းဦး

www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးဒါရိုက်တာဆုကို အကယ်ဒမီ ဒါရိုက်တာ ကြည်စိုးထွန်းက ကြေညာပေးခဲ့ပါတယ်


အကယ်ဒမီ ဒါရိုက်တာ မလိခစိုးထိုက်အောင်က ဝိုင်းအတွက် ဆုများ ချီးမြှင့်ပေးခဲ့ပါတယ်

နိုင်ငံတော် လူကြီးတစ်ဦးက နာယကအဖွဲ့ကို ခေါ်ယူတွေ့ဆုံတယ်ဆိုတဲ့ သတင်းပါပဲ။ ဒီသတင်းသာ မှန်တယ်ဆိုရင်တော့ အဖြေတွေ ကပြောင်းကပြန်ဖြစ်တော့မှာပဲလို့ စိတ်ပူလိုက်မိပါတယ်။ အဲဒီလိုသာဖြစ်သွားရင်တော့ အကဲဖြတ်အဖွဲ့ဆိုတာ မလိုတော့ဘူးလို့လည်း တွေးမိတာအမှန်ပါပဲ။

နိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနဲ့ ဇနီး ဒေါ်ရွှေမှုံ ဦးဆောင်ပြီး ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြင့်ဆွေနဲ့ ဝန်ကြီးများ တက်ရောက်ကြပါတယ်။

အစီအစဉ်တင်ဆက်သူများအဖြစ် အကယ်ဒမီများ ရှင် ရန့်အောင်နဲ့ တင်မိုးလွင်တို့က ဆောင်ရွက်ပေးကြပြီး ဖျော်ဖြေရေးအစီအစဉ်များနဲ့ ဆုပေးတဲ့အစီအစဉ်များ တင်ဆက်ခဲ့ပါတယ်။ ဖျော်ဖြေရေးအစီအစဉ်မှာ ကပြတဲ့အကအဖွဲ့တွေကတော့ ထိုင်းက ကချေသည်များ ဖြစ်ကြပါတယ်။

ပထမဆုံးကြေညာတဲ့ဆုက ရုပ်ရှင်နောက်ခံတေးဂီတဆု ဖြစ်ပြီး ဘဘမိုလ်ကလေးတင့်အောင်က ကြေညာပေးပါတယ်။ ဆွတ်ခူးရရှိသွားသူက ဂီတမှူး စန္ဒရားတင်ဝင်းလှိုင် ဖြစ်ပြီး Zillion ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ပန်းချီစိုးမိုး ရိုက်ကူးပေးခဲ့တဲ့ **ကြယ်စင်မော်ကွန်း** ရုပ်ရှင်ဇာတ်ကားရဲ့ နောက်ခံတေးဂီတတီးခတ်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ ဘဘမိုလ်ကလေးတင့်အောင်ကပဲ ရွှေစင်ရုပ်ဆုကို ချီးမြှင့်ပေးခဲ့ပြီး အဓိကပံ့ပိုးသူ Alpineက ချီးမြှင့်တဲ့ ရွှေရင်ထိုးနဲ့ တွဲဖက်ပံ့ပိုးသူ ဇေရာဝတီဘဏ်က ချီးမြှင့်တဲ့ ငွေပေးချေမှုကတ်ပြား(ခရက်ဒစ်ကတ်)တို့ကို ကိုလူမင်းက ချီးမြှင့်ပေးပါတယ်။ ဂီတမှူးစန္ဒရားတင်ဝင်းလှိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာမှာ ရှည်လျားနေတဲ့အတွက် အခမ်းအနားမှူးများက စကားဖြတ်ယူရပါတယ်။

ဒုတိယချီးမြှင့်တဲ့ဆုက



အကယ်ဒမီ ဝိုင်းရဲ့ကျေးဇူးတင်စကား



www.burmeseclassic.com

www.burmeseclassic.com



ဆီးလိုမင်းလို့ဖြစ်ခဲ့တဲ့ ဝိုင်း



ဝိုင်းကို စိုင်းစိုင်းခမ်းလှိုင်၊ မင်းမော်ကွန်း၊ နေတိုး၊ ပြေတီဦးတို့က နှုတ်ဆက်ကြစဉ်



'ဝိုင်း အကယ်ဒမီ ရပါပြီ' ဆိုတဲ့ ဒါရိုက်တာ ဝိုင်း



ဂုဏ်ပြုလာတဲ့ အကယ်ဒမီများရှင် မိုမိုမြင့်အောင်ကို ဝိုင်းက အနမ်းနဲ့ ဂုဏ်ပြုစဉ်



အကယ်ဒမီ ဒါရိုက်တာ ဝိုင်း

www.burmeseclassic.com

www.burmeseclassic.com

တော့ အမျိုးသမီးဇာတ်ပို့ဆု ဖြစ်ပါတယ်။ ပရိသတ်များက အကယ်ဒမီဆုနဲ့ အကြိမ်ကြိမ်လွဲနေတဲ့ ခိုင်သင်းကြည်ကို ရစေချင်ကြပါတယ်။ အကယ်ဒမီ ဒေါ်နွဲ့နွဲ့စန်းက စာအိတ်ဖွင့်ဖောက်ကြေညာပေးရာမှာ ခိုင်သင်းကြည်ရဲ့ အမည်ပေါ်ထွက်လာပါတယ်။ ရွှေစင်ရုပ်ဆုနဲ့ ကျန်ဆုများကို အကယ်ဒမီ ဝါဝါအောင်က ချီးမြှင့်ပေးပါတယ်။ ခိုင်သင်းကြည်က အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ဝင်းထွန်းထွန်း ရိုက်ကူးခဲ့တဲ့ **စုန်းပြူး** ဇာတ်ကားအတွက် ဆွတ်ခူးရရှိသွားခြင်းပါ။



အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကို အကယ်ဒမီ မျိုးသန္တာထွန်းက ကြေညာပေးခဲ့ပါတယ်

တတိယမြောက်ဆုအဖြစ် အမျိုးသားဇာတ်ပို့ဆုကို အကယ်ဒမီ ထွန်းထွန်းဝင်းက ကြေညာပေးလိုက်ရာ နှစ်ပေါင်းများစွာ ရုပ်ရှင်အနုပညာထဲမှာပဲ စိုက်လိုက်မတ်တတ်လုပ်ဆောင်နေတဲ့ မင်းဦးရဲ့အမည် ပေါ်ထွက်လာပါတယ်။ မင်းဦးအတွက် ဆုများကို ဦးအောင်လွင်က ချီးမြှင့်ပေးခဲ့ပါတယ်။ မင်းဦးက စိန်ငွေးရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ဝိုင်း ရိုက်ကူးတဲ့ **နှင်းစေရင်** ဇာတ်ကားမှာ သရုပ်ဆောင်မှုအတွက် ရရှိသွားခြင်းပါ။



ဝတ်မှုံရွှေရည်အတွက် ဆုများကို အကယ်ဒမီ ဒေစီကျော်ဝင်းက ချီးမြှင့်ပေးခဲ့ပါတယ်

စတုတ္ထမြောက် ကြေညာတဲ့ဆုက အနုပညာဆုများထဲမှာ အရေးပါအရာရောက်တဲ့ဆုတစ်ဆုဖြစ်တဲ့ ဒါရိုက်တာဆုဖြစ်ပါတယ်။ ဒီဆုကို ဒါရိုက်တာ အကယ်ဒမီ ကြည်စိုးထွန်းက ကြေညာပေးရာမှာ 'နာမည်က တစ်လုံးတည်းပါပဲ' လို့ စကားစ,လိုက်တာနဲ့ တစ်ရုံလုံး ဆူညံသွားပြီး 'ဝိုင်း' လို့ အော်လိုက်ကြပါတယ်။ ဒါရိုက်တာ ဝိုင်းက **စေတန်ရဲ့ကချေသည်** ဇာတ်ကားအတွက် ဆွတ်ခူးရရှိခြင်း ဖြစ်ပါတယ်။ ဝိုင်းအတွက် ရွှေစင်ရုပ်ဆုနဲ့ကျန်ဆုများကို အကယ်ဒမီ ဒါရိုက်တာ မလိခ စိုးထိုက်အောင်က ချီးမြှင့်ပေး



ဝတ်မှုံရွှေရည်ရဲ့ကျေးဇူးတင်စကား




www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာပီတိနဲ့ လိုက်ဖိုနေတဲ့ ဝတ်မှုံရွှေရည်ကို အကယ်ဒမီ အောင်ခိုင်နဲ့အတူ တွေ့ရစဉ်



ဝမ်းသာပီတိနဲ့ ကြွေးကြော်နေတဲ့ ဝတ်မှုံရွှေရည်



အကယ်ဒမီ ဝတ်မှုံရွှေရည်





သီရိစံနဲ့ အကယ်ဒမီ သက်မွန်မြင့်တို့က ဝတ်မှုံရွှေရည်ကို ဂုဏ်ပြုကြစဉ်

www.burmeseclassic.com

www.burmeseclassic.com



အကယ်ဒမီ မင်းမော်ကွန်းက အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကို ကြေညာပေးခဲ့ပါတယ်

ခဲ့ပါတယ်။

ပဉ္စမမြောက် ကြေညာပေးတဲ့ဆုက အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုပါ။ ဒီဆုကို အကယ်ဒမီ မျိုးသန္တာထွန်းက ကြေညာပေးလိုက်ရာမှာ ပရိသတ်များ မျှော်လင့်ထားတဲ့ ဝတ်မှုံရွှေရည် အမည်ပေါ်ထွက်လာပါတယ်။ စိန်ဌေးရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ဝိုင်း ရိုက်ကူးပေးတဲ့ **နှင်းစေရင်** ဇာတ်ကားမှာ 'ဝတ်ရည်ချို' အဖြစ် တစ်မျိုး၊ 'ဂါဂါ' အဖြစ် တစ်သွယ် သရုပ်ဆောင်နိုင်ခဲ့ခြင်းကြောင့် ဆွတ်ခူးရရှိသွားခြင်းပါ။ ဝတ်မှုံရွှေရည်အတွက် ဆုကို ရုပ်ရှင်မင်းသမီးကြီး အကယ်ဒမီ ဒေစီကျော်ဝင်းက ချီးမြှင့်ပေးပါတယ်။

ဆဋ္ဌမမြောက် ဆုကတော့ အမျိုးသားဇာတ်ဆောင်ဆုပါပဲ။ ဒီဆုကို အကယ်ဒမီ မင်းမော်ကွန်းက ကြေညာပေးရာမှာ 'ကျွန်တော် ရှည်ရှည်ဝေးဝေး မပြောလိုတော့ပါဘူး။ ပြေတီဦးပါ' လို့ ကြေညာပေးပါတယ်။ ပြေတီဦးက စိန်ဌေးရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ဝိုင်း ရိုက်ကူးပေးခဲ့တဲ့ **နှင်းစေရင်** ဇာတ်ကားမှာ 'မိုးစွေ' ခေါ် 'ဂျို' အဖြစ် သရုပ်ဆောင်နိုင်မှုအတွက် ချီးမြှင့်ပေးခြင်း ဖြစ်ပါတယ်။ ဆုများကို အကယ်ဒမီ လွင်မိုးက ချီးမြှင့်ပေးခဲ့



အနုပညာညီအစ်ကိုမောင်နှမများအလယ်မှ ပြေတီဦး



သုံးပွင့်ဆွတ်အကယ်ဒမီ ဖြစ်သွားတဲ့ ပြေတီဦး



ဇနီးသည် ကို အားပါးတရဖက်လိုက်တဲ့ ပြေတီဦး




အကယ်ဒမီ လွင်မိုးက ပြေတီဦးအတွက် တတိယအကြိမ်မြောက် ရွှေစင်ရုပ်ဆုကို ချီးမြှင့်ပေးခဲ့ပါတယ်



www.burmeseclassic.com

www.burmeseclassic.com





လက်အုပ်ချီနှုတ်ဆက်နေတဲ့ ခြေပြုတ်ဦး



ဒိုင်းဝိုင်းလည်နေတဲ့ ခြေပြုတ်ဦး



စင်မြင့်ပေါ်မှာ တွေ့ရတဲ့
ခြေပြုတ်ဦးနဲ့ ဝတ်မှုံရွှေရည်



အကယ်ဒမီဝိုင်းနဲ့ အကယ်ဒမီခြေပြုတ်ဦးတို့ရဲ့အပျော်

ပါတယ်။

၂၀၁၃ ခုနှစ်အတွက် ဆု ၆ ဆုကိုသာ ချီးမြှင့်နိုင်ခဲ့ပါတယ်။ **အကောင်းဆုံးဇာတ်ကားဆု၊ အကောင်းဆုံးဇာတ်ညွှန်းဆု၊ အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆု၊ အကောင်းဆုံးရုပ်ရှင်အသံဆု၊ အကောင်းဆုံးတည်းဖြတ်ဆု** ဆိုတဲ့ ၅ ဆုကိုတော့ ချီးမြှင့်နိုင်ခြင်း မရှိပါဘူး။

ဒီဇင်ဘာလ ၂၈ ရက်နေ့ ည Sky Star ဟိုတယ်မှာ ထူးချွန်ဆုရသူများကို ထပ်ဆင့်ဂုဏ်ပြုတဲ့ ညစာစားပွဲမှာ အကဲဖြတ်အဖွဲ့ ကိုယ်စား ဒါရိုက်တာ ဦးအောင်မြင့်မြတ်က ရှင်းလင်းပြောကြားရာမှာ အကဲဖြတ်အဖွဲ့ဝင်များက အတတ်ပညာပိုင်းဆိုင်ရာ ဆုများကို မပေးခြင်း မပြုကြကြောင်း၊ ငါးဆယ်ရာခိုင်နှုန်းထက် မကျော်ခြင်းကြောင့် ဆု ၅ ဆု ကျန်ရစ်ခဲ့ပါကြောင်း၊ **ကြယ်စင်မော်ကွန်း** ဇာတ်ကားဆိုရင် လူမင်းက ဦးဇင်းနန္ဒအဖြစ် သရုပ်ဆောင်ခဲ့ပါတယ်။ ဦးဇင်း ဆိုကတည်းက အသက် ၂၀ ကျော်ပြီဖြစ်ကြောင်း၊ ဦးဇင်းက လူထွက်ပြီး တော်လှန်ရေး လုပ်ကိုင်ကြောင်း၊ ဒီနေ့ခေတ်တပ်မတော်အထိ ရိုက်ကူးတင်ပြတဲ့အတွက် လူမင်းရဲ့အသက်ဟာ ၈၀ ကျော်သွားမှာဖြစ်ကြောင်း၊ အမှားကို ထောက်ပြဝေဖန်သွားပါတယ်။

၂၀၁၃ ခုနှစ်အတွက်ကတော့ အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပါပြီ။ ၂၀၁၄ ကို မျှော်ကြပါဦးစို့။

■


ဝင်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

# အကယ်ဒမီ ပွဲတက်ဖက်ရှင်များ



ပြေတီဦးနဲ့ အိန္ဒြာကျော်ဇင်

စိုင်းနိုင်နဲ့ သက်မွန်မြင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြိုးငွေစိုးနဲ့
ခင်ခင်



မင်းသန့် မောင်မောင်နဲ့
မေသန်းနုတို့သားအမိ



လင်းဇာနည်ဇော်နဲ့
မြူလင်းကို့ကိုတို့သားအမိ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ရွှေမှုံရတီ



ကျော်ကျော်ဗိုလ်နဲ့ ယဉ်ယဉ်မြင်း



သက်နိုင်အောင်ဇေယျနဲ့ သဇင်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



နိုင်ဖြိုးသူ



မေဆွိနဲ့ မြင့်မြင့်ခင်



ခန့်စည်နဲ့
ဝိုင်းသင်းကြည်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ဇာနည်နဲ့ ကြည်လဲ့လဲ့ဦးတို့မိသားစု

လူမင်းနဲ့ ခင်စံပယ်ဦး

ဖွေးဖွေး

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ခင်လေးနွယ်



လွင်မိုး၊ ယွန်းနဒီလွင်မိုး၊ ယွန်းဝတီလွင်မိုးနဲ့ မေသု



မင်းမော်ကွန်းနဲ့ သဉ္ဇာလှိုင်

www.burmeseclassic.com

www.burmeseclassic.com

# ONE MINUTE INTERVIEW
## ကြုံကြိုက်ရာဆုံရာ တစ်မိနစ်တာ



မယောက်ဂနီ ဗီဒီယိုထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ ဆွဲစားမယ်၊ ဆွဲစားပြီးသား ဗီဒီယိုကားများနဲ့ မကြာခင်မှာ ရုံတင်ပြသတော့မယ့် ကိုတင့်တို့ စူပါရုပ်ကွက် ရုပ်ရှင်ကားတို့မှာ သွားခေါ်အကူတပ်ပြီး မိန်းမဝတ်နဲ့ သရုပ်ဆောင်တဲ့ ရန်အောင်ကို ပရိသတ်များက တဝါးဝါး ပွဲကျကြပါတယ်။ အခုလည်း မောင်မစ္စကဏ်ဝိညာဉ် ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားကြီးမှာ မိန်းမဝတ်နဲ့ အပီအပြင် တွေ့မြင်ကြရဦးမှာပါ။ ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးတဲ့ ဒီဇာတ်ကားမှာ ရန်အောင် ပါဝင်ဖြစ်တဲ့အကြောင်း မေးမြန်းကြည့်ဖြစ်ပါတယ်။

**ကားနာမည်က 'မောင်မစ္စကဏ်ဝိညာဉ်' ဆိုတော့ ရန်လေးက မောင်မစ္စက ဖြစ်မှာလား။**

မဟုတ်ပါဘူး။ မောင်မစ္စကအဖြစ် သရုပ်ဆောင်မှာက ကိုခန့်စည်သူပါ။

**ဒါဆို ရာဇဝင်ခန်းတွေ ဘာတွေ ပါမှာပေါ့။**

ဟုတ်၊ ပါတယ်။

**ရန်လေးက ဘယ်အပိုင်းကျမှ ပါမှာလဲ။**

ကျွန်တော်တို့က ဒီဘက်ခေတ်ပေါ့။ ကျွန်တော် လုပ်ရမယ့်ကာရိုက်တာက အလှပြင်ဆိုင်ပိုင်ရှင် လိင်ပြောင်းထားတဲ့ မိန်းမလျာတစ်ယောက်ပေါ့။

**တခြားဇာတ်ဆောင်တွေကရော ဘယ်သူတွေ ပါဦးမလဲ။**

ကျွန်တော်ရယ်၊ ကိုခန့်ရယ်၊ မြင့်မြတ်ရယ်၊ ရွှေမှုံရတီရယ်ပါ။ 'ဇာတ်လမ်းကလေးက ဒီလိုပါ။ မြင့်မြတ်ကို ကောင်မလေးတစ်ယောက်က ကြိုက်တယ်။ သူ့ဆီကို လာပြောတဲ့အခါမှာ မြင့်မြတ်က လက်မခံဘဲ ပြောဆိုလွှတ်လိုက်တာကြောင့် ကောင်မလေးက ငိုပြီး ပြန်သွားတဲ့အချိန် လူယုတ်မာတစ်စုက ဝိုင်းကျင့်ကြပြီး သတ်ပစ်လိုက်တယ်။ ကောင်မလေးက မြင့်မြတ်ကို စိတ်နာနေတဲ့အတွက် သူ့ဝိညာဉ်က မြင့်မြတ်ကို မူးလိုက်တဲ့အခါမှာ

# မိန်းမဝတ်နဲ့ တွေ့ရဦးမယ့် ရန်အောင်

အီ



www.burmeseclassic.com

www.burmeseclassic.com



ထပ်ဆင့်အကယ်ဒမီ
ရန်အောင်



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြတ်က မိန်းမစိတ်
ဖြစ်သွားတယ်။
ကျွန်တော့်အလှပြင်ဆိုင်မှာ
လာပြီး
အလုပ်လုပ်တယ်ပေါ့။
**ရန်လေးကတော့**
**ဝိညာဉ်ပူးတာနဲ့**
**မဆိုင်ဘူးပေါ့။**
မဆိုင်ဘူး။
ကျွန်တော်က အလှပြင်ဆိုင်
ပိုင်ရှင်သက်သက်ပဲ။
**ဒီလိုမျိုး မိန်းမဝတ်နဲ့**
**သရုပ်ဆောင်ရမယ့်ကားတွေ**
**ဆိုရင် ဒါရိုက်တာတွေက**
**ရန်လေးကို မျက်စိကျကြ**
**တယ်။ ဘာကြောင့်လို့**
**ထင်လဲ။**
သရုပ်ဆောင်တာ
ပီပြင်လို့
ခေါ်ကြတယ်လို့
ထင်ပါတယ်။
**အခု ရန်လေး**

'မောင်မစ္စကာ၏ဝိညာဉ်' ဆိုတဲ့
ရုပ်ရှင်ဇာတ်ကားမှာ ကြည့်ရမယ့်
ဇာတ်ဝင်ခန်းတစ်ခု



www.burmeseclassic.com

မိတ်ကပ်တွေကို မိတ်ကပ် ကိုမာက လုပ်ပေးတယ်ဆို ဟုတ်လား။

ဟုတ်ပါတယ်။ ကိုမာက အစအဆုံး လုပ်ပေးပါတယ်။

အခု ပုံတွေကို ကြည့်ရတာ မိန်းမအစစ်တစ်ယောက်လို ကိုယ်လုံးကိုယ်ပေါက်ကအစ အဆင်ပြေနေတယ်။ ဒီလိုဖြစ်အောင် လုပ်ရတာ တော်တော်တော့ ပင်ပန်းမယ် ထင်တယ်။

ပင်ပန်းပါတယ်။ ဒီဇာတ်ကားရိုက်ကူးပေးဖို့ လာပြောတဲ့အချိန်မှာ ကျွန်တော်က တခြားဇာတ်ကားကို ရိုက်ကူးနေတယ်။ ဒီကားကို ရိုက်မယ်ဆိုရင် ပြင်ဆင်ချိန် ဘာမှမရတာကြောင့် တခြားသူနဲ့ ရိုက်လိုက်ပါလို့ ငြင်းပါသေးတယ်။ ဒါရိုက်တာဘက်ကလည်း စောင့်ပါမယ်ပြောတာကြောင့် ကမန်းကတန်း ပြင်ဆင်ရတယ်။

ကိုမာ့သမီး ခတ္တာက ကျွန်တော့်ကိုယ်လုံးအတွက်



ဇော်ဝင်းနိုင်နဲ့
ထပ်ဆင့်အကယ်ဒမီ ရန်အောင်



မိန်းမအသွင် မြင့်ရမယ့်
ထပ်ဆင့်အကယ်ဒမီ ရန်အောင်နဲ့ မြင့်မြတ်

လိုအပ်မယ့်ပစ္စည်းတွေကို ဝယ်ပြီး တပ်ကြည့်တယ်ပေါ့။ လိုသေးရင် ထပ်ဖြည့်၊ ပိုနေရင်လျှော့။ အဲဒီလိုနည်းနဲ့ မိန်းမအစစ်နဲ့တူသွားပြီဆိုတော့မှ လိုအပ်တဲ့အဝတ်အစားတွေ ချုပ်ရတာပါ။ ဒါတွေအားလုံးကို ကိုမာပဲ အစအဆုံး စီစဉ်ပေးတာပါ။

ကျေးဇူးပဲ ရန်လေး။ စိတ်ဝင်စားစရာကောင်းပါတယ်။ ကားကတော့ ၂၀၁၆ လောက်မှ ကြည့်ရမယ် ထင်တယ်နော်။ ပရိသတ် မေ့လောက်မှ ရုံတင်မှာဆိုတော့ နောက်တစ်ခါထပ်တွေ့ကြသေးတာပေါ့။ ■

ကို



www.burmeseclassic.com

www.burmeseclassic.com

# ONE MINUTE INTERVIEW

## ကြုံရာဆုံရာ တစ်မိနစ်တာ

### ထိုင်းသရုပ်ဆောင်တွေနဲ့တွဲဖက် သရုပ်ဆောင်မယ့်

# ပြေတီဦး

ရွှေမင်းသမီး ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ တတိယမြောက် ရုပ်ရှင်ကားကြီးကို ထိုင်းနဲ့ ဖက်စပ်ရိုက်ကူးမှာ ဖြစ်ပါတယ်။ ၂၀၁၅ နှစ်ဆန်းပိုင်းမှာ ရိုက်ကူးဖို့ စီစဉ်ထားတဲ့ ဒီကားကို မြန်မာစာနယ်ဇင်းများနဲ့ မိတ်ဆက်တဲ့ အခမ်းအနားတစ်ရပ် ဆီဒိုးနားဟိုတယ် ၁၁ ထပ်မှာ ဒီဇင်ဘာလ ၁၈ ရက်နေ့က ကျင်းပခဲ့ပါတယ်။ အခမ်းအနားမှာ ထိုင်းဒါရိုက်တာ ပြောစကားမှာရော၊ ထုတ်လုပ်သူ ကိုသက် ပြောစကားမှာပါ အဓိက သရုပ်ဆောင်အဖြစ်ပါဝင်မယ့် ပြေတီဦးကို ရက်သတ္တပတ် တစ်ပတ်လောက် အချိန်ယူပြီး လေ့ကျင့်ပေးဦးမယ်လို့ဆိုပါတယ်။ ဇာတ်လမ်းကလည်း အချောသပ်နေဆဲ အဆင့်ဖြစ်ပါတယ်။ အဲဒီအခြေအနေများကြောင့် ဒီကားလက်ခံဖြစ်တာနဲ့ ပတ်သက်ပြီး ပြေတီဦးကို မေးမြန်းဖြစ်ခဲ့ပါတယ်။

**ကိုသက်ပြောသွားတဲ့ စကားထဲမှာ ဇာတ်လမ်းအချော သပ်နေတုန်းဆိုတာရယ်၊ ပြေတီဦးကိုတစ်ပတ်လောက် လေ့ကျင့်ပေးဦးမယ်ဆိုတာရယ် ကြားလိုက်ရတယ်။ ပထမမေးချင်တာက ဇာတ်မသိသေးဘဲနဲ့ ဘာကြောင့်လက်ခံဖြစ်တာလဲ။**

ကျွန်တော် ဇာတ်မသိဘဲ လက်ခံတာမဟုတ်ပါဘူး။ အရှိန် အတိုင်း ပြောရမယ်ဆိုရင် ကိုသက်တို့က ထိုင်းနဲ့ ဖက်စပ်ရိုက် မယ်ဆိုတော့ ကျွန်တော်ကပဲ လုပ်ချင်တဲ့ ဇာတ်ဖရိန်ကလေး တစ်ခုပေးလိုက်တာပါ။ အဲဒါကို ထိုင်းဘက်က အစစအရာရာ ပြင်ဆင်ဖြည့်စွက်ပြီး ဇာတ်လမ်းတစ်ခု ဖန်တီးပေးတာ ဖြစ်ပါ တယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဇာတ်သိပြီးသားပါ။ ဒါကြောင့်လည်း လက်ခံဖြစ်တာပါ။

ကျွန်တော်တို့ အကြိမ်ကြိမ်တွေ့ကြပြီး ပြင်ကြဆင်ကြလုပ် ကြပါတယ်။ အခုတော့ အချောသပ်တဲ့အပိုင်းကို ရောက်သွား ပါပြီ။ ညှိရမယ်ဆိုရင်လည်း နည်းနည်းပါးပါးလောက်ပဲ ညှိရ တော့မယ်။

**ဒီကားမှာ မြန်မာသရုပ်ဆောင်ဆိုလို့ ပြေတီဦးတစ်ယောက် တည်းပဲပါမှာလား။**

ကျွန်တော့်ညီမနေရာနဲ့ သူ့မိဘနေရာမှာတော့ မြန်မာသရုပ် ဆောင်တွေပါပါမယ်။ ဒါပေမဲ့ သူတို့ကအခန်းတော့မများနိုင်ဘူး။

**နိုင်ငံခြားလော့ခ်တွေကျတော့ရော။**

အင်္ဂလိပ်လို ပြောရမှာပါ။ မြန်မာနိုင်ငံမှာ ပြတဲ့အခါ မြန်မာ စာတန်းထိုးပါလိမ့်မယ်။ ထိုင်းမှာတော့ သူတို့က ထိုင်းအသံတွေ ပြောင်းပစ်မှာပေါ့။ ကျွန်တော် ပြောတဲ့စကားတွေကလည်း ထိုင်းအသံထွက် ဖြစ်လာလိမ့်မယ်။

**အင်္ဂလိပ်လို ပြောရမယ်ဆိုတော့ ကိုယ့်မိခင်ဘာသာ စကား မဟုတ်တဲ့အတွက် မြန်မာစကားပြောသလို အသံထဲမှာ သရုပ် ဆောင်မှု ပါနိုင်ပါ့မလား။**

ဒါကလည်း ကျွန်တော်လေ့ကျင့်ရမှာပါ။ မြန်မာကား လိုတော့ ရိုက်ကွင်းပေါ်ရောက်မှ ယူကျုတ်လို့ မရနိုင်ဘူး။ ဇာတ် ညွှန်းကြိုယူထားပြီး ကြိုတင်လေ့ကျင့်ထားရမှာပေါ့။

**ထိုင်းဒါရိုက်တာနဲ့ တစ်ပတ်အချိန်ပေးပြီး လေ့ကျင့်ရ မယ်ဆိုတာကရော။**

အဲဒါကဒီလိုပါ။ ကျွန်တော်တို့တွေ့ရကြုံရမယ့် ဇာတ်ပို့ဇာတ်ရံကအစ တစ်ခါမှ မကြုံဖူးတဲ့သူစိမ်းတွေ ဖြစ် မယ်။ အဲဒီအခါမှာ တစ်ယောက်နဲ့တစ်ယောက် အကြောင်းမသိကြဘဲ စိမ်းနေရင်လုပ်ရကိုင်ရတာ မကောင်းဘူးလေ။ ဒါကြောင့် ကျွန်တော်နဲ့ ပါဝင်သရုပ်ဆောင်မယ့် ထိုင်းသရုပ်ဆောင်တွေ တစ်ပတ်လောက် ရင်းရင်းနှီးနှီး ရိုဟာဇယ်လေးတွေ လုပ်ကြည့်ဖို့ပြောတာပါ။ အိုက်တင်ပိုင်းကို သင်ပေးမယ်လို့ ပြောတာ မဟုတ်ပါဘူး။

**ဘယ်တော့လောက် ရိုက်ရက်ပေးထားလဲ။**

သူတို့ဇာတ်ညွှန်းကို စောင့်ရပါဦးမယ်။ သူတို့ပြီး ပြီဆိုတော့မှ ကျွန်တော်က ရိုက်ရက်ကို ချိန်ပေးရမှာပါ။ မှန်းထားတာတော့ ဖေဖော် ဝါရီလ နောက်ဆုံးပတ်လောက် ကနေ မတ်လအတွင်းထိပေါ့။

**ကျေးဇူးပါပဲ ပြေတီဦး။**



www.burmeseclassic.com

www.burmeseclassic.com




ထပ်ဆင့်အကယ်ဒမီ ပြေတီဦး



www.burmeseclassic.com

www.burmeseclassic.com



# မကြောက်တတ်တော့ဘူးဆိုတဲ့ ကေတီဟုမ်း

**ဇာနည်ညီမိုး**

ကေတီက တစ်ချက်ပြုံးပြလိုက်ပြီး ခေါင်းငုံ့ကာ သူ့ခြေထောက်တစ်ဖက်မှ ခြေအိတ်ကို ဆွဲချွတ်လိုက်ပါတယ်။ 'ကျွန်မခြေထောက်ကို စမ်းကြည့်ရဦးမယ်' လို့ ပြောပြောဆိုဆို သူ့ခြေထောက်တစ်ဖက်ကို ခပ်မြင့်မြင့် မ, လိုက်ပါတယ်။ ကေတီက လွန်ခဲ့တဲ့ ၅ မိနစ်လောက်က ခြေထောက် အနှိပ်ခံထားပြီး သူ့ခြေထောက်တွေ ပေါ့ပါးမှုရှိမရှိ စမ်းသပ်နေခြင်းပါ။ ပေါ့ပါးသွားတယ်ဆိုတာ သေချာသွားပါတယ်။ ကေတီရဲ့ပုံစံကလည်း အရင်တုန်းကနဲ့ မတူ မြင်ဖူးတွေ့ဖူးနေကျ ရှက်ကြောက်တတ်တဲ့မိန်းကလေးတစ်ယောက်ရဲ့ပုံစံ မဟုတ်တော့ပါဘူး။

ဒီရက်ပိုင်းအတွင်းမှာ ကေတီက စာနယ်ဇင်းများရဲ့ပစ်မှတ် ဖြစ်နေပါတယ်။ သွားလေရာမှာ ကင်မရာများနဲ့ မလွတ်ပါဘူး။ မကြာသေးမီကမှ ခင်ပွန်းသည်နဲ့ ကွာရှင်းပြတ်စဲလိုက်မှုက ဟောလီဝုဒ်သမိုင်းမှာ သတင်းအများဆုံး ဖြစ်ပွားစေခဲ့တဲ့ ကွာရှင်းပြတ်စဲမှုဖြစ်သလို ရုပ်မြင်သံကြား သတင်းများလည်း အများဆုံး အတင်ခံရတဲ့ မင်းသမီးတစ်လက် ဖြစ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၈ နှစ်လောက်က ကေတီဟာ ဒဏ္ဍာရီပုံပြင်များထဲက မင်းသမီးကလေးတစ်ပါးလို တင်စားခံခဲ့ရပါတယ်။ အင်မတန်ချောမောတဲ့ မင်းသမီးကလေးက ဟောလီဝုဒ်ရဲ့မီဂါစတားဖြစ်တဲ့ တွမ်ခရုစ်ကို အီတလီရဲ့ တိုက်ကြီးတစ်ခုမှာ လက်ထပ်ပွဲဆင်နွှဲပြီး ဇနီးမယားအရာ ရောက်သွားခြင်းကြောင့်ပါပဲ။ သူတို့နှစ်ယောက်မှာ အင်မတန်ချစ်စရာကောင်းတဲ့ ဆူရီ လို့ အမည်တွင်တဲ့ သမီးကလေးတစ်ယောက်လည်း ထွန်းကားခဲ့ကြပါတယ်။

ဒါပေမဲ့ လက်ထပ်ပြီး ၅ နှစ်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

အကြာမှာတော့ လော့စ်အိန်ဂျလိစ်မြို့နဲ့ ဆိုင်ရင်တော်လော်ဂျီဘာသာရေးအသိုင်းအဝိုင်းက ထွက်ပြေးချင်လောက်အောင် ခံစားနေရပြီး သူ့ကိုယ်သူလည်း အကျဉ်းသမတစ်ယောက်အဖြစ် ခံစားနေရပါတယ်။ အဲဒီကာလများမှာ ကေတီက သူ့ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်ပြီး စာနယ်ဇင်းများကို တစ်လုံးတစ်ပါဒမှ ဖွင့်ဟပြောဆိုခြင်း မပြုခဲ့ပါဘူး။

ဒီနေ့မှာတော့ အသက် ၃၅ နှစ်အရွယ် ရောက်လာပြီဖြစ်တဲ့ ကေတီဟာ သူ့ဘဝကို ပြောင်းပြန်လှန်လိုက်သလို အပြောင်းအလဲကြီး ပြောင်းလဲပစ်လိုက်ပါပြီ။ ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမောနေထိုင်ပြီး ရယ်စရာရှိရင်လည်း ပွင့်ပွင့်လင်းလင်း ရယ်တတ်တဲ့မိန်းကလေးတစ်ယောက် ဖြစ်လာခဲ့ပါပြီ။ People မဂ္ဂဇင်းနဲ့ အင်တာဗျူးတွေ့စဉ်မှာ ကေတီက ဂျင်းဘောင်းဘီဝတ်ထားပြီး မီးခိုးရောင်ကက်ရှ်မီးယားဆွယ်တာကို ဝတ်ဆင်ထားကာ နယူးယောက်မြို့ မဟတ္တန်ရပ်ကွက်မှာရှိတဲ့ သူ့အိမ်မှာ လက်ခံတွေ့ဆုံခဲ့တာပါ။ အရင်အင်တာဗျူးများနဲ့မတူ ပွင့်ပွင့်လင်းလင်း ပြောဆိုလာတဲ့ ကေတီက 'ကျွန်မ အရင်တုန်းကတော့ အရမ်းရှက်တတ်တယ်။ လူတွေ ထင်တာထက်ပိုပြီး ထိလွယ်၊ ရှလွယ်တယ်။ ကျွန်မဘဝက တစ်ချိန်လုံးငိုနေခဲ့ရတာပါ'လို့ ပြောရင်း ကမ္ဘာကျော် သူ့အပြုံးကလေးကို လှစ်ခနဲဖော်ပြလိုက်ပါတယ်။ 'ကျွန်မ သာမန်လူများထဲက လူတစ်ယောက်ပါ။ လူတိုင်းလိုပဲ ကျွန်မ အသက်ရှူတယ်၊ ရေအိမ်ဝင်တယ်၊ ဒါပေမဲ့ ရေအိမ်ဝင်ချိန်မှာတော့ တတ်နိုင်သမျှ အသက်အောင့်ထားတတ်တယ်။ အထူးသဖြင့် အများသုံးရေအိမ်တွေမှာ သုံးရတဲ့အခါ အသက်အောင့်ထားရတာများပါတယ်'လို့ သူဟာ လူသာမန်တစ်ဦးသာဖြစ်ကြောင်း စတင်ပြောကြားခဲ့ပါတယ်။

❑

ကေတီကို အမေရိကန်ပြည်ထောင်စု အိုဟိုင်းရိုးပြည်နယ် တော်လေဒိုမြို့မှာ မွေးဖွားခဲ့ပြီး မွေးချင်း ၅ ဦးအနက် အထွေးဆုံးသမီး ဖြစ်ပါတယ်။ ကက်သလစ်ဘာသာဝင် ကျောင်းသူတစ်ဦးဘဝ ၁၉၉၈ ခုနှစ်မှာ ရိုက်ကူးခွင့်ရခဲ့တဲ့ Dawson's Creek ဇာတ်လမ်းတွဲမှာ ဆယ်ကျော်သက်တစ်ယောက်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ရာက အောင်မြင်မှု ရရှိခဲ့ပါတယ်။ အခုတော့ ကေတီဟာ မြို့သိမ်မြို့မွှားကလေးက မိန်းကလေးတစ်ယောက် မဟုတ်တော့ပါဘူး။ 'အိုဟိုင်းရိုးမှာ နေတုန်းကတော့ ကျွန်မစိတ်ထဲမှာ ဒီလိုမြို့ကလေးက မိန်းကလေးတစ်ယောက်အနေနဲ့ သရုပ်ဆောင်တစ်ယောက် ဖြစ်လာနိုင်မယ်



မဟုတ်ဘူးလို့ တွေးခဲ့မိပါတယ်။ တကယ်လို့များ ငယ်ဘဝကို ပြန်ပြေးပြောလို့ရမယ်ဆိုရင် အဲဒီမိန်းကလေးကို ကျွန်မ ပြောလိုက်ချင်စမ်းပါတယ်။ စိတ်သာချပါ မိန်းကလေး၊ အချိန်တန်ရင် ဖြစ်လာမှာပါလို့'။ ဒါပေမဲ့ အောင်မြင်မှုဆိုတာ လွယ်လွယ်ကူကူတော့ ရနိုင်တာ မဟုတ်ပါဘူး။ ပြင်းထန်တဲ့စိတ်ဓာတ်နဲ့ ကြိုးစားမှသာ ရနိုင်မယ်ဆိုတာ ကေတီက သက်သေပြနေပါတယ်။ စကြဝဠာတစ်ခုလုံးက သြဘာပေးခဲ့ကြတဲ့ သူတို့ဇနီးမောင်နှံ ဘာကြောင့်ကွာရှင်းပြတ်စဲကြတယ်ဆိုတာကိုတော့ ကေတီက လျှို့ဝှက်ထားဆဲ ဖြစ်ပါတယ်။ ဒီကိစ္စကို သူ့ဘက်ကိုယ့်ဘက် နှစ်ဖက်စလုံးက ထုတ်ဖော်မပြောကြားဖို့ သဘောတူထားခဲ့ကြတယ်လို့လည်း ဆိုပါတယ်။ မပြောချင်တာကို သိချင်ကြတဲ့ လူတွေရဲ့သဘာဝအတိုင်း စာနယ်ဇင်းတော်တော်များများကတော့ သူတို့ဘာကြောင့် လမ်းခွဲကြတယ်ဆိုတာကို အခုထက်ထိ စုံစမ်းနေကြဆဲပါပဲ။ ကေတီကတော့ 'ကျွန်မ အဲဒီအချိန်တွေကို ဖြစ်နိုင်ရင် ကျွန်မဘဝထဲကနေ မေ့ပစ်လိုက်ချင်ပါတယ်။ အဲဒီကာလက ကျွန်မ ဘယ်သူဘယ်ဝါဆိုတာကိုလည်း မပြောစေချင်တော့ပါဘူး။ ဟိုတုန်းက သရုပ်ဆောင်တစ်ယောက်ဖြစ်သလို အခုလည်း သရုပ်ဆောင်တစ်ယောက်ပဲ ဖြစ်ပါတယ်။ ဒါကိုပဲ အသိအမှတ်ပြုကြစေချင်ပါတယ်'လို့ ဆိုပါတယ်။ ကေတီက နယူးယောက်မြို့ကြီးမှာ နေထိုင်ရတဲ့ သူ့ဘဝ၊ သမီးရဲ့အမေအဖြစ် သူ ဘယ်လိုနေထိုင်သွားချင်တယ်ဆိုတာကအစ နောက်တစ်ကြိမ် အချစ်သစ်ပေါ်ပေါက်လာဦးမလား ဆိုတာတွေကိုပါ ပြောပြခဲ့ပါတယ်။ သူ့ဘဝရဲ့အခန်းကဏ္ဍသစ်ကို မစချင်သေးပါဘူးလို့ ဆိုခဲ့ပါတယ်။

အိမ်ရာသစ်ထူထောင်ဖို့ အဆင်သင့်မဖြစ်သေးပေမဲ့ ဟာသရုပ်ရှင်ကားတစ်ကားဖြစ်တဲ့ Miss Meadows ဇာတ်ကားကိုတော့ ရိုက်ကူးပြီးစီးသွားပြီဖြစ်လို့ နိုဝင်ဘာလ ၁၄ ရက်နေ့က စတင်ရုံတင်ပြသနေပါပြီ။ ဒီရုပ်ရှင်ဇာတ်ကားမှာ ကေတီက မူလတန်းပြဆရာမလေးတစ်ဦးအဖြစ် သရုပ်ဆောင်ပြီး အရေးကြီးတဲ့လူသတ်မှုတစ်ခုမှာ ပတ်သက်နေတဲ့သူအဖြစ် သရုပ်ဆောင်ပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ကေတီက ကမ္ဘာကျော်အမှတ်တံဆိပ်တစ်ခုဖြစ်တဲ့ Olay ရဲ့ Brand Ambassador လည်း ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်ကျရင် ရိုက်ကူးမယ့် အမေရိကန်သမ္မတကတော်ဟောင်း ဂျက်ကလင်းကနေဒီရဲ့အကြောင်းဖြစ်တဲ့ The Kennedys: After Camelot ဆိုတဲ့ဇာတ်ကားမှာ ဂျက်ကလင်းကနေဒီ အဖြစ် သရုပ်ဆောင်ပေးဖို့ ရှိပါတယ်။ ကေတီက ၂၀၁၁ ခုနှစ်တုန်းကလည်း The Kennedys အမည်ရှိ ဇာတ်လမ်းတွဲတစ်ခုမှာ ပါဝင်သရုပ်ဆောင်ခဲ့ဖူးပါတယ်။

သရုပ်ဆောင်အဖြစ် လုပ်ဆောင်နေရာကနေ ကေတီက ကင်မရာနောက်ကွယ်မှာ နေရတဲ့ ဒါရိုက်တာအဖြစ်လည်း လုပ်ချင်စိတ်ရှိပါတယ်။ All We Had ဆိုတဲ့ ဝတ္ထုကို မှီငြမ်းပြုထားတဲ့ ရုပ်ရှင်ကားကို ရိုက်ကူးရာမှာ သရုပ်ဆောင်ဖြစ်သလို ဒါရိုက်တာအဖြစ်လည်း တစ်ပိုင်းတစ်စ ပါဝင်ပံ့ပိုးထားပါတယ်။ ဒီကားမှာ သမီးနဲ့အမေ ဆက်ဆံရေးကို ရိုက်ကူးထားတာ ဖြစ်ပါတယ်။ ဒီလိုအတွေ့အကြုံတွေ ရလာတာကြောင့် အစဉ်အမြဲ လူများကို ကြောက်ရွံ့နေတတ်တဲ့ ကေတီရဲ့အတွေးအခေါ်တွေလည်း ပြောင်းလဲလာခဲ့ပါတယ်။ 'ကျွန်မ အခု လူတွေကို မကြောက်တတ်တော့ပါဘူး။ အရင်တုန်းက ကျွန်မကို ထိန်းချုပ်ခဲ့တဲ့ မြောက်မြားလှစွာသော စည်းကမ်းတွေကိုလည်း ကျွန်မ ချိုးဖောက်နိုင်ပါပြီ။ အစစအရာရာ ထိန်းချုပ်မှု မထားတော့ပါဘူး။ အရင်လို အကြောင်းအရာသစ်တစ်ခုကို စမ်းသပ်ကြည့်ဖို့ ကြောက်တဲ့စိတ်လည်း မရှိတော့ပါဘူး'လို့ ပြောပြခဲ့ပါတယ်။

ဒီလိုပြောင်းလဲလာတဲ့အတွက် လူတွေက သူ့အပေါ်ကို နားမလည်နိုင်ဖြစ်လာတယ်ဆိုရင်ကောလို့ မေးကြည့်တဲ့အခါ ကေတီက 'ကျွန်မ လူတိုင်းကို ဂရုစိုက်မနေနိုင်တော့ပါဘူး။ ကျွန်မ လုပ်စရာရှိတာကို အာရုံစိုက်ပြီး လုပ်ပါတော့မယ်။ ကျွန်မကို ပတ်ဝန်းကျင်ကပဲဖြစ်ဖြစ်၊ စာနယ်ဇင်းများကပဲဖြစ်ဖြစ်





www.burmeseclassic.com


www.burmeseclassic.com

ကြည့်နေကြလို့ ထိန်းချုပ်နေရမယ်ဆိုတာမျိုး မရှိတော့ပါဘူး'လို့ ဖြေကြားခဲ့ပါတယ်။

❑

ရုပ်ရှင်မြို့တော်ဖြစ်တဲ့ လော့စ်အိန်ဂျလိစ်ကို ခွဲခွာပြီး နယူးယောက်မြို့မှာ အခြေချနေထိုင်နေတဲ့ ကေတီကို နယူးယောက်မြို့သူမြို့သားများက မကြာခဏဆိုသလို မြေအောက်ရထားဘူတာရုံများမှာ ရထားလာစီးတာကို ကြုံတတ်ကြပါတယ်။ အဲဒီလိုကြုံတိုင်း တစ်ယောက်မဟုတ်တစ်ယောက်က ဓာတ်ပုံရိုက်ယူပြီး Instragram မှာ တင်တတ်ကြပါတယ်။ သူတို့ဓာတ်ပုံရိုက်တယ်ဆိုပေမဲ့ ကေတီကို အနေရခက်လောက်အောင် နှောင့်ယှက်ကြတာမျိုးမဟုတ်တဲ့အတွက် ကေတီက စိတ်အနှောင့်အယှက်မဖြစ်ဘူးလို့ ဆိုပါတယ်။ 'ကျွန်မ နယူးယောက်မြို့ကို ရောက်လာတော့ ကျွန်မမသိတဲ့ သူစိမ်းတွေဆီက အကူအညီတွေအများကြီးရခဲ့တာကြောင့် ကျွန်မ ဝမ်းနည်းဝမ်းသာဖြစ်ပြီး ငိုခဲ့ရပါသေးတယ်'လို့ ဆိုပါတယ်။ ခင်ပွန်းသည်နဲ့ ကွာရှင်းပြတ်စဲတဲ့ကာလနောက်ပိုင်းမှာ 'လူတော်တော်များများက ကျွန်မကို အားပေးတဲ့အနေနဲ့ သူတို့အိမ်တံခါးတွေ ဖွင့်ထားတယ်လို့ ဆိုကြပါတယ်။ ကျွန်မသာ အကူအညီလိုအပ်မယ်ဆိုရင် အချိန်မရွေးပေးမယ်လို့လည်း အားပေးခဲ့ကြပါတယ်။ ဒါကြောင့် နယူးယောက်မြို့ကို ကျွန်မ မြင်တဲ့အမြင်ကတော့ မြို့သူမြို့သားတွေဟာ တစ်ယောက်နဲ့တစ်ယောက် လက်ချင်းချိတ်ထားတဲ့မြို့လို့မြင်ပါတယ်'လို့လည်း သုံးသပ်ပြပါတယ်။

နယူးယောက်မှာလည်း ပါပါရာဇီများနဲ့ မလွတ်ပါဘူး။ ကေတီရဲ့လှုပ်ရှားမှုတိုင်းကို မှတ်တမ်းတင်နေကြတာချည်းပါပဲ။ ဒါကြောင့် တစ်ခါတလေ သွားနေဖို့ လော့စ်အိန်ဂျလိစ်မှာ အိမ်တစ်လုံး ဝယ်လိုက်ပါတယ်။ 'ကျွန်မ ကယ်လီဖိုးနီးယားကိုလည်း သဘောကျတယ်။ ဘာကြောင့်လဲဆိုတော့ မြေနေရာ






ကျယ်ကျယ်ဝန်းဝန်း ရှိတယ်။ ရာသီဥတုကလည်း သမမျှတတယ်'လို့ ကေတီက ကယ်လီဖိုးနီးယားကို သဘောကျတဲ့အကြောင်း ပြောပြခဲ့ပါတယ်။

အိမ်ကျယ်ကျယ် လိုအပ်ရတဲ့အကြောင်းရင်းကတော့ အသက် ၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ သူ့သမီး ဆူရီအနေနဲ့ ကျယ်ကျယ်ဝန်းဝန်း နေနိုင်ဖို့ ဖြစ်ပါတယ်။ 'ကျွန်မဘဝမှာတော့ မိခင်တစ်ယောက်ဖြစ်ရတာ သမီးကို လိုအပ်သမျှ ဖြည့်ဆည်းဖို့ အရေးကြီးဆုံးပဲလို့ ခံယူပါတယ်'လို့ ကေတီက ဆိုတယ်။ ဒီစကားကို ဆိုစဉ်မှာ သူ့မျက်ဝန်းများက အရောင်လက်လာခဲ့ပါတယ်။ 'ကျွန်မ နေ့စဉ်နဲ့အမျှ မိခင်ကောင်းတစ်ယောက်ဟာ သားသမီးအပေါ်မှာ ဘယ်လိုကျင့်ကြံရမယ်ဆိုတာ လေ့လာသင်ယူဖြစ်ပါတယ်'လို့ ဆိုပါတယ်။ ဒီစကားက ကေတီအနေနဲ့ အခါးပေါ် သကာဖုံးထားတဲ့စကား မဟုတ်ပါဘူး။ 'ကျွန်မအရင်တုန်းကတော့ စိတ်တိုတတ်တယ်။ အခု



www.burmeseclassic.com

www.burmeseclassic.com

တော့ စိတ်ရှည်လာပါပြီ။ အထူးသဖြင့် ညနေ ၄ နာရီနဲ့ ၆ နာရီအတွင်းမှာ ကျွန်မ စိတ်ကတိုသွားတတ်တယ်။ ဘာကြောင့် တိုတာလဲလို့ မေးရင်တော့ ကျွန်မလည်း မသိဘူးလို့ ဖြေရမှာပဲ' လို့လည်း ဆိုပါတယ်။

ပါပါရာဇီများက ကေတီကိုသာမက သမီးလေး ဆူရီကိုပါ ပစ်မှတ်ထားကြတာကြောင့် တစ်ခါက သမီးကို ချီထားတဲ့ ကေတီကို ပါပါရာဇီများက ဝိုင်းထားကြပြီး သမီးဖြစ်သူ ဆူရီခမျာ မျက်စိသူငယ်နဲ့ မိခင်ကို ကုပ်တွယ်ထားပုံက ဒီနေ့ထက်ထိ မေ့နိုင်စရာမဟုတ်တဲ့ မြင်ကွင်းတစ်ခု ဖြစ်ခဲ့ပါတယ်။ ဘယ်နေရာမှာပဲဖြစ်ဖြစ် ကေတီကတော့ သူ့သမီးကိုသာ ပထမဦးစားပေးအဖြစ် စဉ်းစားတတ်ပါတယ်။ 'ကျွန်မ အဓိကရည်ရွယ်ချက်ကတော့ ကျွန်မဟာ အမေတစ်ယောက်အနေနဲ့ သမီးအပေါ်မှာ ဘယ်လောက်ချစ်တယ်ဆိုတာကို သူ သိသွားစေချင်တယ်။ သမီးမှာ ချစ်မယ့်သူဆိုလို့ ကျွန်မ တစ်ယောက်ပဲ ရှိတော့တာလေ' လို့ ကေတီက ပြောချိန်မှာ သမီးအဖေကို သတိရသယောင်ယောင်မြင်တွေ့ရပါတယ်။

တကယ်လို့များ သမီးနဲ့ ခွဲရမယ်ဆိုရင် ဆိုတဲ့မေးခွန်းကိုတော့ ကေတီက 'ကျွန်မကို အခုချိန်ထိတော့ အကျပ်ကိုင်တာ၊ ဖိအားပေးတာ မရှိသေးပါဘူး။ တကယ်လို့များ ဆိုတဲ့ အတွေးဝင်လာတိုင်း ကျွန်မ ကမ္ဘာပျက်မတတ်ခံစားရပါတယ်။ အဲဒါတော့ မလုပ်ကြပါနဲ့၊ ကျွန်မ တောင်းပန်ပါတယ်' လို့ ဆိုပါတယ်။ ကေတီမှာ လုပ်ငန်းခွင်နဲ့ သမီးတာဝန်တွေကြား တော်တော်ပင်ပန်းပါတယ်။ 'မနက် မိုးလင်းပြီဆိုရင် ကျွန်မ အိပ်ရေးမဝသေးဘဲ အိပ်ရာထဲက ထွက်ခဲ့ရတယ်။ တစ်ခါတလေတော့ ဧည့်ခန်းထဲက ခုံပေါ်မှာ နှပ်နေလိုက်သေးတာ။ နိုးစက်က သုံးခါလောက်မြည်မှ ကျွန်မ မဖြစ်မနေထတာ။ တကယ်လို့များ ဘယ်သူကမှ ကျွန်မကို လုပ်ငန်းခွင်အတွက် အလိုမရှိတော့ပါဘူးဆိုရင် ကျွန်မ လုပ်ချင်တာ တစ်ခုပဲရှိပါတယ်။ အဲဒါကတော့ တစ်ပတ်လောက်ကို မထတမ်း အိပ်လိုက်ချင်တာပါပဲ။ အဲဒီလိုအိပ်လိုက်ရရင် သိပ်ကောင်းမှာပဲလို့လည်း ကျွန်မ အမြဲတွေးနေမိတယ်။ အိုလံပစ်အားကစားပွဲမှာသာ အအိပ်ပြိုင်ပွဲကျင်းပမယ်ဆိုရင် ကျွန်မ ရွှေတံဆိပ်ရမှာ သေချာတယ်' လို့ပြောပြီး တခစ်ခစ် ရယ်နေပါသေးတယ်။

❑

တွမ်ခရုစ်နဲ့ ကေတီတို့ ကွာရှင်းပြတ်စဲခဲ့ကြတာ ၂ နှစ်ရှိခဲ့ပါပြီ။ အဲဒီကာလအတွင်းမှာ ကေတီက ဘယ်အမျိုးသားနဲ့မှ ချစ်ကျွမ်းဝင်တဲ့ပုံ မတွေ့ရပါဘူး။ တစ်ခါက ရုပ်ရှင်သရုပ်ဆောင် ဂျေမီဖော့စ်နဲ့ တွဲသွားတွဲလာတွေ့ရတယ်လို့ သတင်းများက ဆိုကြပေမဲ့ သတင်းမှားတွေ ဖြစ်ပါတယ်။ အချစ်ရေးနဲ့ပတ်သက်ပြီး အခုချိန်ထိ ကေတီက ဆွေးနွေးစရာ မရှိသေးဘူးလို့ ဆိုပါတယ်။ 'ကျွန်မ အသက်ဝဝရှုပါရစေဦး' လို့ အဓိပ္ပာယ်ပြည့်ဝတဲ့စကားတစ်ခွန်းကို အပြုံးကလေးနဲ့ ဆိုလိုက်ပါတယ်။ သူ့ကို ကြည့်ရတာ နောက်ထပ်အချစ်သစ်ရှာဖို့ ကြောက်နေတဲ့ပုံ ပေါ်ပါတယ်။ အချစ်ဆိုတာကို မယုံကြည်တော့ဘူးလားလို့ မေးလိုက်တဲ့အခါမှာတော့ ကေတီက သွက်သွက်လက်လက်ပဲ 'ဟုတ်တယ်၊ ကျွန်မ မယုံတော့ဘူး။ လုံးဝကို မယုံတော့တာ' လို့ ဆိုပါတယ်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ နှလုံးသားက ပြန်လည်နိုးကြားလာဦးမှာ မဟုတ်လားဆိုတဲ့ အမေးကိုလည်း 'ဟုတ်ပါတယ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်ပေါ့' လို့ စဉ်းစားချင့်ချိန်တဲ့လေသံနဲ့ ဖြေကြားခဲ့ပါတယ်။ 'ကျွန်မ အင်မတန်ချစ်တတ်တဲ့မိန်းမတစ်ယောက်ပါ။ အခုလည်း ကျွန်မ နှလုံးသားကို ပိတ်ပင်ထားတာတော့ မဟုတ်ပါဘူး။ အချစ်ကို မတွေ့သေးတာ ဖြစ်ပါလိမ့်မယ်' လို့ ဖြေကြားခဲ့ပါတယ်။ ■


**စာနည်းညီမိမ်း**

***Ref:People, Nov 10,2014.***

ကျွန်မ
လူတိုင်းကို
ဂရုစိုက်မနေနိုင်တော့ပါဘူး
ကျွန်မ
လုပ်စရာရှိတာကို
အာရုံစိုက်ပြီး
လုပ်ပါတော့မယ်
ကျွန်မကို
ပတ်ဝန်းကျင်ကပဲ
ဖြစ်ဖြစ်
စာနယ်ဇင်းများကပဲ
ဖြစ်ဖြစ်
ကြည့်နေကြလို့
ထိန်းချုပ်နေရမယ်
ဆိုတာမျိုး
မရှိတော့ပါဘူး


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ရင်သွေးအမြွှာ သားနဲ့သမီးကို ရင်အုပ်မကွာ ထိန်းသိမ်းနေရင်းနဲ့ အနုပညာတာဝန်တွေ၊ လူမှုရေးတာဝန်တွေ ကျေပွန်အောင်မနည်းကြီး ကျားကန်ကြိုးစားနေရပေမဲ့ မင်းသမီး Jennifer Lopez က သူ့ရဲ့အပူ၊ သောကတွေကို အများမြင်အောင် ထုတ်မပြတတ်သူပါတဲ့။ သူမအဖို့ အသက် ၄၅ နှစ် ဖြစ်လာတဲ့အသက်အရွယ်မှာ ရုပ်ရှင်အနုပညာသည်တစ်ဦးပီပီ လှပကြော့ရှင်းနေအောင် ကိုယ့်ကိုယ်ကို ဂရုစိုက်နေရရုံတင်မက၊ သူမရဲ့လက်ရှိချစ်သူ Casper Smart နဲ့ ချစ်မှုရေးရာကိုလည်း အေးစက်မသွားအောင် သတိပြုနေရပါသေးတယ်။ အနုပညာဖျော်ဖြေရေး လုပ်ငန်းခွင်အတွင်း ကျင်လည်နေသူတိုင်း ခံစားရတဲ့ နေ့စဉ်စိန်ခေါ်မှုတွေကိုလည်း တစိုက်မတ်မတ် အနိုင်ရအောင် ထိုးသတ်နေရပြန်ပါတယ်။ ဒီကြားထဲမှာမှ ခင်ပွန်းဟောင်းဆီက အကူအညီမယူဘဲ ၆ နှစ်ကျော်၊ ၇ နှစ်နားနီး သားနဲ့သမီး အမြွှာ ၂ ယောက်အတွက် မိခင်တာဝန် အပြည့်ယူထားရတဲ့ ဂျန်နီဖာ့ဘဝအကြောင်း In Style မဂ္ဂဇင်းမှ အင်တာဗျူးဆရာမ Nancy Hass က မေးမြန်းဖော်ပြထားပါတယ်။


# ဂျန်နီဖာလိုပက်ဇ် ပြောပြတဲ့ သူ့ဘဝ

ရိုဘာဒအောင် (NYT)



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ တော်တော့်ကို စိတ်ဖိစီး ပင်ပန်းနေတာ။ ညတုန်းကဆို စီးပွားရေး လုပ်ငန်း အစည်းအဝေးတစ်ခု တက်နေရင်း တစ်ခုခုကို ပေါက်ကွဲပစ်လိုက်ချင်တာမျိုး၊ ကိုယ့်ကိုယ်ကို ကြေမွသွားတော့မလားလို့တောင် ခံစားရတယ်"လို့ ရင်ဖွင့်ပါတယ်။ ဒါပေမဲ့ လုပ်ငန်းခွင် တစ်ဖက်၊ မိခင်တာဝန်တစ်ဖက် ထမ်းဆောင်နေရတဲ့ အခြားတစ်ပါးသော မိခင်တွေလိုပါပဲ။ နာကလေးတစ်ချက် စေးရုံနဲ့ ခွင့်တစ်ရက် ယူလိုက်ဦးမယ်လို့ လုပ်မရပါဘူး။ မြောက်မြားလှစွာသော အချိန်ဇယားတွေထဲကနေ In Style မဂ္ဂဇင်းအတွက် ကတ်ကတ်သတ်သတ် အချိန်ပေး အင်တာဗျူး လက်ခံခဲ့တာပါ။

အလှဓာတ်ပုံအရိုက်ခံဖို့ အလှပြင်နေရင်း မေးခွန်းတွေကို ဖြေသွားခဲ့တယ်။ ဗျက်နှာသုတ်ပဝါအသား၊ အဖြူရောင် ဝတ်ရုံဖားဖားကြီးကိုဝတ်၊ ခြေဗလာနဲ့ အလှပြင်ပေးတဲ့သူ ရှေ့မှာ ထိုင်နေရင်း သူထမ်းဆောင်ရမယ့် တာဝန်ဝတ္တရားတွေကို သူ အချိုးအဆသီအောင် ဘယ်လို စီစဉ်လုပ်တဲ့အကြောင်း ရှင်းပြသွားခဲ့တယ်။ ပါးစပ်က စကားလည်း ပြောရင်း၊ မနက်စာ အရွက်သုပ် Salad လည်း စားနေပါသေးတယ်။ အရွက်သုပ် အပြည့်ထည့်ထားတဲ့ ပန်းကန်ကို သူ့ ဒူးခေါင်းပေါ်မှာ တင်ထားပြီး ပြုတ်မကျအောင် သတိထားစားလိုက်ရပါသေးတယ်။ "ကျွန်မက အလုပ်တွေလုပ်နေရင်းကကို ဘာဆက်လုပ်ရမယ်ဆိုတာ ဖြည့်စွက်စဉ်းစားနေတာမျိုး၊ ကလေးတွေကတော့ ကိုယ့်ကို ဂရုစိုက်တာ တကယ်ပါ။ သူတို့အဖို့ အမေက အဓိကလေ။ ညနေ အိမ်ပြန်လာလို့ လုပ်ငန်းခွင်မှာ ဘယ်လောက်ပဲ ပင်ပန်းခဲ့ပါစေ၊ သူတို့ ခေါင်းထဲမှာလည်း အမေ့အလုပ်က အဆင်တပြေ ရှိခဲ့ရဲ့လား။ ဒုက္ခတွေ ရောက် ခက်ခဲခဲ့သလား၊ ဘယ်စဉ်းစားတတ်ဦးမလဲ။ တွေ့တာနဲ့ "မာမီ၊ ခေါင်းကိုက်နေလဲ သားတို့မသိဘူး။ မာမီ့ပေါင်ပေါ်မှာ ထိုင်ချင်တယ်။ မာမီနဲ့ တူတူ ညစာစားချင်တယ်။ မာမီ့ဆံပင်တွေနဲ့ ဆော့ချင်တယ်"လို့ လုပ်ကြရော"။

လုပ်စရာတွေ ရှုပ်ပွများပြားနေတာမှန်ပေမဲ့ ဂျန်နီဖာက ဒါကို နှစ်သက်သဘောကျပါတယ်။ သူ့ရဲ့ကိုယ်စွမ်းကိုယ်စနဲ့ စနစ်တကျ အစီအစဉ်ဆွဲတတ်တယ်။ ဦးစားပေးသင့်တာ၊ နောက်ချန်ထားသင့်တာ စသဖြင့် ရွေးထုတ်ပြီးတာနဲ့ ရှေ့ကို ယုံကြည်မှုအပြည့်နဲ့ ချီတက်တတ်သူပါ။ ဂီတဝါသနာရှင်တွေအတွက် အဆိုပြိုင်ပွဲ American Idol မှာ ဒိုင်လူကြီးတစ်ယောက်အဖြစ် ၂၀၁၁-၂၀၁၂ အတွင်း လုပ်ပေးခဲ့တယ်။ ၂၀၁၃ မှာ တစ်နှစ်နားပြီး အခု ၂၀၁၄ မှာ ဒိုင်လူကြီးတာဝန် ပြန်ယူထားပြန်ပါပြီ။ ဒါ့အပြင် သူမကိုယ်တိုင် တီထွင်တဲ့ ဒီဇိုင်းတွေနဲ့ ဖက်ရှင်အင်ပါယာကြီး တစ်ခု တည်ထောင်ပါသေးတယ်။ အပေါ်မှ ထပ်ဝတ်ရတဲ့ အင်္ကျီလက်ပြတ်ခါးတို Vast ဒီဇိုင်းအစုံ၊ အမျိုးသမီးဝတ်အဝတ်အစားများအပြင် အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ အိပ်ရာဖုံး အပြည့်အစုံများ ထုတ်လုပ်ရောင်းချနေပါပြီ။

ဂျန်နီဖာလိုပက်ဇ်ရဲ့ ဖက်ရှင်လက်ရာများကို Kohl's ဆိုတဲ့ ဆိုင်ကြီးများမှာ ရောင်းချတာ တွေ့မြင်နိုင်ပါတယ်။ အမေရိကန်ပြည်ထောင်စုအတွင်း ဒီလိုဆိုင်ကြီးပေါင်း ၁၁၅၈ ဆိုင်တောင် ရှိပါတယ်။ ကမ္ဘာကျော် ရုပ်ရှင်မင်းသား၊ မင်းသမီး အကျော်အမော်တိုင်းလိုလို လုပ်နေကြတဲ့ ရေမွှေးထုတ်လုပ်ရောင်းချမှုမှာလည်း သူက နောက်ကျ ကျန်မနေရစ်ခဲ့ပါဘူး။ Glow ဆိုတဲ့ အမိက တံဆိပ်အောက်မှာ အမျိုးစုံသော မွှေးရနံ့တွေနဲ့ ရေမွှေးတွေ ရောင်းကောင်းနေပြန်ပါတယ်။ နောက်နှစ်နွေဦးရာသီမှာ Glowing Goddess အမည်နဲ့ နောက်ထပ် ရေမွှေးတစ်မျိုး ဖြန့်ချိဦးမှာပါ။

၂၀၁၄ အတွင်း လူမည်းမင်းသမီး Vida Davis နဲ့ တွဲကာ Lila and Eve ဆိုတဲ့ ရုပ်ရှင်တစ်ကား ကျော်ဂျာပြင်နယ်၊ Atlanta မြို့မှာ ရိုက်ကူးပြီးစီးသွားပါတယ်။ အဲဒီလို အလုပ်တွေများကနေ

www.burmeseclassic.com

www.burmeseclassic.com

သူမရဲ့ ၈ ခုမြောက် သီချင်းအယ်လ်ဘမ် A.K.A(Also Known As)ကို ဇွန်လ ၁၇ ရက်နေ့က အောင်မြင်စွာ ထုတ်လုပ်ဖြစ် ခဲ့ပါသေးတယ်။ အဲဒီအယ်လ်ဘမ် အပါအဝင် စုစုပေါင်း ၈ ခုနဲ့ စိတ်ကြိုက်သီချင်းများ စုစည်းထားတဲ့ အယ်လ်ဘမ် ၂ ခု ထွက်ပြီးသွားပါပြီ။ ဂျန်နီဖာက 'ဒီတစ်ခါ သီချင်းတွေက နည်းနည်းတော့ ကြမ်းရှတယ်။ ခါတိုင်းဆို သီချင်းအားလုံးက ချစ်တဲ့အကြောင်းတွေ၊ အသည်းနှလုံးတွေနဲ့ ပန်းပွင့်လေးတွေအကြောင်း ရေးစပ်လေ့ရှိတယ် မဟုတ်လား။ ဒါပေမဲ့ ဒီတစ်ခါတော့ ချစ်တော့ချစ်တယ်။ အဲဒီအချစ်တွေနဲ့ ကိုယ့်အပေါ် အခွင့်ကောင်းယူခွင့် မပြုဘူးဆိုတာမျိုး ပါလာပြီ။ နားထောင်ရတာ ထောင့်တောင့်တောင့်ဖြစ်ကောင်း ဖြစ်မယ်။ ဒါပေမဲ့ ရယ်စရာဟာသလေးလည်း ပါ,ပါတယ်။ အချစ်နဲ့ ပတ်သက်လာရင် ဦးနှောက်နဲ့ပါ ထည့်စဉ်းစားပြီး Smart ပိုဖြစ်လာပြီ။ နှလုံးသားထဲမှာ အသည်းအသန်ကြီး မခံစားတော့ဘူးဆိုတဲ့ အကြောင်းလေးပါပဲ'လို့ ဆိုပါတယ်။

စီးပွားရေးလုပ်ငန်းတွေ၊ အနုပညာ ဂီတ၊ ရုပ်ရှင် စတဲ့ အလုပ်တွေကို လေဆင်နှာမောင်းတိုက်သလို သိမ်းကျုံးလုပ်လေ့ရှိတဲ့ ဂျန်နီဖာက ဘယ်အလုပ်ကို ဘယ်တုန်းကမှ လျှော့ချပစ်ဖို့ မကြိုးစားမိခဲ့ဘူးတဲ့။ သူမက 'ကျွန်မရဲ့ ဘဝမှာ စိတ်ခံစားချက်တွေ မြင့်လိုက်၊ နိမ့်လိုက် အများကြီး ဖြစ်ခဲ့ဖူးတယ်'လို့ အစချီကာ ၂၀၁၁ ခုနှစ်တုန်းက ခင်ပွန်းဟောင်း Marc Anthony နဲ့ လမ်းခွဲပြတ်စဲခဲ့တဲ့ အကြောင်း ရိုးတိုးရိပ်တိပ် ညွှန်းဆိုပြောပါတယ်။ မာ့အန်သိုဏီနဲ့ လမ်းခွဲပြီးကတည်းက ဂျန်နီဖာက ၂၇ နှစ်အရွယ် ကချေသည် ကက်စ်ပါနဲ့ စုံတွဲခုတ်နေခဲ့တာပါ။

ကျွန်မဘဝမှာ ဒါမရှိလို့ မဖြစ်ဘူး၊ ဒါ မဖြစ်မနေ လုပ်ရမယ်၊ အရေးကြီးတယ်ဆိုပြီး သတ်မှတ်ခဲ့တဲ့ အရာတွေဟာ ဘဝတစ်လျှောက် တစ်နေ့ရာ အရောက်မှာတော့ ရုတ်တရက်ကြီး၊ မရှိမဖြစ်လို့အပ်တဲ့ အရာတွေ မဟုတ်ပါလားဆိုတာ သိခွင့်ရလိုက်တယ်။ ဒီကိစ္စတွေက ရှုပ်ထွေးနက်နဲလွန်းလို့ ကြိုတင်စဉ်းစားမိလောက်အောင် ဉာဏ်လိုက်မမီပါဘူး။ တစ်ခါတလေ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာကိစ္စ တချို့က ဖြစ်သင့်တာထက်ပိုပြီး ကျယ်ကျယ်လောင်လောင် အသံထွက်လွန်းတယ်။ ကျွန်မ အဲဒီလို မဖြစ်စေချင်ဘူး။ ခပ်ဖျော့ဖျော့၊ ခပ်သွယ်သွယ်လေးပဲ ရှိစေချင်တယ်။ ဒါဆိုရင် ကြိုတင်ဇာတ်ညွှန်းရေးထားတာ မဟုတ်တဲ့ ဘဝမျိုးနဲ့ နေခွင့်ရမှာ'လို့ တွေးတွေးဆဆ ပြောပါတယ်။

ဂျန်နီဖာတို့မှာ ညီအစ်မ ၃ ယောက်ရှိပြီး လက်ရှိ ညီမငယ်ဖြစ်တဲ့ Lynda က ဂျန်နီဖာနဲ့အတူ ကယ်လီဖိုးနီးယားပြည်နယ် Calabasas မှာ အတူပေါင်းနေကြပါတယ်။ ဂျန်နီဖာ့မှာ အမြွာသားနဲ့ သမီးရှိသလို ညီမ လင်ဒါမှာလည်း ဖ






www.burmeseclassic.com

နှစ်အရွယ် သမီးလေးတစ်ယောက် ရှိထားပါတယ်။ လင်ဒါက ရုပ်သံသတင်းဌာနတစ်ခုမှာ အလုပ်လုပ်နေသူပါ။ ညီအစ်မ နှစ်ယောက်စလုံး ခင်ပွန်းသည်များနဲ့ ကွဲနေတာမို့ သားသမီးများကို မိခင်တစ်ဦးတည်း အုပ်ချုပ်နေရတဲ့ ဘဝအား 'အလွန်အထီးကျန်ဆန်လွန်းလှတဲ့ တာဝန်ဝတ္တရားများကို ထမ်းဆောင်နေရသလိုပါပဲ'လို့ လင်ဒါက ပြောပြခဲ့တယ်။


သူတို့ မိသားစုတည်ထောင်ထားတဲ့ Nuyorican အနုပညာထုတ်လုပ်ရေးကုမ္ပဏီနဲ့ ရုပ်ရှင်ရိုက်ကွင်းတစ်နေရာရာမှာ ရှိနေကြရင်း ညနေစာစားချိန်ကျရင် သူတို့နှစ်ယောက်ထဲက တစ်ယောက်ယောက် ကလေးတွေနဲ့အတူ ရှိနေပေးဖို့ နေ့စဉ် ဦးစားပေး စဉ်းစားရပါတယ်။ သူတို့ရဲ့ မိခင်ကြီး ဂွါတာလူပေ (Guadalupe)က နယူးယောက်မှာ နေထိုင်ပြီး အခွင့်အရေးရရင်ရသလို သမီးနှစ်ယောက်နဲ့ မြေး ၃ ယောက်ဆီ လာကူလေ့ရှိပါတယ်။ ဂျန်နီဖာက 'ကျွန်မငယ်ငယ် နယူးယောက်မှာနေတုန်းက အရွယ်ရောက်ခဲ့ရပုံကို သဘောကျတယ်။ အဒေါ်တွေ၊ ဦးလေးတွေ၊ အဘိုးအဘွားတွေက အိမ်အနီးအနားတင် နေကြတယ်။ သူတို့အားလုံးက ကျွန်မတို့ကို ချစ်ခြင်းမေတ္တာ အပြည့်နဲ့ ဝိုင်းဝန်းကြည့်ရှု စောင့်ရှောက်ကြတာလေ။ ကျွန်မ သား သမီးတွေကိုလည်း အဲသလို ဖြစ်စေချင် တယ်'တဲ့။

ညီမ လင်ဒါက 'ကျွန်မတို့ အစ်မအကြီးဆုံး Leslie ဆိုတာ နယူးယောက်မှာ ရှိသေးတယ်။ ကျွန်မတို့ ညီအစ်မ ၃ ယောက်ပေါင်းမိရင် အိမ်အနီးနားပတ်ပတ်လည်က ဆူညံသွားတာပဲ။ ဂိုဏ်းအဖွဲ့ရောက်လာသလိုပဲ။ အခု ကျွန်မတို့ ကလေး ၃ ယောက်လည်း ကျွန်မတို့ ငယ်ငယ်ကလိုပဲပေါ့။ ပျော်စရာကောင်းတယ်။ အစ်မလတ် ဂျန်နီဖာက သူ့ကလေးတွေကိစ္စ ခေါင်းထဲ အမြဲထည့်ထားတယ်။ ကလေးတွေ လိုအပ်ချိန်မှာ သူ အဆင်သင့်ရှိအောင် ကြိုးစားနေတယ်။ သူက မိသားစုဝင်တွေအားလုံး အဆင်ပြေပြေဖြစ်ဖို့၊ ဘယ်လိုအခက်အခဲမဆို ပြေလည်အောင် ဖြေရှင်းပေးဖို့ အမြဲတမ်း ဂရုတစိုက်နဲ့ စောင့်ကြည့်တတ်တဲ့ သူတစ်ယောက်ပါ။ သူက သူ့အနားမှာ တစ်စုံတစ်ယောက် ရှိနေရတာကို ကျေနပ်တယ်။ မိတ်ဆွေ အပေါင်းအသင်းတွေ ဝန်းရံနေတာကို သူ နှစ်သက်တယ်'လို့ ပြောပြသွားတယ်။

ဂျန်နီဖာ လွန်ခဲ့တဲ့ ၁၂ နှစ် (စက်တင်ဘာ ၂၆ ရက်၊ ၂၀၀၂)တုန်းက သီဆိုခဲ့တဲ့ *Jenny from the Block* သီချင်းထဲကလိုပဲ ဒီကနေ့ ဒီအချိန်အထိ သူမမှာ ဘာအပြောင်းအလဲမှ မရှိ။ ဒီအကြောင်းလေးကို နောက်ဆုံးထုတ်ခဲ့တဲ့ ၈ ခုမြောက် အယ်လ်ဘမ် A.K.A မှာ *Same Girl* ဆိုတဲ့ သီချင်းကလေးဆိုပြီး ပရိသတ်ကို ပြောပြခဲ့တယ်။ ဒီသီချင်းအတွက် ဂျန်နီဖာက သူ ငယ်စဉ်ကနေခဲ့တဲ့ နယူးယောက် Castle Hill ရပ်ကွက်ကလေးထဲမှာ ကိုယ်တိုင်ပြန်သွားပြီး အိမ်နီးချင်း မိတ်ဆွေ၊ သူငယ်ချင်းတွေနဲ့ ဗီဒီယိုရိုက်ကူးခဲ့တယ်။ ခရစ္စမတ်ဟောလီးဒေးပိတ်ရက်အတွင်း နယူးယောက် Long Island မှာ ရှိတဲ့ ဂျန်နီဖာတို့အိမ်မှာ သူငယ်ချင်းတွေ စုမိ၊ ဆုံမိတုန်း မြေအောက်ရထားထဲမှာ *Same Girl* သီချင်းအတွက် ထပ်ဖြည့်ချင်တဲ့ စိတ်ကူး ပေါက်ခဲ့ပြန်တယ်။

သူမတို့နေတဲ့ Sastle Hill ဆိုတာ နယူးယောက်မြို့ရဲ့ Bronx ဆိုတဲ့ စီရင်စုအတွင်း တည်ရှိတာပါ။ အဲဒီစီရင်စုအတွင်း ပြေးဆွဲတဲ့ရထားလိုင်းက ၄၊ ၅နဲ့ ၆ တို့ ဖြစ်တယ်။ ဂျန်နီဖာတို့ရပ်ကွက်အတွင်း အဓိကပြေးဆွဲတာ နံပါတ် ၆ ရထားလိုင်းပါ။ အဲဒီ နံပါတ် ၆ ရထားက Bronx စီရင်စု Pelham Bay Park ဘူတာကနေ Manhattan စီရင်စု City Hall ဘူတာအထိ အစုန်၊ အဆန် ပြေးဆွဲနေတာပါ။ ကြိုတင်စီစဉ်ထားခြင်း မရှိဘဲ ဂျန်နီဖာနဲ့ အဲသူငယ်ချင်းတွေ မြေအောက်ရထား အမှတ် ၆ လိုင်း





www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ထဲမှာ ဗီဒီယို ရိုက်ဖြစ်သွားခဲ့ပြန်တယ်။

သူမ လက်ရှိတွဲဖြစ်နေတဲ့ ကက်စ်ပါနဲ့ ချိတ်ငြိသွားတာကလည်း ဘာဆိုဘာမှ ကြိုတင် မစဉ်းစားဖြစ်ခဲ့ပါ။ သူ့အနားမှာ သူ့ကို ဂရုစိုက်တဲ့သူတစ်ယောက်ယောက် ရှိစေချင်တဲ့ စိတ်ခံစားချက်တစ်ခုတည်းနဲ့ လက်ခံဖြစ်ခဲ့တာပါ။ ဒါပေမဲ့ ရှေ့လာမယ့် အနာဂတ်မှာ ကက်စ်ပါနဲ့ ဆက်လက်တွဲသွားဖို့ ဆိုတာကိုလည်း ကြိုတင် အစီအစဉ်ထဲမှာ မပါဝင်ခဲ့ပါ။ ဂျန်နီဖာက 'ကိစ္စ အတော်များများကို ကျွန်မက အလောသုံးဆယ် လုပ်တတ်တယ်။ တစ်ခုခု အမှားအယွင်းဖြစ်ပြီဆိုမှ အားကိုးရာ လိုက်ရှာရော'။

ပထမဆုံး ကျခဲ့တဲ့ Ojani Noa (၁၉၉၇-၁၉၉၈)နဲ့ အိမ်ထောင်ရေးအကြောင်း ဘာမှမပြောပေမဲ့ ဒုတိယ အိမ်ထောင် Chris Judd(၂၀၀၁-၂၀၀၃) ပြုစဉ်ကတော့ သူ အလောတကြီး မှားယွင်းခဲ့တယ်လို့ ဝန်ခံခဲ့ပါတယ်။ လူမည်းအဆိုတော် ရုပ်ရှင်မင်းသား Sean Combs နဲ့ လမ်းခွဲပြီး စိတ်လေနေချိန်၊ လူကောင်းကလေးတစ်ယောက် သူ့အနား ရောက်လာလို့ ဖြစ်ပျက်သွားရတာပါတဲ့။ ဒါ့အပြင် ရုပ်ရှင်မင်းသား၊ ဒါရိုက်တာ၊ ထုတ်လုပ်သူ Ben Affleck နဲ့ စေ့စပ်ကြောင်းလမ်းထားတာ ပျက်ပြီးပြီးချင်း လက်တင်အဆိုတော် Marc Anthony နဲ့ ဒိတ်ထွက်ဖြစ်ခဲ့တယ်။ ဂျန်နီဖာက ချစ်သူဟောင်း၊ ခင်ပွန်းဟောင်းတွေကြားမှာ တစ်ယောက်နဲ့ တစ်ယောက် နှိုင်းယှဉ်ပြောတာမျိုးတော့ မလုပ်ပါဘူး။


ကျွန်မက 'တစ်ယောက်တည်းနေရတာကို မကြိုက်ဘူး။ တကယ့်ကို မကြိုက်တာ။ ကိုယ့်ကိုယ်ကိုလည်း နားချလို့ မရဘူး။ ဘာကြောင့်မို့လို့ မကြိုက်ရတာတုံးဆိုတာ အဖြေရှာရမယ်။ ဘာအတွက်ကြောင့် ကျွန်မတစ်ယောက်တည်း အဆင်မပြေနိုင်တာလဲ။ အဲဒါကို ရင်ဆိုင်ကြည့်လိုက်ရင် အဆင်ပြေနိုင်မလားရှင်' လို့ မေးခွန်းထုတ်ပါတယ်။

သူ့ဘဝမှာ စိုးရိမ်ပူပန်စွာ အချိန်ယူစဉ်းစားတဲ့အရာဟာ အသက်အရွယ် အိုမင်းလာခြင်းကိုပါပဲ။ အရေးအကြောင်းတွေ ထင်းလာလို့ ချွေးပြန်စိတ်အိုက်နေတယ်ဆိုရင် ဒါ မရင့်ကျက်နိုင်သေးတာကို ပြတာပဲ။ ဖျော်ဖြေရေးလုပ်ငန်း လုပ်နေသူတွေကြားထဲ အသက်ငယ်ရွယ်၊ နုပျိုမှ ပရိသတ်လက်ခံတယ်ဆိုတဲ့ အတွေးအခေါ်မရှိတော့တာကို ဂျန်နီဖာက ကျေးဇူးတင်မိပါတယ်။ ဒီအတွေး သူမကိုယ်တိုင် ရခဲ့တာ နှစ်ပေါင်း သိပ်မကြာသေးပေ။ 'လွန်ခဲ့တဲ့ နှစ်အနည်းငယ်လောက်က အသက် ၄၀ နဲ့အထက် မင်းသမီးတွေစုပြီး မဂ္ဂဇင်းမျက်နှာဖုံး ရိုက်မယ်ဆိုပြီး အမျိုးသမီး မဂ္ဂဇင်းတစ်စောင်က စီစဉ်တယ်။ မင်းသမီး Jennifer Aniston, Halle Berry, Sandra Bullok, Julia Roberts နဲ့ ကျွန်မကို ရွေးချယ်ရိုက်ကြတယ်။ ပျော်ပျော်မနေမိဖို့ ဆိုတာ တော်တော်ခက်တဲ့အလုပ်ပဲ။ ပျော်စရာကောင်းလွန်းလို့လေ။ ကျွန်မတို့ အသိုင်းအဝိုင်းမှာက အနုပညာသည်တွေ အသက် ၂၈ နှစ် ကျော်လာရင် ဘုရား မကြိုက်တော့တဲ့အရွယ်၊ မသင့်တော်တော့တဲ့အရွယ်လို့ ယုံကြည်နေကြတာကိုး'

'ကျွန်မသမီးလေး Emme က မိတ်ကပ်ကို တော်တော် ကြိုက်တတ်နေပြီ။ ပါးပြင်ပေါ်မှာ ဆိုးရမယ့် Blushကို သူက မျက်ခွံပေါ် ဆိုးတယ်။ မျက်လုံးပေါ်ဆိုးရမယ့် Shadow ကျတော့ မျက်နှာပေါ်ဆိုးတယ်။ သူက တော်တော် အနုပညာမျက်စိ ရှိနေတာပေါ့။ ပြီးတော့ ကျွန်မရဲ့ ဖိနပ်အမြင့်တွေလည်း သူက သိပ်သဘောကျတာ။ သူ့အသက် တစ်နှစ်သမီးအရွယ်ကတည်းက ကျွန်မ Heels အမြင့်ကြီးစီးပြီး အိမ်ထဲ လမ်းလျှောက်တတ်နေတာပေါ့' လို့ သမီးလေးအကြောင်းလည်း ပြောပြပါတယ်။

'ကျွန်မအသက် ၂၈ နှစ် အရွယ်တုန်းကလိုပဲ ကျွန်မ ခံစားနေရဆဲပါ။ ကျွန်မ အရိုးတွေဘာတွေလည်း မနာကျင်သေးဘူး။ နေလို့ထိုင်လို့ ကောင်းတုန်းပဲ။ ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေ ပိုရှိလာလို့ နေရထိုင်ရ ပိုတောင် ကောင်းလာသလိုပဲ။ စိုးရိမ်မှုကတော့ ရှိသေးတာပေါ့။ ဒါပေမဲ့ ဒါကို ဘယ်လို ထိန်းသိမ်းပွဲကိုင်ရမယ်ဆိုတာ သိလာပြီလေ။ အသက် ၂၀ ကျော်ပတ်ဝန်းကျင်တုန်းကတော့ ကိုယ့်ကိုယ်ကို မသေချာခဲ့ဘူး။ အခုတော့ ဒါတွေကို ခွဲခြားထုတ်ပစ်လို့ ရသွားပြီ။ နေရာကျဉ်းကျဉ်းကလေးထဲမှာနေဖို့ မလိုတော့ဘူး။ အခုလက်ရှိအချိန်မှာ ကျွန်မကိုယ်ကျွန်မ ပြောနိုင်တာ 'ငါ ကျရှုံးခဲ့ရင်ကော ဘာဖြစ်သေးလဲ။ ငါ လဲကျရာက ပြန်ထမှာပေါ့' ဆိုတာပါပဲ'။ ■

**ရိတာအောင်၊NY၊**



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဂီတအသစ်နဲ့ ဘဝသစ် ပြန်စမယ့် Taylor Swift


ရာပြည့်

ကျေးလက်ဂီတကို ကျော်နိုင်းခဲ့ရုံသာမက ယောက်ျားလေးမိတ်ဆွေတွေနဲ့ တွဲသွားတွဲလာလုပ်တာကိုပါ စွန့်လွှတ်လိုက်ပြီး အသည်းနှလုံးမှာ ခံတပ်ဆောက်လုပ်ထားခဲ့တဲ့ ဂရမ်မီဆုများရှင် အသက် ၂၄ နှစ်အရွယ်ရှိ အဆိုတော်မလေး Taylor Swift နဲ့ တွေ့ဆုံခန်းကို Rolling Stone မဂ္ဂဇင်းရဲ့အယ်ဒီတာတစ်ဦးဖြစ်တဲ့ Josh Eells က တင်ဆက်ပေးထားတာ ဖြစ်ပါတယ်။

အသက်အရွယ် ငယ်သေးပေမဲ့ ဒဿနဆန်တဲ့အတွေးအခေါ်ရှိသူ Taylor Swift က တွေ့ဆုံခန်း အဖွင့်မှာကတည်းက အနုပညာသည်တွေ တပ်မက်ကြတဲ့ အောင်မြင်ကျော်ကြားမှုအကြောင်းကို ဒဿနဆန်ဆန် တွေးတောပြောကြားလာခဲ့တာပါ။

တစ်နေ့မှာ သူ့အိမ်ကိုရောက်လာတဲ့ မောင်ဖြစ်သူက လမ်းမှာ လူတစ်ယောက် ခေါင်းပေါ်ကို ကြောင်တစ်ကောင်တင်ပြီး လမ်းလျှောက်နေတာတွေ့ခဲ့တယ်လို့ ဆိုလာခဲ့ကြောင်း Taylor Swift က ပြန်ပြောပြပါတယ်။ ပုံနှိပ်တင်စားတာတွေကို အားသန်လေ့ရှိတဲ့ Taylor Swift ရဲ့ ပထမဆုံး တုံ့ပြန်မှုက 'ဓာတ်ပုံမရိုက်ထားလိုက်ဘူးလား' ဆိုတဲ့ မေးခွန်းပါ။ 'အဲဒီလိုမေးလိုက်မိတာနဲ့ စိတ်ထဲမှာ တွေးလိုက်မိတာက 'ဓာတ်ပုံဆိုတာ ကိုယ်ရိုက်ယူချင်တဲ့အချိန်မှာ ရိုက်ယူနိုင်ရမယ်။ ကြောင်တစ်ကောင် ခေါင်းပေါ်တင်ပြီး လမ်းလျှောက်နေတဲ့လူက ဓာတ်ပုံအရိုက်ခံချင်နေတာ' လို့ပေါ့။ ဒါပေမဲ့ တခြားအတွေးတစ်ခုကတော့ သူက ခေါင်းပေါ် ကြောင်တင်ပြီး လမ်း

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

လျှောက်ချင်တာသက်သက်ဖြစ်ရင်ရော၊ တစ်နေ့လုံး ဓာတ်ပုံအရိုက်မခံရရင်ရော' ဆိုပြီးတော့ တွေးမိပြန်ပါတယ်'လို့ Taylor Swift က ဆိုပါတယ်။

အယ်လ်ဘမ်တစ်ချပ်ကို ရောင်းအားချပ်ရေ တစ်သန်းကျော်မှ ပေးအပ်လေ့ရှိတဲ့ ပလက်တီနမ်ဓာတ်ပြား လေးချပ်အထိ ရရှိထားပြီး ဂရမ်မီဂီတဆုကြီး ခုနစ်ဆုအထိ ရရှိထားတဲ့အပြင် အနုပညာရှင် နာမည်ကြီးတွေအကြောင်း ရေးသားဖော်ပြတဲ့ အတင်းအဖျင်း သလော့ဂ်တွေပေါ်မှာ အကြိမ်ရေ သန်းတစ်ထောင်လောက် နာမည်ဖော်ပြခံထားရတဲ့ Taylor Swift လို လူတစ်ယောက်အတွက်တော့ အောင်မြင်ကျော်ကြားမှုဆိုတာ ကြောင်တစ်ကောင်ခေါင်းပေါ်တင်ပြီး လမ်းလျှောက်တာနဲ့ပါပဲ။ ဒီအကြောင်းကို Taylor Swift က တစ်နေ့ကုန် ထိုင်စဉ်းစားခဲ့ပြီး အဆုံးသတ်မှာတော့ ဒီအလုပ်ကို ကိုယ်ကိုယ်တိုင် ရွေးချယ်ခဲ့တာကြောင့် ကျေးဇူးကန်းတဲ့ အဖြစ်ကိုတော့ အရောက်မခံနိုင်ကြောင်း အဖြေရခဲ့ပါတယ်။ 'ဒါပေမဲ့ တစ်ခါတလေမှာတော့ ကိုယ့်ကို ကင်မရာနဲ့ချိန်တာ မခံယူချင်ဘူးလေ။ တစ်ယောက်ယောက်က 'ဟေး··· မိုက်တယ်ကွာ၊ ခေါင်းပေါ် ကြောင်တင်ထားတာ၊ သိပ်စိတ်ဝင်စားဖို့ကောင်းတယ်' လို့ ပြောတာမျိုးဟာ တစ်ခါတလေဆိုရင်တော့ ကောင်းတာပေါ့'လို့ Swift က ဆိုပါတယ်။

Swift ရဲ့ **Project Sparrow** လို့ အမည်ပေးထားတဲ့ ဗီဒီယိုရိုက်ကူးဖို့အတွက် ရိုက်ကွင်းရှိရာ San Fernando Valley ကိုရောက်တော့ နေ့လယ်တစ်နာရီထိုးနေပါပြီ။ ကယ်လီဖိုးနီးယားပြည်နယ် Van Nuys ခရိုင်ထဲက မည်တာမတွေ့ထားရပ်နားရာ နေရာတစ်ခုမှာ အသံခန်းစနစ်တွေ အပြည့်အစုံ ခင်းကျင်းထားပြီး အီရတ်စစ်မြေပြင်မှာ နာမည်ကြီးခဲ့တဲ့ Black water ကိုယ်ပိုင်လုံခြုံရေးတပ်ဖွဲ့လို ပုံစံမျိုးနဲ့ ကြေးစားလုံခြုံရေးအဖွဲ့တစ်ခုက အသင့်နေရာယူ စောင့်ကြပ်နေပါတယ်။ အဝင်အထွက် ကားလမ်းတွေရော၊ လေ့ကား အတက်အဆင်းတွေရော အားလုံးကိုပါ အစောင့်ချထားတာပါ။ အဲဒီနေရာက Taylor Swift ရဲ့ ဗီဒီယိုရိုက်ကွင်းပါပဲ။

၂၀၁၄ ခုနှစ်ထဲမှာ Taylor Swift ရဲ့ ရိုက်ကွင်းတွေကို စီစဉ်ရာမှာ အခုလို လျှို့ဝှက်စစ်ဆင်ရေးပုံစံမျိုးနဲ့ ပစ္စည်းအရွှေ့အပြောင်းတွေ ပြုလုပ်ခင်းကျင်းပြင်ဆင်ပုံမျိုးဟာ အထူးရေတပ်ဖွဲ့ စစ်ဆင်ရေးတွေကလွဲလို့ တွေ့ရခဲတဲ့ မြင်ကွင်းဖြစ်ပါတယ်။ **Project Sparrow** ဆိုတဲ့ လျှို့ဝှက်နာမည်ကို ဗီဒီယိုဒါရိုက်တာ Mark Romanek က ပေးခဲ့တာပါ။ အဲဒီမတိုင်ခင်မှာ Project Cardinal ဆိုတာလည်း ရှိပါသေးတယ်။ Project Cardinal က Swift ရဲ့ ဗီဒီယိုမှာ ပရိသတ်အဖြစ် ပါဝင်လိုတဲ့သူတွေကို လူမှုကွန်ရက်တွေကတစ်ဆင့် ဖိတ်ခေါ်ပြီး ရွေးချယ်ခေါ်ယူတဲ့ အစီအစဉ်ပေါ့။ ဒီလိုရွေးချယ်တာကို သီတင်းပတ်အတော်ကြာ လုပ်ခဲ့ရပါတယ်။ ဓာတ်ပုံနဲ့တကွ လျှောက်ထားလာတဲ့ မိန်းကလေးတစ်ယောက်ယောက်ကို ပယ်လိုက်ပြီဆိုတာနဲ့ အဲဒီမိန်းကလေးရဲ့ အမည်စာရင်းကို မလိုလားတဲ့သူတွေ အမည်စာရင်းမှာ တစ်ခါတည်း ထည့်ထားလိုက်တာပါ။ (Swift နဲ့အတူ သီချင်းအတော်များများ တွဲဖက်ရေးသားပေးခဲ့တဲ့ တေးရေးဆရာ Jack Antonoff က Swift အတွက် သီချင်းတွေကို သူ့ရဲ့ ကွန်ပျူတာထဲမှာ သိမ်းထားရတာဟာ ရုရှားတွေရဲ့ လျှို့ဝှက်ချက်ကို သိမ်းထားရသလိုမျိုး တော်တော်လေး ကြောက်စရာကောင်းကြောင်း ပြောပြခဲ့ပါတယ်။)

အဲဒီအချိန်မှာ Swift ကတော့ အဝတ်လဲခန်းထဲမှာ မိတ်ကပ်ပြင်တဲ့ ကုလားထိုင်ပေါ်မှာ ထိုင်ပြီး မျက်တောင်တုတပ်နေလေရဲ့။ အနက်ရောင် မီနီစကပ် ခပ်ကျပ်ကျပ်နဲ့ အပေါ်အင်္ကျီက ကြောင်ရုပ်ကာတွန်းပုံလေးတွေ ခွဲထားတဲ့ ပန်းရောင်အင်္ကျီလေး ဝတ်ထားတယ်။ လှိုင်းထနေတဲ့ ရွှေရောင်ဆံပင်တွေကိုတော့ နောက်ဘက်မှာစုပြီး ဆံညှပ်နဲ့ ညှပ်ထားပါတယ်။ သူ့အရပ်က ၅ ပေ ၁၀ လက်မဆိုပေမဲ့ ရှိတာထက်ကို ပိုရှည်သယောင် ဖြစ်စေတာက မုန့်ကြိုးလိမ်လို ချိတ်ထားတဲ့ ခြေတံရှည်နှစ်ချောင်းကြောင့်ပါပဲ။

ရိုက်ကူးမယ့် ဗီဒီယိုက မကြာခင်မှာ Swift ရဲ့ အရောင်းဖယားနံပါတ် 'တစ်'ရ ဆင်ဂဲလ်သီချင်း ဖြစ်လာမယ့် *Shake It Off* ပဲ ဖြစ်ပါတယ်။ ဒီသီချင်းကို ဒီနှစ်နွေရာသီနှောင်းပိုင်းမှာ ကျင်းပမယ့် VMA ဆုပေးပွဲမှာ ပထမဆုံး တင်ဆက်ဖျော်ဖြေဖို့ ရှိပါတယ်။ ဒါပေမဲ့ အခုအချိန်မှာတော့ အခန်းအပြင်ဘက်က လက်တစ်ဆုပ်စာ လူတစ်စုသာ *Shake It Off* ကို သိကြသေးတာပါ။ ဒီမှာက သတင်းခိုးယူမယ့် သူလျှိုတွေနဲ့ အသံဖမ်းစက်တွေကို ကြောက်ရတယ်လေ။ လူတွေသိအောင်ပြောလို့ ကောင်းတာမျိုးမဟုတ်ပေမဲ့ အဲဒီလို အသံခိုးဖမ်းတာမျိုးကို ကြောက်တဲ့အကြောင်း Swift က ပြောပြခဲ့ပါတယ်။ အနုပညာသည်တွေရဲ့ အတင်းအဖျင်းတွေကို ရေးသားဖော်ပြလေ့ရှိတဲ့ TMZ လို သတင်းဌာနက တံခါးပေါက်စောင့်တဲ့လူကို ငွေပေးပြီး လျှို့ဝှက် အသံဖမ်းခိုင်းတာမျိုးတွေကိုလည်း ကြောက်ရကြောင်း Swift က ဆိုပါတယ်။ 'ကိုယ်နားမလည်တဲ့ နည်းပညာတွေအကြောင်း လျှောက်တွေးနေတာကိုလည်း ရပ်ပစ်ဖို့ ကိုယ့်ကိုယ်ကို ပြန်သတိထားနေရတယ်'လို့ Swift က ပြောပြပါတယ်။

လျှို့ဝှက်အသံဖမ်းပြီး အကောက်ကြံခံရမှာကို ဘယ်လောက်တောင် ကြောက်ရွံ့နေတယ်ဆိုတာ စဉ်းစားနေပုံရတဲ့ Swift က ခဏလောက် တွေတွေငေးငေး ဖြစ်သွားပြီးမှ 'အသံချဲ့စက်တွေလိုပေါ့'လို့ စကားဆက်လာပါတယ်။ 'အသံချဲ့စက်တွေက အသံကို ထုတ်ပေးတာဆိုတော့ သူတို့က အသံကို လက်ခံယူလို့ မရဘူးလား၊ အထွက်ပဲရှိပြီး အဝင်မရှိတာလား'လို့ မေးလာပြန်



www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။ တစ်ဆက်တည်းမှာပဲ လက်ထဲက လက်ကိုင်ဖုန်းကိုပြရင်း 'လက်ထဲက ဖုန်းကို အသံနဲ့ ဖွင့်လိုက်လို့ရတယ် မဟုတ်လား။ တကယ်တော့ ကျွန်မတို့ ဘာကိုမှသိတာ မဟုတ်ဘူးနော်' လို့ ဆိုလာပြန်ပါတယ်။

Swift က သူဟာ ဘယ်တော့မှ လုံခြုံတယ်လို့ မခံစားရကြောင်း၊ အထူးသဖြင့် ကိုယ်ရေးကိုယ်တာနဲ့ ဝတ်သက်လာရင် ပိုပြီး မလုံခြုံကြောင်းလည်း ပြောပြပါတယ်။ 'အပြင်လောကကို အသိမပေးစေချင်တဲ့ ကိုယ့်အကြောင်းတွေကို ရွေးပေးဖို့ လူတစ်ယောက် အလုပ်ခန့်ထားရတယ်' လို့ Swift က ဆိုပါတယ်။ သူတို့က ကိုယ့်ရဲ့အလုပ်ကို ကြည့်တယ်။ ပြီးတော့ ကိုယ်က ဘာကို ဦးစားပေးသလဲ ကြည့်တယ်။ ပြီးရင် ဘယ်လိုအချက်အလက်မျိုးကတော့ သတင်းထုတ်ပြန်သင့်တယ်၊ ဘယ်လိုဟာမျိုးကတော့ ကိုယ့်ကို ထိခိုက်နစ်နာစေတယ်ဆိုတာမျိုး ရွေးပေးတာလေ။ ဓာတ်ပုံအရိုက်ခံတဲ့အခါ အဝတ်အစားမလဲတာမျိုးပေါ့။ ဒီလိုဆိုတော့ ကျွန်မ အဝတ်လဲနေတဲ့ ဗီဒီယိုတစ်ခုဟာ ဘယ်လောက် တန်ဖိုးကြီးသွားသလဲလို့ တွေးပူလာမိတာ။ အဝတ်လဲခန်းနဲ့ ကိုယ်လက်သန့်စင်ခန်းတွေမှာ ကင်မရာတွေ လျှို့ဝှက်တပ်ဆင်ထားတာ ရှိ၊ မရှိ ရှာရတာကို စိတ်ပျက်မိပါတယ်။ ကိုယ့်အခန်းထဲမှာတောင် ပြတင်းပေါက် ဖွင့်ထားရင် အကျီချွတ်နဲ့ လမ်းမလျှောက်ပုံအောင်ပါဘဲ။ အဲဒီ ဗီဒီယိုသာ ရသွားရင် ကြေးကြီးမှာလေ' လို့ Swift က ပြောပြပါတယ်။

DEFCON 3 Level လို့ခေါ်တဲ့ သာမန်ထက်ပိုပြီး တုံ့ပြန်ဖို့ အသင့်ရှိတဲ့ လုံခြုံရေးအဆင့် ချမှတ်ထားတာတောင်မှ Swift ဟာ သူ့အတွက် လွတ်လပ်တယ်လို့ မခံစားရပါဘူး။ Swift က *1989* လို့ အမည်ပေးထားတဲ့ အယ်လ်ဘမ်တစ်ချပ်ကို အောက်တိုဘာလအတွင်းမှာ ထုတ်ဝေဖို့အတွက် စိတ်တွေလှုပ်ရှားနေလို့ပါ။ ဒီအယ်လ်ဘမ်အစ်က သူ့ကို ပေါ့ပ်ဂီတနှစ်သက်တဲ့ ကျေးလက်ဂီတအဆိုတော် ဘဝကနေ ပေါ့ပ်စတားတစ်ယောက်အဖြစ် အသွင်ကူးပြောင်းမှုကို အချက်ပေး ပြသမယ့် အယ်လ်ဘမ်ဖြစ်နေလို့ပါပဲ။ Swift ဟာ မကြာသေးခင်ကမှ နယူးယောက်မြို့မှာ ဧိမ်ခံနေအိမ်တိုက်ခန်းတစ်ခု ဝယ်ယူခဲ့တာပါ။ အတင်းအဖျင်း စာစောင်တွေမှာ ရေးသားဖော်ပြသလို ချစ်သူနဲ့ ချိန်းတွေ့ဖို့ မဟုတ်ပါဘူး။ Swift ဟာ ယောကျ်ားလေးမိတ်ဆွေတွေနဲ့ တွဲသွားတွဲလာတာတို့၊ ဖက်ယမ်းနမ်းရှုပ်တာတို့၊ တယ်လီဖုန်းကနေ စာရိုက်ပြီး ချစ်တင်းနှောတာတို့ မလုပ်တတ်ပါဘူး။ Swift ဟာ တစ်ကိုယ်တည်း အပျိုကြီးဖြစ်ပြီး အဲဒီလိုနေရတာကိုပဲ သဘောကျနေသူ ဖြစ်ပါတယ်။

'လက်ရှိဘဝကို တော်တော် နှစ်သက်နေမိတယ်' လို့ Swift က ဆိုပါတယ်။ 'အနားမှာ မိတ်ဆွေအပေါင်းအသင်းတွေ အချိန်ပြည့်ရှိတယ်။ ပန်းချီကားတွေလည်း စိတ်ကြိုက်ပုံဆွဲလာနိုင်ပြီ။ အလုပ်တွေလည်း အများကြီး လုပ်နေခဲ့ရတာ။ ဒီလိုလုပ်နိုင်တဲ့အတွက် ဂုဏ်ယူတတ်စ ပြုလာပြီ။ ကိုယ့်အယ်လ်ဘမ်ကိုလည်း ကိုယ်ကိုယ်တိုင် အားရတယ်။ နယူးယောက်ကို ပြောင်းလာမိခဲ့တာကိုလည်း ဘဝင်ကျမိတယ်။ ပျော်ရွှင်ခြင်းဆိုတဲ့ စကားလုံးနဲ့ ဒီလောက်နီးနီးကပ်ကပ် တစ်ခါမှ မရှိခဲ့ဖူးပါဘူး' လို့ Taylor Swift က ပြောပြခဲ့ပါတယ်။ အဲဒါက ပျော်ရွှင်ခြင်းနဲ့ အတူတူဖြစ်ဖို့ လိုမယ်တော့ မဟုတ်ဘူးပေါ့။

Taylor Swift ရဲ့ နယူးယောက်က နေအိမ်တိုက်ခန်းကို ဝင်ရောက်ရာ လမ်းတစ်ခုမှာ နယူးယောက် ရဲ့အရာရှိဟောင်း Jimmy ဆိုတဲ့လူက အမြဲလိုစောင့်ကြပ်ပေးပါတယ်။ ဧည့်သည်တွေနဲ့ တခြားအခန်းရှင်တွေ အဝင်အထွက်မှာလည်း Jimmy ကပဲ တံခါးအဖွင့်အပိတ်လုပ်ပေးပါတယ်။ နယူးယောက်မြို့၊ မန်ဟက်တန် အောက်အရပ်က Tribeca လို့ခေါ်တဲ့ Canal Street လမ်းမကြီးကပ်လျက် ကြိုဂံဒေသလေးဟာ နယူးယောက်ရဲ့ အထင်ကရ နေရာလေးတစ်ခုဖြစ်ပြီး အဲဒီနေရာက နေအိမ်တိုက်ခန်းကို ဂဏန်းခုနစ်လုံးလောက်အထိ ပေးဝယ်ထားခဲ့တဲ့ ရုပ်ရှင်ဓာတ်ကား ထုတ်လုပ်သူ၊ ဒါရိုက်တာ Steve[n] Soderbergh နဲ့ မင်းသား Orlando Bloom တို့အတွက် အစောင့်ချထားတဲ့ အဝင်အထွက်တံခါးပေါက်က စိတ်ပျက်စရာဖြစ်ပေမဲ့ တိုက်ခန်းရဲ့ အပေါ်ဆုံးထပ်မှာ ကမ္ဘာပေါ်မှာ အကျော်ကြားဆုံးပေါ့ပ်စတားတွေထဲက တစ်ယောက်ဖြစ်တဲ့ အသက် ၂၄ နှစ်အရွယ်ရှိ အဆိုတော်မလေး နေ နေတယ်ဆိုတာကတော့ တကယ့်အဖြစ်မှန်တစ်ရပ်ပါပဲ။ 'အခု တော့ အိမ်နီးနားချင်း အများစုက တွဲတွဲပြားပြား သိလာကြပါပြီ' လို့ Jimmy က သူ့နောက်တံခါးကို သော့ခတ်ရင်း ပြောပြပါတယ်။ ဒီနေ့တော့ Jimmy အတွက် နေ့ကောင်းရက်သာပါ။ ပျက်နေတဲ့ ဓာတ်လှေကားက ပြန်ကောင်းနေလို့လေ။

အပေါ်ဆုံးထပ် အခန်းပေါက် ရောက်တော့ အပြာရောင်ဝတ်စုံ ဝတ် ထားပြီး ခြေဗလာနဲ့ ထွက်လာတဲ့ Taylor Swift က ဆီးကြို နှုတ်ခွန်းဆက် လာပါတယ်။ မီးဖိုဆောင်ထဲမှာ Sm[...] လို့ခေါ်တဲ့ မြို့ထဲက ကိတ်မုန့်ဆိုင်က ကိတ်မုန့်တွေ တွေ့ခဲ့ရပြီး ရေခဲသေတ္တာ ထဲမှာတော့ အချိုရည်မျိုးစုံကို အံ့သြစရာ တွေ့ရပါတယ်။

Swift က ရေခဲသေတ္တာ ပြန်ပိတ်ရင်း လျှောက်ကြည့်ဦးမလားဆိုပြီး ဧည့် ခန်းထဲ ဝင်သွားကာ ငါးမွေးကန် ထည့်ထားတဲ့ ဘော့စ်ဘောလ်ဘော အဟောင်းတွေနဲ့ အနံ့ပါတဲ့ ဖယောင်း တိုင်တွေကို ပြပါတယ်။ ပြီးတဲ့နောက် သူ့ရဲ့ စန္ဒရားနဲ့ ကြောင်မွေးတွေ အ ရှိနေတတ်တယ်လို့ဆိုတဲ့ စားပွဲလေး လုံးကိုလည်း ပြပါတယ်။

Swift က ဒီတိုက်ခန်းကို လွန်ခဲ့ ခြောက်လလောက်က ဝယ်ယူခဲ့ ဒေါ်လာ ၁၅ သန်းလောက် ရ


www.burmeseclassic.com

www.burmeseclassic.com

သို့ သိကြရပါတယ် (တိုက်ခန်းနဲ့ မျက်နှာချင်းဆိုင်လောက်က အဆောင်တစ်ခုကိုလည်း သူ့ရဲ့ လုံခြုံရေးအဖွဲ့တွေ နေဖို့အတွက် ဒေါ်လာ ငါးသန်းပေး ဝယ်ယူခဲ့တယ်လို့ သိရပါတယ်။)။ ဒီအခန်းကို အရင်က ရုပ်ရှင်ဒါရိုက်တာ Peter Jackson က ပိုင်တာပါ။ Peter Jackson ရဲ့မိတ်ဆွေ ရုပ်ရှင်သရုပ်ဆောင်တစ်ယောက်နေတဲ့ အခန်းပါ။ (McKellen ဟာ ဒါရိုက်တာ Peter Jackson ရဲ့ Hobbit ဇာတ်ကားတစ်ကားဖြစ်တဲ့ Lord of the Rings ဇာတ်ကားမှာ Gandalf ဆိုတဲ့ ဇာတ်ရုပ်နဲ့ ပါဝင်သရုပ်ဆောင်ခဲ့သူ ဗြိတိသျှမင်းသားကြီးတစ်လက် ဖြစ်ပါတယ်။)။ 'Sir Ian McKellen တဲ့' လို့ Swift က ခပ်ဖြည်းဖြည်း ပြောပါတယ်။ 'Gandalf တစ်ခါဖြစ်ဖူးရုံနဲ့ Peter Jackson ရဲ့ အိမ်မှာနေလို့ရပြီ ထင်တယ်' လို့လည်း Swift က ပြောပါတယ်။

ဧည့်သည်အိပ်ခန်း လေးခန်းထဲက တစ်ခန်းကိုလည်း Swift က လိုက်ပြပါသေးတယ်။ 'ဒီအခန်းက Karlie လာရင် တည်းနေကျအခန်းလေ' လို့လည်း သူက ဆိုပါတယ်။ Karlie ဆိုတာက သူ့ရဲ့ ထာဝရမိတ်ဆွေကောင်းတွေထဲက အသစ်တစ်ယောက်ဖြစ်တဲ့ စူပါမော်ဒယ်လ် Karlie Kloss ကို ပြောတာပါ (ကိုယ့်ရဲ့ ထာဝရအကောင်းဆုံး မိတ်ဆွေတွေကို BFF (Best Friends Forever) လို့ အတိုကောက် ရေးကြ၊ ပြောကြပါတယ်။)။ Karlie ကို လွန်ခဲ့တဲ့ ကိုးလလောက်က Victoria's Secret ဖက်ရှင်ပွဲမှာ ဆုံတွေ့ဖြစ်ခဲ့တာပါ။ ခုတင်ဘေးမှာ Karlie အကြိုက် Whole Foods Market က ထုတ်တဲ့ မုန့်မျိုးစုံတွေ ရတဲ့ ခြင်း နံရံပေါ်မှာတော့ Swift ရဲ့ ပုံတွေ ထားပါတယ်။ မျက်နှာချင်းဆိုင် နံရံမှာတော့ ညဝတ်အင်္ကျီ အဖြူရောင်တွေ ... ခင်နဲ့အပြည့် ... တွေ့ကြရတယ်။ 'Lena နဲ့ ကျွန်မမှာ ရှိသမျှပဲ' လို့ Swift က ပြောပြပြန်ပါတယ်။ Lena ဆိုတာက ကြာသေးခင်ကမှ သိကျွမ်းခဲ့ရတဲ့ မိန်းကလေးမိတ်ဆွေ Lena Dunham ကို ဆိုလိုတာပါ။

Swift နဲ့ Dunham တို့ ၂၀၁၂ ခုနှစ်အတွင်း စတင်သိကျွမ်းခဲ့ကြတာပါ။ Swift က Dunham ပါဝင်သရုပ်ဆောင်ထားတဲ့ **Girls** အမည်ရ ဇာတ်ကားကို ကြည့်အပြီးမှာ အတော်လေး သဘောကျနေတာပါ (Dunham က ဟာသသရုပ်ဆောင်လည်း ဖြစ်သလို၊ ကိုယ်တိုင်ဇာတ်ညွှန်းရေးသား ရိုက်ကူးထုတ်လုပ်သူလည်း ဖြစ်ပါတယ်။)။ Dunham ရဲ့ Twitter စာမျက်နှာကို Swift က ဝင်လိုက်တဲ့အခါ တိုက်တိုက်ဆိုင်ဆိုင်ပဲ Dunham က သူ့ကို ချီးမွမ်းခန်းဖွင့်ရေးထားတာကို Swift က မြင်တွေ့ခဲ့ရပါတယ်။ 'မှန်းဆရခက်တဲ့ Dunham ကို ကြောက်ကြောက်နဲ့ပဲ သူ့ Twitter Account မှာ ဝင်ပြီး မိတ်ဖွဲ့လိုက်တယ်။ ငါးမိနစ်လောက်အတွင်းမှာ Dunham ဆီက တိုက်ရိုက် အကြောင်းပြန်လာခဲ့တာ။ ဖုန်းထဲမှာတောင် သိမ်းထားမိသေးလား မသိဘူး' လို့ Swift က ပြောပြောဆိုဆိုနဲ့ ဖုန်းမျက်နှာပြင်ပေါ်မှာ လိုက်ရှာနေပါတယ်။ ဖုန်းထဲမှာ တကယ်ရှိနေသေးတာပါ။ Dunham ရဲ့ အကြောင်းပြန်စာက 'မင်းနဲ့ မိတ်ဆွေဖြစ်ရတဲ့အတွက် သိပ်ပြီး စိတ်လှုပ်ရှားမိပါတယ်။ မိတ်ဆွေဆိုတဲ့ရှေ့မှာ 'အကောင်းဆုံး' ဆိုတဲ့ နာမဝိသေသနလေးကိုလည်း ထည့်လိုက်တယ်နော်' လို့ Dunham က ရေးထားတာကို Swift က ပြန်ဖတ်ပြပါတယ်။ Dunham က သူ့ရဲ့ ပွဲတွေကို ကြိုက်တယ်ဆိုလို့ ပီတိဖြစ်ရပြီး လူချင်း အမြန်ဆုံတွေ့ချင်ကြောင်းလည်း ရေးသားဖော်ပြခဲ့တာပါ။



အသက်နှစ်ဆယ်တွင်းမှာ နယူးယောက်ကို ပြောင်းရွှေ့ အခြေစိုက်လာခဲ့တဲ့ Swift က Dunham ရဲ့ **Girls**



www.burmeseclassic.com

www.burmeseclassic.com

အမည်ရ ဇာတ်ကားဟာ သူ့ရဲ့ Sex **and the City** ဇာတ်ကားလို ဖြစ်ကြောင်း ပြောကြားခဲ့ပြီး သူငယ်ချင်းတွေ အားလုံးကို အဲဒီဇာတ်ကားထဲက ဇာတ်ကောင်နာမည်တွေဖြစ်တဲ့ Shoshanna, Jessa, Marnie, Hannah စသဖြင့် ခေါ်ဝေါ်မယ်လို့လည်း ဆိုပါတယ်။ သူ့ကိုယ်သူရော ဘာနာမည်ပေးမလဲဆိုတာ Swift က ခဏလောက် စဉ်းစားပြီး 'ကျွန်မက Shoshanna ပေါ့' လို့ ပြောခဲ့ပါတယ်။

'Shoshanna က စိတ်လှုပ်ရှားတတ်တယ်၊ မိန်းကလေးဆန်တယ်။ တစ်နေရာရာမှာ တအားကို အဆင်ပြေနေတာပေမဲ့ အဲဒီကနေထွက်ပြီး တခြားမှာ အတွေ့အကြုံသစ် ရှာတတ်သူဖြစ်တယ်။ အခုလို သူ့ကိုယ်သူ ပိုပြီးတော့ သေချာတဲ့ ဘဝတစ်ခုဆီ ဦးတည်လျှောက်လှမ်းနေပြီ။ ကျွန်မနဲ့ ဆက်စပ်လို့ရတဲ့ လမ်းမျိုးပေါ့။ မူးယစ်ဆေးဝါးကို ပါတီပွဲတွေမှာတောင် ကျွန်မက ယောင်လို့တောင်မှ မသုံးဖူးသလို Brooklyn လမ်းမတွေပေါ်မှာ ဘောင်းဘီမပါဘဲ လျှောက်မပြေးဖူးဘဲနဲ့လေ' လို့ Swift က သူ့ကိုယ်သူ Shoshanna နဲ့ နှိုင်းယှဉ် ပြောပြခဲ့ပါတယ်။ (Dunham ကတော့ Swift ကို Shoshanna ထက် Hannah နဲ့ ပိုတူတယ်လို့ ဆိုပါတယ်။ ဒါမှမဟုတ်ရင် Marnie နဲ့တူတယ်လို့လည်း ပြောပါတယ်။)

အပေါ်ထပ်က သူ့ရဲ့ အိပ်ခန်းကိုလည်း Swift က လိုက်ပြပါသေးတယ်။ သူ့ရဲ့ ခုတင်တိုင်လေးတိုင်စိုက် ခုတင်ကျယ်ကြီးမှာ အဖြူရောင် အမွေးပွပွလုံးလုံးနဲ့ နှစ်လသားအရွယ် Olivia လို့ ခေါ်တဲ့ ကြောင်လေးတစ်ကောင် အိပ်နေလေရဲ့။ Swift က 'Olivia' လို့ လှမ်းခေါ်လိုက်တော့ ကိုယ်ပေါ်တက်ပြီး ပွတ်သီးပွတ်သပ် လုပ်နေတော့တယ်။ Olivia ဆိုတဲ့ နာမည်က **Law & Order: Special Victims Unit** ဇာတ်ကားထဲက Olivia Benson ရဲ့ နာမည်ကို ယူထားတာလေ။ 'ကြည့်စမ်းပါဦး၊ သူ

> ဒီက
> သတင်း
> ဓာတ်ပုံသမားတွေက
> လူ့ကို
> လာမဆွဘူး
> ကိုးရိုးကားရား
> မေးခွန်းတွေ
> မမေးဘူး
> သူတို့
> အတော်များများမှာတော့
> မှန်ဘီလူးပြောင်း
> အရှည်ကြီးတွေ
> ပါတဲ့
> ကင်မရာတွေ
> ကိုင်ထားတာ
> ကိုယ့်ဘဝထဲမှာ
> ပါပါရာဇီ
> သတင်းမှုဆိုးတွေများ
> ရှိလာမယ်
> ဆိုရင်တော့
> ဒါက
> ပိုကောင်းတဲ့
> နည်းလမ်းပေပဲ

ဘယ်လောက် အသံကျယ်ကျယ် အော်နိုင်တယ်ဆိုတာကို' လို့ Swift က ဆိုပါတယ်။ အောက်ထပ် တစ်နေရာမှာတော့ Meredith လို့ခေါ်တဲ့ နောက်ထပ် ကြောင်တစ်ကောင် ရှိပါသေးတယ်။ ဒီနာမည်ကလည်း **Grey's Anatomy** ဇာတ်ကားထဲက Meredith Grey ဆိုတဲ့ ဇာတ်ကောင်နာမည်ပါ။ 'သန်မာပြီး ကြောင့်ကြတတ်ပေမဲ့ လွတ်လပ်တဲ့ အမျိုးသမီးဇာတ်ရုပ်တွေပဲ။ ဒါက အနှစ်သာရပဲလေ' လို့ Swift က သူ့ကြောင်တွေ နာမည်ယူထားတဲ့ ဇာတ်ရုပ်တွေအကြောင်း ပြောပြပါတယ်။

Swift က ကပြင်လေးတစ်ခုပေါ်မှာ လှမ်းကောက်လိုက်ပြီး အဲဒီကနေ လေကားတစ်ခုကတစ်ဆင့် အမိုးပေါ် ရောက်သွားပါရော။ 'ဖြည်းဖြည်းတက်' လို့ Swift က သတိပေးလာပါသေးတယ်။ အဆောက်အဦ ခေါင်မိုးပေါ်ကနေ ကြည့်တော့ မိုးမျှော်တိုက်တွေက အနားမှာ ဝိုင်းနေလိုက်တာ တောအုပ်လေးတစ်ခုကျနေတာပဲ။ Freedom Tower ဆိုရင်လည်း လက်နဲ့တောင် လှမ်းကိုင်လို့ ရမတတ် နီးကပ်နေပါတော့တယ်။ Swift က ပန်းခင်းတွေဘက် လက်ညှိုးထိုးယမ်းပြပြီး 'ဒီဘက်က ကုံကော်ပင်၊ ဟိုဘက်က နှင်းဆီတွေ၊ ပင်စိမ်းနဲ့ ရိုစ်မာရီ ပန်းပင်တွေလေ' လို့ ဆိုပါတယ်။ လှေကားကနေ အောက်ကို ပြန်ဆင်းလာရင်း CALADIUM SEGUINUM လို့ လက်တင်ဘာသာနဲ့ စာတန်းရေးထိုးထားတဲ့ မီးအိမ်လေးနားက ဖြတ်လာပါတယ်။ Swift က အထက်တန်းကျောင်းမှာ လက်တင်ဘာသာ သင်ခဲ့ရတာလေ ဒါပေမဲ့ အဲဒီစာတန်းရဲ့ အဓိပ္ပာယ်ကို သေသေချာချာတော့ မသိဘူးလို့ သူက ဆိုပါတယ်။

Swift ဟာ နယူးယောက်ကို ပြောင်းလာခဲ့ဖို့ရာ ကြောက်နေခဲ့တာ နှစ် အတော် ကြာခဲ့ပါတယ်။ 'စိုးရိမ်စိတ် တွေများပြီး မယုံမရဲ ဖြစ်နေတာမို့ ကြာ သွားတာ' လို့ သူက ဆိုပါတယ်။ အခု တော့ နယူးယောက်ကို ရောက်နေပါပြီ။ နယူးယောက်ကိုလည်း ချစ်တတ်ပါပြီ။ လမ်းလျှောက်ဆင်းရင်း ညနေစာစား ရသလို၊ Brooklyn မှာ သူငယ်ချင်းတွေ နဲ့အတူ အိမ်ထောင်ပရိဘောဂတွေ သွား ဝယ်လို့လည်း ရတယ်လေ။ သတင်း ဓာတ်ပုံသမားတွေကအစ နယူးယောက် မှာ ပိုကောင်းနေသေးရဲ့။ 'ဒီကသတင်း ဓာတ်ပုံသမားတွေက လူကို လာမဆွ ဘူး။ ကိုးရိုးကားရားမေးခွန်းတွေ မမေး ဘူး။ သူတို့ အတော်များများမှာတော့ မှန်ဘီလူးပြောင်းအရှည်ကြီး တွေပါတဲ့ ကင်မရာတွေကိုင်ထားတာ။ ကိုယ့်ဘဝ ထဲမှာ ပါပါရာဇီသတင်းမှုဆိုးတွေ ရှိလာမယ်ဆိုရင်တော့ ဒါက ပိုကောင်း



www.burmeseclassic.com

www.burmeseclassic.com

တဲ့ နည်းလမ်းပေပဲ'လို့ Swiftက ဆိုပါတယ်။ နယူးယောက်မှာ နေရတာ သဘောကျလွန်းလို့ သူငယ်ချင်းတွေကို အောင် ပြောင်းလာဖို့ Swiftက ကြိုးပမ်းနေပါတယ်။ သူငယ်ချင်းတစ်ယောက်ဖြစ်တဲ့ အဆိုတော် Selena Gomez ကိုလည်း ဒီ ပြောင်းလာစေချင်တာ။ 'ဆယ်လီနာစီမံကိန်းပေါ့။ ဒါကို အောင်မြင်အောင် လုပ်နိုင်မှာပါ'လို့ Swiftက ပြောကြားခဲ့ပါတယ်။

ညည့် ခန်းထဲ ပြန်ရောက်တော့ ဆက်တီခုံရှည်မှာ ဝင်ထိုင်ပြီး၊ Muffin ကိတ်မုန့်စားရင်းနဲ့ Swiftက သူ့ရဲ့ ဇူလိုင် ၄ ရက်နေ့ ပါတီပွဲအကြောင်း ပြောပြပါတယ် (ဇူလိုင် ၄ ရက်နေ့ဟာ အမေရိကန်လွတ်လပ်ရေးနေ့ ဖြစ်ပါတယ်။)။ Swiftက သူငယ်ချင်းတစ်စုကို သူ ပိုင်တဲ့ Rhode Island ကျွန်းက နေအိမ်ဆီ ဖိတ်ခဲ့တာပါ။ အဲဒီမှာ Watch Hill ဆိုတဲ့ ရပ်ကွက်လေးရှိတယ်။ မိုးတွေက တစ်နေကုန် ရွာနေတာ။ Swiftရဲ့ သူငယ်ချင်း Jaime King က ရေလွှာလျှောစီးသလိုစီးတဲ့ Slip'N Slide ပလတ်စတစ်ဘုတ်ချခဲ့ပြီး တစ်ခုနဲ့တစ်ခုဆက်ကာ မိုးရေထဲလျှောစီးရဖို့ အကြံပြုခဲ့ပါတယ်။ မိုးရေထဲမှာတောင် လျှောက သိပ်အလုပ်ဖြစ်တော့ သံလွင်ဆီတွေ ဘူးလိုက်ယူပြီး ကိုယ်ပေါ်လောင်းချလိုက်တော့မှ အရှုရာယ်ဖြစ်လောက်အောင်ကို လျှောသွားတော့တယ်လို့ Swift က ဆိုပါတယ်။ အဲဒီနောက် ကမ်းခြေကို ရောက်သွားကြပြန်ရော။ အဲဒီမှာက Taylor Swiftဆိုတာကို မသိတဲ့လူတွေပဲ ရှိတာလေ (သူတို့ သွားခဲ့ပြီးနောက်မှာ ကိုတယ်အခန်းခတွေ နှစ်ဆ ဈေးတက်သွားခဲ့တယ်လို့ Swift က ပြောပြပါတယ်။)။ သူတို့သွားတဲ့နေ့က မိုးတွေရွာနေလို့ လူ မရှိဘူး ဖြစ်နေတာ။ အဲဒီညက Swiftတို့ သူငယ်ချင်းတစ်သိုက် ကိုယ်တိုင်ချက်ပြုတ်စားကြတာ Swiftက လူတိုင်းကို အလုပ်ခွဲပေးတယ်လေ။ ဟင်းချက်သင်၊ ပန်းသီးလှီး စသဖြင့်ပေါ့။

အားလုံးပြီးတော့ Celebrity လို့ ခေါ်တဲ့ ဂိမ်းတစ်မျိုး ကစားကြတယ်။ ကစားပုံက နာမည်ကျော် အနုပညာရှင်တွေရဲ့ နာမည်ကို လူတိုင်းက စာရွက်တစ်ရွက်စီရေးပြီး ဦးထုပ်ထဲထည့်ထားရတယ်။ အသင်းနှစ်သင်းခွဲပြီး ဦးထုပ်ထဲက မဲစာရွက်ကို တစ်လှည့်စီနှိုက်ရတယ်။ ကိုယ် နှိုက်လို့ရတဲ့ အနုပညာရှင်နာမည်ကို ကိုယ့်ရဲ့အသင်းက ဖော်ပေးရမှာ။ မဲစာရွက်နှိုက်ထားသူက အဖြေကို သိထားပေမဲ့ အဓိပ္ပာယ်ကောက်လို့ရအောင် သဲလွန်စပေးပြီး မေးရတာလေ။ အဲဒီမှာ တစ်ယောက်က စာရွက်ပေါ်မှာ နာမည်တွေ အများကြီး ရေးထားလို့ ပွည်ပွည်ဖြစ်ကြရရော။ သဲလွန်စပေးကြရာမှာ 'မင်းနဲ့ ၂၀၁၀ ပြည့်နှစ်တုန်းက တွဲခဲ့တဲ့သူလေ'စတာမျိုးလည်း ပါတယ်လို့ Swift က ပြောပြပါတယ်။ ပွည်ပွည်ဖြစ်ကြပေမဲ့ နောက်ဆုံးတော့ အားလုံး ကျေကျေနပ်နပ်နဲ့ အဆုံးသတ်ခဲ့ကြရတယ်။ နိုင်ရဲ့လားလို့မေးတော့ Swift က ခပ်ပြုံးပြုံးနဲ့ 'တို့အသင်းပဲ နိုင်တာပေါ့'လို့ ဆိုပါတယ်။

Rhode Island က အိမ်ကို ၂၀၁၃ ခုနှစ်၊ ဧပြီလလောက်မှာ ဒေါ်လာ ၁၇ သန်းပေးပြီး Swiftက ဝယ်ယူခဲ့တာပါ။ Standard Oil ရေနံကုမ္ပဏီပိုင်ရှင်ရဲ့ အမွေခံတစ်ယောက်က နွေရာသီ အပန်းဖြေအိမ်အဖြစ် အရင်က သုံးခဲ့တဲ့ အိမ်ပါ။ အခန်းတိုင်းက ပင်လယ်ပြင်ဘက်ကို မျက်နှာပြုထားတယ်။ George Washington လို့ Swift က နာမည်ပေးထားတဲ့ စင်ရော်လေးတစ်ကောင်က Swift ရဲ့ ရေကူးကန်ထဲမှာ ရေကူးနေတယ်။ ဒီအိမ်လေးကို Swift က သူ့ရဲ့ 'အိပ်မက်အိမ်'လို့ ခေါ်ပါတယ်။ ဒါပေမဲ့ အဲဒီအိမ်လေးက အစပြုပြီး Swift အတွက် မျက်နှာပျက်စရာသတင်းတွေ သတင်းစာစောင်မှာ ပါလာစေခဲ့တာပါ။ ပြဿနာက သူ့ရဲ့ နေအိမ်ကို ၁၉၂၉ နှစ်ထဲမှာ တည်ဆောက်တုန်းကတည်းက ပင်လယ်ရေတက်လာရင် အဟန့်အတားဖြစ်အောင် တစ်ပါတည်း တည်ထားခဲ့တဲ့ ရေတားတမံကို ပြန်ပြင်ဆောက်ရာက စခဲ့တာပါ။ Swift က ရေတားတမံကို သက်တမ်းရင့်နေပြီဖြစ်လို့ အင်ဂျင်နီယာတစ်ဖွဲ့ခေါ်ပြီး ပြန်ပြင်စေခဲ့ပါတယ်။ အင်ဂျင်နီယာတွေ ဆောင်းတွင်းတစ်တွင်းလုံး ပြင်ဆင်ဆောက်လုပ်ကြရတာ။ Swift ကတော့ ပြန်ပြင်ဆောက်ထားတာကို သဘောကျပေမဲ့ ဒေသခံတချို့က Swift ကို ဆိပ်ကမ်းအလှဖျက်ဆီးသူအဖြစ် စွပ်စွဲကာ ဒေါသတွေဖြစ်ကုန်ကြပါလေရော။ (TMZသတင်းဌာနကဆို ကမ်းရိုးတန်းအလှဖျက်ဆီးနေတယ်ဆိုတဲ့အထိ ပုံကြီးချဲ့ ရေးသားဖော်ပြခဲ့တာလေ။)

နောက်ပိုင်းမှာ Rhode Island ရဲ့ ကမ်းရိုးတန်းဒေသစီမံခန့်ခွဲမှုကောင်စီက ဝင်ရှင်းပေးခဲ့ရပြီး Swift အနေနဲ့ ဘာတစ်ခုမှ အမှားမလုပ်ခဲ့ကြောင်း အဆုံးအဖြတ် ပေးခဲ့ရတယ်။ Swift အတွက်ကတော့ အဲဒီရေတားတမံကိစ္စက သူ့ကို မနှစ်မြို့သူတွေလည်း ရှိတယ်ဆိုတာ သတိပေးနေသလို ရှိနေဆဲပါပဲ။ 'တစ်ခုခုကို တဖျစ်တောက်တောက် ပြောနေတတ်တဲ့သူတွေ အမြဲပဲရှိတယ်။ ဒါပေမဲ့ အားလုံးပြီးသွားတော့မှ အများကြီး ပိုကောင်းသွားတာတွေ့ကြရတာ။ တခြားရေတားတမံ တစ်ခုကလည်း အတော်လေး အိုနေပြီ။ နံရံပေါ်မှာ ရေးထားလိုက်ကြတဲ့ ဂရပ်ဖစ်တီတွေလည်း ပွနေတာပဲ။ အဲဒါက ပြဿနာပေမဲ့ ရှင်းပေးလိုက်ပါတယ်။ ကမ်းခြေကို လာလည်တဲ့ တစ်စုံတစ်ယောက်ရဲ့ အပန်းဖြေ အတွေ့အကြုံတွေကို မထိခိုက်စေဘဲနဲ့ပေါ့။ ကိုယ့်အိမ်ကတော့ သူတို့ပေါ် ပြိုမကျနိုင်တော့ဘူးပေါ့။ သိတယ် မဟုတ်လား၊ ဝမ်းနည်းပါတယ်ဆိုတာက ဝမ်းမနည်းဘူးဆိုတာ'လို့ Swiftက ဆိုပါတယ်။

*(ဆက်လက်ဖော်ပြပါမည်။)*

■

ရာပြည့်

**Refence:**
**The Reinvention of Taylor Swift by Josh Eells, Rolling Stone Magazine**

www.burmeseclassic.com

# ဟိမဝန္တာဒေသများသို့...(၃)

**မေဏ္ဏာဦး**

ဇွန်လ ၃၀ ရက်နေ့ မနက် ငါးနာရီ လောက် အိပ်ရာက ထ ခဲ့ရပြီး ပင်ပန်း မယ့်ခရီးကို စ ခဲ့ရတော့တာပါ။ မနက် ခြောက်နာရီခွဲမှာတော့ ယူဆောင်ရမယ့် ဆေးဝါး၊ တုတ်ကောက်နဲ့ လိုအပ်သမျှ ပစ္စည်းတွေ မကြွင်းမကျန်ရအောင် ဂရု စိုက်ခဲ့ရပါတယ်။ ဘူတန်တိုင်းပြည်ကို လာခဲ့ရတဲ့ အဓိက အချက်တစ်ချက်က တော့ ကျန်းမာသန့်စွမ်းနေတုန်းမှာ ပါရို တစ်ဆန် **(Paro Taksang)**ဘုရား ကျောင်း သို့မဟုတ် Tiger's Nest သို့ မဟုတ် ကျားရဲ့အသိုက်ကို မဖြစ်မနေ သွားဖို့ပါပဲ။ တောင်တွေတက်ရ ဆင်းရ မယ့်ခရီးမို့ ကျွန်မ အမောခံနိုင်ဆဲ၊ ဒူးတွေ ကောင်းဆဲ၊ ကြွက်သားတွေသန်မာဆဲ မှာမှ မသွားခဲ့ရင် ဘယ်အချိန်မှာမှ သွား နိုင်မလဲဆိုတဲ့ အသိနဲ့ပေါ့။

ဟိမဝန္တာက ဗုဒ္ဓဘာသာတွေ အတွက် ပါရိုတစ်ဆန်ဘုရားကျောင်း ကတော့ တန်ခိုးရှိတယ်လို့ နာမည်ကြီး ပါတယ်။ ပါရိုတောင်ကြား အပေါ် ဘက်ထိပ်ကျောက်တောင်စွန်းမှာ တည် ထားတဲ့ ဘုရားကျောင်းကတော့ အိပ် မက်ကမ္ဘာထဲကနေရာနဲ့ တူတယ်လို့ ဓာတ်ပုံတွေ မြင်ခဲ့တုန်းက ကျွန်မ တွေး မိခဲ့ပါရဲ့။ ကျွန်မကိုယ်တိုင် ခြေချနိုင် တော့မယ်ဆိုတဲ့ အသိနဲ့ အဲဒီမနက်က ကျွန်မ ရင်တွေ ခုန်ခဲ့ပါတယ်။ ကားရပ် ရာနေရာကနေ တောင်ပေါ်ခရီးဆက်ရ မယ့်နေရာက ကျိုက်ထီးရိုး ခရီးအစနဲ့ ခပ်ဆင်ဆင်ပေါ့။ ကျွန်မ ညီမလေး ပေး လိုက်တဲ့ အလွန်ပေါ့ပါးပြီး ခေါက်ချိုး






ကြည်ချုလာခန်ဘုရားကျောင်းရဲ့ဆုတောင်းဘီးလုံးများ

www.burmeseclassic.com

www.burmeseclassic.com



ကြည်ချူလာခန်ဘုရားကျောင်း



ကျောက်တုံးမီးဖုတ်ရေစိမ်တဲ့အခန်းများ



ကျားရဲ့အသိုက်ဘုရားကျောင်းရှေ့က ရေတံခွန်

www.burmeseclassic.com

www.burmeseclassic.com


ဘူတန်ရိုးရာထမင်းစားဝိုင်း

ချိုးသိမ်းနိုင်တဲ့ တုတ်ကောက်လေးကို ဆွဲထုတ်ပြီး ခရီးစ,ခဲ့တယ် ဆိုပါတော့။

ကျားရဲ့အသိုက် ဘုရားကျောင်းကို ၁၆၉၂ ခုနှစ်ကတည်းက စတင်ခဲ့တဲ့ ဂူကနေ စ,တည်ခဲ့ပြီး နောက်ပိုင်းမှာ အခြားအဆောက်အဦတွေနဲ့ မွမ်းမံခဲ့တာလေ။ ဘာသာရေးခေါင်းဆောင် **ပဒ်မဆမ်ဘာဗါ**ဆိုသူက ၈ ရာစုမှာ သုံးနှစ် သုံးလ၊ သုံးပတ်၊ သုံးရက်နဲ့ သုံးနာရီကြာ တရားထိုင်ခဲ့တဲ့နေရာဖြစ်ပါသတဲ့။ ပဒ်မဆမ်ဘာဗါက ဘူတန်နိုင်ငံကို ဗုဒ္ဓ ဘာသာကို သယ်ယူလာသူလည်း ဖြစ်ပါတယ်။ ပဒ်မဆမ်ဘာဗါက ဂူတစ်ဆယ့်သုံးဂူထဲမှာ တရားတွေ မှတ်ခဲ့ရာ ဒီဂူလည်း တစ်ခုအပါအဝင်ပါပဲ။ အဲဒီဂူအေားပတ်ဝန်းကျင်မှာ ၁၆၉၂ လောက်မှာ ဘာသာရေးခေါင်းဆောင် လက်ခိုင် သို့မဟုတ် **တဲန်ဇင်းရဗ်ဂိုင်**က ပဒ်မဆမ်ဘာဗါကို ဂုဏ်ပြုခဲ့တဲ့အနေနဲ့ ခမ်းနားတဲ့ အဆောက်အဦကြီး ဆောက်ခဲ့ပါတယ်။ နာမည် ရှစ်မျိုးဆရာကြီးရဲ့ ဘုရားကျောင်းလို့ အမည်တွင်ခဲ့ရုံမက ဘူတန်လူမျိုးတွေက ယဉ်ကျေးမှုဆိုင်ရာ အထင်ကရ ဗိသုကာ အဆောက်အဦလည်း ဖြစ်ခဲ့ပါတယ်။

ပဒ်မဆမ်ဘာဗါ သို့မဟုတ် ဆရာကြီး ရင်ပိုချီဆိုသူက တိဘက်ကနေ ကျားပျံမကြီး စီးပြီးလာခဲ့တာလို့ ဒဏ္ဍာရီက ဆိုခဲ့တာလေ။ ကျားပျံမကြီးက ဒီနေရာမှာ ဝပ်ခဲ့တာမို့ ကျားရဲ့အသိုက်လို့ အမည်တွင်ခဲ့တာပါ။ နောက်ဒဏ္ဍာရီတစ်ခုကတော့ တိဘက်ဧကရီ မိဖုရားတစ်ပါးက ဆရာကြီး ရင်ပိုချီရဲ့တရားနာချင်တာမို့ သူမကိုယ်ကိုကျားပျံမအဖြစ် ဖန်ဆင်းခဲ့ပြီး ဆရာကြီးကို ကျောပိုးပြီး ဘူတန်က ပါရိုတစ်ဆဲန်နေရာကို ခေါ်ခဲ့တာတဲ့။ ဆရာကြီး ရင်ပိုချီ ကိုယ်တိုင်ကလည်း ဒီဂူကြီးထဲမှာပဲ တရားထိုင်ပြီး သူတော်စင်ဖြစ်ခဲ့တာတဲ့။ သူတော်စင်မဖြစ်မီ ပုံသဏ္ဌာန်ရှစ်မျိုး ဖန်ဆင်းပြနိုင်ခဲ့တာမို့ 'နာမည်ရှစ်မျိုး ဆရာကြီးရဲ့ဘုရားကျောင်း'လို့ လည်း ခေါ်ခဲ့တာလေ။ တချို့ကတော့ ဆရာကြီး ရင်ပိုချီက တဲန်ဇင်းရဗ်ဂိုင်အဖြစ် လူဝင်စားဖြစ်လာခဲ့ပြီး ၁၆၉၂ ခုနှစ်မှာ အဆောက်အဦတွေ တည်ဆောက်ခဲ့တယ်တဲ့။ ပါရိုတောင်ကြားက လူတွေကတော့ တဲန်ဇင်းရဗ်ဂိုင်က အစာရေစာ အနည်းငယ်နဲ့ဂူထဲ တရားကျင့်ပြီးကောင်းကင်မှာ ဈာန်နဲ့ ကြွတာ၊ ပုံသဏ္ဌာန်အမျိုးမျိုး ဖန်တီးပြတာတွေကို တွေ့ခဲ့ဖူးသတဲ့။

ကျွန်မတို့ တောင်တက်ခရီးကို ခရီးတစ်ဝက်အထိ မြင်းနဲ့တက်လို့ ရပါတယ်။ ကျွန်မတို့ ဧည့်လမ်းညွှန်က မြင်းနဲ့ တက်ခွင့်မပေးခဲ့ပါဘူး။ သူ့ရဲ့အတွေ့အကြုံအရ မြင်းနဲ့ တောင်တက်ခဲ့တဲ့ သူ့ရဲ့ဧည့်သည်သုံးဦးမြင်းပေါ်က လိမ့်ကျပြီး လက်ကျိုးသူ၊ ခေါင်းကွဲသူ၊ ခြေကျိုးသူတွေ ရှိခဲ့တာမို့ မြင်းနဲ့ တောင်တက်တဲ့အလုပ်ကို လုံးဝတားဆီးခဲ့ပါတော့တယ်။ မြင်းပေါ်က လိမ့်ကျရင်တော့ ဘူတန်ဆေးရုံတွေက နိုင်ငံခြားသားတွေကို လုံးဝလက်ခံမှာ မဟုတ်ဘဲ လေယာဉ်ပျံနဲ့ ချက်ချင်းပြန်ပို့မယ်လို့လည်း ရှင်းပြခဲ့တာ



လေ။ အဲဒီတော့ ကိုယ့်အရိုးကိုယ်သယ်ပြီး ကိုယ့်ခြေထောက်နဲ့ကိုယ် တောင်တက်ခရီးကို စ,ခဲ့ရတယ်ဆိုပါတော့။ *'တောင်တောရယ်သာ၊ မာလာကင့်ဖူး၊ တစ်ပင်ကိုနှစ်ပင်ယှက်တယ်၊ ကျေးငှက်ကမြူး'* ဆိုတဲ့ ကဗျာအတိုင်း လမ်းကသာယာလှပါတယ်။ မိုးရွာထားလို့ လမ်းတွေကချောနေတာမို့ ညီမလေးရဲ့ လက်ဆောင်တုတ်ကောက်က အထူးအသုံးဝင်လှပါရဲ့။ ထူးဆန်းတဲ့လိပ်ပြာအနီရောင်တွေကလည်း ကျွန်မနားမှာ တဝဲဝဲနဲ့ ပျံသန်းနေပုံက မနက်နေရောင်ပြောက်ကျားအောက်မှာ ပဥ္စလက်ဆန်လှတာပါ။

ငှက်တွေကလည်း သစ်ပင်တစ်ပင်ကနေတစ်ပင် ကူးနေခဲ့ကြချိန်ပေါ့။ အပြာရောင်၊ မီးခိုးရောင်ငှက်တွေမှာ အမောက် အဝါရောင်တောက်တောက်နဲ့မို့ အလွန်ထူးခြားလှပါတယ်။ ကျွန်မရဲ့ ခရီးဖော်ကတော့ တဖြည်းဖြည်းနဲ့ တက်လာခဲ့တာမို့ ဘယ်နားမှာ ကျန်ရစ်ခဲ့မှန်း မသိတော့ပါဘူး။ ကယ်ရီ လိုက်နိုင်မယ် မထင် ကြောင်း ဧည့်လမ်းညွှန်က ပြောခဲ့



www.burmeseclassic.com

www.burmeseclassic.com

ပြန်ပါရဲ့။ ခရီးရဲ့ လေးပုံတစ်ပုံလောက်မှာတော့ ကျားရဲ့အသိုက်ကို အဝေးကနေ လှမ်းမြင်ခဲ့ရချိန်မှာ အဲဒီနေရာရောက်အောင်တက်နိုင်ပါ့မလားလို့ စိုးရိမ်စိတ်တွေ ဝင်ခဲ့ပါရဲ့။ ကျွန်မ ဒီခရီးမစခင်ကနဲ့ချီပြီး ကျွန်မ အိမ်ရှေ့ရဲ့ တောင်ကုန်းလိုဖြစ်နေတဲ့ အဆင်းအတက်လမ်းတွေမှာ နေ့စဉ်လိုလို လေ့ကျင့်ပြီး လျှောက်ခဲ့တာတွေရဲ့ အကျိုးကို အဲဒီနေ့က ပြန်ရခဲ့ပါတယ်။

မနေ့ညက ဟိုတယ်မှာ ကျွန်မကို ငါးပိကြော်ကျွေးခဲ့တဲ့ ထိုင်းအုပ်စုကတော့ ခရီးထက်ဝက် စခန်းနေရာဖြစ်တဲ့ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်ရင်း နားနေခဲ့ကြတာ တွေ့ခဲ့ရပါရဲ့။ ကျွန်မ အဲဒီနေရာမှာတော့ မြင်းနဲ့တက်လာခဲ့တဲ့သူ အချို့ကို ဆုံခဲ့ရပြန်ပါတယ်။ အဲဒီစခန်းကနေ မြင်းနဲ့ဆက်တက်လို့ မရတော့ပါဘူး။ ခရီးထက်ဝက်ကနေ ဘုရားကျောင်းရှိရာအထိ ကိုယ့်အားကိုယ်ကိုးပြီး တက်ခဲ့ကြရတော့တာပါပဲ။ မောလိုက်တဲ့အမောက စာမဖွဲ့နိုင်အောင်ပါပဲ။ တောင်က တဖြည်းဖြည်းမတ်လာလေ ကျွန်မရဲ့ အမောဒီဂရီက မြင့်လေဖြစ်ခဲ့တာပါ။

အဲဒီ ဘုရားကျောင်းနေရာမှာ တရားထိုင်တဲ့ တရားစခန်းတွေကို ၁၁ ရာစုကတည်းက တည်ခဲ့တာပါ။ တိဘက်ဘုန်းတော်ကြီးတွေ၊ လားမားကြီးတွေက ၁၂ ရာစုကနေ ၁၇ ရာစု ကြားမှာ တရားထိုင်ရတဲ့ အဆောက်အဦတွေ ဆောက်ခဲ့ပါတယ်။ ယခုတွေ့ရတဲ့ အဆောက်အဦတွေကတော့ ၁၇ ရာစုက ဆောက်ခဲ့တာများသတဲ့။ ၁၉၉၈ ခုနှစ်မှာ မီးအကြီးအကျယ်လောင်ခဲ့စဉ်က ပန်းချီကားတွေ၊ ရုပ်တုတွေ၊ အနုပညာ ပစ္စည်းတွေ အများကြီးဆုံးရှုံးခဲ့ရပြီး ဘုန်းတော်ကြီးတစ်ပါးလည်း မီးလောင်ခံခဲ့ရတာပါ။ ဘုရားကျောင်းတွေမှာ ထောပတ်ဆီနဲ့ မီးပူဇော်ရာကနေ မီးလောင်လေ့ရှိတာကိုး။

ကျွန်မ တောင်အမြင့်ကနေ ချောက်ထဲကို ပြန်ဆင်းခဲ့ရပြန်ပါရဲ့။ ချော်မလဲအောင် လှေကားထစ်တွေကို အမှတ်နဲ့ တစ်ထစ်ချင်းဆင်းရင်း အမှုတွေလည်း ဝေခဲ့တာပါ။ လှေကားထစ်ပေါင်း ရှစ်ရာငါးဆယ့်ကိုးထစ်ရှိကြောင်း ဧည့်လမ်းညွှန်က ပြောပြခဲ့ပါတယ်။ ကျွန်မတို့ရဲ့ ဧည့်လမ်းညွှန်ကို ဧည့်သည်တစ်ဦးက လှေကားထစ်ပေါင်း ဘယ်နှခုရှိသလဲဆိုတာကို မေးခဲ့ရာမှာ မဖြေနိုင်လို့ အရှက်ကွဲခဲ့ရပုံကိုလည်း ရင်ဖွင့်ခဲ့တာကလည်း စိတ်ဝင်စားစရာပါပဲ။ တောင်အဆင်းတစ်ခု ရောက်ခါနီးမှာ ရေတံခွန်(ပေနှစ်ရာ) အမြင့်က ရေတွေ ရေကန်ထဲ ဖြာစီးဆင်းနေပုံကလည်း အသက်ရှူမှားအောင်ကို လှပပါတယ်။ ကျွန်မ ဘုရားကျောင်းရှိရာ ဂိတ်ဝဘက်ရောက်တော့ မိုးတဖြောက်ဖြောက် ရွာခဲ့တာပါ။ တစ်လမ်းလုံး မိုးမရွာတာကိုပဲ ကျေနပ်ခဲ့ပါရဲ့။ အဲဒီနေ့ ပထမဆုံးလူသားအနေနဲ့ ဘုရားကျောင်းရှေ့ရောက်တော့ အဝါရောင် တံခါးကြီးက မဖွင့်ရသေးပါဘူး။ ဧည့်လမ်းညွှန်က ကျွန်မကို ဖွင့်ခိုင်းခဲ့ပါတယ်။ ကျွန်မရဲ့လက်အစုံနဲ့ အဲဒီဘုရားကျောင်းတံခါးကြီးကို တွန်းဖွင့်ခွင့်ရချိန်က ကြည်နူးပီတိဖြစ်မှုက ညွှန်းစာဖွဲ့မမီပါ။

ကျွန်မ ပေတစ်သောင်းကျော် ခရီးကို ဘေးမသီ ရန်မခဘဲ ကျန်းမာစွာနဲ့ လျှောက်လှမ်းနိုင်ခဲ့ပါပြီ။ ကျွန်မတို့ ဘုရားကျောင်းတွေ၊ ဘုန်းကြီးကျောင်းတွေကို သွားခွင့်ရခဲ့ပါတယ်။ အဆောက်အဦ တစ်ခုနဲ့တစ်ခုက ကျောက်ထွင်းလှေကားတွေ၊ လမ်းသွယ်လေးတွေနဲ့ ဆက်သွယ်ထားတာပါ။ အမြင့်ဆုံးနေရာမှာရှိတဲ့ ဘုရားကျောင်းကို လှေကားနဲ့ ထပ်မံတက်ရပြီး ဘုရားခန်းမှာ ခေတ္တခဏ ဘုရားရှိခိုးပြီး တရားမှတ်ဖြစ်ခဲ့ပါတယ်။ ဘုရားကျောင်းတိုင်းမှာ ဝရန်တာတွေရှိတာမို့ ပါရိုးတောင်ကြားအလှကို မြင်ခွင့်ရခဲ့တာကလည်း တစ်သက်မမေ့စရာ မြင်ကွင်းတွေပေါ့။

ကျွန်မအတွက် ဘုရားစင်နဲ့ ဘုရားကျောင်းတွေရဲ့ အဆင်အပြင်တွေက အလွန်မှ ထူးဆန်းလှပါတယ်။ ကျွန်မ မြင်နေကျမျိုး မဟုတ်ပါဘူး။ နတ်ဘုရားရုပ်တု တချို့ကလည်း အတော်ကြောက်စရာကောင်းလှပါရဲ့။ တချို့


ပါရိုအမျိုးသားပြတိုက်ဟောင်း တာဇွန့်အဆောက်အဦရှေ့မှာ


www.burmeseclassic.com

www.burmeseclassic.com



ကျားရဲ့အသိုက်ဘုရားကျောင်း ဝေးဝေးက မြင်ရခဲ့ပြီ

ဘုရားကျောင်း အတွင်းဘက်မှာ ဓာတ်ပုံရိုက်ခွင့်မပြုပါဘူး။ တစ်သက်မှာ တစ်ခါ ရောက်တုန်းရောက်ခိုက်မို့ သွားလို့ရတဲ့ နေရာမှန်သမျှ တစ်ခုမကျန်သွားခဲ့သလို ထောပတ်ဆီနဲ့လုပ်ထားတဲ့ မီးခွက်တွေကိုလည်း ဝယ်ယူပြီး ဆီမီးထွန်း ပူဇော်ခွင့် ရခဲ့ပါတယ်။ ကျွန်မ **'ကျားရဲ့အသိုက်'** ဘုရားကျောင်းကနေ ပြန်ဆင်းဖို့လုပ်တဲ့အချိန်မှာ ကျွန်မရဲ့ ခရီးဖော် ကယ်ရီ ဘုရားကျောင်းပေါ်တက်တဲ့ လှေကားရင်းကို ရောက်နေတာ တွေ့ခဲ့ချိန်မှာ အံ့သြဝမ်းသာ ဖြစ်ခဲ့ရတာလေ။ ညှော့လမ်းညွှန်က ကယ်ရီ ဘယ်လိုမှ ဒီနေရာကို ရောက်လာမယ်လို့ မထင်ခဲ့တာ တွေ့လိုက်တော့ အတော်လေးအံ့သြခဲ့ ရုံမက 'ဒီခရီး ရှည်ဦးတော့မှာ' လို့ မှတ်ချက်ချခဲ့ပါရဲ့။

ကျွန်မကတော့ သူတို့ကို လမ်းတစ်ဝက်စခန်း လက်ဖက်ရည်ဆိုင်မှာ စောင့်မယ် ဆိုပြီး တစ်ယောက်တည်းဆင်းသွားခဲ့ပါတယ်။ လက်ဖက်ရည်ဆိုင်မှာ ထိုင်းတက္ကသိုလ် ကျောင်းသူကျောင်းသားအုပ်စုတွေ တစ်ထောက်နားရင်း စားသောက်နေတာ ကြုံခဲ့ရ တာလေ။ ခေါက်ဆွဲပြုတ် အစပ်တွေကို ဆိုင်မှာ ရောင်းနေတယ်ထင်ပြီး သွားဝယ် ခဲ့တာ၊ ကျောင်းသူကျောင်းသားအုပ်စု ခေါင်းဆောင်က ကျွန်မကို အလကား ကျွေးခဲ့ ပါရဲ့။ မောမောနဲ့မို့ အင်မတန်မှ အရသာရှိခဲ့တဲ့ အစာပေါ့။ ကယ်ရီတို့ကို စောင့်ရင်း အပေါ်ကို ဆက်မတက်နိုင်လို့ နားနေတဲ့သူတွေ တောင်ပေါ်က ဆင်းလာပြီး ခေတ္တ နားနေသူတွေနဲ့ စည်ကားနေတဲ့ စခန်းကနေ ကျားရဲ့အသိုက် ဘုရားကျောင်းကြီးကို လှမ်းကြည့်ရတဲ့မြင်ကွင်းကလည်း အလွန်လှပါရဲ့။

တောင်ပေါ်က ပြန်ဆင်းလာခဲ့ရတဲ့ ခရီးမှာလာလမ်းအတိုင်း ပြန်ဆင်းခဲ့ရာမှာ အဆင်မပြေတာနဲ့ ကြုံခဲ့ပါတော့တယ်။ မြင်းတွေနဲ့ တောင်တက်ခဲ့တဲ့ လမ်းတစ်လျှောက်က မြင်းချေးတွေက ပွစာကျဲနေရုံမက ယင်ကောင်အမည်း ကြီးတွေက တဝီဝီနဲ့ နံလည်းနံ၊ ယင်ကောင်အလွန်မုန်းတဲ့ ကျွန်မအတွက် အတော်ကို ခက်ခက်ခဲခဲ ဖြစ်ခဲ့ရပါရဲ့။ ဖြတ်လမ်းက မတ်လည်းမတ်၊ ကြမ်းလည်းကြမ်း၊ လူလည်းပြတ်တာမို့တစ်ယောက်တည်း သွားဖို့က အဆင်ပြေပါ့မလား စဉ်းစားနေတုန်းမှာပဲ လူငယ်တစ်ဦးနဲ့ ညှော့လမ်းညွှန်တစ်ဦးတို့ ဆင်းသွားတာ တွေ့ခဲ့လို့ သူတို့နောက်ကို အပြေးအလွှား လိုက်သွားခဲ့ပြီး သူတို့နဲ့အတူ ခရီးဆက်ခွင့် လည်း တောင်းခဲ့ပါတယ်။ အဲဒီလူငယ်လေးက ပိုလန်ပြည် သားတစ်ဦးဖြစ်ပြီး အလုပ်မဝင်ခင် အာရှတစ်ခွင် ခရီးသွားနေသူပေါ့။ ဇဟုသုတလည်း အလွန်ပြည့်စုံပြီး နိုင်ငံတကာရေးရာ ကိုလည်း နှံ့နှံ့စပ်စပ်ကို ကျွမ်းကျင်သူပါ။ ကျွန်မနဲ့ ပုဂံမြို့မှာ ဆုံတွေ့ကြဖို့အထိ အစီအစဉ်ဆွဲဖြစ်ခဲ့ ပါတယ်။ ဆုံလည်း ဆုံတွေ့ခဲ့ပြီး ကျွန်မတို့ ဇနီးမောင်နှံရယ်၊ ကယ်ရီရယ် ပိုလန်ပြည်သား လူငယ်ရယ် ပုဂံဘုရားတွေ အတူတကွ သွားဖြစ်ခဲ့တာလေ။

ကျွန်မကတော့ တောင်ခြေက [illegible] သမျှ ဆိုင်တွေအားလုံးလိုလို လျှောက်သွားခဲ့ပြီး လက်ဆောင်ပစ္စည်းတွေလည်း ဝယ်ဖြစ်ခဲ့ပါတယ်။ ကယ်ရီက် [illegible] အတော်လေး စောင့်ခဲ့ရတာပါ။ ကျွန်မ [illegible] တို့ နေ့လယ်စာကို နှစ်နာရီလောက် [illegible] စားခဲ့ရပြီး ဘူတန်နိုင်ငံရဲ့သက်တမ်း [illegible] အကြာဆုံး ဘုရားကိုသွားခဲ့ကြပါတယ် **ကြည်ချူလာခန်** (Kyichu Lhakhang [illegible] လို့ ခေါ်သတဲ့။ ၇ ရာစုကတည်းက [illegible] တိဘက်ဧကရာဇ်မင်း ဆွန်စတဲန်ဂမ် [illegible] ဆိုသူက တည်ခဲ့ပြီး ၈ ရာစုမှာတော့ [illegible] ဆရာကြီးရင်ပိုချီက ဓာတ်တော်မွေတော် [illegible] တွေကို ဌာပနာခဲ့သတဲ့။ ဗုဒ္ဓဘာသာ [illegible] ဘူတန်မှာ ဖြန့်ဖြူးခဲ့တဲ့ အချုပ်အခြ [illegible] နေရာတစ်ခုပေါ့။ ဘုန်းတော်ကြီး [illegible] ကျောင်းတွေလည်း ရှိပါတယ် [illegible] ကာလက်ရာ အလွန်လှပတဲ့ [illegible] ဖြစ် [illegible]



ကျားရဲ့အသိုက်ဘုရားကျောင်း
တောင်တက်ရာ မောနေခဲ့ပြီ



www.burmeseclassic.com

www.burmeseclassic.com

**ဆုတောင်းဘီးလုံး(Praying Wheel)** တွေလှည့်ပြီး ဆုတောင်း အမျှဝေခဲ့ တာလေ။

မောနေပေမဲ့ ပါရိုပြတိုက်ကို သွားကြရပြန်ပါတယ်။ ကားရပ်ရာနေရာကနေ လမ်းလျှောက်ခဲ့ရရုံမက တောင်ကုန်းတွေ၊ လှေကားထစ်တွေများစွာလည်း တက်ခဲ့ရပြန်တာလေ။ ရှေးဟောင်း **တာဇွန်**(Ta Dzong)အဆောက်အဦကို ၁၉၆၈ ခုနှစ်မှာ အမျိုးသားပြတိုက်အဖြစ် ပြုပြင်ဖွင့်ခဲ့တာတဲ့။ အကောင်းဆုံး ဘူတန်နိုင်ငံအနုပညာလက်ရာတွေ၊ ကြေးပန်းပုတွေ၊ ပန်းချီကားတွေကို လှလှပပ ပြသထားပါတယ်။ နှစ်တစ်ထောင့်ငါးရာ သက်တမ်းရှည်တဲ့ ဘူတန်နိုင်ငံ ယဉ်ကျေးမှုလက်ရာသုံးထောင်ကျော်ကို ပြသထားတဲ့နေရာမို့ ကမ္ဘာလှည့်ခရီးသည်တွေကို ဆွဲဆောင်တဲ့ နေရာတစ်ခု ဖြစ်နေခဲ့ပါပြီ။

ကယ်ရီနဲ့ကျွန်မကို ဧည့်လမ်းညွှန်က ကျောက်တုံးပူနဲ့ ပြုလုပ်ထားတဲ့ ရေချိုးကန်မှာ ရေချိုးပြီး ရိုးရာ ထမင်းညစာ စီစဉ်ထားကြောင်း ရှင်းပြခဲ့ပါတယ်။ ရေချိုးတာကိုတော့ ထပ်မံ သီးသန့်ငွေ ပေးချေခဲ့ရတာပါ။ ကျွန်မတို့ကလည်း ကျောက်တုံးကြီးတွေကို မီးဖုတ်ပြီး သဘာဝဆေးပင်တွေ ထည့်ထားတဲ့ ကျောက်ရေကန်ငယ်(တစ်ဦးစာ ရေချိုးကန်) ထဲ ထည့်ခဲ့တဲ့အခါ ရေတွေက ပူလာခဲ့တာလေ။ အဲဒီထဲမှာ ကျွန်မတို့ တစ်နေ့လုံး ညောင်းညာနေတဲ့ ခန္ဓာကိုယ်ကို အပန်းဖြေ ရေနွေးစိမ်ခဲ့ကြတော့တာပါ။ ကျွန်မက ရေပူလေ ကြိုက်လေဖြစ်ပေမဲ့ ကယ်ရီခမျာ ရေပူဒဏ်မခံနိုင်လို့ ကျွန်မလောက် ကျေနပ်မှု မရခဲ့ပါဘူး။ ရေချိုးကန်ရှိတဲ့ အခန်းကသန့်ရှင်းပေမဲ့ ပတ်ဝန်းကျင်နေရာက ညစ်ပတ်လှပါရဲ့။ ဘူတန်ရိုးရာ ရေစိမ်နည်းတဲ့။

ညစာကို ရေချိုးကန်နေရာက ရိုးရာအိမ်ကြီးမှာပဲ ကျွေးခဲ့ပါတယ်။ ညစာတွေကို ချက်ပြုတ်တဲ့ အမျိုးသမီးက ရိုးရာအိမ်ကိုပိုင်ပြီး အခန်းတွေလည်း ကမ္ဘာလှည့်ခရီးသည်တွေကို ငှားနေသူပါ။ ညစာမစားခင် ရိုးရာအိမ်ကို လှည့်ကြည့်ခွင့်ပေးပြီး ရိုးရာကောက်ညှင်းချက်အရက်လည်း တိုက်ခဲ့တာလေ။ ရိုးရာအိမ်ရဲ့ အခန်းတစ်ခုနဲ့တစ်ခုအကူး ပေါင်တွေကနိမ့်လို့ ကျွန်မပေါင်တစ်ခုနဲ့ နဖူးရိုက်ခဲ့တာ မေ့လဲသွားမလောက် နာကျင်ခဲ့ပါရဲ့။ ထမင်းအိုးနဲ့ ဟင်းအိုးတွေ ဝိုင်းထားတဲ့ အိမ်ရှင်က တိုးရစ်တွေကို တစ်ယောက်စာ ထမင်းတွေ ထည့်ပေးခဲ့ပြီး ဟင်းခွက်တစ်ခုကို လက်ဆင့်ကမ်းပြီးစားလိုက်၊ နောက်တစ်ခွက် ထပ်ပေးလိုက်နဲ့ပေါ့။ ကျွန်မကတော့ ကောင်းကောင်း မစားနိုင်ခဲ့ပါဘူး။ ဆန်အနီ အကြမ်းစားကို မစားနိုင်သလို ဘူတန်ရိုးရာဟင်းတွေကလည်း ခံတွင်းမတွေ့ခဲ့ပါဘူး။



ကျားရဲ့အသိုက်ဘုရားကျောင်း

ကျွန်မတို့ ဟိုတယ်တစ်ခုက အနိုပ်ခန်းမှာ အနှိပ်သွားခံခဲ့ကြပါသေးတယ်။ ဈေးနှုန်းက US အတိုင်းယူပါတယ်။ ဈေးမပေါပါဘူး။ နှိပ်တဲ့မိန်းကလေးကလည်း သိပ်ကောင်းကောင်း မနှိပ်နိုင်တော့ အကြောမပြေခဲ့တဲ့အပြင် ဆီတရွှဲရွှဲ ဖြစ်နေတာကိုပဲ စိတ်ညစ်ခဲ့ပါရော။ ညဆယ်နာရီကျော်မှ ဟိုတယ်ပြန်ရောက်ခဲ့ပြီး အားရပါးရ အိပ်မယ်ဆိုပေမဲ့ မအောင်မြင်ခဲ့ပြန်ပါဘူး။ ကမ္ဘာ့ဘောလုံးပွဲကြောင့် တီဗွီအိမ်တိုင်းမှာ မရှိတဲ့နေရာမှာ လူတွေက ညသန်းခေါင် တီဗွီရှိတဲ့အိမ်ကို သွားနေချိန်မှာ လမ်းပေါ်က ခွေးတွေကလည်း ဟောင်လိုက်တာ မပြီးနိုင်တော့ဘူးလေ။ အပျော်ဆုံး နိုင်ငံတဲ့လား။ ကျွန်မအတွက်တော့ အဲဒီညက မပျော်နိုင်ဆုံး အချိန်တစ်ခုပါ။

*မုဒိတာတရား ပွားများကြပါစေ။*

■ မေတ္တာဦး



www.burmeseclassic.com

www.burmeseclassic.com



# အဖြူရောင်အကျႌ

ရဲဍွမိုးဇေ

၁။

ကျွန်တော် မမကို နွေရာသီ
အပန်းဖြေစခန်းတစ်ခုတွင်
စ,တင် သတိထားမိခဲ့ခြင်း ဖြစ်သည်။
အဲဒီအပန်းဖြေစခန်းက ကျွန်တော်တို့မြို့နှင့်
နေ့ချင်းပြန် သွား၍ရသော အကွာအဝေးတွင်
တည်ရှိသည်။ မမနှင့်ကျွန်တော်က
တစ်မြို့တည်း။ မမ ကျွန်တော်တို့မြို့ကို
ပြောင်းလာတာ သိပ်မကြာသေးပါ။
ဒီမတိုင်မီအချိန်က မမသတင်းတွေကို
ဟိုတစ်စ ဒီတစ်စ ကြားရသော်လည်း
ကျွန်တော့်စိတ်ထဲမှာ မှတ်မှတ်ထင်ထင်
မထားခဲ့ပါ။ ကိုယ်တိုင် တွေ့မြင်ရခြင်း
မဟုတ်သော အကြောင်းအရာတစ်ခုအပေါ်
လူအများ၏ထင်မြင်ချက်တစ်မျိုးတည်းဖြင့်
ခတ်နှိပ်လိုက်သောတံဆိပ်ကို
ကျွန်တော်ကိုယ်တိုင်က နှစ်သက်မှု
မရှိသောကြောင့် ဖြစ်သည်။
ကျွန်တော် တစ်ခါတစ်ရံ မြို့ထဲကို
သွားရင်းလာရင်းနှင့် မမကို ခပ်ဝေးဝေးမှ
ဝိုးတဝါး ပုံရိပ်တစ်ခုအနေနှင့်ဖြစ်စေ၊
မလှမ်းမကမ်းမှ ဘေးတိုက်အနေအထားဖြစ်စေ၊



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ကျောပေးလျက် အနေအထားဖြစ်စေ တွေ့ဖူးပါသည်။ များသောအားဖြင့် မမသည် မှန်နက်များတပ်ထားသော ကားဖြင့်သာ မြို့ထဲသွားလေ့ရှိသည် မဟုတ်လား။ ဒါကြောင့် မျက်နှာချင်းဆိုင် အနီးကပ် အနေအထားဖြင့်တော့ တစ်ခါမျှ တွေ့ဆုံဖူးခြင်း မရှိပါ။ စကားပြောဖြစ်ဖို့ဆိုတာ ပို၍ဝေးပါသည်။ မမနှင့် ကျွန်တော့်ကြားမှာ ပတ်သက်စရာ အကြောင်းကိစ္စမှ မရှိတာ။ တစ်ခါတော့ ကျွန်တော် မြို့ထဲသို့ စက်ဘီးဖြင့်အလာ၊ မမကလည်း ကျွန်တော်ရှိရာဘက်သို့ ပလက်ဖောင်းအတိုင်း လျှောက်အလာ၊ မျက်နှာချင်းဆိုင် ဆုံတွေ့တော့မည့်ဆဲဆဲရှိပါသည်။

မမသည်
လက်ယာဘက်
ပခုံးတွင်
လွယ်ထားသော
စလင်းဘက်အိတ်
ထဲမှ
စီးကရက်ဘူးကို
ထုတ်လိုက်ပါသည်
ထို့နောက်
စီးကရက်တစ်လိပ်
အသာအယာ
ဆွဲယူကာ
နှုတ်ခမ်းများတွင်
တေ့လိုက်ပါသည်
ကျွန်တော်
သိပ်ရူးတာပဲဗျာ
အဲဒီတစ်ခဏမှာ
မမနှုတ်ခမ်း
နှစ်လွှာကြားမှာ
ပြုတ်ကျလုဆဲပုံစံဖြင့်
အဖိခံထားရသော
စီးကရက်လေး
ဖြစ်လျှင်
သိပ်ကောင်းမှာပဲဟု
သွားတွေးမိ
သည်လေ

တစ်ယောက်မျက်နှာ တစ်ယောက် ပီပြင်စွာ မြင်ရဖို့ လိုအပ်နေသေးသော အကွာအဝေးတစ်ခုပဲ ဆိုပါစို့။ ကျွန်တော်တို့နှစ်ယောက် ဒီထက်ပို၍ နီးကပ်လာလျှင် တစ်ယောက်ကိုတစ်ယောက် ထင်ထင်ရှားရှား မြင်ရတော့မှာပါ။ အဲဒီအချိန်မှာပဲ နောက်မှာ ထိုင်လိုက်လာသော သူငယ်ချင်းက သူကောင်မလေးနှင့် အအေးဆိုင်တစ်ခုတွင် ချိန်းထားတာ သတိရ၍ သူ့ကို လိုက်ပို့ပေးရန် ပြောသည်။ ကျွန်တော် စက်ဘီးကို ညာဘက်လမ်းကြားထဲ ချိုးလိုက်ပါသည်။ ထိုအခါ ကျွန်တော့် မြင်လွှာအောက်မှာ မမ မရှိတော့သလို၊ မမမြင်လွှာအောက်မှာလည်း ကျွန်တော် မရှိတော့ပါ။

လှပသော ပန်းရောင်စုံများကြားမှ အရိပ်တစ်ရိပ် လွှင့်မျောလာတာ မြင်ရကတည်းက ထိုအရိပ်သည် မမဖြစ်လိမ့်မည်ဟု ကျွန်တော် တွေးမိတာ ထူးဆန်းပါသည်။ ကျွန်တော်ရပ်နေသော နေရာက တောင်ကုန်းဆင်ခြေလျှော တစ်ခုဖြစ်ရာ မမ ထွက်လာသော နေရာနှင့် ခပ်စောင်းစောင်းဖြစ်နေသည်။ ပန်းရုံများက မြင်ကွင်းကို ကာဆီးထားသောကြောင့် မမမျက်နှာကို တစ်ခြမ်းသာ မြင်ရသည်။ ဒါတောင် ဆံနွယ်များ အနည်းငယ် ဖုံးလွှမ်းနေပါသည်။ ကျွန်တော် မမကို မြင်နိုင်သည့် အကွာအဝေး ရောက်အောင် ခပ်မြန်မြန် အောက်သို့ ဆင်းလိုက်ပါသည်။ အဲဒီအချိန်မှာ အတူပါလာသော သူငယ်ချင်းများက ဓာတ်ပုံရိုက်ခြင်းနှင့် အာရုံများနေကြသည်။

မမ…။

ဒေါက်ဖိနပ်စီးထားသောကြောင့် မမလမ်းလျှောက်သောအခါ ဝင့်ကြွားနေပါသည်။ အသက်ရှူမှားလောက်သော ကိုယ်ခန္ဓာကောက်ကြောင်းများကတော့ ချပ်ရပ်တိကျသော အဝတ်အစားများအောက်မှာ သိသာစွာ ပေါ်လွင်ထင်ရှားနေသည်။ ယခုခေတ် မိန်းကလေးတိုင်းနီးပါး ဆံပင်ဖြောင့်နေကြချိန်တွင် မမက ကျောလယ်သာသာရှိသော ဆံနွယ်များကို အဖျားပိုင်းနေရာများတွင် လှိုင်းတွန့်ပုံသဏ္ဌာန် ကောက်ထားသည်။ မမ၏ဖြူဝင်းသော အသားအရေသည် ရွှေအိုရောင် ခပ်ဖျော့ဖျော့ဆိုးထားသောဆံနွယ်များနှင့် လိုက်ဖက်မှု ရှိသည်။ ကန်ရေပြင်ကို ဖြတ်သန်းလာသော လေနုအေးက မမ၏ ဆံနွယ်များကို ရိုင်းပျစွာ လွန့်လူးသွားစေသောအခါ ကျွန်တော့်ရင်ထဲမှာ အလိုလိုနေရင်း လှုပ်ခတ်သွားပါသည်။

မမ၏ ဆံနွယ်တွေ လေယူရာအတိုင်း ယိမ်းနွဲ့နေတာ သိပ်လှတာပဲဟု ကျွန်တော့်၏ စိတ်အစဉ်သည် ဆံနွယ်များတွင် စီးမျောနေဆဲ ဆံနွယ်များ အလိုအလျောက် ပြတ်တောက်လွင့်ပါကာ ကျွန်တော့်လည်ပင်းတွင် ရစ်ပတ်ခွေလိမ်နေသလို ခံစားလိုက်ရသည်။ ဟောဗျာ၊ မမဆွဲထားသည့် Fancy နားဆွဲလေးက မမနှင့် သိပ်လိုက်တာပဲ။ မမ၏ မျက်လုံးတွေကတော့ အရောင်တစ်မျိုးမျိုး လက်ဖြာနေသလို ထင်ရသည်။ မမက သိပ်ညို့နိုင်တာပဲဗျာ။ စင်ရော်တောင် မျက်ခုံးမွေးတွေက ကော့ပျံလို့။ ဖြောင့်စင်းသွယ်တန်းသော နှာတံအောက်က လုံးဝန်းပြည့်ဖောင်းသော ပန်းနုရောင် နှုတ်ခမ်းတစ်စုံကို မြင်ရချိန်မှာ ကျွန်တော့် အာခေါင်များ သွေ့ခြောက်လာပါသည်။

မမသည် လက်ယာဘက် ပခုံးတွင် လွယ်ထားသော စလင်းဘက်အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်လိုက်ပါသည်။ ထို့နောက် စီးကရက်တစ်လိပ် အသာအယာ ဆွဲယူကာ နှုတ်ခမ်းဖျားတွင် တေ့လိုက်ပါသည်။ ကျွန်တော် သိပ်ရူးတာပဲဗျာ။ အဲဒီတစ်ခဏမှာ မမနှုတ်ခမ်းနှစ်လွှာကြားမှာ ပြုတ်ကျလုဆဲပုံစံဖြင့် အဖိခံထားရသော စီးကရက်လေးဖြစ်လျှင် သိပ်ကောင်းမှာပဲဟု သွားတွေးမိသည်လေ။

မမအိတ်ထဲက မီးခြစ် လိုက်ရှာနေပြန်သည်။ မတွေး အဲဒီအချိန်မှာ မမနှင့်ကျွန်တော်က ၆ ပေခန့်သာ ဝေးတော့မည်။ ကျွန်တော် လျှင်မြန်စွာပဲ မမအနား ရောက်ရှိသွားတော့သည်။ ကျွန်တော်လောင်

www.burmeseclassic.com

www.burmeseclassic.com

သွားသော ခြေသံကြောင့် မမက ခေါင်းမော့အကြည့်တွင် ဆောက်ဟု မြည်သံခပ်တိုးတိုးနှင့်အတူ အနက်ရောင် စစ်ပိုမီးခြစ်မှ အဝါရောင် မီးညွန့်လေးတစ်ခုက မမနှုတ်ခမ်းဖျားမှ စီးကရက်ရှေ့တည့်တည့် ရောက်ရှိလာခဲ့သည်။ မမက ခပ်ဖော့ဖော့ပြုံးရင်း အသာအယာပဲ စီးကရက်မီးညှိလိုက်သည်။

'Thank You ချာတိတ်'

မမ၏ အရေးမကြီးသလို ပုံစံနှင့် ကျေးဇူးတင်စကား ဆိုလိုက်ပုံလေးကို ကျွန်တော့်ရင်ထဲ ငြိသွားသည်။ မမ၏ မျက်လုံးများက ပတ်ဝန်းကျင်ကို ထိမထင်သလိုဘဲဟု ထင်နေရဆဲ မမက စီးကရက်မီးခိုးများဖြင့် ကျွန်တော့် မျက်နှာဆီ မှုတ်ထုတ်ကျီစယ်ကာ ထွက်သွားပါတော့သည်။

'မင်းလည်း အိမ်က မသိအောင် ဆေးလိပ်ခိုးသောက်တဲ့ ချာတိတ်တစ်ယောက်ပဲ'

အဲဒီစကားကို မမက ကျွန်တော်နှင့် ဆန့်ကျင်ဘက်အရပ်ဆီ လျှောက်သွားရင်း ပြောလိုက်ခြင်း ဖြစ်သည်။ မမ ကျွန်တော့်စိတ်ကိုများ သိနေသလား။ တကယ်လည်း အိမ်မှာမဟုတ်၍ ကျွန်တော် စီးကရက်သောက်ခြင်းဖြစ်သည်။ အဲဒီအတွက် အမြဲတမ်း မီးခြစ်ဆောင်ထားလေ့ ရှိသည်။

❑

၂။

မမနေသောတိုက်က ကျွန်တော်တို့ မြို့စွန်တွင် တည်ရှိသည်။ အပင်မျိုးစုံ ကြွယ်ဝသန့်စွမ်းသော ခြံတစ်ခြံအလယ်တွင် တည်ရှိသော တိုက်အိုတိုက်ဟောင်းတစ်လုံး ဖြစ်သည်။ ဒရိုင်ဘာ လင်မယားနှစ်ယောက် အဖော်အဖြစ်ရှိ၍ ယောက်ျားက ကားမောင်းကာ မိန်းမက အိမ်မှုကိစ္စအထွေထွေကို တာဝန်ယူဆောင်ရွက်ပေးသည်။ သူတို့သည် မမနှင့်အတူ ပါလာခဲ့ခြင်း ဖြစ်သည်။

မမသည် လူအများနှင့် ဆက်ဆံရာတွင် ဖော်ရွေမှုကင်းသဖြင့် မာနကြီးသူတစ်ယောက်ဟု အများက သတ်မှတ်သည်။ တကယ်တော့ လူအများနှင့် ရောရောနှောနှော မနေတတ်သော မမ၏ စိတ်က သီးသန့်ဆန်နေခြင်း ဖြစ်နိုင်သည်။ ဒရိုင်ဘာ၏ မိန်းမသည် မမနှင့်အတူ မြို့ထဲလိုက်သည့်အခါ မမနည်းတူ အေးစက်စိမ်းကားချင်ဟန်ရှိသော်လည်း မိန်းကလေးများ သဘာဝအတိုင်း တွေ့ရာလူနှင့် ဟိုအကြောင်း ဒီအကြောင်းပြောရင်း စကားလက်ဆုံကျလိုသော အရိပ်အယောင်များ သူမ၏ မျက်ဝန်းတွင် သိသာစွာ ခိုတွဲလျက်ရှိသည်။ ဒရိုင်ဘာကတော့ မိမိအလုပ်မှလွဲ၍ အခြားအရာများအပေါ် စိတ်ဝင်စားပုံ မပေါ်သလို တစ်စုံတစ်ယောက်နှင့် ရင်းနှီးကျွမ်းဝင် သွားဖို့ဆိုတာကိုတော့ သူ့အတွက် ကြီးသော ကိစ္စတစ်ခုဟု ယူဆထားဟန်ရှိသည်။

မမ ဘယ်လောက် ချမ်းသာသည်ကို ဘယ်သူမှ အတိအကျ မပြောနိုင်ပါ။ မမသည် ကျွန်တော်တို့မြို့ ရောက်သောအခါ မြို့၏ အဓိကလုပ်ငန်း ၃ ခုတွင် စပ်တူရှယ်ယာ ထည့်လိုက်သည်။ ထို့ကြောင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်စရာ မလိုတော့ပါ။ တချို့က မမအနေနှင့် ဘာစီးပွားရေး လုပ်ငန်းမျှ မလုပ်ဘဲ တစ်သက်လုံး ချမ်းချမ်းသာသာ နေသွားရန် အတွင်းပစ္စည်းများစွာရှိသည်ဟု ဆိုကြပြန်သည်။

သေချာတာကတော့ မမ အလှူအတန်း ရက်ရောခြင်းကို ဘယ်သူမှ မငြင်းနိုင်။ တချို့က ဒါကို အပြစ်ဆေးကြောခြင်း တစ်မျိုးဟု ကွယ်ရာတွင် ပြောကြသည်။ တစ်ခါတစ်ခါကျတော့လည်း မမ၏ အပြုအမူကို အားလုံး နားမလည်နိုင်ကြ။

တစ်နေ့...။

မမ မြို့ထဲကို ကားဖြင့်လာသောအခါ မမနှင့် မျက်မှန်းတန်းမိဟန်ရှိသော အလုပ်ကြမ်းလုပ်သူတစ်ဦးနှင့် တွေ့ရသည်။ သူက ရှေ့လမ်းမှာ ယာဉ်အသွားအလာ ရှုပ်ထွေး၍ ရပ်ထားသော မမ၏ကားနား ကပ်လာကာ နေ့တွက်မကိုက်၍ ကျန်ခဲ့သော မိသားစုအတွက် ညစာမဖူလုံကြောင်း ညည်းပြသည်။ အဲဒီအချိန်မှာ ကျွန်တော်က သူငယ်ချင်းများနှင့် မလှမ်းမကမ်းက လက်ဖက်ရည်ဆိုင်တွင် ထိုင်နေပါသည်။ မမ ခန္ဓာကိုယ်အပေါ်ပိုင်းကို ဘေးတစ်စောင်း မြင်နေရသည်။

မမသည် ၅၀၀ တန် ၄ ရွက် အလွယ်တကူပဲ ထုတ်ပေးလိုက်ပါသည်။ အဲဒီအဖြစ်ကို ညနေအလုပ်ပြီးချိန်ဖြစ်၍ ပြန်လာကြသော ထိုလူနှင့် ဘဝတူ အလုပ်ကြမ်းသမားများက မြင်ပြီး ဝင်ရောက်တန်းစီရာ မမက ၅၀၀ တန် တစ်ရွက်စီ ရက်ရောစွာပဲ ပေးနေပါတော့သည်။ မမငွေပေးနေတာ မြင်သော ပတ်ဝန်းကျင်မှ လူတော်တော်များများက မျက်လှည့်ပွဲတစ်ခုလို ကားအနားမှ ဝိုင်းအုံ၍ အလုအယက် လက်ဖြန့် ဝင်လာကြချိန်မှာတော့ ကားဒရိုင်ဘာက အလိုက်တသိနှင့် အလျှင်အမြန် ထွက်ခွာရပါသည်။

'သူ့ကိုယ်သူ လေဒီဒိုင်ယာနာ လုပ်ချင်တာ နောက်ဆုံးတော့ ထွက်ပြေးရတော့တာပဲလေ'

မမ၏ ကုသိုလ်ဖြစ် လှူဒါန်းမှုတစ်ရပ်သည် အဲဒီ မှတ်ချက်လေးနှင့်ပဲ တင်းတိမ်ရရှာတော့သည်။

မြို့၏ လူမှုရေး၊ တန်းရေးနှင့် သာရေး၊ နာရေးကိစ္စများတွင် မမ၏ နှမြောမရှိ ရက်ရောမှုက လူများ၏စိတ်တွင် တံဆိပ်ရိုက်နှိပ်ထားသလို ထင်းနေသော မမအပေါ်အမြင်တွေကို ပြောင်းလဲသွားစေဖို့တော့ မတတ်နိုင်ပါ။

ကျွန်တော်တို့မြို့တွင် နာမည်ကြီး မုန့်တံဆိပ်များအပြင် ကိုယ်ပိုင်မုန့်ဖိုဖြင့် ပုံစံမျိုးစုံ မုန့်များ ပြုလုပ်ရောင်းချသော မုန့်တိုက်တစ်တိုက် ရှိပါသည်။ မုန့်များမှာ ဈေးအနိမ့်ဆုံးမှ အမြင့်ဆုံးအထိ အမျိုးမျိုးရှိသည်။ လက်ရာကောင်းသလို အရသာလည်း ရှိသဖြင့် အဝယ်များသည်။ ကျွန်တော် အဲဒီဆိုင်လေးမှာ မုန့်သွားဝယ်သောနေ့က အဖြစ်အပျက်ကို သတိရမိ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျွန်တော်ကောင်တာမှာ ငွေရှင်းမည့်အချိန်တွင် ဆိုင်ရှင်ယောက်ျား ရောက်လာသည်။

'ကျွန်မ ရင်တွေ တုန်လိုက်တာရှင်၊ စောစောက ဟိုမိန်းမ မုန့်လာဝယ်တဲ့အချိန်၊ မုန့်ရောင်းတဲ့ ကလေးတွေ မအားလို့ ကျွန်မ ဝင်ရောင်းပေးလိုက်တာ အခက်အခဲတော့ မရှိပါဘူး။ ဒါပေမဲ့ ကျွန်မ သူ့အကြောင်းတွေ သိထားလို့လား မပြောတတ်ဘူး။ သူက အေးစက်စက်မျက်လုံးတွေနဲ့ ကျွန်မကို စိုက်ကြည့်နေတော့ ကျွန်မ ခြေဖျားလက်ဖျားတွေ ချက်ချင်း အေးစက်လာတယ်။ ဖြစ်နိုင်ခြေ မရှိပေမဲ့ တစ်ခုခု ဖြစ်တော့မယ်လို့ကို စိတ်ထဲက ထင်လာမိတယ်။ ဟိုမှာ သူ့ကား ရှိသေးတယ်'

ဆိုင်ရှင်မိန်းမ၏ လက်ညှိုးညွှန်ရာကို ဆိုင်ရှင်ယောက်ျားနှင့် ကျွန်တော် လှမ်းကြည့်လိုက်တော့ မုန့်တိုက်နှင့်မျက်စောင်းထိုး စတိုးဆိုင်ရှေ့တွင် ရပ်ထားဆဲဖြစ်သော မမကားကို တွေ့ရသည်။

'မဟုတ်သေးပါဘူး မိန်းမရာ၊ လူတစ်ယောက်ရဲ့ တချို့အတိတ်တွေက အနာဂတ်ကို လိုက်ပါလာလေ့ မရှိတတ်ပါဘူးကွ'

'ရှင်က အကောင်းမြင်ဝါဒသမားဆိုတော့ ဒီလိုပဲ ပြောမှာပေါ့။ ဒါပေမဲ့ အတိတ်တိုင်း မဟုတ်တာ သေချာတယ်။ ပြီးတော့ ဟိုမိန်းမရဲ့ အတိတ်က ရှင်ပြောတဲ့ တချို့ထဲ မပါဘူးလို့ တစ်မြို့လုံး လက်ခံထားတာ ရှင် မမေ့သင့်ဘူး'

ဆိုင်ရှင် ယောက်ျားစကားကို သူမက လက်ခံခြင်း မရှိပါ။

'ကဲ ထားပါတော့ကွာ။ မင်းနဲ့သူက အရင်က ပတ်သက်ခဲ့ဖူးလို့လား။ နောက်ကော ပတ်သက်စရာအကြောင်း ရှိလို့လား။ ကိုယ့်ဆိုင် လာအားပေးတဲ့ Customer တစ်ယောက်ကို Customer တစ်ယောက်လို့ပဲ မြင်ဖို့ ကြိုးစားစမ်းပါ မိန်းမရာ'

ထိုအခါကျမှ ဆိုင်ရှင်မိန်းမ နှုတ်ဆိတ်သွားပါသည်။

❑

၃။

ခြိုးခြံချွေတာခြင်းနှင့် အသားကျပြီးဖြစ်သော ကျွန်တော်တို့မိသားစုသည် အသားဆီပြန်ဟင်း အပါအဝင် ကောင်းမွန်သော ဟင်းလျာများနှင့် သိပ်ကျွမ်းဝင်လေ့ မရှိဘဲ၊ ဘဲဥချဉ်ရည်ဟင်း၊ ကန်စွန်းရွက်ကြော်၊ ငါးပိရည်နှင့် အတို့အမြှုပ်များဖြင့် မကြာခဏ မိတ်ဖွဲ့နေရသော်လည်း တစ်ခါမျှ စိတ်မကောင်းဖြစ်ခဲ့ခြင်း မရှိပါ။ အဖေ၏ ဝန်ထမ်းလစာ၊ အမေ၏ အိမ်နောက်ဖေး စိုက်ခင်းက ကျွန်တော်တို့ မိသားစုကို ထမင်းဝတ်စေသည့် အခြေအနေမျိုးရောက်အောင် ဆွဲချတာမျိုး မရှိခဲ့ဘူး မဟုတ်လား။

'သား ဟိုအိမ်ကို သတင်းစာပို့တဲ့အခါ သတိထားနော်။ ဟိုမိန်းမနဲ့ ရင်းရင်းနှီးနှီး မနေနဲ့နော်'

'ဟုတ်ကဲ့ မေမေ'

အဖေက ငါးပိရည်တစ်ဇွန်း ထမင်းပေါ်ဆမ်းပြီးနောက် အားနေသော လက်တစ်ဖက်ဖြင့် ကျွန်တော့်ခေါင်းကို ခပ်ဖွဖွ ဆုပ်ကိုင်ရင်း-

'သိပ်လည်း အစိုးရိမ်မလွန်ပါနဲ့ အမေကြီးရယ်၊ သားက စဉ်းစားဆင်ခြင်နိုင်စွမ်း ရှိပါတယ်ကွ'

ဟု ဝင်ပြောသည်။

'အို ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်ကတော့ သားအတွက် စိတ်ပူတယ်။ အန္တရာယ်ဆိုတာ ကြိုမြင်ရတာ မဟုတ်ဘူး'

ကျွန်တော် နွေရာသီ အပန်းဖြေခန်းမှ ပြန်လာပြီးနောက်တွင် ကျောင်းပိတ်ရက်များမှာ ဒီအတိုင်း မနေလိုသဖြင့် သတင်းစာ လိုက်ပို့သည့်အလုပ် ဝင်လုပ်နေခြင်းဖြစ်သည်။ ယခုအခါ မျက်မှန်းတန်းမိသွားပြီဖြစ်သော မမက သူမအနေနှင့် လိုအပ်သော အသေးအဖွဲ့ပစ္စည်းလေးတွေ မြို့ထဲက ဝယ်လာပေးဖို့ ကျွန်တော့်ကို မှာတတ်သည်။ ကျွန်တော်ကလည်း မပျက်မကွက် ဝယ်ခဲ့လေ့ရှိသည်။ မမသည် မကြာခဏဆိုသလို ကျွန်တော့်ကို သူမတိုက်ထဲခေါ်၍ မုန့်ကျွေးတတ်သည်။ ကျွန်တော်က တစ်ခါမျှ တွေ့မြင်ဖူးခြင်း မရှိသော (နိုင်ငံခြားမှ ပြုလုပ်ထားသည်ဟု ယူဆရသော) မုန့်အကောင်းစားများ စားရသည့်အခါ အဖေနှင့်အမေကို သတိရမိသည်။ ကျွန်တော့်မျက်ဝန်းထဲကမှ နောက်ဆံတင်းမှု အရိပ်အယောင်ကို အကဲခတ်မိသော မမက အိမ်ယူချင် ယူသွားလေ ဟု ပြောတတ်သော်လည်း ကျွန်တော် မယူရဲပါ။ အကယ်၍ မုန့်များ အိမ်ပါလာလျှင် အဖေနှင့်အမေကို မမနှင့် ကျွန်တော့်၏ ရင်းနှီးမှုကို ခြေရာခံဖို့ သဲလွန်စတစ်ခု ပေးလိုက်သလို ဖြစ်သွားနိုင်သည် မဟုတ်လား။

တစ်ရက် ကျွန်တော် မမဆီ သတင်းစာ အစောဆုံး ပို့ဖြစ်သွားသည်။ ပုံမှန်တိုင်းဆိုလျှင် မြို့ထဲက ပို့စရာကုန်မှ မမဆီ ရောက်ဖြစ်သည်။ အဲဒီနေ့အကြောင်း ပြန်စဉ်းစားလျှင် အခုချက်ချင်းပင် ကျွန်တော့်မျက်နှာ ပူလာဆဲ။

ကျွန်တော် မမတို့ခြံများ ရောက်ချိန်မှာ ရေလှုပ်ခတ်သံ ခပ်သဲ့သဲ့ကြားရသည်။ မမတို့ခြံထဲမှ ရေကူးကန်မှလာသော အသံဖြစ်နိုင်သည်ဟု ထင်နေဆဲ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်နဲ့ ရေပြင်ထိတွေ့ရာမှ ထွက်ပေါ်လာသော အသံဟု ပိုသေချာသွားပါသည်။

မမ...။

မမသည် အနက်ရောင် ရေကူးဝတ်စုံလေးဝတ်၍ ပေါ့ပါးဖျတ်လတ်စွာ ရေကူးနေပါသည်။ အနက်ရောင် ဆိုးထားသော သစ်ရွက်တစ်ရွက် ရေအလျဉ်မှာ တရိပ်ရိပ် မျောပါလူးလွန့်နေသလို ပါပဲ။ ကျွန်တော် ကြည့်နေစဉ်မှာပဲ မမက ရေကူးကန်ပေါင်တွင် တပ်ဆင်ထားသော စတီးလ်ဘားတိုင်များကို ခိုတွဲရင်း ဖျတ်ခနဲ ကန်ပေါင်ပေါ် တက်လိုက်ပါသည်။ ကျွန်တော့်ဘက်ကို နောက်ကျောပေး အနေအထားနှင့် ပေါ့။ ကျွန်တော့်ရင်ထဲ လှိုက်ခနဲ ဖြစ်သွားပါသည်။ မိန်းမတစ်ယောက်၏ နောက်ပိုင်းအလှကို ယခုလို သတိထက်လွတ်



www.burmeseclassic.com

www.burmeseclassic.com

နိုက်ငေးနေမိသည့်အတွက်လည်း ကိုယ့်ကိုယ်ကို ရှက်ရွံ့နေမိသည်။

မမသည် မလှမ်းမကမ်းတွင်ရှိသော ဒရင်းဘက်ပေါ်တွင် ဖြန့်ထားသော မွေးပွကိုယ်သုတ်ပဝါဖြင့် သူမခန္ဓာကိုယ်ကို ပတ်ရင်း ခြံအပြင်ဘက်ကို အမှတ်မထင် လှမ်းကြည့်လိုက်တော့ ကျွန်တော့်ကို မြင်သွားသည်။ကျွန်တော် သူခိုး လူမိသလိုဖြစ်ပြီး ဘာလုပ်ရမှန်းမသိဘဲ မမကို ပြုံးပြလိုက်ပါသည်။ မမဆီက စွဲမက်ဖွယ်အပြုံးတစ်ခု ချက်ချင်း ပြန်ရသည်။ မမ ကျွန်တော့်ကို စိတ်မဆိုးဘူးလား…။

မမ ခြံတံခါးဝဆီ လျှောက်လာချိန်တွင် ပန်းရုံနောက်မှာ အိပ်ပျော်နေဟန်ရှိသော မမ အချစ်တော် ခွေးနက်ကြီးက အစောင့်အကြပ်သဖွယ် နောက်မှ လိုက်ပါလာခဲ့သည်။ ဒီကောင်ကြီးကို မြင်တိုင်း ကျွန်တော် ကျောချမ်းသည်။ ကျွန်တော် ပထမဆုံးအကြိမ် သတင်းစာပို့သည့်နေ့က မမတို့အိမ်ထဲမှ လူတစ်ယောက်မှ ထွက်မလာခင် သူ ကျွန်တော့်ကို သဲကြီးမဲကြီး ထိုးဟောင်နေပုံကို ပြန်မြင်ယောင်မိသည်။ သူ့မျက်လုံးတွေကလည်း ရန်လိုဟန်ဖြင့် စူးရဲစွာ တောက်ပလို့။ သူ့သွားတွေက ဘယ်အရာကိုမဆို အလွယ်တကူ ကိုက်ဖြတ်စားသောက်နိုင်သည့် ပုံစံမျိုးနှင့်လေ။ အခုတော့လည်း မမ၏နောက်မှာ အမိန့်နာခံတတ်သော ကြောင်လေးတစ်ကောင်လို ငြိမ်သက်စွာ လိုက်ပါလာသည်။

မမ ကျွန်တော့်ဆီက သတင်းစာကို လှမ်းယူလိုက်ချိန်တွင် ရင်ရှားပတ်ထားသော ကိုယ်သုတ်ပဝါက အထက်ပိုင်းတွင် တဖြည်းဖြည်း လျော့ရဲကာ နိမ့်ဆင်းသွားသည်။ ဟာဗျာ…။ ဒါပေမဲ့ အဆုံးတိုင် လျော့ကျခြင်း မရှိပါ။ ကျွန်တော် အာခေါင်များ သွေ့ခြောက်လာပါသည်။ ကျွန်တော် ပြန်မှ ဖြစ်တော့မည်။

'ချာတိတ်… ဒီနေ့ စောသားပဲကွ'

'ဟုတ်ကဲ့'

ကျွန်တော် စကားဆက်မပြောနိုင်ပါ။ ကျွန်တော် ဖြုန်းခနဲ နောက်ပြန်လှည့်ကာ စက်ဘီးပေါ်တက်လိုက်တော့-

'ချာတိတ်… မာလကာသီး မယူတော့ဘူးလား'

တော်တော် အလိုက်မသိတဲ့ မမဗျာ။ ကျွန်တော် သွားမှ ဖြစ်တော့မှာဗျ။

'ဟင့်အင်း နောက်မှပဲ သွားပြီဗျာ'

မမတို့ခြံက မာလကာသီးသည် အလွန်ချို၍ အရင်က ကျွန်တော်တို့ ခြံထဲခိုးဝင်၍ ခူးစားကြသည်။ ခြံပိုင်ရှင်က မမတို့ မနေခင် ခြံကို အစောင့်ပင် မထားဘူး မဟုတ်လား။ ဒီနေ့တော့ အရင်ရက်တွေက ယူနေကျ မာလကာသီးကိုပင် ကျွန်တော် မယူဖြစ်တော့ပါ။

❑

၄။

မမသည် ကျွန်တော်တို့ ယောက်ျားလေးများ၏ စကားဝိုင်းထဲအထိ စိုးမိုးလာသည်။ ကျွန်တော် မမအကြောင်းကို သူတစ်ပါး ပြောဆိုတာ မနှစ်သက်နိုင်တော့ပါ။ မမအကြောင်းကို ကျွန်တော်တစ်ယောက်တည်းပဲ တွေးနေချင်ပါသည်။

'ငါတော့လေ… မမကိုသာရရင် အတိတ်က သူ ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ ခွင့်လွှတ်ပေးနိုင်တယ်'

'အမယ်…မမပိုင်တဲ့ စည်းစိမ်တွေ လိုချင်ရင် လိုချင်တယ် ပြောစမ်းပါ…'

'မင်းစိတ်နဲ့နှိုင်းပြီး မရိုင်းချင်နဲ့ကွာ၊ ငါက မမရဲ့ အလှကို ကိုးကွယ်ချင်ရုံသက်သက်ပဲ'

သူငယ်ချင်းနှစ်ယောက် ပြောနေကြတာ နားထောင်ပြီး ကျွန်တော် မခံစားနိုင်တော့ပါ။

'တော်ကြစမ်းကွာ၊ နားငြီးလာပြီ'

ကျွန်တော် သူတို့အနားမှ ထ,ထွက်လာခဲ့သည်။

'ဒီကောင် မနာလိုဖြစ်သွားတာလား'

မဟုတ်ဘူး၊ မမနှင့် ကျွန်တော်က ဘာမှ မဆိုင်ဘူး။

'သူငယ်ချင်းရေ မမက ဘယ်သူမဆို ကံစမ်းနိုင်တဲ့ ထီလက်မှတ်တစ်စောင်ကွ၊ ကံထူးတဲ့သူ ပေါက်မှာပဲ'

ကျွန်တော့် ရင်ထဲ အောင့်သွားသည်။ သူ ပြောတာ မှန်ပါသည်။ ဒါပေမဲ့ ကျွန်တော်တို့လို အဆင့်အတန်းမျိုး၊ အရွယ်မျိုးကို မမ စဉ်းစားလိမ့်မည် မဟုတ်ပါ။ ဒါပေမဲ့…ကံထူးသည့် မည်သူမဆို …။ ကျွန်တော် အတွေးနှင့်ပင် ရင်ထဲမှာ ခါးသွားသည်။ ဒီကောင်တွေကို မမနှင့် ကျွန်တော်၏ ရင်းနှီးမှုကို မပြောပြခဲ့မိသည့်အတွက်တော့ ကျေနပ်သည်။

❑

၅။

မမ ကျွန်တော်တို့မြို့မှာ မရှိတော့ပါ။ မမ အားလုံးကို ချန်ရစ်ထားခဲ့ပြီ။ မဟုတ်သေးဘူး။ အားလုံးက မမကို မြို့ကနေ ထွက်ခွာသွားခဲ့စေချင်တာပါ။ အဲဒီထဲမှာ ကျွန်တော် မပါ,ပါ။ ဒါပေမဲ့ မမ မြို့လေးမှာ ဆက်နေလို့ရအောင် ကျွန်တော် ဘာများ တတ်နိုင်ခဲ့လို့လဲ။

အဲဒီနေ့က လကွယ်ည ဖြစ်သောကြောင့် ပတ်ဝန်းကျင်သည် လိုအပ်သည်ထက် ပို၍ နက်ရှိုင်းစွာ မှောင်မိုက်နေ၏။ လေငြိမ်နေ၍ ပတ်ဝန်းကျင်တစ်ခုလုံး ပူနွေးခြောက်ကပ်နေ၏။ တစ်စုံတစ်ခု ဖြစ်ပေါ်ရန် သိပ်မစောလွန်း နောက်မကျလွန်းသော အချိန်အခါလည်း ဖြစ်သည်။

မမ ဧည့်ခန်းထဲမှ ဆိုဖာပေါ်တွင် ကျွန်တော်တို့ ရပ်ကွက်ထဲမှ တာတီးလေးသည် သတိလစ် မေ့မြောလျက်ရှိသည်။ တာတီးလေး၏ အမေသည် သားအပေါ် ပူပန်သောကကြောင့် မျက်နှာ အဆမတန် ပျက်ယွင်းလျက်ရှိသည်။ မမကတော့ ထူးခြားစွာ တည်ငြိမ်နေပါသည်။ ကျွန်တော် မမကို တစ်ခုခု ပြောစေချင်သည်။ လက်ရှိ အခြေအနေမှ မမကိုယ်မမ ပြန်ကယ်တင်နိုင်မယ့် စကားတစ်ခွန်းပဲဖြစ်ဖြစ်ပေါ့။

မမ၏ ဧည့်ခန်း မှန်ပြတင်းပေါ်တွင် အဝါရောင် မီးလျှံအရိပ်များ ထင်ဟပ်


www.burmeseclassic.com

www.burmeseclassic.com

လျက်ရှိသည်။ အဲဒီအရိပ်များသည် မီးတုတ်များမှ လာခြင်း ဖြစ်သည်။ မမ၏ခြံထဲတွင် မီးတုတ်များ ကိုင်မြှောက်ထားသော ယောက်ျားအချို့ မတ်တတ်ရပ်လျက်ရှိသည်။

'ယောက်ျားနဲ့ကလေးကို သတ်ပြီး ထောင်ထဲဝင်ခဲ့ဖူးတဲ့ မိန်းမတစ်ယောက်အတွက် နောက်ထပ် ဘယ်အရာကိုမဆို ကျူးလွန်ဖို့ ဝန်လေးတော့မှာ မဟုတ်ပါဘူး။ ကျွန်မပြောတာ မှားလား'

မုန့်ဆိုင်ရှင်မိန်းမ၏ စကားကို ထောက်ခံပြောဆိုသံများ ဆူညံစွာ ထွက်ပေါ်လာသည်။ မဟုတ်ဘူး။ ခင်ဗျားတို့အားလုံး မှားနေကြပြီ။ မမဟာ ခင်ဗျားတို့ ထင်သလို မရက်စက်ဘူး။ ကျွန်တော် ရင်ထဲက အကြိမ်ကြိမ် အော်ပေမဲ့ အသံက ထွက်မလာပါ။

'ကျွန်မကို ပျော်ရွှင်မှုထက် နာကျင်မှုတွေကို အမြဲတစေပေးခဲ့ပြီး စိတ်ဒဏ်ရာရရှိအောင် အကြိမ်ကြိမ် ပြုလုပ်ခဲ့တဲ့ ကျွန်မယောက်ျားကို သတ်ခဲ့တဲ့အတွက် အပြစ်ဒဏ် ခံယူခဲ့ပြီးပါပြီ။ ကျွန်မယောကျ်ားနဲ့ ပါလာတဲ့ ကလေးဟာ ကိုယ့်သွေးသားရင်း မဟုတ်ပေမဲ့ ကျွန်မသမီးပါပဲ။ သမီး လှေကားပေါ်က မတော်တဆ ပြုတ်ကျသေဆုံးခဲ့ရတယ်ဆိုတာကို ရှင်တို့ လက်မခံချင်ပေမဲ့လည်း အဲဒါ ကျွန်မအတွက် အမှန်တရားတစ်ခုပါပဲ'

မမသည် သူမအား ဝိုင်းအုံကာ ရန်စောင်နေသော လူအုပ်ကို ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိဘဲ တည်ငြိမ်စွာ ရင်ဆိုင်နေပါသည်။ ဒါပေမဲ့ မမမျက်လုံးများ ရီဝေလာခြင်းကိုတော့ မမကိုယ်တိုင် ထိန်းချုပ်နိုင်ခြင်း မရှိပါ။ မမကို အယုံအကြည် မရှိသောလူများက ထင်မြင်ယူဆချက်အမျိုးမျိုးကို တစ်ယောက်တစ်ပေါက် အလုအယက်ပြောဆိုလျက် ရှိနေပြီဖြစ်ရာ မမ၏ တိုက်ထဲတွင် ဆူညံသံမျိုးစုံ ပဲ့တင်ထပ်လျက် ရှိသည်။ နောက်ဆုံး သူတို့အားလုံး၏ တူညီသော ဆန္ဒက မမနှင့်အတူ တစ်မြို့တည်း အတူတကွ မနေနိုင်တော့ခြင်း ဖြစ်သည်။

❑

၆။

ကျွန်တော် မမနေခဲ့ဖူးသော ခြံရှေ့ကို ဖြတ်လျှောက်မိချိန်တွင် တိုက်ဆိုင်စွာပဲ မမကျွန်တော်တို့မြို့က မထွက်ခွာခင် နောက်ဆုံးနေ့က ကျွန်တော့်ကို လက်ဆောင်ပေးခဲ့သော အဖြူရောင်အင်္ကျီလေး ဝတ်မိလျက်သား ဖြစ်နေသည်။

မမတို့ခြံထဲက မာလကာပင်သည် ယခုအချိန်ထိ အရသာချိုမြိန်သော မာလကာသီးများ ဆက်လက်သီးနေဆဲ ဖြစ်သည်။ ကျွန်တော် မာလကာပင်ကို အမှတ်မထင် ငေးနေမိစဉ် လူရိပ်တစ်ရိပ်ကို ဖြန်းခနဲ တွေ့လိုက်သည်။ သေချာအောင် ထပ်ကြည့်လိုက်တော့ ကလေးတစ်ယောက် ဖြစ်နေသည်။ လက်ထဲမှာလည်း မာလကာသီးတွေနှင့်။ မာလကာသီး ဝင်ခူးခြင်း ဖြစ်လိမ့်မည်။ ဘယ်ရပ်ကွက်က ကလေးမှန်း ကျွန်တော် မသိပါ။ အင်းလေ ခြံပိုင်ရှင်က အစောင့်မှ မထားတာဘဲ။ ကျွန်တော် ငယ်ငယ်တုန်းကလည်း ဒီလိုပဲ ခိုးဝင်၍ မာလကာသီး ခူးနေကျ မဟုတ်လား။

သေချာတာကတော့ တာတီးလေး မဟုတ်တာဘဲ။ တာတီးလေး ဖြစ်ခဲ့လျှင်လည်း သူ့ဆီကို တစ်ဟုန်ထိုးပြေးဝင်လာမယ့် ခွေးနက်ကြီးမှ မရှိတော့တာဘဲလေ။ အဲဒါကြောင့် တာတီးလေးလည်း အကြောက်လွန်ပြီး သတိလစ်မေ့မြောစရာမလို။ ပြီးတော့ မမလည်း သူ့ခွေးကြီးကို အချိန်မီဝင်တားပြီး မေ့မြောနေသော တာတီးလေးကို သူ့အိမ်မှာ ပြုစုပေးစရာ မလိုတော့ဘူးပေါ့။

'ချာတိတ် အဖြူရောင်အင်္ကျီလေးကို မင်း စ,ဝတ်တဲ့အချိန်မှာ ဖြူစင်သန့်ရှင်းမှုအရသာကို မင်းနဲ့မင်းပတ်ဝန်းကျင်က ခံစားတွေ့ရှိရလိမ့်မယ်။ အချိန်တွေ တဖြည်းဖြည်း ကြာလာတော့ အကြောင်းအမျိုးမျိုးကြောင့် စွန်းထင်းညစ်ပေမှုတွေဟာ အဖြူရောင်ပေါ်မှာ ဟိုတစ်ကွက်၊ ဒီတစ်ကွက် ရှိလာလိမ့်မယ်။ အဲဒါကို မင်း ငြင်းဆန်ချင်လို့ မရဘူး။ မင်းအနေနဲ့ ပြုလုပ်နိုင်တာ တစ်ခုက အင်္ကျီလေးကို ပြန်လျှော်ဖွပ်ပြီး သန့်စင်အောင် ပြုလုပ်တာပါပဲ။

'ဝမ်းနည်းစရာကောင်းတာတစ်ခုက တချို့အညစ်အကြေးတွေဟာ အကြိမ်ကြိမ် လျှော်ဖွပ်ပေမဲ့လည်း သန့်စင်မှု မရှိတော့ဘူးလို့ လူအများစုက ယုံကြည်ထားကြတယ်။ သူတို့က တစ်ကြိမ်တစ်ခါမှ စွန်းထင်းမှုမရှိတဲ့ ပကတိအဖြူရောင်ကိုပဲ တန်ဖိုးထားတတ်တာလေ။ အဲဒီအတွက် မင်း ဘယ်တော့မှ မတုန်လှုပ်မိပါစေနဲ့။ မင်းသာ မင်းရဲ့ စွန်းထင်းမှုတွေကို ပြန်လည်သန့်စင်သွားအောင် လျှော်ဖွပ်နေမယ်ဆိုရင် မင်းရဲ့လိပ်ပြာက အရာရာကို ရင်ဆိုင်ရဲတဲ့ သတ္တိတစ်ခု ပေးပါလိမ့်မယ်'

ကျွန်တော် မမပြောခဲ့သော စကားများကို ပြန်ကြားယောင်နေမိသည်။

ကျွန်တော့်ရှေ့က လမ်းမသည် သိပ်သည်းသော အမှောင်ထုတစ်ခု ဖြန့်ကြဲရင်းကြိုဆိုနေပါသည်။ အမှောင်ထုသည် ကြီးမားလွန်းသော အခါ ပတ်ဝန်းကျင်ကို ပီပြင်ထင်ရှားစွာ မြင်နိုင်ဖို့ ခက်ခဲသွားသည်။ လပြည့်ညဆိုသည်မှာ နေ့တိုင်းအတွက် မရှိနိုင်ပါ။ ကျန်ရက်များမှာ တိမ်မဖုံးသရွေ့တော့ လရောင်ကို ရရှိမှာပါ။ အမြဲတမ်းအတွက်တော့ ကြယ်ပွင့်လေးများရဲ့ မှိန်ဖျော့သော အလင်းရောင်ကိုပဲ အားကိုးရမှာပေါ့။ ကျွန်တော်သည် စိတ်မှတ်မဲ့စွာပဲ ကိုယ်ပေါ်ဝတ်ထားသော အဖြူရောင်အင်္ကျီလေးကို လက်ဖြင့် စမ်းလိုက်မိသည်။ ထိုအခါ ကျွန်တော့်၏လက်က အမှောင်ထဲမှာ ဖြစ်သော်လည်း ပြန်လည်လျှော်ဖွပ်မြဲ ဖြစ်ပေမဲ့ သိပ်မပြောင်စင်သေးသော လက်ဝဲဘက် ရင်အုံပေါ်က ညစ်ပေနေဆဲဖြစ်သော အင်္ကျီအသားစကို ကိုင်မိလျက်သား ဖြစ်နေပါသည်။ ■

ပြွမ်းနေ



www.burmeseclassic.com

www.burmeseclassic.com

# စာနဒီစာအုပ်တိုက်

RIVER PUBLISHING HOUSE

## စာနဒီစာအုပ်တိုက်မှ ထွက်ရှိပြီး စာအုပ်များ

- **အဲဘာရီအရှင်ဝိရိယ[တောင်စွန်း]**
  ဘာသွေးစည်းမှုအောင်ပွဲနှင့် အာဇာနည်တို့လာရာလမ်း/ ၉၀ဝိ -
  ဗုဒ္ဓာတစ်ခြမ်းကိုပြောင်းလဲစေခဲ့သောသာမဏေနှင့်
  သဿတဲ့ကျေးဇူး / ၂၀၀ဝိ -
- **ငြိုး(ဒဿန)**
  အနုပညာအာရုံခံစားမှုနှင့် အနုပညာဝေဖန်ရေး
  Aesthetics and Philosophy of Art Criticism
  by Jerome Stolnitz / ၂၂၀ဝိ -
- **အထွန်း**
  အနာဂတ်ကာလ မပွင့်သေးသောဘုရားများအား
  ဖူးသင့်မသင့်နှင့်ဘာသာရေးဖြတ်ထုံးများ / ၁၂၀ဝိ -
  သိဂုဏ်နှင့် သီဟိုဠ်မွေဝတ္ထုတိုများ / ၁၅၀ဝိ -
- **ဦးထွန်းဝေ(ဝန်ကြီးဟောင်း)**
  မိန်းတွင်းပျောက်စေဆေးရာကြီး ရပ်စပြုတော် / ၂၀၀ဝိ -
- **အမတ်ကြီးဦးတင့်ဆွေ**
  မိုးတာရေစီးစိတ်ထား / ၇၀ဝိ -
- **သီတာ(စမ်းချောင်း)**
  တစ်မ်းလက်ဆင့်ကမ်း Message to Teen / ၂၀၀ဝိ -
  ဆယ်ကျော်တို့ ဆုံးဖြတ်ရမည့် အရေးကြီးဆုံးအချက်(၆)ချက် / ၂၀၀ဝိ -
- **ဆင်းထွန်းဇော်**
  သစ်ကနက်သားကြောင်နက်ရုပ်နှင့်သည်းထိတ်ဖိုဝတ္ထုတိုများ / ၁၆၀ဝိ -
- **ချက်တွမ်းခြံကုန်း**
  ဗုဒ္ဓကြီးကတောင်ကန်မြောက်ကန် / ၁၂၀ဝိ -
  သိရင်စက်မယ် / ၁၅၀ဝိ -
- **ချက်ဆည်မောင်မောင်**
  အာလွတ်လပ်ရေးသမိုင်းဝင်စစ်မြေပြင်ခရီးကြမ်းနှင့်
  ကိုယ်တွေ့မှတ်တမ်း / ၂၅၀ဝိ -
- **သင်မိုး**
  ဦးတာလေးနဲ့ မနီ / ၃၀၀ဝိ -
  တောက်မှ သရဇီသို့ / ၁၂၀ဝိ -
  သင်မိုး၈၀ ကဗျာ၈၀ / ၂၀၀ဝိ -
- **ဆင်းဝေနိုင်(ဟင်္သာတ)**
  အရှင်တို့စကား အရှင်တို့တရား / ၁၅၀ဝိ -
- **ဆင်းငြိမ်း**
  စစ်ကြောင်းရေးတစ်ကြောင်းခြစ် / ၃၅၀ဝိ -
- **ဒေါက်တာအရှင်သာမိန**
  မြတ်ဗုဒ္ဓ၏ မြေတော်ရာစက်(၁၀၈)ကွက် / ၃၀၀ဝိ -
  ချက်ရည်တွေဘယ်ကိုရောက်နှင့်
  ဘာသာရေးအတွေးဆောင်းပါးများ / ၂၀၀ဝိ -
- **ကံထွန်းသစ်**
  အနာဂတ်ကိုထွန်းညှိခြင်းနှင့်
  သမိုင်းရှိသောနေ့စွဲများ / ၂၅၀ဝိ -
- **နတ်စည် (ကံထွန်းသစ်)**
  ဘုန်းနှင့်ကံနှင့်လူငယ်တွေ ကာရိုက်တာပြပွဲ / ၂၅၀ဝိ -
- **သာထက်အောင်**
  တွေးမိသမျှ ပေးမိသမျှ ရေးမိသမျှ
  သူတို့ဆီက ကျွန်တော့်အတွေးအကြံ
  (ဩဇာစောလှုအတွေးအကြံဆောင်းပါးများ) / ၃၅၀ဝိ -
- **ဒဂုန်တာရာ**
  ကိုအောင်ဆန်း၊
  (ဗိုလ်ချုပ်ဓာတ်ပုံအထူးမွတ္ထိ၊ ပုံပေါင်း ၄၀၀ ခန့်ပါဝင်သည်) / ၄၅၀ဝိ -
- **ဒေါက်တာရန်မျိုးသိမ်း**
  ၂၀၁၅ ခုနှစ်အလွန်NLDနှင့် သမ္မတဖော်လမ်း / ၂၅၀ဝိ -
- **မောင်သိန်**
  ရုပ်ပွားတော်ကိုးကွယ်မှုနှင့်အကျိုးအာနိသင်များ / ၂၅၀ဝိ -
- **ဝဏ္ဏသီရိ**
  ချုပ်ရာငြိမ်းရာ / ၁၀၀ဝိ -
- **နှစ်ဖက်လှ ဦးကျော်လွင်**
  ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာအမေးနှစ်ရာအဖြေနှစ်ထောင် / ၂၅၀ဝိ -
  နှစ်ဘက်လှ တဏှာသိုလ်တရားများ / ၄၀၀ဝိ -
  မျက်မှောက်ခေတ်ဘာသာရေးနှင့်
  ကျွန်ုပ်တို့၏ သုံးသပ်ချက် / ၁၂၀ဝိ -

## ယခုထွက်ရှိသည့် စာအုပ်များ

- **တင်မောင်မြင့်**
  ကန်သာရေရိပ်မှာ
  In the Pond by Ha Jin / ၁၅၀ဝိ -
- **ပေလေးပင်နတ်မှီတောရ အရှင်ဆန္ဒာဓိက**
  မေတ္တာစစ်သည်တော် / ၁၅၀ဝိ -
- **မသီတာ(စမ်းချောင်း)**
  မပြယ်မယ့် စကားများ
  IMMORTAL WORDS
  by Terry Breverton / ၃၅၀ဝိ -










ဆိုရေး—စာနဒီစာအုပ်တိုက်၊ အမှတ်—၉၇၃၊ ပျဉ်းမမြိုင်လမ်း၊ ၃၄ ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့။
ဖုန်း—၀၉ ၅၀၇ ၁၁၉၆၊ ၀၉ ၅၀၇ ၁၁၉၇။

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ချိန်တန်သည့်အချိန်မှာ
ဘာမဆိုဖြစ်ကိုဖြစ်လာရသည့်
အမှန်တရားဖြစ်သည့် နိယာမအတိုင်း
သဘာဝသည် လောကကြီးကို
ပြုပြင်ပြောင်းလဲ
နေရာ ပေးလျက်ရှိသည်။
**ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း**။
အလွန်ထင်ရှားခဲ့သည့် မောင်သာရ၏
ဝတ္ထု၊ ဒါရိုက်တာ မောင်ဝဏ္ဏက
ရုပ်ရှင်အဖြစ် အသက်သွင်းလိုက်ရာ
၁၉၇၂ ခုနှစ်အတွက် အကောင်းဆုံး
ဒါရိုက်တာဆုကို ရရှိခဲ့သည်။
အကယ်ဒမီ မောင်ဝဏ္ဏ။ သူ၏ဖခင်
သာခုဆိုလည်း **ကကြီးရေက**
တစ်ကားတည်းနှင့် အကယ်ဒမီ
ရရှိခဲ့သည်။ မောင်ဝဏ္ဏမှာလည်း
ပထမဆုံးတစ်ကားတည်းနှင့်
ရုပ်ရှင်လောကမှာ
လူလားမြောက်ခဲ့ရသည်။
**ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း**။
အပြောမင်းသား မြတ်လေးနှင့်
ခရာတာတာ မင်းသမီး မြတ်မွန်တို့
သရုပ်ဆောင်အားပြိုင်မှု
အတွဲညီခဲ့သည်။ ဆိုရသော်
ဝတ္ထုကလည်း ပြောစရာမရှိ၊
သရုပ်ဆောင်အားကလည်း ပီပြင်၊



## အလွမ်းသီချင်းရေးတဲ့
# မောင်သာရ
## ဇေယျာကမ်းအလှပန်းချီနှင့်
## ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း
### (ဝတ္ထုသီချင်းများ)


မောင်ဝဏ္ဏ တင်ပြပုံအယူအဆကလည်း
သပ်ရပ်သေချာခဲ့သည်ဖြစ်ရာ
**ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း**
ဆိုသည့်ဝတ္ထု၏ ရုပ်ရှင်သို့
အကူးအပြောင်းမှာ အထူး
ကောင်းမွန်ခဲ့သည်ဟု ဆိုရပါမည်။

မောင်သာရက သူရေးသည့် ဝတ္ထုတိုင်းလိုလို သေချာလေ့လာသုံးသပ်ပြီး ရေးတတ်သူဖြစ်သည်။ ဒါကြောင့်လည်း ခေတ်ပေါ်လူငယ်ပရိသတ် ဗိုင်းဗိုင်းလည် သည့် စာရေးဆရာဖြစ်လာခဲ့ရသည်။ 'ပရိသတ်နဲ့ နီးစပ်ထိတွေ့မှုရှိမှသာ အနုပညာ ပိုမိုရှင်သန်စေတယ်' ဆိုသည့် သူ့အယူအဆကလည်း ရှင်သန်မှု အရှိန်ပိုကောင်း သည် မဟုတ်လား။ အဓိပ္ပာယ်မရှိသည့်နိုင်ငံရေးအကြောင်းတရားများကြောင့် သာလို့ ခပ်ခွာခွာနေခဲ့ရပေမဲ့ မောင်သာရဆိုသည့် ရှိရင်းစွဲနာမည် ပျောက်ကွယ်မသွား



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ဟိုတလောကပင် လင်းလွန်းခင်စာပေတိုက်မှ ဦးသိန်းလွင်၏ ပြန်လည်ဖော်ထုတ်မှုနှင့် သူ့ဝတ္ထုနှစ်ပုဒ် ပြန်ထွက်ခဲ့သည်။ **အသည်းညွန့်မှာ ကွန့်မြူးသည့်လိပ်ပြာ** နှင့် **ယုန်နဲ့အတူပြေး ခွေးနဲ့အတူလိုက်**။ ဒီလိုပရိသတ်အကြိုက်တွေ ပြန်ပြီး တွေ့မြင်ဖတ်ရှုခဲ့ရသည်။ ပြည်သူချစ်လျှင် ကမ္ဘည်းတင်မည်ဆိုသည့်အတိုင်းပါပဲ။ ဒီနေ့ထုတ်ဝေသူတို့သည် မရောင်ရာ ဆီလူးနေသည့်ခေတ်ကို မျက်မှန်းကျိုးနေပုံရသည်။ ပြည်သူအတွက် သေချာမှုရှိသည့်ခေတ်ကတော့ ဖြစ်လာဖို့နီးပါပြီ။ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ အလိမ်အညာကို အကြိမ်ကြိမ် အခါခါလုပ်ခြင်း စသည့် ဖြစ်မှုတွေနှင့် အရောင်တင်နေသည့်ခေတ်တစ်ခုကတော့ သူ့စရိုက်နှင့်သူသွားရတော့မည်ဖြစ်သည်။

ပြောချင်သည်က ဒီကားထဲက ဇာတ်ဝင်တေးတစ်ပုဒ်အကြောင်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

ဒီကနေ့ရုပ်ရှင်ကားတွေ၏ ဇာတ်ဝင်တေး တွေ ဖျက်ဆီးခံနေရတာ နေရာတိုင်းမှာ ပြောနေကြသည်။ ဇာတ်နှင့်လိုက်လိုက်၊ မလိုက်လိုက် အပြင်မှာ နာမည်ကြီးသည့် သီချင်းကို ဖြတ်ညှပ်အသုံးပြုခြင်းကလည်း ရုပ်ရှင်သွားလမ်းကို ဖျက်စေပါသည်။ ရှေ့က စာဆိုတို့၏ အကြောင်းမဲ့ဖျက်ခြင်း လည်းဖြစ်သည်။ ဝတ္ထုကိုလည်း ဖျက် စရာမလိုပါ။ ဇာတ်လမ်းအရ သီချင်း ကိုလည်း အလွယ်တကူပြီးပြီးရော လုပ် စရာမလိုပါ။ အနုပညာရှင်ကို နောက် ထားပြီး အရင်းရှင်က ရှေ့တက်စရာ မလိုပါ။ သူ့နေရာနှင့်သူ အံဝင်ခွင်ကျဖြစ် ဖို့ စနစ်နှင့်ခေတ်ကို လိုအပ်သည်ဟု ပြောရပါတော့မည်။

အနုပညာဆိုတာ ရေရှည်ပစ္စည်း ဖြစ်ပါသည်။ ဖြတ်လမ်းက ကံမစမ်း သင့်ပါ။ ဒီကနေ့ ဘာကြောင့် ရုပ်ရှင် ကျဆုံးသွားရသလဲ၊ ဇာတ်ဝင်သီချင်း ကိစ္စလည်း ပါပါသည်။ မကောင်းတာ ကိုမှ တန်ဖိုးထားတတ်သည့် ခေတ်နှင့် တော့ ဘုန်းကြီးရှူးနှင့် လေ့လူးလိုပါပဲ။

ဝတ္ထုသီချင်းများ ရေးမည်ပြင် တော့ မောင်သာရ၏ ဒီဝတ္ထုကို ရွေး ချယ်ခဲ့ပါသည်။ နဂိုကတည်းက ကျုပ် ကိုယ်တိုင် မောင်သာရ ပရိသတ်။ ရှိစေ တော့ ရေးဖို့မလွယ်မှန်း သိပေမဲ့ မလွယ် တာကို လုပ်ရမှ ပင်ကိုအားပါမယ်လို့ ထင်သည်။ ကျုပ်တို့က ခက်ခက်ကိုမှ လိုချင်ခဲ့ကြသည့် လူတွေ။

မောင်သာရ၏ ပညာပါသည့် ရေး သားမှုနှင့် မောင်ဝဏ္ဏ၏ရဲရင့်သွက်လက် သည့် အယူအဆနှင့် တင်ပြပုံကလည်း ကျုပ်ကို တွန်းအားပေးခဲ့ခြင်းဖြစ်ပါသည်။ နောက်တစ်ခုပြောရမည်ဆို မောင်ဝဏ္ဏ ၏ဂီတမှုုရွေးချယ်မှု အနုပညာစိတ်ကူး ဖြစ်သည်။ ဆိုပါတော့ ဒီဇာတ်ကားမှာ စန္ဒရားလှထွတ်ကို ဇာတ်နှင့် အံဝင်ခွင်ကျ နေရာထားပြီး ဇာတ်နှင့် လိုက်ဖက်စေ သည့် *ဓေယျာကမ်းအလှယန်းချီ* သီချင်း ကို အပ်နှံခဲ့ခြင်းကိုက ဇာတ်ကို ခိုင်ခိုင်မာ မာ ဖြစ်စေခဲ့သည်။ ပြီးတော့ အကြောင်း အရာပြည့်စုံသည့်သီချင်းတစ်ပုဒ်ဆိုတာ နေရာအနှံ့ ပေါက်မြောက်ပေါ်လွင် ဂန္ထဝင်တွင်နေရမည် မဟုတ်ပါလား။ အနုပညာကို တန်ဖိုးထားတတ်သည့်လူ ဖြစ်မှ လူကို အနုပညာက ပြန်လည် ချီးပမှာလည်း ဖြစ်သည်။

ဇာတ်လမ်းအရ မြတ်မွန်က စိတ် ဝေဒနာရှင်၊ မြတ်လေးက မြတ်မွန်ကို တာဝန်ယူစောင့်ရှောက်ကုသနေရသည့် စိတ္တဇဆေးရာဝန်။ ဒေါက်တာ အုန်းမောင် တို့လိုပေါ့။ ဒီလို ကုသနေရင်း စိတ်ပြေ လက်ပျောက် သူတို့နှစ်ယောက် ဘုရား ဖူးဖို့ စစ်ကိုင်းဘက် ထွက်ခဲ့ကြသည်။ ဘုရားပေါ်မှာ မာမာအေး နောက်ခံအဆို နှင့် မြတ်မွန်သရုပ်ဆောင်ခဲ့ရသည့် သီချင်း။ မြတ်လေးက လူနာပုံရိပ်ကို တွေးတောကြံဆငေးမောရင်း စဉ်းစား ခန်းဝင်နေပုံ၊ ကြည်နူးစရာကောင်းသည့် ပတ်ဝန်းကျင်က မြတ်လေးစိတ်ကို အဖော်ပြုထားသည်။ မြတ်မွန်က သီချင်း အားနှင့်အတူ အလွမ်းအသောကို ပုံစံပြု ပြေးလွှားပျော်မြူးနေပေမဲ့ မြင်ရသည့် ပတ်ဝန်းကျင်က မီးလောင်ရာ လေပင့်နေ သလို။ ကြည့်ပါလား။ သူ့မြင်ကွင်းရှေ့ မှာက ဧရာဝတီမြစ်ကြီး ဖြတ်ပြီးစီးဆင်း နေသည်။ လွမ်းစရာပုံရိပ်၊ ဒီနိမိတ်ပုံ တွေက ဇာတ်ကို အထောက်အကူပြု ပေါ်လွင်အောင် အခုအခံပေးနေသည်။ ဇာတ်ဆောင်နှင့်အလိုက် ဇာတ်ဝင်သီချင်း ကိုက ပရိသတ် ရင်ကိုကြည်နူးချမ်းမြေ့ စေပါသည်။

*ရေဇလာနဒီ ဧရာဝတီ ဓေယျာ ပြည် စစ်ကိုင်းတောင်တစ်ခွင်လုံး ဝန်း ပတ်ရံလည်၊ ပုထိုးဘုရားစေတီ၊ ဘိုး ဘွားအမွေတည်၊ အကျိုးပွားစေရည်၊ တည်ထားနှစ်များတာရှည်၊ တစ်မျှော် တစ်ခေါ်သာပဲ ရှုလို့မဆုံးတော့ပြီ။*

*ဆောင်းတွင်းပန်း ပွင့်လန်းဝေစီ တင့်ဆန်းနေသည် မကြွေစေချင်ပါ သည်။ အို..လေ လှပုံထူးပါလို့ သင်း ပျံ့ဆင်းရနံ့ကြည်၊ တောင်လုံးမြိုင်လုံး ကြိုင်မဆုံးဝေဆာသည်၊ ဧရာဝတီ ခွေ ကာလည်၊ ရစ်သန်းလို့သာ စီးဆင်းသည်။ စစ်ကိုင်းတောင်တော်မဟီသဘာဝအလှ အပတွေနဲ့ ကြည်နူးမဆုံးပါပြီ။*

*ဘယ်ဝယ်ဆီ တမ်းတကာ မှန်းဆ ကာ လွမ်းရပ့ါမည်။ (ဘယ်ဝယ်)ဆီ တမ်းတကာ မှန်းဆကာ လွမ်းရပ့ါမည်။ မသိနိုင်ဘူးအတည်၊ ငှက်အသွင် တောင်ပံဖြန့်ချီ၊ အထက်တစ်ခွင် တောင် ကမ်းပါးယံအနှံ့ဆီ၊ အို…လေး…လေ ပျော်မဆုံး သေလာဇွေမဟီ၊ အို… လေ… လေ ပျော်မဆုံး ဧရာဝတီ၊ နေခြည်အနွေး ထုံးဖြူဖြူဖွေးပါတဲ့ စစ်ကိုင်းတောင် ဓေယျာကမ်းလှယန်းချီ။*

*ဧရာဝတီ ရေဇလာနဒီ၊ မြစ်ရေဖွေး ဖွေးဝယ်၊ ငှက်သမွန်လှေကလေး စီးကြ မည်။ သောင်ယံဆီ၊ ပြောဲ တောင်ပံချီ ခွန်းချိုတေးဖွဲ့သီ၊ ငှက်မောင်နှံပျော်မြူး ကြပြီ။ စစ်ကိုင်းတံတားဘက်ဆီကို သူ လာမလားလို့ မျှော်မှန်းမိသည်။ အဝေး ဘယ်ဝယ် ဘယ်ဆီမောင်ရောက် နေမလဲ မေ မသိပြီ။ ကမ္ဘေကမ္ဘာတည် ရေဇလာ နဒီ၊ ဧရာဝတီ၊ သက်သေညွှန်း ပြုရည်၊ နောက်တစ်ခါမှာ အတူ ဖူးပါရစီ။*

*(ဘယ်ဝယ်ဆီ… မှန်းဆကာ… …. ဓေယျာကမ်းအလှယန်းချီ)*

အတော်ကို နောက်လူတွေ အတု ခိုးဖို့ကောင်းသည့် သီချင်း၊ သီချင်း ရေးသည့်နေရာမှာ ဘက်စုံကောင်းသည့် စန္ဒရား လှထွတ်၊ ရုပ်ရှင်သီချင်းဆိုတာ ဒီလိုရှိတယ်လို့ ပြလိုက်သည့်အတိုင်းပါ ပဲ။ သိပ်ကို ကြီးကျယ်လှပါသည်။ ပြီးစလွယ် ခေတ်နှင့်တော့ ပညာရှင်နှင့် က မဖြစ်။ ရှေ့ကကောင်းပြီး နောက်က မလိုက်နိုင်သည့် အချောင်ခိုခေတ်၊ အချောင်သမားတွေ လူဖြစ်၊ ပိုက်ဆံ ပေးနိုင်လျှင် ဘာမဆို ရနိုင်မှတော့ ဘာမှမဖြစ်တာ ဘယ်သူမှ မဟုတ်ပါ ဘူး။ ပရိသတ်ပြည်သူတွေပဲ ဖြစ်သည်။ ဒါတွေ ပြောနေလို့လည်း ကျွဲပါးစောင်း တီးဖြစ်ပေရော့မည်။ ဇာတ်ကိုပဲ ပြန် ဆက်ကြည့်ရအောင်။

စိတ္တဇဝေဒနာရှင် မြတ်မွန်၏ မသိ စိတ်မှာ မြတ်လေးကို ကြိုက်နှစ်သက် နေပုံရသည်။ ဒီပုံစံဖြစ်နေတော့ သီချင်း အားနှင့် သရုပ်ဆောင်မှုလိုက်ဖက်ပြည့်စုံ



www.burmeseclassic.com

www.burmeseclassic.com

နေသည်ဟု ခံစားရသည်။ သီချင်းသာ ပြီးဆုံးသွားပေမဲ့ ပုံရိပ်က မျက်စိထဲမှာ ပေါ်လွင်နေတုန်း။ နှလုံးသားထဲမှာ ကိန်းဝပ်ကျန်ရစ်သည်။ စစ်ကိုင်းတောင်ကြီးနှင့် ဧရာဝတီမြစ်ကြီးကား အလွန်မှ တင့်တယ်လိုက်ဖက်သည့် ဆေးသားအစုံ အလင်ဖော်ပြသည့် ပန်းချီကားတစ်ချပ်။ နောက်ထပ် ဒါမျိုးသွားကြည့်မှ တွေ့နိုင်ပါလိမ့်မည်။

ဟိုတုန်းက ဇာတ်ကားတွေ၊ ဟိုတုန်းက ဒါရိုက်တာတွေ၊ ဟိုတုန်းက ဂီတမှူးတွေဆိုတာ ဘာလို့ကောင်းခဲ့ကြသနည်း။ ငွေကို ရှေ့တန်းမတင်ဘဲ အနုပညာကို ရှေ့တန်းတင်၍ ဖြစ်သည်။ မြန်မာဆိုတာ ခေတ်အဆက်ဆက် ကြိုးစားခဲ့ကြပေမဲ့ အုပ်ချုပ်သူက မြင်နိုင်မှ မြင်သည်။ ဒါတောင် တော်ပါသေးရဲ့၊ မောင်ဝဏ္ဏဆိုတာကို မြင်တတ်လို့။ အခုခေတ်လို အကယ်ဒမီရုပ်တွေ သာပေါများရင် အရင်ကာလကတည်းက စန္ဒရား လှထွတ်ပါ အကယ်ဒမီ ရနိုင်ပါလိမ့်မည်။ သူ့ခမျာ အကယ်ဒမီ ရသွားတာ တကယ်ကို နောက်ကျခဲ့ပါသည်။ ကျုပ်ဆိုလျှင်တော့ ဒီလိုတော်သည့် ပညာရှင်တွေဆို အလကာ်ာ ကျော်စွာဘွဲ့တောင် ပေးလေမလားမသိ။ ပညာရှင်ဆို မိုးလွန်မှ ထွန်ချတတ်သည့် ခေတ်က လသာတုန်း ဗိုင်းမငင်တတ်ပါ။ သူတို့ဘာသာသူတို့တောင် ဝေစုမတည့်ဖြစ်နေသည်။ အချိန်တန်လို့ ပေးနေကျပေးနေတာလေးကိုပဲ ပညာရှင်တွေ အလှည့်ကျ စောင့်ရပါတော့မည်။

စိတ်လွတ်လပ်မှ အနုပညာ ဖြစ်သည်။ ဘယ်သူတွေ ဘယ်လို ဟန်ဆောင်ကောင်းနေကြပေမဲ့ အနုပညာသည်ချင်းကတော့ ဘယ်သူဘယ်လောက်ရှိတယ်ဆိုတာ လွှတ်တော်ထဲ စာရင်းသွားပြနေစရာ မလို။ သူ့နေရာနှင့်သူ အနုပညာကို ထုတ်ဖော်ပြသနေကြစမြဲ။ ပညာရှိလျှင်ပွဲလယ်တင့်ကြစမြဲ။ စန္ဒရား လှထွတ်က ဒီသီချင်းနှင့် ပရိသတ်ကို ဆုတ်ပြခဲ့သည့် အဆိုတော်တစ်ယောက် ရှိခဲ့သည်။ မြန်မာ့အသံဆိုတာ မြန်မာသံ အဆိုတော်တို့ မွေးဖွားရာဒေသ၊ မြန်မာ့အသံအဖွဲ့မှ *ဧယျာကမ်းအလှယန်းချီ* နှင့် ရွှေဘိုက ရီရီသန့် အဆိုတော်ဖြစ်လာခဲ့သည်။ အသံနိုင်မှ မဏ္ဍိုင်ဖြစ်သည့် မြန်မာ့အသံ။ တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဖျော်ဖြေရေး အစရှိသည့် ကိစ္စအဝဝကို ပြည်သူကြား ဒိဋ္ဌရောက်ရအောင် စီးဆင်းဆက်သွယ်ပေးနေသည့် တစ်နိုင်ငံလုံးအကျိုးဆောင်ဒေသ၊ ပြည်သူ့အတွက် မြန်မာ့အသံလို့ ဆိုထားသည် မဟုတ်လား။ ဆိုရသော် အဓိပ္ပာယ်ရှိသောနေရာ။ အများအတွက် ရပ်တည်ပေးသောနေရာ။ အခုတော့…။

ရေစီးကြောင်းဆိုတာ ကောင်းတာရော မကောင်းတာရော အကုန်တိုက်စားမှာပဲ ဖြစ်သည်။ လာကတည်းက အင်နှင့်အားနှင့် အဲဒီအားမှာ ပြည်သူ့အတွက် ဖြစ်ပါသလား။ လူ တစ်စုကောင်းစုဖို့နေရာတော့ မဖြစ်စေချင်ပါ။ ရေ၌ အသက်ရှင်ရသည့်ငါးအဖို့ ထိုနေရာမှာ ရေမခန်းခြောက်စေချင်ပါ။ သူကြီးဘုရား ရွာသားကောင်းမှုသာသိစေ၊ ဖြစ်စေချင်ပါသည်။ မြန်မာ့အသံကြီးမရှိသည့်နောက် မြန်မာ့အသံတွေဆိုတာ ကုန်းပေါ်က သဲပူပူပေါ် ပစ်လိုက်သည့်ငါးတွေလို ဖျပ်ဖျပ်လူးပြီး အရှူးမီးဝိုင်းခဲ့ရပါပြီ။ ခင်ဗျားတို့ ယဉ်ကျေးမှုကတော့ ဟန်ဆောင်ပန်ဆောင် ဂီတလောက်တောင် အနုပညာမဆန်ပါလားဗျာ။ ဗုံမဟုတ် ပတ်မဟုတ် မတ်တတ်ရပ်နေရာကနေ လုံချည်ကျွတ်ပြီး ငုတ်တုတ်ကြီး ထိုင်နေရသလို အဲဒီအဖြစ်တွေကိုတော့ ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်းပေးရမှာပေါ့ဗျား…။

စဉ်းစားကြည့်လျှင် ခင်ဗျားတို့လည်း စဉ်းစားကြည့်ပါ။ ဘယ့်နှယ် မစဉ်းစားသည့်လူတွေကို သွားပြီး စဉ်းစားခိုင်းနေပါလားလို့ ကျုပ်ကတော့ အပြောခံရတော့မည်။ သူများသွား မစဉ်းစားခိုင်းနှင့်။ ကိုယ်တိုင်ပဲ စဉ်းစားကြည့်ပါလား။

**ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း** ရိုက်တုန်းက ဧရာဝတီဟာ ခုလောက်မှ ပုံဆိုးပန်းဆိုးမှ မဟုတ်သေးတာ။ အချိန်မီ သိရ၍ ဒီလောက်ကျန်တာ ကျေးဇူးတင်။ စန္ဒရား လှထွတ်က ဧရာဝတီကို နဂိုအတိုင်း လှလှပပမြင်ခဲ့တာ။ ဒါကြောင့် သူ့သီချင်းက ချောနေသည်ပေါ့။ ဒါတောင် မေခ၊ မလိခနားက အနီးကပ်မြင်ရသည့် အလှမဟုတ်ဘူး။ စစ်ကိုင်းတောင်ပေါ်က မြင်ရရုံလေး ရှိသေးသည်။ နို့… ဘယ်လိုဖြစ်ရတာလဲ။ ပသို့ဆိုစေ ခုတော့ လွှတ်အရုပ်ဆိုးသွားပြီ။ ထဘီကျွတ်လို့ လွှတ်လိုက်သလိုပေါ့ဗျာ။ နံ့သာဖြူတုံးကို အိုးမဲလာသုတ်ကြသလိုပေါ့။ ကြည့်ပါလား။ ဧရာဝတီ ရာဇဝင်ထဲကလို မတက်ကြွတော့။ သီချင်းထဲကလို မလှပတော့။ အသားထဲက လောက်တွေနှင့် အဖြူကောင်တွေ လူယောင်ဆောင်ထားနှင့်ကြဦး။ မင်းတို့အဖေကိုနိုင်တာ မင်းတို့အမေ ရှိသေးတယ်နော်။

ကျုပ် ရေးမည့် *ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း* သီချင်းကတော့ စန္ဒရား လှထွတ်ရေးသည့် *ဧယျာကမ်းအလှပန်းချီ* လို နူးညံ့လိမ့်မည်ဟုတော့ မထင်လိုက်ပါနှင့်။ လူတွေအကြောင်း ပြောမှာ။ ဆဲပြောမှာ မဟုတ်ပါဘူး။ ခွဲပြောမှာပါ။ မနည်းမနော ရှာကြံပြောစရာမှ မလိုဘဲ။ တည့်တည့်ကြီးပဲ ပြောမှာပါ။ ကျုပ်လည်း လူပဲ။ လူအကြောင်းတော့ သိတာပေါ့။ ဆိုရှယ်လစ်လည်း လူ၊ နဝတလည်း လူ၊ လူထဲမှာနေလျှင် ဘယ်သူမဆို လူလို သိတတ်ရမည်ပေါ့။

မောင်သာရ၏ **ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း**ဝတ္ထုကို ကျုပ် စ,တင်ဖွင့်ဖတ်လိုက်ပါသည်။ အလဲ့… စ, ကတည်းက ယဉ်သကိုး။ ဝတ္ထုခေါင်းစဉ်ကို ရှေ့နောက် ပြောင်းတိပြောင်းပြန် စီထားတာ တွေ့ရသည်။ ဒါ မောင်သာရ၏ Idea ပဲ ဖြစ်မည်ဟု ကျုပ် တွေး



www.burmeseclassic.com

www.burmeseclassic.com

လိုက်မိသည်။ သူက ဆန်းသစ်သည့် အယူအဆရှိသူ ဖြစ်သည်။ စိတ္တဇဝတ္ထု ဆိုတော့လည်း စိတ္တဇဟန် ထည့်ထားရမှာလည်း ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ကျုပ်အတွက် သူ့လိုပဲ Idea ရခဲ့သည်ဆိုလျှင်ပဲ စာရွက်ပေါ်မှာ သီချင်းအဖွင့်ကို ဒီလိုပဲ ချရေးပစ်လိုက်သည်။

*'ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း*
*ဖိနပ်စီးကတ္တီပါ ဆောင်းရွှေထီး*
*ရွှေထီးဆောင်း ကတ္တီပါဖိနပ်စီး*
*ဆောင်းရွှေထီး(ဖိနပ်စီး ကတ္တီပါ)/*
*ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း*
*ဆောင်း… ဆောင်း…'*

အစ ၊ အတွက်ကတော့ ဟုတ်သွားပြီ။ ကျုပ်တို့ရေးသည့်သီချင်းတစ်ပုဒ်၏ အင်အားဆိုသည်က စ ၊ ထွက်ကတည်းက အားရှိပါးရှိ ပြေပြစ်ချောမွေ့ဖို့ လိုသည်။ ဒါပေမဲ့ ကျုပ် စဉ်းစားမိတာ တစ်ခုရှိသည်။ ဒီသီချင်းက ခင်ဗျားတို့ သိဖို့ ရေးတာဆိုတော့ အများကြိုက်ပြီး လိုရင်းကိုတော့ ထိဖို့ လိုပါလိမ့်မည်။ ကျုပ်၏ အနုပညာညို့အားကို ခင်ဗျားတို့ ဖမ်းမိနိုင်ပါစေဗျာ။

အရေးအကြောင်း မနိုင်မနင်း ဖြစ်ပြီဆို ကျုပ်ဆရာတွေကို သတိရစမြဲ။ ဟုတ်သည်။ စန္ဒရား ချစ်ဆွေ။ ဒီသီချင်းအတွက် သံစဉ်ကို သူ့အကူအညီတောင်းမှဖြစ်မည်။ ဒီလို စိတ်ကူးမိလိုက်သည်။ တစ်ချိန်က မြတ်လေးနှင့် စန္ဒရားချစ်ဆွေတို့၏ *ပင်လုံထိပ်ထားဦး* သီချင်းကို ပြန်အမှတ်ရနေသည်။ ဓာတ်ပြား ၃ ပြားတွဲ (Long Play)ကြီးဖြစ်သည်။ သံစဉ်အနိမ့်အမြင့်အတက်အဆင်းတွေက ပညာသားပါ လှပါဘိ။ နားထောင်လို့လည်း အရသာရှိလှပါသည်။ စန္ဒရားချစ်ဆွေအဆိုနှင့်မြတ်လေးအရေး၊ မြန်မာတေး၏ ပုံစံတစ်မျိုးကို စမ်းသပ်တီထွင်ခဲ့ခြင်းလည်း ဖြစ်သည်။ ကျုပ် ဒါကိုအားကျခဲ့သည်။

၁၉၇၈ ခုနှစ်လောက် ဖြစ်မည်ထင်သည်။ ပန်းဆိုးတန်းက ဆိပ်ကမ်းအလုပ်သမားဘားသို့ စန္ဒရား ချစ်ဆွေခေါ်၍ ကျုပ် လိုက်သွားခဲ့သည်။ ဟိုရောက်တော့ ဒါရိုက်တာ မောင်ဝဏ္ဏ၊ စာရေးဆရာ အောင်ပြည့်နှင့် အဆိုတော်ကိုတင်လှိုင်တို့ထိုင်နေတာ တွေ့ရသည်။ ရန်ကုန်မြစ်ပြင်ကိုလည်း ဖြတ်သန်းတိုက်ခတ်လာသည့် လေနုအေးက ကျုပ်တို့အားလုံးကို နွေးထွေးစေပါသည်။

ဝိုင်းဖွဲ့ စကားပြောကြဆိုကြရင်းနှင့် ရုပ်ရှင်တေးတစ်ပုဒ်ဖြစ်သည့် *ပင်လုံထိပ်ထားဦး* အကြောင်း ရောက်သွားသည်။ မောင်ဝဏ္ဏနှင့် ကိုအောင်ပြည့်တို့က အတော်ကို ကြိုက်နှစ်သက်ခဲ့ပုံရသည်။ ရုပ်ရှင်သီချင်းဆိုတာ ဒါမျိုးမှ အရသာရှိတာဆိုပြီး မောင်ဝဏ္ဏက ရင်ဖွင့်သည်။ မြန်မာနိုင်ငံ ရုပ်ရှင်လောကမှာ ဒီလိုအင်ပြည့်အားပြည့် အနုပညာပစ္စည်းတွေရှိအောင် ဖန်တီးနိုင်မှ တိုးတက်ပြောင်းလဲလာမှာဖြစ်ကြောင်း ကိုအောင်ပြည့်က ဖြည့်စွက်သည်။ မောင်ဝဏ္ဏ ထပ်မံဖြည့်စွက်လိုက်ပုံက လိုရင်း ဖြစ်သည်။

'ကျွန်တော်တို့မှာ ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်တွေ ရှိပါတယ်။ ယဉ်ကျေးမှု မရှိတဲ့လူမျိုးမှ မဟုတ်ဘဲ။ ကိုယ်ပိုင်ဇာတ်တွေ ရှိတယ်။ နည်းတွေရှိတယ်။ ကမ္ဘာ့အဆင့်အတန်းလည်း မီချင်တယ် ဘာညာပြောနေကြတယ်။ ကမ္ဘာဆိုတာ မြန်မာနိုင်ငံရဲ့ အပြင်ဘက်မှာရှိတာ မဟုတ်ပါဘူး။ မြန်မာနိုင်ငံက ကမ္ဘာထဲမှာပါ။ မြန်မာနိုင်ငံရဲ့ မြန်မာစစ်တဲ့ အဆင့်အတန်းဟာ ကမ္ဘာ့အဆင့်အတန်းပါပဲ။ ကျွန်တော်တို့ ယဉ်ကျေးမှုစစ်စစ်ကို ခေတ်မီနည်းပညာနဲ့သာရိုက်၊ ကမ္ဘာကို မီတာပဲ။ မြန်မာလူမျိုး အကျင့်စရိုက်ကို အထင်သေးပြီး အနောက်နိုင်ငံမှ အထင်ကြီးမယ်ဆိုရင် မဟုတ်သေးဘူး'

မောင်ဝဏ္ဏက သူ့စကားမဆုံးသေးမီ လက်ကျန်ကို မော့ပစ်လိုက်သည်။

'ဒီတော့ဗျာ၊ ဂျပန်က ကမ္ဘာကို မီတယ်ဆိုတာ ဂျပန်နည်းနဲ့ မီတာပါ။ အမေရိကန်နည်းနဲ့ မီတာ မဟုတ်ပါဘူး။ အိန္ဒိယက အမေရိကန်ကို မီတာလည်း 'တို့က အိန္ဒိယပဲဟေ့'ဆိုပြီး သူ့ယဉ်ကျေးမှုကိုပြနိုင်လို့ မီတာပါ။ ကျွန်တော်တို့က အဆင့်အတန်း မြင့်ချင်ရင် သူတို့ကို ကိုယ့်နည်းနဲ့ပဲ ပြပါ။ ဟောင်ကောင်ကားပုံစံလိုက်ရိုက်ကြရင် ဟောင်ကောင်ရဲ့နောက်လိုက်ပဲ ဖြစ်မှာပေါ့။ သူတို့က ဓားခုတ်လို့ ကျွန်တော်တို့က လိုက်ခုတ်စရာမလိုပါဘူး။ ကျွန်တော်တို့မှာ ဝါးရင်းတုတ်ရှိသားပဲ။ ဝါးရင်းတုတ်နဲ့ ရိုက်တာကို ကြည့်ကောင်းအောင် ရိုက်တတ်ရင် ကြည့်မှာပဲ။ ကျွန်တော်တို့လူမျိုးက ဝါးရင်းတုတ်နဲ့ နိုင်ငံတော် ထူထောင်ခဲ့ဖူးတာပဲ'

ကျုပ်ခေါင်းထဲ ဦးအောင်ဇေယျ ပြေးမြင်လိုက်သည်။ *'ဦးအောင်ဇေယျယင်း ပထမနေတာ မုဆိုးဖိုခေါ် ရွာကလေးပါခင်ဗျ။ အမျိုးသားများ တိုးပွားစရာ နိုးကြားစွာ အောင်မြင်ဆောင်ရွက်လာ၊ ဇာတိ ကမ္ဘာ့သိ ပါရမီရှင်တောင် ထွက်ခဲ့ဖူးတဲ့ ရွာကလေးပါ'* နန်းတော်ရှေ့နှင့် ကိုအံ့ကြီးဆိုသည့် အမျိုးဘာသာယဉ်ကျေးမှု အခံ့အထည် မျက်နှာကြီးတွေကိုလည်း သတိရသွားမိသည်။

'ဒါကြောင့် သူတို့လို အဆင့်မြင့်လာဖို့ဆိုတာ ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ တီထွင်ရမှာပဲ။ မထွင်ဘဲ သူများနောက်လိုက်နေတဲ့ ကာလပတ်လုံး သူများနောက်လိုက်တွေဖြစ်နေမှာပဲ။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ်ပိုင်ဟန်ကလေးတော့ ပေါ်လာဖို့ လိုပါတယ်'

ကွယ်လွန်သွားခဲ့ပြီဖြစ်သည့် ဒါရိုက်တာ မောင်ဝဏ္ဏ၊ စကားပြောတတ်လို့ အပြောသမားလို့ပြောရင်ပြော၊ သူ့ရင်ထဲမှာတော့ ဘက်စုံသည့်သဘောတရား အပြည့်အစုံရှိသည်။ သူတို့ဖခင် စာရေးဆရာ၊ ဒါရိုက်တာ သာဓုက စ ၊ လို့ သဘာဝအုပ်စုဆိုတာ ပေါ်ပေါက်လာခဲ့သည်။ စုပေါင်းသည့် ညီညွတ်မှုနှင့် မိသားစု တစ်ပိုင်တစ်နိုင် အနုပညာခိုင်မာခဲ့ကြသည်။ ဒါကြောင့်လည်း အနုပညာလောကမှာ သဘာဝကျသည့် အဖေတူသား ဒါရိုက်တာတွေ၊ စာရေးဆရာတွေ၊ ရုပ်ရှင်သရုပ်ဆောင်တွေ ထူးခြားထိုးထွက် ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်မဖြစ်မီ **ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း** ဝတ္ထုမျက်နှာဖုံးကလည်း ...ခြားခဲ့သည်ဟု ဆိုရပါမည်။ အပြင် ... အဒေါ်လေး ချောမောလှပသည့် ...ကလေးတစ်ယောက်၏ပုံကို မျက်နှာ ...လေးတွေချည်း ဓာတ်ပုံရိုက်ယူပြီး ...ခေတ် နာမည်ကြီးလှသည့် ပန်းချီ ...င်လှဝင်းက အဖုံးဒီဇိုင်းဆွဲထားခြင်း ...ဖြစ်သည်။ ကြည့်လိုက်တာနှင့် စိတ္တဇ ...န်းချီကားလား ထင်မှတ်ရသည်။ ...န်းချီ တင်လှဝင်းတို့ တော်ပုံ၊ တတ်ပုံ ... အခုထိ ကဗျာဆန်လှသည်။

အနုပညာကောင်းမှ တန်ဖိုးထား...သူ များလာပါလိမ့်မည်။ ပန်းချီ မောင် ...မောင်သိုက်၊ စံတိုး၊ ဝသုန်နှင့် တင် ...မောင်မျင့်တို့ကိုလည်း လွမ်းဆွတ်မိ ...သည်။ မောင်ဝဏ္ဏပြောသလို ကိုယ် ...ကိုယ်တိုင် အဆင့်အတန်းရှိမှ အနုပညာ ...အဆင့်အတန်း ရှိနိုင်ပါလိမ့်မည်။ ပေါင်း ...သီညွတ်မှုကသာ ကမ္ဘာကို မြန်မာက ...စိုးမိုးနိုင်ပါလိမ့်မည်။ သာမုဏ်သဘာဝ ...အုပ်စုကို ကြည့်လိုက်ပါ။ မောင်ဝဏ္ဏ၊ ...သူမောင်၊ မင်းလူ၊ ဟိုး *မောင်* သီချင်း ...ရေးသွားသည့် ဗီဒီယိုဒါရိုက်တာ အာယု၊ ...ကွယ်လွန်သွားကုန်ပြီဖြစ်ပေမဲ့ မြန်မာ ...နိုင်ငံအတွက် အနုပညာအမှတ်တရတွေ ...ချန်ထားရစ်ခဲ့ကြသည်။ အများအလိုကျ ...ပြည်သူ့အလိုကျ ပေးဆပ်နိုင်မှုကသာ ...စကြဝဠာကိုထိ ရောက်စေနိုင်ပါသည်။

သူ့အကြောင်း၊ သူ့ပါရမီနှင့်သူ ...တာတာကို ဘယ်အရာနှင့်မှ တားဆီး၍ ...ရနိုင်ပါ။ ဒီနေရာမှာ အားလုံး သိပြီး ...ဖြစ်သည့် သာဓကတစ်ခုကို ပြောချင်ပါ သည်။

ဗုဒ္ဓဖြစ်စဉ်သမိုင်းအရ သိဒ္ဓတ္ထ မင်းသားကို ပုဏ္ဏားဖြူ ပုဏ္ဏားညိုတွေ က ဖွားမြင်ပြီး ဇာတာတွက်ချက်လိုက် သည့်အခါ 'ဘယ်အချိန်၊ ဘယ်ကာလ၊ ဘယ်နေ့မှာ ဘုရားအဖြစ် ရောက်တော်မူ လိမ့်မယ်' လို့ အတပ်ဟောကြားခဲ့ သည်။ သုဒ္ဓေါဓနမင်းကြီးအနေနှင့် သိဒ္ဓတ္ထမင်းသားကို လေးကျွန်းစကြဝဠာ ကို အုပ်စိုးနိုင်သည့် စကြဝတေးမင်း ဖြစ်စေချင်သည်။ ဒါပေမဲ့ သိဒ္ဓတ္ထမင်း သားကတော့ လောကီအာရုံ ကာမဂုဏ် တွေကို စွန့်လွှတ်ပြီး အများကောင်းစား ရေးအတွက် ပါရမီကံ ရင့်သန်ခဲ့သူပီပီ ဗုဒ္ဓဘုရားအဖြစ်ကို ရတော်မူခဲ့လေသည်။

ဖြစ်စဉ်နှင့်ပါရမီဆိုတာ မည်သည့် အရာနှင့်မျှ တားဆီး၍မရနိုင်ပါ။ လာရာ လမ်းအတိုင်း လားရာကိုသာ ဦးတည် တတ်ကြလေသည်။ ပါရမီတော်အရ လုံ့လ၊ ဝီရိယ၊ ဖွဲ့နှင့်လိုရာကို ရောက်ရှိဖို့ ကြိုးပမ်းအားထုတ်မှုကသာ အဓိက ကျသည်မဟုတ်လား။ ကျုပ်တို့ နိုင်ငံ၏ တစ်နိုင်ငံလုံး ရွှံ့ရွှံ့နစ်ခဲ့သည့်အလွှမ်းကို ဘယ်သူဖြေသိမ့်ပေးနိုင်ပါသနည်း။ ဆွဲ ယူကယ်တင်ပေးနိုင်သည့် ပုဂ္ဂိုလ်မှသာ အများအတွက် ပါရမီဖြည့်ပေးနိုင်သူလို့ ဆိုရပါမည်။ ကျုပ်တို့ကိုယ်တိုင်က လည်း နိုင်ရာနိုင်ရာ ပါရမီနှင့်ဝိုင်းဝန်း တည်ဆောက်ရာ ပါဝင်ရပါလိမ့်မည်။ ကောင်းရာလုပ်ဖို့ ပြင်သည့်လူတိုင်း အတွက် ကောင်းသည့်ဘက်က ရပ်တည် ရပါမည်။ ဒီလိုလူ့စိတ်ဓာတ်ကသာ အမြတ်ဆုံး ဖြစ်ပေလိမ့်မည်။

ယနေ့ ချမ်းသာကြွယ်ဝပြီး အာ ဏာရှိသည့် ပုဂ္ဂိုလ်တွေဆိုတာ **ကတ္တီပါ ဖိနပ်စီး ရွှေထီးဆောင်း** ထဲက မြတ်မွန် လို အကြောင်းကံကြောင့် စိတ်ကစဉ့် ကလျားဖြစ်နေကြသူများ မဟုတ်ပါ။ မြတ်မွန်အဖြစ်ကို မြင်တွေ့ထိစပ်ရသည့် မြတ်လေးလို ဆရာဝန်တစ်ယောက် အနေနှင့်လည်း သနားညှာတာထောက် ထားမိတာ လူ့စိတ်ဓာတ်ပင် မဟုတ်ပါ လား။ *'စာနာသနားရာမှ သူ့အပေါ် စေတနာပိုတယ်၊ ကြင်နာသနားရာမှ သူ့ အပေါ် အကြင်နာပိုတယ်'* ဆိုသည့် သီချင်းကလေးလိုပေါ့။ မောင်သာရက ဝတ္ထုကို ဒီလိုပုံစံဖန်တီးထားတာဖြစ်လို့ မောင်ဝဏ္ဏကလည်း ဒီအတိုင်းဖြစ် အောင် အသက်သွင်းခဲ့တာပဲ ဖြစ်သည်။

တစ်ဦးနှင့်တစ်ဦး စေတနာ၊ မေတ္တာ၊ အကြင်နာတရား ထားရှိမှုကသာ အရာ ရာကို လွယ်ကူချောမွေ့ပြီး ပြီးမြောက် အောင်မြင်စေမှာ ဖြစ်သည်။

ဇာတ်လမ်းထဲမှာ မြတ်မွန်က အခြေခံ လူတန်းစားဘဝထဲမှ ပေါက် ဖွားခဲ့သူဖြစ်သည်။ ဆင်းရဲတာ အားငယ် စရာ မဟုတ်ပေမဲ့ ဘဝပေးအခြေအနေ အရ အိမ်ထောင်ပြုချိန်ရောက်လာသည့် အခါ ချစ်သူ (သက်နောင်) နှင့် အကြောင်းဆိုက်ပြီး ခိုးရာလိုက်ပြေးခဲ့ကြ ခြင်းဖြစ်သည်။ *'စွန့်စားမှုဆိုသည်များ ရယ် အချစ်စစ်အချစ်မှန်တရားအတွက် အားဆေးတစ်ခုပါကွယ်'* လို့ ဆိုရပေမဲ့ မိမိ ဆင်းသက်တွေ့ကြုံခဲ့ရသည့် အခြေ အနေကို ပြန်တွေးကြည့်မိလိုက်မှ အဖြေ က ဦးနှောက်စားဖို့ ဖြစ်ခဲ့ရတော့သည်။ လက်ခနဲ ခေါင်းထဲဝင်လာသည့်အသိက ချစ်သူကို ခုချက်ချင်း အိမ်ပြန်ပို့ပေးဖို့ပဲ ဖြစ်သည်။ မိဘ၊ ညီအစ်ကို၊ မောင်နှမ တွေ၏ဆွဲအားက အသည်းကြားမှာ လှုပ် ခတ်လာခဲ့သည်။ ဖြစ်ချင်တာ မဖြစ်ပေမဲ့ ဖြစ်ချင်ရာလည်း ဖြစ်ဖို့ မလိုတော့ပါ။ အချိန်မတန်ခင် အိမ်ပြန်ဖို့ပဲ ဖြစ်သည်။

ခေါင်းသည် အိုးထိန်းစက်သို့ လည်ရလေပြီ။ ဒီသောကနှင့်ပဲ မြတ်လေးရှိသည့် စိတ္တဇဆေးရုံရောက်ခဲ့ ရချေပြီ။ ထီမပေါက်ခင် စိတ်ကူးယဉ် ဘဝက ပျော်မဆုံးရှိခဲ့ရပေမဲ့ တကယ် တမ်း ထီပေါက်စဉ်နှင့် တိုက်ကြည့်မှ လွဲရသည့်အဖြစ်ထက် ဆိုးမည် ထင် သည်။ စိတ်က မဟုတ်မှန်း သိပြီဖြစ် သည်။ ကြေကွဲမှုက လေထဲ ရောက် သွား၊ ပျောက်သွားပြီ ဖြစ်သည်။ အတူ စား၊ အတူသွား၊ မိသားစုဘဝဆိုတာ သံယောဇဉ်ဖြတ်ဖို့ အတော်ကို ခက်လှ ပါသည်။ သံယောဇဉ်ဆိုတာ ဖြတ်မရ သည့်ကြိုး ဆိုပါတော့။ ဒီလို ကြိုးမျိုး ထက် မြင့်သည့်ကြိုးနှင့်များ ငြိလေဦး မလား၊ မသိစိတ်ကတွေးရင်း မြတ်လေး ကို တွေ့ရသည်။

မြတ်လေးမှာ ဆရာဝန်သိက္ခာ ရှိ သည်။ စိတ်ကစဉ့်ကလျားဖြစ်နေသည့်



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက်အလှူ (၁၁) မျိုး၊ဘက်စုံအလှူ(၁၁၁၀၀၀/–)နှုန်းနှင့် ထာဝရငွေပင် ငွေကျပ်၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့် နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျူစွာချောင်
ဖုန်း၀၇၂–၂၂၀၃၄၊၀၇၂–၂၁၅၄၁၊၀၉–၆၄၆၁၆၉၉၊၀၉–၉၁၀၄၁၇၁၇

### မန္တလေး

ဦးမြင့်စိုး(စိုးပုလဲပွဲရုံ) ဖုန်း၀၉–၉၁၀၂၁၇၈၈၊ ဒေါ်တင်ဝင်း(လှထု)ဖုန်း၀၂–၃၉၇၁၇၊ ဒေါ် ရီရီမြင့်(သွင်စက်မှု)ဖုန်း၀၉–၂၀၀၁၇၁၇

### ရန်ကုန်

သီရိသုဓမ္မသီဂီဒေါ်ခင်သန်းမြင့်(ပဝင်းရတနာ၊ ဗိုလ်ချုပ်ဈေး။ ဖုန်း၀၉–၇၃၂၀၂၈၁၀)၊

ဒေါ်ယဉ်သန်း(အမှတ်၁၊ ငွေကြာရံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း၀၉–၅၁၅၂၂၇၇)

ဒေါ်ခင်စန်း(အမှတ် ၇၊ AMBO Hotel, ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း၀၉–၅၁၂၂၀၀၃)

ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၁–၂၂၀၅၁၉၊၀၉–၇၃၀၇၂၄၉၂)

ဒေါ်မြင့်မြင့်စန်း(အမှတ် ၀၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း၀၁–၅၁၉၅၀၉၊၀၉–၇၃၁၀၉၁၃၄)

ဒေါ်စန်းစန်းဒိုင်(Real Gems)(အေ–၁၀၊ အမှတ် ၂၃–၂၅၊ ဂျိုးဖြူရိပ်သာ၊ ဂျိုးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း၀၁–၂၅၂၂၇၂၊၀၉–၅၀၀၂[illegible]

ဒေါ်စန်းစန်းမေ(မဟာမြိုင်ဆေးတိုက်)(အမှတ်–၉၁၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်။ ဖုန်း၀၁–၂၃၀၀၄၂၇၊၀၁–၂၃၀၀၄၂၀)

ကလျာမဂ္ဂဇင်းတိုက်(ဖုံးချိန်)(အမှတ် ၁၆–ပထမထပ်၊ ဦးအောင်မြတ်လမ်း၊ သိမ်ဖြူကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း၀၁–၂၉၀၁၇၆)

## လှူဒါန်းကြတဲ့ အလှူရှင်များစာရင်း

၂၆၆။ ဒေါ်ခင်စက်၊ (သမီး)ဒေါ်ယဉ်ယဉ်ညွန့်၊ 'ယဉ်စမ်းကျော်' မိသားစု၊ ၅,၀၀,၀၀၀/–
အမှတ် (၁၆၆–A) ပထမထပ်၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ (ငါးသိန်း)

၂၆၇။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးနှင့် မိဘများဖြစ်သော ဦးလက်ပွား+ဒေါ်ဝမ်ဖွေတို့အား ရည်စူးအမျှုထား၍ သမီး ဒေါ်စန်းစန်းဆွေ မိသားစု ကောင်းမှု၊ ၆၀,၀၀,၀၀၀
အမှတ် (၄၆–B)၊ ပန်တျာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ (သိန်းခြောက်ဆယ်)

www.burmeseclassic.com

www.burmeseclassic.com

၂၆၈။ ကျေးဇူးရှင် ခင်ပွန်း ဦးမိုးမိုးအား ရည်စူး၍
ဇနီး) ဒေါ်ခင်သန်းမြင့်၊ (သမီး) မင်းမင်းစိုး မိသားစု၊ ၅,၀၀,၀၀၀/-
အမှတ် (၂၇)၊ မင်းကြီးလမ်း၊ ပုသိမ်မြို့။ (ငါးသိန်း)

၂၆၉။ ဦးတင်စိန်+ဒေါ်လှလှနု၊ သားသမီးမြေး မိသားစု၊ ၅,၀၀,၀၀၀/-
နံ့ဒေါ်နီရတနာ၊ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့။ (ငါးသိန်း)

၂၇၀။ ဗုဒ္ဓဘာသာကလျာဏယုဝတီအသင်းသူများ ၅,၀၀,၀၀၀/-
အမှတ် (၁၇)၊ (၆၂) လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ (ငါးသိန်း)

၂၇၁။ ဒေါ်တင်တင်ဌေး၊ (တူမ) ဒေါ်လီလီခိုင်၊
တူ) ဦးမြင့်ဇော်မိသားစု (ဒေါ်တင်တင်ဌေး မွေးနေ့အလှူ)၊ ၅,၀၀,၀၀၀/-
အမှတ် (၂၀၉)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ (ငါးသိန်း)

၂၇၂။ မောင်စိုင်းသက်နိုင်စိုးအား ရည်စူး၍
ဦးညီညီနိုင်+ဒေါ်မြရင်၊ (သမီး) မောင်မျိုးမင်း+မဇာခြည်နိုင်၊ ၁၀,၀၀,၀၀၀/-
မြေး)မေသူရှင်းသန့်၊ မေဖြူနှင်းစက် မိသားစု၊ ကံတော်ရပ်၊ မိုးကုတ်မြို့။ (ဆယ်သိန်း)

၂၇၃။ ကွယ်လွန်သူ ပါမောက္ခ ဒေါက်တာဒေါ်တင်နွယ်
သတ္တဗေဒဌာန၊ ဌာနမှူး-ငြိမ်း)အား ရည်စူး၍ (အစ်မ)ဒေါ်တင်ရီ ကောင်းမှု၊ ၅,၀၀,၀၀၀/-
အမှတ် (၉)၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ (ငါးသိန်း)

၂၇၄။ ဦးအောင်မြင့်+ဒေါ်ခင်သက် မိသားစု ၅,၀၀,၀၀၀/-
ဒေါ်ခင်သက်၏ ၆၈ နှစ်ပြည့် မွေးနေ့အလှူ) (ငါးသိန်း)

၂၇၅။ အဘိုး ဦးဘရွှေနှင့် အဘွား ဒေါ်မြသိန်းတို့အား ရည်စူး၍
မြေး) ဒေါက်တာ သွဲ့ဦးဟန်(အသက် ၃၇ နှစ်ပြည့် မွေးနေ့အလှူ) ၆,၀၀,၀၀၀/-
အမှတ် (၁၈-က)၊ ကမ္ဘောဇရိပ်သာ၊ ရွှေ (၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ (ခြောက်သိန်း)

၂၇၆။ ဒေါ်နုစိန်ဝေ(၁၇.၁၂.၁၄ တွင် ကျရောက်သည့် မွေးနေ့အလှူ) ၅,၀၀,၀၀၀/-
New York, USA. (ငါးသိန်း)

၂၇၇။ ကျေးဇူးရှင် မိဘများနှင့် ကျွေးမိခင်ကြီးတို့အား ရည်စူး၍
ဒေါ်တင်နု၊ (ညီမ) ဒေါ်တင်ပိုက်(သူနာပြုအုပ်ကြီး)မိသားစုကောင်းမှု ၅,၀၀,၀၀၀/-
ခါးချက်ဆေးရုံ၊ စစ်ကိုင်းတောင်ရိုး။ (ငါးသိန်း)

၂၇၈။ ဦးခင်မောင်ဝေ+ဒေါ်လှလှမြင့် (မွေးနေ့အလှူ) ၄၀,၀၀,၀၀၀/-
အမှတ် (၃၀၄)၊ ယုဇနစီးပွားရေးတာဝါ၊ မမ္ဘစေတီလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ (သိန်းလေးဆယ်)

၂၇၉။ ဦးရဲမြင့်(ကုမ္ပဏီအကြံပေး)+ဒေါ်နှင်းနှင်းရီ မိသားစု ၅,၀၀,၀၀၀/-
F-42, ရွှေစံပယ် (၃)လမ်း၊ FMI City အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ (ငါးသိန်း)

၂၈၀။ ဦးလှတင်+ဒေါ်ညို၊ (သမီး) မတင်စာင်ယု၊ မတင်တင်ထွေး၊
သား)ကိုကြည်သွင် မိသားစု၊ အမှတ် 6(A), မြသီတာလမ်း၊ ပြည်သာယာ၊ ၅,၀၀,၀၀၀/-
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ (ငါးသိန်း)

(ဆက်လက်ဖော်ပြပါမည်)

www.burmeseclassic.com

www.burmeseclassic.com

လူနာကို အကောင်းဆုံး အနေအထား ရောက်ဖို့သာ ကူမ,ရမှာ ဖြစ်သည်။ ကောင်းလိုက် မကောင်းလိုက် လူနာကိုတော့ ရေမကူးတတ်သူမို့ ရေနက်ထဲခေါ်သွားဖို့ မသင့်တော်ပါ။ လိုက်လျော ညီထွေ အပြုံးနှင့်သာ နှလုံးငြိမ်အောင် ကြိုးစားပေးရပါလိမ့်မည်။ ဒါကို အားမလို အားမရဖြစ်ရတာက စိတ္တဇဝေဒနာရှင် မြတ်မွန်။ ယောကျ်ားတွေကို ဒီပုတ်ထဲက ဒီပဲပါပဲလို့ စိတ်ခံစားမှု ဖြစ်သွားသူကလည်း မြတ်မွန်။ ဖြစ်ချင်တာ မဖြစ်လို့ ဖြစ်ချင်ရာဖြစ်ပစေတော့ဆိုသည့် အတွေးကနေ စကားတွေ ပြောလာခဲ့ပြီ။ ဟား… ဟား… ဟား… ဟား၊ လူတွေ လူတွေ တစ်ယောက်မှ မကောင်းဘူး။

လောကမှာ လူလူချင်း ထားရှိရမည့် မေတ္တာတရားလောက် သင်းပျံ့မွှေးရနံ့ကြွယ်စေမည့်ပန်းဆိုတာ မေတ္တာတရားက တည်ဆောက်ပေးသည့် စိတ်ဓာတ်အဟုန်ပင် ဖြစ်သည်။ ဒီနေရာမှာ ဖြစ်ချင်ရာဖြစ်၊ ပြောချင်ရာပြောရတော့မည့် မြတ်မွန်နေရာ ကျုပ် ရေးမည့် သီချင်းဆက်ဝင်ရပါတော့မည်။

*ကတ္တီပါဖိနပ်စီး… ရွှေထီးဆောင်း… ဆောင်း… ဆောင်း…*

*'ဒါကအကြောင်း မဟုတ်ဘူး၊*
*ကျွန်မနာမည် ဘယ်သူလဲ၊*
*ကျွန်မ ဘယ်မှာနေသလဲ၊*
*ကျွန်မ ဘယ်က လာသလဲ၊*
*ကျွန်မကို ဘယ်သူမွေးသလဲ၊*
*အဲ… အဲ… အဲဒါမှ ပြဿနာ*
*ရယ်စရာပဲ… ရယ်*
*ဟား… ဟား… ဟား…*
*ဟား… ဟား*

*လူတစ်ယောက်ရဲ့ အားနည်းချက်ဟာ ရယ်စရာလားရှင့်၊ လူတွေက တစ်ယောက်မှ မကောင်းဘူး။ ကိုယ်ကောင်းသလောက် ကိုယ့်အပေါ်ကောင်းတဲ့လူက အရူးသား(တကယ့်ကိုရူးတာပါ)။ စိတ်ထားတွေက သိပ်သနားဖို့ကောင်းတာပဲ။ ဘာဖြစ်လို့လဲဆိုတော့…*

*သူများဒုက္ခရောက်တာကြည့်ပြီး ဝမ်းသာနေတဲ့လူတွေ… လူတွေ… လူတွေ… လောကကြီးထဲ ပြွတ်သိပ်ကျပ်နေတာ။ လွှတ် စိတ်ဓာတ်ကျဖို့ကောင်းတာပဲ။ ဘယ်မလဲ… သစ္စာ… မေတ္တာ… အကြင်နာ… စာနာတရား ဘယ်သွားထားသလဲ။ ပြော… ပြောကြ… ပြောကြ…'*

မြတ်လေးအပါအဝင် လူထဲကလူတွေကို လူနာကတော့ ရင်ဖွင့်နေပါပြီ။ သဘာဝလည်းကျ၊ အမှန်တရားလည်း ဖြစ်သည်။ ဒီကနေ့ခေတ်ထဲက အတော်များများလူတွေနှင့် သိပ်ကို အံဝင်ခွင်ကျဖြစ်လွန်း၊ တူလွန်းလှသည်။ သူများဒုက္ခရောက်နေတာကို ဝမ်းသာနေတတ်သည့်လူတွေကို စိတ္တဇဝေဒနာရှင် မြတ်မွန်က တည့်တည့်ပြောနေခြင်း ဖြစ်သည်။ လွှတ် စိတ်ဓာတ်ကျတာတို့၊ ပြွတ်သိပ်ကျပ်နေတာတို့ဆိုတာ မောင်သာရ သုံးနေကျ စကားလုံးများလည်း ဖြစ်သည်။ ဟုတ်သည်။ ဒီကနေ့ခေတ်ထဲ၊ လောကထဲကို ကြည့်လိုက်မယ်ဆို မြတ်မွန်ပြောတာ လွန်ရာမကျပါဘူး။ လိုတောင် လိုနေဦးမှာ။ ပြောသာပြော၊ ဆက်သာပြောပါ။ ဒါဟာ လက်ရှိအနေအထားမှာ ပြောကို ပြောရမည့် ဒီမိုကရေစီကျသည့်သဘော။

*'ဟယ် လောဘ ဒေါသ မောဟမီးတွေနဲ့ လောကကြီးကလည်း အခက်သား၊ လူတွေကလည်း အခက်သား။ အမှန်က မှားတဲ့ခေတ်၊ အခါးက ချိုတဲ့ခေတ်၊ ဘူးတောင်းနစ်လို့ ဖောင်ခြမ်းပေါ်တဲ့ခေတ်၊ အဲဒီတော့ ဘာဖြစ်၊ အကောင်းကလည်း အရှုံးဖြစ်၊ ဖြစ်ချင်တာ မဖြစ်ရလို့ ဖြစ်ချင်ရာ ဖြစ်လိုက်တော့လည်း ပြီးသွားတာပါပဲ(မဟုတ်ဘူးလားရှင်)'*

'ဟုတ်တယ်၊ ဟုတ်တယ်' ဒီအတိုင်းပဲ အခုဖြစ်နေတာ။ ကျုပ်လည်း ဒီခေတ်ကို ဒီလိုပဲ မြင်တာပဲ ဖြစ်သည်။ မမှန်တာကို ဦးထိပ်တင်ပြီး မဟုတ်တာကိုပြော။ မမှန်တာ မှန်တာလုပ်။ မဟုတ်တာ ရှေ့တန်းတင်တော့ ပလ္လင်ပေါ်က မျောက်ကလေး ဆင်းတယ်လို့ပြေးရမှာပဲ မဟုတ်လား။ အခုခေတ် ကြော်ငြာတစ်ခုထဲကလို သွားဖြဲပြီး ရယ်နိုင်ကြတာ ဘယ်သူတွေလဲ။ ထားပါ။ 'ဖြစ်ချင်တာ မဖြစ်လို့ ဖြစ်ချင်ရာဖြစ်လိုက်စမ်းကွာ' ဆိုပြီး အားမတန်လို့ မာန်တော့ မလျှော့လိုက်ပါနှင့်။ ရုပ်ရှင်က မပြီးသေးပါဘူး။ မြတ်မွန်ပြောတာလေးတော့ ဆက်နားထောင်လိုက်ပါဦး။

*'ဒါပါပဲ လူ့သဘာဝတော့ ဆိုတာကတော့ ခုနပြောသလိုပေ့ါဆရာရယ်၊ အဲဒီလိုပေ့ါ ဆရာရယ်၊ အဟမ်း… အဟမ်း ကျွန်မရဲ့အတိတ်ဟာ စိတ်နာဖို့လည်းကောင်း၊ စောစောက လူတွေနဲ့ ပေါင်းလိုက်တော့ ဘာပြောကောင်းမလဲ မလုပ်ထိုက်တာလား၊ လုပ်ထိုက်တာလား ကျွန်မ မစဉ်းစားအားဘူး။ ခလုတ်တိုက်ပါများတော့လည်း ငုတ်ပဲရှင် အို လူပ်တာပေ့ါ။ နောက်ဆုံးတော့ လူဟာ လူပါပဲ။ ဆင်းရဲလည်း လူ၊ ချမ်းသာလည်း လူ။ လူဆိုတော့…(ဖောက်ပြန်တာပေ့ါ)'* ။

လူဆိုတာ ဖောက်ပြန်တတ်သည်။ အာဏာကြောင့်၊ ငွေကြောင့်၊ ပတ်ဝန်းကျင်အခြေအနေ အမျိုးမျိုးကြောင့် ပြောရတာ မဟုတ်ပါဘူး။ စိတ်လွတ်ကိုယ်လွတ်ဖြစ်နေသည့် စိတ္တဇဝေဒနာရှင်မျိုးဆိုရင်တော့ မပြောတော့နှင့်။ မြတ်မွန်အဖြစ်က ယဉ်ယဉ်ကလေး။ မြတ်လေးကို ဓာတ်လမ်းအရ ညွှတ်နေတာပဲကြည့်တော့။ အဲဒီပုံစံကို ဦးတည်ပြီး ကျုပ်က သီချင်းဖန်တီးရတာ သူ့အတွက် မျှော်လင့်နေရသည့် မနက်ဖြန်ဆိုတာ သိပ်ရေရာတာမှ မဟုတ်ဘဲ၊ စိတ်ထဲရှိတာကို ကြိတ်မှိတ်ပြောနေရတာဆိုတော့ အမှားအမှန်ကို ခွဲခြားဖို့ခက်သည်။ ပြောချင်တာပဲ ပြောပါစေ။

*'ပြောလို့သာ ပြောရတာ ဆရာလည်း သိပ်တော့ မထူးပါဘူး။ (ဘယ့်နှယ်လဲ)' အရေးထဲ အကြောင်းထဲကျတော့ ရှေ့က ရုပ်ဖို့နေနေသာသာ၊ ဟင်တစ်ခုတော့ ရှိတယ်။ ဆရာလည်း ကျွန်မလိုပဲ နေရာတကာ သိဒ္ဓါတွေ*



www.burmeseclassic.com

www.burmeseclassic.com

*...မြွေတွေ ထိန်းရလွန်းအားကြီးတာနဲ့ ...ကြာတော့ ဘာခေါ်မလဲ၊ ရင်ထဲ မျိုသိပ် ...ိုက်မောတာလေ။ ဟို စိတ်ရောဂါ ...ားဘာလား၊ ထားပါတော့။ (အဲဒါ) ...ေါ့ဆရာ။ သံသရာထဲမှာ ကံကြမ္မာနဲ့ ...ျ အဆင်မပြေမှုတစ်ခုမက ရှိနေမှ ...ော် လူ့ဘဝ တဲ့။ ဆရာရော သမုဒယ ...ဲ ကင်းနိုင်လို့လား။ (ပြောစမ်းပါဦး) ...ရာ့နှလုံးသား ဘာသားနဲ့ ထုထားလို့ ...ဲ... ဟယ်...။ စိတ်ထဲရှိတာ ပြော ...ိုက်စမ်းပါ ဆရာရယ်။ လူဆိုတာ ...ျော်လင့်ချက်နဲ့ အသက်ရှင်နေရတာ။ အဲဒီမျှော်လင့်ချက်မှ မရှိတော့ရင်လည်း ...သက်လည်း ရှိပါဦးမလား။ ဆရာပဲ (...ဉ်းစား)၊ကြည့်လေ။ မနက်ဖြန်ဆိုတာ ...သချာတာမှ မဟုတ်ဘဲနဲ့ ဘယ့်နှယ် ...နက်ဖြန်လဲ ဆရာပြောတဲ့ မနက်ဖြန် ...ိုတော့ ဘယ်တော့လဲဟင်...၊ ဘယ် ...တော့လဲဆရာ၊ (အင်းလေ)၊ မနက်ဖြန်ဆို ...တော့လည်း မနက်ဖြန်ပေါ့။ မနက် ...ဖြန်...မနက်ဖြန်...မနက်ဖြန်...မနက် ...ဖြန်နော်...မနက်ဖြန်နော် ဆရာ...'*

ဒီနေရာမှာ သီချင်းက ဆုံးမသွား ...သေးပါ။ အပိုတ်ကျန်ပါသေးသည်။

စာပေစိစစ်ရေးဆိုတာ သူတို့၏ ...အတ္တမာနကို အကာအကွယ်ယူပြီး အမှန်တရားကို ဖြတ်ထုတ်သည့်နေရာ၊ သူတို့ကို ထိပါက ကြက်ခေါင်းဆိတ်မခံ တန်ပြန်သတိပေးသည့်ဌာန။ သူတို့ သတ်မှတ်ထားသည့်အပေါ် စောင်းမြောင်း အရိပ်မျှ မကျစေချင်။ အခုတော့ ဒီနေရာ ...မှာ ကျုပ်က အမှန်တရားကို အမြွက်မျှ ...ပြောပါရစေ။ ကျုပ် ဒီသီချင်းတွေ စာပေ ...စိစစ်ရေးတင်မည်လုပ်တော့ စတူဒီယို ...သွားပြီး အသံဖမ်းပညာရှင်နှင့် ညှိခဲ့ရ ...သည်။

အမှန်က မှားသည့်ခေတ်၊ အခါး ...က ချိုသည့်ခေတ်၊ ဘူးတောင်းနစ်လို့ ...ောင်ခြမ်းပေါ်သည့်ခေတ်။ ဒါကို ...ီနေရာမှာ အဆိုမပါဘဲ အတီးချည်း ...သက်သက် လွှတ်လိုက်ပြီး 'အဲဒီတော့ ...ဘာဖြစ်၊ အကောင်းကလည်း အရှုံးဖြစ်' ...ိုသည့် စာသားရောက်မှ အဆိုကို ပြန်ဝင်ခိုင်းလိုက်သည်။ ဒီလိုလုပ်ရတာ စိတ်တော့ မကောင်းပါဘူး။ အဓိပ္ပာယ် ကတော့ ကျုပ်ဆိုလိုချင်တာ ဖြစ်အောင် လုပ်လိုက်ရတာပါပဲ။ အမှန်အတိုင်းဖြစ် ဖို့မှ သူတို့က ပြောလို့မရတာ။ ဒီလို အဖြစ်တွေ မောင်သာရစကားနှင့် ပြောရ လျှင် 'လွှတ်စိတ်ဓာတ်ကျဖို့ပဲ ကောင်း တော့တယ်'။ ခေတ်က အဲဒီလို အမှန် တရားကို မျက်ကွယ်ပြုသည့်လူတွေ ကြောင့် တစ်ရေးမှောင်ခဲ့ရသည် မဟုတ် လား။

တကယ်တော့ ဌာနတိုင်းလိုလို မဟုတ်ပေမဲ့ အဲဒီခေတ်ကတည်းက စာပေစိစစ်ရေးကတော့ ဒိုးဆလံ ဒင်းဆလံပါပဲ။ လာဘ်ပေးလာဘ်ယူ အကောင်းဆုံးနေရာလည်း ဖြစ်သည်။ ဝန်ထမ်းအားလုံးလိုလိုဟာ မြတ်လေး လေသံလို ဆွဲဆောင်မှုမရှိ၊ မြတ်မွန် မျက်နှာလေးလို ချစ်စရာမကောင်း။ အစိုးရအလို၊ သူတို့အလိုတွေက ပိုက်ဆံ ပေါ်ကြည့်ပြီး လေသံရော မျက်နှာပါ ပြောင်းတတ်ကြသည်။ ဒါကို ဒီလိုဖြစ် အောင် ဘယ်သူဦးဆောင်မှုပေးခဲ့ပါ သနည်း။

ငွေနှင့် အာဏာ နေရာတိုင်းမှာ သူ့မျက်နှာ၊ နေရာတိုင်းမှာရှိသည်။ အနုပညာကိစ္စအဝဝကို ထိန်းချုပ်စိုးမိုး ခဲ့သည်။ ခုတော့ အာဏာပြရလျှင် ဘယ်ဌာနမှ ရမည် မဟုတ်တော့ပါ။ ခေတ်ကတော့ ပြောင်းဖို့ တည်တုန်း ဖြစ်သည်။ ဆရာ ဒဂုန်တာရာပြောသည့် ဒို့ခေတ်ကိုတော့ ရောက်ရမည်မှာ မလွဲပါ။ ပြောမှသိ၊ ထိမှနာ၊ သာမှနေ၊ သေမှခင် ဆိုသည့် ဒီဝဋ်ကြွေးကနေ ပြည်သူအားလုံး လွတ်ငြိမ်းချမ်းသာဖြစ် ပါရစေတော့။ ကြီးကြီးကျယ်ကျယ်၊ ခမ်းခမ်းနားနား၊ လူသိရှင်ကြား မင်္ဂလာ ဆောင်ပြီးမှ လူကြားမကောင်း သူကြား မကောင်း ကမ္ဘာက ကြားမကောင်း အောင် ကွဲကြပြဲကြအဖြစ်မျိုး မတွေ့ချင်၊ မမြင်ချင်တော့ပါ။ အပေါ်ယံဇန်းပြ စန်းထသည့် လူမျိုးဆိုတာ လူကြားထဲ ကြာကြာ မရပ်တည်နိုင်ပါ။

လူတွေနှင့် စိတ်ဓာတ်တွေမှာ မိတ် ဆွေဆိုတာပဲ လိုချင်ကြသည်။ တကယ် တော့ မြန်မာလူမျိုးဆိုတာ သူများနိုင်ငံ ထက်စောပြီး ကတ္တီပါဖိနပ်စီး ရွှေထီး ဆောင်းရမည့်နေရာမှာ ရှိရမည့် လူမျိုး ဖြစ်သည်။ ဒါပေမဲ့ သိဒ္ဓတ္ထလို အများ အတွက် ကြည့်တတ်၊ မြင်တတ်သည့် ခေါင်းဆောင်မျိုးတော့ တကယ်လိုနေပါ ပြီ။ ခုတော့ ကတ္တီပါဖိနပ်စီး ရွှေထီး ဆောင်းရမည့်အဖြစ်က ရှေ့နောက် ပြောင်းတိပြောင်းပြန်ဖြစ်နေသည့် ကျုပ် သီချင်းအပိုတ် စာသားလိုပါပဲလား။ အကြောင်းအရာ ညီညွတ်မှု မဖြစ်နိုင် သေးပါဘူး။ အပြိုအလဲ ဖရိုဖရဲကို ဆွဲ တည့်မတ်ပေးဖို့တော့ လိုကို လိုအပ်နေ ပါပြီ။ အဖွင့်နဲ့အပိုတ် ညီအောင်ဖြစ်ဖို့ သီချင်းကို ဒီလိုပဲ လိုက်ကာ ချလိုက် ရပါမည်။

*'ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း*
*ဖိနပ်စီး ကတ္တီပါ ဆောင်းရွှေထီး*
*ရွှေထီးဆောင်း ကတ္တီပါ ဖိနပ်စီး*
*ဆောင်းရွှေထီး(ဖိနပ်စီး ကတ္တီပါ)၊*
*ကတ္တီပါဖိနပ်စီး*
*ရွှေထီးဆောင်း...'*

ပြည့်ပြည့်ဝဝ နားအရသာခံဖို့ အဆိုနှင့် အတီးကို ပြိုင်ပြီး ဖိန်းမောင်း နှင့် ပိတ်ချလိုက်ရပါသည်။

အို မြန်မာနိုင်ငံ၊ ရာသီမသိ ပန်း နှင့် ညှိရမည့်ကိစ္စတွေက နေရာတိုင်းမှာ ပါပဲလား။ အားလုံး ပူးပေါင်းလက်တွဲ ပါဝင်နိုင်ဖို့ဆိုသည့် မဇ္ဈိမပဋိပဒါဆိုတာ တစ်ဦးနှင့် တစ်ဦး အချစ်ရှိမှ ဖြစ်လာ မည့် အဖြေပဲ ဖြစ်ပါသည်။

**(မှတ်ချက်။ ။ စန္ဒရား ချစ်ဆွေ၊ စန္ဒရား လှထွတ်၊ မောင်ဝဏ္ဏတို့ခေတ် တန်ဖိုးရှိရှိ မှန်ကန်သည့် ရုပ်ရှင်သီချင်း ရေးနည်းမှာ အာဏာရှင်ခေတ် ခရိုနီ ရေစီးကြောင်းနှင့်အတူ ပင်လယ်ထဲကို မျောပါပျောက်ကွယ်သွားလေသ တည်း။)**


■

**အလွမ်းသီချင်းရေးတဲ့**
**မောင်ကျော်ဆွေ**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ငွေရတုသဘင်

## လှမောင်

မြန်မာစာဌာန

'ဒေါ်ဒေါ် ဘယ့်နှယ်လဲ၊
သဘောကျရဲ့လား'
ဟု ကျောင်းသူနှစ်ဦး၏မိခင်
အဒေါ်ကြီးတစ်ယောက်အား
ဓာတ်ရုံနောက်ဘေးတွင်
ဆရာဦးမောင်မောင်ကြီးက
မြန်မာအသင်း
ငွေရတုသဘင်ကပွဲကြီးအကြောင်းကို
မေးလိုက်၏။
အဒေါ်ကြီးနှင့် ကျောင်းသူနှစ်ဦးကပါ
'အို ဆရာတို့ပွဲက သိပ်ကောင်းတာပဲ၊
ရန်ကုန်မှာလုပ်သမျှ ပွဲထဲမှာ တံခွန်စိုက်ပဲ၊
သိပ်သဘာဝကျတာပဲ' ဟု
သံပြိုင် လှိုက်လှိုက်လှဲလှဲ
ချီးကျူးလိုက်ကြသည်။ အနီးမှရပ်နေသူ
မြန်မာအသင်းဥက္ကဋ္ဌဆရာ ဦးကျော်ရင်
မျက်နှာမှာ ပျားရည်ဆမ်းဘိသို့၊

အမှတ် ၁၀၂ ဇန်နဝါရီ ၂၀၁၅

ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း
စာရေးဆရာ လှမောင်(မြန်မာစာဌာန)
ရေးသားပြီး ၁၉၅၂ ခုနှစ်
ရန်ကုန်တက္ကသိုလ်၊ နှစ်လည်စာစောင်တွင်
ဖော်ပြပါရှိခဲ့သည့် 'ငွေရတုသဘင်'
ဆောင်းပါးကို ပြန်လည်ဖော်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာ ဦးလှရွှေမျက်နှာမှာ ရွှေကြာပန်းပွင့်ကြီးပမာ ကားကား စွင့်စွင့်၊ ဆရာဦးမောင်ကြီးမှာ နောက်ဆုံး 'ကွန့်ပ' မှာ အောင်ပန်း ဆွတ်ခူးလိုက်သော ကျောင်းသူကလေးလို တဝင့်ဝင့် ကြေနပ် နေကြသည်။

ဝမ်းသာစရာကို ထပ်ကာထပ်ကာ ကြားချင်သည်မှာ ဓမ္မတာပင်။ သို့ကြောင့် ဆရာ ဦးမောင်မောင်ကြီးကပင် 'ဒေါ်ဒေါ် ဘယ်အခန်းကို အကြိုက်ဆုံးလဲ' ဟု နောက်ထပ် ချီးမွမ်းသံကို ရေလာမြောင်းပေး ဖိတ်မန္တက ပြုလိုက်ပြန်သည်။



ကိန္နရီ၊ ကိန္နရာကလေးများ ရင်ရင်ကြင်၊ နီနီ၊ တင်တင်အေး၊ အိအိစ်၊ မမြသန်း

'အို ဒေါ်ဒေါ်လေ ဖိုးသူတော်တွေကို အကြိုက်ဆုံးပဲ' ဟု အူလိုက်သည်းလိုက် ပြန်ပြောလိုက်သည်။ အဒေါ်ကြီး၏ မျက်လုံးများကား ပီတိရည်ရွှမ်းနေသည်။ ကျောင်းသူနှစ်ဦး ကလည်း 'ဟုတ်တယ် ဆရာ၊ သူတို့တစ်တွေ သိပ်တော်တာ ပဲ။ ဆင်ကြီးလည်း ကောင်းတယ်ဆရာ' ဟု သူတို့မိခင်ကြီး အဆိုကို ပါလီမန် ဖ.ဆ.ပ.လ အမတ်တွေကဲ့သို့ တညီတညွတ် တည်း ထောက်ခံကြသည်။

ကဲ ဘယ့်နှယ်ရှိစ။ ဦးမောင်မောင်ကြီး၏ မျက်နှာမှာ လငပုပ်ဖမ်းနေ၏။ ဥက္ကဋ္ဌ ဦးကျော်ရင်မှာ ဝမ်းလေထိုးနေ သော ပန်းနုသည်မျက်နှာကပင် အရှုံးပေးရပြီ။ ဦးလှရွှေမူ ကား 'ရှင့်ကို ကျွန်မ အသည်းထဲမှာ အစဉ်ထည့်ထားပါတယ်။ သို့သော်လည်း မိဘများ သဘောတူတဲ့လူကို ယူလိုက်ရပြီ' လို့ အပြောခံရတဲ့ ရည်းစားသည်ခများကဲ့သို့ ပြုံးရမခက် တောင်း၊ ငိုရမခက်တောင်း 'ပြုံးခက်ခက်' မျက်နှာဖြင့် ငြိမ်နေ ရှာ၏။ အကြောင်းမှာ အားလုံး အနုစာပေသမားပီပီ 'စုံနံ့သာ မြိုင် သရုပ်ဖော်ကပွဲ' လာကြည့်သူတိုင်း မျက်ရည်ရွှဲနှင့် လွမ်းပွဲဆင်စေချင်သည့် စေတနာကြောင့်ပင်ဖြစ်သည်။

ထိုမျှပင် မကသေးပါ။ ဗုဒ္ဓဘာသာ မင်္ဂလသုတ် စာပြန်ပွဲ အဖွဲ့ဝင် အနုစာပေ ဝါသနာထုံသူ ပုဂ္ဂိုလ်တစ်ဦးနှင့် ပက်ပင်း ပါ ရင်ဆိုင်မိ၏။ ကျွန်တော့်မှာ ရင်ထဲတွင် တဒိတ်ဒိတ် ခုန်နေ ၏။ ရင်ဂနာမငြိမ်နိုင်၊ ဟော ဆိုင်းမဆင့် ဗုံမပါ ဖိတ်မန္တက မပြုဘဲ ဝေဖန်ချက်ပေးလေပြီ။

'မဒ္ဒီလုပ်တာ ဘယ်သူလဲဗျာ၊ မျက်လုံးတယ်လှပါ ကလား။ မျက်လုံးထဲမှာ စပါးကြီးမွေ့ဓာတ်ပါတယ်ဗျို့ ပရိသတ်ရဲ့ အာရုံကို ကော တာကျအောင် ဆွဲနိုင်တယ် ဗျာ၊ မျက်လုံးကလေးက ရယ်နေတယ်'

'ကဲ မှတ်ရော၊ ဘာပြော ကြဦးမလဲ။ ကယ်တော်မူပါ အရပ်ကတို့' ဟုပင် ဟစ်ရန် တော့သည်။ ဆရာ ဦးမောင် မောင်ကြီးနှင့် ဦးကျော်ရင်တို့ စုံနံ့သာမြိုင်ကို ကရုဏာရသ မြောက်အောင် သရုပ်ဖော်ချင် ကြဦးလေ။

ကဲ နားစွင့်ကြပါဦး၊

'အင်းယားက ကိန္နရီ ကလေးတွေက ချောတယ် ဟေ့၊ ကိန္နရီဖမ်းချင်တယ်'

'ဘင်တန်က ဒေါင်း ကလေးတွေကလည်း အ ဝဲဝဲ ကလေးနဲ့ သီချင်းဆိုတော့ တစ်မျိုးနားစည်စိမ့်ရှိတာပဲ။ စာကျက်ရင်း အဲဒီအသံတွေ နား ဝင်ဝင်နေတယ်။ ငါ စာမေးပွဲကျရင် သူတို့ကို ပြည်သူ့ခုံရုံး မှာ တင်မယ်'

'မင်းတို့ဘာပြောပြော ငါတော့ သမင်ဝဝကြီးတွေ ကြိုက် တယ်'

'ဟေ့ ရောဂါဟောင်းရှိတဲ့လူနဲ့ သမင်သားနဲ့ မတည့်ဘူး နူတတ်တယ်'

'တို့တော့ စုံနံ့သာမြိုင် မင်းသမီး ခင်လှသီကို သနား တယ်ကွာ၊ သီချင်းဆိုရတာ သိပ်မောမှာပဲ'

ဝေဖန်ချက် အမျိုးမျိုးချကြသည်။ နားမဆံ့ပါ။ သို့သော် ကပွဲရည်ရွယ်ချက်နှင့် ခုတ်ရာတခြား ရှရာတလွဲ ဖြစ်နေသည်။ ကိုယ့်အမြင်နှင့် ကိုယ်မြင်ကြသည်။ အနုစာပေကားနက်နဲလှ၏။

ဆရာတွေ ဆုံမိတိုင်း မိမိတို့အသီးသီးကြားရသော ဝေဖန် ချက်များကို တစ်ဆင့် ဖောက်သည်ချရသည်မှာ အမောပင်။ 'မဒ္ဒီမျက်လုံး' ကား လူပြောအများဆုံး။

❑



www.burmeseclassic.com

www.burmeseclassic.com

အထက်ပါ အကြောင်းအရာများမှာ တက္ကသိုလ်မြန်မာ အသင်းကြီးက ကြီးမှူးကျင်းပသော ငွေရတုသဘင်၏ နောက်ဆက်တွဲ ပွဲတင်သံများဖြစ်သည်။

❑

၁၉၅၁ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်ည။ အရိုး ခိုက်ခိုက်တုဉ်အေးသည်။ နှင်းများဝေနေသဖြင့် ကားမောင်းသူကို ဖြည်းဖြည်းမောင်းရန် ခဏခဏ သတိပေးရသည်။ ထိုနှစ်မြန်မာအသင်း နှစ်ပတ်လည် ဆုနှင်းသဘင် အခမ်းအနားတွင် လာရောက်ကူညီကြသော ရေကျော်မြင်းပျံ ဦးတင့် ရာမဇာတ်မှ သိမ်းသူများကို လမ်းမတော်ပွဲသို့ လိုက်ပို့ရာမှ အပြန်ဖြစ်သည်။ ဆရာ ဦးမောင်မောင်ကြီးအိမ်သို့ ခဏဝင်ကြသည်။ ထိုင်မိလျှင် ဆရာ ဦးကျော်ရင်က 'ရှေ့နှစ်အတွက် ငွေရတုသဘင်ကျင်းပရန် စုံနံ့သာမြိုင် ရာပုံတော်ကို သရုပ်ဖော်မယ်ဆရာ၊ သိပ်ကောင်းမှာပဲ'

ဆရာ ဦးမောင်မောင်ကြီး တိုက်ဖွိုက်ရောဂါမှ နာလန်ထစဖြစ်သဖြင့် လေသံပျော့ပျော့နှင့် 'သိပ်ကောင်းတာပေါ့။ ဆရာ ဦးလှမောင်က အတီးအမှုတ် အဆိုအကာဘက် တာဝန်ယူပေါ့ဗျာ။ ဆရာ ဦးလှရွှေကတော့ ခါတိုင်းလိုပေါ့၊ သူက မီးဖိုချောင်နိုင်တယ်။ ခင်ဗျားက အထွေထွေ။ ကျွန်တော်က နေကောင်းရင် လာထိုင်ကြည့်မယ်လေ'

**ဆရာ ဦးလှရွှေ**။ ။ 'ဆရာမတွေကော ဘာတာဝန်ပေးမလဲ၊ သူတို့လည်း လွှတ်ထားလို့ မဖြစ်ဘူး'

**ဦးကျော်ရင်**။ ။ 'လှလှပပ ဝတ်စားလာပြီး တင့်တင့်တယ်တယ် ဧည့်ခံရမယ်လေ။ အဲဒါ သူတို့မိန်းမတွေရဲ့ သဘာဝက ဖန်တီးပေးတဲ့ ဝတ္တရားပဲ'

**အတွင်းရေးမှူးကျောင်းသား**။ ။ 'ဟုတ်တယ်ဆရာ၊ စီးတဲ့ရေ ဆယ်တဲ့ကန်သင်းပေါ့'

**ဆရာ ဦးလှမောင်**။ ။ 'ဟော့ အောင်မယ်လေး တော်စမ်းပါကွယ်၊ မင်း ဘာတွေပြောနေတာလဲ'

အတွင်းရေးမှူးက မကျေနပ်သော လေသံဖြင့် 'ဟုတ်တယ်ဆရာ၊ ဒီနှစ် ကြည့်စမ်းပါဦး။ လိမ္မော်သီးတွေကို အင်းယားနဲ့ ဘင်တန်ကျောင်းသူတွေ သူတို့လက်ဆွဲအိတ်ထဲ အကုန်ထည့်ယူကြတယ်။ ကျွန်တော်တို့က အားနာလို့ ဘာမှ မပြောဝံ့ဘူး။ ဆရာ ဦးလှရွှေကလည်း လက်ပိုက်ကြည့်နေရတယ်။ ဆရာမတွေက မိန်းမချင်းဆိုတော့ ပြောနိုင်ကြတာပေါ့ ဆရာ။ ပြီးတော့····'

ဆရာ ဦးမောင်မောင်ကြီးက စကားဖြတ်၍ 'ကဲ ငွေရတုသဘင် ကျင်းပတာက အရေးမကြီးလှပါဘူး။ အငိုလွယ်လို့ အရှိက်ခက် ဖြစ်နေမှာ စိုးရတယ်။ လက်ညီညီနဲ့ အလုပ်လုပ်မယ့် ကျောင်းသားအမှုဆောင် လိုတယ်'

**ဆရာ ဦးလှမောင်**။ ။ 'ဒါက ကိစ္စမရှိပါဘူး။ အလုပ်လုပ်ဖို့ လူတွေကို အခုကတည်းက ကြည့်ပြီးပါပြီ။ မောင်စန်း၊ စိန်လွင်လေး၊ ဘလှသန်းတင်ညွန့်၊ လှိုင်ကြီး၊ သိန်းအောင်၊ ကိုကိုသန်းတို့ လူတွေစုတွေကို ရအောင်စုမယ်ဗျာ'

**ဦးမောင်မောင်ကြီး**။ ။ 'ငွေလည်း အများကြီး လိုမယ်။ အနည်းဆုံး ငါးထောင်လောက် လိုမယ်'

**ဦးလှမောင်**။ ။ 'ကျွန်တော်ကတော့ ငွေတုံးနှစ်တုံး မြင်ထားတယ်။ အတွင်းရေးမှူးဟောင်း ကိုတင်ဦးရယ်၊ စုစု(ခင်ခင်စု)ရယ်၊ သူတို့အကူအညီနဲ့ဆိုရင် ငါးထောင်တော့ အိပ်နေပေါ့'

**ဦးကျော်ရင်**။ ။ 'ငွေကို သောင်းချီရပါတယ် ဆရာ။ စိတ်မပူပါနဲ့။ ကဲ သဘောတူရင် အခု ဆုံးဖြတ်ချက်ချတာပဲ'

ကျန်လူအားလုံး တသွေးတသံဖြင့် 'စိန်လိုက်'။

'ငွေရတုသဘင်'အတွက် တစ်နှစ်ကြိုတင်၍ ဆုံးဖြတ်ကြပြီ။ လုပ်ငန်းစဉ်ကို အုတ်မြစ်ချကြပြီ။

❑

'ဆရာ ဘယ့်နှယ်လဲ၊ အားလုံး အဆင်သင့်ပဲလား။ ၇ ရက် နှစ်ပတ် လိုတော့တယ်နော်'ဟု ဆရာ ဦးကျော်ရင်က ဆရာ ဦးလှမောင်ကို စိုးရိမ်သံနှင့် မေးသည်။

'တခြား ဇာတ်ကွက်တွေကတော့ အဆင်သင့်ပဲ။ ယိမ်းတွေရော၊ ဇာတ်လမ်းရော ပြီးကုန်ပြီ။ ဇာတ်ခုံပေါ်တင်ပြီး ပွဲထုတ်နိုင်ပါတယ်ဗျာ။ ဒါထက် မင်းသမီးကတော့ အကကောင်းပါတယ်၊ ထဘီမရှိလို့ မကနိုင်ဘူးဆိုတာလို ဖြစ်နေတယ်'

'ဘာတုံး ဆရာ၊ ငွေလိုနေလို့လား'

'စုံနံ့သာမြိုင် ရာပုံတော် မင်းသမီး လုပ်မယ့်သူ ရှာမတွေ့သေးဘူး။ အကုန်ငြင်းနေကြတယ်'

'ဘာပြုလို့တုံးဆရာ'

'လင်ပျောက်မိုလို့တဲ့ ဆရာ၊ ကျွန်တော်က ဟဲ့ တကယ်ပျောက်တာ မဟုတ်ပါဘူး။ ပျောက်လည်း ပျောက်မသွားစေရပါဘူး။ နောက်ဆုံး ရပါစေ့မယ်၊ ဇာတ်သိမ်းခန်းမှာ တွေ့ပေးပါတယ်လို့ အာမခံတာတောင် မဟုတ်ရဘူးတဲ့ဗျာ။ အဲဒီ ပြဿနာကြောင့် ဆံပင်တွေတောင် အပင် ၅၀ လောက် ပိုဖြူသွားပြီ'

'ရွှေမန်းမယ် မတင်လှကော၊ ဆရာနဲ့ ပန်စားသားပဲ။ သူ့ ပြောပါလားဆရာ'

'အမယ်လေး မလုပ်ပါနဲ့၊ သူ့အစ်မတွေကပါ သူ့ညီမ နုထွတ်ထွတ်ကို လင်ပျောက် အရှာခိုင်းတာ ဘယ်ဆရာလဲတဲ့။ သူ့သာဘာ ရှာပါလားတဲ့။ ပြီးတော့ သူ့ ခဲအိုတွေက စစ်ဗိုလ်တွေဆိုတော့ အော်လီဂန်းနဲ့ နီးတယ်ဗျာ'

'ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ၊ ရှာပါဦးဆရာ။ လင်လိုချင်တုန်း နှုတ်ခမ်းပုံ ဖြစ်နေပါဦးမယ်။ ဒီပွဲမှာ စုံနံ့သာမြိုင် မင်းသမီးက မဏ္ဍိုင်ကြီးပဲ။ သူ မပါလျှင် လုံးဝ မဖြစ်နိုင်ဘူး။ အင်းယားဥက္ကဋ္ဌ မလှသန်းကော ဆရာ'

'မလှသန်းက စန္ဒကိန္နရာ လုပ်တယ်။ ပြီးတော့ မလှသန်းက ယောကျ်ားစိတ်ပဲ၊ ယောကျ်ားသာ လုပ်တတ်တာ၊ မိန်းမ မလုပ်တတ်ဘူး။ ကန့်ကလူ မလုပ်ချင်ဘူးတဲ့။ သူ့

www.burmeseclassic.com

က,ခဲ့သမျှ လည်း ယောကျ်ားခန်းကချည်းပဲ။ ကြည့်ပါလား၊ တစ်နေ့က အင်းယား သဟာယပွဲမှာ ပေါက်ကျိုင်းလုပ်တာ သူပဲ'

❑

'စုံနံ့သာမြိုင် ရာပုံတော်ကြီး'အတွက် မင်းသမီးလုပ်မည့်သူကို ရာပုံတော်ကြီးနှင့်ပင် စ၍ ရှာရသည်။

'အင်းယား ဘင်တန်၊ အဖန်ဖန်၊ အကြံပြီးမြောက်၊ မင်းသမီးအတွက် ကယ်ကြောင့်၊ နေ့ရက်ဆက် ရောက်ခဲ့ရ ...'



စန္ဒကိန္နရာအဖြစ် ပါဝင်ကပြသည့် ဥပဒေတန်းတူ မလှသိန်း(အင်းယား)

အင်းယားကျောင်းဆောင်မှူး ဆရာမ ဒေါ်သိန်းညွန့်ထံ အကူအညီ တောင်းရမလို ဖြစ်ပြီ။ ဆရာမ ကိုယ်တိုင် စုံနံ့သာမြိုင် လင်ပျောက်ရှာ မင်းသမီးလုပ်ရန် မဟုတ်ပါ။ ဒေါ်သိန်းညွန့် ဧည့်ခန်း၌...

**ဒေါ်သိန်းညွန့်**။ ။ 'ဆရာနဲ့ ဒီနှစ်မယ်တက္ကသိုလ်ကလေးတွေနဲ့ မသိဘူးလား ဆရာ။ သူတို့ကို ပြောကြည့်ပါလား။ 'ဂျပ်စ်တရိုင်း' (Just Try) ပေါ့ဆရာ'

အလင်းရောင်ခြည် ဖျန်းဆွတ်သော ဆရာမ ဒေါ်သိန်းညွန့်အား ကျေးဇူးတွေ တပုံတခေါင်းကြီး တင်လိုက်ပါသည်။ ကျေးဇူးတင်၍ မဆုံးပါ။ မည်သို့ ကျေးဇူးဆပ်ရပါအံ့နည်း။

မယ်တက္ကသိုလ် ခင်လေးငယ်၊ ခင်လေးကြီး၊ ခင်လှသီ ညီအစ်မ သုံးယောက်တို့မှာ ငယ်စဉ်တောင်ကျေး ကလေးဘဝ သင်တိုင်းဝတ်ကပင် ဆွေမျိုးရင်းချာလို နေခဲ့သည်။ သူတို့တစ်တွေ အိမ်သို့ ညအိပ်နေ့နေ ခဏခဏ လာလည်ကြသည်။ ထိုစဉ်က သူတို့သတ္တိကလေးတွေကို သိသည်။ ဘာအလုပ် ခိုင်းခိုင်း လုပ်ဝံ့သည်။ ဘုရားရှိခိုးရင်း အကခိုင်းခဲ့သည်။ ချက်ချင်းပင် သူကလေးတွေကို အခေါ်လွှတ်ရ၏။ ဒေါ်သိန်းညွန့်၏ ဧည့်ခန်းသို့ ညီအစ်မသုံးယောက် ရောက်ပြီ။ ဆရာမကြီးအားကိုးနှင့်တစ်ကြောင်း၊ ငယ်စဉ်က ခင်မင်ရင်းစွဲကြောင့်တစ်ကြောင်း အာဏာသံယောင်ယောင်၊ မေတ္တာရပ်သံယောင်ယောင် ယောင်သုံးဆယ်အသံဖြင့်...

'ဟော့ နင်တို့တစ်တွေ ဦးလေးစကား နားထောင်ရမယ်။ ငယ်(ခင်လေးငယ်)က အိမ်ရှေ့မင်းသားလုပ်၊ အလှ(ခင်လှသီ)က စုံနံ့သာမြိုင် မင်းသမီးလုပ်၊ ကြီး(ခင်လေးကြီး)က အပျိုတော်လုပ်ရမယ်။ ဦးလေးကို ဘာမှ ပြန်မပြောကြနှင့်တော့ (ကျွန်တော့်ကို သူတို့တစ်တွေက ငယ်စဉ်ကအတိုင်း ဦးလေးလို့ ခေါ်တုန်းပင်၊ ဆရာလို့ မခေါ်ပါ)။ နင်တို့အဖေဆီ ကြေးနန်းရိုက်ပြီး အခွင့်တောင်းလိုက်မယ်။ ပြီးတော့ စာလည်း ရေးလိုက်မယ်။ (အမှန်မှာ စာလည်းမရေးပါ၊ ကြေးနန်းလည်း မရိုက်ပါ၊ တစ်နေ့က သူတို့ဖခင် တရားဌာနဝန်ထောက် ဦးသိန်းမောင် အိမ်လာပြီး သုံးညအိပ်တော့မှ တောင်းလိုက်ရပါသည်။)

သို့နှင့်ပင် ဒေါ်သိန်းညွန့် ကျေးဇူးကြောင့် စုံနံ့သာမြိုင် မင်းသမီးရပေပြီ။ 'သို့သော် ဇာတ်သိမ်းမှာ ပျောက်နေတဲ့ လင်တော်မောင်ကို ပြန်တွေ့သားပဲ၊ နိမိတ်ကောင်းပါတယ်။ အင်္ဂလိပ်စာပေထဲမှာလည်း ပြန်ပေါင်းထုပ်ခြင်းသည် သိပ်ချို၏တဲ့' ဟု ခင်လှသီကို ပျားရည်နှင့် ဝမ်းချရသေးသည်။ လင်ပျောက်တော့ မည်သူမျှ မခံနိုင်ရှာကြ။ သူတို့အုပ်ချုပ်သူ ဆရာမ ဒေါ်သိန်းညွန့်ကလည်း 'ဉ-ဖွ-ဒီနိမိတ် လွဲပါစေတဲ့'။

❑

၁၉၅၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်၊ စနေနေ့။

ငွေရတုသဘင် ကျင်းပရန် ဇာတ်ခုံကြီးကား ဟိန်းနေ၏။ မျက်နှာဖုံး နန်းတော် ကားကြီးကား မြန်မာ့ယဉ်ကျေးမှုကို သရုပ်ဖော်နေ၏။ ပန်းချီပြပွဲ၌ တာဝန်ကျသော အမှုဆောင်ကျောင်းသူကလေးများ၏ ဖော်ရွေမှုကြောင့် ကျောင်းသားတွေ ကြိတ်ကြိတ်တိုးနေသည်။ ပန်းချီကားထက် နောက်ခံ ဖော်ရွေမှုတွင် စိတ်အာရုံ ကွန့်မြူးနေကြသည်။

နံနက် ၁၀ နာရီ အတန်းပြီးလျှင် ဆရာတွေ ခုံရှေ့မှာ စုထိုင်ကြပြီး အလုပ်လုပ်နေသော အမှုဆောင်များကို လှမ်း၍ အားပေးစကား ပြောကြသည်။

ထိုအတွင်း...

ဦးကျော်ရင်က ကောင်းကင်က မိုးတိမ်လိပ်များကို ကြည့်ကာ စိုးရိမ်သော မျက်နှာနှင့်...

'ဒီမယ် ဆရာ ဦးလှမောင်၊ ကန်တော့ပွဲကလေး ဘာလေးနဲ့ မိုးတားမှထင်တယ်။ မီးထွန်းပြီး ရှင်ဥပဂုတ်ကို ရေစိမ်ရမလား၊ လုပ်ပါဦး။ မိုးရွာလိုက်ရင်တော့ ခဲလေသမျှ သဲရေကျပဲ ဆရာရေ့'

**ဦးလှရွှေ**။ ။ 'ဟော- တစ်ပေါက်-နှစ်ပေါက်-မိုးရွာလိမ့်မယ် ထင်တယ်၊ ဘယ့်နှယ်လုပ်မလဲ။ ဂျပ်ဆင်ခန်းမထဲပြောင်းမလား'

**ဦးလှမောင်**။ ။ 'မရွာပါဘူးဗျာ စိတ်ချပါ။ ကျွန်တော်တို့ မြန်မာအနုပညာ တိုးပွားဖို့ စေတနာပြင်းထန်တာကြောင့် သိကြားမင်းက ကြည့်မနေပါဘူး'

**ဆရာ ဦးမောင်မောင်ကြီး**။ ။ 'ဘာလဲ၊ အော်ချမှာလား'

ဆရာတွေ မချိပြုံး ပြုံးနေကြသည်။

တစ်နေ့လုံး မိုးအေးသည်။ မည်သူမျှ စိတ်မအေး တထိတ်ထိတ် ဖြစ်နေသည်။

နေ့လယ် ၁၂ နာရီလောက်တွင် ဘင်တန်ကျောင်းဆောင်က စန်းစန်း ပျာယီးပျာယာနှင့် ပြေးလာသည်။

www.burmeseclassic.com

www.burmeseclassic.com

'ဆရာ ယိမ်းထဲပါတဲ့ ကျောင်းသူ ၂ ယောက် အပူရှိနေတယ်'

'ဟဲ့ ဘာပြောတယ်၊ ဘာအပူလဲ'

'ဖျားတာ ဆရာ၊ မမကြည်(ဆရာမ ဒေါ်ကြည်)လည်း ဆေးတိုက်တာပဲ။ အသံဝင်တော့မယ်လို့တဲ့'ဟု အလန့်တကြား ပြောပြသည်။ ကိုရီးယားစစ်ကြေညာသည့် သတင်းထက် ဆိုးမသိ ဆိုးဝါး၏။

ဘာလုပ်ရမည်နည်း၊ အသံဝင်မခံနိုင်၊ လူစားလည်း မရ။ ဒေါက်တာ ရောဘတ်ထံ ချဉ်းကပ်ရ၏။ ကံကောင်းထောက်မသဖြင့် ပင်နီဆီလင် တန်ခိုးတော်ကြောင့် အပူရှိန်ကျသွား၏။ ပြကတော့ နေကောင်းသွားပြီ။

❑

ညနေ ၆ နာရီ။

မိုးသား မိုးတိမ်တို့လည်း ပတ်ချာဖြာ မှောင်နေဆဲ။ မြောက်လေအေးလည်း တသဲသဲ။ ငွေနှင်းလည်း တဖွဲဖွဲ။

ဇာတ်ခုံကြီးမှာ ဓာတ်မီးချောင်း အပြာ အဝါတို့ဖြင့် ထိန်ထိန်နေသည်။ မြသွေးရောင် မြက်ခင်းပေါ်မှာလည်း ပန်းလိပ်ပြာ ရောင်စုံကလေးများသို့ ကျောင်းသူတွေမှာ အလှပန်းပွင့်နေသည်။ ပရိသတ်မှာ ဝင်လာမစဲ။

ဒုတိယ အဓိပတိကြီးနှင့်တကွ ပင့်ဖိတ်ထားသော တရုတ်၊ အမေရိကန်၊ ရုရှား၊ အင်္ဂလိပ်၊ အိန္ဒိယ သံရုံးများမှ ယဉ်ကျေးမှု အနုပညာဌာနအရာရှိကြီးများ ကြွရောက်ကြပြီ။ ထိုင်ခုံနှင့်ထောင်လောက်လည်း အလပ်မရှိတော့။ မတ်တတ်ရပ်ကြသူတွေမှာ ထိုင်သူထက် နှစ်ဆ သုံးဆမက များပြားလှ၏။ ပွဲစတော့မည်။

'ထွက်ပါဗျို့၊ ပွဲစပါဗျို့။ မြန်မာအချိန်မှစ,မှာလား'ဟူသော အသံများ ကျောင်းသားထုမှ ပေါ်ထွက်လာသည်။ ခြောက်နာရီတိတိ စ,မည်ဟု ကြေညာထားသည်။ ဆရာ ဦးကျော်ရင်မှာ ဆပ်ပြာသည် လင်ပျောက် ဖြစ်နေသည်။

'ဒီမှာ ဆရာ ဦးလှမောင်၊ ပရိသတ်တွေ ဆူလှပြီ ပွဲစမှဆင်တယ်'

'ပြီးပါပြီဗျာ၊ ဒိုင်းတွေအပေါ် သယ်တုန်းမို့ပါ။ အခုမှ ခြောက်နာရီနဲ့ ငါးမိနစ် ရှိပါသေးတယ်။ ကဲ စ,နိုင်ပါပြီခင်ဗျား'

❑

တက္ကသိုလ် မြန်မာအသင်း ဥက္ကဋ္ဌ ဆရာ ဦးကျော်ရင်က နန်းတော် ကားကြီးကို အလယ်မှ ခွဲ၍ ထွက်လာပြီးလျှင် 'ယခု အခမ်းအနား စ,ပါပြီခင်ဗျာ'ဟု ကြေညာရာ ပရိသတ်မှ တစ်ခဲနက်သော ဩဘာသံကြီး ထွက်ပေါ်လာသည်။ ကောင်းကင်မှ မိုးသားတိမ်တိုက်များပင် ရှံ့ကြောက်၍လားမသိ၊ ပျောက်ပြယ်သွားကြပြီ။ လပြည့်ဝန်းသည် ရံရွှေတော်အစုံဖြင့် ငွေရတုသဘင်ကို အလေးပြုနေသည်။

ရှေးဦးစွာ ဒိုးပတ်ပြိုင်ပွဲ၌ ပထမရသော စစ်ကိုင်းကျောင်းဆောင်သားများက မြန်မာဆန်ဆန် ဒိုးပတ်ဖြင့် ဧည့်ခံဖြေဖျော်၏။ သံချပ်များမှာ ကျောင်းသားထုအကြိုက် ဖြစ်သည်။ တက္ကသိုလ်နယ်ပယ် အဖြစ်အပျက်၊ ကျောင်းဆောင်များ အဖြစ်အပျက်ကို ဖော်ထုတ်သည့် သံချပ်များဖြစ်သဖြင့် ကျောင်းသားထု မနောရွှေ့သလောက် တက္ကသိုလ် အာဏာပိုင်များ သဘောမတွေ့လှချေ။ ကျောင်းတော်သားများမှာ အနုပညာသည် ပီသလှ၏။ အသိုင်းအဝိုင်း ညီ၏။ သီပုံ တီးပုံများမှာ တကယ့်သဘင်သည်များကဲ့သို့ ပီရိသပ်ရပ်သည်။

ထိုနောက် ဆုနှင်းသဘင်ဖွင့်၏။ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ထင်အောင်က သဘာပတိ အဖြစ်ဖြင့် ဆောင်ရွက်၍ ဒုတိယ အဓိပတိ လွှတ်တော်တရားဝန်ကြီး ဦးအေးမောင်က ဆုများကို အသီးသီး ချီးမြှင့်သည်။

ဆုနှင်းသဘင်ကား စိတ်ဝင်စားဖွယ်ရာ၊ အားကျဖွယ်ရာ ဖြစ်၏။ သို့သော် ဆုနှင်းသဘင်ကား ဆုနှင်းသဘင်ပင် သံလိုက်ဓာတ်လို၏။ ကျောင်းသားထု၏ အာရုံအိမ်မြှောင်ကို ဆွဲငင်မှုအရှိန် မပြင်းထန်လှချေ။ ဩဘာသံ၊ ချီးကျူးသံ၊ လက်ခုပ်သံများကား မင်းတိုင်းကျေမှုသာ။

ဦးကျော်ရင်က 'စုံနံ့သာမြိုင် ရာပုံတော်ကြီး သရုပ်ဖော်ပြဇာတ်ပြပါတော့မယ် ခင်ဗျား'ဟု ဒုတိယမ္ဗိ ကြေညာ၏။ ကြောက်ဖွယ်လိလိ ထုတိဩဘာသံကြီး အလုံးလိုက် အခဲလိုက် ပျံ့ဝဲတက်လာ၏။

ပဏာမအက ထွက်တော့မည်။

❑

ဒုတိယဝိဇ္ဇာတန်း ဂျက်နက်ဒေါင်းခေါ် ခင်ခင်ထွေးက ကပ္ပိယိုးဒယား အကဖြင့် ပဏာမ ဧည့်ခံ၏။ အမေရိကန်သံရုံး ယဉ်ကျေးမှုရေးရာ အရာရှိက ကပ္ပိယိုးဒယား အကကို ရာဇဝင်ချို၍ ပြောရန် မေးတော့၏။ တရုတ်နီ၊ ရုရှား သံရုံးအရာရှိများကလည်း ဤနည်းနှင်နှင်။ ဆရာ ဦးမောင်မောင်ကြီးနှင့် ဆရာ ဦးကျော်ရင်တို့ ပွဲကောင်းကောင်း မကြည့်ရတော့ချေ။ သူတို့ အမေးတွေကို ဖြေနေရသည်။ ဆရာ ဦးလှရွှေမှာ ထိုဝဋ္ဋထက် ဆိုးသောဝဋ္ဋ ခံနေရသည်။ ဆန္ဒင်းမကင်းနှင့် နပန်းလုံးနေရသည်။ ဆရာ ဦးလှမောင်မှာ ကွမ်းသီးကြိုက် တောင်ငူပို့ဖြစ်နေသည်။ သီတာ ဒေါ်ခင်ထွေးနှင့် ဇာတ်ခုံပေါ်မှာ ကားဆွဲနေကြသည်။ ဆရာ ဦးဘညွန့်နှင့် ဦးဘသောင်းတို့လည်း တစ်ခါတစ်ခါ ဝင်ဆွဲကြသည်။

ကျောင်းသားထုမှ ချီးကျူးသံ ထွက်လာ၏။ 'ဒါဘယ်သူလဲ၊ ပရိဂရင် ကြည့်စမ်း၊ ဂျက်နက်ဒေါင်းတဲ့လား။ ချောတယ်ဟေ့၊ ကျောင်းဖွင့်မှ သိကြရောပေါ့'

အနုပညာ သရုပ်ဖော်ပွဲတွင် နုမျစ်သူတို့အတွက် သိမ်မွေ့နက်နဲမှုကို မျက်ခြည်ပြတ်ကာ ချစ်ဖွယ်ရာ ပသာဒဘက်သို့ ယိမ်းညွတ်သည်မှာ မထူးဆန်းပါ။

ကပ္ပိယိုးဒယားအက ပြီးသွားပြီ။ နန်းတော်ကားကြီး ပြန်ကျလာ၏။

**ညည်းသံတစ်သံ။** ။ 'ထပ်က,ဖို့ ကောင်းသေးတယ်ကွာ'

*စာမျက်နှာ(၂၅၆)သို့...*

www.burmeseclassic.com

# ရန်ကုန်တက္ကသိုလ်မှ ကပြခဲ့သည့် စုံနံ့သာမြိုင်နှင့်ပတ်သက်သော ရှင်းတမ်း

**မောင်သန်းဆွေ ၊ထားဝယ်၊**

စာရေးသူသည် ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ရွှေအမြုတေမဂ္ဂဇင်း၊ အမှတ် ၂၄၉ တွင် 'စုံနံ့သာမြိုင်နှင့် ကျွန်တော်' ဆိုသည့် ဆောင်းပါးတစ်ပုဒ် ရေးဖူးပါသည်။ ထိုဆောင်းပါးရှေ့ပိုင်းတွင် မြန်မာစာပေရှာပုံတော်ကြီးများမှ စုံနံ့သာမြိုင်ရှာပုံတော်နှင့် ပတ်သက်ပြီး အကျယ်ရေးခဲ့သည်။

ဆောင်းပါးအလယ်လောက်တွင် အောက်ပါအတိုင်း ရေးခဲ့ပါသည်။ *'ကျွန်တော်တို့ တက္ကသိုလ် မရောက်မီ ရန်ကုန်တက္ကသိုလ်တွင် ၂၅ နှစ်မြောက် ငွေရတုသဘင် ကျင်းပခဲ့သည်။ ထိုငွေရတုသဘင် စုံနံ့သာမြိုင်ရှာပုံတော်ကြီးကို တခမ်းတနားကပြခဲ့သည်ဟု ဆိုသည်။ ၁၉၅၂ ခုနှစ်က ဖြစ်၏။ စာရေးဆရာမ ရွှေကူမေနှင်းက- '၁၉၄၄ မှာ ၂၅ နှစ်ပြည့်တယ်။ ၁၉၅၂ ခုနှစ်မှာမှ ငွေရတုသဘင် ကျင်းပတယ်ဆိုတော့ ဟုတ်နိုင်ပါ့မလား ဆရာရယ်' ဟု ပြောပါသည်။ မကြာသေးမီက စာပေညီလာခံနှင့် ပတ်သက်၍ ရန်ကုန်သို့ရောက်ခဲ့သည်။ ကြုံ၍စာရေးဆရာမကြီး ဒေါ်ပဒ္မာမြားခင်၏ ၈၆ နှစ်ပြည့် မွေးနေ့အလှူပွဲသို့ သွားခဲ့၏။ ဆရာမကြီး ဒေါ်ကလျာအိမ်တွင် ကျင်းပခြင်းဖြစ်ပါသည်။ ထိုပွဲတွင် စာရေးဆရာမကြီး ဒေါ်ခင်ဆွေဦးနှင့် ကပ်လျက်ထိုင်ရ၍ ငွေရတုသဘင် အကြောင်း မေးကြည့်ရာ- 'ဟုတ်တယ်လေ။ ၁၉၅၂ ခုနှစ်က ငွေရတုသဘင်ကျင်းပခဲ့တာ ၁၉၅၃ မှာ ကျွန်မ မန္တလေးတက္ကသိုလ်ကို ရောက်သွားတယ်။ စုံနံ့သာမြိုင်မင်းသမီး ခင်လှသီဟာ အခုရှိသေးတယ်။ လှတုန်းပဲ' ဟု ပြောပါသည်။ အနီးတွင် ထိုင်နေသော အငြိမ်းစား မြန်မာစာပါမောက္ခဆရာ မောင်ခင်မင်(ဓနုဖြူ)အား မေးသောအခါ ဆရာက- 'ကျွန်တော်လည်းမီလိုက်တာတော့ မဟုတ်ဘူး။ ကျွန်တော်တို့ဌာနက လူကြီးတွေ ပြောတာ ကြားရတာကတော့ ၁၉၅၂ ခုနှစ်မှ ကျင်းပပေမဲ့ ငွေရတုသဘင်ပဲလို့ ပြောပါတယ်' ဟု ပြောပြခဲ့သည်။ စာပေညီလာခံတွင် ကျွန်တော့်ဆရာ ဒေါက်တာခင်မောင်ညွန့်နှင့်တွေ့၍ ၁၉၄၄ ခုနှစ်တွင် ၂၅ နှစ်ပြည့်ခဲ့သော်လည်း ၁၉၅၂ ခုနှစ်ရောက်မှ ငွေရတုသဘင် ကျင်းပသည်ဆိုသည်မှာ ဟုတ်၊ မဟုတ်မေးကြည့်ရာ ဆရာက- '၁၉၄၄ ခုနှစ်တုန်းက*





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ရန်ကုန်တက္ကသိုလ် မြန်မာအသင်းကြီး၏ အမှုဆောင်အဖွဲ့(၁၉၅၁-၅၂) ငွေရတုသဘင်နှစ်

*၂၅ နှစ်ပြည့်တာတော့ ဟုတ်တယ်။ ဒါပေမဲ့ အဲဒီအချိန်တုန်းက အခြေအနေအရ ကျင်းပလို့ရတာမှ မဟုတ်ဘဲ။ ၁၉၅၂ ခုနှစ်ရောက်မှ ကျင်းပခဲ့ရတာ။ ငွေရတုပြည့်ပြီးတဲ့နောက် ဘယ်အခါပဲ ကျင်းပ ကျင်းပ ကျင်းပလို့ရတာပဲဟာ။ ရန်ကုန်က စုံနံ့သာမြိုင်ရုပ်ပုံတော် အောင်မြင်တော့ မန္တလေးကလည်း ၁၉၅၃ ခုနှစ်မှာ ပေမဝန်ဘွေကို ကခဲ့တယ်။ အောက်တိုဘာလကြီးထဲမှာ မိုးအကြီးအကျယ်ရွာလို့ ပေမဝန်ဘွေဟာ ရေမဝန်ဘွေဖြစ်သွားရတော့တာပေါ့'ဟု ပြောမှ ရှင်းသွားပါတော့သည်။ ၁၉၅၂ ခုနှစ်က ကျင်းပခဲ့သည်ကို အငြင်းမပွားပါ။ ငွေရတုသဘင် ဟုတ်၊ မဟုတ်ဆိုသည်ကိုသာ သေချာအောင် မေးနေရခြင်းဖြစ်ပါသည်။*

*ဤအကြောင်းနှင့်ပတ်သက်၍ အစ်ကိုကြီး ဦးစိန်မောင်ဦး(ရှေးဟောင်းသုတသန-ငြိမ်း)နှင့် စကားလက်ဆုံကျ၍ အစ်ကိုကြီးကလည်း-*

*'ရန်ကုန်တက္ကသိုလ်မှာ စုံနံ့သာမြိုင် က,တော့ မင်းသမီး ခင်လှသီကို သီတာခင်ထွေးက သင်ပေးရသတဲ့။ နောက်တစ်နှစ် မန္တလေးမှာ ပေမဝန်ဘွေကတော့ မင်းသမီးက ကိုအောင်သန်းထွန်းရဲ့ညီမ ခင်သန်းထွေးက ပေမဝန်ဘွေ မင်းသမီးကလေးပေါ့။ သူ့ကို မြခြေကျင်း မငွေမြိုင်က သင်ပေးရတယ်လို့ ဆိုတယ်'ဟု ဖြည့်စွက်၍ ပြောပြပါသည်။*

*စုံနံ့သာမြိုင် မင်းသမီးလုပ်သူ ခင်လှသီမှာ သူ့ခေတ်နှင့်သူအတော်ကျော်ကြားသွားသည်။ နောက်ပိုင်း တပ်မတော်ထဲဝင်ပြီး ဗိုလ်ကြီးဖြစ်လာသည်ကို ကျွန်တော့်အစ်မ ဗိုလ်ကြီးရီရီသန်းထံမှကြားရဖူးသည်။ သူတို့ညီအစ်မ ၉ ယောက်သည် ထိုခေတ်က လှကြ၍ နာမည်ကြီးများဖြစ်သည်။ သူတို့က ချောင်းဦးဇာတိ၊ စက်ရှင်မင်းကြီး ဦးသိန်းမောင်၏သမီးများဖြစ်သည်ဟု ကျွန်တော့်မိဘများပြောသည်ကို မှတ်မိနေပါသည်။ တပ်မတော်တွင် ဗိုလ်မှူးအထိဖြစ်ခဲ့ပြီး သာသနာရေးဝန်ကြီးဌာနတွင် အမှုထမ်းခဲ့သည်ဟု ကြားရဖူး၏။ ဟူ၍ဖြစ်၏။'*

ယခု ၄ နှစ်လောက်ကြာမှ ၂၀၁၄ ခု၊ အောက်တိုဘာ ၇ ရက် ရက်စွဲဖြင့် စာတစ်စောင်ရောက်လာပါသည်။ ၎င်းစာမှာ ဦးစိန်ရီး(အနောက်တံခါးမှူးမောင်မှူး)ထံမှဖြစ်၏။ ဆရာကြီးသည် သူရဲ့မဂ္ဂဇင်းတွင် ဖော်ပြပါ ကလောင်နာမည်ဖြင့် လစဉ်ဆောင်းပါးများရေးနေ၍ စာရေးသူကလည်း ထိုမဂ္ဂဇင်းတွင် ပင်တိုင်ဆောင်းပါးရှင်ဖြစ်သဖြင့်သိနေကြပါသည်။

ဦးစိန်ရီးသည် စလင်းဘက်မှ 'သူကောင်း'မျိုးဖြစ်၏။ စာရေးသူ၏ ငယ်သူငယ်ချင်း၊ ကွယ်လွန်သူ အငြိမ်းစားသံအမတ်ကြီး ဗိုလ်မှူးချုပ်ကြာညိုချစ်ဖေ၏ ဦးလေးတော်သည်။ ဗိုလ်မှူးချုပ်ကြာညိုချစ်ဖေသည် အိုင်စီအက်စ် ဦးချစ်ဖေ၊ သူကောင်း ဒေါ်ခင်စိန်လှိုင်တို့၏သားဖြစ်သည်။ ဦးစိန်ရီးသည် ဒေါ်ခင်စိန်လှိုင်၏မောင် ဖြစ်ပါသည်။ စာရေးသူက သူကောင်းမျိုးအကြောင်းကို ဆောင်းပါးများရေးဖူးသဖြင့် သူငယ်ချင်း ကြာညိုချစ်ဖေနှင့်အတူ ဆရာကြီး ဦးစိန်ရီးနှင့် သူ၏သမီး၊ ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနပညာဌာန ပါမောက္ခ ဒေါ်ကျော့မှူးခင်တို့ စာရေးသူ အိမ်သို့လာဖူးသည်။ စကားလက်ဆုံကျကြ၏။ စာရေးသူမသိသည့် သူကောင်းမျိုးများအကြောင်းကိုလည်း ပြောသွားကြပါသည်။

ယခု ဆရာကြီးက စာရေးသူ ရေးလိုက်သည့်စာမှာ ဤမဂ္ဂဇင်း၌ စာရေးသူရေးခဲ့သည့် 'စုံနံ့သာမြိုင်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်'နှင့် ပတ်သက်နေပါသည်။

ဆရာကြီးက သူ ၁၉၅၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ရောက်ကြောင်း၊ ၁၉၄၉ ခုနှစ်အထိ စလင်းမြို့ အစိုးရအထက်တန်းကျောင်းမှာ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ဖူးကြောင်း၊ စလင်းတွင် ကျောင်းနေစဉ်က ခင်လှသီ၊ မခင်လေးကြီး၊ မခင်လေးငယ်၊ ကိုတင်မောင်ညို (ရွှေကျင်အမ်း ပန်းတင်တောင်နှင့် လေယာဉ်တိုက်မှု၍ ကွယ်လွန်သွားသော ဗိုလ်မှူးတင်မောင်ညို-လေ)တို့နှင့် ကျောင်းနေဖက်များဖြစ်ခဲ့ကြောင်း၊ သူ့ဖခင်မြို့အုပ်လုပ်စဉ်က မခင်လှသီတို့ဖခင် ဦးသိန်းမောင်နှင့် ခင်မင်ခဲ့ရာ စလင်းသို့ဦးသိန်းမောင်တို့မိသားစု တရားမမြို့အုပ်အဖြစ် ပြောင်းလာသောအခါ မြို့ခံဖြစ်၍ အသွန်ခင်မင်စွာနှင့် မောင်နှမများသဖွယ် ဆက်ဆံလာခဲ့ကြကြောင်း၊ ယခုဒေါ်ခင်လှသီ (ဗိုလ်မှူး-ငြိမ်း)၊ အကြံပေးအရာရှိ သာသနာရေးဦးစီးဌာနသည် အိမ်နီးချင်းဖြစ်ကြောင်း၊ သူ့ထက်အသက်ကြီး၍ အစ်မဟုခေါ်ကြောင်း၊ တက္ကသိုလ်သို့ ၁၉၅၁ ခုနှစ်တွင် ရောက်ကြပါကြောင်း ရေးထားသည်။

တစ်နေ့က ဒေါ်ခင်လှသီရောက်လာပြီး ရန်ကုန်တက္ကသိုလ်မြန်မာအသင်းအကြောင်း ပြောကြကြောင်း၊ ဒေါ်ခင်လှသီက ရန်ကုန်တက္ကသိုလ် ငွေရတုသဘင်၌ စုံနံ့သာမြိုင်မင်းသမီး လုပ်ခဲ့သည်ဟု ဦးပီကျော်ဟန်က ရေးသားခဲ့ကြောင်းဟု ပြောကြောင်း၊ ဒေါက်တာ ခင်မောင်ညွန့်ကလည်း ရန်ကုန်တက္ကသိုလ် ငွေရတုသဘင်သည် ၁၉၅၂ ခုနှစ်တွင်လုပ်ရာ၊ ငွေရတု ၂၅ နှစ်နှင့် မကိုက်သော်လည်း လုပ်ခဲ့သည်ဟု ရေးခဲ့ပြန်ကြောင်း၊ စာရေးသူ ရေးသားခဲ့သည့် ဆောင်းပါးတွင်လည်း တက္ကသိုလ် ငွေရတုသဘင်ကို ၁၉၅၂ ခုနှစ်၌ ပြုလုပ်၍ မခင်လှသီက စုံနံ့သာမြိုင် မင်းသမီးအဖြစ် က,သည်ဟု ရေးသားခဲ့ကြောင်း ရေးထားပြန်ပါသည်။

အမှန်မှာ ရန်ကုန်တက္ကသိုလ် မြန်မာအသင်းကို ဆရာဦးလှမောင်၊ ဆရာဦးလှရွှေ၊ ဆရာဦးကျော်ရင်၊ ဆရာ ဦးမောင်မောင်ကြီးတို့ဦးစီး၍ ဖွဲ့ထားခြင်းဖြစ်ပါသည်။ ၁၉၅၁ ခုနှစ်တွင် ၂၅ နှစ် မြောက်၍ ငွေရတုသဘင် ကျင်းပရန်စီစဉ်ရာ ဆရာဦးလှမောင်မှာ ချောင်းဦးဇာတိ ဖြစ်၍ ဦးသိန်းမောင်တို့နှင့် ရပ်ဆွေရပ်မျိုးများဖြစ်ကြရာ မယ်များဖြစ်ကြသော ဦးသိန်းမောင်သမီး မခင်လှသီနှင့် မခင်လေးငယ်တို့မှာ ဆရာဦးလှမောင်၏စီစဉ်မှုကြောင့် စုံနံ့သာမြိုင်မင်းသမီးနှင့် စကြာမင်းသားဖြစ်သွားရပါကြောင်း၊ မလှသန်း(ဗိုလ်မှူး-ငြိမ်း)သည်လည်း စန္ဒကိန္နရီတွင်ပါလာခဲ့ကြောင်း၊ ကိုမြတ်ကျော်(ကွယ်လွန်၊ ညွှန်မှူး ကဇာတ်ဌာန)ကလည်း ရာမမင်းအဖြစ် ပါဝင်ကပြခဲ့ကြောင်းဟုရေးသားထားသည်။

သို့ဖြစ်၍ ဒေါ်ခင်လှသီနှင့် တွေ့ဆုံမေးမြန်းလိုကလည်း တွေ့ဆုံပေးနိုင်ပါကြောင်း၊ ဦးပီကျော်ဟန်နှင့် ဒေါက်တာ ခင်မောင်ညွန့်တို့ရေးသားချက်၊ ထို့အပြင် စာရေးသူ၏ရေးသားချက်တို့ကို ပြန်လည်တည့်မတ်ပေးစေလိုကြောင်း အစ်မခင်လှသီက ပြောပါကြောင်းဖြင့် ရေးသားထားသည်။

ဆိုလိုသည်မှာ စာရေးသူ၏ 'စုံနံ့သာမြိုင်နှင့် ကျွန်တော်'ဆောင်းပါးတွင် ၁၉၅၂ **ခုနှစ်၌ ရန်ကုန်တက္ကသိုလ် ၂၅ နှစ်မြောက် ငွေရတုသဘင်အတွက် စုံနံ့သာမြိုင် ကခဲ့ခြင်းဆိုသည်မှာ မဟုတ်ကြောင်း၊ ရန်ကုန်တက္ကသိုလ် မြန်မာအသင်းကြီး၏ ၂၅ နှစ် မြောက် ငွေရတုသဘင်အတွက်သာ ၁၉၅၁ ခုနှစ်တွင် စုံနံ့သာမြိုင်ကို ကခဲ့ခြင်းဖြစ်ကြောင်း** ဟုပြင်၍ ရေးသားဖော်ပြစေလိုခြင်း ဖြစ်ပါသည်။



**ရန်ကုန်တက္ကသိုလ် မြန်မာအသင်းကြီး၏ စုံနံ့သာမြိုင် သရုပ်ဖော်ခန်းတွင် စုံနံ့သာမြိုင် မင်းသမီး ခင်လှသီ(ညောင်လေးပင်မယ်)နှင့် မောင်တော်အိမ်ရှေ့စံမင်းသား ခင်လေးငယ် (၁၉၅၁-၅၂ ခုနှစ် မယ်တက္ကသိုလ်)**

အမှန်မှာ ၁၉၅၁ ခုနှစ်က စာရေးသူ အင်္ဂလိပ်မက်သဒစ် အထက်တန်းကျောင်းတွင် မူလတန်း အကြီးတန်း၌တက်နေစဉ်ဖြစ်ပါသည်။ တက္ကသိုလ်သို့ ၁၉၆၀ ပြည့်နှစ်မှ ရောက်ပါသည်။ စာရေးသူ၏ ဆောင်းပါးတွင် ပါသကဲ့သို့ မီလိုက်သူများ ပြောကြား၍သာ စာရေးသူက ၁၉၅၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ၂၅ နှစ်မြောက် ငွေရတုသဘင် အထိမ်းအမှတ်အဖြစ် စုံနံ့သာမြိုင် ကပြခြင်း ဖြစ်သည်ဟု ရေးသားခြင်းဖြစ်ပါသည်။ စာရေးသူ၏အမှားကို တောင်းပန်ပါသည်။ အမှန်ပြောရလျှင် ရန်ကုန်တက္ကသိုလ်၌ မြန်မာအသင်းကြီးဟု ရှိခဲ့သည်ကိုပင် မသိခဲ့ပါ။ ယခုကဲ့သို့ အမှန်ကိုတည့်မတ်ပေးသော ကာယကံရှင် ဒေါ်ခင်လှသီနှင့် စာရေးသူထံ စာရေးသော ဆရာကြီးဦးစိန်ရိုးတို့ကို အထူးကျေးဇူးတင်ပါသည်။ စာဖတ်သူများ ပို၍ ရှင်းသွားစေရန် ဤမဂ္ဂဇင်းတွင် ဆရာကြီးဦးလှမောင်၏ ၁၉၅၂ ခုနှစ် ရန်ကုန်တက္ကသိုလ် နှစ်လည်စာစောင်မှ **'ငွေရတုသဘင်' ဆောင်းပါး** ကို ပြန်လည် ဖော်ပြထားပါသည်။ ■


**မောင်သန်းဆွေ၊ထားဝယ်၊**

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



၁။

အရေးတော်ပုံတပ်သား ကြီးသည် ၁၉၈၉၊ ဇူလိုင် ၄ တွင် အင်းစိန်ထောင်ထဲသို့ ရောက်သွား၏။

တိုက် ၂၊ အခန်း ၅၄၊

ဂျိုင်း…။

တံခါးဖွင့်။

အရိုင်းဘုံ။

ဂျိုင်း…။

တံခါးပိတ်။

အကျဉ်းခန်းထဲမှာ နှီး ကြောဖျာကြမ်းတစ်ချပ် ရှိသည်။ ပိတ်ကြမ်း အဖြူစ တစ်စ။ မိလ္လာသုံး စဥ့်အင်တုံ တစ်လုံး။

သူနှင့် မိတ်ဆွေများ အကြား၊ သူနှင့် ဆွေမျိုးများ အကြား 'အင်းစိန်' ခြားသွား ပြီ။ သံဆူးကြိုးတပ်ဆင်ထား သော အင်းစိန်ထောင် အုတ် တံတိုင်းကြီး ခြားသွားပြီ။

သူသည် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံတွင် စာနယ်ဇင်းသပိတ်သမားတစ်ဦး အဖြစ် ဒီမိုကရေစီအရေးတော် ပုံ တပ်သားတစ်ဦး ဖြစ်ခဲ့ရ သည်။

'ငါ အရေးတော်ပုံ တပ် သားကွဟု'။ ထောင်ထဲသို့ ရောက်ရောက်ချင်း သူ လက် ခမောင်းခတ်၏။ 'စစ်အစိုးရ ရဲ့အဓမ္မစနစ်ဆိုးရဲ့ အုတ်ရိုး ကို ငါ့ခေါင်းနဲ့ တိုက်ဖြိုမယ် ဟေ့…။

စစ်အစိုးရရဲ့ နှောင်ဖွဲ့မှု ထိတ်တုံးတွေကို ခြေနဲ့ ဆောင့်ကန်ဖြုတ်မယ်ဟေ့။

စစ်အစိုးရရဲ့ လက်ပြန် ကြိုးတွေကို သွားနဲ့ ကိုက်ဖြတ် မယ်ဟေ့။

အရောင်အဝါကင်းပ အညာတရစိတ်မွေးမယ်။

ယံ ကြည် ချက် နဲ့



www.burmeseclassic.com

www.burmeseclassic.com

အသက်ရှင်မယ်။ အဲဒီ ယုံကြည်ချက်နဲ့ ထောင်သက်တွေ ရှည်စမ်းပါစေ။ နင်လားဟဲ့ ငရဲ…

ငါကွဟေ့ အရေးတော်ပုံတပ်သား'

သူ ကြုံးဝါးသည်။

'ထောင်ဟာ ထောင်ပဲ။

တံတိုင်းဟာ တံတိုင်းပဲ။

သံတိုင်ဟာ သံတိုင်ပဲ။

ထိတ်တုံးဟာ ထိတ်တုံးပဲ။

နင်လားဟဲ့ ငရဲ။

ငါကွ အရေးတော်ပုံတပ်သား။

ထောင်သားဟာ ထောင်သားပဲ။

အကျဉ်းသားဟာ အကျဉ်းသားပဲ။

ငါဘာလဲ တွေးငေးဆွေးမှေ့နေစရာ မလိုတော့ဘူး။ ငါသည် အကျဉ်းသား။ သို့သော် အရေးတော်ပုံတပ်သား။

ငါ ဘယ်လို ပြုံးမလဲ။ ငါ ဘယ်လို မုန်းမလဲ။

ငါ ဘယ်လို ရုန်းမလဲ။ ငါ ဘယ်လို ဝုန်းမလဲ။

ငါ ဘယ်လို ကြံမလဲ။ ငါ ဘယ်လို ဖန်မလဲ။

ငါ ဘယ်လို ခံမလဲ။ ငါ ဘယ်လို လှန်မလဲ။

ငါ ဘယ်လို ညံမလဲ။ ငါ ဘယ်လို ထန်မလဲ။ ငါ ဘယ်လို နှံမလဲ။ နင်လားဟဲ့ ငရဲ။ ငါကွ အရေးတော်ပုံတပ်သား။ ငါ့ဘဝမှာ ငါ ကြားခဲ့ပြီ။ မကောင်းမကြံနဲ့။ မမှန် မလုပ်နဲ့။ မဟုတ် မပြောနဲ့'

ထိုအမှန်တရားများ၊ ထိုယုံကြည်မှုများ၊ ထိုမာန်များ၊

စိတ်ဓာတ်
တက်ကြွမှု
စိတ်ထက်သန်မှု
စိတ်ခိုင်မာမှု
စိတ်တည်ကြည်မှု
တို့ကို
ထောင်က
အလိုမရှိ
ထောင်က
အလိုမရှိသည့်
အရာများကို
နိုင်ငံရေး
အကျဉ်းသားများက
အလိုရှိသည်

ထိုသတ္တိများဖြင့် သူ့ကိုယ်ထဲက မဟုတ်မခံစိတ်သည် ကျောက်စာတိုင်ကဲ့သို့ မြဲမြံခဲ့၏။

သူကား အရေးတော်ပုံတပ်သားကြီး။ အဓမ္မမှု မှန်သမျှကို သူ တွန်းလှန်သည်။ မတရားမှု မှန်သမျှကို သူ ခံချသည်။ နိမ့်ကျသူ၊ ခံရသူဘက်က သူသည် စာနာရပ်တည်သည်။ အနေအထိုင်၊ အစားအသောက်အားလုံးမှာ အများနှင့် ဝေမျှပြီး ချို့တဲ့မှုကို သူ ခံယူသည်။

သူကား အရေးတော်ပုံတပ်သား။

သူ၏ ရင်ထဲတွင် ဗြဟ္မစိုရ်တရား ပန်းပွင့်များသည် မွှေးကြိုင်စွာ ပွင့်လိုင်နေ၏။

သူ၏ ရင်ထဲတွင် ဝမ်းမြောက်ခြင်း သစ်သီးများ သီးဝေမှည့်ဝင်းနေ၏။

သူ့တွင် စိတ်စံနှုန်းများ၊ ကျင့်ဝတ်စံနှုန်းများ ရှိသည်။

သူသည် ယုံကြည်ချက်ကို ဦးထိပ်ပန်ဆင်တတ်သူ။ သူ၏ ကိုယ်ပိုင် မူဝါဒကို စွန့်လွှတ်ပြီး သူ မယုံကြည်သူများနှင့် လက်ချင်းတွဲချိတ်ရန် ဘယ်သောအခါမှ စိတ်မကူးတတ်သူ။

ထို စိတ်ဓာတ်ခံယူချက်ကို သူ လက်မလွှတ်ခဲ့။ စိတ်မလွှတ်ခဲ့။

သူ့ဘဝ အချိုးအကွေ့များတွင် သူသည် သင်းကွဲအုပ်ကွဲဖြစ်ခဲ့ရတတ်၏။ သို့သော် သူသည် ဘယ်သောအခါမှ တစ်ကောင်ကြွက် မဖြစ်ခဲ့။ ဘယ်သောအခါမှ တစ်ကိုယ်ကောင်း မဆန်ခဲ့။ ဘယ်သောအခါမှ အထီးကျန် မဖြစ်ခဲ့။

သူ့မှာ ရဲဘော်စိတ် အပြည့်ရှိသည်။

သူ့မှာ ရဲဘက်စိတ် အမြဲရှိသည်။

သူ့မှာ Comrade Spirit အစဉ်ရှိသည်။

ထို ရဲဘော်စိတ်ကြောင့်ပင် သူ့ကို အမာခံဝန်းရံသူများ တောင့်တင်းခိုင်မာနေပြန်၏။

'နင်လားဟဲ့ ငရဲ၊ ငါကွဟေ့ အရေးတော်ပုံတပ်သား'

ဤ ကြုံးဝါးသံဖြင့် ထောင်သက် နှစ် ၂၀ ရှည်ချင်လည်း ရှည်ပါစေပေါ့။

သူကား အရေးတော်ပုံတပ်သားကြီး။

အရေးတော်ပုံတပ်သားဘဝ၏ရည်မှန်းချက် ပန်းတိုင်မှာ ဒီမိုကရေစီ ပန်းတိုင်။

သူ၏ပန်းတိုင် မပျောက်။ သူ ထောင်ထဲသို့ ရောက်နေ၏။ သူ့ရည်မှန်းချက် ပန်းတိုင်မှာ မပျောက်။ ရောက်ကိုရောက်ရမည်ဟု သူကြုံးဝါးသည်။

အရေးတော်ပုံတပ်သားဟူသည် ခေတ်ဝန်ကို ထမ်းပြီးခေတ်လမ်းကိုလျှောက်မည် မဟုတ်ပါလား။

အရေးတော်ပုံတပ်သား၏မာန်သည် သူ့သွေးထဲမှာ ထာဝရတည်ရှိ၏။

မာန်တင်းသကဲ့သို့ ဉာဏ်လင်းနိုင်ရမည်။

မာန်ဟိန်းသကဲ့သို့ ဉာဏ်ထိန်းနိုင်ရမည်။

မာန်ဆန့်သကဲ့သို့ ဉာဏ်သန့်နိုင်ရမည်။

ထို အာစရိယဝါဒကို ခေါင်းမှာဆင်၍ ရင်မှာစွဲသည်။

သူသည် ဦးခေါင်းထဲမှာ မှန်တိုင်းဆင်၏။

ရင်ထဲတွင် ခံစားချက် တရိပ်ရိပ်။

❑

ကြိုးတိုက်ထဲက အခန်း အမှတ် ၅၄ ထဲတွင် သူ တစ် ယောက်တည်း စိတ်ကျ ကျင်၊ ရင်နာနာနှင့် အတွေး များ လွင့်မျောနေမိ၏။

ဂျိုင်း…။

သံတံခါးဖွင့်သံ။ ကြား လိုက်ရပြီ။

'လိုက်ခဲ့'

ထောင်ဝါဒါ ယောက်က လာခေါ်သည် သူတို့ အပြုအမူ ပိုင်စိုး



www.burmeseclassic.com

www.burmeseclassic.com

[..] မထီမဲ့မြင်။

သူ၏စိတ်ထဲတွင် [..]သမီးပွင့်သွား၏။

'မင်းတို့ ခေါ်တိုင်း [လိုက်]ရမှာလားကွ'

သူ အော်ဟစ်၏။

'ဘယ်သူက ခေါ်ခိုင်း[တာ]လဲ။ ဘယ်ကို လိုက်ရမှာ[လဲ]။ ဘာကိစ္စလဲ။ ဘယ်မလဲ [ဆင့်]ခေါ်စာ'

သူ အော်ဟစ်လိုက်၏။

သူ့အသံသည် ပို၍ [ကျ]ယ်လောင်လာ၏။ သူ [..]ခေါသထွက်သွားပြီ။

'မလိုက်ဘူးကွ၊ မလိုက်[ဘ]ူး'

သူသည် အာခေါင်ကို [ခြ]စ်၍ အော်၏။

'ငါ အကျဉ်းသားကွ။ [ငါ] ထောင်ခန်းထဲ ရောက်နေ[ပြ]ီ။ ဘယ်သူခေါ်ခေါ် လိုက်[စ]ရာ မလိုဘူး'

လူတစ်ယောက်ကို [..]ထောင်ချပြီးပြီ။

ပုဒ်မတွေ တပ်ချင်သလို [တ]ပ်ပြီး ထောင်ချပြီးပြီ။

သူတို့ဥပဒေ၊ သူတို့[တ]ရားသူကြီး၊ သူတို့တရား[ရုံး]မှ စီရင်ချက်အရ လူတစ်ယောက်ကို ထောင်ထဲသို့ [ပို့]ပြီး ပို့လိုက်ပြီးပြီ။

ထောင်ထဲမှာ ထောင်[စည်း]ကမ်းအတိုင်း သူ နေပါစေ[တော့]။

အဘယ်ကြောင့် ခေါ်ရ[ပြ]န်သနည်း။

အဓိပ္ပာယ် မရှိ။

ဘေးအခန်းများ၊ ရှေ့အခန်းများမှ နိုင်ငံရေးအကျဉ်းသားများ ရှိသည်။ သူ့အော်သံကြောင့် အကျဉ်းသားများကို သူ့ကို ကြောင်၍ ကြည့်နေကြ၏။ ထောင်ဝါဒါနှစ်ယောက်ကမူ တွေတန့်သွား၏။

'ဒါ ထုံးစံပဲ အဘ လိုက်ခဲ့ပါ'

သူသည် ရှေ့ခန်းမှ နိုင်ငံရေးအကျဉ်းသားများကို ကြည့်လိုက်၏။ အခြားအခန်းမှ နိုင်ငံရေးအကျဉ်းသားများကို လှမ်းကြည့်လိုက်၏။ သူတို့၏မျက်ဝန်းများက သူ့ကို စကားတွေပြောနေသည်။ ဟုတ်ပါသည်။ ဒါ ထုံးစံပါပဲ။ ကျွန်တော်တို့တုန်းကလည်း အဲဒီလိုပါပဲ။

သူ့စိတ်သူ ပြန်ထိန်းသည်။

မအော်ဟစ်ချင်တော့။ အားကုန်စရာနေရာနှင့် အခြေအနေ မဟုတ်ဟု တွေးမိလိုက်သည်။

'ဘယ်ကို လိုက်ရမှာလဲ'

ထောင်ဝါဒါ တစ်ယောက်ကို သူ မေး၏။

'စစ်ကြောရေးကို'

အဖြေမှာ အေးစက်သည်။

'စစ်ကြောရေး'ဆိုသည်မှာ ထောင်လောကမှာ 'ငရဲခန်း'ဟု အဓိပ္ပာယ်ရ၏။

သူသည် လူသားတစ်ယောက်အနေနှင့် ဖြုံသွား၏။

ဒေါ်အောင်ဆန်းစုကြည် ပြောဖူးသောစကားကို သူသည် ဖျတ်ခနဲ သတိရလိုက်မိ၏။

'ကျွန်မ စစ်ကြောရေးမှာ လက်သည်းခွံ ခွာတာမျိုး၊ မျက်နှာပိတ် ရေလောင်းတာမျိုး၊ ညှို့သကျည်း ဝါးလုံးလှိမ့်တာမျိုးတွေ လုပ်ခံရမှာ မကြောက်ဘူး။ စစ်ကြောရေးမှာ လုပ်သူတွေရှေ့မှာ နာလို့ မျက်နှာရှုံ့မိတာတို့၊ အော်သံထွက်မိမှာတို့ပဲ ကြောက်တယ်။ နာလွန်းရင် အဲဒီလို ဖြစ်နိုင်တယ်။ အဲဒီလိုဖြစ်ရင် အတော် ရှက်စရာကောင်းတယ်လို့ ထင်တယ်။ ကိုယ့်ကို ညှဉ်းပန်းနှိပ်စက်နေတဲ့ လူတွေရှေ့မှာ အော်မိ၊ ညည်းမိ၊ မဲ့မိ၊ တွန့်မိတာမျိုး မဖြစ်ချင်ဘူး။ လူဆိုတော့ ညှဉ်းရင် နာမှာပေါ့။ နာရင် တွန့်မိ အော်မိမှာပေါ့။ ကျွန်မကတော့ အဲဒါမျိုး ဖြစ်မိမှာ စိုးတယ်။ ဖြစ်မိရင်လည်း ရှက်စရာကောင်းတယ်လို့ ထင်တယ်'

❑

၂။

လှိုင်ရဲဆီသို့၊ လှိုင်ရဲ၏ အဝီစိဆီသို့ သူ ရောက်သွားပြီ။

စစ်ထောက်လှမ်းရေးများက အခြေစိုက်စခန်း ဖွင့်ထားသော အထူးထောင်ထဲက စစ်ကြောရေးဌာနသို့ သူ ရောက်သွားပြီ။

စစ်ကြောရေးဌာနသည် Main Jail ခေါ် ထောင်ဗဟိုနှင့် ခြေလှမ်းသုံးဆယ် အကွာမှာ ရှိသည်။ တစ်ထပ်တိုက်ကလေး အခန်းလေးခန်း ရှိသည်။ သုံးခန်းကို စစ်ကြောရေးအတွက် သုံးသည်။ တစ်ခန်းမှာ တာဝန်ခံအရာရှိ အိပ်သည်။ စစ်ကြောရေးတိုက်ကလေးမှာ တောင်ဘက်အရပ်ကို မျက်နှာမူထား၏။ လမ်းမြောင်ကလေး ခြားထားသော အနောက်ဘက်မြေကွက်မှာ စေတီတစ်ဆူ ရှိသည်။

ကဲ မေးချင်သလောက် မေးကြစမ်းကွာ။ စစ်ထောက်လှမ်းရေး၏ အလုပ်အတိုင်း စစ်သည်။ မေးသည်။

သူတို့အလုပ်က မေးမြန်းသည့်အလုပ်၊ စစ်ဆေးသည့်အလုပ်၊ ကိုယ်ကာယကို၊ စိတ်ဓာတ်ကို ရိုက်ချိုးနှိပ်စက်သည့်အလုပ်။

'အေး ငါတို့ဘက်ကလည်း ဖြေချင်မှ ဖြေမယ်။ မဖြေချင် မဖြေဘူးကွ'

အဖြေ မပေးနိုင်ပါ။

အမှန်ကို မဖြေနိုင်ပါ။

အညံ့မခံပါ။ ဦးမကျိုးပါ။ ခေါင်းမညွှတ်ပါ။ ဒူးမထောက်ပါ။

သူတို့ စစ်ထောက်လှမ်းရေးဘက်က တိရစ္ဆာန်ထက် ပိုမိုရက်စက်ကြမ်းကြုတ်သည်။ ညှဉ်းပန်းနှိပ်စက်သည်။

မေး၊ စစ်၊ ခြောက်၊ ညှဉ်း။ နောက်ဆုံး ထောက်လှမ်းရေးလက်ချက်နှင့် သေဆုံးသွားရသော နိုင်ငံရေးအကျဉ်းသားများလည်း ရှိခဲ့ဖူးသည်။

သူတို့ဘက်က ဓာတ်လမ်း၊ ဓာတ်ကွက်၊ ဓာတ်ညွှန်များ ဆင်သည်။ ထိုလုပ်ဓာတ်၊ ဆင်ဓာတ်၊ မဟုတ်မဟပ်ဓာတ်များသည် နိုင်ငံရေးသမားများ၏ ဂုဏ်သိက္ခာ၊ ဂုဏ်သရေကို ချိုးခြေမှုသော ဓာတ်လမ်းများ ဖြစ်၏။

စစ်ကြောရေးသည် စစ်ကြောခံရသူ၏ ဦးနှောက်ကို၊ နှလုံးကို အဓမ္မနည်းဖြင့် မသမာသောနည်းမျိုးစုံဖြင့် သိမ်းပိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

စစ်ထောက်လှမ်းရေးဟူသည် ပြည်သူလူထု၏ နှလုံးသား၊ ပြည်သူလူထု၏ ယုံကြည်ချက်များနှင့် လုံးဝဆန့်ကျင်ခြားနားသူများ ဖြစ်သည်။

နိုင်ငံရေးသမားဟူသည် ပြည်သူလူထု၏ ယုံကြည်ချက်နှင့် နှလုံးသားကို ကိုယ်စားပြုသူများဖြစ်သည်။

စစ်ထောက်လှမ်းရေးသည် နိုင်ငံရေးသမား၏ ယုံကြည်ချက်ကို ရိုက်ချိုးသည်မှာ ပြည်သူလူထု၏ ယုံကြည်ချက်ကို ရိုက်ချိုးခြင်းပင် ဖြစ်သည်။ ပြည်သူလူထု၏ နှလုံးသားကို ခြေမွဖျက်ဆီးခြင်း ဖြစ်သည်။

စစ်ထောက်လှမ်းရေးဟူသည် ပြည်သူလူထု၏ နိုင်ငံရေး အယူအဆကို ပြက်ရယ်ပြုသည်။ ပြည်သူလူထု၏ခေါင်းဆောင်ကို လှောင်ပြောင်သည်။

စစ်ထောက်လှမ်းရေး၏အလုပ်သည် လူပီသသော လူသား၏ ရုပ်ပုံကို လူမပီသအောင် ဖျက်ဆီးလိုက်ခြင်း ဖြစ်သည်။

သူသည် ထောက်လှမ်းရေး၏ စစ်ကြောမှုကို ခံရသည်။ ကြိမ်ဖန်များစွာ ခံရသည်။

ထောက်လှမ်းရေး ရုံးခန်းမှာ ရုံပြည့်ရုံလျှံ ဖြစ်စဉ်က သူသည် နှင်းတောထဲတွင် တစ်ညလုံး ငုတ်တုတ်ထိုင်စောင့်ခဲ့ရဖူး၏။ ဒီဇင်ဘာလ။ အထူးဆောင်ဝက စေတီလေးအနီးမှာ၊ ထောင်ပုံစံအင်္ကျီဝတ်လျက်၊ ခေါင်းစွပ်စွပ်လျက်၊ လက်နောက်ပြန်ခတ် လက်ထိတ်နှင့်။ မြောက်ပြန်လေ တသွင်သွင်မှာ သူသည် ထုံကျဉ်ကိုက်ခဲလာ၏။ သူ့တစ်ကိုယ်လုံးမှာ နှင်းများဖြင့် ရွှဲစိုနေသည်။

> အကျဉ်းသား
> တစ်ယောက်အဖို့
> **အတ္တာဟိ**
> **အတ္တနော**
> **နာထော**
> ဘုရားဟောအတိုင်း
> မိမိကိုယ်ကို
> မောင်းနှင်ရ၏
> ကိုယ့်အား
> ကိုယ်ကိုး
> ကိုယ်ထူ
> ကိုယ်ထ
> အဲဒါ
> အကျဉ်းသားဘဝ

သူသည် ချမ်းလွန်းသဖြင့် ခိုက်ခိုက်တုန်လာ၏။ သူ ရောက်ဖူးသော မြောက်ဝင်ရိုးစွန်းက မူးရ်မန့်ခ်စ်မြို့မှာ နေရတာထက်ပင် ယခု ပို ချမ်းနေသည်။

စစ်ထောက်လှမ်းရေးသည် နိုင်ငံရေးအကျဉ်းသား၏ ခေါင်းကို ပတ်ချာလည်သွားအောင် လှည့်ပစ်လိုက်၏။

နိုင်ငံရေးအကျဉ်းသား၏ ခေါင်းသည် ချာချာလည်ပြီ။ ဆွေမျိုးမေ့၊ ပါတီမေ့၊ ပြည်သူမေ့၊ ခေါင်းဆောင်မေ့အောင်ကို စစ်ထောက်လှမ်းရေးက ညှဉ်းပန်းနှိပ်စက်ပစ်လိုက်၏။

'ဟေ့ ငါ့အဖို့ကတော့ စစ်ထောက်လှမ်းရေးဆိုရင် ကမ္ဘာမကြေဘူး၊ အစာမကြေဘူးကွဟေ့'

စစ်ကြောရေးမှာ သူ့သွားတွေ ကျိုးပဲ့ခဲ့ဖူးသည်။ သူ့ယုံကြည်ချက်များ၊ သူ့စိတ်ဓာတ်များလုံးဝ မကျိုးပဲ့ခဲ့ပါ။ လေ့ခွက်ချည်းကျန် အလဲမလဲဘူးပေါ့။ လေ့ခွက်မကျန်တောင် အလဲ မလဲဘူးဟေ့။

'သမိုင်းက ဘယ်လိုကြုံးဝါးခဲ့သလဲ။ အမေက မွေး၊ ထောင်က ကျွေးသတဲ့။ အဖေက ဆင်၊ ထောင်က သင်သတဲ့။ လူထုတွေ ကြားကြလော့၊ သိကြလော့။ လူငယ်တွေ ကြားကြလော့၊ သိကြလော့။

ထောင်ဆိုတာ နိုင်ငံရေးသမားကို ထုသားပေသားရအောင် မီးသားတင်ပေးတဲ့ နေရာဟေ့။

နိုင်ငံရေးသမားကို ထောင်ချလို့ကတော့ ပျော်တာပေါ့၊ ပျော်တာပေါ့။ ရယ်တာပေါ့၊ ရယ်တာပေါ့။

ထောင်ကြီး ထောင်ကြီး ချဲ့ထား၊ ချဲ့ထား။ ထောင်ကို ထောင်ကို မကြောက်၊ မကြောက်။

ရဲဘော် လုပ်ဖော် လူထုလူငယ်အပေါင်းတို့ စစ်အာဏာရှင် စနစ်ဆိုးရဲ့ လူ့ငရဲ ကျိန်စာမှ ကျော်နင်းလွတ်မြောက်နိုင်အောင် **တိုက်ပွဲဝင်ကြ**။

စစ်အာဏာရှင် စနစ်ရိုင်းရဲ့လူ့အခွင့်အရေး ချိုးဖောက်မှုစက်ကွင်းမှ ကျော်နင်း လွတ်မြောက်နိုင်အောင် တိုက်ပွဲဝင်ကြ'

ဤသည်မှာ အရေးတော်ပုံ တပ်သားကြီး၏ ကြုံးဝါးသံ။ သူ၏ အဘိဓမ္မာ ဖြစ်သည်။

❑

၃။

အရေးတော်ပုံ တပ်သားသည် ထောင်ထဲတွင် 'ရင်ထဲ၌ပြန်လည်စိမ်းစိုခြင်း' အဘိဓမ္မာဖြင့် နေထိုင်သည်။

ထောင်ထဲတွင် မည်သို့ ရှင်သန်ရမည်နည်း။ သူဦးနှောက်က သိသည်။ သူ့သွေးသားက သိသည်။

သင်းတို့က Political Prisoners(PP) (နိုင်ငံရေး အကျဉ်းသားများ)ကို စိတ်ညှိုးငယ်ခြင်း၊ စိတ်အားပျော့ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိတ်ပျက်စီးခြင်းသို့ရောက်အောင် မီးမောင်းထိုးပြသည်။

စိတ်ဓာတ်တက်ကြွမှု၊ စိတ်ထက်သန်မှု၊ စိတ်ခိုင်မာမှု၊ စိတ်တည်ကြည်မှုတို့ကို ထောင်က အလိုမရှိ။

ထောင်က အလိုမရှိသည့်အရာများကို နိုင်ငံရေး အကျဉ်းသားများက အလိုရှိသည်။

အကျဉ်းသားတစ်ယောက်အဖို့ **အတ္တာဟိ အတ္တနော နာထော** ဘုရားဟော အတိုင်း မိမိကိုယ်ကို မောင်းနှင်ရ၏။

ကိုယ့်အားကိုယ်ကိုး ကိုယ်ထူကိုယ်ထ။ အဲဒါ အကျဉ်းသားဘဝ။

'ထောင်ဘဝမှာ



www.burmeseclassic.com

www.burmeseclassic.com

ဘာနဲ့ စားရမှာပဲ။ မဝင် ဝင်အောင် မျိုရမှာပဲ။ မဝ ဝအောင် လွေးရမှာပဲ။ ကိုယ်ခန္ဓာ မသွက် သွက်အောင် လှုပ်ရှားရမှာပဲ။ နဖူးပေါ် လက်တင်ပြီး အတွေးနယ်ချဲ့နေလို့တော့ မပြီးဘူး။ ပျော်အောင်၊ ဝအောင် အိပ်ရမှာပဲ။ စိတ်ပျံ့လွင့်တာထက် စိတ်တည်ငြိမ်တာက ပို အကျိုးရှိတယ်။ ကောင်းတယ်။ မှန်တယ်လို့ နားလည်ကြရမှာပဲ'

အရေးတော်ပုံ တပ်သားကြီးက ပြောသည်။

နိုင်ငံရေးအကျဉ်းသားသည် ကိုယ့်စိတ်ဓာတ်မကျိုးပဲ့ရေးအပြင် ကိုယ့်ရဲဘော်များ၏ စိတ်ဓာတ်မကျိုးပဲ့ရေးအတွက်လည်း စဉ်းစားပေးရတတ်ကြသည်။

အရေးတော်ပုံ တပ်သားကြီးသည် အတီးနှ်မဟုတ်။ တစ်ကောင်ကြွက်မဟုတ်။ သူ့ရဲဘော်များနှင့်အတူ သူကိုယ်တိုင်စိတ်ဓာတ်ခိုင်မာရန် သူ့ဆောင်ပုဒ်ကို ကမ္ပည်းမှတ်တမ်းတင်သည်။ ၁၉၉၃ က သူ၏ဆောင်ပုဒ်မှာ ဤသို့ ဖြစ်၏။

'စိတ်ဓာတ်မကျိုးပဲ့စေနဲ့ ကျန်းမာရေး မကျိုးပဲ့စေနဲ့၊ စုဖွဲ့မှု မကျိုးပဲ့စေနဲ့'

စုဖွဲ့မှု မကျိုးပဲ့ရေးသည် ညီညွတ်မှု မပြိုကွဲရေးကို ဆိုလိုသည်။ ရဲဘော်ရဲဘက်စိတ်သည် ညီအစ်ကိုတော်များ၏ သွေးသားထဲတွင် ဘဝရစီးဆင်းရှင်သန်စေသတည်း။

❑

'မတရားတဲ့ အမိန့် အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ'

ဤအယူအဆကို သူကြွေးကြော်၍ အကျဉ်းထောင်အတွင်းမှာ နေထိုင်သည်။

'မတရားတဲ့ အမိန့် အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြပေ'

သူ့အယူအဆကို လူအများကြားနိုင်အောင် အော်ဟစ်သည်။ စာရွက်ပေါ်မှာ စာနှင့်ရေး၍ ရွှေပေလွှာဖြန့်ဝေသည်။

'မတရားတဲ့ အမိန့် အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြပေ'

သူ့အယူအဆကို သာစာရွက်ပေါ်မှာ ရေး၍ ဖြန့်ဝေခဲ့သည်မဟုတ်။

သူ၏နာမည်ကျော် **'ကျားရဲငါ'** ကဗျာသည် ထောင်အတွင်း၊ ထောင်ပြင်ပမှ ကမ္ဘာအထိ ဟိုးဟိုးကျော်ခဲ့သည်။ **'ကျားရဲငါ'** ကဗျာကို ရေးသောခုနှစ်မှာ ၁၉၉၀ ဖြစ်သည်။

*နေပြင်းရင် နှင်းမှုန်ရင်*
*ချွေးချွေးခုန်*
*အိုက်လို အိုက်*
*ခိုက်ခိုက်တုန်*
*ချမ်းလိုချမ်း။*

*အခန်းကျဉ်းကျဉ်း*
*အလင်းမဝင် လေမဝင်*
*နေ မမြင် လ မမြင်*
*လူ မမြင် သူ မမြင်*
*ထိုင်ရင်ထိုင်*
*မထိုင်ရင်ငေး*
*အိပ်ရင်အိပ်*
*မအိပ်ရင်တွေး*
*သတင်းမေးဖို့ ဝေးရော*
*သီချင်းလေးမှ မဆိုရ*
*စာဖတ်ဖို့ ဝေးရော*
*ကဗျာလေးမှ မစပ်ရ*
*တရားဟောဖို့ ဝေးရော*
*စကားလေးမှ မပြောရ။*

*အဟောသိက် သံသရာ*
*ငါ့ကမ္ဘာ ပိစိကွေး*
*အခန်းကျဉ်းလေး*
*ပတ်လျှောက်လိုက်*
*သံတံခါးဝ ရပ်လိုက်*
*တမတ်တတ်တတ်*
*တစ်နေကုန်*

*မနေ့ကလည်း*
*တစ်နေကုန်*
*ဒီနေ့လည်း*
*တစ်နေကုန်*
*နက်ဖြန်လည်း*
*ကုန်ဦးမယ်*

*ကုန် ကုန် ကုန်*
*ကုန်ချင်သလောက်*
*ကုန်စမ်း*
*တစ်ရက်ကုန်မလား*
*တစ်သက်ကုန်မလား*
*တစ်လကုန်မလား*
*တစ်ဘဝကုန်မလား*
*တစ်နှစ်ကုန်မလား*
*တစ်ခေတ်ကုန်မလား။*
*အားမလျှော့ဘူး*
*မပျော့ဘူး*
*ပေဖြစ်တော့ ခံမယ်*
*တူဖြစ်တော့ နှံမယ်။*

*အမှန်တရား*
*ဒို့ဘက်မှာ ရှိတယ်*
*ပြည်သူ့အများ*
*ဒို့ဘက်မှာ ရှိတယ်*
*ကာလယန္တရား*
*ဒို့ဘက်မှာ ရှိတယ်*
*ရှင်တော်ဘုရား*
*ဒို့ဘက်မှာ ရှိတယ်*
*သိကြရဲ့လား*
*ဟား ဟား ဟား ဟား။*

*တိရစ္ဆာန်ရုံက ကျားလို*
*လှောင်အိမ်ထဲမှာ*
*တလွန့်လွန့်နဲ့*
*ကျားသွန့်တုံးတွေ*
*ထင်သလား။*

*မှားလိုက်တဲ့ အမြင်*
*ဟားတိုက်လို့*
*ရယ်ချင်စရာ။*

*မှတ်ထားပေတော့*
*အဝါပေါ်မှာ အနက်စင်း*
*မပျက်မယွင်း*
*ကွက်ကွက်ကွင်း*
*အရှင်းသား မလွဲမချွေ*
*အထင်းသား စွဲသရွေ့*
*ကျားရဲဟာ ကျားရဲ*
*ငါလည်း*
*အဲဒီလိုပဲကွ ဟေ့။*

အရေးတော်ပုံ တပ်သားကြီး၏ထွေ့သံ၊ မာန်အပြည့်နှင့် ရဲရဲတောက် 'ကျားရဲငါ' ကဗျာ။ သူ့ထောင်ထဲမှာ ရေးသည်။

❑

သူ၏နောက်ပိုင်း ကာလကဗျာမှာ သူ၏နိုင်ငံရေး အဘိဓမ္မာက လွှမ်းမိုးသည်။

*အာဏာ ထင်ရာသုံး*
*တစ်ပြည်လုံး*
*ထောင်ကျ*
*စစ်ကျွန်တွေ*
*ရုန်းကန်ထမှ*
*လွတ်ကျွတ်ဘဝ။*

သူက အကျဉ်းထောင်ထဲ အကျဉ်းကျခံနေရသည်။ ပြည်သူလူထု တစ်ရပ်လုံးက တိုင်းပြည်၏ ဆင်းရဲခြင်းထောင်ထဲမှာ မွန်းကျပ်

www.burmeseclassic.com

www.burmeseclassic.com

နေသည်။ စစ်အစိုးရ အုပ်ချုပ်နေသမျှ ပြည်သူများ၏ စိတ်များ၊ ဘဝများသည် မချမ်းသာနိုင်။ ထိုအဘိဓမ္မာဖြင့် သူသည် ထိုကဗျာကို ရေး၏။

❑

ထောင်ထဲတွင် အရေးတော်ပုံတပ်သားကြီးသည် သူ့ရဲဘော်များနှင့်အတူ လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်၏။ ဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်၏။

*ဟားတိုက်ရယ်မော*
*သောသောညံညံ*
*တိုက်ပွဲဝင်၏။*

*တေးတကြော်ကြော်*
*အော်ဟစ်သီဆိုရင်း*
*တိုက်ပွဲဝင်ကြ၏။*

ထောင်အာဏာပိုင်တို့က နိုင်ငံရေးအကျဉ်းသားများကို သီချင်းမဆိုရဟု ပိတ်ပင်တားဆီးသည်။

'မတရားတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြဟေ့'

*အာဏာရှင်*
*ရာဇပလ္လင်*
*သီချင်းဆိုကွယ်*
*အတင်းဖြိုမယ်*

❑

နိုင်ငံရေး အကျဉ်းသားများ သီချင်းဆိုကြသည်။ ဇာဂနာ သီချင်းဆိုသည်။ ဦးခင်မောင်မြင့် သီချင်းဆိုသည်။

'*နဂါးနီ*' သီချင်းကို ဆိုကြသည်။

ဇော်ဝင်းထွဋ်၏ '*ကောင်းကင်မေမေ*' သီချင်းကို ဆိုသည်။

*မေမေ့ရဲ့ သားနိုင်တယ်*
*အန္တရာယ်တွေ*
*ရင်ဆိုင်ပွဲတိုင်း*
*မေမေ့ရဲ့အားမာန်တွေ*
*သားလေးရဲ့ သွေးထဲမှာ*
*စီးဝင်နေ*

ညမှာ ထောင်ထဲတွင် သီချင်းဆိုသည်။ ပလတ်စတစ်ရေချိုးခွက်ကို မှောက်ပုတ်၍ တီးသည်။ သီချင်းသံများ၊ ဗုံသံများဖြင့် သတ္တိများ ဆက်သွယ်ကြသည်။ ခွန်အားများ စီးဆင်းကြသည်။

*အာဏာရှင် ရာဇပလ္လင်*
*သီချင်းဆိုကွယ်*
*အတင်းဖြိုမယ်*

ပုံးသံ၊ ပန်းကန်သံ၊ ဘူးသံ၊ ခွက်သံ၊ ဗုံသံ၊ ခရာသံ၊ သီချင်းသံ၊ အင်းစိန်ထောင်မှာ ညံနေသည်။

ကရင်ရဲဘော်တို့၏ '*တောင်ပေါ်သူလေး အိမ်စက်နေရှာမယ်*' လွမ်းတေးကိုလည်း ထောင်ထဲမှာ ကြားရတတ်သည်။ တောကြိုတောင်ကြား၊ တော်လှန်ရေးတိုက်ပွဲများအကြားမှာ ကရင်ရဲဘော်တို့အတွက် လွမ်းတေးလေးများကိုလည်း လူသားပီပီ ဆိုညည်းနိုင်ခွင့်ရှိသည် မဟုတ်ပါလား။ အင်းစိန်ထောင်ထဲမှနေ၍ တောင်ပေါ်သူလေးကို လွမ်းသောလွမ်းတေးကိုလည်း ဟစ်ကြွေးခွင့် ရရှိပိုင်ဆိုင်နိုင်ရမည် မဟုတ်လား။

❑

အရေးတော်ပုံသမားကြီးသည် ထောင်ထဲမှာ အစာငတ်ခံတိုက်ပွဲ (HS) (Hunger Strike) ဝင်ဖူးသည်။

နိုင်ငံရေးအကျဉ်းသားများအား သံခြေချင်းခတ်ပြီး အပြစ်မပေးရ။

နိုင်ငံရေးအကျဉ်းသားတစ်ဦးသည် ဖခင်ထံစာရေးသည်။ စက္ကူနှင့် ဘောလ်ပင် မိသွား၏။ သံခြေချင်းခတ် ပြစ်ဒဏ် ပေးခံရသည်။

ထိုအကျဉ်းသားအား သံခြေချင်းဖြုတ်ပေးရန် နိုင်ငံရေးအကျဉ်းသားများက အစာငတ်ခံတိုက်ပွဲဝင်ကြသည်။ သူလည်း 'ထမင်းမယူဘူး' ဟု ထောင်အရာရှိကို ပြောလိုက်၏။

သူ့ကို ခေါင်းစွပ်နှင့် တိုက်ရုံးသို့ ခေါ်သည်။ တိုက် ၆၊ အခန်း ၁၀ ထောင်စစ်ကြော်ရေးစခန်း။ တွဲဖက်ထောင်ပိုင်၏ မေးခွန်းများနှင့် သူ ရင်ဆိုင်ရ၏။

'သံခြေချင်းနဲ့ ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ'

'နောင်ကျရင် သူ့ သံခြေချင်းက ကျုပ်ခြေထောက်ကို လာစွပ်မှာပေါ့ဗျ'

သူ့ကို တိုက် ၅ သို့ပို့၏။

'တိုက် ၅ ပို့ရင် ကျုပ် အစာငတ်ခံမယ်'

သူက တွဲဖက်ထောင်ပိုင်ကိုအော်ဟစ်ပြော၏။ မည်သို့ပင်ဖြစ်စေ၊ သူသည် တိုက် ၅၊ အခန်း ၁၈ သို့ရောက်သွား၏။ သေးအိုးတစ်လုံးသာရှိ၏။ ခဏအကြာမှာ ထမင်းပုံစံခွက်တစ်ခွက်နှင့် အမည်းရောင် ပဲဟင်းတစ်ခွက် လာချပေးသွား၏။

'ဟေ့ကောင် ပြန်ယူ။ မယူရင် ငါ ကန်ထုတ်ပစ်လိုက်မယ်'

ပြန်မယူ။ သူသည် ထမင်းပန်းကန်၊ ဟင်းပန်းကန်များကို ကန်ထုတ်ပစ်လိုက်၏။

အခန်း ၁၆ က အသံထွက်လာသည်။

'ဘယ်သူလဲ'

'တိုက် ၃ က ဦးဝင်းတင်'

'ဟာ…ဆရာ'

ခဏငြိမ်သွား၏။

'ဆရာ ဘာဖြစ်နေတာလဲ'

ထိုသူ့အသံက တိုးလွန်း၏။ နေမကောင်းသည့်ပုံ။

'ကျုပ် အစာငတ်ခံနေတာဗျို့။ ထမင်းဟင်းတွေလာ ပို့လို့ ကန်ထုတ်လိုက်တာ'

တိုက် ၅၊ အခန်း ၁၆ မှ အသံတိုးတိုးဖြင့် သတင်းပို့လိုက်၏။ တိုက် ၄ ဆီသို့ သတင်းရောက်သွား၏။

'ဟေး ဦးဝင်းတင် HS ဝင်နေပြီ'

တိုက် ၄ မှ သံကုန်ဟစ်သည်။

'အဘဦးဝင်းတင် HS ဝင်နေပြီဟေ့'

တိုက် ၄ မှ တိုက် ၃
တိုက် ၃ မှ ကြိုးတိုက်
ကြိုးတိုက်မှ တိုက် ၁

'အဘဦးဝင်းတင် HS ဝင်နေပြီဟေ့'

သံကုန်ဟစ်ကြပြီ။ တိုက်ဝင်းတစ်ခုလုံး ဆူညံသွားသည်။ နောက်ဆုံးတော့ သူ့ကို တိုက် ၃ သို့ ပြန်ပို့ကြရ၏။

သံခြေချင်း ခတ်ခံရသော နိုင်ငံရေးအကျဉ်းသားလည်း သံခြေချင်းကျွတ်ပြီး မူလအခန်းသို့ ပြန်ရောက်သည်။ HS အောင်ပြီ။

ထောင်အတွင်းထဲမှ
တိုက်ပွဲများ
ကျားရဲသည်
ရဲရဲတိုက်၏။

❑

**မောင်ကိုကို**



www.burmeseclassic.com

www.burmeseclassic.com

အလင်းသစ်



**ခေါင်းဆောင်ကောင်းတို့၏အရည်အချင်း - ဗမ္မာ့ဘ ဒေါက်တာအရှင်ဆေကိန္ဒ**

စီးပွားရေး နိုင်ငံရေးနယ်ပယ်များနှင့် ခေါင်းဆောင်မှု အခန်းကဏ္ဍတွင် ခေါင်းဆောင်ကောင်းဖြစ်လိုသူလူငယ်များနှင့် လူကြီးများအတွက် လိုက်နာ ကျင့်ကြံအားထုတ်နိုင်ရန် ရေးသားထားသော စာအုပ်ဖြစ်ပါသည်။ ခေါင်းဆောင်ကောင်းတို့၏အရည်အချင်းကို ဗုဒ္ဓ၏အဆုံးအမ၊ လမ်းညွှန်ချက်ရှုထောင့်မှ ရေးသားထားခြင်းဖြစ်သည်။ ပင်ကိုအရည်အချင်း၊ ခေါင်းဆောင်ကောင်းတို့၏ အင်္ဂါရပ်များ၊ ခေါင်းဆောင်ကောင်းတို့၏ အပြောအဆို၊ စကားပြောနည်း၊ ခေါင်းဆောင်ကောင်းတို့၏ အမူအရာ၊ မြတ်စွာဘုရားနှင့် ဆရာတော်ကြီးများ၏ အတုယူဖွယ် အမူအရာများ စသဖြင့် ခေါင်းစဉ် ၂၅ ခုဖြင့် လက်တွေ့ကျကျ လိုက်နာကျင့်ကြံနိုင်ရန် လမ်းညွှန်ရေးသားထားသည်။

**မြတ်ဗုဒ္ဓတရားတော်များနှင့် မြန်မာစကားပုံများ - ဓမ္မာစရိယ ဦးအေးနိုင်(ဘီအေ)**



ဓမ္မအတွေ့အကြုံမှ ဖြစ်ပေါ်လာခဲ့သည့်စကားပုံများသည် ဗုဒ္ဓမြတ်စွာ၏တရားဒေသနာတော်များကို အသီးသီးဖော်ညွှန်းလျက်ရှိနေကြသည်။ စကားပုံများမှ ညွှန်ပြထားသော ဗုဒ္ဓတရားတော်များကို သိရှိလိုက်နာကျင့်ကြံ၍လောကီအကျိုး လောကုတ္တရာအကျိုးများရရှိရန် ရည်သန်ရေးသားထားသော စာအုပ်ဖြစ်သည်။ ဆုံးမဩဝါဒများကို ပေးလိုသည့်အခါ ရိုးရိုးစကားဖြင့် ဆုံးမဩဝါဒပေးသည်ထက် စကားပုံများကိုရွတ်ဆိုပြီး၊ သို့မဟုတ် ရေးသားပြီး ဆုံးမဩဝါဒပေးခြင်းက ပို၍ထိရောက်နိုင်စေကြောင်း လမ်းညွှန်ထားပါသည်။



**ဂျပန်နိုင်ငံ၏ အဓိကဘဏ်စနစ် - မောင်ကြည်ညို(ဝါကာိုင္ဒ)**

ဒုတိယကမ္ဘာစစ်အပြီး ပြာပုံဘဝမှရုန်းထခဲ့ရသော ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်စေခဲ့သော အဓိကဘဏ်စနစ်(Main Bank System) အကြောင်း ရေးသားထားသည်။ အဆိုပါ အဓိကဘဏ်စနစ်သည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားစေရန် အဓိကမောင်းနှင်အားကို ဖြစ်ပေါ်စေနိုင်သည့် အသင့်လျော်ဆုံးစနစ်ဟုဆိုသည်။ စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်များ လက်ပွန်းတတီး လက်တွဲဆောင်ရွက်ပုံကို အသေးစိတ် ဖော်ပြထားပြီး မြန်မာနိုင်ငံအတွက် လမ်းစတစ်ခု ဖော်ညွှန်းထားသည်။ စီးပွားရေးလောကအတွင်းကျင်လည်ကြက်နသူအားလုံး၊ အသိပညာ၊ အတတ်ပညာဖြန့်ဝေသူများ၊ ငွေကြေးဈေးကွက်တွင် လှုပ်ရှားသူများ၊ စီးပွားရေးလုပ်ဆောင်သူများက ကြိုဆိုရမည့်စာတစ်အုပ် ဖြစ်သည်။

**အလင်းသစ်ရာထူးဝင်ခွင့်လမ်းညွှန် - အလင်းသစ်စာတည်းအဖွဲ့**



နည်းပြ သရုပ်ပြများ၊ စီမံခန့်ခွဲရေးဝန်ထမ်း(၁)၊ ဥပဒေအရာရှိအဆင့်(၄)၊ ဒုမြို့နယ်တရားသူကြီးများ၊ ဒု-ဦးစီးမှူးများ၊ ဒု-အကောက်ခွန်မှူးများ၊ ဒု-စီမံကိန်းမှူးများ စသည့် ဌာနဆိုင်ရာ အရာရှိငယ်များနှင့် ပြန်တမ်းဝင်အရာရှိရာထူးအားလုံးအတွက် ရေးဖြေ နှုတ်ဖြေဖြေဆိုရာတွင် လက်ကိုင်ပြုနိုင်ရန် ပြုစုထားသည်။ အထွေထွေဗဟုသုတနှင့် မြန်မာစာဘာသာရပ်များပါဝင်သည်။ ရာထူးဝင် စာမေးပွဲဖြေဆိုမည့်သူများ၏လိုအပ်ချက်များအတွက် အချိန်တိုအတွင်းအကျိုးပြုနိုင်အောင် စေတနာအရင်းခံဖြင့် ပြုစုထားသောစာအုပ်ဖြစ်သည်။



**ထေရဝါဒရှုထောင့် - မင်းနှင့်(မော်ကျွန်း)**

လူသားတစ်ယောက်၏ ဂုဏ်ရောင်ပြောင်ရွှန်းသော ဘဝကောင်းဘဝမွန်ကိုရရှိရန် မြတ်ဗုဒ္ဓလမ်းညွှန်ချက်အတိုင်း မိမိကိုယ်တိုင် တိတိပပ လိုက်နာကျင့်သုံးသော ဓမ္မကသာ ဖန်တီးနိုင်ကြောင်း လမ်းညွှန်ရေးသားထားသည့် စာအုပ်ဖြစ်သည်။ သီလမှုမလုံခြုံလျှင် သမာဓိလည်းမဖြစ်၊ လောဘလည်း ပါးလျား၍မလာ၊ ဘာတရားထူးမှုလည်းမရနိုင်၊ သောတာပန် ဖြစ်ဖို့ဆိုသည်မှာဝေးလေစွ၊ ထို့ကြောင့်လည်း အယူအမြင်မှန်ကန်ခြင်းနှင့် သီလစင်ကြယ်ခြင်းသည်ကောင်းမှုကုသိုလ်တို့၏ အစအမွန်ဖြစ်ကြောင်း ဖော်ပြထားသည်။

**မြတ်ဗုဒ္ဓလက်ထက် ပါရမီရှင်အမျိုးသမီးများ**



အရာရာ၌ ယောကျ်ားများသာ စဉ်းစားဆုံးဖြတ်နိုင်သောအသိဉာဏ်ရှိသည်မဟုတ်၊ မိန်းမသားများသည်လည်း ထိုထိုအရာ၌ ဆင်ခြင်ဆုံးဖြတ်နိုင်သော အသိဉာဏ်ရှိသည်သာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေရန် ဗုဒ္ဓမြတ်စွာလက်ထက် ထင်ရှားထူးချွန်သောပါရမီရှင်အမျိုးသမီး ၁၂ ဦး၏အကြောင်းကိုရေးသားထားခြင်းဖြစ်သည်။ မဟာပဇာပတိဂေါတမီ၊ ယသော်ဓရာဒေဝီ၊ ခေမာဒေဝီ၊ ပဋာစာရာ၊ မိဂါရ မာတာ ဝိသာခါ၊ အမ္ဗပါလီ၊ ရူပနန္ဒာ၊ သုမနဒေဝီ၊ ဒီဃကောသီ၊ ဥတ္တရာနှင့် သိရိမာ၊ တပါ၊ ဥပ္ပလဝဏ္ဏာတို့ ပါဝင်ပါသည်။

**အလင်းသစ်**

အလင်းသစ်စာပေ၊ အခန်း-၆၀၁၊ အမှတ်-၁၇၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၀၄၀၉၇၊ ၂၀၄၀၉၈၊ လိုင်းခွဲ-၂၅၄၊ ၀၉ ၅၄၀ ၀၃၀၂။



Designed by Lynn Wunna

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မငယ်ငယ်တုန်းက
တက်ခဲ့ဖူးသော ကျောင်းလေးထံသို့
ကျွန်မ ပြန်ရောက်ခဲ့ပါသည်။
ကျောင်းသည်
ကျွန်မ မျှော်မှန်းထားသည်ထက်
ပို၍ ရင့်ရော်အိုမင်းနေခဲ့ပြီ။
နှစ်နှစ်ဆယ်နီးပါး ကြာမြင့်တော့မှ
ယောင်ယောင်မှားမှားဖြင့်
ပြန်ရောက်လာခဲ့သော ကျွန်မကို
ကျောင်းလေးက ဟိုးအရင်ကအတိုင်း
ဟောင်းနွမ်းစွာဖြင့်ပင် ကြိုဆိုနေခဲ့၏။

ကျောင်းထဲကို
ကျွန်မဝင်လာတော့
သံချေးများ တက်နေ၍
တကျွီကျွီမြည်နေသော
ကျောင်းတံခါးက
ကျွန်မကို ဆီးကြိုသည်။
ကျောင်းထိပ်မှာရှိသော
တစ်ခုတည်းသော
နှစ်ထပ်တိုက်ကျောင်းလေး၏
အုတ်ကွက်များက
ရင့်ရော်လာသော နှစ်ကာလများကို

# ပန်းရိပ်ဖြူ


## ရွှေကျေးပုံပြင်



ရုပ်စုံမဂ္ဂဇင်း
ရသစာတမ်း
အမှတ် ၃၀၂ ဇန်နဝါရီ၊ ၂၀၁၅

www.burmeseclassic.com

www.burmeseclassic.com



ထိုကျောင်းတွင်
ကျွန်မ
ပျော်ခဲ့ဖူးသည်
ဝမ်းနည်း
ခဲ့ဖူးသည်
ကြောက်လန့်
ခဲ့ဖူးသည်
စိတ်ပျက်
ခဲ့ဖူးသည်
ငို[illegible]
[illegible]ူးသည်
ရယ်မော
ခဲ့ဖူးသည်
ကျောင်းတက်
ရတာ
ပျော်စရာ
ကောင်းသည်ဟု
ထင်ခဲ့ဖူးသလို
ပျင်းရိ
ငြီးငွေ့စရာ
ကောင်းသည်
ဟုလည်း
ထင်ခဲ့ဖူးသည်
ထိုကျောင်းလေး
ထဲတွင်
ကျွန်မ
ခင်မင်ခဲ့သော
သူငယ်ချင်းများ
ရှိခဲ့ဖူးသလို
ကျွန်မမုန်းသော
လူများလည်း
ရှိခဲ့ဖူးသည်



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်စားပြုနေသည့်အလား ကြေးအထပ်ထပ် ရေညှိအထပ်ထပ်ဖြင့် ပပ်ကြားအက်၍နေ၏။ ဟိုးအရင် ကျွန်မတို့ ငယ်စဉ်ကတုန်းကတော့ ကျောင်းသည် မခမ်းနားလှသော်လည်း ခရစ်ယာန်ဘုရားကျောင်းနှင့် ဆက်နေသည်မို့ ဘုရားကျောင်းရှေ့က မြေပြင်ကျယ်ကျယ်သည် ကလေးများအတွက် မက်စရာ ဖြစ်ခဲ့ဖူးသည်။ မုန့်စားကျောင်းဆင်းချိန်ဆိုလျှင်ဖြင့် ထမင်းကို အလုအယက်စားကာ ရသမျှအချိန်ပိုလေးမှာပဲ ကျွန်မတို့ကလေးတွေ ဘုရားကျောင်းရှေ့က မြေပြင်ကျယ်ကျယ်မှာ ပြေးလွှားခုန်ပေါက် ကစားခဲ့ကြသည်။ အခုတော့ဖြင့် ကျွန်မတို့ကျောင်းနှင့် ခရစ်ယာန်ဘုရားကျောင်းကို အုတ်တံတိုင်းထူထူတို့က ရံတားပိုင်းခြားလိုက်ကြပြီမို့ ကျွန်မတို့ကစားခဲ့ဖူးသော ကစားကွင်းသည် ဘုရားကျောင်းဘက်ခြမ်းသို့ ပါသွားလေပြီ။ ကျောင်းထဲတွင် ကလေးတို့ ကစားစရာမြေနေရာဟူ၍ မရှိတော့။ ကျောင်းကလေးက ငေါ်စင်းစင်း ညစ်ထေးထေးနှင့် အုတ်တံတိုင်းနားမှာ ကပ်ရပ်တည်ကာ လမ်းမဘက်ကို ငေါထွက်၍နေသည်။

မခမ်းနားလှသော ထိုကျောင်းသို့ ကျွန်မရောက်သည့်အချိန်က မုန့်စားကျောင်းဆင်းပြီးခါစ ကျောင်းပြန်တက်သည့်အချိန်ဖြစ်သည်။ စာသင်ခန်းများဆီမှ စာအံသံသည် ကျွန်မနားထဲသို့ ထိုးထိုးထောင်ထောင်ဖြင့် ဝင်လာကြသည်။ စာအံသံ ဆူညံနေသော အတန်းတွေရှေ့ကနေ ကျွန်မဖြတ်လာတော့ ကလေးများက ပါးစပ်မှ စာကိုရွတ်ရင်း မျက်လုံးတွေက ကျွန်မတို့ရှိရာဆီသို့ စူးခနဲစိုက်လာကြ၏။ ညှော်သွား ညှော်လာ အလာနည်းသော ကျောင်းပေမို့ လူစိမ်းများ ဝင်လာခြင်းသည် ကလေးများအတွက်တော့ အံ့ဩစူးစမ်းဖွယ်ရာပင်။ ထိုကျောင်းသည် တစ်တန်းကနေ ရှစ်တန်းအထိ ကျွန်မ ပညာသင်ခဲ့ဖူးသော ကျောင်းဆိုတာကို သတိရမိသော ခဏ၌ ကျွန်မစိတ်ထဲသို့ အမျိုးအမည် ခွဲခြား၍မရသော ခံစားချက်မျိုးစုံသည် တိုးတိုးတိုက်တိုက်ဖြင့် အလုအယက် ဝင်လာခဲ့ကြသည်။ ပျော်သည်လားဆိုတော့ မဟုတ်ပါ။ ဝမ်းနည်းသည်လား ဆိုတော့လည်း မဟုတ်။ ကြည်နူးခြင်းရယ်ဟုလည်း ဆိုလို့မရသလို၊ ကြောက်ရွံ့သည်လားဟု မေးလျှင်လည်း အခုအချိန်မှာ ကျွန်မက ထိုကြောက်ရွံ့စိတ်ကိုပင် ရယ်မောစရာအဖြစ် မျက်နှာကိုမော့ကာ ရယ်ပစ်ရမည့် အသက်အရွယ်မှာ ရှိနေခဲ့ပြီလေ။ ဒါဆိုလျှင်ဖြင့် ဘာစိတ်ပါလဲ။ ကျွန်မကိုယ်တိုင်ပင် ဝေခွဲရခက်သော ထိုခံစားချက် စိတ်မျိုးစုံသည် ငယ်ငယ်က ကြည့်ခဲ့ဖူးသော စကြာမုန်ပြောင်းလိုမျိုး ကျွန်မရှေ့မှာပင် အရောင်စုံ၊ အကွက်စုံ ထင်ဟပ်ရင်းဖြင့် ကျွန်မကို ပြုံးပြက်လှည့်စား၍နေသည်။ကျောင်းကိုမြင်သော ခဏမှာပင် စီးကရက်မီးခိုးငွေ့များကို မှုတ်ထုတ်လိုက်သလိုမျိုး သတိရစရာများက ကျွန်မ မှတ်ဉာဏ်ထဲကနေ မပီဝိုးဝါးစွာဖြင့် ထွက်လာကြသည်။ မူလတန်းမှာရော၊ အလယ်တန်းမှာပါ တက်ခဲ့ရသော ကျောင်းပေမို့ ကျောင်းတွင် ကျွန်မကြုံတွေ့ခဲ့ရသော အဖြစ်ပျက်တို့ တော်တော်များများ ရှိခဲ့ပါသည်။

ထိုကျောင်းတွင် ကျွန်မ ပျော်ခဲ့ဖူးသည်။ ဝမ်းနည်းခဲ့ဖူးသည်။ ကြောက်လန့်ခဲ့ဖူးသည်။ စိတ်ပျက်ခဲ့ဖူးသည်။ ငိုကြွေးခဲ့ဖူးသည်။ ရယ်မောခဲ့ဖူးသည်။ ကျောင်းတက်ရတာ ပျော်စရာကောင်းသည်ဟု ထင်ခဲ့ဖူးသလို၊ ပျင်းရိငြီးငွေ့စရာ ကောင်းသည်ဟုလည်း ထင်ခဲ့ဖူးသည်။ ထိုကျောင်းလေးထဲတွင် ကျွန်မခင်မင်ခဲ့သော သူငယ်ချင်းများ ရှိခဲ့ဖူးသလို၊ ကျွန်မမုန်းသော လူများလည်း ရှိခဲ့ဖူးသည်။ ငယ်လွန်းသေးသော ကျောင်းသားဘဝမှာတော့ ကျောင်းသည် ကျွန်မအတွက် လူ့လောကတစ်ခုလောက်နီးနီး ကြီးကျယ်ခဲ့ပါသည်။ ထိုကျောင်းတွင် ကျွန်မ စာတွေသင်ခဲ့ဖူးသည် ဆိုတာကို ပြန်တွေးတိုင်း သင်ခဲ့ဖူးသည့် စာများကို ဘယ်တုန်းကမှ ကျွန်မ ပြန်မမှတ်မိတော့ပေမဲ့ ကျောင်းသင်ရိုးညွှန်းတမ်းမှာ မပါဝင်သည့် ကျွန်မ ကြုံတွေ့သင်ယူခဲ့ရသောအဖြစ်ပျက်တချို့ကတော့ ကျွန်မ မှတ်ဉာဏ်ထဲမှာ အခုချိန်ထိ မငြိမ်းနိုင်အောင် ထိန်ထိန်ညီးနေဆဲ ရှိသေးသည်လေ။

ကျွန်မ မှတ်ဉာဏ်ခန်းထဲမှာ တခုတ်တရဖြင့် မီးမထွန်းရပါဘဲ သူ့ကိုယ်ရောင် ကိုယ်ဝါဖြင့်ပင် နှစ်ပေါင်းများစွာ တောက်ပထိန်ညီးနေခဲ့ဖူးသော အဖြစ်ပျက်တစ်ခုကိုတော့ တစ္ဆေဆိုသော နာမည်ဖြင့် အက်ဆေးတစ်ပုဒ်ရေးကာ ကျွန်မ ငြိမ်းသတ်ခဲ့ရဖူးသည်။ ကျောင်းဝင်းထဲသို့ ကျွန်မ ဝင်ဝင်ချင်း တွေ့ခဲ့ရသော နှစ်ထပ်ဆောင်လေးကို မြင်သောခဏမှာပင် ကျွန်မ၏ တစ္ဆေအက်ဆေးထဲက စာသင်ခန်းဆိုသည်ကို အမှတ်ရမိသည်။ ကျွန်မ၏ စိတ်ဝိညာဉ်မှာ နှစ်ကာလများစွာ စွဲလမ်းပူးကပ်နေသော ထိုစာသင်ခန်းလေးသည် အခုတော့ဖြင့် ကျောင်းအုပ်ဆရာကြီး ကျောင်းထိုင်ရာရုံးခန်း ဖြစ်နေလေပြီ။ ကျွန်မသည် မလေးလံလှသော်လည်း မသွက်လက်သော ခြေလှမ်း ညိုးမှိန်မှိန်များဖြင့် ကျောင်းဝင်းထဲကို လှည့်ပတ် ကြည့်ရှု နေမိသည်။ ကျောင်းဝင်းထဲမှ စာသင်ခန်းတိုင်း၊ စာသင်ခန်းတိုင်းတို့သည် အေးစက်နေသော သတိရစရာများကို နွေးပူလာစေဖို့ ကျွန်မဆီသို့ ကူးလူးသယ်ဆောင်၍ လာကြသည်။ ကလေးတို့၏ ဟောင်းနွမ်းနေသော အဖြူအစိမ်းဝတ် အင်္ကျီလေးများကအစ၊ ကလေးအရွယ်မှာပင် အံ့ဩချင်စရာကောင်းအောင် အရောင်မထွက်နိုင်တော့သော မျက်လုံး မှိန်ဖျော့ဖျော့လေးများက အဆုံး ကျွန်မ မြင်နေရသော မြင်ကွင်းများသည် နှစ်ပေါင်းများစွာက ရိုက်[illegible] ထားခဲ့သော ပျက်ယွင်းနေသည့် ဖို



www.burmeseclassic.com

www.burmeseclassic.com

အဟောင်းကို ဆေးသား ပြုပြင်ပြီးတော့ ဖြန့်ကြည့်နေရသလို ရှိနေခဲ့ပါသည်။

ကျောင်းသည် ဟိုးအရင် နှစ်ပေါင်းများစွာက အတိုင်းပင် ခံ့တို့ကယိုင်နဲ့နဲ့၊ ကျောက်သင်ပုန်းက ခပ်စုတ်စုတ်သာမို့ အခန်းတိုင်းသည် တစ်ခန်းနှင့်တစ်ခန်း ဘာတစ်ခုမှ ပို၍ မထူးခြားဘဲ ဆင်တူလေးတွေ ရှိနေကြသည်။ သို့သော် ကျောင်းသားဟောင်းဖြစ်သူ ကျွန်မအတွက်တော့ဖြင့် အခန်းတိုင်း အခန်းတိုင်းသည် တစ်ခန်းနှင့်တစ်ခန်း မတူစွာ မတူသော ခံစားချက်များကို ကျွန်မထံသို့ သယ်ဆောင်ပေးနိုင်ကြသည်လေ။ အတိတ်သည်…ချိုမြိန်သည်ဖြစ်စေ၊ ခါးသက်သည်ဖြစ်စေ ဆွတ်ပျံ့ဖွယ်ရနံ့ကိုတော့ဖြင့် သယ်ဆောင်လာနိုင်ပါသေးသည်။ ဘယ်အခန်းကတော့ ကျွန်မ ဘယ်အတန်းတုန်းက တက်ခဲ့သည့် စာသင်ခန်းပေါ့။ ဘယ်စာသင်ခန်းကတော့ ဘယ်လိုစသည်ဖြင့် အတူပါလာသူ ကျွန်မအမျိုးသားကို ကျွန်မက လွမ်းဆွတ်စွာဆိုဆဲ၊ ကျွန်မခြေလှမ်းတို့သည် အတန်းတစ်တန်းရှေ့အရောက်တွင်တော့ ရပ်တန့်သွားတော့သည်။ အနားဝန်းကျင်တွင် ကျွန်မတစ်ကိုယ်တည်း ရှိတော့သလိုမျိုး အနားကကြားနေ၊ မြင်နေရသော အသံအားလုံး၊ မြင်ကွင်းအားလုံးတို့သည် ပျောက်ကွယ်သွားတော့သည်။ ကျွန်မ၏ ကိုယ်ခန္ဓာက တောင့်မတ်၍သွားသလို ခပ်သွက်သွက် စကားဆိုနေဆဲ ကျွန်မအသံသည်လည်း ပြောလက်စ တစ်ဝက်တစ်ပျက်မှာပဲ ရပ်တန့်သွားတော့သည်။

ကျွန်မလက်သီးကို ကျစ်ကျစ်ဆုပ်မိသည်။ အံကိုတင်းတင်း ကြိတ်မိသည်။

ဒီအခန်းကို ကျွန်မ မှတ်မိသည်။ မှတ်မိသည်လေ…။

ထိုအခန်းကို မြင်သော ခဏ၌ပင် နှစ်ပေါင်းအတော်ကြာအောင် ကျွန်မရင်ထဲတွင် ငုပ်လျှိုးသိုမှီးနေခဲ့သော မခံချင်စိတ်၊ ဒေါသစိတ်များက ပုရွက်ဆိတ်တွေလိုမျိုး တရွရွ တိုးထွက်လာကြကာ ကျွန်မတစ်ကိုယ်လုံးကို ပျံ့နှံ့ကိုက်ခဲလာတော့သည်။ ကြည့်စမ်း ကျွန်မမှတ်ဉာဏ်ထဲမှာ ညှိုးခြောက်သေဆုံးသွားပြီဟု ထင်ရသည့် အဖြစ်ပျက်များက အခုထိတိုင်အောင် မသေဆုံးသေးပါလား။ သူတို့ ရှန်းထ အသက်ဝင်လာကြ၏။

ကျက်လောက်ပြီဟု ထင်ရသော ထိုဒဏ်ရာသည် တငွေ့ငွေ့ဖြင့် ကျွမ်းလောင်နေဆဲ ရှိနေသေးသည်ကို အလိုမတူပါဘဲနှင့် ကျွန်မ သိခွင့်ရလိုက်၏။ ဒီအတန်း၊ ဒီအခန်း၊ ဒီစာသင်ခုံ၊ ဒီကျောက်သင်ပုန်းနှင့် ဒီလိုပဲ အဖြူနွမ်းနွမ်း၊ အစိမ်းဖျော့ဖျော့နှင့် ကလေးများ။ ကုန်လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ကျော်ကအတိုင်း ဘာမှ မပြောင်းလဲစွာ ဆင်တူလှသော ထိုမြင်ကွင်းက ဒဏ်ရာဟောင်းကို ကျွန်မဆီသို့ ပို့ဆောင်ပေးလေပြီ။ တချွေပြီးလျှင်တော့ဖြင့် ထိုဒဏ်ရာသည် ကျွန်မအတွက် အမှတ်တရအဖြစ်ဆုံး အနာတစ်ခု ဖြစ်ပါသည်။

တကယ်ဆိုလျှင်ဖြင့် ကျွန်မဘဝတွင် ထိုဒဏ်ရာက အစောဆုံးရသော အနာတစ်ခုသာ။ အဲဒီတုန်းက ကျွန်မ ကိုးနှစ်သမီးသာ ရှိပါသေးသည်။ ဆော့ကစားဖို့၊ စာကျက်ဖို့နှင့် ဆရာမဆီက အမှန်ခြစ်တွေ များများရဖို့လောက်ကိုပဲ လူ့ဘဝရယ်ဟု ထင်တတ်သေးသော အရွယ်သာ ရှိသေးသည်လေ။ သို့သော် လူ့ဘဝဆိုတာ ထိုမျှလောက်ဖြင့် မလုံလောက်သေးဘဲ ညစ်ထေးမှုတွေ၊ ဘက်လိုက်မှုတွေလည်း ရှိသေးကြောင်း၊ အမှန်တရားဆိုတာ အမြဲတမ်း အနိုင်နေရာမှာ ရှိနေတတ်သောအရာ မဟုတ်သေးကြောင်းကိုတော့ ကျွန်မသည် ထိုကိုးနှစ်သမီး အရွယ်ကပင် စောစီးစွာ သိခဲ့ရပါသည်။

အဲဒီတုန်းက ကျောင်းဖွင့်ခါစမှာရှာသွန်းသော ဖွန်မိုးရေသည် ကျွန်မကို ပျော်ရွှင်စေနိုင်ခဲ့သည်။ မိုးကို ချစ်သလို၊ ကျောင်းဖွင့်ချိန်ကို ချစ်လွန်းသော ကျွန်မက ဖွန်လ ၁ရက်နေ့ရောက်ဖို့ ပူပူလောင်လောင် နွေကာလမှာကတည်းက မျှော်ပါသည်။ ကျောင်းဖွင့်ခါစမို့လို့ စာမသင်သေးသော အချိန်လည်းဖြစ်သလို၊ တစ်နွေလုံးလုံး သူငယ်ချင်းများနှင့် ခွဲခွာနေရသဖြင့် သူငယ်ချင်းများ ပြန်တွေ့ရသောအခါ ကျွန်မတို့မှာ စကားပြော မကုန်အောင် ရှိနေခဲ့ပါသည်။ သို့သော် ကလေးသဘာဝ ကျွန်မတို့ ကလေးများ၏ ပျော်ရွှင်မှုသည် ဂျိုးဆက်တစ်ယောက် အတန်းထဲကို ရောက်မလာခင် အချိန်ထိသာဖြစ်ခဲ့မှန်း ထိုအချိန်က ကျွန်မတို့ မသိခဲ့ပါ။

ကျောင်းတက်ပြီး နှစ်ရက်သုံးရက်လောက် အကြာမှာပင် ကျွန်မတို့အတန်းထဲသို့ လူကောင်ထွားထွားနှင့် ကျောင်းသားတစ်ယောက် ဝင်လာခဲ့၏။ ကျွန်မတို့ထက် အရပ်များစွာမြင့်သော၊ လူကောင်လည်းကြီးသော ထိုကျောင်းသားက ကျွန်မတို့ အတန်းမှာနေမည့် လေးတန်းကျောင်းသားဟု သိရသောအခါ ကျွန်မတို့ အံ့သြကြရသည်။ တစ်တန်းကို ဘယ်နှနှစ်နှုန်းဖြင့် သူနေလာခဲ့သည်လဲတော့ မသိ။ ကျွန်မတို့အတန်းကို သူရောက်လာတော့ လူကောင်က တော်တော်ကြီး၍နေပြီ။ လူကောင်ကြီး၍ အံ့သြရုံကလွဲပြီး သူ့တွင် ကျွန်မတို့ စိတ်ဝင်စားစရာ ဘာမှ မရှိခဲ့ပါ။ ကျောင်းတွေမှာ တွေ့ရတတ်သည့် လူကောင်ကြီးကြီး စာညံ့ညံ့နှင့် ဆရာမအဆူကို မကြာခဏ ခံရတတ်သော၊ နောက်ဆုံးခုံမှာ ထိုင်တတ်သည့် ထုံအအ ကျောင်းသားတွေထဲက တစ်ယောက်မျှသာပဲဟု သူ့ကို ကျွန်မထင်ခဲ့မိသည်။

သို့သော် ဂျိုးဆက်သည် စာညံ့သော၊ နောက်ဆုံးခုံမှာထိုင်သော ကျောင်းသားတစ်ယောက်ဆိုတာ မှန်ပေမဲ့ ကျွန်မထင်သလို ထုံအအ ကျောင်းသားတစ်ယောက်တော့ မဟုတ်ခဲ့ပါ။ စာကလွဲလို့၊ ကစားဖို့ကလွဲလို့ လောက



www.burmeseclassic.com

www.burmeseclassic.com

အကြောင်း ဘာမှမသိသေးသော ကလေးအရွယ်သာသာ ကျွန်မတို့ကြားတွင် သူက အတန်းထဲတွင် ဘယ်လို နေရထိုင်ရမည် ဆိုသည်ကို သူ့ဘာသာ သူ ကိုယ်ပိုင် သင်ရိုးညွှန်းတမ်း ဆွဲလာခဲ့ပြီးသောသူ ဖြစ်သည်လေ။ သူ့တွင် ကျွန်မတို့ ထိုအရွယ်မှာ နားမလည်သေးသော၊ မသိသော၊ မမြင်သော၊ မလုပ်နိုင်၊ မလုပ်ဝံ့သော အရာများစွာကို လုပ်နိုင်၊ လုပ်ရဲ၊ လုပ်ဝံ့သည့် အစွမ်းဗီဇတို့ရှိသည်။ အသိ၊ အမြင်တို့ ရှိသည်။ သို့သော် သူ၏ ဗီဇအစွမ်းကို အများနားလည်အောင် ကင်ပွန်းတပ်ဖို့အတွက်တော့ လူရည်လည်သည်သည်ဟုပင် ခေါ်ရမည်လား။

သူက ဆရာမကို လက်ဖက်ရည် ဝယ်ပေးတတ်သည်။ လက်ဖက်သုပ်ဆိုင်သို့ သွားတတ်သည်။ ဆရာမ ခြင်းတောင်းကို ပြေးယူ ကြိုဆိုတတ်သည်။ ဆရာမ အိမ်ကိုလည်း သိသည်။ ထို့အပြင် ဆရာမ မလာခင် ကျောက်သင်ပုန်းက စာတွေကို ဖျက်ပေးထားရသည်မျိုးကအစ၊ ဆရာမစားပွဲရှေ့က ပန်းအိုးမှာ ပန်း နေ့တိုင်း ရှိဖို့အဆုံး ဆရာမ သည်းခြေခိုက်မည် ထင်ရသော အရာများစွာတို့ကို စီမံလုပ်ကိုင်တတ်သည်လေ။ ကျောင်းတက်၍ တစ်လ မပြည့်ခင်မှာပင် ဂျိုးဆက်သည် ဆရာမအတွက် မရှိမဖြစ်သော ကျောင်းသားတစ်ယောက် ဖြစ်လာခဲ့ပါသည်။

အဲဒီတုန်းက ကျွန်မတို့သည် ငယ်လွန်းသော အရွယ်သာ ဖြစ်သေးသည်မို့ ဆရာ မွေးသည်၊ တပည့် မွေးသည်ဆိုသော ကိစ္စရပ်များကို နားလည်ကျွမ်းဝင်ဖို့ အလှမ်းဝေးလွန်းလှသေး သည်။ ကျွန်မတို့သည် အတန်းရှေ့က ကျောက်သင်ပုန်းကို ဂျိုးဆက်၏ စီမံခန့်ခွဲမှုဖြင့် တစ်ရက်တစ်ယောက်ကျနှုန်း ဖျက်ကြရသည်။ သို့သော် ထိုတစ်ရက်တစ်ယောက်နှုန်းထဲမှာ ဂျိုးဆက်ကတော့ဖြင့် မပါဝင်ခဲ့ပါ။ ဒီလိုပဲ ဆရာမ စားပွဲရှေ့က ပန်းအိုးထိုးဖို့ကိစ္စတွင်လည်း တစ်ရက်တစ်ယောက် တာဝန်ယူကြရပြန်သည်။

ကျောက်သင်ပုန်းဖျက်ဖို့ပဲ မေ့မေ့၊ ပန်းအိုးထိုးဖို့ပဲ မေ့မေ့ မေ့လျော့ ပေါ့ဆသော သူများကို သူက ဒဏ်ကြေး ဆယ့်ငါးပြားကောက်သည်။ ဆယ့်ငါးပြားဆိုသောပိုက်ဆံက ကျွန်မတို့ကလေးများအတွက် မနည်းလှပါ။ ဆယ့်ငါးပြား မထည့်နိုင်လျှင်ဖြင့် ဂျိုးဆက်က ကျွန်မတို့ကို ကာယပြစ်ဒဏ်အဖြစ် အတန်းရှေ့မှာ ဆယ်မိနစ် ဒူးထောက်ခိုင်းပါသည်။ ထိုသို့ဖြင့် ဂျိုးဆက်သည် ကျွန်မတို့ကလေးများအတွက် နတ်ဆိုးတစ်ပါးဖြစ်သော်လည်း ဆရာမအတွက်တော့ မျက်နှာလွှဲ ရလောက်အောင်အထိ စိတ်ချရသော တပည့်တစ်ဦး ဖြစ်လာခဲ့ပါသည်။

ဒီအကြောင်းကို အခုနေ ပြန်စဉ်းစားကြည့်မိတော့ ကျွန်မတို့နှင့် တစ်တန်းတည်းသား ကျောင်းသားတစ်ယောက်က အရွယ်ကြီးတာ၊ ဆရာမနှင့် ရင်းနှီးတာတစ်ခုတည်းနှင့် ကျွန်မတို့ ကလေးတွေကို အနိုင်ကျင့်ခဲ့ခြင်းသည် တော်တော်လေးကိုမှ မခံချင်စရာ၊ အသည်းယားစရာ ကောင်းလှပါသည်။ သို့သော် ကျောင်းကိစ္စမဟုတ်သည့် ကိုယ်ရေးကိုယ်တာ ကိစ္စများဖြင့် အမြဲတမ်း အလုပ်ရှုပ်နေသော ဆရာမအတွက်တော့ ဂျိုးဆက်၏ အရည်အချင်းများသည် သိပ်ကိုမှ အသုံးဝင်သော မရှိမဖြစ်တန်ဖိုး ဖြစ်၍နေသည်။ ဂျိုးဆက်သည် ဆရာမကိုယ်စား အတန်းကြည့်ဖို့၊ အတန်းထိန်းပေးဖို့၊ စာခေါ်ပေးဖို့ စသည့် ပြဿနာ တော်တော်များများကို ဖြေရှင်းပေးနိုင်သည်လေ။ ဂျိုးဆက်သည် ဆရာမ မရှိပေမဲ့ ဆရာမရှိနေသည့်အလား တစ်တန်းလုံး ငြိမ်သက်နေအောင်လို့ ထိန်းနိုင်သည်။ စကားပြောတာကို မြင်လိုက်သည်နှင့် ခေါင်းတစ်ခုလုံး ပူထူသွားအောင်လို့ စိတ်လိုက်မာန်ပါ ခေါက်တတ်သော ဂျိုးဆက်၏ လက်သံကိုကား ကျွန်မတို့ တစ်တန်းလုံး ကြောက်ရွံ့ရပါသည်။ သူ ခေါင်းခေါက်သည်ကို ငြိမ်မခံဘဲ ပြန်ပြောတတ်သော ကလေးများကိုတော့ သူက နာမည်တပ်မှတ်ကာ ဆရာမကို ပိုပိုသာသာဖြင့် တိုင်ပြောလေတော့သည်။

ဂျိုးဆက်တိုင်ပြောသမျှကို ဘာတစ်ခုကိုမှ အကျိုးအကြောင်း မေးမြန်းစစ်ဆေးခြင်း မရှိဘဲနှင့် တုတ်ကို လွှဲကာလွှဲကာ ရိုက်တတ်သော ဆရာမ၏ တုတ်ချက်အောက်မှာ ကျွန်မတို့၏ မဟုတ်မခံစိတ်နှင့် ရဲဝံ့ခြင်းတို့ ပျောက်ဆုံးခဲ့ရသည်။ ထိုတုတ်ချက်အောက်မှာ အံကို တင်းတင်းကြိတ်ရင်းဖြင့် ဆရာမကို အရဲစွန့်ကာ ဖြေရှင်းဖို့ ကြိုးစားသူ သတ္တိခဲတစ်ယောက် နှစ်ယောက်လောက်တော့ ကျွန်မတို့ အတန်းထဲမှာ ရှိခဲ့ဖူးပါသည်။ ဆရာမ လွှဲရိုက်နေသော တုတ်ချက်အောက်မှာ မျက်ရည်ကိုမကျအောင် ထိန်းရင်း အံကြိတ် ပြန်ပြောဝံ့သော သူများသည် ဆရာမ၏ ရက်စက်သော တုတ်ချက်များအောက်မှာ သတ္တိတို့ တစ်စစီ ကြိုးပဲ့ခဲ့ရသည်။ ကိုးနှစ်အရွယ် ကလေးများသာမို့ ကျွန်မတို့သည် မတရားဘူးဆိုတာကို သိသော်လည်း ထိုမတရားမှုကို ဘယ်လိုတွန်းလှန်ရမည် ဆိုသည်ကို နားမလည်ခဲ့ပါ။ ထိုသို့ဖြင့်ပင် ကျွန်မတို့သည် ဂျိုးဆက်နှင့် ဆရာမတို့နှစ်ယောက် ကြီးစိုးသော အခန်းမှာ ရန်စဲစေဖို့ စကားနည်းရတော့သည်။

တကယ့်ဘဝမှာ သူရဲကောင်းဆိုသည်မှာ ဖတ်ခဲ့ဖူးသော စာအုပ်တွေထဲမှာလောက် မပေါ်များမှန်း အခုချိန်မှာတော့ ကျွန်မသိ၍နေပါပြီ။ အဲဒီတုန်းကတော့ အတန်းထဲမှာ ဂျိုးဆက်ကို ပြန်ခံချရမည့် လူတစ်ယောက်လောက် ပေါ်လာမည်လားဟု ကလေးအတွေးဖြင့် ကျွန်မ မျှော်ခဲ့မိဖူးပါသည်။ သို့သော် ကျွန်မမျှော်လင့်သော သူရဲကောင်းသည် ထိုတစ်နှစ်သာ ကုန်ဆုံးသွားရော မပေါ်ခဲ့ပါ။ ကျွန်မတို့သည် ဂျိုးဆက်ကို ကြောက်ရသည်။ ဆရာမကို ကြောက်



www.burmeseclassic.com

www.burmeseclassic.com

ရသည်။ ထိုကြောက်စိတ်သည် ကျွန်မတို့ကို ငုံ့ခံတတ်စေဖို့နှင့် ဦးချိုးရိုကျိုးတတ်စေဖို့ သင်ကြား လမ်းညွှန်ခဲ့သည်လား။ အံ့သြစရာကောင်းအောင်ပင် ကျွန်မတို့ ဦးကျိုးခဲ့ကြသည်။

မုန်းတီးရွံရှာသော၊ စက်ဆုပ်ရွံမုန်းသော မျက်လုံးများကို ကလေးအရွယ်တွေမို့လို့ လုံအောင် မဖုံးဖိနိုင်၊ မဖျောက်နိုင်သော်လည်းဘဲ ကျွန်မတို့အတန်းထဲမှ ကျောင်းသား တော်တော်များများသည် ဂျိုးဆက်ကို ကိုကြီးဂျိုးဆက်ဟု ခေါ်ရမှန်း သိလာကြပါသည်။ အိမ်က ထည့်ပေးလိုက်သော မုန့်ကို ဂျိုး ဆက်ကို ခွဲဝေကျွေးရခြင်း၏ ဝယက် အရသာကို မြိန်မြိန်ရှက်ရှက် စားလာကြ၏။ မုန့်ဖိုးထဲမှ ဂျိုးဆက်စားချင်တာကို ဝယ်ကျွေးရခြင်း၏ နောက်မှာ ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲ မက်လုံးလေးများက တော်တော်လေးကိုမှ အရသာရှိသည်ကိုး။ ဘာကိစ္စပဲဖြစ်ဖြစ် အမှန်တရားအထက်တွင် ဂျိုးဆက်က ရှိနေသည်လေ။ ထိုသို့ဖြင့် နဂို သွေးမရဲသော်လည်း မိုက်ဝံ့ကြသော၊ မိုက်လိုကြသော သူများသည် ဂျိုးဆက်၏ တပည့်တပန်းများ ဖြစ်လာကြပါသည်။

အကျိုးဆက်အားဖြင့် အတန်းငြိမ်သည်၊ လိမ္မာသည်၊ စာအလွန်တော်သည်ဟု တစ်နှစ်လုံး နာမည်ထွက်ခဲ့သော ကျွန်မတို့ စတုတ္ထတန်းသည် ထိုနှစ်က အကျအရှုံး အင်မတန်များခဲ့၏။ ငါးတန်းသို့ ပါမလာနိုင်သော ဂျိုးဆက်က ထိုနှစ်မှာပင် ကျောင်းက ထွက်သည်။ ထိုတစ်နှစ်လုံး ကျွန်မတို့ အနိုင်ကျင့်ခံခဲ့ရသည်မှာ ဂျိုးဆက်လား၊ ဂျိုးဆက်နောက်မှ ကျောထောက်နောက်ခံကြိမ်လုံးတစ်ချောင်းလား၊ ဒါမှမဟုတ် ကျွန်မတို့ရဲ့ ပျော့ညံ့လွန်းသော သူရဲကောင်းမျှော်စိတ်လား ဆိုတာကိုတော့ အခုချိန်ထိ ကျွန်မ မဝေခွဲနိုင်သေးပါ။ ဘယ်လိုပဲဖြစ်ပါစေ ကျွန်မတို့အနိုင်ကျင့်ခံခဲ့ရပါသည်။

လူ့လောကမှာ နဂိုရဲဝံ့သော၊ မတရားမှုကို ကိုယ်ကျိုးမပါဘဲ တွန်းလှန်ရဲသော သူရဲကောင်းဆိုတာ ရှိကောင်းရှိမှာ မှန်ပေမဲ့ သိပ်မပေါများလှသော အရာမို့လို့ ဂျိုးဆက်သည်လည်း အခုချိန်ထိ သူ့သင်ရိုးညွှန်းတမ်းအတိုင်း ဆက်လက် ရှင်သန်နေနိုင်ဦးမည်ဟု ကျွန်မထင်သည်။ ဘဝမှာ သက်သာရာကို ရှာဖို့အတွက် အညာတာ ရှိသောသူ မဟုတ်သည်မို့ ကိုယ့်ကိုယ်ကျင့်တရားဥပဒေနှင့်ကိုယ် နေထိုင်သော ရှက်စိတ်ရှိသည့် ရိုးသားသူတို့ကိုလည်း သူ နှိပ်စက်ကလူ ပြုပါလိမ့်ဦးမည်။ ရွှေပင်နားတော့ ရွှေကျေးဆိုသလို နားခိုရာ ရွှေပင်တစ်ပင်လည်း သူက တွေ့အောင် ရှာလိမ့်ဦးမည်လေ။

မည်သို့ဆိုစေ အခုချိန်မှာတော့ ထိုစာသင်ခန်းထဲတွင် ဂျိုးဆက်လည်း မရှိတော့။ ကျွန်မလည်း မရှိတော့။ ဆရာမလည်းမရှိတော့။ အတန်းဖော်များလည်း မရှိ တော့ပါ။ သို့သော် ဖြစ်ခဲ့သော အဖြစ်ပျက် တချို့ကတော့ ကျွန်မအပါအဝင် လူတချို့၏ နှလုံးသားထဲတွင် စွန်းပေကျန်နေဆဲပဲ ရှိပါသေးသည်။ ထိုအဖြစ်ပျက်တို့ကို ကျွန်မ မှတ်ဉာဏ်ထဲမှ ထွက်ခွာသွားအောင် မည်သို့ပင် ပွတ်တိုက်ဆေးကြောသော်လည်း ဖျက်ပစ်ရန် မလွယ်ကူတော့။ ကျွန်မသည် နာကျင်စိတ်ဖြင့် မှုန်ကုပ်ကုပ် စာသင်ခန်းလေးဆီသို့ စောင်းငဲ့ကြည့်မိသည်။ ထိုအခါ စာအံသံဝါးဝါးက ကျွန်မ နားထဲသို့ ပီပီသသဖြင့် တိုးဝင်လာကြသည်။ ကျွန်မမျက်လုံးထဲမှာ အပြားလိုက်ဖြစ်နေသော လက်ရှိ စာသင်ခန်းထဲမှ မြင်ကွင်းသည်လည်း တဖြည်းဖြည်းဖြင့် ကြည်လင်လာကြ၏။

အဖြူနွမ်းနွမ်းလေးတွေ ဝတ်ထားသော ကလေးတို့၏ မျက်လုံးတွေက ကျောက်သင်ပုန်းမှ ဖယ်ခွာကာ ကျွန်မရှိရာဆီသို့ စူးခနဲ စိုက်ခနဲ ရောက်ရောက်လာသည်ကို ပထမဆုံး ကျွန်မ သတိပြုမိသည်။ အလွန်ဆုံးရှိလှမှ ဆယ်နှစ်ဝန်းကျင်အရွယ်များပေမို့ ချစ်စရာကောင်းသော ကလေးတို့၏ မျက်လုံးတွေကို ကျွန်မ ငေးစိုက်ကြည့်မိသည်။ ထိုကလေးတွေရော ကျောင်းတက်ရတာ ပျော်ပါရဲ့လား။ သူတို့ ကြားထဲမှာ ရော ကျွန်မ ငယ်ငယ်တုန်းက ကြုံခဲ့ရသလို ဂျိုးဆက်တစ်ယောက်လောက်များ ရှိနေသည်တဲ့လား။

ကျွန်မ မသိပါ။

ထိုကလေးတွေ ကြားထဲမှာရော ကျွန်မလို သူရဲကောင်းမျှော်တတ်သော ကလေးတစ်ယောက် ရှိနေနိုင်သလို၊ ဂျိုးဆက်လိုမျိုး အနိုင်ကျင့်တတ်သော ကလေးတစ်ယောက်လောက်လည်း ရှိနေနိုင်ပါသည်။ သို့သော် ကျွန်မတို့ ကြုံခဲ့ရသလိုမျိုး ဂျိုးဆက်လို ကလေးမျိုး နောက်မှာ ကျောထောက်နောက်ခံတစ်ယောက်ယောက် ရှိနေသော အဖြစ်မျိုးကို သူတို့ မကြုံတွေ့ဖို့သာ လိုပါသည်။

အကိုင်းအဖျားလေးမှာပဲ နားရ နားရ၊ နားစရာ ရွှေပင်ကို လိုက်ရှာကာ အသက်ရှင်သော ရွှေကျေးတို့က လူ့လောကမှာ ပေါများလှသည်လေ။ ထိုသူများနှင့် ကြုံတိုင်းမှာပဲ ကျွန်မသည် ကြုံခဲ့ဖူးသော ဂျိုးဆက်ပုံပြင်ကို မခံချင်စိတ်တစ်ဝက်ဖြင့် သတိရမိလိမ့်ဦးမည်။ ထိုအခါတိုင်းမှာ တကယ့်ဘဝ၏ သူရဲကောင်းဆိုတာ တစ်ယောက်ချင်းစီ၏ အားနှင့်သာလျှင် စုပေါင်းရေးခြယ်၍ ရကြောင်းကိုတော့ ကျွန်မက သင်ခန်းစာယူဖွယ်ရာ ပုံပြင် နိဂုံးအသိမ်းဖြင့် လူတစ်ယောက်ယောက်လောက်ကို ပြောပြချင်ပါသည်။ သို့သော် မည်သူက နားထောင်ချင်ပါမည်တဲ့လဲ။

သင်ခန်းစာ ယူဖွယ်ပါသော ပုံပြင်ဆိုသည်မှာ ရယ်ရွှင်ဖွယ်ရာလည်း မကောင်းလှသလို၊ နားထောင်ဖို့လည်း ပျင်းစရာကောင်းလွန်းလှသည် မဟုတ်လား။

ထိုသို့ဖြင့်ပင် မျက်စိနောက်ဖွယ်ကောင်းသော ရွှေကျေးတို့သည် ကျွန်မတို့ အနားမှာပင် တိုးကာတိုက်ကာ ပျံနေဦးတော့မည်လေ…။

■

**ယန်းရိပ်ဖြူ**



www.burmeseclassic.com

www.burmeseclassic.com

**ဘာသာစကားလေ့လာမှုအဆင့်များ**

ဘာသာစကားတစ်ခုတွင် မျက်နှာစာ အမျိုးမျိုးရှိသည်။ ထိုမျက်နှာစာများသည် အပြန်အလှန် သိမ်မွေ့ထွေပြားစွာ ဖွဲ့ယှက်နေသည်။ တစ်ပြိုင်တည်း နေရာယူနေသည်။ 'သြော်…ဟုတ်လား'ဆိုသော စကားကလေးတစ်ခွန်းကိုပင် ကြည့်ပါ။ တစ်ဖက်လူ ပြောသောစကားကို တုံ့ပြန်သည့်အနေဖြင့် ထိုစကားကို ကျွန်တော်တို့ မကြာမကြာပြောဖူးကြသည်။ ထိုစကားတစ်လုံးချင်းမှာ အဓိပ္ပာယ်ရှိသည်။ 'သြော်'က အာမေဋိတ်စကား၊ 'ဟုတ်လား'က အမေးစကားဖြစ်သည်။ တစ်ဖက်လူ၏စကားကို နားလည်လက်ခံသည့် အဓိပ္ပာယ်ဖြင့် တုံ့ပြန်ပြောသောစကား ဖြစ်သည်။ ထိုစကားကလေးနှစ်လုံးမှာပင် သတ်မှတ်ထားသောအစီအစဉ်လည်း ရှိသည်။ 'ဟုတ်လား သြော်'ဟူ၍ ပြောလေ့မရှိ။ ပြောသည့် အသံထွက်၊ လေယူလေသိမ်းတို့လည်း ရှိသည်။ စိတ်ထဲက အလေးပေးလိုသော အနေအထားကိုလိုက်၍ 'သြော်'ကို ခပ်ဖိဖိလည်း ပြောနိုင်သည်။ ခပ်ဖော့ဖော့လည်း ပြောနိုင်သည်။ ဆွဲဆွဲငင်ငင်လည်း ပြောနိုင်သည်။ 'ဟုတ်လား'မှာလည်း 'ဟုတ်'ကို အလေးပေးကာ ဖိ၍ ပြောနိုင်သည်။ သုံးနှုန်းသည့်အခြေအနေအရ ရွေးချယ်စရာတွေရှိသည်။ ထိုစကားကလေးတစ်ခွန်းမှာပင် 'အသံထွက်' ပါသည်။ 'စကားအသုံးအနှုန်း' ပါသည်။ 'သဒ္ဒါ'ပါသည်။ ဘယ်မျက်နှာစာကို လေ့လာမှာလဲ။ မျက်နှာစာတစ်ခုနှင့်တစ်ခု အပြန်အလှန် ဖွဲ့ယှက်နေသည် မှန်သော်လည်း မျက်နှာစာတစ်ခုကို လေ့လာနေစဉ် အခြားမျက်နှာစာများကို ခဏမေ့ထားရသည်။ မျက်နှာစာတစ်ခုချင်း လေ့လာသွားနိုင်ပါသည်။



ဘာသာစကားတစ်ခု၏ မျက်နှာစာများကို ဘာသာစကား ဖွဲ့စည်းထားသည့်အဆင့်များ(Levels)ဟု ရည်ညွှန်းလေ့ရှိသည်။ စကားသံအဆင့်၊ စကားလုံးအဆင့်၊ ပုဒ်အဆင့်၊ ဝါကျအဆင့်စသည်ဖြင့် ခွဲခြားလေ့ရှိသည်။ သို့ဆိုလျှင် ဘာသာစကားဖွဲ့စည်းရာမှာ အဆင့်ဘယ်နှဆင့် ရှိပါသလဲ။ ဘာသာစကားကို အဆင့် ဘယ်နှဆင့် ခွဲထားပါသလဲ။

ဘာသာစကားမှာ ဘယ်နှဆင့်ရှိသည်ဆိုသည်ကို ပြောဖို့ မလွယ်ပါ။ ရှင်းပြဖို့ မလွယ်ပါ။ အရိုးဆုံးပုံစံများတွင် ဘာသာစကားကို အဆင့်နှစ်ဆင့်ဖြင့်သာ ဖွဲ့စည်းထားသည်။ အခြေခံကျသော အဆင့်များ ဖြစ်သည်။ ရုပ်သွင် (Form)နှင့် အနက်အဓိပ္ပာယ်(Meaning)ဟူ၍ ဖြစ်သည်။ ရုပ်သွင်တွင် ဘာသာစကားထဲက အသံများ၊ စာလုံးများ၊ သင်္ကေတများ၊ စကားလုံးများ အကျုံးဝင်သည်။ ရုပ်ဝတ္ထုသွင်ပြင်ရှိသော အစိတ်အပိုင်းများ ဖြစ်သည်။ အနက် အဓိပ္ပာယ်မှာ ထိုရုပ်သွင်များက သယ်ဆောင်ပေးသော ဒြပ်မဲ့အနက်သဘော ဖြစ်သည်။ ရုပ်သွင်ကို အစိတ်အပိုင်းများ ထပ်ခွဲသည်။ စကားသံများ ထုတ်ဖော် ပြောဆိုခြင်း၊ ပြောသူမှ နာသူသို့ အသံ လှိုင်းများဖြင့် ပို့ဆောင်ခြင်း၊ နာသူက အသံများကို ကြားခြင်းဟူသည့် ရုပ်ဝတ္ထုပိုင်း ဖြစ်စဉ်များကို လေ့လာသည့်ကဏ္ဍကို သဒ္ဒဗေဒ (Phonetics)ဟု ခေါ်သည်။ ဘာသာစကားများတွင် အသံများကို အဓိပ္ပာယ်ခွဲခြားသုံးရန် ဖွဲ့စည်းပုံကို လေ့လာသည့် ကဏ္ဍကို ဝဏ္ဏဗေဒ (Phonology)ဟု ခေါ်သည်။ အဓိပ္ပာယ်ရှိသည့် အစိတ်အပိုင်းများကို ပုံစံအမျိုးမျိုး ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းပုံကိုလေ့လာသည့်ကဏ္ဍကို သဒ္ဒါ(Grammar)ဟု ခေါ်သည်။ အနက် အဓိပ္ပာယ်ပုံစံအမျိုးမျိုးကို သီးသန့်လေ့လာသည့်ကဏ္ဍကို အတ္ထဗေဒ (Semantics)ဟု ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဘာသာစကားကို သဒ္ဒဗေဒ၊ ဝဏ္ဏဗေဒ၊ သဒ္ဒါ၊ အတ္ထဗေဒဟူ၍ အဆင့်လေးဆင့်ခွဲသော ပုံစံကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြသည်။ ထိုအဆင့်များကို ထပ်မံ၍ အသေးစိတ်ခွဲပုံများလည်း ရှိသည်။ ဝဏ္ဏဗေဒအဆင့်တွင် သရသံ၊ ဗျည်းသံနှင့် ဝဏ္ဏတို့ကို လေ့လာသော ကဏ္ဍ (Segmental Ponology)နှင့် အသံအတိုအရှည်၊ အလေးအပေါ့၊ အနိမ့်အမြင့် စသည့် မွမ်းမံသံများကိုလည်း လေ့လာသည့် ကဏ္ဍ (Suprasegmental Phonology)ဟူ၍ခွဲသည်။ သဒ္ဒါအဆင့်တွင် စကားလုံးဖွဲ့ပုံ (Morphology)နှင့် ဝါကျဖွဲ့ပုံ (Syntax) လေ့လာမှုတို့ ထပ်မံခွဲခြားသည်။

အတ္ထဗေဒတွင် ဝေါဟာရ (Lexicon) လေ့လာမှုနှင့် စာသား၊ စကားစဉ် (Text or Discourse) လေ့လာမှုဟူ၍ ထပ်ခွဲသည်။ ယင်းတို့၏ အနက်အဓိပ္ပာယ်များကို လေ့လာသည်။

ဘာသာစကား၏ ဖွဲ့စည်းပုံအပြင် အသုံးပြုပုံ (function)ကို လေ့လာသည့် အပိုင်းကို ထည့်သွင်းသောအခါ လက်တွေ့အတ္ထဗေဒ (Pragmatics)ကို အဆင့်တစ်ဆင့်အဖြစ် ဆက်စပ်လေ့လာသည်။ ထိုအဆင့်များသည် တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်စပ်ဖွဲ့ယှက်နေသည်။

ဤနေရာတွင် ဘာသာဗေဒ ပညာရှင်များက ဘာသာစကား ဖွဲ့စည်းပုံကို အဆင့်အမျိုးမျိုးခွဲပုံနှင့် ပတ်သက်၍ အယူအဆကွဲများကို ဖော်ပြလိုပါသည်။ ဘာသာစကားကို အဆင့်နှစ်ဆင့် ခွဲခြင်းမှာ အခြေခံအကျဆုံး ဖြစ်သည်။ ရုပ်သွင်နှင့် အနက်အဓိပ္ပာယ်ဟူ၍ ခွဲခြင်းဖြစ်သည်။ အချို့က အဆင့်သုံးဆင့် ခွဲသည်။ အသံထွက်(စကားသံဖွဲ့ပုံ၊ဝဏ္ဏဗေဒ)၊ သဒ္ဒါ(ဝါကျဖွဲ့ပုံ)နှင့် အတ္ထဗေဒ (အနက်အဓိပ္ပာယ်)တို့ ဖြစ်သည်။

အဆင့်လေးဆင့် ခွဲပုံမှာမူ ရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း သဒ္ဒဗေဒ၊ ဝဏ္ဏဗေဒ၊ သဒ္ဒါ၊ အတ္ထဗေဒဟူ၍ ခွဲခြင်းဖြစ်သည်။

အဆင့်ငါးဆင့် ခွဲပုံမှာ ဘာသာဗေဒပညာရှင် ဟာလီဒေး(M.A.K.Halliday)၏ ပုံစံဖြစ်သည်။ အခြေခံအားဖြင့် အထည်ကိုယ် (Substance)၊ ရုပ်သွင် (Form) နှင့် အဆက်အစပ် (Context) ဟူ၍ အဆင့်သုံးဆင့်ခွဲသည်။ အထည်ကိုယ်မှာ ဘာသာစကားကို အကောင်အထည်အဖြစ် အသုံးပြုသော စကားသံဖြစ်သည်။ စကားသံ အထည်ကိုယ်သည် သဒ္ဒဗေဒက လေ့လာသည့် နယ်ပယ်ဖြစ်သည်။ အထည်ကိုယ်နှင့် ရုပ်သွင် ဆက်စပ်လေ့လာသော နယ်ပယ်သည် ဝဏ္ဏဗေဒ(စကားသံဖွဲ့မှု)နယ်ပယ်ဖြစ်သည်။ အသံအထည်ကိုယ်များကို ဘာသာစကားတစ်ခု၏ အသံများအဖြစ် ဖွဲ့စည်းသည့် နယ်ပယ်ဖြစ်သည်။ ရုပ်သွင်ကို သဒ္ဒါနှင့် ဝေါဟာရ လေ့လာမှု(Lexis)ဟူ၍ နှစ်ပိုင်းခွဲသည်။ ရုပ်သွင်နှင့် ဘာသာစကားပြင်ပရှိ အခြေအနေတို့ ဆက်စပ်သည့် အဆင့်မှာ အဆက်အစပ် အဆင့်ဖြစ်သည်။ အဆက်အစပ်သည် အတ္ထဗေဒ(အနက်အဓိပ္ပာယ်လေ့လာမှု)ပင် ဖြစ်သည်။ သို့ဖြင့် ဟာလီဒေး၏ ပုံစံအရ ခွဲသော အဆင့်ငါးဆင့်မှာ သဒ္ဒဗေဒ၊ ဝဏ္ဏဗေဒ(စကားသံဖွဲ့မှု)၊ သဒ္ဒါ၊ ဝေါဟာရ လေ့လာမှုနှင့် အဆက်အစပ် (အတ္ထဗေဒ)တို့ဖြစ်သည်။

ဘာသာဗေဒပညာရှင် လမ်(S.M.Lamb)၏ ပုံစံဖြစ်သည်။ ကွဲပြားသော အဆင့်များကို အလွှာ(Strata)များ အဖြစ် ရည်ညွှန်းသည်။ ထိုပုံစံကို Stratificational Grammar ဟု ခေါ်သည်။ ဘာသာစကားကို စကားသံဖွဲ့မှု (Phonology), သဒ္ဒါ (Grammar),အနက်ဖွဲ့မှု(Semology)ဟု သုံးလွှာခွဲပြီး Phonology ကို Hypophonemic (Phonetic)နှင့် Phonemicဟူ၍ နှစ်လွှာထပ်ခွဲသည်။Grammar ကို Morphemic နှင့် Leximic ဟူ၍ နှစ်လွှာထပ်ခွဲသည်။ Semology ကို Sememic နှင့် Hypersememic (Semantic)ဟု နှစ်လွှာထပ်ခွဲသည်။ အရင်းခံအားဖြင့် စကားသံ၊ သဒ္ဒါ၊ အနက်ဟူသော အလွှာသုံး လွှာကို အခြေခံ၍ ခွဲခြင်းဖြစ်သည်။

ဘာသာဗေဒပညာရှင် ခရစ္စတယ် (David Crystal)ကလည်း 'ကင်းဘရစ်ဘာသာစကားစွယ်စုံကျမ်း' တွင် ဘာသာစကားကို အဆင့်ခြောက်ဆင့်ခွဲသည်။ ပို့လွှတ်မှုကြားခံ (Medium of Transmission),သဒ္ဒါနှင့် အနက်အဓိပ္ပာယ် (အတ္ထဗေဒ)ဟု အခြေခံ သုံးဆင့်ခွဲပြီး ပို့လွှတ်မှုကြားခံအဆင့်ကို သဒ္ဒဗေဒနှင့် ဝဏ္ဏဗေဒ(စကားသံဖွဲ့မှု)ဟူ၍ နှစ်ဆင့် ထပ်ခွဲသည်။ သဒ္ဒါကို စကားလုံးဖွဲ့ပုံနှင့် ဝါကျဖွဲ့ပုံဟူ၍ နှစ်ဆင့် ထပ်ခွဲသည်။ အနက်အဓိပ္ပာယ်(အတ္ထဗေဒ)ကို ဝေါဟာရ Lexicon နှင့် စကားစဉ်(Discourse) ဟူ၍ နှစ်ဆင့်ထပ်ခွဲသည်။ထိုအဆင့်များတွင် ဘာသာစကား အသုံးပြုပုံ လမ်းကြောင်းကို လက်တွေ့ အတ္ထဗေဒ (Pragmatics)နှင့် ဆက်စပ်ပေးသည်။

ဘာသာစကား အဆင့်များကို ယေဘုယျအားဖြင့် ကြည့်လျှင် သဒ္ဒဗေဒအဆင့်မှသည် စကားသံဖွဲ့ပုံ၊ စကားလုံးဖွဲ့ပုံ၊ ဝါကျဖွဲ့ပုံအဆင့်များကို ဖြတ်သန်းပြီး နောက်ဆုံး အတ္ထဗေဒ အဆင့်သို့ ရောက်သည်ကို တွေ့ရသည်။ သို့ဆိုလျှင် ဘယ်အဆင့်ကို စ၍ လေ့လာသင့်ပါသနည်း။ သဒ္ဒဗေဒအဆင့်တွင် စတင်၍ အတ္ထဗေဒအဆင့်သို့ ရောက်အောင် တစ်ဆင့်ပြီးတစ်ဆင့် လေ့လာမည်လား။ သို့မဟုတ် အတ္ထဗေဒအဆင့်တွင် စတင်၍ ပြောင်းပြန်လေ့လာမည်လား။ ပညာရှင်များက လေ့လာမည့် အစီအစဉ်ကို ဆွေးနွေးကြသည်။ ဘာသာဗေဒပညာရှင် ဖသ်(J.R.Firth) က လေ့လာမှုအဆင့်များကို ဓာတ်လှေကားနှင့် ဥပမာပေးသည်။ ဓာတ်လှေကားသည် အထက်အောက် လွတ်လွတ်လပ်လပ် သွားနိုင်သလို ကြိုက်နှစ်သက်ရာ အဆင့်ကို လွတ်လွတ်လပ်လပ် လေ့လာနိုင်သည်ဟု ဆိုသည်။ ဤသို့ လေ့လာရာတွင် အဆင့် တစ်ဆင့်နှင့်တစ်ဆင့် အပြန်အလှန် ဖွဲ့ယှက်ထောက်ကူနေသည့် သဘာဝကို ဂရုပြုရန် လိုသည်ဟု ဆိုပါသည်။ ■

**မောင်ခင်မင်(ဓနုဖြူ)**



www.burmeseclassic.com

www.burmeseclassic.com

စုမီအောင်

မှောင်ရီဖျိုးဖျ ညတစ်ည မှာပေါ့။ ကိုယ့်ကိုယ်ကို မသိလိုက်ခင်မှာဘဲ အခန်းကျယ်တစ်ခုထဲကို စုစုအောင် ရောက်နေခဲ့တယ်။ အဲဒီအခန်း အတွင်းမှာ မှုန်ဖျဖျအလင်း ရောင်တစ်စတော့ ရနေပါတယ်။ ညအမှောင်ကို အန်တုပြီး ဝင်းထိန်တောက်ပအောင် ထွန်းညှိလို့ ရပါလျက်နဲ့ အဲဒီအခန်းထဲမှာ မီးအလင်းတွေကို ချော့တာထွန်းညှိထားတယ်။ မှေးမှိန်မှိန် ရနံ့လေး တစ်ခုကိုပါ အပိုအဆစ် ပျံ့လွင့်ပေးထားတယ်။ ပြောရရင် အသင်း၊ အရောင်၊ အနံ့၊ အရသာ နဲ့ ပြည့်ဝတဲ့ နေရာလွတ်ကြီးတစ်ခုပေါ့။ အဲဒီနေရာလွတ်ထဲမှာ အားလုံး ဝင်ထိုင်လိုက်ကြတယ်။ အားလုံး အတူတကွ…။ အဲဒီအခန်းကို မိန်းမတစ်ယောက်က ဦးဆောင်ပြီး စေတာ အယန်မြေမှာနိုဖို့ နာရီ ပိုင်းမျှ ဝယ်လှူ၊ ဒါနမတုတ် ငှားရမ်းသုံးစွဲခဲ့ကြတာ။ အဲဒီမိန်းမ နာမည်က ချစ်ရီထွေး။ ချစ်ရီထွေးက နိုင်ငံရပ်ခြားမှာ နေတဲ့သူ။ အလုပ် သွားလုပ်နေသလား၊ မိသားစုနဲ့ သွားနေ သလား စုစုအောင်လည်း သိပ်တော့ မသိလှဘူး။ လူမှုကွန်ရက် စာမျက်နှာပေါ်ကနေ မိတ်ဆွေတွေဖြစ်ခဲ့ကြတာ။ မိတ်ဆွေတွေနဲ့ပတ်သက် ရင် လူချင်း အပြင်မှာ ဘယ်လောက်ပဲသိသိ၊ ဘယ်နှခါ ပဲတွေ့တွေ့ စုစုအောင် အကျင့်က မလိုအပ်ဘဲနဲ့ အဲဒီ မိတ်ဆွေအကြောင်းကို သိဖို့ မကြိုးစားတတ်တာ ဘဲ။ တစ်ကိုယ်ရေကိစ္စမျိုးကို အဲဒီမိတ်ဆွေ အလိုအလျောက် ပြောပြလာခဲ့ရင်သာ လက်ခံ၊ နားထောင်၊ သိမ်း ထားတတ်တာ။





www.burmeseclassic.com

www.burmeseclassic.com

...ကိုတွေးက သူ့စာအုပ်တစ်အုပ် ထုတ်ဝေဖြန့်ချိတဲ့ အထိမ်းအမှတ်အဖြစ် စာအုပ်မိတ်ဆက်ပွဲ ...အနားကို 'House Of Media & Entertainment' ဆိုတဲ့ခန်းမမှာ လုပ်ခဲ့တယ်။

တကယ်ဆို စာအုပ်ပွဲပြီးဆုံးချိန်မှာ စုစုအောင် အားလုံးနဲ့လမ်းခွဲပြီး အိမ်ကို ပြန်လာခဲ့ရမှာ။ ...မှာ သူမကို နေ့စဉ်နေ့တိုင်း၊ ညနေစဉ်-ညနေတိုင်း စောင့်မျှော်နေမယ့် လူတစ်ယောက်ရှိတယ် ... စုစုအောင်အာရုံထဲမှာ စွဲမြဲသိမှတ်ထားတယ်။ အိမ်မှာ ရှိနေပြန်တော့လည်း စုစုအောင်ရဲ့ ...ခြင်းကို အသိအမှတ်ပြုဖို့ မေ့ထားတတ်တဲ့သူ၊ အိမ်မှာ သူ့အနားမှာ စုစုအောင် မရှိပြန်တော့မှ ပူပန်စိတ်တွေ မွှန်မောက်ခုံးကြွတဲ့ ရင်အစုံနဲ့ မျှော်မျှော်နေတတ်တဲ့သူ၊ လူထူးလူဆန်းတစ်ယောက်ပေါ့။ အဲဒီ လူထူးလူဆန်းတစ်ယောက် မျှော်နေရမှာစိုးလို့ ညနေတိုင်း အလုပ်ဆင်းပြီးဆို အိမ်ကို ဖြ နာရီထက် နောက်မကျစေဘဲ စုစုအောင် အမြဲပြန်လေ့ရှိတယ်။ ဒီနေ့မှ၊ အခုမှပဲ ဘာသာဘာဝပါလိမ့်။ သူမကိုယ်သူမ မသိလိုက်ခင်မှာဘဲ စုစုအောင်ဟာ အခန်း တစ်ခုထဲ ရောက်နေခဲ့တယ်။ အဲဒီအခန်းကို စုစုအောင် အပါအဝင် မိတ်ဆွေတစ်စုတို့ နာရီအနည်းငယ်မျှ ပိုင်ဆိုင်ဖူးခဲ့ကြတယ် ဆိုတာ အိမ်မက်တစ်ခုတော့ မဟုတ်ခဲ့ဘူး။ ဒါပေမဲ့ မကြာခင်



ကျရောက်လာမယ့် ဆောင်းဥတုက အဲဒီအဖြစ် အဖျက်ကို တိတ်ဆိတ်အေးဆေးစွာပဲ ဖြိုဖျက် ချန်ထား ရစ်ဦးမှာပါ။

အဲဒီအခန်းထဲမှာ ...နဲ့၊ အလျား ဘယ်လောက်ကြီးမားကျယ်ပြန့် ...ယ်ဆိုတာ ခန့်မှန်းနိုင်တဲ့ ကျယ်ပြန့်ပြန့် ဖန်သားပြင်ကြီးရှိတယ်။ ခပ်ကြီးကြီး ဖန်သားပြင်ကြီးက တစ်ခု၊ အဲဒီထက်သေးငယ်တာ နှစ်ခု။ ...နဲ့သေးက ဖန်သားပြင် သေးသေးလေးမှာ နံပါတ် ...ဉ့်တွေနဲ့အတူ တစ်ခုခုကို အလေးထိန်းခလုတ်နဲ့ ရွေးချယ်အတည်ပြုလိုက်တဲ့အခါ ချိတ်ဆက်ထားတဲ့ ဖန်သားပြင်ကြီးဆီကနေ ရွေးချယ်ထားတဲ့ အစီအစဉ်အတိုင်း သီချင်းသံတွေ



www.burmeseclassic.com

www.burmeseclassic.com

ထွက်ပေါ်လာတယ်။ မူလအဆိုသံကို ဖျောက်ထားတဲ့ ဂီတချည်းသက်သက် အသံတွေ။ အဲဒီမှာ လူတစ်ယောက်က ဝိုင်ယာကြိုးတန်းလန်းနဲ့ မိုက်ခရိုဖုန်းတစ်ခုကို ကောက်ယူ၊ ပါးစပ်ဖျားရှေ့မှာတော့၊ သူ့အသံကို အဲဒီမိုက်ခရိုဖုန်းထဲ ပစ်ထည့်လိုက်တဲ့အခါ အဲဒီတစ်စုံတစ်ယောက်ရဲ့ အသံဟာ နောက်ခံဂီတအသံတွေထဲ ဟန်ကျပန်ကျ စီးဝင်မျောပါသွားပြီး ခပ်ကျယ်ကျယ်ကြီး ထွက်ပေါ်လာတယ်။ အဲဒီအခန်းထဲမှာ ဂီတနဲ့အစားအစာ အတူတကွ ရရှိနိုင်တဲ့အတွက် စားစရာသောက်စရာမှာမလို့ မီနျူးကြည့်နေတဲ့ လူတချို့ဟာ ပါးစပ်အဟောင်းသားဖြစ်သွားကြတယ်။ အဲဒီလူရဲ့အသံကြောင့် လက်ထဲက မီနျူးစာအုပ်တွေ ဒေါက်ခနဲဒေါက်ခနဲ ကြမ်းပြင်ကို ပြုတ်ကျကုန်တယ်။ အခန်းထဲရှိရှိသမျှ လူအားလုံးရဲ့ အကြည့်တွေက အဲဒီလူတစ်ယောက်တည်းပေါ် စုပြုံထိုးပစ်ကျသွားတယ်။ တစ်ယောက်ကတစ်ယောက်ကို အောက်မေးရိုးတွေပြုတ်ကျကုန်တာ အတူတကွ အပြန်အလှန် ငေးကြည့်ကြတယ်။ သီဆိုနေတဲ့ အဲဒီလူကတော့ ဘေးဘီမှာ ဘာတွေဖြစ်လို့ ဖြစ်ပျက်နေတယ် မသိဘူး။ သူ့အာရုံနဲ့သူ မိုးမမြင်လေမမြင် သီဆိုပေါက် ကွဲနေတယ်။

သူ့နာမည်က ညီမင်းနိုင်။ အမှန်ဆို အဲဒီလူ ညီမင်းနိုင်ရဲ့အသံက မိုက်ခရိုဖုန်းလုံးဝမလိုတဲ့ အသံမျိုးပဲလို့ စုစုအောင် မျက်လုံးအပြူးသားနဲ့ ငေးကြည့်ရင်း တွေးနေမိတယ်။ ညီမင်းနိုင်ရဲ့အသံက အသံလုံးကလည်း ကြီးမားလှရဲ့၊ အင်မတိ အင်မတန်လည်း ကျယ်လောင်လှရဲ့။ အဆိုသံက နောက်ခံဂီတထက် သိသိသာသာကြီး ပိုကဲကျယ်လောင်မြည်ဟည်း ထွက်ပေါ်နေတယ်ဆိုတဲ့ အချက်တစ်ချက်ကလွဲရင် ကျန်တာ ဘာတစ်ခုမှ ပြောစရာမလိုအောင် အဆင်ပြေနေပါတယ်။ ညီမင်းနိုင်က ဂီတနဲ့ တော်တော် အကျွမ်းတဝင် ရှိခဲ့ဖူးပုံပဲ။ အဆိုပညာပိုင်းမှာတော့ ဘာမှ စောဒကတက်စရာမရှိဘူး။ သူ့အဆိုသံနဲ့ ဂီတသံတွေ ရစ်သမ်မိမိ၊ ကျကျနန ပေါင်းစည်း ထွက်ပေါ်လာတာကိုပဲ စုစုအောင် အံ့သြမဆုံး ဖြစ်နေတယ်။ သူ့ကို စ,သိစဉ်က ဒီလို တေးသီဆိုနိုင်မယ့်သူလို့ တစ်စက်ကလေးမှ မထင်ရဘူး။ အဲဒီအခန်းထဲမှာ အဆိုသံနဲ့ ဂီတတေးသွား ခွဲခြားလို့ထုတ်လို့မရ။ ပေါင်းစည်းညီညွတ်စွာ အတူတကွ ပျံ့လွင့်နေတယ်။

> ဘာဖြစ်လို့
> အမှန်အတိုင်း
> ပြောလို့မဖြစ်တဲ့
> အနေအထားကို
> တဖြည်းဖြည်း
> ဘဝက
> ကျုံ့သထက်
> ကျုံ့နစ်
> သွားခဲ့တာလဲ
> တကယ်ဆို
> စုစုအောင်လည်း
> အတူတကွ
> ရှိချင်ခဲ့တာပါပဲ

အဲဒီလူ ညီမင်းနိုင်ရဲ့ ဆိုပုံဆိုပေါက်ကို ခပ်ငွေ့ငွေ့ ငေးကြည့်ရင်း စုစုအောင်စိတ်ထဲ ပျော်ချင်သလိုလို ဖြစ်လာတယ်။ ဒါပေမဲ့ မပျော်ရဲပြန်ဘူး။ တစ်စုံတစ်ရာက ရင်ခေါင်းဝမှာ တင်းတင်းကြီး ခံခုပိကျနေသလိုမျိုး တစ်တစ်ဆို့ဆို့ ဖြစ်နေတယ်။

အဲဒီနောက် အဲဒီအခန်းထဲမှာ ဂီတသံစဉ်တွေ တစ်ပုဒ်ပြီးတစ်ပုဒ် ကျယ်ကျယ်လောင်လောင် ပျံ့လွင့်ပေါ်ထွက်လာတယ်။ အဆိုသံတွေကလည်း တစ်ယောက်ပြီးတစ်ယောက် ထွက်ပေါ်လာတယ်။ အဲဒီအခန်းထဲမှာ အဲဒီလို အလှည့်ကျ လည်ပတ်နေကြတယ်။

ခက်တယ်။ သိပ်ခက်တာပဲ။ အဲဒီအခန်းထဲကို ဘယ်လိုကဘယ်လို ရောက်လာတာပါလိမ့်။ စုစုအောင် စဉ်းစားလို့မရဘူး ဖြစ်နေတယ်။ မသိဘူး မသိဘူး။ သူမကိုယ်သူမ မသိလိုက်ခင်မှာဘဲ သူမက အဲဒီအခန်းထဲမှာ ပြုတ်ကျနေခဲ့တာ။ စုစုအောင်ရဲ့ ခန္ဓာကိုယ်တစ်ကိုယ်လုံး နူးညံ့အေးစက်တဲ့ ဆိုဖာထိုင်ခုံထဲမှာ နစ်ဝင်ပြိုကျနေတယ်။ ဆိုဖာတွေက အေးစက်တယ်။ ငြိမ့်ညောင်းတယ်။ သက်သောင့်သက်သာရှိလွန်းတဲ့ ခံစားမှုကို အစွမ်းကုန် ပေးနေပေမဲ့ စုစုအောင်ရဲ့ ခန္ဓာကိုယ်က အလိုက်သင့် တစ်သားတည်း ဖြစ်မနေဘဲ ဆန့်ကျင်မာခေါက်နေခဲ့တယ်။ ဆိုဖာဆက်တီခုံနဲ့ စုစုအောင်ရဲ့ ကိုယ်ခန္ဓာ အတူတကွ ပေါင်းစည်းမှု မရှိကြ။

'ခင်ဗျားရဲ့ စိတ်ခန္ဓာအလုံးစုံ ကျွန်တော့်အပေါ် ပစ်ပုံချပြီး ခင်ဗျားလွတ်လပ်ပေါ့ပါးစွာ လှဲချလိုက်စမ်းပါ' လို့ ဆိုဖာထိုင်ခုံတွေက အားမလိုအားမရဟန်နဲ့ အော်ပြောလိုက်လေသလားပဲ။ အဲဒီစကားလုံးတွေ စီကုံးထားတဲ့ အသံကို အသေအချာကြီး စုစုအောင် ကြားလိုက်ရတယ်။ ခုချိန်ထိ ပခုံးပေါ်နေရာယူ ပခုံးနဲ့ အတူတကွ ပေါင်းစည်းညီညွတ်နေဆဲ ပခုံးပေါ်မေးတင် ချိတ်လွယ်ထားတဲ့ ခပ်ကြီးကြီး အစိမ်းရောင် စလင်းဘတ်ကို ဖြုတ်ဖြေချပြီး သက်သက်သာသာလေး မှီလှဲချထိုင်ဖို့ အကောင်းဆုံးအချိန် ရောက်နေပေမဲ့ စုစုအောင် အဆင်သင့် မဖြစ်သေးဘူး။ သူများတွေလို မဟုတ်ဘဲ ခန္ဓာတစ်ကိုယ်လုံး တောင့်တင်းမတ်စင်းနေတယ်။

အနားကလူတွေကို မသိမသာ ငုံ့စောင်းကြည့်လိုက်တော့ သူတို့အားလုံး သူမနဲ့ ဆန့်ကျင်ကွဲပြားနေကြတာ အံ့သြမကုန်နိုင်ဖွယ် စုစုအောင် တွေ့မြင်လိုက်ရတယ်။ သူတို့ဟာ အဲဒီအခန်းထဲက ဆိုဖာဆက်တီ ထိုင်ခုံတွေမှာ ခန္ဓာဝိညာဉ်အလုံးစုံ အတူ



www.burmeseclassic.com

www.burmeseclassic.com

ာကွ နေသားတကျ ထိယှက် စ်ဝင်နေကြတယ်။ အဲဒီ အခန်း၊ အဲဒီဆိုဖာ ဆက်တီ တွေ နဲ့ သူတို့တစ်တွေ တစ် သားတည်း ဖြစ်နေကြတယ်။ အခန်းမီးဖျော့ဖျော့အောက်မှာ ရုတ်တရက် ကြည့်မယ်ဆိုရင် သူတွေနဲ့ ဆိုဖာထိုင်ခုံတွေ ခွဲ ခြားမရ၊ အတူတကွ ပေါင်း ည်းညီညွတ်နေကြတယ်။

သူတို့ ဘာလို့များ ဒီလို အလွယ်တကူကြီး အတူတကွ ပေါင်းစည်းညီညွတ် သွားကြ တာပါလိမ့်လို့ အဖြေရှာမရတဲ့ မျက်လုံးတွေနဲ့ စုစုအောင် ငေးငေးကြောင်ကြောင် ကြည့်နေမိတယ်။ အဲဒီအခန်းနဲ့ အတူ အဲဒီအခန်းထဲက စွည်းကိရိယာတွေ၊ အဲဒီ အခန်းထဲက လှုပ်ရှားမှုတွေ ဟာ စုစုအောင်အတွက် မဟုတ်ခဲ့ဘူး။ အဲဒီအခန်းထဲ မှာသာ ရောက်နေတာ စုစု အောင်ဟာ အဲဒီအခန်းထဲက ရှိသမျှတွေနဲ့ အစိမ်းသက် သက်ပဲ ဖြစ်နေတယ်။ စိမ်း ဆတ်ဆတ် မာခေါက်ခေါက် အလွှာတစ်ခု ကာခြားနေသလို စုစုအောင်ရင်ထဲ တနင့်တပိုး ကြီး ခံစားနေရတယ်။

မိုဘိုင်းဖုန်းလေးကို တဆဆကိုင်ရင်း အချိန်နာရီ ကိုပဲ တစူးတစိုက် ကြည့် ကြည့်နေမိတယ်။ ဘယ်နှနာရီ ထဲ၊ ဖုန်းက စုစုအောင် ဘာမှ မတို့မထိရဘဲ သူ့ဘာသာသူ တောင် မြည်လာမှာလား။ ဖုန်းကို အသံမြည်လာအောင် ဘိုတို့ ဒီတို့နဲ့ မြည်အောင်လုပ် လိုက်ရမှာလား။ မသဲကွဲဘူး။ မိတ်တွေက လက်ကိုင်ဖုန်း မျက်နှာပြင်ပေါ် အတင်းကာ ရောသွားပြီး တွယ်ကပ်နေတာ ဘယ်လိုမှ ဖယ်ကြဉ်ခွာ တိမ်းလို့ မရဘူး ဖြစ်နေတယ်။ လူပုဂ္ဂိုလ် အမည်နာမနဲ့ ဖုန်း နံပါတ် ဂဏန်းစာလုံးတွေ အတူတကွ ယှဉ်တွဲလျက် သိမ်းဆည်း ထည့်သိုထားနိုင် တဲ့ Contacts တွေထဲက အရင်းနှီးဆုံး အမည်နာမတစ် ခုဟာ ဘယ်တော့များ စုစု အောင်ဆီ အလိုအလျောက် စတင်လို့ ခေါ်ဆိုလာလိမ့် မလဲ တွေးပူ လန့်ထိတ်နေ တယ်။

ခုချိန်ထိ စဉ်းစားလို့ လည်း မရသေးဘူး။ အဲဒီ အခန်းထဲကို စုစုအောင် ဘယ် ကနေဘယ်လို ရောက်နေခဲ့ တာလဲဆိုတာ…။

အဲဒီမှာပဲ လက်ဖဝါး တွေ အတူတကွ အချင်းချင်း ပေါင်းစည်းညီညွတ်သွားကြ တယ်။ စုစုအောင်ရဲ့ လက်ခုပ် သံမပါတဲ့ အခြားသူတွေရဲ့ လက်ခုပ်သံတွေ။ အသံတွေ က တဖြောင်းဖြောင်း မဟုတ် ဘူး၊ တဖြောက်ဖြောက်။ အခန်းက လုံနေတော့ လက် ဖဝါးသံတွေက ခပ်အုပ်အုပ်နဲ့ ထူထပ် ခဲပျစ်နေတယ်။ အေး နေတာကြောင့်လည်း ပါမှာပဲ။ ဘယ်လိုကဘယ်လို ဒီအခန်း ထဲ ရောက်နေပါလိမ့်လို့ တွေး လို့မဆုံး ဖြစ်မိနေတာနဲ့ပဲ လက် ခုပ်တစ်ချက် တီးထွက်လိုက် ဖို့ကို စုစုအောင် မေ့တယ်။ အဲဒီနောက် ညီမင်းနိုင်လက် ထဲက ဝိုင်ယာကြိုးတန်းလန်း နဲ့ မိုက်ခရိုဖုန်းဟာ ဆံပင်ရှည် ရှည်နဲ့ အမျိုးသမီးလက်ထဲ ရောက်သွားတယ်။ သော်တာ ဖြူနု။ မကြာပါဘူး၊ သော် တာဖြူနုက ရဲရဲတင်းတင်း၊ ပေါ့ပေါ့ပါးပါး ဟန်ပန်အမူ အရာနဲ့ပဲ ဖန်သားပြင်ကို လှမ်း ကြည့်ပြီး သီချင်းတစ်ပုဒ် ကောက်ကာငင်ကာ ဆိုလိုက် တယ်။

*'တက္ကသိုလ်ကျောင်း က ငွေလမင်း'* တဲ့။ အဲဒီ သီချင်းကို သီချင်းခေါင်းစဉ် လောက်ပဲ စုစုအောင် ကြားဖူး တယ်။ ဒီတော့ အခု သော် တာဖြူနုရဲ့ သီဆိုမှုက မူရင်း အဆိုတော်ထက် ပိုကောင်း သလား၊ မကောင်းဘူးလား မပိုင်းခြားတတ်ဘူး ဖြစ်နေ တယ်။ စာသားတွေကိုလည်း တစ်ခါမှ လုံးစေ့ပတ်စေ့ တိတိကျကျ မကြားဖူးဘူး။ ဒီတော့ သော်တာဖြူနု အခု သီဆိုနေတာ စာသားတွေ မှန် ရဲ့လား၊ ရွှီးနေတာလား ဘယ် လိုမှ မသိနိုင်ဘူး ဖြစ်နေ တယ်။ ဖန်သားပြင်မှာ တစ် ကြောင်းစီ စာတန်းပေါ်နေပေ မဲ့ အဲဒီစာလုံးတွေကို တထစ် ချမှန်တယ်လို့ စုစုအောင် မယုံ ကြည်ဘူး။ မြန်မာစာလုံးတွေ ကို လူတွေက ဖန်သားပြင်မှာ ပေါ့ပြက်ပြက် စာတန်းထိုး ခြင်းအမှု လုပ်လာကြတာကို စုစုအောင် မကြာမကြာ ကြုံ ကြုံနေလို့ပဲပေါ့။ ဘယ်လိုပဲ ဖြစ်ဖြစ် စုစုအောင် နားထဲမှာ တော့ သော်တာဖြူနု ဆိုနေ တာ သိပ်ကောင်းတာပဲလို့ တလှိုက်တလှဲ့ကြီး လက်ခံမိ တယ်။ ဂီတဈေးကွက်ထဲ ပေါက် အဆိုတော်တွေလို့ လူ တွေ လက်ခံထားတဲ့ အဆို တော်တွေတောင် ဂီတနဲ့အဆို ပညာ အတူတကွ ပေါင်း စည်းညီညွတ်ခြင်း မရှိကြတဲ့ အချိန်မှာ အဆိုတော်မဟုတ် တဲ့ လူတွေက ဂီတနဲ့အဆို အတူတကွ လှပသေသပ်စွာ ပေါင်းစည်းညီညွတ်နေကြတာ ကို တွေ့ရတဲ့အခါ စုစုအောင် အံ့ဩမဆုံး ဖြစ်ပျက်ခံစားနေ ရတယ်။

အဲဒီမှာပဲ စောစောက တစူးတစိုက် ကြည့်ကြည့်နေ မိတဲ့ လက်ကိုင်ဖုန်းက ရုတ် တရက် ထမြည်လာတယ်။

'ဘုရားသခင်'

ပြဿနာပဲ။ စုစုအောင် ကို စောင့်နေမယ့် အိမ်ကလူ။ ကိုင်လို့ မဖြစ်သေးဘူး။ သော် တာဖြူနုရဲ့ ဆိုလက်စ ဂီတ အသံတွေက အသံထွက် သေတ္တာတွေထဲကတစ်ဆင့် ဖုန်းထဲကို ကျယ်ကျယ်လောင် လောင်ကြီး ဝင်ချသွားလိမ့် မယ်။ ဒါဆိုရင် စုစုအောင် ဘယ်ဆီရောက်နေတယ်ဆိုတာ သူ သိသွားလိမ့်မယ်။ နေရာ တပ်အပ်တော့ မသိနိုင်ပေမဲ့ ကျယ်ကျယ်ဆူဆူ ဂီတအသံ တွေကြောင့် ဒါဟာ ဘယ်လို နေရာမျိုး ဖြစ်တယ်ဆိုတာ သူ ကောင်းကောင်း သိသွားမှာပဲ။ ဖုန်းခေါ်သံ ရပ်သွားမလားလို့ ခဏလေး စောင့်ကြည့်ပေမဲ့ ဖွဲကောင်းကောင်းနဲ့ ကြာရှည် မြည်နေတဲ့အခါ ဖုန်းကို မရဲ တရဲဆုပ်ကိုင်လို့ အဲဒီအခန်းထဲ ကနေ စုစုအောင် အပြေး အလွှား ထထွက်ခဲ့တယ်။

ဘုရားသခင်… အသံ တိတ်ဆိတ်မယ့် နေရာလေး တစ်ခု အမြန်ပေးပါ၊ စုစု အောင် တိုးတိုးလေး မြည် တမ်းမိတယ်။

တကယ်တမ်းမှာ အခန်းတွေက အသံမလုံဘူး။ အဲဒီအခန်းထဲက ဂီတအသံ တွေ အပြင်ဘက်ထိ ဆူဆူညံ ညံ ထွက်ပေါ်နေတယ်။ ဟုတ် တာပေါ့။ ဒါ အသံသွင်းစတူ

www.burmeseclassic.com

ဒီယို အခန်းတွေမှ မဟုတ်တာပဲ။ အသံလုံစနစ် ဘယ်သူက လုပ်နိုင်မှာလဲ။ ဧည့်ကြိုကောင်တာကို ဖြတ်ပြီး အပြင်ဘက်ထိ ထွက်ခဲ့တဲ့အခါ ကားတွေ ရပ်နားထိုးကပ်ထားတဲ့ နေရာတစ်ခု တွေ့တယ်။ လမ်းမနဲ့ နီးကပ်လွန်းပြီး ကားသံတွေ ဆူညံနေလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် ကားသံဆူဆူက ဆင်ခြေပေးလို့ ရနိုင်တယ်လို့ ခပ်မြန်မြန်တွေးရင်း ဖုန်းမျက်နှာပြင်က အစိမ်းရောင် ဖုန်းပုံလေးကို လက်မနဲ့ တစ်ဖက်ကို ဆွဲယူရွှေ့လိုက်တယ်။

'ဟယ်လို… သြော်… အင်း… အခုပဲ ဆက်မလို့… ရောက်နေပြီ မမနန္ဒာနဲ့ လမ်းထိပ်စီးတီးမတ်ကို ပြန်သွားကြတာ သူ ဝယ်စရာရှိလို့တဲ့'

စုစုအောင် ခုမှ သတိပြန်တယ်။ HOME က မထွက်ခင်မှာ သူ့ဆီ ဖုန်းဆက်ခဲ့သေးသားပဲ။ ဟုတ်တယ်။ မညာစဖူး ညာခဲ့ရတယ်။ မုဒိတာအိမ်ရာမှာနေတဲ့ အစ်မဆီ ဒီည သွားအိပ်မလို့ လို့။ အစ်မအိမ် ရောက်တာနဲ့ ဖုန်းဆက်မယ်လို့ ပြောခဲ့လိုက်တယ်ဆိုတာ ခုမှ သတိရတယ်။ စာအုပ်ပွဲအပြီးမှာ ဒီကသူငယ်ချင်းတွေနဲ့ ကာရာအိုကေ သွားကြမလို့လို့ အမှန်အတိုင်း ဘာလို့ စုစုအောင် မပြောခဲ့တာပါလိမ့်။ ရှင်းနေတာပဲ။ ပြောရင် သူ ကြိုက်မှာ မဟုတ်လို့ပေါ့။ မကြိုက်တော့ ဘာဖြစ်လဲ၊ မဟုတ်တာလုပ်တာ မဟုတ်ဘူး။ သွားတယ် သွားတယ်။ ဘာဖြစ်လဲ၊ ဒါပေမဲ့ တိတိကျကျ ဖြောင့်ဖြောင့် မပြောခဲ့ရဲပါဘူး။ တစ်

ဘယ်နေရာ
သွားသွား
ဘယ်သူတွေနဲ့
သွားသွား
ဘာတွေပဲ
လုပ်လုပ်
မဟုတ်မဟုတ်တွေ
လုပ်နေတာ
မဟုတ်တဲ့
အတွက်
အမှန်အတိုင်း
ခင်းကျင်း
ပြောချ
ပစ်ချင်တာပါပဲ

ယောက်မကြိုက်တာ တစ်ယောက်က ဖြောင်လုပ်တယ်ဆိုတဲ့ အသိကြီးနဲ့ အတူတကွ နေသူနှစ်ယောက် အတူတကွ မဖြစ်တော့ဘဲ ဆန့်ကျင်ကွဲထွက်ပြီး ဘဝတွေ နာကျင်ကွဲအက်ကုန်မှာလည်း စိုးလှတယ်။

ဘဝဆိုတာ ဒါပဲလား။ အတူတကွနေတဲ့ လူသားနှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် မကြိုက်တဲ့ကိစ္စတွေ ရှောင်ကြဉ်ပေးလိုက်ကြ(ရှောင်တယ်ဆိုတာ အသိမပေးဘဲ ခိုးလုပ်တာလည်း ပါတာပေါ့၊ အခုလိုလေ လို့ စုစုအောင် နာနာကျင်ကျင် ကြားဖြတ်တွေးမိတယ်)၊ ပြီးရင် ကြိုက်မှာသေချာတဲ့အရာတွေ လုပ်ပြလိုက်ကြ။ ဒီလိုနဲ့ လက်ထပ်ခြင်း အစကနဦးတုန်းလိုပဲ တစ်ယောက်နဲ့တစ်ယောက် အတူတကွ ရှိဆဲဖြစ်ကြောင်း ဟန်ဆောင်သက်သေ ထူပြနေကြရတဲ့ ဘဝကြီးပဲလို့ ဖျတ်ခနဲ တွေးမိတဲ့အခါ စုစုအောင် ဘဝကို စိတ်ပျက်သွားတယ်။

လေးကန်ကန် ခြေလှမ်းတွေနဲ့ ဂီတနဲ့အစားအစာ အတူတကွရှိရာအခန်းဆီ ပြန်လာတဲ့အခါ အဲဒီအခန်း အပေါက်ဝမှာ ဖုန်းရပ်ပြောနေတဲ့ ဆုသန္တာလွင်ကို မြင်တယ်။ ဆုသန္တာလွင်က သိပ်လှတာပဲ။ ပန်းပုရုပ်လေးလို အချိုးအဆစ် ပြေပြစ်လွန်းလှတယ်။ ဖုန်းပြောနေတာတောင် သူ့မျက်နှာက ပြုံးချိုချိုလေး။

'ဟုတ်တယ်၊ ရွှေဂုံတိုင်က Rose of Memory မှာ၊ အားလုံး ပြန်ရလွယ်အောင် နီးတဲ့နေရာပဲ သွားကြတာ။ အင်း အခန်းကတော့ ကျယ်ပါတယ်။ သီချင်းတွေကတော့ မစုံဘူး ကိုရဲ့။ သန္တာရတဲ့ အင်္ဂလိပ်သီချင်းတွေ မရှိဘူး။ ဒါပေမဲ့ ဘာဖြစ်လဲနော့၊ အပျော်ဆိုတာပဲလေ။ တစ်ယောက်တစ်ပုဒ်နှစ်ပုဒ်ပေါ့။ မရလည်း လျှောက်ဆိုတာပေါ့။ လူတွေစုံတော့ ပျော်စရာကောင်းပါတယ်။ မမြလေးမီတို့၊ ကိုသျှားတို့၊ ကိုငယ်လေးတို့လည်း ပါတယ်။ စိတ်မပူနဲ့၊ ဖြစ်တယ်။ ၈ နာရီကျော်လောက်ဆို သိမ်းပါပြီ၊ အင်း ဟုတ်တယ်'

ဆုသန္တာလွင်ရဲ့ အသံချိုချိုလေးက နားထဲက မထွက်တော့အောင် ကပ်ပါလာတယ်။ ဖုန်းပြောပြီး စုစုအောင်ကို ပြုံးပြရင်း နောက်က ကပ်ပါလာတယ်။ အဲဒီအခန်းထဲ ပြန်ရောက်တဲ့အခါ မြလေးမီရဲ့အနား ကပ်ထိုင်လိုက်ရင်း ဆုသန္တာလွင်က အသံချိုချိုလေးနဲ့ ပြုံးပြုံးရယ်ရယ် ပြောပြနေသေးတယ်။

'အိမ်က ကျားကျားလေ၊ လာခေါ်မယ်လုပ်နေလို့ မပူနဲ့ ကိုယ့်ဘာသာ ပြန်လာမယ်လို့ ပြောရသေးတယ်။ ကိုငယ်လေးတို့လည်း ပါတယ်လို့ ပြောလိုက်တယ်'

ခပ်ကျယ်ကျယ် ဂီတသံနဲ့ ဖက်ပြိုင်လုပြောနေရတဲ့အခါ ဆုသန္တာလွင်ရဲ့ အသံက တွန်းကန်မြင့်တက်စွာ ထွက်နေတယ်။ ဒါကပဲ သူမကို တမင်ဖက်ပြိုင် လှောင်ပြောင်ဆိုနေသလိုပဲလို့ စုစုအောင် စိတ်ထဲ စိတ်အားငယ်ငယ် တွေးမိနေတယ်။ ဆုသန္တာလွင်ကို လည်း အားကျသွားတယ်။ ဘယ်ဆိုင်မှာရောက်နေ၊ ဘယ်သူတွေနဲ့ကအစ တိတိကျကျ အမှန်အတိုင်း မခြွင်းမချန် ပြောဆိုနိုင်တဲ့ အနေအထားကိုပေါ့။ ဒါကမှ ဟိုးလက်ထပ်ခြင်း ဘဝအစကလို တကယ့်အတူတကွ ဘဝစစ်စစ်လေးပဲလို့ တိတ်တိတ်ကလေး မှတ်ချက်ချရင်း ဆုသန္တာလွင်ရဲ့ အမြဲပြုံးနေတဲ့ မျက်နှာလေးကို ငေးကြည့်ရင်း မျက်ရည်တွေ ကျချင်လာတယ်။ တကယ်ဆို စုစုအောင်လည်း အမှန်အတိုင်း ပြောလိုက်ချင်တာပါပဲ။

ဒါပေမဲ့ ဘာဖြစ်လို့ အမှန်အတိုင်းပြောလို့ဖြစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

အနေအထားကို တဖြည်းဖြည်းဘဝက ကျွံသထက်ကျွံနစ်သွားခဲ့တာလဲ။ တကယ်ဆို စုစုအောင်လည်း အတူတကွ ရှိချင်ခဲ့တာပါပဲ။ ဘယ်နေရာသွားသွား၊ ဘယ်သူတွေနဲ့ သွားသွား၊ ဘာတွေပဲလုပ်လုပ် မဟုတ်မဟတ်တွေ လုပ်နေတာ မဟုတ်တဲ့အတွက် အမှန်အတိုင်း ခင်းကျင်းပြောချပစ်ချင်တာပါပဲ။ လူယောက်ျားနဲ့ လူမိန်းမ စိတ်နှလုံးတွေ တစ်သားတည်း အတူတကွ ရှိနေကြတာကို စုစုအောင် သဘောကျပါလျက်နဲ့ တကယ့်ဘဝမှာ သူနဲ့ စုစုအောင်တို့ နှစ်ယောက်ကြားမှာ ဘာက မွှေနှောက်ခဲ့တာလဲ။ စဉ်းစားလို့မရဘူး။ အခု ဆုသန္တာလွင် ဖုန်းဆက်ပြောနေသလို စုစုအောင်လည်း ပြောချင်လိုက်တာ။ အားလုံးကြားလို့လည်းရတဲ့ အမှန်အတိုင်း ချပြနိုင်တဲ့ စကားလုံးတွေပေါ့။ ခုတော့ စုစုအောင်မှာ ရှိနေတဲ့ နေရာမှန်ကို သူသိသွားမှာစိုးလို့ အဆင်ပြေမယ့်နေရာရှာ၊ ဆင်ခြေ ဆင်လက်တွေ ကြံဖန်ထုတ်၊ ယုတ္တိရှိအောင် ဖြီးဖြန်းပြောဆိုနေရတယ်။ ဒီအနေအထားကြီးကို စုစုအောင် ရင်ထဲ ခါးသီးစက်ဆုပ်လာတယ်။ ဒီလို စုစုအောင် ဖြီးဖြန်းပြောဆိုနေတာမျိုး စုစုအောင် မသိရလေအောင် သူ့ဘက်ကလည်း ဖုံးဖိ ဖြီးဖြန်းပြောဆို လုပ်ဖူးခဲ့မှာလားလို့ နိုင်းဆတွေးမိတဲ့အခါ ရင်ထဲ ဗလောင်ဆူပွက်ကာ ပူလောင်နမ်းလျ ချိုးကျသွားတယ်။ စုစုအောင်ကတော့ သူ့အပေါ် ကြိုက်မနှစ်သက်စွာ တားမြစ်ဖူးတာဆိုလို့ အရက်သေစာ သောက်စားတာမျိုး လောက်ပါပဲ။

အတူတကွနေတဲ့ လူသားနှစ်ယောက်၊ လူယောက်ျားနဲ့ လူမိန်းမအကြား လူရောစိတ်ပါ အတူတကွ ရှိမှု၊ မရှိမှု ဒီအတွေးတွေနဲ့ အာရုံတွေ ရှုပ်ထွေးနောက်ကျိလာတဲ့အခါ စုစုအောင်ဟာ အဲဒီအခန်းထဲမှာ ထိုင်နေပေမဲ့ အဲဒီအခန်းနဲ့ အတူတကွ ပေါင်းစည်းညီညွတ်မနေဘဲ အဲဒီအခန်းထဲကနေ ကစဉ့်ကလျား ဖရိုဖရဲနဲ့ လွင့်စဉ်ထွက်သွားတယ်။ ကျန်တဲ့ လူတွေအားလုံးကတော့ အတူတကွ စီးမျောလို့။ အဲဒီအခန်းထဲမှာ…။

အဲဒီအခန်းထဲမှာ ဆုသန္တာလွင်ရဲ့ အသံချိုချိုလေး ကြားတယ်။ စကားပြောသံ မဟုတ်တော့ဘူး။ သီချင်းသံ။ အဆိုသံ။

*I don't know who you are...where you from what you did....as long as you love me.....*

သီချင်းသံ တိုးတိတ်ပါးလျသွားတဲ့နောက် လက်ခုပ်သံတွေ ဝေဝေဆာဆာ ထွက်ပေါ်လာတယ်။ သီချင်းဆိုသံကို သေချာမကြားလိုက်ပေမဲ့ ဂုဏ်ပြုချီးမွမ်းရမယ့် ဒီလက်ခုပ်သံလောက်မှ အများနည်းတူ အတူတကွ မပြုမိရင် အဲဒီအခန်းထဲမှာ သိပ်ကို ရိုင်းပျရာ ကျသွားမယ်လို့ အလန့်တကြား တွေးမိရင်း စုစုအောင် တဖြောက်ဖြောက် လိုက်တီးလိုက်တယ်။

'မစု မစုအောင် မဆိုရသေးဘူး'

အိပ်မက်က နိုးလာသူလို အလန့်တကြား လက်ခုပ်လိုက်တီးမိတဲ့ စုစုအောင်ကို မြလေးမီက လှမ်းပြောရင်း မိုက်ခရိုဖုန်း ထိုးပေးလာတယ်။ 'ဟုတ်တယ်ဟုတ်တယ်၊ တကယ့်အဆိုတော်က ငြိမ်နေတယ်' လို့ ရွှေနဒီမေက ပြောတယ်။ ဟုတ်ပါရဲ့၊ ဂီတနဲ့ အစားအစာ အတူတကွ ရနိုင်တဲ့ အဲဒီအခန်းထဲ ရောက်လာပြီးမှ ဂီတတစ်ပုဒ်လောက် အသံမထုတ်ဘဲ တိတ်ဆိတ်နေမယ်ဆိုရင် မိတ်ဆွေတွေနဲ့ အတူတကွ ရှိနေခြင်းရဲ့ အဓိပ္ပာယ်တွေ ပျက်စီးသွားလိမ့်မယ်။ အားလုံး မြူးထူးစေဖို့ အတူတကွ ပေါင်းစည်းဖို့ သီချင်းတစ်ပုဒ်တော့ ရွေးရမယ်။ ခက်ပြီပဲ။ ဆုသန္တာလွင်လိုပဲ စုစုအောင်လည်း အင်္ဂလိပ်သီချင်းတွေပဲ အများဆုံးရတယ်။ ရှိတဲ့အထဲကနေပဲ ဖြစ်ထိုးဘာကျန်နဲ့ ဆိုရတယ်။ အသင်ချိုဆွေ ပြန်ဆိုတဲ့သီချင်း၊ ဟေမာနေဝင်း ဆိုဖူးတဲ့ ပြန်သိမ်းထားမယ် ဆိုတဲ့ သီချင်းကို မက်ဒေါနားရဲ့ Laisla bonita စာသားတွေနဲ့ အဆာသွတ်ပြီး ဆိုရတော့တယ်။ စားစရာတွေ စားသူစား၊ သောက်သူသောက်နဲ့ အဲဒီအခန်းတစ်ခုလုံး သီချင်းမြူးမြူးနဲ့ လိုက်ဖက်သွားတယ်။ ချစ်ရီထွေးက စာအုပ်ပွဲအထိမ်းအမှတ် ဧည့်ခံကျွေးမွေးသူ ဆိုတော့ စားပါ သောက်ပါ တစ်ချိန်လုံး တဖွဖွဆိုနေတယ်။ သောက်ချင်တာ သောက်ပါဆိုနေတဲ့ကြားက ဘီယာ၊ အရက်တစ်ခုခုမှာသောက်သူ မရှိတာကိုလည်း စုစုအောင် သတိထားမိတယ်။

*Last night I dreamt of San pedro Just like I'd never gone, I knew the song A young girl with eyes like the desert It all seems like yesterday, not far away.....*

သီချင်းမဆုံးခင် အဲဒီအခန်းထဲကို လူတစ်ယောက် ထပ်ဝင်လာတယ်။ မြလေးမီက ရုတ်တရက် ထအော်လို့ စုစုအောင် သီချင်းတောင် စာသားတွေ မေ့သွားတယ်။ ဒါနဲ့ ဖန်သားပြင်မှာ ပေါ်နေတဲ့ မြန်မာစာသားတချို့ ကောက်ကာငင်ကာ ဖြတ်ဆိုလိုက်ရတယ်။

*အချစ်ဆိုတာ အသွားအပြန် အယူအဆနဲ့ xxx မှန်လိုအရိပ်များ တုံ့ပြန်တာကြားဖူးပါတယ်…xxx ကဗျာဆရာများဖွဲ့သလို…*

အင်္ဂလိပ်လို ဆိုရာက မြန်မာလိုဖြစ်သွားလို့ ရွှေနဒီမေက ဟေးခနဲအော်ပြီး သူ့ပါဝင်ဆိုလာတယ်။ စုစုအောင် သီချင်းဆိုနေရင်း မြလေးမီကို ကြည့်နေတယ်။ စောစောက ဝင်လာသူ၊ ဦးထုပ်ဆောင်းထားတဲ့လူကို မြလေးမီက ဝမ်းသာအယ်လဲ ပွေ့ဖက်နှုတ်ဆက်ပြီး သူ့နားမှာ ကပ်ထိုင်စေတယ်။ မြလေးမီရဲ့ အမျိုးသား ကိုဇော်ကြီးက မြလေးမီလိုပဲ စာရေးဆရာ။ မြလေးမီနဲ့ အတူတူ မခွဲမခွာ မြင်ရတတ်တယ်။ ပြီးရင် အရိပ်တကြည့်ကြည့်နဲ့ သူ့အမျိုးသမီး လှုပ်ရှားလုပ်ဆောင်နေသမျှတွေကို မှတ်တမ်းဓာတ်ပုံတွေ ပြိုးပြိုးကြီး လိုက်ရိုက်ပေးနေတယ်။ ကိုယ်ပိုင် Book Making လုပ်ငန်း ထူထောင်ထားတယ်။ အခုလည်း အလုပ်မအားလို့ နောက်ကျမှ လိုက်လာပုံရတယ်။ မြလေးမီရဲ့ မျက်

www.burmeseclassic.com

က ကိုဇော်ကြီးရောက်လာမှ တအားကို ပြုံးပြီး ပျော်ရွှင်နေဟန်အပြည့်ပဲ။ စုစုအောင် သီချင်းဆိုတာ ဆုံးသွားတော့ လက်ခုပ်သံတွေ စောစောကထက် ပိုပြီး ကျယ်လောင်ဆူညံနေသလို ခံစားရတယ်။ ဟုတ်တယ်၊ ပိုကျယ်မှာပေါ့။ မြလေးမီကလည်း သူ့အမျိုးသား ကိုဇော်ကြီး ရောက်လာလို့ တအားပျော်နေတယ်ဆိုတော့ အပျော်အရှိန်နဲ့ လက်ခုပ်ကို တဖြောင်းဖြောင်း ဆူညံနေအောင် တီးနေသလို ကိုဇော်ကြီးရဲ့ အားမာန်အပြည့်နဲ့ လက်ခုပ်တစ်စုံကလည်း အတူတကွ ပူးပေါင်းအားဖြည့် လာတယ်ဆိုတော့ လက်ခုပ်သံတွေ ပိုကျယ်မှာပေါ့။

စုစုအောင် ဆိုပြီးတဲ့အခါ မြလေးမီက မိုက်ခရိုဖုန်းကို လှမ်းဆွဲယူတယ်။ လက်ထဲအဆင်သင့်ကိုင်ထားတဲ့ မိုက်ခရိုဖုန်း နောက်တစ်ခုကို ကိုဇော်ကြီးကို လှမ်းထိုးပေးလိုက်တယ်။ စုံတွဲသီချင်း ဆိုကြမယ်တဲ့။ အားလုံးက ဟေးခနဲ ဝေါင်းခနဲ အော်ဟစ်ကြတော့တယ်။ မြလေးမီနဲ့ ကိုဇော်ကြီးနဲ့ နှစ်ယောက်သားသီချင်းတွဲဆိုတယ်။ သူတို့ဆိုနေတဲ့ သီချင်းကို စုစုအောင် ကောင်းကောင်းမသိပေမဲ့ နားထောင်လို့ ကောင်းတယ်လို့တော့ ခံစားရတယ်။ ပြောရရင် နားထောင်လို့ ကောင်းတာထက် မျက်လုံးထဲမှာ မြင်ရတာက အဆတစ်ရာမက ပိုကောင်းနေတယ်။ မြလေးမီက တေးစာသားလေးတွေထဲကအတိုင်း ကနွဲ့ကလျ ပုံစံလေးနဲ့ ကိုဇော်ကြီး ပခုံးကို မှီတဲ့အခါမှီ၊ မျက်လုံးလေး ထောင့်ကပ်ပြီး ကြည့်လိုကြည့်နဲ့၊ စနောက်သလိုလို အမူအရာလုပ်ပြီး ဆိုတဲ့အခါ ကိုဇော်ကြီးကလည်း တပြုံးပြုံးနဲ့ အလိုက်သင့် သရုပ်ဆောင်တော့တယ်။ အဲဒီအခန်းထဲ ရှိရှိသမျှ လူတွေအားလုံး ပြုံးပျော်ရယ်မောနေကြတယ်။

အဲဒီအခန်းထဲမှာ အားလုံးနဲ့ အတူတကွ မစီးမျောဘဲ ဝမ်းနည်းနာကျင် ခံစားနေသူက စုစုအောင်တစ်ယောက်တည်း။ လိုက်ဖက်ညီလှတဲ့ မြလေးမီတို့ နှစ်ဦးကို ကြည့်ပြီး အိမ်မှာ ကျန်ရစ်တဲ့သူ့ကို ဆွတ်ဆွတ်ကျင်ကျင်ကြီး သတိရနေတယ်။ အတူတကွ စုံတွဲတေး သီဆိုနေတဲ့ မြလေးမီတို့ကိုကြည့်ပြီး အတူတကွ ဖြစ်စေတဲ့ အကြောင်းအချက်တွေ နှိုင်းယှဉ်ဆက်စပ် ရေတွက်နေမိတယ်။ ဘာတွေဘာတွေက သူတို့ကို အတူတကွ အမြဲဖြစ်စေတာပါလိမ့်။ စာရေးတဲ့အလုပ်ချင်း တူလို့လား။ သီချင်းဂီတ နှစ်သက်တာချင်း တူလို့လား။ ဒီလိုဆို စုစုအောင်နဲ့ သူ့နဲ့ကြားမှာလည်း ဒီလို တူညီတာတွေ ရှိနေတာပဲ။ စုစုအောင်ရဲ့ စာပေအလုပ်နဲ့ သူ့ရဲ့ဂီတအလုပ်ဟာ အတူတကွ ဆက်စပ်နေတဲ့ အရာတွေပဲ။ အခုနောက်ပိုင်းမှာဆို စာပေရွတ်ဖတ်တဲ့ အစဉ်အလာလေးတွေ ဖြစ်ထွန်းလာတဲ့အခါ စုစုအောင် ရွတ်ဖတ်မယ့် ကဗျာလေးတစ်ပုဒ်မှာ သူ့ကို Backing Music တီးပေးစေချင်တယ်။ ခုတော့ သူက ဒီလိုမဟုတ်ဘူး။ လူကြောက်တာပဲလား၊ ဒါမှမဟုတ် သူ့လက်က ဖန်တီးထုဆစ်မယ့် ဂီတတစ်ပုဒ်ကို ကဗျာစာပေတစ်ပုဒ်ရဲ့ နောက်ကနေ အဖြည့်ခံ သဘောမျိုး အသုံးချရမှာ မလိုလားလို့ဘဲလား။ စုစုအောင်မှာ ဂီတအရာမှာ ကျွမ်းကျင်လိမ္မာသူကြီး တစ်ယောက်လုံး ရှိနေပါလျက်နဲ့ ကဗျာစာပေ ရွတ်ဖတ်ပွဲတိုင်း တခြားဂစ်တာသမားတွေ၊ တယောသမားတွေကို ရှာဖွေအကူအညီ တောင်းရတတ်တယ်။ ဘာလို့လဲ ဘာလို့လဲ။ သီချင်းဂီတကြိုက်တာချင်းအတူတူ၊ ဂစ်တာ တီးနိုင်တာချင်းအတူတူ စုစုအောင်နဲ့ သူ ဘာလို့ ဂီတ တစ်ပုဒ်ကို အတူတကွ သီဆိုတီးခတ်ခြင်း မပြုနိုင်ခဲ့ရတာလဲ။ အတူတကွ အားပါးတရ သီဆိုနေကြတဲ့ မြလေးမီနဲ့ ကိုဇော်ကြီးကို ကြည့်ပြီး စုစုအောင် စိတ်မထိန်းနိုင်တော့ဘူး။ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာတယ်။ မြင်ကွင်းက ဝေဝါးသွားတယ်။ အခန်းရဲ့ မှိန်ပျပျ အလင်းကြောင့် မျက်ရည်တွေကို ဘယ်သူမှ မမြင်နိုင်ပါဘူးနော်။ အဲဒီအခန်းထဲမှာ ငိုနေမိတာ ဘယ်သူ့ကိုမှ မသိစေချင်ဘူး။

ဒါပေမဲ့ အဲဒီအခန်းထဲမှာ စုစုအောင် ဆက်ပြီး ထိုင်ကို ထိုင်မနေချင်တော့ဘူး။ ရင်ထဲ တစ်တစ်ဆို့ဆို့ကြီး ဖြစ်လာတယ်။

'ပြန်တော့မယ်'

အိတ်တွေကောက်ကိုင်ဆွဲ၊ မတ်တတ်ထရပ်လိုက်တော့ အတူတကွ ဆက်လက် တည်ရှိလိုတဲ့ စိတ်တွေနဲ့ အားလုံးက ဝိုင်းတားတယ်။ ရွှေနှင်းဒီမေက…

'ဟင့် သာမီး တီချင်းဆိုတာ နားမထောင်တော့ဘူးပေါ့လေ ငိငိငိ၊ ဟင့်ဟင့်' လို့ ခပ်ချွဲချွဲလေး ဖဲ့စ်ဘွတ်ခ်သံနဲ့ စစနောက်နောက် ပြောလိုက်တဲ့အခါ မျက်ရည်တွေ စိုနေတဲ့ မျက်လုံးနဲ့ ရွှေနှင်းဒီမေကို ငဲ့စောင်းကြည့်ရင်း ခုံမှာ ပြန်ထိုင်ဖြစ်တယ်။ အသံနဲ့ လူပုံစံကြောင့် ရွှေနှင်းဒီမေကို စိတ်ထဲ ရယ်ချင်ချင်လည်း ဖြစ်သွားတယ်။ မထူးပါဘူး။ နေတုန်းနေခိုက် ဒီည အစီအစဉ် ရုပ်သိမ်းပြီးချိန်ထိ မိတ်ဆွေတွေနဲ့ အတူတကွ ရှိနေပေးတာ ကောင်းပါတယ်လို့ စဉ်းစားမိတယ်။ ဒီလို မိတ်ဆွေတွေနဲ့ အတူတကွ ရှိခွင့်ရတဲ့ အခိုက်အတန့်လေးက နောက်ထပ်တစ်ကြိမ် ထပ်ရဖို့ဆိုတာ စုစုအောင်ဘဝမှာ မသေချာဘူး။ ချစ်ရီတွေ ကလည်း သန်ဘက်ခါ နိုင်ငံခြား ပြန်တော့မှာတဲ့။

သီချင်းတွေ တစ်လှည့်စီ ဆိုနေတဲ့ ရွှေနှင်းဒီမေ၊ ချစ်ရီ ထွေး၊ ကိုသျှားလှိုင်၊ ကိုငယ် လေးတို့ကို စုစုအောင် ငေး ကြည့်ရင်း စိတ်တွေ အိမ်ကို သမင်လည်ပြန် ရောက် မသွားမိစေဖို့ ကိုယ့်ဘာသာ ထိန်းချုပ်ရတယ်။ အတူနေပါ လျက်နဲ့ အတူတကွ ရှိခွင့်မရ တဲ့ လူသားတစ်ယောက် အကြောင်း နောက်ထပ် ထပ် မတွေးမိချင်တော့ဘူး။ မျက် ရှေ့က အတူတကွရှိနေတဲ့ မူ



www.burmeseclassic.com

www.burmeseclassic.com

...တွေကို တန်ဖိုးထားပြီး ...ရှုံ့အပြည့် စုံးစိုက်ထားဖို့ ...စိတ်ကိုယ် အမိန့်ပေး ...တယ်။

စကားသံလည်း သိပ် ...တ်၊ အစားလည်းမစား၊ ...ချင်းလည်း သိပ် စိတ် ...စားသလို ပုံစံနဲ့ အဲဒီ ...ရဲ့ ထောင့်စွန်းခုံမှာ ခပ် ...တ်လေး ငြိမ်ထိုင်နေခဲ့တဲ့ ...လိုင်က နောက်ဆုံးမှာ ...ချင်းဝင်ဆိုတော့လည်း ...တ်ပဲ။ စိုးသူ့သီချင်းတွေ ...ပဲ ရွေးဆိုနေတယ်။ ...သူ့သီချင်းတွေနဲ့ ရင်းနှီးခဲ့သူ ... ကိုဘျားလိုင် သီဆိုသမျှ ... စုစုအောင်က ဟာမိုနီ ...တ်အော်ပေးတယ်။ ညီမင်း ...က မိုက်ခရိုဖုန်း မလိုတဲ့သူ ...တော့ သူ့အသံကြီးနဲ့ ဒီ ...င်း အသားလွတ် ဝင်ဝင်ဆို ...တယ်။ ဒီအခိုက်အတန့် ...မှာတော့ အားလုံးနဲ့ ...တကွ ပေါင်းစည်းညီ ...တ်စွာ ရှိနေတယ်လို့ စုစု ...င်ခံစားလိုက်ရပြန်တယ်။

စားကြတယ်၊ ဆိုကြတယ်၊ စ,ကြတယ်၊ နောက်ကြတယ်၊ ပြုံးကြတယ်၊ ရယ်ကြတယ်။ နောက်ဆုံး သီချင်းတစ်ပုဒ် *'အေးမြတဲ့ဆောင်း...မှာ.....'* အစချီလိုက်တာနဲ့ အားလုံး အတူတကွ မရည်ရွယ်ပါဘဲ ထက,ကြတော့တယ်။ စုစုအောင်လည်း ကတတတ်၊ ကတတ်နဲ့ လက်တွေ ဟိုချိုးဒီချိုး၊ ခြေတွေ ရှေးထိုးနောက်ပို့နဲ့ ပျော်ပျော်ကြီး ဝင်'က'မိတော့တယ်။ ကိုဇော်ကြီးက လူအားလုံးပါအောင် အခန်းရဲ့ ဟိုဘက်ဒီဘက်ပြေးပြီး ကင်မရာနဲ့ ချိန်ရိုက်တယ်။ ဒီအချိန်မှာ စုစုအောင်စိတ်ထဲ နည်းနည်း ထင့်သွားမိတယ်။ ဖေ့စ်ဘွတ်ခ်မှာ ပုံတွေတင်တာ၊ သတင်းတစ်ခုခု Share လုပ်တဲ့နေရာမှာ လက်မြန်လွန်းလို့ မြလေးမီကို 'မြလေး လို့ မခေါ်တော့ဘူး၊ မြန်လေးလို့ပဲ ခေါ်တော့မယ်'လို့ ခဏခဏ ပြောမိသလို အခုလည်း ကိုဇော်ကြီးရိုက်ပေးတဲ့ ပုံတွေ မြန်လေးတစ်ယောက် လက်သွက်သွက်နဲ့ ဒီည ဖေ့စ်ဘွတ်ခ်မှာ တင်လိုက်ရင်၊ သူ မြင်သွားတော့မှာပဲ လို့ စဉ်းစားမိတဲ့အခါ စုစုအောင် စိတ်ထဲလေးလံသွားပြန်တယ်။ သူက ကြိုက်မှာ မဟုတ်ဘူး။ ဓာတ်ပုံအရိုက်ခံရခြင်းနဲ့ ဖေ့စ်ဘွတ်ခ်မှာ အတင်ခံရခြင်းတွေဟာ စုစုအောင်အတွက် တကယ့်ပြဿနာ။ သူတွေ့တာနဲ့ စုစုအောင်ကို မေးပြန်ဦးတော့မယ်။ မျက်ထောင့်နီကြီးနဲ့ စွေစောင်းစောင်းကြည့်ပြီး စိတ်တွေဆိုး ရှုံးရှုံးရှားရှား ဖြစ်ပြန်ဦးတော့မယ်။

နားထဲမှာ အသံတစ်သံကို မြုန်းခနဲ ကြားလာတယ်။

'ဒါ ဘယ်တုန်းကလဲ၊ ဘယ်သူတွေနဲ့ ဘယ်လျှောက်သွားတာလဲ။ အဲဒါ ဘာလုပ်နေကြတာလဲ၊ ကိုးရိုးကားရား ပုံတွေ'

ကခုန်နေရင်းကနေ စုစုအောင် လက်တွေခြေတွေ တုံ့နေး လေးကန်သွားတယ်။ နားထဲ ကြားလာတဲ့ အသံတစ်သံက ပိုပြီး ကျယ်လောင်လာသလားပဲ။ ဓာတ်ပုံရိုက်ယူတဲ့အထဲ ပါသွားမှာစိုးပြီး သိသိသာသာ ရှောင်တိမ်းလို့ အားလုံးရဲ့ နောက်ထဲမှာ ပုန်းလျှိုကွယ်လျှိုးလေး နေလိုက်တယ်။ ဘာပဲဖြစ်ဖြစ် အားလုံးပြန်ကြတဲ့ နောက်ဆုံးအချိန်ထိ အဲဒီအခန်းထဲမှာ အတူတကွ ရှိနေခဲ့ရလို့ စုစုအောင်တစ်သက် မမေ့နိုင်အောင် ဝမ်းမြောက်ကျေနပ်မိတယ်။ Rose of Memory ခန်းမထဲက ထွက်လာခဲ့ကြပြီးတဲ့အခါ တူရာတူရာ အိမ်အပြန်လမ်းတွေဆီ အတူတကွ တက္ကစီစုငှားပြီး ပြန်ခဲ့ကြတယ်။ ဘူတာရုံလမ်းကို ပြန်မယ့် ရွှေနှင်းဒီမေရယ်၊ အင်းစိန်ကိုပြန်မယ့် ညီမင်းနိုင်ရယ်၊ သမိုင်းကိုပြန်မယ့် စုစုအောင်ရယ် သုံးယောက်တစ်စီး အတူတကွ ငှားပြန်ကြတယ်။

လူတိုင်း လူတိုင်း ပျော်ရွှင်ခြင်းတွေ အတူတကွ စားသုံးကြဖို့ အဲဒီအခန်းထဲကို ဝင်လာကြမှာပဲ။ ပြီးတော့ စိတ်ကျေနပ်မှုတွေ ရရှိသွားတဲ့အခါ အဲဒီအခန်းထဲကနေ ပြန်ထွက်သွားကြရတာပါပဲ။ တကယ်တော့ ဘာမှ မထူးဆန်းဘူး။ စုစုအောင်အတွက်တော့ ထူးဆန်းတယ်။ အဲဒီအခန်းက အပြန်မှာပဲ အတူတကွဆိုတဲ့ စကားလုံးလေးတစ်လုံးရဲ့ အဓိပ္ပာယ်ကို စုစုအောင် ပိုမိုနက်ရှိုင်းစွာ နားလည်ခံစားလိုက်ရတယ်။ အဲဒီလို သိနားလည်တာနဲ့အမျှ အဲဒီအတူတကွဆိုတဲ့ အနှစ်သာရလေးကို တရှိုက်မက်မက် စားသုံးချင်စိတ်တွေ တဖွားဖွား ပေါ်ပေါက်လာနေတယ်။ အစ်မဆီကို စုစုအောင် ကမန်းကတန်း ဖုန်းလှမ်းဆက်လိုက်တယ်။

'အစ်မ ညီမ မလာဖြစ်တော့ဘူး၊ အိမ်ပဲ ပြန်လိုက်တော့မယ်'

အစ်မက သဘောပဲတဲ့။ 'လှည်းတန်းမှာ ဆင်းလိုက်တော့မယ်'လို့ ပြောတော့ ညီမင်းနိုင်က စပ်ဖြီးဖြီးမျက်နှာကြီးနဲ့ နောက်လှည့်ကြည့်ပြီး 'စိတ်ပြောင်းသွားပြီပေါ့လေ'လို့ စ,တယ်။ နာရီကို ကြည့်တော့ ညဟာ ၉ နာရီ ထိုးတော့မယ်။ သူ ဘယ်မှာလဲ။ ခုတလော သွားသွားနေကျ ကန်တော်ကြီး ယူတိုးပီးယားက Esus 5 Studio ကို များ ထွက်သွားလေသလား။ အိမ်မှာ ရှိနေမှာလား၊ ဘာလုပ်နေမှာလဲ။ ဘာဖြစ်ဖြစ် အိမ်ရောက်လို့ သူ့ကိုတွေ့တာနဲ့ ဘယ်ကိုသွားလို့ ဘာတွေလုပ်ခဲ့တယ်ဆိုတာ စုစုအောင် သူ့ကို ပြောပြလိုက်မယ်။ ပြီးတော့ အားလုံးနဲ့အတူတကွ ရှိခဲ့တဲ့အကြောင်းတွေ ပြောပြလိုက်မယ်။

အတူတူနေကတည်းက နှစ်ယောက်သားကြားမှာ တဖြည်းဖြည်း ယုတ်လျော့တိမ်းပါးကုန်ခဲ့တဲ့ ပျောက်ဆုံးနေတဲ့ အတူတကွကို ခုည ပြန်ရှာတွေ့လိမ့်မယ်လို့လည်း စုစုအောင် စိတ်ထဲ မျှော်လင့်ကိုးစားတယ်။ အနည်းဆုံးတော့ Musical Drama ရုပ်ရှင်ကားလေး တစ်ကားလောက် နှစ်ယောက်သား အတူတကွ ထိုင်ကြည့် ဖြစ်လေမလားဘဲ...။

အားလုံးနဲ့
အတူတကွ၊
နှစ်ယောက်သား
အတူတကွ...

အဲဒီလို တစ်လှည့်စီ ဖွဖွလေး ရေရွတ်ရင်း အိမ်ကို ပြန်လာခဲ့တော့တယ်။ ■

**စုမီအောင်**



www.burmeseclassic.com


www.burmeseclassic.com

# မြဝတီဆိုင်းပွဲ
## မော်ဒန်ဇာတ်ကြောင်း

'အို…
ဖယ်စမ်းပါဟယ်။
ဒီမှာ ပူအိုက်
နေပါတယ်ဆိုမှ ဟယ်၊
လာပြီး ဖက်နေသေးတယ်'
ရင်အစုံပေါ်ကို
သိုင်းဖက်ပြီး
ခါးအောက်ဘက်ကို
ခြေထောက်ခွတင်လာတဲ့
ဝင်းအောင်ရဲ့
လက်နဲ့ခြေထောက်တွေကို
ခေါင်လေးက
တွန်းဖယ်ပစ်လိုက်တယ်။
ခေါင်လေးက
ညအိပ်ရာဝင်တိုင်း
ဖုန်းတစ်လုံးနဲ့
အွန်လိုင်းက
အမျိုးမျိုးသော
ကောင်မလေးတွေ
ဝတ်ဆင်ထားတဲ့
အမျိုးမျိုးသောဝတ်စုံ
ဒီဇိုင်းတွေကို
ကြည့်နေကျပါ။ ခုလည်း
ခေါင်လေးက ဖုန်းထဲက
မော်ဒန်ခေတ်ရဲ့
မော်ဒယ်လ်လေးတွေရဲ့
ဒီဇိုင်းတွေကို
လေ့လာအတုခိုးနေတုန်း
ဘေးနားမှာ လှဲအိပ်နေတဲ့
ဝင်းအောင်က
ခေါင်လေးကြည့်တဲ့
ပုံတွေကိုကြည့်ရင်း
လာဖက်မိတာပါ။
'ကွာ…
နင်ကလည်း
ဒီလောက်လေး
ဖက်တာကိုပဲ
အသာနေစမ်းပါ။
လုပ်…လုပ် ခုနက
ဟိုမော်ဒယ်လ်
မယ်ဖော်ချင်ရဲ့
ပုံတွေပြန်လုပ်စမ်းပါ'
'ဟင်…
နင် ဘယ်လိုဖြစ်နေတာလဲ
ဝင်းအောင်'
'ဟာ…
ခေါင်လေးကလည်းကွာ
အငြိမ်နေစမ်းပါ'
❑

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဝင်းအောင်

'ဟော့ ဝင်းအောင်၊ သူတို့နှစ်ယောက်ကို အခန်းနံပါတ် ၁၅ ကို ပို့ပေးလိုက်၊ ရော့… ဒီမှာသော့'

တည်းခိုခန်း မန်နေဂျာက သော့တွဲတစ်တွဲကို လှမ်းပေးရင်း ပြောလာတဲ့စကားသံနဲ့အတူ ဝင်းအောင်ရဲ့အကြည့်တွေက သူနဲ့ရွယ်တူခန့်ဖြစ်တဲ့ ကောင်လေးနဲ့ ကောင်မလေးတို့စုံတွဲဆီ ရောက်သွားတယ်။ ကောက်ကြောင်းလှလွန်းတဲ့ ကောင်မလေးကို ကြည့်ရင်း ဝင်းအောင်ရဲ့စိတ်တွေ မရိုးမရွဖြစ်လာတယ်။ ကောင်မလေးကိုပဲ သနားသလိုလို၊ ရေပဲဆာသလိုလိုနဲ့။ ဝင်းအောင်ရဲ့စိတ်ထဲမှာ တစ်ခုခုကို ပူပန်နေသလိုပဲ။

ကောင်လေးနဲ့ ကောင်မလေးကို အခန်းထဲကို လိုက်ပို့ပြီးတော့ ရေတစ်ခွက်အပြည့်ခပ်ပြီး မော့သောက်ပစ်လိုက်တယ်။ ဒါနဲ့လည်း ဝင်းအောင်ရဲ့ရင်က အေးမသွားဘူး။ ဝင်းအောင်လည်း စိတ်ပြေလို ပြေငြားဆိုပြီး တည်းခိုခန်းရှေ့က ခုံပုလေးပေါ်ထိုင်ရင်း လမ်းမပေါ်က ကားတွေနဲ့ လူတွေကိုငေးနေလိုက်တယ်။ ဒါပေမဲ့ ဝင်းအောင်ရဲ့ မျက်လုံးထဲမှာ ပေါ်လာတာက လမ်းပေါ်က ကားတွေနဲ့ လူတွေ မဟုတ်ပြန်ဘူး။ အစောပိုင်းတုန်းက အခန်းထဲဝင်သွားတဲ့ ကောင်လေးနဲ့ ကောင်မလေးတို့စုံတွဲရဲ့ ပုံရိပ်ကသာ ဝင်းအောင်ရဲ့ အတွေးအာရုံကို နေရာယူစိုးမိုးနေပြန်တယ်။

ဝင်းအောင်လည်း လက်ချောင်းတွေကို ဆံပင်ထဲထိုးဖွပြီး ခေါင်းကိုခါယမ်းပစ်တယ်။ ဒါနဲ့လည်း အတွေးကသာ လွင့်ထွက်မသွားဘူး။ အာရုံကို ဆန့်ကျင်ဖို့ကြိုးစားရင်း ရွာမှာကျန်ခဲ့တဲ့ အမေတို့မိသားစုဆီ အတွေးကို ပို့လိုက်ပြန်တယ်။ ဒါပေမဲ့ အတွေးက အမေ့ဆီမရောက်ဘဲ ချစ်ရသူ ရွှေညာသူလေးဆီပဲ ရောက်သွားတယ်။ ခုချိန်ဆို ချစ်သူလေးရော ဘာလုပ်နေမှာလဲဆိုတာ ဝင်းအောင် သိချင်မိတယ်။ ချစ်သူကလည်း သတိရနေလိမ့်မယ်လို့ ဝင်းအောင် ထင်တယ်။ ချစ်သူနဲ့လည်း နှစ်လှ္ဝာပေါင်းမှ တစ်ရွက်ဖြစ်တဲ့ စွယ်တော်ရွက် ဘဝလေးလိုပဲ နီးစပ်ချင်နေပါပြီ။ ဝင်းအောင်ရဲ့စိတ်တွေကတော့ ဖြစ်နိုင်မယ်ဆိုရင် ခုချက်ချင်းပဲ ချစ်သူလေးရဲ့ တောင့်တင်းကျစ်လျစ်တဲ့ခန္ဓာကိုယ်လေးကို ထွေးဖက်လိုက်ရင်း မွှေးမွှေးတွေတဝကြီး ပေးချင်လွန်းလှပြီ။ မပြေလည်တဲ့ စီးပွားရေးကြောင့်သာ ခုလို နယ်ခြားဝေးနေရတာ။ ရှိသင့်ရှိထိုက်တဲ့အခြေအနေလေးတော့ရှိမှ အိမ်ထောင်ရေး အဆင်ပြေမှာဆိုပြီး အနာဂတ်ကို မျှော်ကြည့်တဲ့ အတွေးနဲ့အတူ ချစ်သူနဲ့ နှစ်နှစ်ပြည့်ရင် ပြန်ဆုံမယ်လို့ ကတိတွေ၊ သစ္စာတွေ အထပ်ထပ်ပြုပြီး ရန်ကုန်ကို အလုပ်လုပ်ဖို့ ထွက်လာတုန်းကတော့ ဝင်းအောင်မှာ ရည်မှန်းချက်နဲ့အတူ အားအင်တွေ အပြည့်နဲ့ပေါ့။



တကယ်တမ်း ရန်ကုန်ကိုရောက်တော့ ဝင်းအောင်အတွက် အလုပ်ရဖို့ထက်ပဲ ကျောတစ်နေရာစာ ရဖို့ကပိုပြီးအရေးကြီးနေခဲ့တယ်လေ။ ကံကောင်းထောက်မစွာနဲ့ ရုပ်ရှင်ဆန်ဆန်စွာပဲ ခေါင်လေးနဲ့ ကားမှတ်တိုင်မှာ လူချင်းတိုက်မိရာက ရင်းနှီးပြီး ခေါင်လေးက အဆောင်တစ်ခုကို ခေါ်သွားလို့ ဝင်းအောင်အတွက် ကျောချဖို့နေရာရခဲ့တယ်။ ဒါပေမဲ့ ထင်သလောက် မလွယ်တဲ့ မြို့ပြရဲ့ စရိုက်အတိုင်း ဝင်းအောင် အလုပ်ရှာနေတဲ့ တစ်လတာခန့်အချိန်ကို ခေါင်လေးကပဲ ကျွေးမွေးထားခဲ့ရတာလေ။

တွေ့စကတည်းက ကူညီဖေးမခဲ့တဲ့ ခေါင်လေးကိုလည်း ဝင်းအောင် စိတ်ထဲမှာ မိတ်ဆွေကောင်းတစ်ယောက်လို၊ ကျေးဇူးရှင်တစ်ယောက်လို သဘောထားပြီး အကောင်းဆုံးစိတ်ဓာတ်တွေနဲ့ တန်ပြန်ဆက်ဆံခဲ့တာပါပဲ။

နောက်တော့ ဝင်းအောင်လည်း အလုပ်ရှာရင်း ကမ်းနားလမ်းက တည်းခိုခန်းတစ်ခုမှာ အိပ်ခန်းဆောင် ထိန်းသိမ်းရေးဆိုတဲ့ အလုပ်နဲ့ပဲ သောင်တင်သွားခဲ့ရတယ်။ လစာက မဆိုးဘူးပြောနိုင်ပေမဲ့ ပထမနှစ်လ၊ သုံးလစာတော့ ခေါင်လေးကို တန်ပြန်ကျေးဇူးဆပ်ရတာနဲ့၊ အဆောင်ခနဲ့၊ စားစရိတ်နဲ့ ဝင်းအောင်လက်ထဲမှာ ငွေ မနားခဲ့ပါဘူး။ တဖြည်းဖြည်းတော့ ငွေစုနိုင်လာလိမ့်မယ်လို့ ဝင်းအောင် မျှော်လင့်ခဲ့ပေမဲ့ နောက်လတွေမှာလည်း အဆောင်လခနဲ့ စားစရိတ်နဲ့ အထွေထွေအသုံးစရိတ်နဲ့ လုံးလည်ချာလည်လိုက်ရင်း ရလာတဲ့လစာလေးတွေ အငွေ့ပြန်ပျောက်သွားတာပါပဲ။

ဒီလိုနဲ့ နာရီတွေ၊ ရာသီတွေ လည်ပတ်ရင်း ချစ်သူနဲ့ ကတိပြုထားတဲ့အချိန် နှစ်နှစ်သာပြည့်လာခဲ့တယ်၊ အိမ်ကို ငွေနှစ်သောင်းလောက် ပို့နိုင်ခဲ့တာလေးကလွဲပြီး ဝင်းအောင် ဘဝက ဘာမှထူးခြားမလာခဲ့ပါဘူး။ ဝင်းအောင်ရဲ့ ဘဝက ချစ်သူနဲ့ အတူနေနိုင်ဖို့ဆိုတာကလည်း မျှော်လေဝေးလေ၊ တွေးလေဆွေးစရာ ဖြစ်လေပါပဲ။ ဒီဘဝမှာ ချစ်သူနဲ့ လက်ထပ်၊ နီးစပ်ခွင့်ရ ပါဦးမလားနဲ့ တွေးမိပြန်



www.burmeseclassic.com

www.burmeseclassic.com

...တော့ တောင်ကုန်းပေါ်ပြေး ...ကနေရတဲ့အတိုင်းပဲ ရင်ထဲ ...က မောဟိုက်မှုက အပြည့်။ ...ဝင်းအောင်လည်း ဒီမိုက ...ဆိုတာကို တစာစာ အော် ...ကြတဲ့ခေတ်မှာ လွတ်လပ် ...စိတ်ကူးယဉ်ရင်း လက် ...ဖြစ်ခွင့် မရတဲ့ ဘဝကို ...ကူးနဲ့ ထုဆစ်နေမိတယ်။ ...တယ်လို့ အစောတုန်းက ...န်းထဲဝင်သွားတဲ့ စုံတွဲ ...မှာ သူနဲ့သူ့ချစ်သူ အဖြစ် ...ထား ပုံဖော်ကြည့်တော့ ...ဝင်းအောင်ရဲ့ရင်ကိုအပူလှိုင်း ...ခုက ရိုက်ခတ်သွားတယ်။ ...ဝင်းအောင်လည်း ရင်ထဲမှာ ...ရှုဖြစ်လာတာနဲ့ လမ်းထ ...လျှောက်ရင်း စူးစမ်းချင် စိတ် ...တောင်လေးနဲ့ ကောင်မလေး ...ရဲ့ အခန်းရှေ့မှာ ရပ်နေမိပြန် ...တယ်။

အခန်းထဲက လွင့်ပျံလာ ...ညည်းသံ့သံ့အသံက ဝင်း ...အောင်ရဲ့စိတ်ကို ဆောက် ...တည်ရာမရဖြစ်သွားစေတယ်။ ...ပဲဆာသလိုလို၊ မျက်လုံး ...ရွပဲ ဝေဝါးချင်သလိုလိုနဲ့ ...ဝင်းအောင်ရဲ့ခန္ဓာကိုယ်တစ်ခု ...လုံးလည်း ထူပူနေပြီ။ ဘာ ...ပ်ရမှန်းမသိဖြစ်နေတုန်းမှာ ...မသိစိတ်တို့ ခေါ်ဆောင် ...တာကို ခံရပြီး အိမ်သာဘက် ...ထွက်ခဲ့မိပြန်တယ်။ ...ပေမဲ့ အိမ်သာက တစ်လုံး ...မအားပြန်ဘူး။ ဒီတော့မှ ...ဝင်းအောင်ရဲ့စိတ်တွေက ကန် ...ကျိုးသွားတဲ့ ကန်ထဲကရေ ...တွေလိုပဲ ဘယ်လိုမှ ပြန်စု ...ည်းလို့မရနိုင်တော့။ အလုပ် ...နိုင်ပြီးဖို့ကလည်း နာရီဝက် ...တောင် မလိုတော့တာမို့ ...နေရာဆီမှာ ခွင့်တောင်း ...ပြီး ပြန်ခဲ့လိုက်တယ်။ အပြန် လမ်းတစ်လျှောက်မှာတော့ ဝင်းအောင်ရဲ့မျက်လုံးတွေက မလုံ့တလုံ့အဝတ်အစားတွေနဲ့ မော်ဒန်ခေတ်ရဲ့ သမီးတော်လေးတွေကို ငေးရင်း မသိမသာ အံကြိတ်ရင်းနဲ့ပေါ့။

**ချစ်သူနဲ့ နှစ်နှစ်ပြည့်ရင် ပြန်ဆုံမယ်လို့ ကတိတွေ သစ္စာတွေ အထပ်ထပ်ပြုပြီး ရန်ကုန်ကို အလုပ်လုပ်ဖို့ ထွက်လာတုန်းကတော့ ဝင်းအောင်မှာ ရည်မှန်းချက်နဲ့ အတူ အားအင်တွေ အပြည့်နဲ့ပေါ့**

❑

**ခေါင်လေး**

ခေါင်လေးရဲ့ နာမည် အပြည့်အစုံက 'နိုင်ထွင့်ခေါင်'။ ဒါက ခေါင်လေးရဲ့မိဘတွေ ကမြင့်မြတ်ပြီး အထွတ်အထိပ် ကို ရောက်စေချင်တဲ့ ဆန္ဒနဲ့ ကင်ပွန်းတပ်ပေးလိုက်တဲ့ နာမည်။

ခေါင်လေးက ရန်ကုန်နဲ့ မဝေးလှတဲ့ မြို့လေးတစ်မြို့က ဖြစ်တယ်။ အဲဒီမြို့မှာ တော့ ခေါင်လေးမိဘတွေက မြို့မျက်နှာဖုံးတွေပဲ။ ပြီးတော့ ခေါင်လေးမှာ အသက်ရှစ်နှစ် လောက်ကွာတဲ့ အစ်မတစ် ယောက်ရှိတယ်။ မိဘတွေက လည်း ချမ်းသာ၊ မွေးချင်းက လည်း နှစ်ယောက်တည်းမှာမှ အငယ်ဆုံးဖြစ်လာတဲ့ ခေါင် လေးက အစ်မနဲ့ မိဘတွေ အပါအဝင် အမျိုးတွေအားလုံး ရဲ့ အချစ်ကို စုပြုံပြီးသိမ်းပိုက် ထားသူပေါ့။

ခေါင်လေးရဲ့ မိဘတွေ ကလည်း မြို့မျက်နှာဖုံးတွေ ဆိုတော့ မြို့ထဲက ပွဲတိုင်းမှာ တက်ရစမြဲပဲ။ ပွဲတက်တိုင်း လည်း အချစ်တုံးလေးဖြစ်တဲ့ ခေါင်လေးကို ခေါ်သွားကြ စမြဲပဲ။ ပွဲသွားခါနီးတိုင်း ခေါင်လေးကို အရောင်အလှ ဆုံးဝတ်စုံတွေ ဝတ်ပေးရုံ သာမကဘဲ သနပ်ခါးအဖွေး သားနဲ့ နှုတ်ခမ်းနီရဲရဲလေး ဆိုးပေးပြီးမှ ခေါ်သွားတတ် တာကလည်း အစဉ်အလာ မပျက်တဲ့ ရိုးရာတစ်ခုပါပဲ။

ခေါင်လေး မူလတန်း ကျောင်းကိုစပြီး တက်တော့ လည်း သနပ်ခါးအဖွေးသားနဲ့ နှုတ်ခမ်းရဲရဲလေးနဲ့ပဲ။ အလယ် တန်းနဲ့ အထက်တန်းရောက် တော့ နှုတ်ခမ်းနီနဲ့ နည်းနည်း ဝေးသွားပေမဲ့ ပါးပေါ်က သနပ်ခါးကတော့ ဖွေးဖွေး လှုပ်အောင် ဖြူတုန်းပဲ။ အပေါင်းအသင်း အများစုက လည်း မိန်းကလေးတွေသာ ဖြစ်ခဲ့တယ်လေ။ တက္ကသိုလ် ရောက်တော့လည်း ခေါင်လေး က တခြားယောကျ်ားလေးတွေ လို ဆံပင်ကို ဂျယ်နဲ့ထောင် ရမယ့်အစား ကုပ်ထောက်နား ရွက်ဖုံးဆံပင်နဲ့သာ နေခဲ့ပြီး မျက်လုံးကို ဖုံးလာတဲ့ ဆံပင် တွေကို လက်ညှိုးလေးနဲ့သပ် သပ်ပြီး ဖယ်တင်ရမှ နေတတ် ကျေနပ်သူလေ။ အဝတ် အစားတွေကလည်း ရှန်းရှန်း တောက်တဲ့အရောင်တွေသာ ဝတ်ဆင်တတ်သလို ကျောင်း သွားခါနီး အလှပြင်ရင်လည်း ရှေ့နောက်လှည့်ကြည့်လိုက်၊ ဘီးနဲ့ဆံပင်လေး သ,လိုက်၊ ပါးလေးပွတ်လိုက်နဲ့ တစ်နာရီ ဆိုတာက ခေါင်လေးအတွက် အနည်းဆုံးအချိန်ပဲ။

ဒီလိုနဲ့ ခေါင်လေး ဘွဲ့ ရပြီးတော့ သင်တန်းတွေတက် ရင်း ဗဟုသုတယူချင်တယ် ဆိုတဲ့ အကြောင်းပြချက်နဲ့ ရန်ကုန်ကို ရောက်လာခဲ့တယ်။ ခေါင်လေး ရန်ကုန်ကို ရောက် တော့ အဆောင်ငှားနေပြီး တကယ်တမ်းတက်ဖြစ်တဲ့ သင်တန်းက အလှပြင်သင် တန်းတဲ့။ ခေါင်လေးအတွက် တော့ ရေငတ်လို့ ရေတွင်းထဲ ဆင်းတဲ့သဘောပါပဲ။

နဂိုကမှ ပျော့ပျောင်းနွဲ့ ယိမ်းနေတဲ့ စိတ်နေဟန်ထား နဲ့ ပတ်ဝန်းကျင်ရဲ့အနေအထား တို့ ပေါင်းစပ်လိုက်တော့ နိုင် ထွင့်ခေါင်ဆိုတာ ရာဇဝင်မှတ် တမ်းထဲမှာ ကျန်ခဲ့ပြီး ခုရှိနေ တဲ့ ခေါင်လေးဆိုတာနဲ့က ပန်းပွင့်လေးနဲ့ ပင်စည်လိုပဲ ကွာခြားသွားခဲ့ရပြီလေ။ ရွှေ အိုရောင်တောက်နေတဲ့ ဆံပင် နဲ့ နှုတ်ခမ်းဆိုးဆေးဘူး၊ ဘီး စတာတွေကို သွားလေရာ နေရာတိုင်းကို ယူဆောင်တတ် ပြီး ဘယ်ယိမ်းညာနွဲ့ လျှောက်



www.burmeseclassic.com

www.burmeseclassic.com

စပြုလာတဲ့ ခေါင်လေးက ပိုပြီးရှက်တတ်လာသလို စိတ်ကလည်း ပိုပြီးနူးညံ့လာတယ်။ အချိန်တွေကြာလာတာနဲ့အမျှ တဖြည်းဖြည်း နူးညံ့စွာပြောင်းလဲနေတဲ့ ခေါင်လေးရဲ့ဟန်ပန်ကလည်း ပုရိသပါလို့ပြောပြရင်တောင် လူလိမ်ဆိုပြီး လက်ညှိုးထိုး အပြောခံရလောက်အောင် ဖြစ်နေပြီ။ ရာနှုန်းပြည့် ရှုံးသွပ်စွာနဲ့ သင်ယူထားတဲ့ အလုပြင်ပညာကလည်း တော်တော်လေး ကျွမ်းကျင်နေပါပြီ။ တစ်ခါတလေ ဆရာ မအားတဲ့အခါတွေမှာဆို တက်သစ်စမော်ဒယ်လ်တွေရဲ့ပါးတွေကိုတောင် ခေါင်လေး ကိုင်ခွင့်ရနေပြီလေ။

ဒီနေ့လည်း မင်္ဂလာပွဲနဲ့ ကုန်ပစ္စည်း Promotion ပွဲက တိုက်ဆိုင်နေတာမို့ ဆရာက မင်္ဂလာပွဲကိုသွားပြီး၊ ခေါင်လေးကတော့ ကုန်ပစ္စည်းPromotion ပွဲကိုတာဝန်ယူ လိမ်းခြယ်ဖို့ ဖြစ်လာတယ်လေ။ ဆရာက ခေါင်လေးကို လိမ်းခြယ်ရမယ့်ပုံစံ၊ ရွေးချယ်အသုံးပြုရမယ့် အရောင်တွေကအစ ပြောပြပြီး ယုံကြည်စွာနဲ့ လက်လွှဲလိုက်တာကို ခေါင်လေးကလည်း ပညာကုန်သုံးပြီး လက်စွမ်းပြဖို့ အားခဲထားပြီးသားပါ။

တကယ်တမ်း လိမ်းခြယ်ပေးရမယ့် Promotion ပွဲကို ရောက်တော့ လူထုနဲ့မိတ်ဆက်ပေးမယ့်ပစ္စည်းက နိုင်ငံခြားက အသစ်တင်သွင်းလာတဲ့ ရေကူးဝတ်စုံတဲ့။ မိတ်ဆက်ပြသမယ့်ပုံစံက မော်ဒယ်လ်ကောင်လေးတွေက ဝတ်ဆင်ပြီးတော့ စင်ပေါ် လျှောက်ပြရုံပါပဲ။ မော်ဒယ်လ်ကောင်လေးတွေလည်း ရောက်နေပြီမို့ ခေါင်လေးလည်း လိမ်းခြယ်ဖို့ လုပ်ငန်းစ,လိုက်တယ်။ Body Lotion တွေပါ လိမ်းရမှာကြောင့် မော်ဒယ်လ်ကောင်လေးက ဘောင်းဘီတိုလေး ဝတ်ပြီး အလိမ်းခံနေတာဆိုတော့ ကောင်လေးရဲ့ ဖုထစ်ကြွရွနေတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးကို ခေါင်လေး မြင်နေရတယ်။ ပြီးတော့ အပေါ်ပိုင်းမှာ ဗလာကျင်းနေတဲ့ မော်ဒယ်လ်ကောင်လေးကို ကြည့်ပြီး ခေါင်လေးစိတ်ထဲမှာ ရှက်သလိုလိုနဲ့ ကြက်သီးတွေ တဖြန်းဖြန်းထလို့ပေါ့။

မော်ဒယ်လ်ကောင်လေးရဲ့ မျက်နှာကို ရေစိုနေသလို ကာလာပါးပါးလေး တင်ပြီးတော့ ဆံပင်ကိုလည်း ရေစိုတာကို ခါထုတ်ထားတဲ့ ပုံစံလေးနဲ့ ပုံသွင်းပြီးတော့ ကောင်လေးရဲ့ခန္ဓာကိုယ်ကို Body Lotion လိမ်းဖို့စတင်လိုက်တယ်။ ကောင်လေးရဲ့ ဖုထစ်နေတဲ့လက်မောင်းနဲ့ ရင်သားတွေကို ကိုင်နေရတဲ့ ခေါင်လေးရဲ့ ရင်ထဲမှာတော့ တလှပ်လှပ်နဲ့ တောင်စောင်းမှာ ရပ်နေရသလိုပဲ ခံစားမိတယ်။ အပေါ်ပိုင်းလိမ်းပြီးတော့ အောက်ပိုင်းကို ခြေထောက်ကစပြီး လိမ်းရပြန်တယ်။ ခြေဖျားကစပြီးလိမ်းရင်းနဲ့ ဒူးအထက်နားကိုရောက်တော့ ခေါင်လေးရဲ့စိတ်တွေ စုစည်းမရအောင်ဘဲ ဖြစ်နေပြီ။ မော်ဒယ်လ်ကောင်လေးရဲ့ ခါးရဲ့ဖွဲ့စည်းပုံအတိုင်း အဖုအထစ်က အစမြင်ရတဲ့အထိ အသားမှာ ကပ်နေတဲ့ဘောင်းဘီကိုကြည့်ရင်း ခေါင်လေးဖော့ချွေးလေးတွေ စို့ထွက်နေပြီ။ ရှက်သလိုလို၊ ဘာလိုလိုဖြစ်နေတာနဲ့ ခေါင်လေးလည်း တံတွေးသာ မကြာခဏ မျိုချနေမိတယ်။ အားလုံးလိမ်းခြယ်ပြီးသွားတော့ ကောင်လေးက အဝတ်အစားလဲဖို့ လုပ်တယ်။

'အစ်ကို…ဒီအခန်းထဲမှာပဲ အဝတ်အစား လဲလိုက်တော့မယ်နော်'

ခေါင်လေးကို ပုရိသဆိုတာ သိထားလို့ 'အစ်ကို'လို့ ခေါ်လိုက်တာကို ခေါင်လေး စိတ်ထဲ ဘဝင်မကျပေမဲ့ မော်ဒယ်လ်ကောင်လေးပြောတာကိုအယောင်ယောင် အမှားမှားနဲ့ ခေါင်းညိတ်မိတယ်။

'အို'

ခေါင်လေး ပါးစပ်က အာမေဍိတ်သံပြုရင်း မျက်နှာကို လက်ဝါးနဲ့ အုပ်လိုက်ရတဲ့ အထိကိုပဲ ကောင်လေးက ရဲတင်းစွာပဲ အဝတ်အစားတွေကို ဗလာကျင်းချွတ်ပြီး လဲလှယ်နေတယ်။ မော်ဒန်ခေတ်ရဲ့ သားတော်တွေလို့ အော်ပြောစရာ မလိုလောက်အောင်ပဲ ရဲတင်းကြတာလေ။ ခေါင်လေးလည်း ရှက်ရှက်နဲ့ပဲ လက်ချောင်းတွေကြားက မော်ဒယ်လ်ကောင်လေးရဲ့ သဘာဝအလှတွေကို ခိုးကြည့်မိပြန်တယ်။ ဒီတော့လည်း ခေါင်လေးရင်ထဲမှာ ရထားအစီးတစ်ရာလောက် ခုတ်မောင်းနေသလို ဗလောင်ဆူပြီး ရှူးတတ်ပါတယ်ဆိုတဲ့ ပဒိုင်းသီးပဲ စား ဖူးချင်သလိုလိုနဲ့။ စက္ကန့်တွေကို တိုက်စားလို့ နာရီတွေ ကုန်လွန်ပြီး Promotion ပွဲ သာပြီးသွားတယ်၊ ခေါင်လေးရင်ထဲမှာ ရထားတွေလည်း ခုတ်မောင်းဆဲပဲ။ ပဒိုင်းသီးလည်း စားဖူးချင်တုန်းပဲ။

❑

ညိုညစ်ညစ် ဓာတ်မီးတိုင်တွေရဲ့အလင်းက ပလက်ဖောင်းပေါ် ခေါင်းငိုက်စိုက်နဲ့ လျှောက်နေတဲ့ ခေါင်လေးရဲ့ စိတ်ကို ပိုပြီးညစ်နွမ်းစေသလိုပဲ။ ခေါင်လေးရဲ့ အာရုံထဲမှာလည်း မော်ဒယ်လ်ကောင်လေးရဲ့ဖုထစ်ကြွရွနေတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းအချို့ကိုသာ ပြန်မြင်ယောင်နေမိတယ်။ တစ်ခါတစ်ခါ တင်းတင်းကျပ်ကျပ်ဖက်တွယ်ပြီး မှောင်ရိပ်ခိုရင်း လမ်းလျှောက်နေတဲ့အတွဲတွေကို ကြည့်မိပြန်တော့ ခေါင်လေးရဲ့ရင်ထဲမှာက မွန်းတည့်နေရောင်အောက်မှာ ကော်ဖီပူပူကို ထဲပြီးသောက်လိုက်ရသလိုပဲ။ အပူနှစ်ထပ်ကွမ်းကို ရင်ဝယ်ပိုက်ရင်း မှုမမှန်တဲ့ခြေလှမ်းတွေနဲ့ အဆောင်ရှေ့ကို ခေါင်လေးရောက်လာတော့လည်း အဆောင်က ပုံမှန်ထက်ပိုပြီး တိတ်ဆိတ်လွန်းနေပြန်တယ်။ ခါတိုင်းဆို ဝင်းအောင်က ဟိုလျှောက်၊ ဒီလျှောက်လုပ်ရင်း သီချင်းတွေ အော်ဆိုနေတာကို တွေ့ရပြီး ခေါင်လေးပြန်လာတာကို မြင်တာနဲ့ အော်ဟစ်နှုတ်ဆက်ရင်း ဆီးကြိုနေကျပါ။ ခုတော့ တိတ်ဆိတ်မှုနဲ့အတူ အိပ်ခန်းထဲက လျှံကျလာတဲ့ မှိန်ပျပျမီးရဲ့ အလင်းရောင်က စိတ်ကို အထီးကျန်သလို ခံစားရစေပြန်တယ်။

ခေါင်လေး အိပ်ခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com

ကို လှမ်းဝင်လိုက်တော့ ခုတင်ပေါ်မှာ လှဲနေတဲ့ ဝင်းအောင်ကို တွေ့ရတယ်။ ဝင်းအောင်က ခေါင်လေးကို ကြည်ရွှန်းစွာနဲ့ ကြည့်လိုက်မိသလို ခေါင်လေး ရင်ထဲမှာလည်း ဝင်းအောင်ရဲ့အကြည့်တွေက အမည်မသိတဲ့ ခံစားမှုတစ်ခုကိုပေးစွမ်းသလို ခံစားလိုက်မိတယ်။ ဒါကြောင့် ခေါင်လေးလည်း ကပျာကယာပဲ မျက်လွှာချလိုက်မိတယ်။

'ဟာ…ခေါင်လေး၊ နင် ဒီနေ့ ပန်းရောင်ဆွဲသားဆောင်းဘီနဲ့ ပန်းရောင်အင်္ကျီနဲ့ဆိုတော့ အချစ်ကို စာလုံးပေါင်းနေတာလား'

'အို…ဝင်းအောင်ကလည်း နင်လည်း ဒီနေ့ပိုးပုဆိုးအစိမ်းရောင်တွေဘာတွေနဲ့ ဆိုတော့ ဘာလဲ သတို့သားဖြစ်သွားပြီလား'

တစ်ယောက်နဲ့တစ်ယောက် ရယ်စရာလိုလို စ, နောက်ရင်း နှုတ်ဆက်မိကြပေမဲ့ ဝင်းအောင်ရော ခေါင်လေးပါ နှစ်ယောက်လုံးက ခြောက်ကပ်ကပ် အပြုံးတွေနဲ့။ ပြီးတော့ ဝင်းအောင်နဲ့ ခေါင်လေး အကြည့်ချင်း မကြာခဏ ဆုံမိကြပြန်တယ်။ အကြည့်ဆုံတိုင်းလည်း အမည်မသိတဲ့ ဘာသာဗေဒနဲ့ နှောင်ဖွဲ့သွားမြဲ။ ဒါနဲ့ ဝင်းအောင်လည်း ခံစားချက်ကို မျိုသိပ်လိုက်သလိုနဲ့ တစ်ဖက်ကို မျက်လွှဲပြီး မှောက်နေလိုက်တယ်။ ခေါင်လေးလည်း သိပ်လှတဲ့ပန်းရောင်ဝတ်စုံလေးကို လဲဝတ်လိုက်ရင် မလှတော့သလိုဖြစ်သွားမှာ စိုးရိမ်မိတာနဲ့ ဒီအတိုင်းလေပဲ ခုတင်ပေါ်တက်ပြီး လှဲနေလိုက်တယ်။ အရင်ကတော့ ခုတင်ပေါ်မှာ စ,လိုက်၊ နောက်လိုက်၊ ရိုက်လိုက်၊ ပုတ်လိုက်နဲ့ ပျော်စရာကြီးပဲ။ ခုတော့ ခုတင်တစ်ခုတည်းမှာ နှစ်ယောက်အတူတူ အိပ်ရတာပဲ နှစ်ယောက်လုံးက ရှက်သလိုလိုနဲ့။ မကြာခဏလည်း ခိုးကြည့်တဲ့အကြည့်ချင်းက ဆုံမိကြသေးတယ်။

ညက တဖြည်းဖြည်းနဲ့ ညဥ့်နက်လာတယ်။ တိတ်ဆိတ်မှု ကြီးစိုးလာလေ နှစ်ယောက်လုံးရဲ့ရင်တွေ ဗလောင်ဆူလေနဲ့။ ညနဲ့အတူ စိတ်တွေက အစွန်းရောက်အောင် နက်ရှိုင်းလာကြတယ်။ ခေါင်လေးလည်း ဂနာမငြိမ်တဲ့ စိတ်တွေနဲ့ ဖုန်းဖွင့်ပြီး အင်တာနက်လိုင်းတွေ လျှောက်ဖွမိပြန်တယ်။ ခဏကြာတော့ ဝင်းအောင်လည်း ဖုန်းကြည့်မယ်ဆိုတဲ့အကြောင်းပြချက်နဲ့ ခေါင်လေးအနားတိုးကပ်သွားတယ်။

ညက ပိုပိုပြီး နက်ရှိုင်းမှောင်မိုက်လာတယ်။

တိတ်ဆိတ်မှုကလည်း ပိုပိုပြီး ကြီးစိုးလာတယ်။

နံရံက နာရီအိုကြီးရဲ့ လည်ပတ်နေသံက ချပ်ခနဲ ချပ်ခနဲ။

ပြီးတော့ ချိုပြချင်နေတဲ့ ထန်းလျက်နဲ့ မြည်းစမ်းချင်နေတဲ့ လျှာတို့ရဲ့ တွေ့ဆုံရာက ထွက်ပေါ်လာတဲ့ 'အ' အက္ခရာကို ကိုယ်စားပြုတဲ့ သံစုံတီးဝိုင်းနဲ့ မှုမမှန်တဲ့ ခပ်ပြင်းပြင်း အသက်ရှူသံနှစ်ခု။

နောက် အခန်းရဲ့ မှိန်ပျပျအလင်းရောင်ရဲ့အောက်က ဝင်းအောင်နဲ့ ခေါင်လေးတို့ရဲ့ ခုတင်ခြေရင်းမှာတော့ ပန်းရောင်ဝတ်စုံရဲ့အပေါ်မှာ ပိုးပုဆိုးအစိမ်းရောင်က ထပ်ပြီး ပုံကျနေလေရဲ့။

■

မြတ်သျှိုင်းသွင်




သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် "မူလပထမ"

ကွန်ပျူဗေဒသုခုမ

မှာ

အပ်နှံမှ စိတ်ချရမယ်။ ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ။

■ သင့်ရင်သွေးအတွက် ပညာထူးချွန်ထက်မြက်ပြီး ဘဝတစ်လျှောက်လုံး ကံကောင်းတိုးတက်အောင်မြင်စေမည့် နာမည်လှလှ ရွေးချယ်စရာများစွာနှင့် ဟောစာတမ်း နာမည်ပေးလမ်းညွှန်၊ ဩဇာစက္ကဇာတာများကို ကွန်ပျူတာနှင့်ရွေးချယ်ပေးပြီး အိမ်အရောက်ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။

■ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မိဘပေါင်းများစွာယုံကြည်စိတ်ချအားထားသလို သင်လည်းယုံကြည်စိတ်ချနိုင်ပါသည်။ (နယ်သို့ V.P.L စနစ်ဖြင့် စာတိုက်မှပို့ပေးသည်)

■ ၁၉၉၇ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

**ဒေါက်တာတင်မိုးလှိုင်** (နာမက္ခရ ကျမ်းပြုပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)

အမှတ်-၄၆၊ အခန်း(၆)၊ နံ့သာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၂၈၆၆၅၊၀၉-၇၃၁၇၇၇၃၁၊၀၉-၅၁၇၄၂၂၆

Website: www.baydathukhuma.com




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ကြိုးပမ်းမှုဆိုတာ ခေတ်တွေ၊
အချိန်တွေနဲ့ ဆိုင်ပါလိမ့်မယ်။
ပြဿနာဆိုတာက ခေတ်တွေ၊
အချိန်တွေရဲ့ စနစ်တွေနဲ့ ဆိုင်ပါလိမ့်မယ်။
ဒီနေ့ ဒီခေတ်ရောက်ပြီလေ…
ပြောစရာမလိုတော့ဘူးလို့
ကိုယ့်ကိုယ်ကိုတော့ ဖြေသိမ့်မိသားကလား…
ဒါပေမဲ့ မပြောရင် တာဝန်မကျေဘူးလို့
ခံယူတယ်။ ခေတ်တွေ၊ စနစ်တွေကလည်း
သမိုင်းတစ်လျှောက် အရှည်အလျားဆိုတော့

# ညွန့်ငြိမ်း (မြို့မ)

## ကြိုးပမ်းမှုနှင့် ပြဿနာအဆင့်ဆင့်

ဗဟုသုတ မျှဝေရစေလိုတဲ့ သဘောပါ…။ နေရာတိုင်းမှာ ပြဿနာဆိုတာတော့ ရှိစမြဲပါ။ လူသားတိုင်း ခန္ဓာဝန်ရှိကြလို့ ဇာတိအစ မရဏအဆုံး ဘဝရေးမှာ ပြဿနာတွေနဲ့ ရုန်းကန်ကျော်လွှား ကြိုးပမ်းဆောင်ရွက်ရင်းနဲ့ ခန္ဓာဝန်ကိစ္စ ပြီးကြရတာပါ။ ဗုဒ္ဓဘုရားရှင် ကိုယ်၌ကပင် အောင်ခြင်းရှစ်ပါး အပါအဝင် ပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရပြီး တရားစစ်၊ ဓမ္မစစ်လမ်းမှန်ကို ကြိုးကုတ်ကျင့်ကြံ၊ ဖော်ထုတ်ပြီး အဖြေမှန် သစ္စာလေးပါး အခြေခံ ဓမ္မစကြာတရားကို ဗုဒ္ဓအမွေ၊ ဓမ္မအမွေအဖြစ် ထားရစ်ခဲ့ရှာတယ်။ ဓမ္မစကြာကို တူးဆွလေတိုင်း ကျွန်တော်တို့ လူသားအားလုံး သစ္စာလေးပါးကို ချဉ်းကပ်သိမြင်၊ မဂ္ဂင်ရှစ်ပါးကို ထူထောင်ရင်းနဲ့ လူ့ဘဝမှာ အနေ လှလှ အသေလှလှဖြစ်ကြဖို့ ပြင်ဆင်နိုင်ကြပါတယ်။ ပြဿနာသဘောက ကြီးကြီးသေးသေး ဒီသဘောပဲလို့ ထင်ပါတယ်။ နိုင်ငံရေးပြဿနာ၊ လူမှုရေးပြဿနာ၊

graphic design by artist aung kyaw



www.burmeseclassic.com

www.burmeseclassic.com

ယဉ်ကျေးမှုရေးရာပြဿနာ၊ အနုပညာရေးရာပြဿနာ၊ စာပေပြဿနာ၊ ဂီတပြဿနာ...စသည် စသည်ပေါ့။ ကျွန်တော်တို့က အနုပညာနယ်က ဆိုတော့ အနုပညာရေးရာ ပြဿနာပေါ့။ တစ်ချိန်က ဆရာကြီး ဦးဖေမောင်တင်က စာပေရေးရာနဲ့ပတ်သက်ပြီး ပုဂံရာဇဝင်နဲ့ပတ်သက်ပြီး ဓားတပြက်၊ တုတ်တပြက် အငြင်းပွား အချင်းများနေမယ့်အစား တူးရှင်းထမ်းလို့ တူးဆွဖော်ထုတ်ကြစမ်းပါလို့ လက်တွေ့လမ်းစဉ်ကို ဖော်ထုတ်ညွှန်ပြခဲ့ဖူးသည်။ ဒီနေ့ခေတ် Archaeological Department ရှေးဟောင်းသုတေသနနဲ့ ခေတ်မီလက်တွေ့ တူးဆွဖော်ထုတ်နေတဲ့ လမ်းစဉ်ရဲ့ နိမိတ်ပြ လမ်းစဉ်ကောင်းတစ်ခုပါပဲ။

ကျွန်တော်ပြုစုတဲ့ ဂီတကျမ်းများရဲ့ ပထမခြေလှမ်းဟာ မန္တလေးမြို့မတူရိယာ အသင်းကြီးရဲ့ စိန်ရတုသဘင် အထိမ်းအမှတ်နဲ့ ထုတ်ဝေတဲ့ **ကမ္ဘာ့ဂီတသင်္ကေတ နည်းပညာနှင့် မြန်မာ့မဟာဂီတ မြန်မာသီချင်း** စာအုပ်ဖြစ်ပါတယ်။ ဒီစာအုပ်မှာ ယဉ်ကျေးမှုရေးရာတာဝန်ရှိသူအားလုံးနဲ့ ကျွန်တော်အပါအဝင် မြန်မာနိုင်ငံက ဂီတသမားများအားလုံး အနှစ်ချုပ်ဆိုလိုရင်း သိစေလိုလို့ **ကမ္ဘာသုံး ဂီတသင်္ကေတသမိုင်းအကျဉ်းချုပ်**ဆိုပြီး ကျမ်းဦးပိုင်းမှာပဲ တင်ပြခဲ့ပါတယ်။ ဒီခေါင်းစီးရဲ့ အနှစ်ချုပ် သဘောတရားက ၁၃ ရာစုခန့်မှသည် ဒီနေ့ခေတ် ၂၁ ရာစုအထိ သူတို့ရဲ့ ရာစုနဲ့ချီတဲ့ ကမ္ဘာ့ဂီတပညာရှင်ကြီးများရဲ့ ဂန္တဝင် မဟာ့မဟာဂီတတွေဟာ ကမ္ဘာသုံးဂီတသင်္ကေတဆိုတဲ့ ထိန်းသိမ်းမှု နည်းလမ်းကောင်းမှန်ရှိခဲ့၊ အသုံးပြုခဲ့ကြလို့ ယနေ့တိုင် မပျောက်မပျက် ထိန်းသိမ်းကျန်ရှိပြီး ကမ္ဘာ့ဂီတလောက၊ ကမ္ဘာ့ဂီတသမားတိုင်းအတွက် လက်တွေ့ အကျိုးထင်ခဲ့ကြရပါတယ်။ မြန်မာဂီတလောက၊ မြန်မာ့ဂီတသမားတွေအတွက် ထိုနည်းတူ အကျိုးထင်ကြစေလိုခြင်းပါ။

> သမိုင်းဆိုတာ
> သိရှိနားလည်သူတွေ
> ပြောပြမှ
> အကျိုးအကြောင်း
> အခိုးအကောင်းတွေ
> ဝေဖန်ဆန်းစစ်
> နားလည်
> ပြုပြင်နိုင်ကြမယ်
> ခင်ဗျား
> တာဝန်ကျေပါတယ်

နောက်တစ်ချက် အဲဒီစာအုပ်ရဲ့ အဓိက ပင်မအချက်ပါပဲ။ သမိုင်းကို တူးဆွကြည့်လိုက်တော့ ကျွန်တော်တို့နိုင်ငံမှာ ၁၃၁၅ ခု၊ ကဆုန်လဆန်း ၁၁ ရက်(၁၉၅၃ ခု၊ ဧပြီလ ၂၃ ရက်)နေ့စွဲပါ ပြန်တမ်းအမှတ် (၉)နဲ့၊ ၁၃၁၅ ခု၊ နယုန်လပြည့်ကျော် ၁၄ ရက်(၁၉၅၃ ခု၊ ဇွန်လ ၁၀ ရက်)နေ့စွဲပါ ပြန်တမ်းအမှတ် (၁၂)အားဖြင့် အဲဒီခေတ် နိုင်ငံတော်သမ္မတကြီးက ဦးစီးဖွဲ့စည်းပေးခဲ့တဲ့ '**မဟာဂီတကျမ်းများကို သီဆိုတီးမှုတ်ခြင်း၌ မူမှ စံပြထားရှိရေး၊ အမှတ်သင်္ကေတပြုလုပ်ရေး၊ အသံသွင်းထားရေးနှင့် ရုပ်ပေါ်သံထွက် ပြုလုပ်ရေး**'ဆိုတဲ့ လုပ်ငန်းစဉ်တွေ အဆင့်ဆင့် လုပ်ကိုင်ရန်ဖွဲ့စည်းပေးခဲ့တဲ့ အကြံပေးအဖွဲ့ကြီးပါပဲ။

ဒီအဖွဲ့ကြီးမှာ-

၁။ ဥက္ကဋ္ဌ- ဦးထွန်းဖေ (ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီး)
၂။ အတွင်းရေးမှူး- ဦးဖိုးလတ် (ပြည်ထောင်စု ယဉ်ကျေးမှုဌာန အတွင်းဝန်)
၃။ ဝန်ကြီး ဗိုလ်ခင်မောင်ကလေး (ပြည်ထဲရေးဝန်ကြီးဌာန)
၄။ ဝန်ကြီး ဦးကျော်မြင့် (ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေးဌာန ဝန်ကြီး)
၅။ ဝန်ကြီး ဦးသန်းအောင် (ပညာရေးဝန်ကြီးဌာန)
၆။ ဗိုလ်ဘတင် (ပါလီမန် အတွင်းဝန် ပြည်သူ့လုပ်ငန်းနှင့် ပြန်လည် ထူထောင်ရေး ဝန်ကြီးဌာန)
၇။ ဦးအောင်လှ (သချ်ာပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်)
၈။ ဦးအေးသောင် (မြန်မာစာ ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်)
၉။ ဦးဘညွန့် (ရာဇဝင်ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်)
၁၀။ ဦးသိန်းဟန်(ဝိဇ္ဇကတ် တိုက်မှူး၊ ရန်ကုန်တက္ကသိုလ်)
၁၁။ ဦးဝန် (ဘာသာပြန်ဌာနမှူး၊ ရန်ကုန်တက္ကသိုလ်)
၁၂။ ဦးအောင်အောင်ကျော် (ပင်စင်စား၊ သစ်တောဝန်)
၁၃။ ဦးသိုက် (လက်ထောက် စာရင်းစစ်အရာရှိ)
၁၄။ ဒေါက်တာ ဘသန်း
၁၅။ ဦးခင်မောင်ဒွေး (အဓိန့်တော်ရ)
၁၆။ ရွှေပြည် ဦးဘတင် (မြန်မာစာ ကထိက၊ မန္တလေးဆရာ အတတ်သင်သိပ္ပံကျောင်း)
၁၇။ ဦးမြဦး (ယဉ်ကျေးမှုအထက်တန်း အရာရှိ ပန်တျာသုတေသန)
၁၈။ ဦးဘသန်း (ယဉ်ကျေးမှု အထက်တန်းအရာရှိ၊ ပန်တျာ)
၁၉။ အလင်္ကာကျော်စွာ ဦးဟန်ပ (နိုင်ငံတော်ဆိုင်းအဖွဲ့)
၂၀။ အလင်္ကာကျော်စွာ ဒေါ်စောမြ ကြည် (အဆိုတော်)
၂၁။ အလင်္ကာကျော်စွာ ဆရာဘကလေး



www.burmeseclassic.com

www.burmeseclassic.com

(ပတ္တလားဆရာ)
၂၂။ စောင်းဆရာကြီး
ဦးမောင်မောင်လတ်
၂၃။ စောင်း ဆရာငြိမ်း
၂၄။ ဦးချစ်မောင် (ပတ္တလားဆရာ)
၂၅။ ဦးတင် (တယောဆရာ)
၂၆။ မြို့မဆရာငြိမ်း
(သီချင်းရေးဆရာ)
၂၇။ ဒေါ်ဒေလီညွန့်
(အဆိုနည်းပြဆရာမ၊
နိုင်ငံတော်ပန်းတျာကျောင်း)
၂၈။ ဒေါ်အောင်ကြည် (အဆိုတော်)
တို့ ပါဝင်ကြပါသည်။

ဒီအဖွဲ့ကြီးမှာ ကျွန်တော့်အဘ (အဖေ) မြို့မငြိမ်းဟာ တစ်ဦးတည်းသော သင်္ကေတပညာရှင်ဖြစ်လို့ ဂီတပညာရှင် အဆိုတော်၊ အတီးတော်ကြီးများရဲ့ညှိနှိုင်းမဟာဂီတစံမူများကို အသံသွင်းထားပြီး တိပ်ခွေများမှ အဖြူပေါ်အမည်းတင် ကမ္ဘာသုံးသင်္ကေတနှင့် ပြုစုမှတ်တမ်းတင်ပေးရန်ဖြစ်ပါသည်။ သို့သော် ၁၉၅၅ ခုနှစ် မြို့မငြိမ်း ကွယ်လွန်သည့်အချိန်မှစ၍ သူ၏တာဝန် သူ၏လုပ်ငန်းများသည်လည်းပြတ်စဲခဲ့ရပါတယ်။

နိုင်ငံတော် ပန်းတျာအကြံပေးအဖွဲ့ကြီးရဲ့ အစည်းအဝေးများမှ ရလဒ်ဖြစ်သော ပြင်ဆင်ချက်များ၊ ဖြည့်စွက်ချက်များနှင့်အတူ ၁၉၅၄ ခု၊ ၁၉၅၆ ခု၊ ၁၉၆၁ ခုနှစ်များတွင် သုံးကြိမ်တိုင် မူမှန်စံပြဖြစ်ရေးသို့ ဦးတည်ကာ ၁၃၃၀ ခု တပေါင်းလ(၁၉၆၃ ခု၊ ဖွန်လ)တွင် ပြည်ထောင်စုယဉ်ကျေးမှုဌာနမှ **နိုင်ငံတော်မူ မဟာဂီတ ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ** (၃)တွဲကို တပေါင်းတည်း ရိုက်နှိပ်ထုတ်ဝေနိုင်ခဲ့ပါတယ်။

ဒါက မဟာဂီတသီချင်းများကို စာသား၊ တေးသွားများ ညှိနှိုင်းပြီးစီးကြခြင်းပါ။ တီးကွက်တီးလက်များရဲ့ အခြေခံကျဆုံးစံမူများကို အဖြူပေါ်အမည်းတင် ကမ္ဘာသုံးသင်္ကေတနဲ့ အသံဆွက်မှတ်တမ်းပြုနိုင်ခဲ့ခြင်း မရှိပါဘူး။ စာရေးသူအနေနဲ့ မည်သူမျှ တာဝန်မပေးသော်ငြားလည်း၊ မည်သူမျှ မခိုင်းသော်ငြားလည်း ဂီတလိုက်စားမှု ရင့်သထက်ရင့်လာတာနဲ့အမျှ သင်္ကေတရေးသားလိုက်စားခြင်း ဝါသနာအရ အဘမြို့မငြိမ်းရဲ့ မပြီးပြတ်သေးသော တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်လိုတဲ့ ဆန္ဒ၊ စိတ္တ၊ ဝီရိယ အဓိပတိတရားများထားပြီး နေ့နေ့ညည ရှူးရှူးမူးမူး ဆောင်ရွက်လုပ်ကိုင် ကြိုးပမ်းခဲ့ပါတယ်။

ကျွန်တော် ဆောင်ရွက်လုပ်ကိုင်ခဲ့တယ် ဆိုရာမှာလည်း ကျွန်တော့်စွမ်းရည်၊ စွမ်းအားသက်သက်မဟုတ်ပါဘူး။ မျိုးဆက်ဂီတ အမွေခံအနေနဲ့ ကျွန်တော့်ရဲ့ သင်္ကေတရေးသားလိုက်စားခြင်းကို ကျွန်တော့်ဆရာ ဆရာဘို(မန္တလေးပန်းတျာ သင်္ကေတနည်းပြ)ထံမှ လည်းကောင်း၊ ကျွန်တော့်ဆရာ ဆရာဘိုက သူ့ဆရာ ဆရာ ဦးကျော်ဒင်(မန္တလေးပန်းတျာ သင်္ကေတဆရာကြီး)ထံမှလည်းကောင်း၊ ဆရာ့ဆရာ ဦးကျော်ဒင်သည် သင်္ကေတပညာကို မြို့မငြိမ်းထံမှလည်းကောင်း လက်ဆင့်ကမ်း အမွေဆက်ခံခဲ့ခြင်း ဖြစ်ပါတယ်။

ဒီတော့ ၁၉၅၃ ခု၊ နိုင်ငံတော်ပန်းတျာအကြံပေးအဖွဲ့ဝင် မြို့မငြိမ်းရဲ့ စိစစ်ပြီး မဟာဂီတသီချင်းများ၊ စံပြမူများကို ကမ္ဘာသုံးဂီတနဲ့ အမှတ်သင်္ကေတပြုစုရေးသားခြင်း လုပ်ငန်းဟာလည်း ၁၉၅၅ ခု၊ မြို့မငြိမ်းကွယ်လွန်လို့ တကယ့်တကယ် ပြီးပြတ်သွားတာတော့ မဟုတ်ဘူးပေါ့။ မြို့မငြိမ်းမှသည် ဆရာ ဦးကျော်ဒင်၊ ဆရာဘိုနဲ့ ကျွန်တော် အထိပါ သင်္ကေတပြုစုခြင်းလုပ်ငန်း ရေသောက်မြစ်အမှန် ကျန်ရှိနေလို့ ဆက်လက်ရှင်သန်ခဲ့ရခြင်း ဖြစ်ပါတယ်။

သို့သော် ကျွန်တော့်ဆရာ ဆရာဘိုနဲ့ ဆရာ့ ဆရာ ဦးကျော်ဒင်တို့ မန္တလေးပန်းတျာနှင့် အနုပညာကျောင်း(State School Of Music Drama and Fine Arts)မှာ ပင်စင်ယူသည်အထိ သေတစ်ပန် သက်ဆုံး မြန်မာ့မဟာဂီတသီချင်းများ အဖြူပေါ်အမည်းတင် လက်ရေးမူများမှ စက်တင်ပုံနှိပ်၊ နိုင်ငံတစ်ဝန်း၊ ကမ္ဘာတစ်ဝန်း ဖြန့်ချိနိုင်မည့် အရေးဟာ စိတ်ကူးယဉ်အိပ်မက်နှယ် အကြိမ်ကြိမ် ပျက်ပြယ်ခဲ့ရတယ်။ သူတို့ရဲ့ စိတ်ကူးယဉ်အိပ်မက်များရဲ့ အရင်းအနှီးကတော့ မသေးပါဘူး။ သင်္ကေတ ပြုစုကြရင်း မျက်စိတွေမှုန်၊ ခါးတွေကိုင်း၊ နားတွေထိုင်းနဲ့ နေ့နေ့ညည ဒီအာရုံတွေနဲ့ပဲနေခဲ့ကြတော့ဖြစ်တော့မပေါ့။ ဆရာ ဦးကျော်ဒင်ဆိုရင် ဒီအာရုံနဲ့ပဲ ကွယ်လွန်ခဲ့ရရှာတယ်။

ခေတ်အဆက်ဆက်ရဲ့ တာဝန်ရှိခိုင်းစေသူ ဝန်ကြီးများကလည်း လူကြီးခိုင်းလျှင် အောက်ကိုညွှန်း၊ အောက်ယဉ်ကျေးမှုအရာရှိများကလည်း လူကြီးအလိုကျလုပ်ပေးနိုင်မယ့် ဆရာဦးကျော်ဒင်၊ ဆရာဘိုတို့ကို တွန်းရင်း လုပ်ငန်းယန္တရား လည်ပတ်စေတော့တာပါပဲ။ လူကြီးဆန္ဒအေးသွားလျှင် ဝန်ကြီးများရဲ့ ညွှန်ကြားမှုကလည်း နေးကွေးသွားတယ်။ လက်အောက်ယဉ်ကျေးမှုအရာရှိများကလည်း လုပ်ငန်းကို တဖြည်းဖြည်း ခွေခွေလာပြီး ခွေရာက မေ့တော့တာပါပဲ။ ဒီတော့ လုပ်ငန်းလည်ပတ်မှု ယန္တရားကြီးရပ်ပြီး သံချေးတက်တော့တာပါ။ သံကိုသံဖျက် သံချေးတက်တော့ ယဉ်ကျေးမှုရေးရာကိစ္စကို ယဉ်ကျေးမှုဌာနရဲ့တာဝန်ရှိသူတွေ ဖျက်တော့ ဆုံးရှုံးမှုရလဒ် အင်မတန်ကြီးတယ်ဆိုတာမသိကြဘူး။ မမြင်နိုင်တဲ့ နိုင်ငံတော်ရဲ့ ယဉ်ကျေးမှု ထိန်းသိမ်းရေးလုပ်ငန်း တကယ်(ကမ္ဘာနဲ့ယှဉ်ရင်)ဆုံးရှုံးရတယ်။ National Loss အမျိုးသားရေးဆုံးရှုံးမှု ဆိုတာအထိ မမြင်ခဲ့ကြဘူးလို့ မျက်စိ၊ နား၊ ပါးစပ်တွေ လွတ်လပ်ခွင့် ပွင့်လင်းလာပြီဆိုတဲ့ ဒီခေတ်မှာ နိုင်ငံအကျိုးအတွက် မျှော်ကိုးရင်း ရဲရဲကြီး စေတနာတွေ ဖော်ထုတ်ပါရစေ။

စိန်ရတု(၁၉၂၅-၂၀၀၀)ခုနှစ် အထိမ်းအမှတ် ရည်ရွယ်ထုတ်တဲ့ ကျွန်တော့်ဂီတကျမ်းရဲ့ အဓိကပင်မအချက်ကို တင်ပြအပြီး၊ ထုတ်ဝေမှု ကြိုးပမ်းစဉ် စာရေးသူရဲ့ အတွေ့အကြုံများဟာလည်း ဘယ်နိုင်ငံမှလည်း မရှိဖူးတဲ့ အတွေ့အကြုံတွေမို့ ပြန်ပြောပြချင်ပါ

www.burmeseclassic.com

တယ်။ ရှေ့အဖို့ ကျွန်တော်တို့ ရည်မှန်းချက်အတိုင်း နိုင်ငံတော် ထူထောင်ရာမှာ အယူအဆကောင်း၊ အမြင်ကောင်း၊ အသွင်ကောင်းတွေနဲ့ မတိမ်းမရှော် လျှောက်လှမ်းနိုင်ကြစေဖို့ ရည်ရွယ်ပါတယ်။ ကျွန်တော့် တက္ကသိုလ်ပညာရေးဘဝမှာ ကျွန်တော်လိုက်စားမယ့် ဂီတအတွက် အခြေခံ လိုအပ်ချက်ဖြစ်တဲ့ မြန်မာစာပေကို ထဲထဲဝင်ဝင် လေ့လာနိုင်ဖို့ ၁၉၆၀- ၁၉၆၂ ခုနှစ်၊ ဥပစာတန်းတွေမှာ အင်္ဂလိပ်စာ၊ ပင်ရင်း မြန်မာစာ၊ စိတ်ကြိုက်မြန်မာစာ၊ ပါဠိနဲ့ အရှေ့တိုင်းသမိုင်း (Eastern History)ကို ယူခဲ့ပါတယ်။ ၁၉၆၃ ခု- ၁၉၆၄ ခုနှစ် ဝိဇ္ဇာတန်းတွေမှာ သမိုင်းကို အခြေပြုနိုင်ဖို့ English, Western History, Philosophy, Political Science တို့ကိုအားဖြည့်တွဲဖက်ယူခဲ့ပါတယ်။ ကျွန်တော့်အယူအဆဟာ နောင်သမိုင်း ပါမောက္ခကြီး ဒေါက်တာသန်းထွန်းရဲ့ အဆိုအမိန့်က အားဖြည့်လာစေသလိုပါပဲ။ ဆရာကြီးက 'သမိုင်းသင်တာ မအအောင်…လို့' တဲ့။

ဂီတသမားဆိုတဲ့ ကျွန်တော်တို့အမျိုးအစားတွေဟာလည်း ဂီတနဲ့ မိမိကိုယ်ပိုင်ခံစားချက်အရေး၊ နိုင်ငံ့အရေးတွေကိုလည်း လုပ်ကြရတော့ နိုင်ငံရေးသမားတွေပါပဲ။ ခေတ်စနစ်တွေနဲ့ မအ, အောင် ရှီးသားမှုအခြေခံ ဇ,မပျက်ဘဲ နေတတ်ကြရမယ်ပေါ့။ ဘယ်လိုပင် မအ-အောင်နေသော်လည်း ခေတ်စနစ်ရဲ့ဟန်မကျမှုအောက်မှာ န-ခဲ့ရတဲ့ဘဝတွေအဖုံဖုံ၊ အတွေ့အကြုံတွေစုံခဲ့ရတယ်။

(၁၉၂၅-၂၀၀၀)ခု စိန်ရတုအထိမ်းအမှတ် ပထမခြေလှမ်းအဖြစ် ထုတ်ဝေခဲ့တဲ့ ကျွန်တော့်ဂီတကျမ်း **ကမ္ဘာ့သုံးဂီတသင်္ကေတနည်းပညာနှင့် မြန်မာ့မဟာဂီတ၊ မြန်မာသီချင်း**မှာ အဖွင့်အမှာကိုရေးပေးဖို့ ဆရာမင်းသုဝဏ်ကို အလွန့်အလွန် ဆန္ဒရှိခဲ့ပါတယ်။ ဆရာဟာ အဲဒီအချိန်မှာ အသက် ၉၀ ကျော်အရွယ်ရှိနေပါပြီ။ ၁၉၅၃ ခု၊ နိုင်ငံတော် ပန်တျာအကြံပေးအဖွဲ့ကြီးရဲ့ ၂၈ ဦးသော အဖွဲ့ကနံပါတ် ၁၁၊ ဦးဝန် (ဘာသာပြန်ဌာနမှူး၊

လုပ်သင့်လုပ်ထိုက်တဲ့
ကိစ္စတစ်ရပ်ကို
လုပ်ကြမယ်လို့
နိုင်ငံတော်အစိုးရက
ဦးဆောင်ပြီး
စတင် စိုင်းပြင်းခဲ့တာပါ
ခုဆိုရင်
ရာစုနှစ်တစ်ဝက်
နှစ် ၅၀ နီးပါးရှိပါပြီ
နို့ပေမဲ့
ပြီးမြောက်ပြီးရယ်လို့
ထုပ်ထုပ်ထည်ထည်
လက်ဆုပ်လက်ကိုင်
ပြစရာက
ဟုတ်ဟုတ်ငြားငြား
ခုထိ
ရှိမှ မရှိသေးဘဲ…

ရန်ကုန်တက္ကသိုလ်) ဆိုပြီး ပါဝင်ခဲ့တဲ့ တစ်ဦးတည်းသော အသက်ရှင်ကျန်ဆဲဖြစ်တဲ့ ပုဂ္ဂိုလ်ကြီးပါ။ ကျွန်တော့်ဆန္ဒက မဖြစ်မနေပါရမယ်ပေါ့။ ဦးဝန်(ဆရာမင်းသုဝဏ်)အိမ်ကို အဲဒီဂီတကျမ်းမထုတ်မီသွားရောက်ပြီး စာအုပ်မူကြမ်းတစ်အုပ်ကြိုတင်ဂါရဝပြုဖတ်စေခဲ့ပါတယ်။ အိမ်မသိလို့ ရန်ကုန်နေ မြို့မနာယကကြီး ရွှေပုပ္ပားဦးအုန်းခိုင်ကိုယ်တိုင် လိုက်ပို့ပါတယ်။ ကျွန်တော့်ဆန္ဒ မပြည့်ခဲ့ပါဘူး။ ဆရာကြီး အဲဒီအချိန်မှာ ဆင်ဆာထိနေတယ်။ ဆရာလည်း စိတ်မကောင်းဖြစ်ရှာတယ်။ ဒါပေမဲ့ ရလိုက်တဲ့ ဩဝါဒစကားက တန်ဖိုးကြီးလှပါတယ်။

*'သမိုင်းဆိုတာ သိရှိနားလည်သူတွေပြောပြမှ အကျိုးအကြောင်း၊ အဆိုးအကောင်းတွေ ဝေဖန်ဆန်းစစ် နားလည်ပြုပြင်နိုင်ကြမယ်၊ ခင်ဗျား တာဝန်ကျေပါတယ်'* တဲ့။

ဆရာ့ဆီက အမှာစာ မရတော့မှ အမေ လူထုဒေါ်အမာကို ချဉ်းကပ်ပူဆာရပါတယ်။ အမေကလည်း ယဉ်ကျေးမှုရေးရာ၊ နိုင်ငံရေးရာအမြင်က ပီလိုက်သမှ ကျွန်တော် လိုချင်တဲ့စာမျိုးဟာ ဒက်ထိပါပဲ။

*'ကျွန်မ စာလေးကို ခပ်မြန်မြန်ပဲ ရေးလိုက်ပါတယ်။ ဘာဖြစ်လို့လဲ ဆို တော့ ကျွန်မတို့ မြန်မာ့မဟာဂီတမှာရှိတဲ့ သီချင်းကြီး၊ သီချင်းခံတွေကို မူမပျက် မပျောက်ပျက်ရအောင် ထိန်းသိမ်းရေး နောင်းလူများအတွက် အခိုင်အခံ့ကျ စေရေး…ဆိုတဲ့ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စတစ်ရပ်ကို လုပ်ကြမယ်လို့ နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး စတင် စိုင်းပြင်းခဲ့တာပါ။ ခုဆိုရင် ရာစုနှစ်တစ်ဝက် နှစ် ၅၀ နီးပါးရှိပါပြီ။ နို့ပေမဲ့ ပြီးမြောက် ပြီးရယ်လို့ ထုပ်ထုပ်ထည်ထည် လက် ဆုပ်လက်ကိုင်ပြစရာက ဟုတ်ဟုတ်ငြား ငြား ခုထိ ရှိမှ မရှိသေးဘဲ…'* တဲ့။

အမေ လူထုဒေါ်အမာရဲ့ ဆန္ဒ သူမ ကျွန်တော့်အတွက် အမှာစာရေး ပေးနေတဲ့ အချိန်ကလေးကိုပဲ ကျွန်တော် စာအုပ်ထုတ်ဝေရေး နှောင့်နှေးမှာစိုးလို့ 'မြန်မြန်ပဲ ရေးပေးလိုက်တယ်' လို့ နိဒါန်းပြုပေးရှာတယ်။

အဲဒီ ၁၉၂၅-၂၀၀၀ ခုနှစ် စိန်ရတု အထိမ်းအမှတ် ဂီတကျမ်းမူကြမ်းကို ယဉ်ကျေးမှုရေးရာ အမြင်ကျယ်လှတဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ကိုလည်း ဂါရဝထားပြီး ကြို တင်ပေးဖတ်စေခဲ့ပါတယ်။ ဒီအကြောင်း ရဲ့ကွင်းဆက်ကို နောက်ဆုံး နားမှာ ကျွန်တော် ဆက်လက်တင်ပြပါရစေ။

ကျွန်တော် ၁၉၂၅-၂၀၀၀ ခုနှစ် စိန်ရတု ဂီတကျမ်းထုတ်ဝေကြိုးပမ်းမှု ဆက်လက်တင်ပြပါမယ်။ ဌာနဆိုင်ရာ လမ်းကြောင်း Proper Channel မှန်စေ ယဉ်ကျေးမှုဌာန ညွှန်ချုပ်နှင့် တာဝန် သူများထံသို့လည်း အလေးထားတင်ပြ ပါတယ်။ မဟာဂီတကိစ္စမို့ မဟာဂီတ စိစစ်ရေးအဖွဲ့ကို ကျွန်တော့်ရဲ့ ကမ္ဘာသုံး ဂီတနဲ့ ပြုစုထားတဲ့ မြန်မာ့မဟာဂီတ မြန်မာသီချင်းများကို အစိစစ်ခံယူ ပါ။ ကျွန်တော် ပြုစုထားတဲ့ ဂီတကျမ်း



www.burmeseclassic.com

www.burmeseclassic.com

…ာ ပြည်တွင်းပြည်ပ ဂီတဝါသနာရှင် …လာလိုက်စားသူများအတွက် အသုံး …နိုင်ကြမှာမို့ ကျွန်တော်အပင်ပန်းခံ ကြိုးပမ်းပြုစုထားသည်နဲ့အမျှ တန်ဖိုး …ည်း အလွန်ထားပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ စိစစ်ရေးတုံ့ပြန်မှုဟာ မြန်လှပါ တယ်။ ပဲပင်ပေါက်တွေလိုပဲ ယူဆဟန် …တယ်။ ဂီတသင်္ကေတ စာမျက်နှာ …ကို စိစစ်ဖို့ သူတို့ ဟန်မကျလောက် …း။ ကျွန်တော် သူတို့တုံ့ပြန်မှုကို ကျေးဇူးတင်တယ်။ ဘာကြောင့်လဲဆို တော့ မြန်လေ ကြိုက်လေမို့ပါ။ သူတို့ရဲ့ စိစစ်ရေးဆုံးဖြတ်ချက်အရ-

'ဂီတကျမ်းပါ မဟာဂီတဆိုင်ရာ သင်္ကေတတွေနဲ့ ရေးသားမှုတွေကို …မ်းပြုသူကိုယ်တိုင် တာဝန်ယူရမယ်' …့ ဆိုလိုရင်းပါတဲ့ ခွင့်ပြုချက်အမိန့် …ခဲ့ပါတယ်။

ခွင့်ပြုချက်အမိန့်ရတော့ မန္တလေး …ထုကြီးပွားရေး ပုံနှိပ်တိုက်မှာ ရှိစုမဲ့စု …နဲ့စာနဲ့ **ကမ္ဘာ့သင်္ကေတနည်းပညာနှင့် မြန်မာ့မဟာဂီတ၊ မြန်မာသီချင်း** ဂီတ …မ်းကို စတင်ပုံနှိပ်ပါတော့တယ်။ …နှိပ်အပြီး ကိုယ့်စာအုပ် အပြင်အဆင်၊ ကိုယ့်စာမူ၊ ကိုယ့်မဟာဂီတသင်္ကေတ …မျက်နှာများကိုကြည့်ပြီး ကြည်နူးရင်း …ပေစိစစ်ရေးကို ပြန်တင်ဖို့ ရန်ကုန်ကို …ဆင်းခဲ့ရပြန်ပါတယ်။ ကိုယ့်ဂီတ …မ်းစာအုပ်လေးကိုင်ကာ ကိုင်ကာနဲ့ …စစ်ရေးမှာ ဟန်ကျပြီပေါ့လေ။ ဒါပေမဲ့ ဂီတကျမ်းရဲ့ နောက်ဆုံးစာမျက်နှာ ၂၉၄ …မ်းကိုးစာရင်းမှာ ဟန်မကျပြန်ဘူး …ရတယ်။ ကျမ်းကိုးစာရင်း ၂၆ ခုမှာ …တ် ၅ အနုပညာအားမာန် ဆရာနန်း …န့်ဆွေပါလို့တဲ့။ ဒီကျမ်းကိုးစာရင်း …ာ စာအုပ်ရဲ့နောက်ဆုံးစာမျက်နှာ …ည်းဖြစ်လို့ ကျွန်တော်က ခဲရောင်၊ …ရောင်နဲ့ ပိတ်ပေးပါမယ်။ တိပ်(Tape) … ဖုံးကပ်ပေးပါမယ်လို့ ပြောသော် …ည်း 'လက်နှင့်ခြစ်ကြည့်၊ နှာကြည့် …င် ဘယ့်နှယ်ရှိစ' လို့ မေးငေါ့ခံရပါ …ယ်။ ဒီတော့ မန္တလေး လူထုကြီးပွား …ပုံနှိပ်တိုက်က ပုံနှိပ်ပေးတဲ့ မတင် ဝင်းထံ ဖုန်းဆက်ရတယ်။ 'ကယ်တော် မူပါဦး' ပေါ့။ မတင်ဝင်းကလည်း ပြော နေရမယ့်သူ မဟုတ်တော့ အုပ်ရေ ၁၀၀၀ ရဲ့ပြီးစီးမှု အခြေအနေပေါ်မှာ စာမျက်နှာ ၂၉၄ က ကျမ်းကိုးစာရင်း အမှတ် ၅ ဆရာ နန်းညွှန့်ဆွေ စာရေးသူ အမည်ပါ **အနုပညာအားမာန်** ကို ဖယ်ထုတ်၊ စာမျက်နှာ ၂၉၃ ကလည်း မြို့မငြိမ်းရဲ့ *အိမ်သူပီပီ* သီချင်း Piano Score ရဲ့ သင်္ကေတစာမျက်နှာကျောကပ်ဖြစ်လေ တော့ တစ်ရွက်လုံး ပြန်ရိုက်၊ ထည့်ကပ်၊ ညှပ်ချုပ်ပေးရာတယ်။

ကျွန်တော့်ဂီတကျမ်း စာအုပ်ဆိုင် ပေါ်တင် ဖြန့်ချိခွင့် ရမယ့် ရက်ကို ကျွန်တော် ပျော်ပျော်ကြီး စောင့်မယ်။ မန္တလေးသားမို့ မန္တလေးပြန်ပြီပေါ့။ ကျွန်တော့်ရဲ့ မန္တလေးကနေ ပျော်ပျော် ကြီး စောင့်မယ့် ခံစားချက်ဟာ တဝကြီး ဖြစ်မလာဘူး။ နားလည်ရခက်သလို ဖြစ်ခဲ့တယ်။ ပိုပြီးပျော်အောင် ခံစားခဲ့ ရတာမျိုးလည်း ဖြစ်ခဲ့တယ်။ ဖြန့်ချိခွင့် ပြုတဲ့ရက် မရောက်မီကကိုပဲ ကျွန်တော့် စာအုပ် Best Demand ဖြစ်လေရော့လား မသိ အပြင်မှာပုံ့နေပါပြီ။ အဲဒီရက်ပိုင်း ရန်ကုန်က နမတော် ရီရီသန့်ဆီက ဖုန်းဝင်လာပါတယ်။

'ကိုရွှန်း ရေးတဲ့စာအုပ် ကျွန်မ လက်ထဲ ရောက်ရှိဖတ်ရလို့ ကျေးဇူးတင် ပါတယ်။ ဝမ်းသာတယ်။ ဆက်ကြိုးစား ပါဦး…' တဲ့။

အထက်ကနေရာမှာ '၁၉၂၅-၂၀၀၀ ခုနှစ် မြို့မစိန်ရတု အထိမ်းအမှတ် ထုတ် ဝေတဲ့ ဂီတကျမ်း မူကြမ်းကို ယဉ်ကျေးမှု ရေးရာ အမြင်ကျယ်လှတဲ့ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ကို လည်း ဂါရဝထားပြီး ကြိုတင် ပေးဖတ် စေခဲ့ပါတယ်' လို့ ရေးခဲ့ပါတယ်။ ဗိုလ် ချုပ်ကြီး ခင်ညွန့်ဟာ အမြင်ကျယ်သလို အားပေးမှုလည်း ပြုခဲ့သူ ဖြစ်ပါတယ်။ ကျွန်တော်တို့ ညီအစ်ကိုအပေါင်းအသင်း များဖြစ်တဲ့ Computer ပညာရှင်များ၊ မဟာဂီတ Staff Notation သင်္ကေတ ကျွမ်းကျင်သူများ၊ တူရိယာပညာရှင် များ၊ ပန်းချီဒီဇိုင်းပညာရှင်များ စတဲ့ မြန်မာ့ရိုးရာအနုပညာနဲ့ Computer နည်း ပညာတို့ ပူးပေါင်းဆောင်ရွက်တဲ့ မြန်မာ့ မဟာဂီတအခြေခံသင်ရိုး ၁၃ ပုဒ်ကို နိုင်ငံတကာသုံး ဂီတသင်္ကေတဖြင့် ရေး သားထိန်းသိမ်းဖို့ ကြိုးပမ်းလုပ်ဆောင် တဲ့ **မြန်မာ့မဟာဂီတ CD Rom** ကို အထူးအားပေးခဲ့တယ်။

၁၃၆၅ ခု၊ ပြာသိုလပြည့်ကျော် ၁၂ ရက်(၂၀၀၄ ခု၊ ဇန်နဝါရီလ ၁၈ ရက်)နေ့ထုတ် **မြန်မာ့အလင်း** သတင်း စာတွင်-

'မြန်မာ့ မဟာဂီတကို စနစ်တကျ လေ့လာသင်ယူနိုင်ရေးနှင့် နိုင်ငံတကာ သို့ဝင်ဆံ့ရေး ယဉ်ကျေးမှုကဏ္ဍနှင့် ကွန်ပျူတာပညာကဏ္ဍများ ပေါင်းစပ် ကြိုးပမ်းထားသော **မြန်မာ့ မဟာဂီတ** အခြေခံ စီဒီရွမ် ဖြစ်ပေါ်လာရခြင်း အတွက် ချီးကျူးဂုဏ်ပြုကြိုဆို' ဆိုတဲ့ သတင်းခေါင်းစဉ်နဲ့ ခမ်းခမ်းနားနား သတင်းတစ်ပုဒ် ပါခဲ့ပါတယ်။

ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့ သတင်းအချက်အလက်နှင့် ဆက်သွယ် ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အဦခန်းမမှာ ကျင်းပတဲ့ မြန်မာ့ မဟာဂီတအခြေခံ စီဒီရွမ် သရုပ် ပြရှင်းလင်းခြင်းနှင့် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားမှာ မြန်မာနိုင်ငံ ကွန်ပျူတာ ပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ပြီး အားပေးခဲ့တယ်။

အဲဒီနေ့ရက်က မြန်မာ့အလင်း သတင်းစာမှာပါတဲ့ ကောက်နုတ်ချက် ကလည်း ကြည်နူးလောက်ပါပေတယ်။

***မဟာဂီတစွယ်စုံကျမ်းသဖွယ်***

*ဤကဲ့သို့ မြန်မာ့ဂီတနှင့်ပတ်သက် ၍ သိသင့်သိထိုက်သည့် အခြေခံအချက် အလက်များအားလုံးကို CD Rom တစ် ချပ်တည်းဖြင့် လေ့လာနိုင်စေရန် ပြုစု တင်ပြထားခြင်းဖြစ်ကြောင်း။*

*ဤ Multimedia CD Rom မြန်မာ့ ဂီတ၏ စွယ်စုံကျမ်းငယ်တစ်ခုသဖွယ် သိမ်းဆည်းထားနိုင်ရုံမျှမက မြန်မာ့ဂီတ*

www.burmeseclassic.com

www.burmeseclassic.com

*အနုပညာအခြေခံကို သင်ကြားပေးနိုင်သော ဆရာတစ်ဆူသဖွယ်လည်း ဖြစ်ပါကြောင်း…တဲ့။*

မဟာဂီတစွယ်စုံကျမ်းသဖွယ်လို…တဲ့။ ဒီ CD Rom မှာ စေတနာ အမျိုးမျိုး၊ ကြိုးပမ်းမှုအမျိုးမျိုး၊ လုပ်အားအမျိုးမျိုး ပါဝင်တယ်။ တိုးတက်အမြင်ကျယ်တဲ့ နိုင်ငံတိုင်းမှာ အခြေခံပညာရေးအဆင့်မှစ၍ မြို့ရောတောပါမကျန်ကျောင်းတွေမှာ ဂီတကိုသင်ကြရတယ်။ ဂီတနဲ့ အနာဂတ်မျိုးဆက် ကျောင်းနေအရွယ် လူငယ်တွေကို ကိုယ်၊ နှုတ်၊ နှလုံးယဉ်ကျေးစေမယ်။ လူမှုဆက်ဆံရေးကအစ အတွေးအခေါ်အထိ မြင့်မြင့်မားမားဖြစ်စေဖို့ ရည်မှန်းအခြေပြုပေးကြပါတယ်။ ကျွန်တော်တို့မဟာဂီတ CD Rom Project အဖွဲ့ဝင်တွေဟာ အဲဒီရည်မှန်းချက်တွေနဲ့ ကိုယ်တတ်ကျွမ်း၊ တတ်စွမ်းရာ ပညာတွေ ပူးပေါင်းပြီး ကိုယ့်ရှိတာ ကိုယ်စား နှစ်ရှည်လများ နေ့နေ့ညည ကိုယ်လုံးနပမ်း ကြိုးပမ်းလုပ်ဆောင်ခဲ့ကြပါတယ်။

သုံးစွဲသူ Users ကျောင်းသူကျောင်းသားတွေ၊ ဝါသနာရှင်တွေ လွယ်ကူ အဆင်သင့်ဖြစ်ရေးအတွက်လည်း ခေတ်မီကွန်ပျူတာနည်းပညာတွေ သုံးပြီး နည်းအမျိုးမျိုး စဉ်းစားကြံဆ ဖန်တီးကြတယ်။ Computer နည်းပညာရှင် Steven နဲ့ Benny လူငယ်နှစ်ဦးဟာ အဓိကချီးကျူးဂုဏ်ပြုထိုက်သူပါ။

မဟာဂီတ CD Rom ရဲ့အဓိကကျောရိုးက Staff Notation နဲ့ ပြုစုကြတဲ့ မြန်မာ့မဟာဂီတအခြေခံကြိုး ၁၃ ပုဒ်ပါ။

Staff Notation အပိုင်းမှာ ကျွန်တော့်အစ်ကို စန္ဒရား သိမ်းမောင်၊ ကျွန်တော့်ဆရာ ဆရာဘို၊ ကျွန်တော်နဲ့ ဆရာဘို့သား ကိုပေါက်(ဇော်ဝင်းမင်း-ယခု မန္တလေးယဉ်ကျေးမှုတက္ကသိုလ် ဂီတဌာန ပါမောက္ခ)တို့က တာဝန်ယူကြတယ်။ ဒီမဟာဂီတ CD Rom ကို ဒီနာမည်မပေးမီက **Learning Myanmar Mahagita** ဆိုပြီး စဉ်းစားခဲ့ကြသေးတယ်။ ဒီ CD Rom ရဲ့ရည်ရွယ်ချက်က သုံးစွဲသူတွေ User တွေအတွက် သင်ယူမှုလမ်းကြောင်းကို အခြေခံကျကျ၊ စနစ်ကျကျ သင်ကြားပေးဖို့ပါ။ မြန်မာလူငယ်လူရွယ်တွေကို မြန်မာ့ဂီတမှတစ်ဆင့် မြန်မာ့ယဉ်ကျေးမှုကို နားလည်ပြီး အမျိုးသားရေးစိတ်ဓာတ်ပါ အခြေစွဲခံယူစေချင်တာပါ။ ဒီ Learing Process မှာ မြန်မာ့မဟာဂီတ အခြေခံကြိုး ၁၃ ပုဒ်ကို Staff Notation နဲ့ ကမ္ဘာသုံးဂီတနဲ့ သင်ကြဖို့ ကြိုးပမ်းမှုဟာ သင်ယူသူကျောင်းသားလူငယ်တွေကို International Standard ကမ္ဘာ့အဆင့်မီ မျှော်မှန်းစေလိုတဲ့ ရည်ရွယ်ချက်ပါ။

ဒါကြောင့်ပဲ မြန်မာ့မဟာဂီတ အခြေခံ စီဒီရွမ် သရုပ်ပြရှင်းလင်းခြင်းနှင့် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားမှာ ကျွန်တော်တို့ Inforithm Maze Co., Ltd. မှ မန်နေးဂျင်းဒါရိုက်တာဦးသောင်းစုငြိမ်းက မြန်မာ့မဟာဂီတ အခြေခံ CD Rom ကို-

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဂီတအနုပညာကို တစ်မျိုးသားလုံးမှ ထိန်းသိမ်းစောင့်ရှောက်ရာတွင် မိမိတို့ တတ်ကျွမ်းသော ခေတ်မီ နည်းပညာရပ်များဖြင့် တစ်တပ်တစ်အားပါဝင်နိုင်ရန်။

၂။ မြန်မာ့ယဉ်ကျေးမှု မဟာဂီတအနုပညာကို နိုင်ငံတကာမှ သိရှိ ပျံ့နှံ့လာစေရန်။

၃။ နိုင်ငံတကာနှင့် မြန်မာ့လူငယ်လူရွယ်များ ကမ္ဘာသုံးဂီတသင်္ကေတဖြင့် မြန်မာ့မဟာဂီတကို လေ့လာသင်ယူတီးခတ်နိုင်စေရန် ဆိုသည့် ရည်ရွယ်ချက်များဖြင့်ထုတ်လုပ်ခြင်းဖြစ်ကြောင်း ရှင်းပြခဲ့ပါတယ်။

အထက်ပါ အချက် ၃ ချက်မှာပါတဲ့ 'ကမ္ဘာသုံးဂီတ သင်္ကေတဖြင့် မြန်မာ့မဟာဂီတကို လေ့လာသင်ယူတီးခတ်နိုင်စေရန်' ဆိုရာမှာလည်း နိုင်ငံရပ်ခြားပြည်ပကို မဆိုသော်လည်း ကိုယ့်ပြည်တွင်းက User(သုံးစွဲသူ) ဖြစ်လာကြမည့် ကျောင်းသူကျောင်းသား လူငယ်ဝါသနာရှင်(အချို့- ဂီတလုပ်စား နေသူ) အများစုဟာ Staff Notation မတတ်ကြသူ များပါတယ်။ ဒီအားနည်းချက်ကို ကူညီဖြည့်စွက်ဖို့ ကျွန်တော်တို့ မြန်မာ့မဟာဂီတအခြေခံ CD Rom ရဲ့ အပိုင်း ၄ ပိုင်းရှိသည့်အနက် ဦးစားပေး အဓိကအနေနဲ့ (၁)ကမ္ဘာသုံးဂီတ သင်္ကေတနည်းပညာ(ကမ္ဘာ့ဂီတသင်္ကေတ လေ့လာသင်ကြားရေး)အပိုင်းမှာ ကမ္ဘာ သုံးဂီတကို အခြေခံကစပြီး သင်ပေး တယ်။ လေ့ကျင့်ခန်းတွေလည်းပါ တယ်။ ကမ္ဘာသုံးဂီတကို စာဖတ်သ ဖတ်တတ်၊ တီးတတ်စေတဲ့အဆင့်အ ပို့ချသင်ပြပေးတယ်။ အလွန်စိတ်ဝင်စား စရာ Computer နည်းပညာနဲ့ ဆွဲဆောင် သင်ကြားပေးနိုင်ဖို့ Computer နည်း ပညာရှင် Steven နဲ့ Benny တို့က ကြိုး ပမ်းကြတယ်။

ဒါပေမဲ့ ကျွန်တော် အခုရေးနေ အကြောင်းအရာတွေဟာ **ကြိုးပမ်းမှု ပြဿနာအဆင့်ဆင့်** ဆိုတဲ့ ခေါင်း အောက်မှာရှိနေတော့ ကျွန်တော်တို့ရဲ့မဟာ ဂီတ CD Rom ကြိုးပမ်းမှုဟာလည်း-

အားပေးသူ **နိုင်ငံတော်ဝန်ကြီး ချုပ်**၊ ထုတ်လုပ်သူ **နိုင်ငံခြားရေး ဝန် ကြီးဟောင်းရဲ့သား**၊ ဝယ်ယူမည့် **ပညာရေးဝန်ကြီးဌာန**၊ မဟာဂီတ ဖြစ်လို့ တာကယ်ဖြတ်သန်းလှမ်းယူမှာ **ယဉ်ကျေးမှုဝန်ကြီးဌာန** ဖြစ်လေ နိုင်ငံ၊ လူမျိုး၊ ယဉ်ကျေးမှု ရေးရာ တက်ဖို့၊ ဂုဏ်သိက္ခာရှိဖို့ဆိုတဲ့ ရည် ချက်ကောင်းတွေနဲ့ အနှစ်နှစ် အ ပင်ပင်ပန်းပန်း ကြိုးပမ်းခဲ့သော်လည်း

**မဟာ့ မဟာ** ကြီးတွေ **မဟာ** ဖြစ်တော့ **မဟာပြဿနာ** ကြ မြေစာမြက်ပင်မျှမကတော့ဘဲ မြေ ဖြစ်ပြီး Gone with the wind အတူ… ဘယ်ဆီရောက်သွားမှန်း တော့ပါဘူး။


**ကိုရွှန်းမြင့်**




www.burmeseclassic.com

www.burmeseclassic.com


လင်းလွန်းခင်စာပေတိုက်





၅၀၀၀ ကျပ်




၂၅၀၀ ကျပ်




၁၂၀၀ ကျပ်




၃၀၀၀ ကျပ်

ဖြန့်ချိရေး လင်းလွန်းခင်စာပေ
တိုက်( D)၊ပထမထပ်(လယ်)၊လိပ်ကန်လမ်း၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

# ဇာတိမြေ

မောင်အိခင်း(ဥက္ကံ)

ခုလို မိုးကျပြီဆိုတာနဲ့
ကျုပ် အတွေးထဲကို
ဝင်လာတာက
မွေးရပ်မြေကို
လွမ်းတဲ့စိတ်ပေါ့။
ဒါက ဘာသဘောလဲ
မသိပါဘူး။
လေတွေတိုက်၊
လျှပ်တွေလက်၊
ဝေါခနဲ မိုးရွာရင်
ငယ်ငယ်က
ပျော်ခဲ့ရတဲ့မြေကို
အရောက်ပြေးချင်စိတ်က
အူလိုက်သည်းလှိုက်ပဲ။
ခက်တာက
အသည်းတယားယားနဲ့
ပြေးလွှားပြီးသာ
သွားချင်နေတာ၊
တကယ်ပြေးစရာ
မွေးရပ်မြေကဖြင့်
ရှိကိုမရှိတော့ဘူး။
ရှိမလား။ ကျုပ်
မျက်စိရှေ့တင်
ရေပြင်အတိဖြစ်သွားတာ
ယနေ့တိုင်ပါပဲ။
မြေသားကနေ
ရေပြင် ဖြစ်ခဲ့ရတဲ့
ကျုပ်ဇာတိမြေဟာ
'ရှီးမ'ထဲမှာ
တည်ရှိနေတာဗျ။
အတိအကျပြောရရင်
'ဥက္ကံမြို့'အရှေ့ဘက်၊
ဥက္ကံချောင်းနဲ့
သုံးဆယ်ချောင်း
ရေဝေရာအရပ်ပေါ့။
အဲဒီနားတစ်ဝိုက်ဟာ
ကျုပ် မွေးဖွားရာ
ဒေသဖြစ်သလို ကျုပ်ရဲ့
ဘိုးဘေးမိဘတွေနဲ့အတူ
ကျက်စားကျင်လည်ခဲ့တဲ့
နေရာလည်း ဖြစ်တယ်။
ရေနဲ့ အစားအစာ
ပေါများတဲ့ဒေသဆိုတော့
ကျုပ်တို့ တစ်အုပ်စုလုံး
အဲဒီနားတစ်ဝိုက်မှာပဲ
ဝေ့လည်ဝေ့လည်
ရှင်သန်ခဲ့တယ်။
'ကျားကိုက်ချောင်း'ထဲ
ရေချိုးလိုက်၊
ကျောက်သင်္ဘောတောင်ဘက်
အစာစားထွက်လိုက်။
'ကုရင်မ ဝွေးဆွဲ'အိုင်မှာ
ရေစိမ်လိုက်၊
'ကျောက်ကုတင်'
တောင်အနီးမှာ အိပ်လိုက်နဲ့
သဘာဝကြီးက ပေးတဲ့
အခွင့်အရေးကို
ကျုပ်တို့ အပြည့်အဝ
ခံစားခဲ့ရတယ်။ ပြီးတော့
မှီခိုခွင့်ရခဲ့တဲ့ ဇာတိမြေကို
ခုလို ပျောက်ပျက်သွားမယ့်
အရေးများ ယောင်လို့တောင်
မတွေးမိခဲ့ဘူး။





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်တို့တစ်အုပ်စုလုံး နေ့စဉ် ရက်ဆက်ပျော်ပြီးရင်း ပျော်ခဲ့ကြရတယ်။ သြော်မေ့လို့။ ကျုပ်တို့အုပ်စုဆိုတာက ကျုပ်အပါအဝင် အကောင်ရေ ငါးဆယ်လောက်ရှိတဲ့ ဆင်ရိုင်းအုပ်ကြီးကို ပြောတာဗျ။ အဲ ကျုပ်တို့မွေးရပ် ရေပြင်အတိ ဖြစ်သွားပုံကြတော့ ဒီလိုဗျ။

ကျုပ် တစ်နှစ်သား အရွယ်လောက်မှာ ကျုပ်တို့မွေးရပ်မြေကို လူသားတွေ တစ်အုပ်တစ်မကြီး ရောက်လာတယ်။ ကျုပ်အဖေ ပြောတာကတော့ 'ဆည်ကြီး' တည်ဆောက်ဖို့ လာတာတဲ့။ ရှေးမဆွကလည်း ကျုပ်တို့နေရာကို လူသားတွေ လာခဲ့ဖူးပါတယ်။ ဒါပေမဲ့ ခုလောက်တော့ မများဘူး။ ရှိလှ ဆယ်ဂဏန်းပေါ့။

ဆယ်ဂဏန်းမျှသော လူသားတွေဟာ မိုးကျခါနီးဆိုရင် ဝါးပေါတဲ့ ကျုပ်တို့မြေကို ရောက်လာတတ်တယ်။ ဝါးခုတ်ဖို့ရည်ရွယ်ပြီး 'ကွမ်းသီးမြောင်'လို မြေပြန့်ရှိတဲ့အရပ်မှာ တည်းလေ့ရှိတယ်။ သူတို့ဟာ မိုးကိုစောင့်ရင်း ဝါးခုတ်၊ ဝါးစုပြုရာက တောင်ကျရေလာရင် ဝါးဖောင်ဖွဲ့ကြတယ်။ ပြီးရင် ဥက္ကံချောင်း၊ သုံးဆယ်ချောင်းတွေကနေ စုန်မျှောကြရော။ နေလှ ဆယ်ရက်၊ လာလှ လူသုံးဆယ်မှာ သူတို့ မပြန်မီစပ်ကြား ကျုပ်တို့က ရှောင်တိမ်းထားရင် ရှဉ်လည်း လျှောက်လို့ ရတယ်၊ ပျားလည်း စွဲလို့ရတယ်။ ခုက ရာထောင်ချီတဲ့ လူအုပ်ကြီးဆိုတော့ မြင်လည်းမြင် ကျုပ်တို့ ကွဲထွက်သွားတာ ဖရိုဖရဲပဲ။

ပြောရရင် ကျုပ်တို့

> ကျုပ်တို့
> ဇာတိမြေက
> လူသူရောက်ခဲတဲ့
> တောနက်ကြီးပါ
> ကျွန်း
> ပျဉ်းကတိုး
> သစ်ရာ
> ပိတောက်
> အင်၊ ကညင်
> အစုံရှိတယ်
> အချို့အပင်ကြီး
> တွေများ
> လုံးပတ်က
> ကျုပ် ခန္ဓာနီးနီးပဲ
> ဒါကို
> ရာထောင်ချီ
> လူအုပ်ကြီးက
> ရက်ပိုင်းအတွင်း
> လှဲပြီး
> ဆွဲထုတ်တာ
> မြင်ရက်စရာကို
> မရှိဘူး

ဇာတိမြေက လူသူရောက်ခဲတဲ့ တောနက်ကြီးပါ။ ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ ပိတောက်၊ အင်၊ ကညင် အစုံရှိတယ်။ အချို့အပင်ကြီးတွေများ လုံးပတ်က ကျုပ် ခန္ဓာနီးနီးပဲ။ ဒါကို ရာထောင်ချီ လူအုပ်ကြီးက ရက်ပိုင်းအတွင်း လှဲပြီး ဆွဲထုတ်တာ မြင်ရက်စရာကိုမရှိဘူး။ မကြာပါဘူး။ နေပြောက်မထိုးတဲ့ ကျုပ်ဇာတိမြေဟာ ဟင်းလင်းပြင်ကြီးကို ဖြစ်သွားတော့တာပေါ့။

ပြန်ကောက်ကြည့်ရင် ရှေးမဆွကလာတဲ့လူတွေလည်း သစ်ဝါးခုတ်ဖို့ လာခဲ့တာပါ။ သိသာတာက ဝါးရုံကို ခုတ်တောင် ပြောင်အောင် မခုတ်ဘူး။ နှတ်နေကိုင်းလောက်တော့ ချန်တတ်ကြတယ်။ ခုက ဘာပင်မှ မထားခဲ့တဲ့ အပြင် အမြစ်ပါလှန်တာ။ မကြာပါဘူး။ စက်ယန္တရားတွေ ထပ်ရောက်။ မြေကော်၊ မြေဖို့လုပ်။ စက်သံတွေက တဝုန်းဝုန်း၊ လူတွေက တရုန်းရုန်းမှာ ဖရိုဖရဲဖြစ်နေတဲ့ ကျုပ်တို့အုပ်စုလုံးလုံးကို ကွဲထွက်ကုန်တော့တာပေါ့။

ကျုပ်နဲ့ ကျုပ်အစ်ကို အပါအဝင် ဆင်တချို့က တစ်ဖက်။ ကျုပ်မိဘအပါအဝင် အခြားဆင်တစ်သိုက်က တစ်ဖက်။ ဟိုတစ်ဖက် ဒီတစ်ဖက် ကွဲစေတဲ့ လူလုပ်ကွင်းပြင်ကြီးဟာ မိုးလည်းကျရော ရေပြင်အတိ ဖြစ်သွားပါရောလား။ ဒါကြောင့် ကျုပ်တို့ညီအစ်ကိုရဲ့ 'အဖေရေ'လို့ အားကိုးတကြီး ခေါ်တဲ့အသံဟာ အဲဒီရက်က ရိုးမထဲမှာ ညံသွားတာပဲ။ ညံသာညံတာပါ။ 'ဆုံနိုင်ခွင့်' မရှိတော့မှန်း 'တဘူးလှဆည်'ကြီးက သက်သေပြခဲ့တာ ယနေ့ထက်တိုင်ပါပဲ။

အဖေနဲ့ ကွဲကွာရပြီး တော်သေးတာက ကျုပ်တို့အုပ်စုမှာ ကျုပ်အစ်ကိုပါလို့ပေါ့။ အစ်ကိုဟာ အဖေ့နီးနီး အသိဉာဏ်ကြီးတော့ ရိုးမထဲမှာ ကျွမ်းတယ်။ တောင်ပတ်လမ်းတွေ သိသလို၊ တောင်ကပျောခင်းရှိရာကိုလည်း သိတယ်။ ရေကို အနံ့ခံပြီး ရှာတတ်သလို၊ ရန်သူကိုလည်း အနံ့အရ တိမ်းရှောင်ပေးတတ်တယ်။ ဒါကြောင့် ခေါင်းဆောင်မဲ့ ဆင်အုပ်မှာ ကျုပ်အစ်ကိုက ခေါင်းဆောင် ဖြစ်သွားတော့တာပေါ့။

ကျုပ်တို့ မျိုးနွယ်ဟာ ခေါင်းဆောင်ကို လွတ်အားကိုးတဲ့မျိုးဗျ။ ခေါင်းဆောင်သွားရင် သွားတယ်၊ ခေါင်းဆောင် နားရင် နားတယ်။ ခွဲထွက်တာ၊ ချန်ထွက်တာ မရှိသလို အချင်းချင်းလည်း ညီညွတ်တယ်။ ရံဖန်ရံခါ ဖြစ်လေ့ရှိတဲ့ 'အချစ်ရေး'ကြောင့်ကလွဲရင် ဘယ်သောအခါမှ စိတ်ဝမ်းမကွဲဘူး။ နာမကျန်းဆင်ရှိရင် ဝိုင်းဝန်းဖေးမကြသလို သားဖွားမိခင်ရှိရင်လည်း တစ်အုပ်စုလုံးက ဝိုင်းပြီး စောင့်ရှောက်တတ်ကြတယ်။ ဒါဟာ ဘိုးဘေးအစဉ်အဆက် လက်ဆင့်ကမ်းလာခဲ့တဲ့ အမွေတွေပေါ့။

ရတတ်တရက် ခေါင်းဆောင်ဖြစ်လာတဲ့ အစ်ကိုဟာ ဘိုးဘေးတို့ရဲ့ မူအတိုင်း ကျုပ်တို့ကို သွန်သင်တယ်၊ လမ်းပြတယ်။ ခက်တာက အစ်ကို့လက်ထက်မှာ စ, ချင်း ရင်ဆိုင်ရတာက 'စားကျက်ပြဿနာ'ဗျ။ ကျုပ်အဖေ ခေါင်းဆောင်စဉ်က ကျုပ်တို့အုပ်စုမှာ အကောင်ရေများတယ်။ ဒါပေမဲ့ စားကျက်ကျယ်တယ်။ အစ်ကို့လက်ထက်ရောက်တော့ ဆင်ကောင်ရေ နည်းပင်နည်းငြား စားကျက်က ကျဉ်းသွားပြီ။ ရှေ့ကြည့်တော့ဆည်။ နောက်ကြည့်တော့ သဲဖြူ၊ အင်းကြိုင်မြိုင်၊ လျှော်ပုံ၊ ချောင်းစောက်မအူခုံ၊ ရေအိုးစဉ် အစရှိတဲ့ လူနေရွာတွေက ကပ်နေပြီ။ ပိုဆိုးတဲ့ အချက်က တောင်မြောက်ဘက်မှာ ကုမ္ပဏီ[illegible] မျိုးက ရိုးမထဲတိုးပြီး စိုက်[illegible]

www.burmeseclassic.com

င်းတွေ ချဲ့လာတဲ့ဖြစ်ရပ်ပေါ့။

စဦးပိုင်းမှာတော့ စားကျက်ကျဉ်းလေးထဲမှာ မျှစ်စို့ ပေါက်မှအစ ကနစိုသီး အဆုံး အစ်ကိုက လှည့်ရှာပေးပါသေးတယ်။ ခက်တာက ကျွပ်တို့ဝမ်းပေါ့။ ငှက်ပျော ငါးပင်၊ ကြံဆို ဆယ့်ငါး င်၊ ပိန္နဲများ ဆယ်လုံးစားမှ နေသာတဲ့ ဝမ်းတွေလေ။ အကောင်ရေက သုံးဆယ်။ တဲ့ တစ်နေ့စာ တွက်သာ ကြည့်တော့။ ဒီမှာတင် နေ့စဉ် ရင်ဆိုင်ရတဲ့ ဝမ်းရေးပြဿနာ ကြောင့် ကျွပ်အစ်ကို တည် သေးတဲ့ လမ်းကြောင်းဟာ လူနေရွာတွေဘက် ဖြစ်သွား ရော ဆိုပါတော့။

ရွာတွေဘက် သွား ယ်ဆိုပေမဲ့ အမြဲတမ်းတော့ ဟုတ်ပါဘူး။ ရိုးမထဲမှာက ိုးကာလဆို မျှစ်စို့ပေါက်၊ မြင်းနဲ့ စလူဖူးတွေက ပေါမှ ပေါပါ။ ဆောင်းရာသီမှာ လည်း စိစ်စိစ်ပေါက်ပေါက် ရှာရင် ရေနဲ့အစာ ရှိသေးတာ ပေါ့။ နွေကာလရောက်ရင် တော့ ရိုးတံအပြိုင်းပြိုင်းသာ မြင်ရတဲ့ ရိုးမထဲမှာ အစာရှား သွားပြီ။ တိုက်ဆိုင်တာက အဲဒီအချိန်ရောက်ရင် ရွာတွေ ဘက်က လယ်ကွင်းမှာ စပါး၊ ပြောင်း၊ နှမ်း၊ ကြံ စတာတွေ ရင့်မှည့်တဲ့အချိန်ဖြစ်နေတတ် တာပါပဲ။ ဒါကြောင့်လည်း နွေရာသီရဲ့ညဘက်များမှာ ကျွပ်တို့ သွားတတ်တာက စပါးခင်း၊ နှမ်းခင်းတွေဆီပဲ ပေါ့။

နွေရာသီရောက်လို့ စိုက် ခင်းတွေထဲ ကျွပ်တို့ဝင်ပြီးရင် စိုက်ခင်းရှင်တွေ ပွက်ပွက်ညံ နေပြီ။ ညံမှာပေါ့။ ဆင် အကောင် သုံးဆယ်နီးပါးရဲ့ စားအားနဲ့ နင်းအားလေ။ လယ် လေးငါးကွက်လောက် ကတော့ ဖွတ်ဖွတ်ညက်ညက် ကြေသွားတတ်တာကိုး။ ကြေပါလည်းများရော လူ သားနဲ့ ကျွပ်တို့ အားပြိုင်ပွဲ စ,တော့တာပေါ့။ စ,စချင်း မှာ သူတို့ကလည်း သူတို့ စိုက်ခင်းလုံခြုံရေး၊ ကျွပ်တို့ ကလည်း ကျွပ်တို့ဝမ်းရေး။ ထိပ်တိုက်တွေ့တဲ့အရေးအခင်း မှာ ပထမတော့ ဝါးဆစ်ပိတ် မီးဖောက်၊ ကောက်ရိုးပုံမီးရှို့၊ ဟေးဝါးလို့ လူသံတွေပေး။ ကျွပ်တို့လန့်ရေးပဲ စီစဉ်ကြ တာပါ။ ကျွပ်တို့ကလည်း ဒီရွာကလန့်ရင် ဟိုဘက်ရွာ။ နောက်ရွာကလန့်တော့ တစ် ရွာကူး။ ကူးလို့ အခွင့်မသာ ရင် လစ်ချိန် စောင့်။ ရွာသား တွေ အိပ်လောက်မှ စိုက်ခင်း ဝင်။ ရရင် ရသလို ဝမ်းရေး အတွက် အတင်းတိုးတော့ တာပေါ့။ ကြာတော့ ရွာသား တွေ မခံသာတော့ဘူး။ လက် နက်တွေ သုံးတော့တာပါပဲ။

စင်းမြား၊ လောက်လေး အစရှိတဲ့လက်နက်တွေကြောင့် ကျွပ်တို့ အနာတရဖြစ်ခဲ့တာ အကြိမ်ကြိမ်ပါ။ ဒါပေမဲ့ အောင့်အည်းမရတဲ့ ဝမ်းရေး ကြောင့် လူအင်အားနဲ့ခြောက် လည်း ကျွပ်တို့ မကြောက် တော့သလို၊ စင်းမြားထိရင် လည်း အနာခံပြီး ဝမ်းကို ဖြည့်ခဲ့ကြတယ်။ နောက်ပိုင်း မှာတော့ ဒဏ်မခံနိုင်လွန်းတာ ကြောင့် ရွာသားတွေဟာ ကျွပ်တို့ ဝင်ရောက်တတ်ချိန် ကို တွက်ဆတယ်။ သီးနှံ တွေကို စောစောစိုက်ပြီး၊ စော စောရိတ်သိမ်းနိုင်ဖို့ ကြိုးစား ကြတော့တယ်။ တစ်ခါရိတ် သိမ်းပြီးတာနဲ့ ကျီတွေ၊ ဂို ဒေါင်တွေဆောက်ပြီး အသီး သီးသိုလှောင်လိုက်ပြန်တယ်။ ခက်တာက အဲဒီအချက်ဟာ ကျွပ်တို့ကို ရွာထဲ ဝင်အောင် ဖိတ်ခေါ်လိုက်သလို ဖြစ်သွား တာဗျ။ တွက်ကြည့်လေ။ ဝမ်းရေးခက်ရင် ဘယ်သတ္တဝါ မျိုးမှ အကြောက်အလန့်မရှိ တော့ဘူး။ အစာရှိရာ ဝင်ကို ဝင်ကြမှာပဲ မဟုတ်လား။

ဝင်တယ်ဆိုပေမဲ့ ပထမ ပိုင်းမှာ ဒီရွာက စိုက်ခင်း ပြောင်တလင်းခါရင် နောက် တစ်ရွာမှာ ကျန်နိုးနိုး ကျွပ်တို့ တိုးကြည့်ပါသေးတယ်။ ခက်တာက ဘယ်ရွာမှ လက် ကျန်မထားဘူး။ စောစော စိုက်ပြီး စောစောသိမ်းနှင့်ပြီ။ ဒါကြောင့် ဖြစ်ချင်ရာဖြစ်စေ တော့လို့ နှလုံးသွင်းပြီး ရွာ အတွင်းဝင်ဖို့ ကျွပ်တို့ဆုံး ဖြတ်လိုက်တာပါ။ အဲဒီမှာပဲ ကျွပ်တို့ ညီအစ်ကို နာမည် တစ်လုံးစီ ရသွားတော့တာ ပေါ့။ 'သန်းတိုးအောင်'နဲ့ 'မျိုးလှိုင်ဝင်း'တဲ့။ ဒီနာမည် တွေ ရခဲ့ပုံက ရယ်တော့ ရယ် စရာဗျ။ ကျွပ်ပြောပြမယ်။

တစ်ရက်သားမှာ လှော်ပုံရွာနား ကျွပ်တို့ရောက်တော့ နေဝင်လုလု အချိန်ပေါ့။ ဆာ လွန်းလို့ တောထဲကထွက်၊ ရွာ စိုက်ခင်းတွေဘက် ကဲကြည့် တော့ တလင်းမှန်သမျှ ပြောင်နေပြီ။ ကောက်ပြန့် တောင် မမြင်ရဘူး။ ကျွပ်တို့ အသီးသီးရဲ့ဝမ်းတွေကလည်း ဟာလွန်းလို့ လေသံတွေတောင် ထွက်နေကြပြီ။ ဒီအခိုက်မှာ လေထဲကတစ်ဆင့် ကျွပ်တို့ရ လိုက်တာ စပါးနံ့နဲ့ ပဲနံ့တွေဗျ။

ရလည်းရ ကျလာတဲ့ သွား ရည်ကိုသိမ်းရင်း ကျွပ်အစ်ကို့ ကို ငဲ့ကြည့်မိတယ်။ အစ်ကို ခမျာလည်း ဆာလွန်းလို့ထင် ပါရဲ့ မျက်ဝန်းမှာ မျက်ရည် တွေတောင် ဥနေပြီ။ ခဏ လည်းကြာရော ကျွပ်တို့ညီ အစ်ကိုနှစ်ကောင်သား နှာမောင်း ကိုယ်စီထောင်ပြီး ရွာလမ်း အတိုင်း ဝင်တော့တာပေါ့။

ရွာထဲရောက်တော့ စပါးနံ့ထွက်ပေါ်ရာ ကျီတစ်ခု ဘက် အစ်ကိုက ဦးတည် တယ်။ အစ်ကို့နောက်ကို နောက်တော်ပါတချို့က ခွဲပြီး လိုက်သွားတယ်။ ကျွပ်က တော့ ပဲနံ့ရရာ ဂိုဒေါင်တစ်ခု ထံ သွက်သွက်လှမ်းတယ်။ ကျွပ်နောက်မှာလည်း အဖော် တချို့က ကပ်ပါလာတယ်။ နှစ်သုတ်ခွဲပြီး ရွာထဲလည်း ကျွပ်တို့ရောက်ရော ရွာသား တွေ ရှောင်ပြေးတာများ မြင် လို့တောင် မကောင်းဘူး။

ကျွပ်ဟာ ပဲဂိုဒေါင်နား လည်းရောက်ရော ပြေးရှိန်ကို ပိုမြှင့်လိုက်တယ်။ ပြီးလည်း ပြီးရော ဂိုဒေါင်ကြီးကို ဦး ကင်းနဲ့ နှစ်ချက် ဆင့်တိုက် လိုက်တော့ ပဲဂိုဒေါင်ပြိုပါရော လား။ ပြိုလည်းပြို၊ ပဲနဲ့ ပြောင်းဆန်တွေ ဂိုဒေါင်ထဲက ထွက်ကျလာတာ ဝေါခနဲပဲ။ အစ်ကိုကတော့ သူ့ရှေ့က စပါးကျီကို ပထမမှာ ဘေး လုံးနဲ့ တိုက်တယ်။ စပါးကျီ ယိုင်စ,လည်းပြုရော ခြေနဲ့ ဆင့်ကန်တော့တာပေါ့။ ခဏ လည်းကြာရော စပါးတွေ ထွက်ကျလာတယ်။ ကျ လည်းကျ ရသမျှ ရိက္ခာတွေနဲ့ ကျွပ်တို့ ဝမ်းကိုယ်စီကို မနား တမ်း ဖြည့်ကြတော့တာပေါ့။

www.burmeseclassic.com

အဲ ဒီ နေ့ က စ ပြီး အဆောက်အဦဖြိုရင် ဦးကင်းကို ပိုင်ပိုင်နိုင်နိုင် သုံးတတ်လွန်းလို့ ကျုပ်ကို ရွာသားတွေက အမည်ပေးတယ်။ 'သန်းတိုးအောင်'တဲ့။ ခြေကန်အားပြင်းတဲ့ အစ်ကို့ကိုတော့ 'မျိုးလှိုင်ဝင်း'တဲ့။ ပြောရရင် ရိုးမအစပ်က ရွာသားတွေ သူတို့အမြင်နဲ့တင်စားမှုကြောင့် ဥက္ကံကွင်းတစ်လျှောက်မှာ ကျုပ်တို့ညီအစ်ကိုရဲ့ နာမည်က ကျော်သွားတော့တာပေါ့။

နောက်ပိုင်းမှာ သန်းတိုးအောင်ဖြင့် ဘယ်ရွာကို ဝင်သွားပြန်ပြီ၊ မျိုးလှိုင်ဝင်းက နောက်ရွာမှာ စတဲ့ အသံတွေ ထွက်ပါများတော့ တောင်သူတွေဟာ သူတို့ရဲ့ကောက်ပဲသီးနှံကို ကျီတွေ၊ ဂိုဒေါင်တွေနဲ့ မထားတော့ဘူး။ အိတ်တွေနဲ့ထည့်ပြီး အိမ်ပေါ်တင်သူတင်၊ မြို့ကို ပို့သူပို့ ဖြစ်ကုန်တော့တာပေါ့။ ဒီမှာပဲ ကျုပ်တို့ညီအစ်ကိုဟာ စပါးကျီသာမက လူနေအိမ်ပါ ဖြိုတဲ့ ဆင်ဆိုးကြီးတွေ ဖြစ်လာခဲ့တာပါ။

ကျုပ်တို့ ဆိုးသွမ်းရတဲ့ အဖြစ်ကို တွက်ကြည့်ရင် ရိုးမထဲမှာ အစာရေစာပြတ်တာရယ်၊ ရွာထဲကြည့်တော့ ဂိုဒေါင်ဟူသမျှ ဟာလာဟင်းလင်းဖြစ်နေတာရယ်၊ ဒါတွေက အခြေခံတာပေါ့။ ဆာကလည်းဆာ၊ မှတ်ဉာဏ်မှာ ကောင်းကောင်းသိနေတဲ့ စပါးနံ့၊ ပဲနံ့ကလည်း ရနေပြီ။ ရတာက လူနေအိမ်ဘက်က။ ကဲ ဘယ်လာ နေသာတော့မှာတုံး။ လူနေအိမ်ကိုပဲ ဗုန်းဗုန်းလဲအောင်ဖြိုပြီး ဝမ်းမီးငြိမ်းရတော့တာပေါ့။ ပိုဆိုးတာက

ရှေးမဆွကလာတဲ့
လူတွေလည်း
သစ်ဝါးခုတ်ဖို့
လာခဲ့တာပါ
သိသာတာက
ဝါးရုံကို
ခုတ်တောင်
ပြောင်အောင်
မခုတ်ဘူး
နုတ်နေကိုင်း
လောက်တော့
ချန်တတ်ကြတယ်
ခုက
ဘာပင်မှ
မထားခဲ့တဲ့
အပြင်
အမြစ်ပါ
လှန်တာ

လူနေအိမ်ကတစ်ဆင့် ဆန်သည် စပါးထက် ချိုကြောင်း၊ ထမင်းသည် ဆန်ထက်ပို၍ မွှေးကြောင်း၊ နှမ်းထက် နှမ်းဆီ၏အရသာက ပိုကြောင်း စတဲ့အချက်တွေကို လက်တွေ့သိရတဲ့အဖြစ်ပေါ့။ သိလည်းသိ၊ အိမ်တစ်အိမ် ဖြိုပြီးရင် ဆန်၊ ဆီ၊ ထမင်းဟာ ကျုပ်တို့ရဲ့ဦးစားပေးအစားအစာဖြစ်သွားပါတော့တယ်။ နောက်ထပ် ကျုပ်တို့သိတဲ့ အချက်တစ်ခုကတော့ လူနေအိမ်မှန်ရင်'ဆား'ရှိတယ်ဆိုတဲ့အချက်ပါပဲ။

ဆားဓာတ်ဟာ သတ္တဝါတိုင်း လိုအပ်တဲ့ ဓာတ်တစ်မျိုးဗျ။ ကျုပ်တို့လည်း လိုတာပေါ့။ ရိုးမထဲမှာတော့ ဆားမြေဆိုပြီး သီးသန့်ကို ရှိတယ်။ ဆားမြေရှိရာအရပ်ကို သမင်၊ ဒရယ်၊ ဂျီ ရှိသမျှတောနေတိရစ္ဆာန်တိုင်း သိတယ်။ သိတော့ ဆားဓာတ်လိုတာနဲ့ ဆားမြေရှိရာ သွားကြတာပေါ့။ ခုတော့ လူနေအိမ်ဟာ ကျုပ်တို့အတွက် လိုသမျှရတဲ့နေရာ ဖြစ်သွားပြီ။ ပြောရရင် အစာရေစာပြဿနာကြုံတာနဲ့ ကျုပ်တို့ဦးတည်တာ ရိုးမအစပ်က ရွာတွေဘက်ဖြစ်သလို၊ ဆားစားချင်လာရင်လည်း ကျုပ်တို့ခြေလှမ်းက ရွာတွေဘက်ကိုပဲ လှမ်းနေမိတယ်။

ပြီးခဲ့တဲ့နှစ်ကတော့ လူနေအိမ်သာ မကပါဘူး။ ဘုန်းတော်ကြီးကျောင်းပါ ဖြိုဖျက်မိတော့မလို့ ဖြစ်သေးတာဗျ။ စဦးမှာတော့ ကျုပ်တို့ဝင်မွှေမိတာ 'လဟာမငယ်' ဘုန်းတော်ကြီးကျောင်းလို့ ဘယ်လာသိမှာတုံး။ ညက မှောင်မှောင်၊ မိုးကအုံ့အုံ့မှာ ငှက်ပျောသီးနံ့၊ ဆန်နံ့၊ ပဲနံ့တွေ လှိုင်လှိုင်ရတော့ ရွာအပြင်မှာ သီးသန့်ရှိတဲ့ အိမ်ဆိုပြီး ကျုပ်တို့ ဝင်ခဲ့ကြတာပါ။ ကျောင်းဝိုင်းထဲရောက်တော့ ငှက်ပျောပင်ကိုပဲ ကျုပ်တို့ရှာတယ်။ တွေ့လည်းတွေ့ ပင်စည်ရော ရွက်နုပါ မထားဘူး။ ဆာဆာနဲ့ စားကြတာပေါ့။ နောက်အုန်းပင်ကိုလှဲ့။ အုန်းနှောက်ချိုချိုပါ ဖောက်စားကြတယ်။ ဒီအခိုက်မှာ လက်သွားတဲ့ ဓာတ်မီးရောင်နဲ့အတူ လောက်စာလုံးတစ်လုံးက ကျုပ်မျက်စိကို မှန်တယ်။ မျက်စိထဲမှာ မီးကိုဝင်းဝင်းတောက်သွားတာပဲ။ ဒါကြောင့် ဓာတ်မီးရောင်လာရာဘက်ကို စိတ်ဆိုးဆိုးနဲ့ ကျုပ် ထွက်ခဲ့တာပေါ့။ ကျုပ်လည်း ထွက်လိုက်ရော ဓာတ်မီးသမားနဲ့ လေးသမား ပြေးတာများ တန်းနေတာပဲ။

ကျုပ်ကလိုက်၊ သူတို့က ပြေးနဲ့ လယ်လေးငါးကွက်စာလောက် ပြေးအပြီးမှာ မိုးခြိမ်းသံနဲ့အတူ လျှပ်ရောင်တစ်ချက်ဝင်းခနဲလက်သွားတယ်။ လျှပ်ရောင်ကြောင့် ထင်းထင်းကြီး ကျုပ် မြင်တာက ပြေးသူတွေဟာ သင်္ကန်းကိုယ်စီရုံထားတဲ့ အဖြစ်ဗျ။ သင်္ကန်းတွေလည်း မြင်ရော 'ဟာ ဘုန်းတော်ကြီးတွေပါလား'ဆိုတဲ့ အသိစိတ် ကျုပ်မှာ ဝင်လာတယ်။ ဒါကြောင့် ဆက်မလိုက်တော့ဘဲ ရပ်နေမိလိုက်တယ်။ နောက်တော့ နာနေတဲ့မျက်စိကို ပုတ်ခတ်ပုတ်ခတ်ပြုရင်း ဘုန်းတော်ကြီးကျောင်းဘက် ကျုပ် ပြန်ခဲ့တာပေါ့။

ကျောင်းဝိုင်းထဲ ကျုပ်ရောက်တော့ အစ်ကို က သောင်းကျန်းနေပြီ။ ကျုပ်ကို လေးနဲ့ ပစ်ရပ့်မလားဆိုပြီး ဆွမ်းစားဆောင်ကို ခြေနဲ့ ကန်တယ်။ ဆွမ်းစားဆောင်ပြိုတော့ ကျောင်းမကြီးကို ဆော လုံးနဲ့တိုက်တယ်။ နောက် ကျောင်းအောက်မှာရှိတဲ့ မီး စက် အင်ဂျင်အတွဲလိုက် နှာမောင်းနဲ့ တရွတ်ဆွဲထုတ်ပြီး ခြေနဲ့ကန်ပြန်တယ်။ ကျုပ် လည်း ဒါဟာ ဘုန်းတော်ကြီး ကျောင်းပါ။ ခွင့်လွှတ်လိုက် ပါ စသည်ဖြင့် ရှင်းပြရင်း အစ်ကို့ကို ချော့ရတော့တာ

www.burmeseclassic.com

ပေါ့။ ချော့လွန်းမက ချော့မှုပဲ 'ဘာသူးမြို့ပေါင်း'ဘက် အစ်ကို ထွက်သွားတော့တာ။ ဒါတောင် မြို့ပေါင်းထဲက အုတ်ချပ်တွေနဲ့ ကျောင်းကို တစ်သေးတာဗျ။ တွက်ကြည့် ရင် ဒီကိစ္စ အားလုံးရဲ့ တရား ခံဟာ စားကျက်ဗျ။ ကျဉ်း မြောင်းမှု တစ်နှစ်ထက်တစ် နိမ့်ပိုလာတဲ့ စားကျက်ကြောင့် ကျုပ်တို့ စိတ်နေစိတ်ထားဟာ အပြောင်းလဲကြီးကို ပြောင်း လဲသွားပြီ။ ဝမ်းရေးကြောင့် ပူလောင်သွားတဲ့ စိတ်ရိုင်းကို ဘယ်လိုချွန်းမျိုးမှ မနိုင်တော့ ဘူး။

ရေးက လူနဲ့ရုံရုံနဲ့ ရှောင် တတ်တဲ့ကျုပ်တို့ဟာ လူမ ကြောက်တော့ဘူး။ ပြီးတော့ အသားနာမှာ မကြောက်သလို သေရမှာလည်း အစာသာမြင် ရင် မကြောက်ဘူး။ တစ်ခါ သုစားတတ်လာတယ်။ ခိုး စားတတ်လာတယ်။ ပိုဆိုး တာက ရေးအစဉ်အဆက် စိတ်ဝမ်းညီခဲ့တဲ့ ကျုပ်တို့ အစာနဲ့ပတ်သက်ရင် မညီချင် တော့ဘူး။ သူဦးသူစား၊ ကိုယ်ဦးကိုယ်စားဖြစ်လာပြီ။ အရင်ကဆို စိတ်ဝမ်းကွဲစရာ က 'အချစ်ရေး'ကိစ္စပဲ ရှိ တယ်။ အဖိုက သူ့ရဲ့အမနား တစ်ပါးသူ ကပ်ရင် မကြိုက်။ အမက သူ့အဖိုနား စိမ်းသူသီ ရင် မျက်စောင်းခဲ ဒီလောက် ပဲ စိတ်ဝမ်းကွဲစရာရှိတာ။ ခုတော့ အငတ်ဘေးလည်း ကြုံရော ဘယ်သူ့ဘယ်သူမှ ကြည့်မရတော့ဘူး။ ခုနေများ အစာကျက်ကွင်းကောင်းကောင်းနဲ့ အချစ်ရေး ဘယ်ဟာရွေးမလဲ မေးရင် ကျုပ်တို့ဖြေမှာ တစ် ညီတည်းပဲ ဖြစ်လိမ့်မယ်။

အစာကလွဲပြီး ဘာဆိုဘာမှ ရွေးချယ်မှာ မဟုတ်ဘူး။

ခုဆိုရင် ရိုးမထဲမှာ ကုမ္ပဏီအမျိုးမျိုးက ဆိုင်း ဘုတ်အသီးသီးထောင်ပြီး နှစ် စဉ်လိုလို စိုက်ခင်းချဲ့တယ်။ ရွာဟူသမျှက စည်းရိုးကာ၊ ခြေ့ာင့်တွေထောင်။ ညဆိုရင် မီးတွေဖို။ စိုက်ခင်းဆိုရင် လည်း စောစောစိုက်၊ စော စောသိမ်း၊ မြို့ကို ပို့တန်ပို့ ဖြစ် ကုန်ပြီ။ ဘယ်မှာလဲ ကျုပ်တို့ အတွက် အစာရေစာ။ ရှာရ လည်း ခက်လာရော အစပိုင်း တုန်းက အစ်ကို့နောက်မှာ စုစည်းခဲ့သမျှ ခွဲထွက်ဖို့ ကြံ သူတွေကြံကုန်ပြီ။ ဟိုဘက် ကူးရင် အစာရှိနိုးနိုး၊ ဒီက ပြောင်းမှ အစာရနိုးနိုးနဲ့ ဝေဝါး တဲ့စိတ်တွေကြောင့် ဥလည်း ကွဲကုန်ပြီ။ အသိုက်လည်း ပျက်ကုန်ပြီ။ ချွန်ထွက်သူတွေ လည်း ထွက်ကုန်ပြီ။ သူတစ် လူ ငါတစ်မင်း ဆိုတာမျိုး ပေါ့။

မနှစ်ကဆို ဆင်သား အမိ သုံးကောင် ဘယ်လိုမှ တားမရဘူး။ ပြည်-ရန်ကုန် ကားလမ်းကိုကျော်၊ လှိုင်မြစ် ကိုကူး၊ 'ဇလွန်မြို့'ဘက် အထိ စွန့်စားပြီး ထွက်သွား တယ်။ ဒီလိုပဲ တချို့က 'ဖလုံ'ဘက်၊ တချို့က 'တောင်ညို'ဘက် အသီးသီး ခွဲထွက်ကြတာ ကိုယ့်သဘော နဲ့ကိုယ်ပဲ။ အစာအတွက်ဆို တော့ အစ်ကိုလည်း မတား သာတော့ဘူးပေါ့။ ကျုပ် တောင် 'ဓာတ်ချောင်း'ဘက် ကူးတဲ့ ကျုပ်ရဲ့ဆင်မလေး နောက် ပထမမှာ လိုက်ဖို့ ကြံ သေးတာ။ တွက်ကြည့်တော့ နေရာသစ်ကို မသွားလိုတာ ရယ်၊ အစ်ကိုနဲ့ မခွဲချင်တာ ရယ်ကြောင့် ဘယ်ကိုမှ မရွှေ့ ဖြစ်ခဲ့တာပါ။

တကယ်တော့ လက်ရှိ အခြေအနေမှာ ဘယ်နေရာပဲ ရွှေ့ရွှေ့ ထူးစရာ မရှိလောက် ပါဘူး။ အဘက်ဘက်ကနေ တိုးဝင်လာတဲ့ စိုက်ခင်းတွေ ဆည်တွေကြောင့် တောက လုံးပါးပါးနေပါပြီ။ ကျုပ်တို့ ဘဝက သေဖို့လည်း မလွယ်၊ နေဖို့လည်း မလွယ် ဖြစ်သွားပါပြီ။

သေဖို့မလွယ်ဘူးဆို တာက ကျုပ်တို့ဆင်တွေမှာ သေရင် အရောက်သွားရမယ့် 'ဆင်သင်္ချိုင်း'ဆိုတာ သီး သန့်ရှိတယ်။ ဒါက ရေးဘိုး ဘေးတွေ ရွေးချယ်ပေးတဲ့ နေရာတစ်ခုပေါ့။ ကျုပ်တို့ အားလုံး လျှို့ဝှက်ထားတဲ့ အဲဒီနေရာကို ဘယ်လူသားမှ မသိစေရဘူး။ နောက် ကျုပ် တို့ဆင်တွေဟာ သေတော့ မယ်ဆိုရင် မိမိကိုယ်မိမိ သိ တယ်။ နေရာတင် ပွဲချင်းမပြီး လို့ကတော့ ဒဏ်ရာအနာတရ ရှိနေရင်လည်း လျှိုမြောင် အထပ်ထပ်ကို ကျော်ပြီး ဆင် သင်္ချိုင်းကို အရောက်သွားတဲ့ မျိုးနွယ်တွေ။ ဘိုးဘေးတို့ရဲ့ အရိုးစုကြားမှာ သေခွင့်ရရေး သာ ကျုပ်တို့အားလုံး လိုလား တဲ့ အခွင့်အရေးပါ။ ခက်တာ က လက်ရှိအနေအထားမှာ ဘိုးဘေးတွေရဲ့ အရိုးအစွယ် မှန်သမျှ ရေလွှာအောက်ကို ရောက်သွားပြီ။ ဆည်ကြီး ကြောင့် ကျုပ်တို့ သေရေးက ခက်ကိုခက်သွားပြီ။ နေရေး ကျတော့ရောတဲ့။ ဘယ်မှာလဲ အစာ၊ ဘယ်မှာလဲ ခိုစရာ သစ်ရိပ်။ တွက်ကြည့်ရင် ကျုပ်တို့ဟာ မျိုးသုဉ်းဖို့ အချိန်ကို စောင့်နေရသလိုပါ ပဲ။

မျိုးသုဉ်းမှာ ကျုပ်တို့ တင်လားဆိုတော့ မဟုတ် ဘူး။ အခြား အခြားသော တောရိုင်းတိရစ္ဆာန်ဟူသမျှ လည်း ဘာထူးလို့လဲ။ ရန်း ရင်းကန်ရင်း စောင့်နေတာက တောအပြုန်းကိုပေါ့။ တော ပြုန်းရင် အားလုံး ပြီးသွားပြီ လေ။ ဒီအထဲမှာ ဝမ်းကျယ်၊ စားအားကြီး၊ အသက်ရှည်တဲ့ ကျုပ်တို့က အဆိုးဆုံးပါ။ ခုဆို ဖြည့်မနိုင်လွန်းတဲ့ ဝမ်း သမုဒ္ဒရာကြောင့် လူတို့ရဲ့နယ် ပယ်ကို ကျုပ်တို့နယ်ပယ်လို့ ထင်မိနေပြီ။ ခေတ်အဆက် ဆက်မှာ လူနဲ့ရတာနဲ့ ရှောင်ခဲ့ သမျှ လူရှိရင် အစာရှိတယ် ဆိုပြီး ကျုပ်တို့ တိုးဝင်ကုန်ပြီ။

ပြီးခဲ့တဲ့လကဆို ရိုးမ အစပ်က ရွာတွေသာ မဟုတ် တော့ဘူး။ နယ်ချဲ့ရင်း ချဲ့ရင်း 'တောင်ပို့လှရွာ'အထိ ကျုပ် တို့ ရောက်ခဲ့ပြီးပြီ။ တောင်ပို့ လှဆိုတာက ဥက္ကံမြို့နဲ့ ကပ် နေပြီ။ လျှပ်စစ်မီးရောင်ထိန် ထိန်နဲ့ ကားသံ၊ ရထားသံတွေ ကြောင့်သာ မဟုတ်ရင် ကျုပ် တို့ ညီအစ်ကိုရဲ့ခြေလှမ်းက ဥက္ကံမြို့ထဲ ချပြီးလောက်ပြီ။ အဲဒီနေ့ကဆို မြို့နားအထိ ကျုပ်တို့ ကပ်မိလို့ မြို့သူမြို့ သားတွေ အုတ်အော်သောင်း တင်း ဖြစ်ကုန်တာပေါ့။ ဥက္ကံ ရဲစခန်းက ရဲတပ်ဖွဲ့ဝင်တွေ၊ သာယာဝတီမြို့က ဆင် မောင်းအဖွဲ့တွေ၊ ပနီပင်၊ စိန်



www.burmeseclassic.com

www.burmeseclassic.com

ချောင်း၊ ကျွဲပုန်း၊ ခြောက်တဲ အစရှိတဲ့ ရွာပေါင်းစုက ရွာသူရွာသားတွေ ပူးပေါင်းပြီး ကျုပ်တို့ကို လှန့်တော့မှ ရိုးမထဲ ကျုပ်တို့ ပြန်မိတာ။

တကယ်တော့ ဆင်ဆိုတာ ဗုဒ္ဓဘာသာဝင်တွေအတွက် ရတနာတစ်ပါးလို့ ကျုပ် ကြားဖူးတယ်။ မြတ်မြတ်နိုးနိုး တန်ဖိုးထားတဲ့ အရာပေါ့။ ခုက မှားသွားပြီထင်ပါရဲ့။ ကျုပ်တို့ဟာ လူသားတွေရဲ့ ရန်သူ ဖြစ်လာပြီ။

လူ့ပိုင်နက်ထဲ ဝင်ပြီး လုစားတယ်၊ ခိုးစားတယ်။ သူတစ်ပါး အိမ်ရာကို ဖြိုဖျက်ဖို့ ဝန်မလေးဘူး။ ဘုရားကျောင်းကန်ကို ထိပါးတယ်။ ကိုယ့်အရေးတစ်ခုသာကြည့်တဲ့ တန်ဖိုးမဲ့တွေ ဖြစ်သွားပြီ။ ရှေးဘိုးဘေးတို့ တန်ဖိုးရှိစွာ နေထိုင်ခဲ့တဲ့ ဂုဏ်ကို ဖျက်ပစ်လိုက်ပြီ။ 'ရတနာဆင်' ဆိုတဲ့ ဂုဏ်ထူး ဝိသေသဟာ ကျုပ်တို့လက်ထက်မှာ ပျက်သွားပြီ။ တွက်ကြည့်ရင် အစဉ်အလာကောင်းတဲ့ဇာတ်ကို ဖျက်တဲ့ 'ဇာတ်ပျက်' တွေဗျ။

အပျက်တကာ့ အပျက်ဆုံးကတော့ 'အသား' စားတဲ့ ကိစ္စပေါ့။ ကမ္ဘာဦးကတည်းက အသီးအရွက်နဲ့သာ အသက်ဆက်ခဲ့တဲ့ ကျုပ်တို့ မျိုးနွယ်ဟာ ယနေ့ အခြေအနေကြောင့် အသားပါ စားနေပြီ။ စားတာတောင် ရိုးရိုး အသား မဟုတ်ဘူး။ လူသားဗျ၊ လူသား။ လူသားဟာ အရသာရှိပါလား။ ကျုပ်တို့ ဝမ်းမီးကို ငြိမ်းစေပါလားလို့ အစက ကျုပ် မသိဘူး။ သိသွားပုံက ဒီလိုဗျ။

ပြီးခဲ့တဲ့ နေ့ရက်တစ်ရက်မှာ ဆာလောင်နေတဲ့ ကျုပ်တို့ ညီအစ်ကို ရိုးမထဲ လှည့်ကြသေးတယ်။ သစ်ရွက်ခြောက်ကလွဲပြီး ဘာမှ မမြင်တော့ ထုံးစံအတိုင်း တောစပ်ကို ထွက်မိတာပေါ့။ တောစပ်ရောက်တော့ ကုမ္ပဏီတစ်ခုရဲ့ စိုက်ခင်းနားမှာ ရစ်သီရစ်သီနဲ့ အစာရှာမိတယ်။

**ကျုပ်ကို ရွာသားတွေက အမည်ပေးတယ် 'သန်းတိုးအောင်' တဲ့ ခြေကာန် အားပြင်းတဲ့ အစ်ကို့ကိုတော့ 'မျိုးလှိုင်ဝင်း' တဲ့ ပြောရရင် ရိုးမအစပ်က ရွာသားတွေ သူတို့အမြင်နဲ့ တင်စားမှုကြောင့် ဥက္ကံကွင်း တစ်လျှောက်မှာ ကျုပ်တို့ ညီအစ်ကိုရဲ့ နာမည်က ကျော်သွားတော့တာပေါ့**

စိုက်ခင်းတွေမှာက ကျွန်းနဲ့ ရော်ဘာလို နှစ်ရှည်ပင်တွေ အဓိကထားပြီး စိုက်တာဗျ။ အဲဒီအပင်တွေ မြင့်လာရင်တော့ တွက်ခြေကိုက်အောင် ကြားညှပ်အပင်တွေ စိုက်လေ့ရှိတယ်။ ငှက်ပျောတို့၊ နာနတ်တို့လို သီးပင်စားပင်တွေပေါ့။ ဒါကြောင့် ဆာလောင်နေတဲ့ ကျုပ်တို့ညီအစ်ကိုလည်း ငှက်ပျောသီး၊ နာနတ်သီးစားရနိုး မျှော်ကိုးပြီး ရှာကြည့်မိတာပါ။

ဒီနေရာမှာ ကျုပ် သိထားတာက စိုက်ခင်းရှိရင် အစောင့်ရှိတယ်ဆိုတာပဲ။ ကျုပ် အတွေ့အကြုံအရ ပြောရရင် ကျွန်းလို၊ ရော်ဘာလို အပင်မျိုးက မြင့်တက်သွားရင် စိတ်ချရပြီ။ ဒါပေမဲ့ ငှက်ပျော၊ နာနတ်၊ မာလကာစတဲ့ ကြားညှပ်အပင်တွေက အစောင့်ရှိမှ စိတ်ချရတာ။ ဆင်လာ ဆင်မောင်း၊ တောကြက်လာ တောကြက်မောင်းသူမှ မရှိရင် ကုန်ရော။ ဒါကို သိတော့ ကုမ္ပဏီပိုင်ရှင်ဟာ အစောင့်ငှားတယ်။ စိုက်ခင်းမှာထားတယ်။ ဒါကြောင့် အစာရနိုးနိုးရှာရင်း စိုက်ခင်းစောင့်ကို ကျုပ်က ကြည့်လာတာပေါ့။

နောက်တော့ အစ်ကိုက နီးရာ စိုက်ခင်းတစ်ခုကို ဝင်သလို ကျုပ်ကလည်း တစ်ဖက် စိုက်ခင်းဆီ လျှောက်သွားတယ်။ ဟိုဟိုဒီဒီ လှေ့လာတယ်။ ခဏကြာတော့ ငှက်ပျောခိုင်ရင့်ရင့်တစ်ခိုင်ကို ကျုပ် မြင်တယ်ဗျ။ မြင်တော့ အစောင့်အခြေအနေကို ကျုပ် ထပ်လေ့လာတယ်။ ဘာလှုပ်ရှားမှုမှ မမြင်ရတဲ့အဆုံးမှာ စိုက်ခင်းထဲ ရဲရဲကြီး ကျုပ် ဝင်ခဲ့တယ်။ အဲ ငှက်ပျောခိုင်နား ကျုပ် ရောက်လုနီးမှာ ဝှစ်ဆိုတဲ့ လေသံနဲ့အတူ စင်းမြား တစ်ချောင်း ကျုပ်နားရွက်မှာ လာစိုက်တယ်။ စင်းမြားလာရာကို လှေ့လာလိုက်တော့ လင့်စင်တစ်ခုပေါ်မှာ လူရိပ် မြင်လိုက်ရတယ်။ လင့်စင်က မမြင့်ပါဘူး။ ရှိလှ ကျုပ် တစ်ရပ်သာသာပေါ့။

အစောင့်ဟာ ကျုပ်ကို ချောင်းပစ်ပြီး ငြိမ်သွားဖြန်တယ်ဗျ။ ကျုပ်လည်း ထိချက်မနာ၊ ဆာလည်းဆာတော့ လင့်စင်ကို လှည့်မကြည့်တော့ဘူး။ ငှက်ပျောခိုင်ဆီကိုပဲ ဦးတည်လိုက်တယ်။ ဒီမှာပဲ နောက်ထပ် စင်းမြားတစ်ချောင်း ကျုပ်တင်ပါးကို ထပ်စိုက်တာ၊ စူးခနဲ နာတော့ ဒေါသထွက်သွားတာပေါ့။ ဒါကြောင့် လင့်စင်ရှိရာဘက် ကျုပ် ဖြေထွက်လိုက်တယ်။ လင့်စင်နားလည်းရောက်ရော ခေါင်းကို ဝပ်ချလိုက်ပြီး ကျုပ်ရဲ့ နာမည်ကျော် ခေါင်းတိုက်ချက်ကို ပြလိုက်တာပေါ့။ ဒီမှာတင် လင့်စင်ယိုင်ပြီး လူနှစ်ယောက်နဲ့ ပီနံအိတ်ထုပ်တစ်ထုပ် လင့်စင်ပေါ်ကနေ ပြုတ်ကျသွားပါရောလား။

ကြည့်ရတာ ပြုတ်ကျလာတဲ့ လူနှစ်ယောက်က အဘိုးအို၊ အဘွားအိုစုံတွဲ ဖြစ်ပုံရတယ်။ သူတို့လည်း သူတို့ဝမ်းရေးအတွက် ခြံစောင့်လုပ်ပြီး အသက်မွေးကြတာ ဖြစ်လိမ့်မယ်။ ကျုပ်ရဲ့ခေါင်းတိုက်ချက်ကြောင့် မြေပေါ်အကျမှာ အဘိုးအိုက အဘွားအိုကို ထူတယ်။ ဒါပေမဲ့ အမြင့်က ကျတာဆိုတော့ အဘွားအိုခမျာ ရတ်တရက် မထ,နိုင်ရှာဘူး။ နောက်တော့ ကျုပ်နဲ့ နီးကပ်လွန်းသော အခြေအနေကြောင့် အဘိုးအိုဟာ အသက်လုပြေးတော့တာ



www.burmeseclassic.com

www.burmeseclassic.com

ဆေး။

ကျုပ်ကတော့ ထွက်ပြေးသွားတဲ့ အစောင့်အကောင်းအိုကိုရော၊ လဲနေတဲ့ အသွားအိုကိုပါ ဂရုမထားတော့ဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့နဲ့အတူ ပြုတ်ကျလာတဲ့ ပီနံအိတ်ကတစ်ခြင် ဆန်နဲ့ ပဲအချို့ ထွက်လာတာမြင်လိုက်လို့ပေါ့။

ကျုပ်လေ ဆန်နဲ့ပဲတွေကိုလည်းတွေ့ရော ဘေးဘီကို မကြည့်တော့ဘူး။ အလုအသက် စားဖို့ပဲ ပြင်ဆင်မိတယ်။ ခက်တာက အစာအတ်ကို ကျုပ် မဲနေခိုက်မှာ လဲနေတဲ့ အသွားအိုဟာ နီးရာသစ်ကိုင်းခြောက်ဆွဲပြီး ကျုပ်ခြေထောက်ကို ရိုက်နေတာ။ ရိုက်ချက်က မနာပါဘူး။ ဒါပေမဲ့ အနှောင့်အယှက်တော့ ဖြစ်တာပေါ့။ ဒါကြောင့် အသွားအိုကို မလှုပ်သာအောင် အသာနင်းထားလိုက်ပြီး သူတို့ရဲ့ရိက္ခာထုပ်ကို ကျုပ်က စားတယ်။ စားတယ်။

ခဏကြာတော့ အစာကုန်လို့ အသွားအိုဘက် လှည့်အကြည့်မှာ အားချင်းမမျှတဲ့ အခြေအနေကြောင့် အသွားအိုအသက် မရှိတော့ဘူး။ ကျုပ် ခြေထောက်အောက်မှာ ခေါင်းတခြား ကိုယ်တခြား အပိုင်းပိုင်းကို ဖြစ်သွားတာ။ ပထမတော့ မမြင်ရက်စရာ အခြေအနေကြောင့် ကျုပ် စိတ်မကောင်းဖြစ်သေးတယ်။ ဒါကြောင့် လှည့်ထွက်သွားဖို့တောင် ပြင်မိတယ်။ ခက်တာက အဲဒီအခိုက်မှာ မွှေးပျံ့တဲ့ ရနံ့တစ်ခုကြောင့် ကျုပ် ထွက်မသွားနိုင်တော့ဘူး။ ကျုပ် ရတဲ့ရနံ့က နှမ်းဆီနံ့ဗျ။

ပြောရရင် ကျုပ်ဝမ်းက မပြည့်သေးဘူး။ ဆာနေတုန်း။ ဆန် သုံး၊ လေးပြည်နဲ့ ပဲတစ်ခွက်စာဟာ နံကြိုနံကြား ကပ်ရုံလောက်ပဲ ရှိမှာပေါ့။ ကျုပ် ခြေဖဝါးအောက်က မရှုမလှအသွားအိုကြောင့် ထွက်သွားဖို့သာ ကြံမိတာ၊ နှမ်းဆီနံ့လည်းရရော ထွက်မသွားနိုင်ပြန်ဘူး။ ဒါကြောင့် အနီးအနားကိုပဲ ဝေ့ဝဲကြည့်မိတယ်။ တွေ့မယ့်တွေ့တော့ ပုလင်းတစ်လုံး လဲနေတာ အဖိတ်ဖိတ် အစဉ်စဉ်ပါပဲ။ ကျုပ် စိတ်အထင်တော့ ဒါဟာ ရိက္ခာထုပ်နဲ့အတူ ပါလာတဲ့ နှမ်းဆီပုလင်းပဲ ဖြစ်မယ် ထင်တယ်။

နောက်တော့ မြေသားမာမာပေါ်မှာ ဖိတ်ကျနေတဲ့ ဆီတွေကို ကျုပ်က နှာမောင်းနဲ့ယူ၊ လျှာနဲ့လျက် တစ်ချက်ပြီး တစ်ချက် အရသာခံတော့တာပေါ့။ ဒီမှာတင် ညီစိုစို အနံ့နဲ့အတူ ချိုမြမြ အရသာစူးစူးက ကျုပ် ခံတွင်းထဲ ဝင်လာတာ။

ပထမတော့ ဒီလောက်ကောင်းတာ ဘာပါလိမ့်ပေါ့။ စူးစမ်းရင်း စူးစမ်းရင်း အတော် ထူးမှန်းလည်းသိရော အစ်ကို့ကိုလည်း ကျွေးချင်တာကြောင့် ကျုပ်အသံပြုပြီး ခေါ်လိုက်တယ်။ ခဏကြာတော့ ကျုပ်အစ်ကို ရောက်လာတယ်။ ကြည့်ရတာ အစ်ကို့ခမျာ ဘာဆို ဘာမှ မစားရသေးဘူး ထင်ပါရဲ့။ ဆာလွန်းလို့ အသားတွေတောင် တုန်နေရှာတယ်။

အစ်ကိုဟာ ကျုပ်အနားလည်းရောက်ရော အသွားအိုရဲ့အလောင်းကို မြင်ပြီး ပထမမှာ လန့်သွားတယ်။ ကျုပ်က အတိုချုံးပြီး ရှင်းပြမှ သူ ငြိမ်သွားတာ။ နောက် ထူးခြားတဲ့ နှမ်းဆီအကြောင်း ကျုပ်က ပြောပြတယ်။ ဒါကို မရွံမရှဲနဲ့ အစ်ကို စားကြည့်တယ်။ စားလည်းစားမိရော ကောင်းလိုက်တာကွာဆိုပြီး ထပ်စားပြန်တယ်။ စားရင်းနဲ့ အစ်ကိုပြောတာက ဒါဟာ လူ့သွေးတွေတဲ့။ ဆီပုလင်းမှောက်ရာက လူ့သွေးနဲ့ ရောသွားတာတဲ့။ အစ်ကိုဟာ ဆာလည်းဆာ၊ အရသာကိုလည်း သိသွားတော့ သွေးကတစ်ဆင့် အသားကို စားတယ်။ ကောင်းတယ်ဆိုတော့ ကျုပ်လည်း လိုက်စားတာပေါ့။ နောက်တော့ ကလီစာ၊ ဒါလည်း ကောင်းတာပဲ။ ဒီမှာတင် ကျုပ်တို့ညီအစ်ကို ဆက်တိုက်စားလိုက်ကြတာ အသွားအိုရဲ့အလောင်း ဘာဆို ဘာမှ မကျန်တော့ဘူး။

ညရောက်တော့ အစ်ကိုက ကျုပ်ကို ပြောတယ်။ 'ညီလေးရေ တို့မျိုးနွယ်စုတစ်ခုလုံး ဇာတ်ပျက်သွားပြီ'တဲ့။ ကျုပ်လေ ငေးငေးလေး အစ်ကို့ကိုကြည့်ရင်း အတွေးတွေကို ဆန့်ထုတ်မိတယ်။ အစ်ကိုပြောတာ ဟုတ်လောက်တယ်ဗျ။ ခုတစ်လော ဆက်တိုက်ဆိုသလို ကြားနေရတဲ့သတင်းတွေမှာ လူသေတဲ့သတင်းတွေက အထပ်ထပ်ပဲ။

'ဖလုံ'ဘက်မှာတဲ့။

'ကင်းပတီး'ဘက်မှာတဲ့။

'ဓာတ်ချောင်း'ဘက်မှာတဲ့။

သေလိုက်ကြတဲ့ လူတွေ မကြာခဏဆိုသလိုပဲ။ သေတော့လည်း ကြည့်ဦး။ အစရှာမရအောင် အလောင်းပျောက်ပဲတဲ့။ ဒါဆို ကျုပ်အစ်ကိုပြောတာ မှန်ပြီပေါ့။ မွေးဌာနေပျောက်၊ စားကျက်ပျောက်ရာကတစ်ဆင့် အကွဲကွဲခွဲထွက်တဲ့ ကျုပ်တို့မျိုးနွယ်တွေ နေရာအသစ်ရှာရင်း ကျုပ်လိုပဲ 'ထူးခြားတဲ့အရသာ'ကို တွေ့ကုန်ပြီ။ ဇာတ်တွေပျက်ကုန်ပြီ။ မျိုးမသုဉ်းမီစပ်ကြား ရရာအစားအစာနဲ့ အသက်ဆက်ကုန်ကြပြီပေါ့။

❑

ကျုပ် ပြောခဲ့ပြီးပြီနော်။ လက်ရှိအခြေအနေမှာ ကျုပ်တို့ စောင့်နေတာ မျိုးသုဉ်းဖို့သက်သက်ပဲ။ ပြန်ပြေးစရာ မွေးဌာနေကလည်း မရှိဘူးဆိုတော့ မျိုးမသုဉ်းမီစပ်ကြားမှာ ဟာနေတဲ့ဝမ်းကို ရရာနဲ့ ဖြည့်မှာ။ ဝမ်းပြည့်ရင် နီးရာသစ်ရိပ်အောက် ခဏနားမယ်။ ပြီးရင် ရှေ့ကို ဆက်တိုးမယ်။ မြို့ထဲရွာထဲကလွဲပြီး ရွေးစရာဘာရှိလို့တုံး။ ရှောင်နိုင်ရင်ရှောင်ပေတော့။ ဇာတ်ပျက်တွေလာပြီ။ ဌာနေပျောက်တွေလာပြီ။ စားကျက်ပျောက်တွေလာပြီ။

*(ယခု စာမူပါ နာမည်ကျော် အားကစားသမားတို့၏ အမည်များသည် ဒေသခံရွာသားများ ချစ်စနိုးဖြင့် တင်စားရာမှ တွင်ခဲ့သော အမည်များဖြစ်ပါသည်။ နားလည် ခွင့်လွှတ်ပေးပါ။)*

■

**မောင်အင်း၊ဥတ္တ**

www.burmeseclassic.com

# ဆရာကြီးနဲ့ တွေ့ချင်လေးပါ

တင်မြင့်ဦး ၊ သံလျှဲ ၊

ဟုတ်တယ်၊ ကိုစာကလေး သေတော့မယ်။
အခု ကြည့်ရင်တော့ ကိုစာကလေးဟာ
သွားတုန်းလာတုန်း၊ စားတုန်းသောက်တုန်းပါပဲ။
ဒါပေမဲ့ ကိုစာကလေး သေတော့မယ်။

❑

ကိုစာကလေး ဗိုက်ထဲမှာ
အောင့်တောင့်တောင့်ဖြစ်နေတာ ကြာပြီ။
အရင်ကဆိုရင်တော့ အနောက်ဗိုင်းက
မိတင်သိန်းအိမ်ဘက်သွားပြီး
တစ်ခွက်ကောင်းကောင်း ဆော်လိုက်ရင်
ပျောက်တာပဲ။ အခုတော့ မရဘူး။
လူစိတ်ပျောက်အောင် အမူးသောက်လို့
အိပ်ပျော်သွားရင်တောင် မနက်မိုးလင်း
အိပ်ရာထရင် အောင့်တောင့်တောင့်ပဲ။ ပထမတော့
သူတို့ဆရာလေးလို့ ခေါ်ခေါ်နေတဲ့ အပ်ပုန်းကိုင်တဲ့
ကျွန်အောင်ဆီ ရောက်တယ်။
အဲဒီမှာပဲ ကံကောင်းတယ်ပြောရမလား၊
ကံဆိုးတယ်ပြောရမလား ဆရာလေးက
မြို့ဆေးရုံကို လွှတ်လိုက်ရော။
ဆရာလေးက အပ်ပုန်းဆိုပေမဲ့
ဗဟုသုတများတယ်။ ပြောရရင်
မြို့ကြီးပြန်ပဲ။
သူတို့ရွာကို ရောက်[...]
တဲ့ အပ်ကိုင်ကြီးတစ်ယော[...]
နဲ့ ဆရာလေး မြို့ကြီး[...]
လိုက်သွားတယ်။ ပြန်[...]
တော့ အရင်လို တင်ပါး[...]
ဆေးထိုးချင်တဲ့စိတ် မ[...]
တော့ဘူး။ သိုသိုသိပ်သိ[...]
ကျိတ်လုပ်တော့တယ်။ [...]
ကြတာတော့ ဆရာ[...]
လိုက်သွားတဲ့ အပ်ကိုင်ကြီး[...]
အဲဒီအပ်ကိုင်မှုနဲ့ပဲ ထောင်[...]
ရှည်ကျသွားတာတဲ့။ ထ[...]
တော့ သူများအကြောင်း[...]
ရရင် မြို့ကြီးပြန် ဆရာ[...]
ဗဟုသုတ ရှိလာတယ်။ [...]
တော့ ကိုစာကလေးကို [...]
ဆေးရုံ လွှတ်တယ်။ [...]
တော့လည်း သွားတာ[...]
အဲဒီမှာတင် မြို့ဆေး[...]
ဆရာကြီးက ကိုစာက[...]



www.burmeseclassic.com

www.burmeseclassic.com

ကိုစာကလေးက ဘာရောဂါအကြောင်းမှ မပြောဘူး
မျက်ရည်သီသီဝေ့နေတဲ့ မျက်ဝန်းတွေနဲ့ လှန်ကြည့်ပြီး
'ငါ သမ္မတကြီးနဲ့ တွေ့ချင်တယ်'လို့ ထပ်ပြောတယ်။ ဒီတစ်ကြိမ်တော့
မိသန်းနု မရယ်ရဲတော့ဘူး။ စိတ်ထဲ ထိတ်ခနဲ ဖြစ်သွားတယ်
ကိုစာကလေး ညာလက်ဖဝါးကို ညင်ညင်သာသာ ဆွဲယူပြီးတော့
'တော်တို့ ကျုပ်တို့နဲ့ ဘာဆိုင်လို့လဲ။ မတွေ့ချင်ပါနဲ့တော်'လို့ နှစ်သိမ့်တယ်
ကိုစာကလေး ဘာမှ ပြန်မပြောဘူး။ ညှိုးနွမ်းနွမ်း မျက်နှာနဲ့ သူ့လက်ကလေး
သူ ပြန်နောက်ဆုတ်ပြီး ကုပ်ကုပ်လေး ငြိမ်သွားတယ်



www.burmeseclassic.com

www.burmeseclassic.com

ဗိုက်ထဲက အသားစသေးသေးလေးကိုထုတ်ပြီး ရန်ကုန်မြို့ကို ပို့ရမယ်တဲ့။

ပို့ပေါ့။ ကိုစာကလေးကတော့ ဒီလောက်ခမ်းနားတဲ့ ဆေးရုံကြီးဆီ ရောက်ရင် ကောင်းမယ်မှတ်တာ။ အဲ တစ်လကျော်လောက်ကြာတော့ အဖြေရောက်လာပြီဆိုပြီး ဆရာကြီးက ပြောတယ်။ ကိုစာကလေးရောဂါက ကျွမ်းနေပြီတဲ့။ ကင်ဆာတဲ့။ ၃ လ ဟုတ်ရင်ဟုတ် မဟုတ်ရင် ၆ လပဲ ကြာလိမ့်မယ်တဲ့။ ဒီမှာတင် ကိုစာကလေး ချက်ချင်း အိပ်ရာထဲ မလဲပေမဲ့ သူ့ကိုယ်သူ သေလူလို့ မှတ်သွားတော့တယ်။

❑

သူတို့မြို့ကို သမ္မတကြီး ရောက်မယ်ဆိုတဲ့ သတင်းက တောမီးလို ချက်ချင်း ပျံ့သွားတယ်။ ဘယ်လောက်မြန်လဲဆို မြို့နဲ့ မိုင် ၃၀ နီးပါးဝေးတဲ့ ကိုစာကလေးတို့ရဲ့ အဘဲ့ရွာကို ညမကူးဘူး ရောက်တယ်။ ရောက်တော့လည်း ဘာရယ်မဟုတ်ဘူး ပြောကြတာပေါ့။ တို့နိုင်ငံက အကြီးဆုံးဆိုတဲ့ သမ္မတ တို့မြို့ကို ရောက်မယ်ပေါ့။ ဒီလိုပဲ မိန်းမတွေ အိမ်ခွေးကတက်မှာ စုပြောတုန်း ခေါင်းရင်းခန်းမှာ ကုပ်ကုပ်လေးထိုင်နေတဲ့ ကိုစာကလေးက သူ့မိန်းမ မိသန်းနုကို လေသံသဲ့သဲ့နဲ့ လှမ်းပြောတယ်။ ပထမတော့ ဘယ်သူမှ မကြားလိုက်ဘူး။ ဒါပေမဲ့ 'အင်' ဆိုပြီး လှည့်ကြည့်တော့ ကိုစာကလေးက ထပ်ပြောတယ်။ 'ငါ သမ္မတကြီးနဲ့ တွေ့ချင်တယ်' တဲ့။

မိန်းမအုပ်စုကြီးက ဝါးခနဲ ရယ်တယ်။ နောက်တော့ ကိုစာကလေးရောဂါကို သတိရသွားကြပြီး သွားတွေပြန်စေ့တယ်။ မိသန်းနုက 'တော့်မှာလည်း ချင်ခြင်းတက်စရာရှားလို့တော်' လို့ ပြောပြီး သူ့အပေါင်းအသင်းတွေခေါ်ပြီး အိမ်ပေါ်က ဆင်းသွားတယ်။ ကိုစာကလေးက ဘာမှ ထပ်မပြောပေမဲ့ မျက်နှာတော့ သိပ်မကောင်းဘူးပေါ့။ ထိုင်တဲ့နေရာမှာ ခွေခွေလေးပဲ လှဲနေတော့တယ်။ အဲ မိသန်းနု ရွာတစ်ပတ်လှည့်ပြီးလို့ ပြန်လာတော့လည်း လှဲနေတုန်းပဲ။

မိသန်းနုကတော့ အိမ်ပေါ်အတက်မှာ ကိုစာကလေးကို တစ်ချက် လှည့်ကြည့်တယ်။ ပြီး မီးဖိုချောင်ထဲ ဝင် ထမင်းဟင်း ခူးခပ်ပြီး ကိုစာကလေးကို ထမင်းစားဖို့ ခေါ်တယ်။ ကိုစာကလေးက ဘာမှ ထပ်မပြောပေမဲ့ နေ့တိုင်းလို ထမင်းကို အားတင်းပြီး မစားဘူး။ တစ်လုတ်လိုလို၊ နှစ်လုတ်လိုလို စားပြီးတော့ 'ငါတော်ပြီ' လို့ ပြောပြီး ထ,သွားတယ်။ ပြီးတော့လည်း နေ့တိုင်းလို ရေဒီယိုလေး ဟိုလှည့် ဒီလှည့် မလှည့်ဘူး။ သူ့အိပ်ရာထဲ စောစောဝင်ပြီး ခွေခွေလေးနေတယ်။ ဒါပေမဲ့ အိပ်မပျော်မှန်း မိသန်းနုက သိတယ်။ နော့၊ သူတို့ အိမ်ဝါးကြမ်းခင်းက လှုပ်လိုက်တိုင်း တကျွတ်ကျွတ် မြည်နေတာကိုး။

မနက်လင်းတော့ မိသန်းနု နှုတ်တင်းမနေနိုင်တော့ဘူး။ ကိုစာကလေးကို 'တော် ဘယ်နေရာက နာနေလို့ အိပ်မပျော်တာလဲ။ အနေရခက်လာပြီလား' လို့ မေးတယ်။ ကိုစာကလေးက ဘာရောဂါအကြောင်းမှ မပြောဘူး၊ မျက်ရည်သီသီဝေ့နေတဲ့ မျက်ဝန်းတွေနဲ့ လှန်ကြည့်ပြီး 'ငါ သမ္မတကြီးနဲ့ တွေ့ချင်တယ်' လို့ ထပ်ပြောတယ်။ ဒီတစ်ကြိမ်တော့ မိသန်းနု မရယ်ရဲတော့ဘူး။ စိတ်ထဲထိတ်ခနဲ ဖြစ်သွားတယ်။ ကိုစာကလေး ညာလက်ဖဝါးကို ညင်ညင်သာသာ ဆွဲယူပြီးတော့ 'တော်တို့၊ ကျုပ်တို့နဲ့ ဘာဆိုင်လို့လဲ။ မတွေ့ချင်ပါနဲ့တော်' လို့ နှစ်သိမ့်တယ်။ ကိုစာကလေး ဘာမှ ပြန်မပြောဘူး။ ညှိုးနွမ်းနွမ်း မျက်နှာနဲ့ သူ့လက်ကလေး သူ ပြန်နောက်ဆုတ်ပြီး ကုပ်ကုပ်လေး ငြိမ်သွားတယ်။

မိသန်းနု အလုပ်ထ, လုပ်နေပေမဲ့ ရင်ထဲမကောင်းဘူး။ သူ့မှာ သားသမီး မရတတ်တော့ ယောက်ျားဖြစ်တဲ့ ကိုစာကလေးကိုပဲ လင်လိုတစ်မျိုး၊ သားလိုတစ်သွယ် ချစ်နေရတာ မဟုတ်လား။ နောက် ကိုစာကလေးက ရောဂါကျွမ်းနေတဲ့ သေလူ။ ကိုယ့်လူမျိုး အယူနဲ့ သေတော့မယ့်လူရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးလိုက်ချင်တယ်။ ဒီတော့ အိမ်ပေါ်မှာ ကြာကြာ မနေနိုင်တော့ဘူး။ အိမ်ပြင်ထွက် အကူအညီရှာတယ်။

နောက်တော့ ဦးသံချောင်းဆီရောက်သွားတယ်။ ဦးသံချောင်းက ဦးပဥ္စင်းဘဝနဲ့တုန်းက မြို့ကြီးပြကြီး တော်တော်များများ ရောက်ဖူးတာကိုး။ ဒါတောင် မိသန်းနု စကားကြားတော့ ရေနွေးပူပူကြီး မမှုတ်ဘဲ သောက်မိသွားတယ်။ 'သောက်ကျိုးနည်း၊ နင့်လင် စာကလေးက သေခါနီး ကယောင်ကတမ်း ပြောနေပြီ ထင်တယ်ဟဲ့' ဆိုပြီး အပြေး လိုက်ချလာတယ်။ သူတို့ရောက်တော့ ကိုစာကလေးက ခွေခွေလေး အိပ်နေပေမဲ့ တည်တည်ငြိမ်ငြိမ်ပါပဲ။ မျက်ဝန်းထဲမှာတော့ မျက်ရည်သီသီဝေ့နေဆဲပဲ။ ဦးသံချောင်းက 'မောင်စာရယ် ဘယ်လိုဖြစ်တာလဲ' မေးတော့ 'ကျွန်တော် မသေခင် သမ္မတကြီးနဲ့ တွေ့ချင်တယ်' လို့ လေသံပျော့ပျော့နဲ့ ပြောတယ်။ ဦးသံချောင်းက အမျိုးမျိုး ဖျောင်းဖျနှစ်သိမ့်ပေမဲ့ ကိုစာကလေး ဘာမှ ပြန်မပြောဘူး။

သိပ်မကြာဘူး။ မိတ်ဆွေအပေါင်းအသင်းတွေ လိုက်လာကြတယ်။ အမှန်တော့ ကိုစာကလေးသတင်းမှန်ကို သိလို့ မဟုတ်ဘူး။ အမတခရီး သွားပြီလိုလို၊ သေငယ်ဇောနဲ့ မျောနေပြီလိုလို ကြားလို့ လာကြတာ။ ရောက်တော့လည်း သတင်းမေးရတာပေါ့။ သတင်းမေးကြတော့လည်း 'သမ္မတကြီးနဲ့ တွေ့ချင်တယ်' ပဲ။ ဒီမှာတင် မယ်တော်ကြီးလို့ ခေါ်ခေါ်နေတဲ့ ဒေါ်ဖြူမက တစ်စခန်းထ,ပြန်တယ်။ 'ဒါ အ[illegible] မှီတာ' တဲ့။ ဟုတ်၊ မဟုတ် ဘယ်သူမှ မပြောနိုင်ဘူးလေ။ မယ်တော်ကြီး ဒေါ်ဖြ[illegible] ကုပေးလို့ ကောင်းတဲ့သူတွေ



www.burmeseclassic.com

www.burmeseclassic.com

သည်း ရွာမှာ အများသားကိုး။ ဘာလုပ်ရမလဲမေးတော့ 'စာကလေးကိုယ်စား ကြက်ဖတစ်ကောင် လွှတ်ရမယ်'တဲ့၊ 'မယ်တော်ကြီးကို တစ်ပွဲတင်ရမယ်'တဲ့၊ 'မယ်တော်ကြီး ကြင်နာရင် ဝင်နေတဲ့ကိုယ်တွင်းရောဂါပါ ပျောက်မယ်'တဲ့။

ဒီတော့ ကြက်ရှာသူရှာ၊ ငှက်ပျောသီး၊ အုန်းသီးရှာသူရှာနဲ့ ဝုန်းဝုန်းဒိုင်းဒိုင်း ဖြစ်သွားပြန်ရော။ အိမ်ခြေ ၄၀ လောက်ပဲရှိတဲ့ သူတို့ရွာမှာ တစ်အိမ်နဲ့တစ်အိမ်၊ တစ်ယောက်နဲ့တစ်ယောက် အရေးကြုံရင် ချွေစဉ်မျိုးဆက်ထက်အားကိုးဖြစ်စေတယ်လေ။ ဒီလိုနဲ့ မယ်တော်ကြီးပြောတဲ့အတိုင်း ရှာဖွေစုဆောင်းပြီး လုပ်ကြတာပဲ။ ဒါပေမဲ့ ကိုစာကလေးက သတင်းမေးတဲ့လူကို 'သမ္မတကြီးနဲ့ တွေ့ချင်တယ်'ပြောတုန်းပါ။

မယ်တော်ကြီးရဲ့ ဂမ္ဘီရနည်းက ၄-၅ ရက်ကြာလို့ အခြေအနေ မထူးတော့တစ်မျိုး စဉ်းစားကြပြန်တယ်။ သမ္မတကြီးက မြို့ကိုရောက်မယ်ဆိုတော့ မြို့ကို လူလွှတ်ပြီး စုံစမ်းခိုင်းရင် မကောင်းလားပေါ့။ စောစောက ကြက်လွှတ်တာထက် မြို့ကို လူလွှတ်တာ ပိုပြီး မျှော်လင့်ချက် ရှိတာပေါ့။ ကြက်က သမ္မတတွေ့လို့မှ သမ္မတမှန်းသိမှာ မဟုတ်တာ။ ဒီတော့ လူလွှတ်မယ့်အဆိုကို တင်သွင်းတဲ့ မြင့်မိုးကိုပဲ လွှတ်ဖို့ ဆုံးဖြတ်ကြတယ်။ မြင့်မိုးက မြို့ကျောင်းမှာ ခုနစ်တန်းအထိ ကျောင်းတက်ဖူးသလို ရွာကထွက်တဲ့ ငါးခြောက်တို့၊ အုန်းသားခြောက်တို့ ဝယ်ပြီး ကုန်သည်လုပ်ဖူးတယ်လေ။ မြို့မှာ အဆက်အသွယ်ရှိတယ်ပေါ့။

အမှန်တော့ သူတို့ရွာနဲ့ မြို့က မိုင် ၃၀ နီးပါးသာဝေးတယ် ပြောပေမဲ့ ၃ ရက်ခရီးနဲ့ ရောက်ရင် ကံကောင်းပဲ။ သူတို့ရွာက သမ္ဘန်ချိုင်ကို လှေနဲ့သွား၊ သမ္ဘန်ချိုင်က ဂျိတ္တောရွာကို ခြေကျင်လျှောက်၊ ဂျိတ္တောရွာကမှ မြို့ကို ထော်လာဂျီစီး တက်ရတာကိုး။ ဒီတော့ ဒီခရီးမှာ မြို့ပါးဝဖို့လည်း လိုတယ်။ တစ်ရွာလုံးကရှိတာလေး စုဆောင်းပေးပြီး မြင့်မိုးကို မြို့လွှတ်လိုက်တယ်။ မြင့်မိုးရဲ့ပွဲစားလေက ကောင်းတော့ တစ်ရွာလုံး ဝမ်းသာအားရပေါ့။ ကိုစာကလေးတောင် မျက်ဝန်းတွေထဲမှာ သီသီဝေ့နေတဲ့ မျက်ရည်တွေ နည်းနည်း လျော့ပါးသွားတယ်။

မြင့်မိုး မြို့တက်သွားလို့ ၅ ရက်၊ ၆ ရက်ကြာတော့ သတင်းစကားတွေ ရောက်လာတယ်။ သူက သမ္မတရောက်ရင် တည်းမယ့်အိမ်မှာပဲ တည်းနေသလိုလို၊ သူနဲ့ သမ္မတကြီး ဘယ်စားသောက်ဆိုင်မှာပဲတွေ့ဖို့ အစီအစဉ်ရှိသလိုလိုပဲ။ ကိုစာကလေးကိုလည်း သမ္မတကြီးနဲ့ တွေ့ရင် ကောင်းကောင်းမွန်မွန် စကားပြောနိုင်ဖို့ ကျန်းမာရေး ဂရုစိုက်ပါမှာလို့ ထမင်းတွေ ဘာတွေတောင် ပြန်စားနေပြီ။ မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်လည်း ပုံမှန်လမ်းလျှောက်တယ်။ ရေဒီယိုတောင် ဟိုလှည့်၊ ဒီလှည့် ပြန်လှည့်တယ်။ ပြောမရဘူး၊ မြင့်မိုးက လူလည်ဆိုတော့ အဆက်အသွယ်ကောင်းပြီး 'သမ္မတကြီးနဲ့တွေ့ရတော့မယ်၊ စာကလေး မြို့လိုက်လာခဲ့'လို့ ရေဒီယိုက အော်ခိုင်းရင် အော်ခိုင်းမှာ တွေးတာကိုး။

ဒီလိုနဲ့ မြင့်မိုး မြို့တက်သွားတာ ရက် ၂၀ လောက်ကြာတော့ သတင်းစကားအသစ် ထပ်ရောက်လာတယ်။ သမ္မတကြီးက ကိုစာကလေးကို လာတွေ့ပါဆိုတဲ့ သတင်းတော့ မဟုတ်ဘူး။ မြင့်မိုးတစ်ယောက် မြို့မှာ သေပြီဆိုတဲ့ သတင်းပဲ။ အရက် အမူးလွန်ပြီး ရေမြောင်းထဲ ပြုတ်ကျ ရေနစ်သေတာတဲ့။ ရွာက ပို့ပေးတဲ့ ငွေနဲ့ မြို့မှာ မူးယစ်သောက်စား ပျော်ပါးနေတာကိုး။ မြင့်မိုးသေတာက အကြောင်းမဟုတ်ဘူး။ ကိုစာကလေး အိပ်ရာထဲ ပြန်ခွေခွေလေး လှဲပြန်တယ်။ 'သမ္မတကြီးနဲ့ တွေ့ချင်တယ်'လို့ တဖွဖွ ပြန်ညည်းတယ်။ ဒီတစ်ကြိမ်တော့ ရွာကလူတွေလည်း အဆက်အသွယ်ရှာဖို့ လူမလွှတ်ရဲတော့ဘူး။

ဒါပေမဲ့ အားလျှော့စကားတော့ မပြောကြပါဘူး။ ရွာလူကြီး ဦးလုကလေးက သူလည်း မင်းပေါက်စိုးပေါက်တစ်ယောက်ပါလို့ အာမခံပြီး ကိုစာကလေးအတွက် သမ္မတကြီးဆီကို စာရေးပို့ပေးတယ်။ ကိုယ့်တိုင်တော့ မရေးတတ်ဘူးပေါ့။ ၄ တန်းအထိ ပညာရေး ပေါက်မြောက်ခဲ့တဲ့ သူ့သမီး ဝက်မကို ရေးခိုင်းတာ။

နတ်ကတော် ငှက်ဖျားတို့က သမ္မတကြီး သိဖို့ ဆုတောင်းပွဲလုပ်ပေးတယ်။ ကျွဲကြီးတို့ကလေးတွေကတောင် သူတို့ မွေးထားတဲ့ သာလိကာငှက်ကို စကားသင်ပြီး သမ္မတကြီးဆီ လွှတ်လိုက်တယ်တဲ့။ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှတော့ ကြိုးစားပေးကြတာပေါ့။

❑

အခုဆို သူတို့ရွာမှာ ဦးသံချောင်းလည်း ဆုံးပြီ။ မယ်တော်ကြီး ဒေါ်ဖြူမလည်း လေဖြန်းလို့ အိပ်ရာထဲ လဲနေပြီ။ ဆရာလေး ကျန်အောင်လည်း တစ်မြို့တစ်ရွာသူနဲ့ အိမ်ထောင်ကျလို့ ပြောင်းရွှေ့သွားပြီ။ အသေအချာ ပြန်တွက်ရင် ၃ လ ဟုတ်ရင်ဟုတ်၊ မဟုတ်ရင် ၆ လဆိုတဲ့ အချိန်သတ်မှတ်ချက်လည်း တစ်နှစ်ကျော်ကြာပြီ။

သမ္မတကြီးလည်း သူတို့မြို့ကို ရောက်လေသလား၊ မရောက်လေသလား ဘယ်သူမှ မသိဘူး။ ဘယ်လောက်ပဲ သံယောဇဉ်ရှိတယ်ဆိုဆို တစ်နေ့စာတစ်နေ့ ရှာစားရတာလေ။ ဒီတော့ သမ္မတတော့ထား၊ သူတို့ရွာသား ကိုစာကလေးကိုတောင် ကြုံမှ သတင်းမေးနိုင်တော့တာ။

ကိုစာကလေးကတော့ ခုချိန်ထိ အိပ်ရာထဲ ခွေခွေလေး လှဲနေရင်း လူတွေ့ရင် 'သမ္မတကြီးနဲ့ တွေ့ချင်တယ်' လို့ ပြောနေတုန်းပဲ။

■

**တင်မြင့်ဦး**

(သံတွဲ)



www.burmeseclassic.com

www.burmeseclassic.com



ဆရာ နေဝင်းမြင့်၏ ဝတ္ထုတွေကို
ဘာကြောင့် ကြိုက်နှစ်သက်မိသလဲ ပြန်စဉ်းစားကြည့်တော့
သတင်းစာအသုံးအနှုန်းနှင့် ပြောရလျှင် နီးစပ်မှုရှိခြင်း(Proximity)ကလည်း
အကြောင်းတစ်ခုအနေနှင့် ပါသည်ဟု ဆိုရမည်



www.burmeseclassic.com

www.burmeseclassic.com

# တစ်ခါက ဝိုကတ်တစ်ယောက်၏ ပုစဉ်းရင်ကွဲ

ထွန်းသိန်းနိုး







ဝတ္ထု၊ ကဗျာ စသည့် ရသစာပေ ချစ်မြတ်နိုးသူတိုင်း ငယ်စဉ်က ဖတ်ခဲ့သော မိမိနှစ်သက်သည့် စာရေးဆရာတို့၏ စာများကို မှတ်မှတ်ထင်ထင် ဖြစ်နေတတ်သည်ဆိုလျှင် ကျွန်တော် ယနေ့တိုင်မှတ်မိနေသော စာအုပ်တစ်အုပ်မှာ ဆရာနေဝင်းမြင့်၏ **ပုစဉ်းရင်ကွဲ** ဝတ္ထုတိုစု ဖြစ်ပါသည်။

လွန်ခဲ့သော နှစ် ၂၀ နီးပါး (တိတိကျကျဆိုရလျှင် ၁၉၉၅ ခုနှစ်)တုန်းက ဖုန်ထူသော ဓာတ်မြေလတ်မြို့လေးရှိ စာအုပ်အငှားဆိုင်တစ်ဆိုင်မှ ငှားယူဖတ်မိပြီး ကြိုက်နှစ်သက်သွားခဲ့ပါသည်။

ထိုစာအုပ်လေးကို တူဒေးစာအုပ်တိုက်က ထုတ်သည်။ သာမန်ဝတ္ထုစာအုပ်အရွယ်ထက်ပင် ငယ်ဦးမည်။ စာအုပ်က လိမ္မော်ရောင်။ နောက်ကျောဖုံးတွင် ဆရာ နေဝင်းမြင့်၏ မေးစေ့ကို အကြီးကြီးဆွဲထားသော ကာတွန်း ဇော်မောင်၏လက်ရာ ကယ်ရီကေချားပုံ ပါသည်။

မာတိကာတွင် စာစီတုန်းက ကျန်ခဲ့သော နောက်ဆုံးဝတ္ထုတိုတစ်ပုဒ်၏အမည်ကို ရော်ဘာသားရေတုံးဖြင့် ထပ်ဖြည့်ထားသည်။

ဆရာ နေဝင်းမြင့်၏ ဝတ္ထုတွေကို ဘာကြောင့် ကြိုက်နှစ်သက်မိသလဲ ပြန်စဉ်းစားကြည့်တော့ သတင်းစာ အသုံးအနှုန်းနှင့် ပြောရလျှင် နီးစပ်မှုရှိခြင်း(Proximity)ကလည်း အကြောင်းတစ်ခုအနေနှင့် ပါသည်ဟု ဆိုရမည်။

ပူပြင်းခြောက်သွေ့သော၊ မိုးနည်းသော၊ ဖုန်ထူသော ဧရာဝတီမြစ်ကမ်းဘေး အညာအရပ်က ဆရာ့ဇာတိမြို့နှင့် ကျွန်တော့်မွေးရပ်မြေက နီးပါသည်။

ဆရာ၏အချို့ဝတ္ထုများတွင် ပါတတ်သော ဆရာ့ငယ်ဘဝအကြောင်းများတွင် တောင်ကုန်းထူထပ်သော ကျွန်တော်တို့မြို့လေးအကြောင်း ဖျတ်ခနဲ ပါတတ်သည်။ တကယ်တော့ ဆရာ၏ နာမည်ကြီး **နက်စ်ကော်ဖီ** မှ အစပြု၍ ကျေးလက်ခံစားမှုနှင့် မြို့ပြဘဝသရုပ်ဖော် အဖွဲ့များကို နှစ်သက်သဘောကျမိခဲ့သည်မှာ ကြာပါပြီ။ မိမိကိုယ်ကို ပထမ နာမ်စား 'ကျွန်တော်၊ ကျွန်ုပ်' ဟု မသုံးဘဲ 'သူ' ဟူသော

www.burmeseclassic.com

ကိုယ်စားပြုနာမ်စားသုံးပုံ၊ လေပြေလေးနှင့် သက်သက်သာသာ စကားပြောသွားသလို ရေးသော စကားပြေအဖွဲ့အနွဲ့၊ ဒေသခံ တောသူတောင်သား၊ နယ်သူနယ်သားတို့၏ စရိုက်နှင့် အငွေ့အသက်ကို စာဖတ်သူ၏ စိတ်တွင် ချက်ချင်းထင်လင်းလာစေသည့် ၄င်းတို့ပြောဆို၊ သုံးနှုန်းကြသည့် အသုံးအနှုန်းများကို သတ်ပုံမငဲ့ဘဲ ကြားရသည့်အတိုင်းရေးဖွဲ့ပုံ (ဥပမာ-ဒုတ်တိုမန္တလေး (Road to Mandalay)၊ ပက်ဆပ်(ပိုက်ဆံ) စသည်ဖြင့်)တို့ကို ကျွန်တော် နှစ်သက်သည်။ ဆရာ့ အရေးအဖွဲ့နှင့် ပတ်သက်ပြီး စွဲလမ်းရသည့် နောက်တစ်ခုက တကယ့်ကို မငြင်းနိုင်အောင် ပီပြင်သော ပုံခိုင်းနှိုင်းပုံ ဖြစ်သည်။ မုံရွာကို 'သားကြောဖြတ်ခံထားရသည့် မိန်းမ' တဲ့။ ဝီရိယကြီးသည့် မြို့ဖြစ်လို့ 'နေမဝင်မြို့'။ ပင့်ကူတစ်ကောင်လို နီးဝေးဝန်းကျင်ကိုဆက်သွယ်နိုင်သောကြောင့် 'နေမဝင် ပင့်ကူတစ်ကောင်' တဲ့။ ရောင်းရေး ဝယ်တာကောင်းသော ကိုကြီးကျော် နတ်ပွဲဈေးကို 'ကိုကြီးကျော် Expo 99' တဲ့။ 'ပန်းဆိုးတန်းရဲ့ ဦးခေါင်းက ရန်ကုန်ဘူတာကြီးကို ခေါင်းတိုက်၍ ခြေထောက်က ရန်ကုန်မြစ်မှာ စိမ်ထားရသည်' တဲ့။ ဆရာ၏ အက်ဆေးပေါင်းချုပ် **'မြို့ပြပိုးမွှားများ'** တွင် ထိုကဲ့သို့ ထိမိသော ခိုင်းနှိုင်းပုံတွေ အများကြီးပါသည်။ ဤကဲ့သို့ ပုံခိုင်းပုံတွေက စာပေသမား၊ အနုပညာသမားများသာ ပိုင်ဆိုင်တတ်သော စကား အလင်္ကာများပင် မဟုတ်ပါလား။ ဤသို့သော ဆရာ၏အတွေး၊ အရေးတွေက ထိုစဉ်က ခေတ်ပြိုင်ဝတ္ထုတွေကြား ကိုယ်ပိုင်ဟန်တစ်ခုအဖြစ် ထူးခြားနေခဲ့သည်။

ဆိုခဲ့ပါ ဆရာ နေဝင်းမြင့်၏ **ပုစဉ်းရင်ကွဲ** ဝတ္ထုတိုစုလေးထဲမှ မှတ်မှတ်ရရဖြစ်နေသည်များမှာ အတော်များပါသည်။ နေ့စဉ် အရက်သောက်သည့် ကိစ္စကိုပင် အကြောင်းမဲ့ မဟုတ်ဘဲ အထိမ်းအမှတ်တစ်ခုခုဖြင့် သောက်သော အရက်သမားတစ်စု၊ စက်ရုံအလုပ်

> ဆရာ့အရေးအဖွဲ့နှင့်
> ပတ်သက်ပြီး
> စွဲလမ်းရသည့်
> နောက်တစ်ခုက
> တကယ့်ကို
> မငြင်းနိုင်အောင်
> ပီပြင်သော
> ပုံခိုင်းနှိုင်းပုံ ဖြစ်သည်
> မုံရွာကို
> 'သားကြောဖြတ်
> ခံထားရသည့် မိန်းမ' တဲ့
> ဝီရိယကြီးသည့်မြို့ဖြစ်လို့
> 'နေမဝင်မြို့'
> ပင့်ကူတစ်ကောင်လို
> နီးဝေးဝန်းကျင်ကို
> ဆက်သွယ်နိုင်သော
> ကြောင့်
> 'နေမဝင်
> ပင့်ကူတစ်ကောင်'

သမားတို့၏ ဘဝကျပ်တည်းမှုကို ဖွဲ့သော ဝတ္ထုထဲမှ 'မောင်မှတ်လက်ကို ဖျပ်ရုံ' ဟူသော အတိုက်နှင့် ထီတစ်စောင်၊ ဖြတ်ထိုးဉာဏ်ကောင်းသော ရွာလူငယ် သာဒွန်းအောင်၏ နိမိတ်လေးအင် ဗုဒ္ဓဝင်၊ အုတ်ကားလိုက် သည့် ညပ်စလီနှင့် မဆိုလိုက်ရသော '*တစ်သိန်းပေးတောင် မိန်းကလေး မလာရ*' သီချင်း၊ 'မဟုတ်တာလုပ်လည်း ဘယ်တော့မှ တရားခံ မဖြစ်စေနဲ့၊ ငြင်းရင်မျက်လုံးတွေကိုပြူးထား' ဟူသော ကျေးရွာလူမိုက်တစ်ယောက်၏ မှတ်သားစရာစကား။ ထို့နောက် သေရည်ဖောက်ကားသူများ သုရာနှင့် ဝရုဏာ။

မန္တလေးနှင့် ပတ်သက်သော ဝတ္ထုနှစ်ပုဒ်ပါသည်။ ထိုဝတ္ထုနှစ်ပုဒ်လုံး ဖြစ်ပျက်ရာကာလမှာ ညတွေဖြစ်ပြီး တစ်ပုဒ်မှာ တောင်သမန်ဘွဲ့ ဖြစ်သည်။ တောင်သမန်တံတားပေါ်က စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာတို့၏ ကဗျာရွတ်ပွဲ။ 'အဿဇန္တကည' ဟု ဆရာက တင်စားသည်။ ဤဝတ္ထုတွင် စာရေးဆရာက တံတားပေါ်တွင် လရောင်ကိုခံစားရင်း အိပ်ပျော်သွားပြီး အိပ်မက်ထဲတွင် မြို့တော်ဝန်နှင့် မြို့ စာရေး မောင်ပိန်တို့၏ တစ္ဆေခြောက်ခံရ သည်။ 'အမရပူရရဲ့ ရင်ခုန်သံ' ဟု ဆရာက တင်စားသည်။

နောက်တစ်ပုဒ်က အောင်ပင်လယ် ဘွဲ့။ 'ရတနာ ပုံမ်ညများ' တဲ့။ ရင်ခုန်သံ တူ၊ နှလုံးသားချင်းနီးသော စာရေးဆရာ တစ်စု၏ အမရပူရမှသည် မန္တလေး ထိုမှတစ်ခါ မီးပျက်နေသော အောင်ပင် လယ်သို့သွားသော ညခရီးအတွေ့အကြုံ နှင့် အတွေးများကို ရေးဖွဲ့ထားခြင်းဖြစ် သည်။ မန္တလေးနှင့်ပတ်သက်သည့် လွမ်းစရာမှန်သမျှ ဤဝတ္ထုထဲတွင် အကုန်ပါသည်ဟု ဆိုရမည်။ ကွာ လှန်းသော နေရာဖြစ်သွားသည့် မွှော ဝင်း။ မန္တလေးရဲ့ညတွေကိုပဲ ကျွန်တော် တို့ ပိုင်တာပါဟုဆိုသော မန္တလေးမြို့ခံ စာရေးဆရာ၊ ရန်ကင်းတောင်ခြေ မီးပွင့်လေးများကို နေအိမ်မှ အဝေးထိ ခလုတ်ဖြင့် အဖွင့်အပိတ် လုပ်နိုင်သော စာရေးဆရာ။ နီယွန်ဆိုင်းဘုတ်ကြီးများ ဖြင့် လင်းထိန်နေသော မန္တလေး လမ်းတွေပေါ်မှာ ဖြတ်သန်းသွားရင်း ဆရာက ရတနာပုံ နေပြည်တော် ဖြ တည်လာပုံ သမိုင်းအပိုင်းအစတွေ လည်း ရက်စွဲအလိုက် ပြန်ပြော အောက်မေ့ထားသေးသည်။ ချမ်းအေး လှသော မန္တလာဆောင်းအောက်တွင် စာပေသမားများ နွေးထွေးစွာ တွေ့ ကြသော ရတနာပုံမ်ည။ ဂန္ဓလရာ သူတို့၏ ရယ်မောသံများဖြင့် ဆူညံ သော စားသောက်ဆိုင်ထဲမှ မြို့ခံစာရေး ဆရာ၊ ပန်းချီဆရာများနှင့် စကား ရတနာပုံမ်၏ ကာရာအိုကေ ညချမ်း



www.burmeseclassic.com

www.burmeseclassic.com

'အဩသဗန္ဓ ကည'
ဟု
ဆရာက
တင်စားသည့်
ဤဝတ္ထုတွင်
စာရေးဆရာက
တံတားပေါ်တွင်
လရောင်ကိုခံစားရင်း
အိပ်ပျော်သွားပြီး
အိပ်မက်ထဲတွင်
မြို့တော်ဝန်နှင့်
မြို့စာရေး မောင်ပိန်တို့၏
တွေ့ခြောက်ခံရသည့်
'အမရပူရရဲ့ ရင်ခုန်သံ'
ဟု
ဆရာက
တင်စားသည်

ာန်းခြောက်လုံးရှိသည့် ဆုငွေ၊ ဂန္ထလ ား ဘာသာစကား ဆိုင်းဘုတ်များ င်း လွန်ခဲ့သောနှစ် ၂၀ ခန့်က မန္တလေး ၏ ပြောင်းလဲစပြုနေပြီဖြစ်သော လူမှု ်များအရွေ့ကိုလည်း ဖျတ်ခနဲ တို့ထိ းသည့် ဝတ္ထုလေးက ထိုစဉ်က လေး၏ ခေတ်ပေါ်ခံစားမှုကို ထင် ်နေသည်။ ယခု ပြန်ဖတ်ကြည့်တော့ ာကယ်တောအစစ်ကဲ့သို့၊ လယ်တော ်လို့မို့၊ ကောင်းဖို့ရှယ်သော ခေတ်ကို းသဖြင့် မျှော်မိတယ်'ဟူသော နန်း ာ်ရှေ့ ဆရာတင်၏ '*အောင်ပင် ယ်*'သီချင်းနှင့် လူမျိုးရေး ခွဲခြားသည့် acist) သီချင်းဟု ဝေဖန်ခံရသော င်းလင်း၏ '*မန္တလေးမြို့ သေဆုံးခြင်း*' ာ်လိုဂစ်တာသီချင်းသံတို့ကို ကြား ာင်နေမိသည်။

ခွဲခွဲထင်ထင်အဖြစ်ဆုံး ဝတ္ထုက **ောင်မွဲမွဲ နိဂုံးတစ်ကောင်** ဖြစ်ပါ ည်။ ထိုဝတ္ထုက ဆရာ နေဝင်းမြင့်၏ ယ်တိုင်ရေးအတ္ထုပ္ပတ္တိ တစ်စိတ်တစ် းဟု ဆိုနိုင်သလို အသက်လေးဆယ် ည့် ခံစားမှုစာစုလည်း ဖြစ်သည်။ ရာကြီး ဒဂုန်တာရာနှင့် အမေလူထု ါ အမာတို့၏ မွေးနေ့ပွဲများကို ပြန် ည်အောက်မေ့ရင်း 'ဆုံးရှုံးမှု၊ အောင် င်မှုတွေ အပထားပြီး လူရယ်လို့ဖြစ် ရင် မိမိနဲ့တကွသော လူ့ဘဝတစ်ခု း တည်မြဲရေးနဲ့ တိုးတက်ရေးတို့ ွက် လှုပ်ရှားလုပ်ကိုင်နေရမယ်ဆိုတဲ့ ွက် သဘာဝတရားကို ယုံကြည်တဲ့ ိုင်း လှုပ်ရှားလုပ်ကိုင်လို့ နေခဲ့တာ ' ဟူသော ဆရာ သိန်းဖေမြင့်၏ ာက်လေးဆယ်ပြည့် မွေးနေ့ခံယူ ာ်တို့ ဖော်ပြရင်း အညာကျေးလက် မိမိ၏ငယ်ဘဝ၊ ထို့နောက် မြို့ပြ င် အလုပ်သမားနှင့် စာရေးဆရာဘဝ၊ ထောင်သည်ဘဝတို့ကို အသက် ိုင်းအခြားအလိုက် ပြန်ပြောင်း ာပ်ထားသော ဝတ္ထုဖြစ်သည်။

တကယ်တော့ အသက်လေးဆယ် ာသော လူ့ဘဝ၏ အပိုင်းအခြားမှာ ာတ်ပိုင်းအကုန်နှင့် လူကြီးပိုင်းအစ သို့ တရားဝင် ရောက်ရှိသည့် ကာလ၊ စာပေ၊ အနုပညာသမားများ အပါအဝင် လူအတော်များများအတွက် မှတ်မှတ် သားသား ဖြစ်တတ်သော အချိန်ကာလ ပင် ဖြစ်သည်။ စာရေးဆရာ၊ အနုပညာ သမား အတော်များများ မိမိတို့၏ အသက်လေးဆယ်ပြည့် အမှတ်တရ ဝတ္ထု၊ ဆောင်းပါး၊ စာစုများကို ဆင်ခြင် သုံးသပ်မှု၊ ရင့်ကျက်မှုများဖြင့် ရေးဖွဲ့ ကြပါသည်။ လူ့ဘဝ၏မှတ်တိုင်များ ဖြစ်သည့် မွေးနေ့များ၊ ဆယ်စုနှစ်ပိုင်း များကို စိတ်ဝင်စားပြီး ကိုယ်တိုင် ရေး အတ္ထုပ္ပတ္တိများကိုလည်း စွဲလမ်းနှစ် ခြိုက်သော (ကိုယ်တိုင်လည်း အသက် လေးဆယ်ပိုင်းသို့ ချင်းနင်း ရောက်ရှိ လာပြီဖြစ်သည့်) ကျွန်တော်ကိုယ်တိုင် လည်း ကျွန်တော် နှစ်သက်လေးစား သော၊ စိတ်ဝင်စားသော လူပုဂ္ဂိုလ်တို့ အသက်လေးဆယ်ပြည့်သည့်အခါ မည်သို့ခံစားမိ၊ ဆင်ခြင်သုံး သပ်မိကြ သည်ကို အထူးတလည် သိချင်စိတ် ဖြစ်မိသည်။

ဆရာ နေဝင်းမြင့်ကတော့ သူ၏ အသက်လေးဆယ်ပြည့် မွေးနေ့မှာ မရောက်ခင်က မျှော်လင့်စောင့်စားခဲ့ရ သော်လည်း တကယ်တမ်း မွေးနေ့သို့ ရောက်သောအခါ သတိမထားမိသော နေ့ ဖြစ်ပါသည်တဲ့။ ဆရာ့ဝတ္ထုလေးထဲ တွင် စာရေးဆရာဘဝနှင့် ဆရာ့စာပေ အသိုင်းအသိုင်း၊ ဆရာဝါသနာပါရာ ဂီတလှုပ်ရှားမှုနှင့် မိသားစုဘဝတို့ကို တွေ့ရသည်။ ဆယ်တန်းကျောင်းသား ဘဝကရေးသော ပထမဆုံး စာမူ အကြောင်းလည်း ပါသည်။ အမေလူထု ဒေါ်အမာက အရက်လျှော့သောက်ဖို့ သတိပေးတာပါသည်။

ဆရာက သူ၏အသက် လေးဆယ် ပြည့် ဘဝနှင့်ပတ်သက်ပြီး '*နှစ်ပေါင်း လေးဆယ်အတွင်း ဘဝ၏တို့ထိမှု ဒဏ် ရာဒဏ်ချက်တွေကြောင့် အကွေးလိုက် ခေါက်နေရသော အချိန်ကာလ အတော် များများ*'တဲ့။ '*ဘာမှ ထူးထူးဆန်းဆန်း မဟုတ်တဲ့ နှစ်ပေါင်းလေးဆယ်ခရီးကို ဟိုလိုလို ဒီလိုလိုနဲ့ ရောက်လာခဲ့ပြီ။ ဘာပဲဖြစ်ဖြစ် လူဆိုတာ ငယ်ဘဝတွေကို လည်း အောက်မေ့၊ လက်ရှိဘဝကို လည်း သုံးသပ်၊ အနာဂတ်ကိုလည်း မျှော်လင့်၊ ဒါပဲမဟုတ်လား။ နှစ်ပေါင်း လေးဆယ်ဟာ မနေ့တစ်နေ့ကလိုပါပဲ။ ဘာမှ ရေရေရာရာ မရှိခြင်းဟာ မနေ့ တစ်နေ့ကလိုပါပဲ*' ဟု ရေးထားသည်။ ဗေဒင်က အသက် ၇၉ နှစ်အထိ နေရ မည်ဟု ဟောထားသောကြောင့် '*ဘဝကို ဘောလုံးပွဲတစ်ပွဲဟု ယူဆလျှင် အသက် လေးဆယ်ပြည့်သော အချိန်မှာ ဘောလုံးပွဲ ပထမပိုင်း ပြီးသွားသည့် အချိန်၊ ဘဝ၏ခရီး ထက်ဝက်ကျိုးခဲ့ပြီ။ ရှေ့ပိုင်း မိနစ်လေးဆယ်မှာ ဒဏ်ရာ အနာတရများနှင့် အရှုံးဂိုးပေါင်းများစွာ*



www.burmeseclassic.com

www.burmeseclassic.com

*ပေးခဲ့ရပါပြီ'* ဟု ဆိုသည်။

*'ဘဝဆိုတာ ကန့်သတ်ထားတဲ့ အချိန်ကာလထဲမှာ ခိုတစ်ကောင်လို ညည်းညူရင်း ပြေးလွှားနေရတာကို ခေါ်တာထင်ပါရဲ့'* ဟူသော နိဂုံးမှတ်ချက်နှင့် *'အမှောင်ထဲမှာ သူနာကြည်းစွာ ပြုံးလိုက်သည်'* ဟူသော အဆုံးသတ်ဝါကျက စာရေးသားခြင်း တစ်ခုတည်းဖြင့် ရပ်တည်ဖို့ ဆုံးဖြတ်ခဲ့သည့် စာပေသမားတစ်ဦး၏ဘဝကို စာနာစိတ်ဖြင့် မွန်းကျပ် သွားစေခဲ့ပါသည်။ ဆရာက မိမိကိုယ်ကို ခိုတစ်ကောင်နှင့် ခိုင်းနှိုင်းထားသည်မှာ ရိုးရိုးခိုတောင် မဟုတ်၊ အရောင်မွဲမွဲ ခိုငှက်တစ်ကောင်တဲ့။ ကုန်လွန်ခဲ့ပြီးသော မိမိ၏ ဘဝနေ့ရက်များအပေါ် သုံးသပ်ချက်၊ အသက်လေးဆယ်ပြည့် ခံစားမှုနှင့် အရောင်မွဲမွဲ ခိုငှက်တစ်ကောင်ဟု မိမိကိုယ်မိမိ ခိုင်းနှိုင်းရေးဖွဲ့ထားပုံမှာ(စာဖတ်သူအဖို့) စာနာခြင်း၊ စိတ်မကောင်းခြင်းဖြင့် သက်ပြင်းချမိ လောက်ပါသည်။

ယခု အနှစ်နှစ်ဆယ်ဟူသော အချိန်များလည်း ကုန်လွန်သွားခဲ့ပြီ။ ထို **ပုစဉ်းရင်ကွဲ** ဝတ္ထုတိုစုလေးပင် တတိယအကြိမ် ထုတ်ဝေနေရပြီ။ ယခင်က ဆရာ့ဝတ္ထုတိုပေါင်းချုပ် စာအုပ်များတွင် ဆရာ မြသန်းတင့်၊ အမေလူထုဒေါ်အမာနှင့် ဆရာ နတ်နွယ်တို့ အမှာစာရေးပေးခဲ့သည်။ အခုတော့ ဆရာက တစ်လှည့် အမှာစာရေးသားပေးနေရပြီ။ ၁၉၉၂ ခုနှစ်က **ဆယ့်နှစ်ကြိုး** ဝတ္ထုတိုပေါင်းချုပ်၊ ၂၀၀၇ ခုနှစ်တွင် **အိမ်ကလေး ၁၆ လုံး**ဖြင့် အမျိုးသားစာပေဆုများ ရခဲ့သော ဆရာက ၂၀၁၀ ပြည့်နှစ်တွင် **ရေကန်သာ ကြာတိုင်းအေး** ဘာသာပြန် ဝတ္ထုရှည်ကြီးဖြင့် အမျိုးသား စာပေဘာသာပြန်(ရသ) ဆုလည်း ရခဲ့ပါပြီ။

ပြီးခဲ့သည့် ဖေဖော်ဝါရီလက အသက် ၆၁ နှစ်ပြည့်ခဲ့သော ဆရာ အသက်ခြောက်ဆယ်ပြည့် မွေးနေ့တုန်းက မိမိဘဝကိုမိမိ မည်သို့ သုံးသပ်၍ မှတ်ချက်ချခဲ့မည်လဲ ဆိုသည်ကို

ပြီးခဲ့သည့်
ဖေဖော်ဝါရီလက
အသက်
၆၁ နှစ်ပြည့်ခဲ့သော
ဆရာ
အသက်
ခြောက်ဆယ်ပြည့်
မွေးနေ့တုန်းက
မိမိဘဝကိုမိမိ
မည်သို့သုံးသပ်၍
မှတ်ချက်ချခဲ့မည်လဲ
ဆိုသည်ကို
ကျွန်တော်
စိတ်ဝင်စားနေမိသည်
ဖြစ်နိုင်လျှင်
ဆရာ၏ အသက်
ခြောက်ဆယ်ပြည့်
ခံစားမှု
စာတစ်ပုဒ်လောက်လည်း
ဖတ်ချင်နေမိပါသည်

ကျွန်တော် စိတ်ဝင်စားနေမိသည်။ ဖြစ်နိုင်လျှင် ဆရာ၏ အသက်ခြောက်ဆယ်ပြည့်ခံစားမှု စာတစ်ပုဒ်လောက်လည်း ဖတ်ချင်နေမိပါသည်။

**နောက်ဆက်တွဲ မှတ်ချက်**

'ဆရာ နေဝင်းမြင့်၏ **အရောင်မွဲမွဲ ခိုငှက်တစ်ကောင်** ဟု ခေါင်းစဉ်တပ်ထားသော အရေးအသားတစ်ခုလုံးမှာ ပုဂ္ဂလိကဖွင့်ဆိုမှု သဘောဆောင်သော ဝတ္ထု ဖြစ်ပါသည်။ ဆရာ နေဝင်းမြင့်က ဤဝတ္ထုတွင် ကိုယ်စားပြု ဖော်ထုတ်ထားသော အဓိက ဇာတ်ကောင် 'သူ' ကို တကယ့်ဘဝထဲက နေဝင်းမြင့် ဖြစ်သည်ဟု တိုက်ရိုက် ရည်ညွှန်းထားခြင်း မရှိပါ။ သို့နှင့်တိုင် ဝတ္ထုပါ အချက်အလက်များ၊ အဖြစ်အပျက်များနှင့်

ဇာတ်ကောင်များကို ထောက်ချင့်၍ ထို 'သူ'မှာ တကယ့်ဘဝထဲက (မန္တလေးတွင် နေထိုင်သော၊ ဂေါဝိန်ဆိပ်က ကွမ်းယာကို မက်မက်မောမော ကြိုက်နှစ်သက်သော) ဆရာ နေဝင်းမြင့်ကို ရည်ညွှန်းသည်ဟု ယူဆနိုင်စရာ ရှိပါသည်။

သို့သော် (စာပေ၊ အနုပညာ၊ ရသပညာ၊ သမိုင်းနှင့် ဘာသာစကားဆိုင်ရာ ပြဿနာများများကို ပညာရပ်ဆိုင်ရာ ရှုထောင့်မှ စနစ်တကျ ဆွေးနွေးရေးသားလေ့ရှိသည့်) ဆရာ မြင့်သန်း၏ 'အရေးအသားတစ်ခုအတွင်းမှ ကိုယ်စားပြု ဇာတ်ကောင်'နှင့် ပတ်သက်သည့် အယူအဆအရ ထိုဝတ္ထုပါ 'သူ'မှာ ဘာသာစကား ဘောင်အတွင်းက တည်ဆောက်ထားသောသူ (တစ်နည်းအားဖြင့်) 'စာရွက်ပေါ်က လူ' ဖြစ်သည်။ (စာညွှန်း- 'နေ့စဉ်ဘဝထဲကလူ၊ စာလုံးများထဲက ဇာတ်ကောင်' (ရွှေအမြုတေ မေ ၂၀၀၈)၊ 'သူများဇာတ်ကောင် ကိုယ့်ဇာတ်ကောင်နှင့် လက်လွတ်စပယ် လုပ်ပိုင်ခွင့်' (စသည်၊ စသည်ဖြင့်··· နှစ်ကာလများ စာအုပ်တိုက်၊ မတ်[illegible] ၂၀၁၂)။ ထို့ပြင် အနောက်တိုင်း ဝတ္ထု[illegible] နှင့် အက်ဆေးကို အမျိုးအစား ခွဲခြား[illegible] တွင် ထည့်သွင်းစဉ်းစားသော အချ[illegible] နှစ်ချက်ကို အောက်ပါအတိုင်း ဖော်[illegible] ထားပါသည်။

*တစ်ချက်မှာ အက်ဆေးသည် [illegible] စာမျက်နှာပေါ် ရေးသားထားသည်[illegible] သာမဟုတ်၊ တကယ့်ဘဝတွင် ဖြစ်[illegible] ရှိနေခြင်းများ အပေါ်တွင်လည်း [illegible] သည်ဟုဆိုပြီး ဝတ္ထုတိုမှာ တကယ်[illegible] ရှိနေခြင်းများနှင့် မဆိုင်ဟု ဆိုကြသည်[illegible]* (Hesse. 1989:99) *အခြားတစ်ချက်[illegible] အရေးအသားထဲတွင် ပါဝင်နေ[illegible] 'ငါ'၊ 'ကျွန်တော်'၊ 'ကျွန်မ' စသည်[illegible] မှာ မည်သူ့ကို ရည်ညွှန်းခြင်း ဖြစ်[illegible] ဆိုသည့် ပြဿနာဖြစ်သည်။ ပုဂ္ဂလိ[illegible] ဖွင့်ဆိုမှု သဘောဆောင်သော အက်[illegible] များတွင် 'ငါ'၊ 'ကျွန်တော်'၊ [illegible] စသည်တို့မှာ အရေးအသားအား[illegible]*

www.burmeseclassic.com

www.burmeseclassic.com

ရေးသားဖော်ထုတ် တင်ပြနေသူ(စာရေးဆရာဟု ဆိုလိုသော်ဆိုပါ) ဖြစ်သော်လည်း 'ငါ'၊ 'ကျွန်တော်'၊ 'ကျွန်မ' သည်တို့ကို အခြေခံကာ ရေးသားထားသော ဝတ္ထုတိုများ (First person short stories) မှ 'ငါ'၊ 'ကျွန်တော်'၊ 'ကျွန်မ' သည်တို့မှာ ရေးသားဖော်ထုတ် တင်ပြနေသူကို တစ်နည်းတစ်လမ်းအားဖြင့် ကိုယ်စားပြုနေသည်မဟုတ်။ ရံဖန်ရံခါ အရေးအသားတစ်ခုကို ဖတ်ရှုရာတွင် အမျိုးအစား သတ်မှတ်ထားသည့်အတိုင်း ဖတ်မည်လော၊ ဖတ်သူကသူ၏ သိမှတ်ခံစား နားလည်နိုင်သည့်အတိုင်း ဖတ်မည်လောဆိုသည်မှာ ငြင်းစရာ ဖြစ်လာပြန်သည်။ ဤတိုမှာ လူပုဂ္ဂိုလ်အသီးသီး၌ တည်နေသော သီးခြားအမြင်အမူ၊ စွမ်းရည်များ ဖြစ်သည်။ (စာညွှန်း- **'ဝတ္ထုတို၊ မြန်မာဝတ္ထုတိုနှင့် စပ်ကြား အရေးအသား'** ဆောင်းပါး (စသည်၊ စသည်ဖြင့် …၊ နှစ်ကာလများ စာအုပ်တိုက်၊ မတ်လ၊ ၂၀၁၂)

**အရောင်မှိန်မှိန် ခိုင့်ကို တစ်ကောင်ကို** ဆရာ နေဝင်းမြင့်က 'ဝတ္ထု' ဟူသော မျိုးတူစုအတွင်း ထည့်သွင်းထားပါသည်။ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ သို့မဟုတ် အက်ဆေးဟု အမျိုးအစား ခွဲခြားမထားပါ။ သို့သော်လည်း ထိုဝတ္ထုကို ပုဂ္ဂလိကခံစားချက်၊ အယူအဆများဖြင့် ရေးသားထားသော အက်ဆေး (Personal narrative essay) အဖြစ်လည်း ဖတ်ရှုနိုင်ပါသည်။ တကယ်တော့ ထိုအရေးအသား တစ်ခုလုံးမှာ ဝတ္ထုတိုလော၊ အက်ဆေးလော၊ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိလောဟု အမျိုးအစားခွဲရန်လည်း ခက်ပါသည်။ ဆရာ မြင့်သန်း အလိုအရ နယ်နိမိတ်များကြားမှ အရေးအသားမျိုးဖြစ်၍ 'စပ်ကြားအရေးအသား' ဟု ခေါ်နိုင်မည် ထင်ပါသည်။ ကျွန်တော်က ဤဝတ္ထုကို ဖတ်ပြီး ခံစားရသည့် လေးနက်မှု လျော့မသွားစေလိုသဖြင့် (ဝတ္ထုပါ 'သူ'မှာ နေဝင်းမြင့်ဟုတ်မဟုတ် အငြင်းပွားစရာမလိုဟု ဆိုနိုင်သည့်တိုင်) နေဝင်းမြင့်ဟု ယူဆလိုက်ပါသည်။ တစ်နည်းအားဖြင့် ဤအရေးအသားကို (ဝတ္ထုဟု) အမျိုးအစား သတ်မှတ်ထားသည့်အတိုင်း မဟုတ်ဘဲ ကျွန်တော်၏ သိမှတ်ခံစားနားလည်နိုင်သည့်အတိုင်း ဖတ်လိုက်ခြင်း ဖြစ်ပါသည်။

အရေးအသား တစ်ခုအတွင်းမှ ကိုယ်စားပြု ဇာတ်ကောင်နှင့် စပ်လျဉ်း၍ ပြီးခဲ့သည့် ဇန်နဝါရီလဆန်းက ကွယ်လွန်သွားသည့် ဆရာ မောင်ရန်ပိုင်၏ **အဘိုးကြီးပေါက်စ တစ်ယောက်ရဲ့နေ့ရေးမှတ်တိုင်း** (ရွှေအမြုတေ၊ ဇန်နဝါရီ၊ ၂၀၁၀)နှင့် နှိုင်းယှဉ် ကြည့်မိပါသည်။ အသက်ကြီးပိုင်း ရောက်လာသည့် ကဗျာဆရာတစ်ယောက်၏ ဘဝရပ်တည်ရေးနှင့် နေမှုဒုက္ခများကို ရေးဖွဲ့ထားသော ထိုအရေးအသားကို (အယ်ဒီတာက) ဝတ္ထုမဟုတ်သော မျိုးတူစု (သုတ)အောက်တွင် ဖော်ပြထားသောကြောင့် ထို အရေးအသားထဲက 'ကျွန်တော်'သည် စာရေးသူ မောင်ရန်ပိုင်ကို ကိုယ်စားပြု ရည်ညွှန်းသည်ဟု ယူဆလိုက်ပါသည်။ ။

■

**ထွန်းသိန်းဦး**

Dictionary for All

သာလွန် အင်္ဂလိပ် - မြန်မာ အဘိဓာန်

THALUN Bookstore Yangon

သာလွန်စာအုပ်တိုက်

၁၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၄၂၄၁၃၊ ၂၄၉၂၀၈

၅၂၅၊ ကုန်သည်လမ်းနှင့် ၁၈လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၄၂၀၃၈၊ ၃၈၂၂၅၀

၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅လမ်းထောင့်၊ [illegible] မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၉၉၂၂၃



www.burmeseclassic.com

www.burmeseclassic.com

အခုလို သူတို့အဖွဲ့
နယ်က ပြန်ရောက်ကြလို့
ကားနားကြပြီဆိုရင် သူနဲ့ ကျွန်တော်ဟာ
အများဆုံး တွဲဖြစ်ဆုံးဖြစ်နေကျ။
လွန်ခဲ့တဲ့ တစ်နှစ်လောက်က
ချမ်းငြိမ်းအောင်ကို ကျွန်တော်
စသိခဲ့တာ။ ချမ်းငြိမ်းအောင်တို့အဖွဲ့မှာ
ကားသမားအယောက်နှစ်ဆယ်လောက်
ရှိတယ်။ အားလုံးအောက်ပိုင်း
ရန်ကုန်ဘက်ကချည်းပဲ။
အထက်မြန်မာနိုင်ငံရဲ့ ရွှေမြို့တော်ကြီးက
ကျွန်တော့်ကွမ်းယာဆိုင်ကလေးအနား
ရောက်လာတဲ့ ကုမ္ပဏီကြီးတစ်ခုမှာ
တွဲကားကြီးတွေမောင်းတဲ့
ဒရိုင်ဘာတွေအဖြစ် ပါလာကြတာ။
ကားနားတဲ့တစ်ရက်
ဆုံဖြစ်နေကျ ဘီယာဆိုင်ကလေးထဲ
ဘီယာနှစ်ခွက်စီလောက်
သောက်ပြီးတဲ့အချိန် ချမ်းငြိမ်းအောင်က
ဒီစကားတွေကို ကျွန်တော့်ကို
ပြောပြခဲ့တာပါ။ အဲဒီအခါမှပဲ
လောကကြီးကလည်း ဆန်းကြယ်လှ
ပါတကား။ ကမ္ဘာကြီးဟာလည်း
အကျဉ်းကလေးပါပဲလားလို့ ကျွန်တော်
တွေးမိတယ်။ ပြီးတော့ တစ်ဆက်တည်း
သားသမီးတိုင်းရဲ့အပေါ် ထားရှိတဲ့
မိဘတိုင်းရဲ့ပေးဆပ်လိုမှုသက်သက်
မေတ္တာတရားရဲ့အတိမ်အနက်ကိုလည်း
ကျွန်တော့်စိတ်ထဲတွေးတော
ဆင်ခြင်မိရင်း တနုံ့နုံ့တမြည့်မြည့်
အောက်မေ့နေမိရတော့တယ်။

❑

အစ်ကိုရေ ဒေဝီနဲ့ ကျွန်တော်က
မြစ်ဝကျွန်းပေါ် မြို့ကလေးတစ်မြို့ကပါ။
တစ်မြို့တည်းနေ တစ်ရေတည်းသောက်
ယယ်မွေးခြံပေါက် ကျောင်းနေဖက်တွေ

# တစ်ပေါက်ကလေးမျှသော ရေကြည်သည်လည်း

**လှငြိမ်းအေး၊ ဆီမီးခုံ၊**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လေ။

ကိုသုမောင်ကြီးရဲ့ သီချင်းထဲကလို မုန့်ကလေးများကိုတောင် ခွဲဝေပြီးတစ်ခုရရင် တစ်ပိုင်းစီစားခဲ့ကြတဲ့၊ တစ်ရပ်ကွက်တည်း တစ်လမ်းတည်းမှာ ကြီးပြင်းခဲ့ကြတဲ့ ကစားဖက်တွေပေါ့။

ဆယ်တန်းမှာ ကျွန်တော်က ကျတယ်။ ဒေဝီက အောင်သွားတယ်။ တစ်ယောက်တည်းသားဆိုပေမဲ့ ဆန်စက်မှာ တာလီစာရေးလုပ်ရတဲ့ အဖေတစ်ယောက်လုပ်စာကိုသာ အားကိုးအားထားပြုပြီး အမေရယ် ကျွန်တော်ရယ် အဖေရယ် မိသားစုလေးရပ်တည်ရတာ။ ဒါကြောင့်မို့ ကျွန်တော် ဆယ်တန်းကို ဆက်မတက်နိုင်ဘဲ ကျောင်းထွက်လိုက်ရတယ်။ ဦးလေးဒရိုင်ဘာတစ်ယောက်ရဲ့ကားပေါ်ရောက်ခဲ့တယ်။ အဲဒီကစပြီး ဒေဝီနဲ့ ကျွန်တော် အနေဝေးခဲ့ကြတယ်ဆိုပါတော့။

နောက်တော့ ဒေဝီက အဝေးသင်ကို ဆက်တက်ခဲ့တယ်။ ဒေဝီတို့မိဘတွေကလည်း ကျွန်တော်တို့မြို့ကလေးမှာ သာမန်အောက်ခြေလူတန်းစားတွေပါပဲ။ မြို့ကလေးက တစ်ခုတည်းသော ဈေးလေးမှာ ကုန်စုံကုန်ခြောက်ဆိုင်ကလေးဖွင့်ပြီး ရပ်တည်ရတာ။ ဒေဝီက မွေးချင်းမောင်ညီအစ်မတွေထဲမှာ အငယ်ဆုံး။ အိမ်ထောင်ရက်သားကျပြီးဖြစ်တဲ့ အကြီးတွေကလည်း သူ့အိုးသူ့အိမ်နဲ့ အိုးခွဲအိမ်ခွဲတွေ။

ကျွန်တော် ကားနားတဲ့အခါ နှစ်လသုံးလတန်သည် တစ်ကြိမ်လောက် မြို့ကလေး

**ကျွန်တော့်ဘဝ**
**အိမ်ထောင်ရေး**
**ကာလည်း**
**ကျွန်တော့်**
**အတွက်တော့**
**သာယာမှု**
**အပြည့်အဝ**
**မပေးနိုင်ခဲ့ပါဘူး**
**ကျွန်တော့်မိန်းမ**
**မိုမိုဘက်က**
**အမြင်မှာ**
**ကျွန်တော်ဟာ**
**တစ်ကိုယ်ကောင်း**
**ဆန်ခဲ့တဲ့**
**အတ္တသမား**
**တစ်ယောက်**
**ဖြစ်ခဲ့တယ်**

နဲ့ အိမ်ကိုပြန်လာတတ်တယ်။ အဲဒီအခါမှာမှ တစ်ရပ်ကွက်တည်းချင်း ဒေဝီတို့အိမ်ကိုလည်း အလည်ရောက်ဖြစ်ရတယ်။

တစ်ခါမှာတော့ ဒေဝီက မေးတယ်။

'အမေ့ကို ဝိုင်းကူမယ့် သူလေးဘာလေး မရှာသေးဘူးလား၊ မတွေ့သေးဘူးလား ကိုချမ်း'တဲ့။

ကျွန်တော် ပြောလိုက်ချင်တာပေါ့။

ဟိုး...ငယ်ငယ်ကတည်းက အမေ့ကို ကူမယ့်သူငါ့အနီးအနားမှာရှိခဲ့ပြီး တွေ့ထားခဲ့ပြီးပါ ဒေဝီရယ်လို့။

ဒါပေမဲ့ ကျွန်တော်တို့ဘဝတွေက ရင်ထဲအရှိကိုအရှိအတိုင်းပြောနိုင်လောက်စရာ အခွင့်အလမ်းအခွင့်အခါတွေ မပေးခဲ့မရခဲ့ဘူး။ ဘဝမှာ ပေးလာတဲ့အခြေအနေကိုက ရေစက်နီးစရာအကြောင်း မပါခဲ့ပါဘူး အစ်ကို။ အလှမ်းဝေးခဲ့ပါတယ်။ ကျွန်တော်ဆိုရင် အရွယ်ကျပြီဖြစ်တဲ့ အဖေနဲ့အမေကို ကျားကျားလျားလျား ဦးဆောင်ထမ်းရွက်လုပ်ကိုင် ကျွေးမွေးရဦးမယ်။ ကျွန်တော်တို့အရွယ်တွေ နှစ်ဆယ်ထဲရောက်ပြီဆိုပေမဲ့ ဒေဝီကလည်း ဆယ်တန်းပြီးတဲ့နောက် တက္ကသိုလ်ဆက်တက်ဖို့ စောင့်ရတာနဲ့ ဘာနဲ့ အခုမှ အဝေးသင် ဒုတိယနှစ်ပြီးခါပဲရှိသေးတာ။ ပြီးတော့ ကျွန်တော်နဲ့စာရင် ဒေဝီ့ဘဝက ပညာရေးမှာ ကြိုးစားနိုင်တဲ့အခွင့်အလမ်းတွေ မျှော်လင့်စရာတက်လမ်းတွေ အများကြီးရှိသေးတယ်လေ။ ဒေဝီ့ဘဝလေးသာ အနှောင့်အယှက်အတွယ်အငင် ကင်းရှင်းစွာနဲ့ ကိုယ့်ဘဝကိုယ် တိုးတက်အောင်မြင်အောင် ကြိုးစားနိုင်ပါစေလို့ပဲ ကျွန်တော် ခံယူအောက်မေ့ထားတယ်။

ဒါပေမဲ့ ကျွန်တော့်ဆန္ဒတွေ မပြည့်ဝခဲ့ပါဘူး အစ်ကိုရယ်။ တတိယနှစ်ကျောင်းတက်ပြီး ပြန်လာတဲ့ဒေဝီက တစ်သက်တစ်ခါ ဘယ်တုန်းကမှ မပြောခဲ့ဖူးတဲ့စကားကို ပြောလာတယ်။

ကိုချမ်းကို တိုင်ပင်ချင်လို့ဆိုတာကစပြီး ကိုထက်အောင်နိုင်က ချစ်ခွင့်ပန်ခဲ့တဲ့အကြောင်း၊ သူတို့မိသားစု အသိုင်းအဝိုင်းအခြေအနေ၊ ကိုထက်အောင်နိုင်ရဲ့ စိတ်ရင်း စိတ်ဓာတ်စရိုက်သဘာဝ အားလုံးပြောပြတယ်။ ဒေဝီ့စိတ်ထဲ ဘယ်လိုနေမလဲတော့ မသိဘူး။ ကျွန်တော့်ကိုယ်ကျွန်တော်တော့ အဲဒီအချိန်က စပြီး ဒေဝီ့ဘဝမှာ ဒုတိယလူရယ်လို့ နားလည်မှုရှိစွာနဲ့ ကိုယ့်ကိုယ်ကို ခံယူလိုက်ပြီးပါပြီ။

ဒေဝီနဲ့ ကိုထက်အောင်နိုင်က အဝေးသင်မှာတက်ရင်း တွေ့ကြတာ။ ဒေဝီ ပထမနှစ်မှာကိုပဲ ကိုထက်အောင်နိုင်က ဒုတိယနှစ်၊ ဒီနှစ်ဒေဝီတတိယနှစ်တက်တော့ ကိုထက်အောင်နိုင်က စတုတ္ထနှစ်(နောက်ဆုံးနှစ်) တက်ရတာ။

ကိုထက်အောင်နိုင် က ရောဝတီမြစ်ဝကျွန်း ရဲ့ ကျွန်တော်တို့မြို့ မလှမ်းမကမ်းမှာရှိတဲ့ မြို့ကြီးတစ်မြို့ပါ။ မိဘ ငတ်က ပွဲရုံလုပ်ငန်း၊ မိဘ ပါးစလုံး မရှိကြတော့ ကိုထက်အောင်နိုင်က အ အပျိုကြီးတွေရဲ့ ထိန်း စောင့်ရှောက်မှုအောက်မှာ ပြင်းရတာ။ နယ်နဲ့အ သိကြတဲ့ ပွဲရုံဖြစ်တာ ကျွန်တော်လည်း အ အပေါက်များတဲ့မြို့ဖြစ် ရယ်မို့ ကိုထက်အောင် ရဲ့ ပွဲရုံလုပ်ငန်းကို ကျွ လည်း သိပြီးကြားဖူး ပြီးသားပါ။ ဒေဝီက ကိုထက်အောင်နိုင်ရဲ့ အသိုင်းအဝိုင်းနဲ့ပတ်သ ကျွန်တော့်ကို စုံစေ့တွ ပြောပြတာလေ။

'ကိုထက် အဲ အောင်နိုင်က ဒေဝီ



www.burmeseclassic.com

www.burmeseclassic.com

...တက်ပြီးရင် လူကြီးစုံရာနဲ့ ...ဆောင်းရမ်းလက်ထပ်ပါရစေ ...။ အဲဒါ ကိုချမ်းရဲ့သဘော ...ဒီ သိချင်လို့’

အဲဒီစကားကို ပြော ...ပြီးမှာ ဒေဝီ ကျွန်တော့် ...မျက်နှာကို စေ့စေ့စိုက်ကြည့် ...တယ်။ ဒေဝီ ဘယ်လိုပဲကြည့် ...ကြည့် ကျွန်တော်ကတော့ ...ဒေဝီဆိုတဲ့ သူငယ်ချင်းမလေး ...ရဲ့ ဘဝထဲကို တိုးဝင်နေရာ ...ယူလာတဲ့ ကိုထက်အောင်နိုင် ...ဆိုတဲ့လူတစ်ယောက်နဲ့ ပတ် ...သက်တာတွေ ဒေဝီပြောပြလို့ ...သိလိုက်ရကတည်းက ကိုယ် ...နေရာမယ့်နေရာမှန်ကို ရွေး ...ချယ်ပြီးသားပါ။ ကျွန်တော့် ...ရင်ထဲခံစားမှုအမှန်ကိုတော့ ...ဒေဝီ ကျွန်တော့်မျက်နှာပေါ် ...မှာရှာလို့၊ ဖတ်လို့ တွေ့နိုင် ...သိမ့်မှာ မဟုတ်ပါဘူး။

ဘာပဲဖြစ်ဖြစ် ဒေဝီ့စိတ် ...ထဲမှာ ဘယ်လိုသဘောနဲ့ပဲ ...ပြောပြော ကျွန်တော့်ငယ်ထိပ် ...တည့်တည့်ပေါ်ကျတဲ့ ဗုံးဆန်၊ ကျွန်တော့်ရင်ဝတည့်တည့်ဆီ ...ပစ်လွှတ်တဲ့မြားတစ်စင်းဆို ...တာ ကျွန်တော့်ကိုယ်ကျွန်တော် ...သာ အသိဆုံးပါ။ ကျွန်တော် ...ဘယ်လိုရှောင်ကွင်းရမှာလဲ ...အစ်ကို။ ကျွန်တော် ပြောစရာ ...ဘာများရှိသေးလို့လဲ။

‘ဆုံးဖြတ်ချက်ဆိုတာ ...တတော့ ကာယကံရှင် နှင့် ...သဘောပါ ဒေဝီ၊ ငါ့အနေနဲ့ ...ပြောရရင်တော့ နှင့်ဘက်က ...ဘာမှငြင်းပယ်စရာအကြောင်း ...မရှိပါဘူး။ ပြီးတော့ ကိုထက် ...အောင်နိုင်လို လူမျိုးဟာ နှင့် ...ဘဝအစစ မျက်နှာငယ်ရမှာ ...မဟုတ်ဘူးဆိုတာကိုတော့ ...ပြောလို့ရပါတယ်’

ကျွန်တော့်စကားဆုံး

မိဘနှစ်ပါးရဲ့
နားချတဲ့
စကားကို
ခေါင်းညိတ်နိုင်ဖို့
အတွက်
မို့မို့မှာ
သံပတ်ပေး
စက်ရုပ်
တစ်ရုပ်လို
အပြစ်မဲ့
နှလုံးသား
တစ်စုံကို
ရင်းနှီးခဲ့ရတယ်
ဆိုတာ
ကျွန်တော်
အတော်
နောက်ကျမှ
သိခဲ့ရတယ်

တော့ ဒေဝီ ကျွန်တော့်ကို အဓိပ္ပာယ်မျိုးစုံ အကျုံးဝင်တဲ့ မျက်ဝန်းတွေနဲ့ ငေးကြည့်နေတယ်။ ဒေဝီ့အကြည့်ဒဏ်ကို မခံနိုင်လို့ ကျွန်တော်ကပဲ အရင်ဦးစွာ အကြည့်လွှဲပစ်ခဲ့တယ်။

အဲဒီနောက် ဒေဝီ အဝေးသင်နောက်ဆုံးနှစ်ပြီးတော့ ကိုထက်အောင်နိုင်နဲ့ ဒေဝီတို့ လက်ထပ်တဲ့ အကြောင်း ကျွန်တော် အဝေးကနေကြား သိရပါတယ်။ အဲဒီတုန်းက ကျွန်တော့်ဦးလေးရဲ့ကားနဲ့ ယိုးဒယားနယ်စပ်ဘက်ကို ရောက်နေတုန်းမှာ ကြားရတာ။

မြန်မာပြည်က အကျဉ်းကလေးပါ အစ်ကိုရယ်။ တစ်နှစ်လောက်အတွင်း ဒေဝီနဲ့ ကိုထက်အောင်တို့နှစ်ဦး သဘောတူကွာရှင်းခဲ့တဲ့ အကြောင်း၊ ကိုထက်အောင်နိုင်ဆီက ပါလာတဲ့ကိုယ်ဝန်နဲ့ ဒေဝီသားလေးတစ်ယောက်ရခဲ့တာကအစ ဘယ်မှာပဲရောက်နေနေ ကျွန်တော် အကုန်သိရပါတယ်။

ကျွန်တော်လည်း ဦးလေးကားပေါ်က ဆင်းပြီး လမ်းပိုင်းဆိုင်ရာ စက်ကြီးမောင်း ကုမ္ပဏီဝန်ထမ်းဘဝနဲ့ မြန်မာနိုင်ငံအနှံ့တာဝန်ကျရာ လှည့်ပတ်လိုက်ပါနေရတော့ တစ်နှစ်တစ်ခေါက်မှ အနိုင်နိုင် ကိုယ့်မြို့လေးကို ပြန်ဖြစ်ရောက်ဖြစ်တော့တယ်။ ကျွန်တော်ရောက်တိုင်းလည်း ဒေဝီက သားလေးကို သူမရဲ့ မိဘတွေနဲ့ထားပြီး သူမကတော့ အဝေးမှာ အလုပ်လုပ်နေတယ်လို့ သိရတယ်။ ကျွန်တော် သိရသလောက် အဲဒီတုန်းက ရထားတဲ့ အဝေးသင်ဘွဲ့ကလေးအားကိုးနဲ့ မြို့က ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်ပြီး သားလေးနဲ့ မိဘတွေကို ဒေဝီ အဝေးက နေထောက်ပံ့နေရှာတာတဲ့။

ဒေဝီနဲ့ ခွဲခွာကွဲကွာခဲ့ပြီးတဲ့နောက် ကျွန်တော်လည်း လူငယ်သဘာဝအချစ်ရေး၊ အိမ်ထောင်ရေးဆိုတာ စိတ်ကူးတောင် မယဉ်မိလောက်အောင်ပါဘဲ။ နှလုံးသား မပါ ချစ်ခြင်းမေတ္တာလည်း မသက်ဝင်တဲ့အိမ်ထောင်ရေးမျိုးကိုလည်း ဘဝတစ်ခုလုံး မြှုပ်နှံလိုက်ဖို့အထိ ကျွန်တော် အထင်ကြီးတန်ဖိုးမထားနိုင်ပါဘူး အစ်ကို။

ဒါပေမဲ့ အစ်ကိုရယ် ဘဝပေးကံကြမ္မာ ပဋ္ဌာန်းဆက်ဆိုတာ အတော်အံ့သြဖို့ကောင်းတယ်။ ကျွန်တော် ကျောက်ဆည်မှာ တာဝန်ကျတယ်။ ကျွန်တော်တို့ရဲ့ဆိုက်က ဘူတာရုံကလေးတစ်ခုရဲ့ အနားမှာ လအတော်ကြာကြာ လုပ်ရတယ်။ အဲဒီမှာ သားအမိသားအဖသုံးယောက်တည်းရှိတဲ့ မိသားစုလေး။ အဖေလုပ်သူက အရွယ်လေးရလာတဲ့တိုင် ဘူတာရုံကလေးမှာ အောက်ခြေဝန်ထမ်းလုပ်နေရတုန်း။ အမေကတော့ ဘူတာမှာ ဆေးလိပ်ကွမ်းယာ သရေစာ သမိုးစာလေးတွေ ဗျပ်ထိုးလေးရောင်းတယ်။ သမီးလေးက ဆယ့်ရှစ်ဆယ့်ကိုးအရွယ်ဆိုပေမဲ့ ဆယ်တန်းတောင် မအောင်ရှာသေးဘူး။ သမီးလေးကို ပညာတတ်ကလေးဖြစ်စေချင်ရှာတဲ့ အဖေနဲ့အမေခမျာ နှစ်နှစ်ကျပြီးတဲ့တိုင် အပြင်ကနေ ဖြေနိုင်စေဖို့ ခြစ်ခြစ်ကုတ်ကုတ်နဲ့ ကျူရှင်ကလေးထားပေးရှာတယ်။ အမေနဲ့အဖေခမျာ တခြားသားကြီးသမီးတွေ ရှိပေမဲ့လည်း အိမ်ထောင်ခွဲတွေလည်းဖြစ်၊ သူလိုကိုယ်လို အောက်ခြေလူတန်းစားတွေပဲဆိုတော့ အားကိုးရာ မရရှာဘူးပေါ့။ အဲလိုနဲ့ တစ်ကိုယ်ရေသမား ကျွန်တော့်အဖို့ အနေကြာလာတော့ ထဲဝင်ပြင်ထွက်စားအိမ်သောက်အိမ်ဖြစ်လာတယ်။ မိဝေးဖဝေးမို့ ကိုယ့်မိသားစုလေးလိုလည်း အားကိုးမိတယ်။ အမေလုပ်သူရဲ့ရေလာမြောင်းပေးမှုရယ်၊ ကျွန်တော် ကိုယ်၌ကကို

www.burmeseclassic.com

မိသားစုလေးရဲ့အပေါ် သနား ကြင်နာကရုဏာသက်မိတာ ရယ်ကြောင့် တစ်ယောက် တည်းသော သမီးလေး မို့မို့ နဲ့ ကျွန်တော်နီးစပ်ခဲ့ရာက အဲဒီနှစ်ဆယ်တန်းဖြေလို့အပြီး မှ လက်ထပ်ယူလိုက်တယ်။

သားတို့အမေ မို့မို့နဲ့ ကျွန်တော်လက်ထပ်တော့ မို့မို့ အသက်က နှစ်ဆယ်တောင် မပြည့်သေးဘူး။ အဲဒီတုန်းက ကျွန်တော့်အသက်က သုံး ဆယ်ပြည့်သွားပြီ။ ဒြော် အစ်ကို ဒါနဲ့ ပြောရဦးမယ်။ ကျွန်တော်နဲ့ မို့မို့တို့ ခုနစ်နှစ် လောက် အိမ်ထောင်သက်တမ်း အတွင်း သားလေးနှစ်ယောက် ရခဲ့တယ်။ ခုဆို အကြီး ကောင် အသက်က ခုနစ်နှစ် ထဲမှာ နှစ်တန်း၊ အငယ် ကောင်က ငါးနှစ်ထဲမှာ၊ ကျောင်းထားရတော့မယ်။ ကျွန်တော်လည်း ဒီသားလေး နှစ်ယောက်အပေါ် မျှော်လင့် ချက်တွေကို အားဆေးအဖြစ် သောက်သုံးရင်း အသက်ရှင် ရပ်တည်နေနိုင်တာပါ အစ်ကို ရယ်။ ဒေဝီနဲ့ သိပ်မထူးလှ ပါဘူး။ ကျွန်တော့်ဘဝ အိမ် ထောင်ရေးကလည်း ကျွန်တော့် အတွက်တော့ သာယာမှု အပြည့်အဝမပေးနိုင်ခဲ့ပါဘူး။ ကျွန်တော့်မိန်းမ မို့မို့ဘက်က အမြင်မှာ ကျွန်တော်ဟာ တစ် ကိုယ်ကောင်းဆန်ခဲ့တဲ့ အတ္တ သမားတစ်ယောက်ဖြစ်ခဲ့ တယ်။ မိဘနှစ်ပါးရဲ့နားချတဲ့ စကားကို ခေါင်းညိတ်နိုင်ဖို့ အတွက် မို့မို့မှာ သံပတ်ပေး စက်ရုပ်တစ်ရုပ်လို အပြစ်မဲ့ နှလုံးသားတစ်စုံကို ရင်းနှီး ခဲ့ရတယ်ဆိုတာ ကျွန်တော် အတော်နောက်ကျမှ သိခဲ့ရ

ပိတောက်ပန်းတွေ
ပင်ယံနန်းဗွေ
လျှမ်းပနေ
ငယ်ချစ်ခွေရေ
နေနိုင်တော်
မူအားခဲ့ပေ
အတိတ်ကမ္ဘာမြေ
ဝေးဝေးပြီ
အချစ်ရေ
တို့ငယ်စဉ်
တုန်းကလို
ပိတောက်တွေ
ပွင့်ရင်လေ
လွမ်းသလို
ခွေးသလိုပါ
မောင်ရေ

တယ်။ မို့မို့မှာ ကျွန်တော်တို့ ဒေဝီတို့လို ဘဝပေးအခြေ အနေအရ တစ်ယောက်ကို တစ်ယောက် မပွင့်လင်းနိုင် ကြတဲ့ ကျောင်းနေဖက်ငယ် ချစ်ဦး ရှိတယ်လေ။ အဲဒါတွေ မို့မို့ပြောပြလို့ ကျွန်တော် သိရတာပါ။ မို့မို့က ရိုး သားတယ်။ ပွင့်လင်းတယ်၊ စိတ်ဆတ်တယ်။ ကျွန်တော့် ထက်လည်း အတော်ငယ်တာ ဆိုတော့ ကျွန်တော်ကပဲအစစ စိတ်ရှည်ခွင့်လွှတ်ရတယ်။

'ရှင်တစ်ယောက်တည်း ဆန္ဒပြည့်ဝဖို့အတွက် ကျွန်မ ရင်ကချစ်တတ်တဲ့ နှလုံးသား တစ်စုံကို မပွင့်မီ အငုံဘဝမှာ နင်းခြေမွကြေစေခဲ့ရတာပါ'

ကျွန်တော့်အပေါ် စိတ် အချဉ်ပေါက်တိုင်းပြောလေ့ ရှိတဲ့ မို့မို့ရဲ့ အပြောင်းအလဲ မရှိတဲ့ ဒီစကားစုက ကျွန်တော့် နားမှာ စွဲစွဲထင်ထင်နစ်ဝင် နေခဲ့ပါပြီ အစ်ကို။

ဒါပေမဲ့ ကျွန်တော့်ဘဝ အသက်ရှင်သန်ရပ်တည်မှု အတွက် အဓိကအကျဆုံးက သားလေးနှစ်ယောက်ပါ။ သားလေးနှစ်ယောက် မိခင် ဖခင်တို့ရဲ့အရိပ်ကို နွေးထွေး လုံခြုံခိုလှုံနိုင်စေဖို့ ကျွန်တော့် ဘဝကိုသားတို့အတွက် အပြီး အပိုင်ပေးဆပ်ပြီးပါ အစ်ကို။

ဒီအကြောင်းတွေ အစ်ကို့ကို အခုလိုခရေစေ့တွင်း ကျ ပြောပြနေမိတာဟာ အစ်ကိုက စာလေးပေလေးရေး တဲ့သူမို့ နားလည်မှုပေးနိုင် လိမ့်မယ်ယုံကြည်မိပါ။

❑

အစ်ကိုရေ လောကကြီး မှာ ထင်မှတ်ထားတာတွေ ဘာမှဖြစ်မလာတတ်ပေမဲ့ မထင်မှတ်တာတွေဟာ အံ့သြ ဖို့ကောင်းလောက်အောင် ဖြစ်လာတတ်တယ်ဆိုတာ ကျွန်တော် ကိုယ်တွေ့မို့လက်ခံ နိုင်ခဲ့ပြီ။

မကြာမတင်မီရက်ပိုင်း ကာလ ဒေဝီ့ကို ကျွန်တော် လုံးဝ မမျှော်လင့်ခဲ့တဲ့တစ် နေရာမှာ ထင်မှတ်မထားတဲ့ အဖြစ်မျိုးနဲ့ ကျွန်တော် ပြန်ဆုံ ခဲ့ရတယ်။

အဲဒီအခေါက်က မြင်းခြံ မှာ နှစ်ညအိပ် သုံးရက်လောက် ကျွန်တော်တို့ကားနားရတယ်။

ကျွန်တော်တို့ကား သမားသုံးယောက် မူးယစ်ဝေ သီအတွေးအာရုံကိုယ်စီနဲ့ ခန်းမတစ်ဆောင်ရဲ့ လျှပ်စစ် မီးရောင်စုံအောက်ကို ဝင်လာ ခဲ့ကြတယ်။

*'×××တစ်မြို့စီ ခြားဆေ မဲ့ ငယ်ကချစ်သူ သူ့ကိုသာ လေ ကျွန်းမာတော်မူပါ လေရှိုင်းကြားက ခွန်းဆင့်ပါ ရဲ့ အခွေ ချစ်သူ မောင်ရေ ချစ်သူမောင်ရေ××× ××× ××× ဝေးတစ်မြေ ခြားလေ သူ မောင်ရေ×××'*

ပန်းပိတောက်တို့ကြွေ ရာမြေ။ အမေချိုရဲ့ အသံ ချိုချိုအေးအေးလေးနဲ့ ကျွန်တော် ဆက်တီပေါ်မှာ အစီအရီရှိနေတဲ့ အလန်းဗယာ လေးတွေဆီ မျက်စိအရော အလွှားကစားလိုက်တော့ ဗယားလေးငါးခုလောက်အထဲ မှာ မိုက်ခရိုဖုန်းလေးကိုင်ပြီး ကာလာဖန်ပြင်ဆီ ငေးငေး တွေတွေ သီဆိုနေသူလေး သူမက သီချင်းထဲမှာစျာန်ဝင် နေတဲ့ပုံ၊ ပါးပြင်တစ်ဖက်တ ချက် နားသယ်စပ်ဆီက ပန်းရင်အမွှေ့ ကုပ်သားရဲ့အော နားသို့တိုင် နက်မှောင် ဖိတ် လက် ဆံနွယ်ဆံခက်တို့အ ရစ်ခိုဝဲချီ သီကရီနဲ့ ကျွန်တော့်အမြင်မှာ လွမ်း တေးဆိုနေသူလေးရဲ့မျက်နှာ နွမ်းလျှလျှနဲ့ လိုက်ဖက်လွန်း လှတယ်လို့ထင်မိတယ်။ ဝါးဝါးဖြစ်နေတဲ့ ကျွန်တော့် အမြင်တွေ ပြတ်သားအောင် အောင်အကြည့်ကို စူးစိုက် လိုက်တယ်။

'ဒေဝီ'

နှုတ်ကထွက်မလာ ကျွန်တော့်ရင်ဘတ်ထဲ အသံပါ။ ကျွန်တော် ချို အေးအေး မြည့်မြည့်ဆွေ လေ သီဆိုနေတဲ့ဒေဝီ



www.burmeseclassic.com

www.burmeseclassic.com

သီချင်းရစ်သမ်မှာ ဆက်ပြီး နစ်မျောနေမိတယ်။

'×××ပီတောက်ပန်း တွေ ပင်ယံနန်းဖွေ လျှမ်းပနေ ယ်ချစ်ဆွေရေ နေနိုင်တော် အားခဲ့ပေ အတိတ်ကမ္ဘာမြေ ဆေးဝေးပြီ အချစ်ရေ တို့ငယ် ဘ်တန်းကလို ပိတောက်တွေ ပွင့်ရင်လေ လွမ်းသလို ဆွေး သလိုပါ မောင်ရေ အချစ်ကြီး သူများရဲ့ ဘဝတာလမ်းတစ် လျှောက်မလေ×××တစ်နှစ် ားပေမဲ့ အချစ်ဦးမောင့်ကို စောင့်ကြို(နေတယ်လေ ဆေးတစ်မြေ×××ခြားလေသူ မောင်ရေ×××'

'×××ဌာနေဟောင်းကို ရက်တွေလတွေပြောင်းစေဦး တော့လေ မမေ့ကောင်းစရာ အကြောင်းရယ်ဖန်လာပေ ရပ်ဝေးနေ ပျို့ငယ်ချစ်ဆွေ နောင်လည်းတွေ့နိုင်ပါစေ ပိတောက်တွေရွှေရည်လူး ဖူး ပွင့်ရာမြေ ကြည်နူးရည်စူးမိ ပါလေ ဝေးတစ်မြေခြားလေသူ မောင်ရေ×××'

သီချင်းဆုံးတော့ ဒီတ်တာလူငယ်တစ်ယောက် ကျွန်တော်တို့ထိုင်နေတဲ့အနား လာရပ်တယ်။ သီချင်းဆိုပြီး သွားတဲ့ ကောင်မလေးဆီ ကျွန်တော်လက်ညှိုးညွှန်လိုက် တယ်။ ပါးစပ်ကလည်း 'ပန်းပိတောက်ကြွေရာမြေ' လို့ ပြောလိုက်သေးတယ်။ လူငယ်က ကောင်မလေးဆီ လျှောက်သွားတယ်။

ကျွန်တော့်အကောင် နှစ်ယောက် မျက်လုံးအဝိုင်း သားနဲ့ ကျွန်တော့်ကို အံ့သြ ရောလူတစ်ယောက်လို ကြည့် နေကြတယ်။ သူတို့ဘာကို အံ့သြတယ်ဆိုတာ ကျွန်တော် သဘောပေါက်နေတယ်။ ကျွန်တော်က အပေါင်းအသင်း လုပ်ဖော်ကိုင်ဖက်တွေရဲ့အပေါ် လိုက်လျောမှု၊ နားလည်မှု များများပေးနိုင်တဲ့အကောင်။ ဒါပေမဲ့ အများနည်းတူ ရော ယိမ်းလိုက်၊ ဘသားယိမ်း လိုက် ဘယ်သူတွေ မိုးခါးရေ သောက်သောက် ကျွန်တော် မသောက်ဘူး။ ခင်ပွန်း ကောင်း ဖခင်ကောင်းတစ် ယောက်ရဲ့စောင့်ထိန်းမှု စည်း ဘောင်ကိုတော့ ဘယ်တုန်းက မှ အတိမ်းအစောင်း မခံခဲ့ဘူး။ ကျွန်တော့်အကောင်တွေ ကျွန်တော့်ကို အဲလို သိထား တာလေ။

ဒီနေ့ည ကျွန်တော်ကစ ပြီး ဖယားတစ်ကွက်ဦးဦး ဖျားဖျား ရွေးချယ်ခဲ့ပြီ။ အဲဒါ ကို ကျွန်တော့်နှစ်ကောင် နားမလည်နိုင်ကြတာ။ နောက်တော့ သူတို့လည်း ဖယားကိုယ်စီနဲ့ ဆိုကြမယ် ပျော်ကြမယ် အစီအစဉ်ဆွဲပြီး ဆက်ရှင်အခန်းဝင်သွားကြ တယ်။ ဒေဝီသာထိုင်နေရာက နေ ကျွန်တော့်ကို ငေးငေးလေး ကြည့်ရင်းကျန်ခဲ့တာမို့ နောက် ကျနေတယ်။

'ဩော်...ဒေဝီရယ်။ မင်းအံ့သြနေပြီပေါ့။ တို့က တော့ လုံးဝထင်မှတ်မထား ဘဲ မင်းကိုတွေ့လိုက်ရတာမို့ ခုတော့ ရင်ဘတ်ထဲမှာ ခံစား နိုင်ဖို့ ကလီစာတောင် ကျန် တော့မှာ မဟုတ်ပါဘူး ဒေဝီ ရယ်...'

နောက်တော့ ဒေဝီ ကျွန်တော့်ဆီ ဖြည်းညင်းတွဲ့ တွဲ့တစ်လှမ်းချင်းလှမ်းလာ တယ်။ ရှေ့တည့်တည့်ရောက် တော့ တစ်ယောက်ကို တစ် ယောက် ငေးငေးတွေတွေ ကြည့်ဖြစ်ကြတယ်။ ဒေဝီ့ မျက်ဝန်းနှစ်ဖက်ဆီ မျက်ရည် ကြည်တို့ ရီဝေဝေ့လျှံနေကြပါ ပြီ။

'ကိုချမ်း'

ဒေဝီ့နှုတ်က တိုးညင်း ညင်းသာ ခေါ်လိုက်တဲ့ ကျွန်တော့်နာမည်။

ကျွန်တော် ပြန်မထူးမိ ပါဘူး။ တိုတောင်းတဲ့ ကာလ ကလေးအတွင်း ကျွန်တော် အလုပ်သင့်ဆုံးကို လုပ်နိုင်ဖို့ ပြောသင့်တဲ့စကားကိုသာ ပြောလိုက်တယ်။

'ဒေဝီ ကိုယ်တို့အပြင် ဘက်မှာထိုင်ပြီး စကားပြော လို့ရမလား'

ကျွန်တော် နားလည် သလိုပြောရရင် အဆောင်မှူး အုပ်ထိန်းသူဖြစ်ဟန်အမျိုးသမီး ကြီးတစ်ဦးထိုင်နေရာစားပွဲမှာ ဒေဝီခဏလောက် စကား ရပ် ပြောတယ်။ ပြီးတော့ ကျွန်တော်တို့နှစ်ယောက် အဆောက်အဦကြီးရှေ့ ခြံထဲ ဆင်းခဲ့ကြတယ်။

'ကိုချမ်း ဒီနေရာမျိုး တွေကို အလေ့အထရှိသလား'

စကျူပန်းရုံ လေးရဲ့ အောက် ခုံတန်းလျားကလေး ပေါ် ထိုင်နေရင်း ကျွန်တော့် မျက်နှာကိုစေ့စေ့ကြည့်ပြီး ဒေဝီက မေးတယ်။ ဒေဝီ့ မျက်နှာအရိပ်အကဲကို ကြည့် ရုံနဲ့ ကျွန်တော့်အပေါ် ဘယ် လိုသဘောထားနဲ့ မေးတယ် ဆိုတာ ဒေဝီရဲ့စိတ်ထဲခံစားမှု ကို ကျွန်တော်နားလည်ပြီး သွားပါ။

'အပေါင်းအသင်း လုပ် ဖော်ကိုင်ဖက် အချင်းချင်း ကိုယ်တို့လောကမှာ နားလည် မှုလိုက်လျောမှုဆိုတာ လုံးဝ တော့ လျစ်လျူရှုလို့ မရပါ ဘူး ဒေဝီ၊ ကိုယ်တို့အချင်း ချင်းသင့်တင့်တဲ့နားလည်မှု ကိုတော့ ပေးရပါတယ်။ အဲဒီ စိတ်ဓာတ်အသိမျိုးနဲ့ နေတတ် ထိုင်တတ်ခဲ့တဲ့ ကိုယ့်အဖို့ ဒီနေရာမျိုးတွေဟာ လုံးဝ တော့ မကင်းရှင်းခဲ့ပါဘူး။ ရောက်လည်း ရောက်ဖြစ်နေ ပါတယ်။ ဒါပေမဲ့ ကိုယ်ပြော ရဲပါတယ်။ ဒီနေ့ဒီအချိန် ဒီ နေရာမျိုးမှာ ကိုယ့်ရဲ့သူငယ် ချင်းမလေးကိုသာ မတွေ့ခဲ့ လေဘူးဆိုရင် မိုးခါးရေ သောက်တဲ့သူတွေအထဲ ကိုယ် လုံးဝပါဝင်မှာမဟုတ် ဘူးဆို တာကိုပါ။ အရင်းနှီးဆုံး သူငယ်ချင်းတွေချင်းမို့ တွေ့ တုန်းကြုံခိုက် ကိုချမ်း အပွင့် လင်းဆုံးပြောပါရစေ၊ ဘယ် သူတွေ ဘယ်လို မိုးခါး ရေ သောက်ကြပါစေ ဘယ်တော့ အခါမှ ကိုချမ်း မသောက်ခဲ့ ပါဘူးဆိုတာကို ပြောပါရစေ ဒေဝီ။ ဇနီးမယားတစ်ယောက် ရဲ့အပေါ်မှာရော သားလေး နှစ်ယောက် အတွက်ပါ ခင်ပွန်းကောင်း၊ ဖခင်ကောင်း တစ်ယောက် ပီသစွာ ကိုချမ်း ဘဝကို ကိုချမ်းအပွန်းအပဲ့ မခံ ရပ်တည်နေပါတယ်'

ဒေဝီ ကျွန်တော့်ကို လေးလေးနက်နက်ကြည့် တယ်။ တစ်သက်လုံးက ပေါ့ ပေါ့သွမ်းသွမ်းမပြောတတ်တဲ့ ကျွန်တော်ရဲ့စကားကိုလည်း ဒေဝီ သံသယကင်းကင်း လက်ခံလိမ့်မယ်ဆိုတာ ကျွန်တော် ယုံကြည်ပြီးသား ပါ။

ခန်းမဆောင် ဉပစာ အလှစိုက်ပန်းရုံကလေးတွေရဲ့

www.burmeseclassic.com

အပင်အကိုင်းအခက်တွေမှာ အရောင်စုံမီးပွင့်တို့ ရေးရေးပြက်ပြက် လက်နေတယ်။ ဒေဝီ ကျွန်တော့်ဆီကအကြည့်လွှဲပြီး အဲဒီမီးပွင့်လေးတွေဆီ ငေးရင်း…

'ဒေဝီ လုံးဝမမျှော်လင့်မထားတဲ့အချိန် ကိုချမ်းကို တွေ့လိုက်မြင်လိုက်ရတော့ ဒေဝီ့တစ်ကိုယ်လုံး ဆီးရွက်ကလေးလောက် သေးနုပ်သိမ်ငယ်သွားပါတယ် ကိုချမ်း။ ဒါပေမဲ့ ကိုချမ်းဘက်ကဆိုရင် ဟိုးငယ်ငယ်ကတည်းက ဒေဝီ့အပေါ် ခွင့်လွှတ်နားလည်ခြင်းများနဲ့ သာစဉ်းစားပေးလေ့ရှိတာတွေ အောက်မေ့အမှတ်ရလိုက်တော့လည်း ဒေဝီ စိတ်သက်သာရာရပါတယ် ကိုချမ်း။ ဒေဝီ့ကို ခွင့်လွှတ်ပါ'

စကားဆုံးတော့ ဒေဝီက ခေါင်းကလေးငုံ့ မျက်နှာကို လက်ဖဝါးနှစ်ဖက်မှာ ဝှက်ရင်း ကျွန်တော့်ရှေ့မှာ ရှိုက်ကြီးတငင်ငိုနေရှာတယ်။ ရှိုက်လို့ ငိုလို့ အတောမသတ်နိုင်ရှာတဲ့ ဒေဝီကို ကျွန်တော်ကပဲ နှစ်သိမ့်ဖြေသိမ့်ရတယ်။

'မငိုနဲ့တော့နော် ဒေဝီ။ တိတ်တော့။ ဒေဝီ့အပေါ် တို့ဘယ်တုန်းက အထင်အမြင်သေးသိမ်ခဲ့ဖူးလို့လဲ။ ကိုယ်တို့နှစ်ယောက်ကာလအတော်ကြာဝေးကွာကွဲကွာနေခဲ့တယ်။ အဲဒီအတွင်း ဒေဝီနဲ့ ကိုထက်အောင်နိုင်တို့ရဲ့ အိမ်ထောင်ရေးဘယ်လိုအကြောင်းကြောင်းတွေကြောင့် ဒီအခြေအနေထိ ရောက်ခဲ့ဖြစ်ခဲ့ရတာကိုပဲ ဒေဝီ ပြောပြလို့ရမယ်ဆိုရင် ကိုချမ်းသိပါရစေ'

ကျွန်တော့်စကားဆုံး

အချစ်ကြီးသူများရဲ့
ဘဝတာလမ်း
တစ်လျှောက်မလေ
xx
တစ်နှစ်ကူးပေမဲ့
အချစ်ဦးမောင့်ကို
စောင့်ကြို
နေတယ်လေ
ဝေးတစ်မြေ
xxx
ခြားလေသူ
မောင်ရေ
xxx

တော့ ဒေဝီတဖြည်းဖြည်း အငိုတိတ်တယ်။ ပြီးတော့ သူမရဲ့အိမ်ထောင်ရေးဘဝဇာတ်ကို အစမှအဆုံးတိုင် ကျွန်တော့်ကို စိတ်ရှည်လက်ဖြောင့် ပြောပြရှာပါတယ်။

'တကယ်တော့ ကိုထက်အောင်နိုင်ရဲ့အစ်မတွေဖြစ်တဲ့ မမကြီး၊ မမလတ်နဲ့ မမလေးတို့က နားလည်မှုရှိစွာနဲ့ ဒေဝီနဲ့ကိုထက်အောင်နိုင် တို့ကို လက်ထပ်စေခဲ့တာ ပေးစားခဲ့တာ မဟုတ်ပါဘူး။ ဘယ်လိုမှ ဖျက်လို့၊ တားလို့မရတဲ့အဆုံး မလွှဲသာလို့ လက်လျှော့ခဲ့ကြရတဲ့သဘောပါ။ သူတို့ရဲ့အဓိက ရည်ရွယ်ချက်ဟာ ပေါင်းစည်းပေါင်းစပ်စေခဲ့ခြင်းဆိုတာ တစ်ချိန်မှာ မကွဲကွဲအောင် ကွဲကွာစေဖို့ ခွဲခွာကြဖို့ပါ။ သျှောင်နောက် ဆံထုံးပါ လင့်တစ်မျက်နှာ တစ်ရွာထင်လိုက်လာခဲ့တဲ့ ဒေဝီပါ ကိုချမ်း။ ဒါပေမဲ့ သူတို့ရည်ရွယ်ချက်ကတစ်မျိုးလေ။ သူတို့ မိသားစုအသိုင်းအဝိုင်းအလယ်မှာ ကြာကြာမနေနိုင်အောင် လုပ်ကြတယ်။ လိုက်လျောပြေပြစ်မှု နားလည်မှုလုံးဝမပေးကြဘူး။ ကိုထက်အောင်နိုင်ရဲ့ ရှေ့တစ်မျိုး ကွယ်ရာမှာတစ်မျိုး။ ဒေဝီ့ဘက်က ရံခါအမှားအယွင်း အချွတ်အချော်ရှိခဲ့ရင်လည်း မဖြစ်ညစ်ကျယ်ကို ရေးကြီးခွင်ကျယ်လုပ်ကြတယ်။ ကိုထက်အောင်နိုင်ဘက်က ကြည့်ပြန်တော့လည်း အစ်မကြီးအမိရာ မိဘနှစ်ပါးမရှိတဲ့နောက် တစ်သက်လုံးက သူ့ကိုစောင့်ရှောက်ခဲ့တဲ့ အစ်မတွေရဲ့အပေါ် နားလည်မှုထားဖို့၊ ခွင့်လွှတ်သည်းခံဖို့ ဒေဝီ့ကိုပြောတယ်။ ကြာတော့ ဒေဝီကပဲ အသိစိတ်ဓာတ်အသိတရားနုန့်နဲ့ နိမ့်ကျနေသလို ဒေဝီ့ဘက်ကလိုအပ်ချက်တွေကြောင့်သာ မိသားစုအဆင်မပြေ မချောမွေ့တာလို ဖြစ်လာတယ်။

'နောက်ဆုံး ဒေဝီ့ဘက်က သည်းခံနိုင်မှု နားလည်ပေးနိုင်မှု အဆုံးအစွန်ကိုရောက်သွားတဲ့အချိန် ထိပ်တိုက်ရင်ဆိုင်ခဲ့ရတာက ဒေဝီနဲ့ ကိုထက်အောင်နိုင်ပါ။

'ကိုထက်ရဲ့ အစ်မတွေနဲ့ ဒေဝီ တစ်ခုခုကိုသာ ရွေးချယ်ပါတော့ ကိုထက်။ သားရွှေအိုးထမ်းလာတာကိုတော့ ဘယ်လိုမှ မြင်ချင်လို့မရနိုင်ပါဘူး။ ဒါ ဒေဝီတို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးအပေါ် ဒေဝီ့ဘက်က နောက်ဆုံးလိုက်လျောမှု ပေးနိုင်ခြင်းပါပဲ။

'ခင်ပွန်းတစ်ယောက်ရဲ့အပေါ် ဇနီးမယားကောင်းတစ်ယောက်ပီသစွာ ဒေဝီ နောက်ဆုံးအချိန်ထိ သစ္စာ သမတ်ကျကျ ရင်ဆိုင်ခဲ့တာ ပါ။ တစ်ဖက်သတ်မဆန်ခဲ့ ပါဘူး။

'ဒါပေမဲ့ ကိုထက် အောင်နိုင်က ဒေဝီ့အပေါ်မှာ အလေးမသာခဲ့ဘူး။ သူ့ဝမ်း ကျင်၊ သူ့အသိုင်းအဝိုင်းနဲ့ အစ်မတွေရဲ့ဘက်ကို အလေး သာခဲ့တယ်။ သူ့မိသားစု သာ အလေးထားခဲ့တယ်။ နှစ်ဦးသဘောတူ ကွာရှင်း ပြတ်စဲခြင်းနဲ့ သူ့ဘဝ သူ့အိမ် ထောင်ရေးကို အပြီးအပိုင် မြေမြှုပ်သင်္ဂြိုဟ်ပစ်ခဲ့တယ်။

'ဒေဝီ့ဘက်ကလည်း ပြတ်ပါတယ်။ သူတို့ကို သူ တို့ သတ်မှတ်ထားတဲ့ လူ ထံဆိုတဲ့ လူတန်းစား ပေါက်ဖွားခဲ့တဲ့ ကိုထ အောင်နိုင်လို ယောက်ျား ယောက်ကို ရာသက်ပန်လ တွဲဖော်အဖြစ် ရွေးချယ်ခဲ့ နေရာမှာ သူတို့ထင်ထားသ စည်းစိမ်ဥစ္စာ ဓနငွေကြေး ဒေဝီ့ဘဝအတွက် အဓိ မကျခဲ့တာကို ခရီးဆောင် အိတ်တစ်လုံး အဝတ်တစ် ကိုယ်တစ်ခုနဲ့ သူတို့အသိုင်း အဝိုင်းကို ကျောခိုင်းထွက် ခဲ့ခြင်းနဲ့ သက်သေပြခဲ့တ တရားဝင်အကြောင်လင်မ ဆိုတဲ့ ဥပဒေပုဒ်မတွေ ပိုင် ခွင့်တွေဆိုတာ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

သူတို့အစိုးရိမ်ဆုံး၊ တန်ဖိုးအထားဆုံးအရာတွေပေါ့။ ဒေဝီ အဲဒါတွေ ဦးနှောက်ထဲဆောင် မထည့်ဘူးဆိုတဲ့ တစ်ချက်တည်းနဲ့ပဲ ဆင်းရဲသားလူတန်းစားရဲ့မာနကိုပြခဲ့တယ်။

'ဒါပေမဲ့ ဒေဝီ ကျေနပ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လူ့လောကထဲမှာ မျိုးဆက်တာဝန်ကို ဆက်လက်ရှင်သန်စေမယ့်သားလေးတစ်ယောက် ရောက်လာတာတစ်ခုတည်းနဲ့ပဲ ဒေဝီ့ဘဝပြီးပြည့်စုံပြီးသားပါ။ ကိုထက်အောင်နိုင်နဲ့ လမ်းခွဲတော့ အခုသားလေးရဲ့ပဋိသန္ဓေက ဒေဝီ့မှာ ရှိနေပါပြီ။ အဲဒါကိုလည်းကိုထက်အောင်နိုင်တို့ လုံးမသိစေခဲ့ဘူး။ အသိမပေးခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီအချိန်မှာ ဘယ်လိုမှ အဆင်ပြေမချောမွေ့နိုင်တော့ပဲ ဒေဝီတို့ရဲ့ အိမ်ထောင်ရေးကို ကြိုသိထားပြီလေ။ ဘယ်နည်းနဲ့မဆို ဒေဝီမဖြစ်မနေ ရွေးချယ်ရတော့မယ့်လမ်းမှာ မမြင်နိုင်သေးတဲ့ သားသမီးဆိုတဲ့ သံယောဇဉ်တစ်ခုကြောင့် ကိုထက်အောင်နိုင်ဘက်က ဒေဝီ့ကို အဟန့်အတားမဖြစ်စေလိုဘူး။

ဒေဝီနဲ့ကွာရှင်း ပြတ်စဲခဲ့ပြီး ခြောက်လလောက်ပဲ ခြားတယ်။ ကိုထက်အောင်နိုင် အသည်းရောဂါနဲ့ ဆုံးသွားတယ်။ အရက်တွေ စွဲသောက်တာတဲ့။ ဒေဝီ စိတ်မကောင်းပါဘူး။ အိမ်ထောင်ရေးကို အသစ်တစ်ဖန်တစ်က ပြန်စမယ်လို့ မောင်တစ်ယောက်အတွက် ရွှေစီမံကိန်းတွေ ချမှတ်ခဲ့တဲ့ မမကြီးတို့မှာတော့ မောင်တစ်ယောက်လုံး လူ့ဘဝထဲက အဆုံးရှုံးခံလိုက်ရတာပဲ အဖတ်တင်ကျန်ခဲ့တယ်။ ဒါတွေဟာ တကယ်တော့ မမကြီးတို့အနေနဲ့ ဘယ်သူမပြု မိမိအမှုတွေပါ။ ဒေဝီကတော့ အဲလိုပဲ အောက်မေ့လိုက်တယ်။

'ဒေဝီ့ ဘဝမှာတော့ သားလေးဟာ အားဆေးတစ်ခွက်ပါ ကိုချမ်း။ သားလေးဆိုတဲ့ အားဆေးကို အဆက်မပြတ် သောက် မျို ရလို့ ဒေဝီ့ဘဝ အသက်ရှင်ရပ်တည်နေနိုင်ရတယ်ဆိုရင် မမှားပါဘူး။ သားလေးရဲ့အပေါ်ထားရှိတဲ့ မိခင်တစ်ယောက်ရဲ့မေတ္တာတွေကို သတ္တိတွေအဖြစ် ဒေဝီပြောင်းလဲခဲ့တယ်။ ဒေဝီပိုင်ဆိုင်ခဲ့ဖူးတဲ့ ဘွဲ့လေးတစ်ခု အားကိုးနဲ့ မြို့ကြီးပြကြီးတွေတက်ပြီး ကုမ္ပဏီပေါင်းစုံမှာ အလုပ်ပေါင်းစုံ လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ မိန်းမသား တစ်ယောက်သာဖြစ်တဲ့ အမေတစ်ယောက်အဖို့ သားအတွက် ပြည့်စုံဖူလုံစေလိုတဲ့ စေတနာတွေရဲ့နောက်ကို ဒီခေတ်ကြီးထဲမှာ စိတ်သွားရာလက်တွေ့မစွမ်းနိုင် မပါနိုင်ခဲ့ပါဘူး ကိုချမ်း။ သားလေးအတွက် ဖြစ်ပေးချင်တာပဲ ရှိတယ်၊ ဖြစ်ပေးနိုင်ဖို့ လက်တွေ့မှာ မလွယ်ကူခဲ့ဘူး။ အဲဒီအချိန် အခုကောင်တာမှာ ထိုင်နေတဲ့ အန်တီကြီးမေနဲ့ တွေ့ခဲ့တာ။ အန်တီကြီးမေနဲ့ ရန်ကုန်မှာ အဆောင်အခန်းနီးချင်းနေရင်း ရင်းနှီးကြတာ။ အန်တီကြီးမေက ဒီလောကမှာ ဝင်ဆံ့တယ်လေ။ ဒေဝီက ရန်ကုန်မှာတော့ မနေချင်၊ မလုပ်ချင်ဘူးဆိုတော့ အန်တီကြီးမေနဲ့အတူ သုံးနှစ်လောက် ဒီကိုပါလာခဲ့တာ။ ဒေဝီ ဒီလောကထဲမှာ အန်တီကြီးမေရဲ့ဦးဆောင်မှုနဲ့ အဆင်ပြေပြေရပ်တည်နေနိုင်တာပါ။ သားလေးနဲ့ သူ့အဘွားကိုလည်း မပူရ၊ မပင်ရ ပို့ပေးနိုင်ပါတယ်။ အဖေကတော့ လွန်ခဲ့တဲ့ခြောက်နှစ်လောက်က ဆုံးသွားတယ်။ ခုဆို သားလေးဆယ်တန်းကိုတောင် ရောက်နေပါပြီ။ ဘာပဲဖြစ်ဖြစ် လူ့လောကထဲမရောက်မီကာလမှာကတည်းက ဖခင်တစ်ယောက်ရဲ့မေတ္တာကို မရခဲ့ရှာတဲ့၊ ဖခင်တစ်ယောက်ရဲ့အရိပ်နဲ့ဝေးခဲ့တဲ့၊ အဖေဆိုတာ အားကိုးရာမဲ့ခဲ့ရှာတဲ့(အဲဒီမှာ ဒေဝီ ရှိုက်ရှိုက်ပြီးငိုတယ်)သားလေးအတွက် အမေတစ်ယောက်ရဲ့ပေးဆပ်ရခြင်းတွေအပေါ် ဒေဝီကျေနပ်ပါတယ်။(စကားဆုံးတော့ ဒေဝီ ငိုနေတယ်)

'ဒေဝီ ပြောရဲပါတယ်။ ရှေးစာဆိုတွေထဲကလို သားလေးဟာ ရေကြည်တစ်ပေါက်ဆိုရင် အဲဒီတစ်ပေါက်ကလေးမျှသော ရေကြည်ဟာ ဒေဝီ့ဘဝမှာ ဘယ်လောက်ပူလောင်ပြင်းပြ သောကတွေပင်လယ်ဝေနေပါစေ၊ ထာဝစဉ်အေးမြသာယာနေမှာ အမှန်ပါ'

အဲဒီညက ဒေဝီက သားတစ်ယောက်အတွက် ဘဝကိုနောက်မတွန့်တမ်း ရဲရဲဝံ့ဝံ့ရင်ဆိုင်မယ့် သတ္တိတွေအပြည့်နဲ့ သူမရဲ့စကားကို အဆုံးသတ်ခဲ့တယ်အစ်ကို။

'ဘယ်လိုပြောလိုက်တာလဲ အစ်ကို'ရယ်။ ကျွန်တော့်အိမ်ထောင်ရေးကိုလည်း ဒေဝီ့ကို ပွင့်ပွင့်လင်းလင်းပြောပြချင်တာပေါ့။ ဒါပေမဲ့ အခုချိန်မှာ ဒေဝီက အိမ်ထောင်ရေးအနှောင်အဖွဲ့ကင်းလွတ်နေတဲ့သူတစ်ယောက်လေ။ အမှန်ကို ဝန်ခံရရင် ကျွန်တော်တို့နှစ်ယောက်စလုံး တစ်ဦးကိုတစ်ဦး ငယ်သံယောဇဉ်တွေ မပျက်ပြယ်ကြသေးဘူး။ ဟိုတုန်းက အတိုင်းပဲ လုံးဝယွင်းပွဲယုတ်လျော့ မသွားကြဘူးဆိုတာ တစ်ယောက်နဲ့တစ်ယောက် ဒေဝီရော ကျွန်တော်ပါ သိနေတယ်။ အဲဒီအခြေအနေမျိုးမှာ ကျွန်တော့်ရဲ့အဆင်မပြေတဲ့အိမ်ထောင်ရေးအတွင်းရေးတွေ ဒေဝီ့ကို ကျွန်တော် မပြောသင့်ဘူးလို့ ဆုံးဖြတ်တယ်။

ကျွန်တော် ပြောလိုက်ချင်တာပေါ့။

'တို့ဘဝ၊ တို့အိမ်ထောင်ရေးကလည်း ဘာထူးလို့လဲ ဒေဝီရယ် ဒေဝီလိုပါပဲ၊ ခံစားမှုနှလုံးသားမပါဘဲ လည်ပတ်နေရတဲ့ သံပတ်ပေး စက်ရုပ်တစ်ရုပ်ပါ'လို့။

ဒါပေမဲ့ ကျွန်တော် မပြောခဲ့ပါဘူး။ ပြောတော့ ပြောခဲ့ပါတယ်။

'တို့လည်း မင်းလိုပါပဲ။ ဒေဝီရယ် သားလေးနှစ်ယောက်အပေါ်ထားရှိတဲ့ ရင်ထဲက မျှော်လင့်ခြင်း၊ ပေးဆပ်ခြင်းတွေနဲ့ပဲ ဘဝမှာ အသက်ရှင်သန်ရပ်တည်နေရတာပါ'ရယ်လို့။

ဒီစကားကလွဲလို့ ကျွန်တော့်မှာ ဘာပြောစရာရှိသေးလို့လဲ အစ်ကို။

နောက်ပြီး ဒေဝီကတော...။ ■

**လူငြိမ်းအေး၊ဆီမီးခုံ**

www.burmeseclassic.com



ရှစ်ဆယ့်ရှစ်
အရေးအခင်း
ကာလအတွင်းမှာ
အုန်းတောရွာကို
ဆရာလှ အလည်လာတယ်
ဆိုတဲ့သတင်းဟာ
ကူးတို့ဆိပ် မှို့အိတ်
ဖွင့်လိုက်သလို ရွာထဲ
ပျံ့နှံ့သွားတော့တယ်။
ဆရာလှက သူ့ရဲ့
ဆွေနီးမျိုးစပ်တော်တဲ့
ကိုသာကျော်တို့အိမ်မှာ
တည်းတယ်။ ရွာသားတွေ
တော်တော်များများကလည်း
ဆရာလှကို အိမ်ခေါ်ပြီး
ထမင်းကျွေးချင်တဲ့သူနဲ့
လက်ဖက်ကျွေးချင်တဲ့သူနဲ့
ရေနွေးကြမ်း
တိုက်ချင်တဲ့သူနဲ့။
ဆရာလှရဲ့အသက်ကတော့
ငါးဆယ်ကျော်ပါပြီ။
အရပ်အမောင်းက
မြင့်မြင့်မားမားနဲ့
အသားက ညိုညို
နဖူးက ကျယ်ကျယ်
ဥပမိရုပ်က
ခပ်ကောင်းကောင်း
သွေးနှာမည်အရင်းက



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၅ ဇန်နဝါရီ [illegible]

www.burmeseclassic.com

ဦးထွန်းလှဖြစ်ပေမဲ့ အုန်းတောရွာကတော့ ဆရာလှလို့ပဲ အခေါ်များတယ်။ ဆရာလှက အုန်းတောရွာသားစစ်စစ်ပါ။ ဒါပေမဲ့ ငယ်ငယ်ကတည်းက မြို့ပေါ်ကျောင်းသွားတက်၊ နောက် ဝိဇ္ဇာဘွဲ့တစ်ဘွဲ့ရပြီး အစိုးရကျောင်းမှာ ကျောင်းဆရာဝင်လုပ်လိုက်သေးတယ်။ နောက်တော့ ကျောင်းဆရာအလုပ်က ထွက်လိုက်ပြီး တွဲဖက်ကျောင်းတွေမှာပဲ အလွတ်သင်ဆရာအဖြစ်နဲ့ အသက်မွေးတယ်။ ဆရာလှက စကားပြောတဲ့နေရာမှာ ကောလိပ်ဂျင်နေဝင်းလိုလို၊ မြတ်လေးလိုလို၊ ဘီအီးဒီအောင်သိုက်လိုလို လေယူလေသိမ်းမျိုး။ ကျောက်ဆင်းတုကိုယ်တော် ခေါင်းညိတ်ရလောက်အောင် အပြောမျိုး။

အခုလို အရေးအခင်းကာလအတွင်း ဆရာလှ လာတယ်ဆိုတော့ အုန်းတောသားတွေ အားတက်သွားတာတော့အမှန်ပဲ။ ရန်ကုန်မြို့ကြီးနဲ့ မြို့အသီးသီးမှာ ဒီမိုကရေစီတောင်းဆိုသံတွေ ညံနေတဲ့သတင်းကို ကြားနေရပေမဲ့ အုန်းတောရွာကတော့ မြို့နဲ့လည်း တော်တော်လေး အလှမ်းဝေး၊ ဦးစီးဦးဆောင်လုပ်မယ့်သူကလည်း မရှိတော့ သပိတ်စခန်း မရှိသေးဘူး။ ဒါပေမဲ့ ရွာသားတွေရဲ့ စိတ်ထဲမှာတော့ လှုပ်လှုပ်ရှားရှား ဖြစ်နေတယ်။ စနက်တံကို မီးရှို့ပေးဖို့ပဲ လိုနေတဲ့ အခါမျိုး။ အဲသလို အချိန်အခါမျိုးမှာ အုန်းတောရွာကို ဆရာလှ ရောက်လာတာဆိုတော့ ရွာသားတွေရဲ့ စိတ်ထဲမှာ ဒီမိုကရေစီအရေးကို ဆရာလှက

> ဟိုဘက်
> ခေတ်မှာတော့
> ဦးနုက
> **လူမွဲတို့ရဲ့**
> **ထွက်ရပ်လမ်း**
> ဆိုတဲ့ခေါင်းစဉ်နဲ့
> စာအုပ်တစ်အုပ်
> ရေးခဲ့ဖူးတယ်ဗျ
> အဲဒီစာအုပ်ရဲ့
> ခေါင်းစဉ်
> နာမည်အတိုင်း
> ပြောရရင်
> လူမွဲတွေရဲ့
> ထွက်ရပ်လမ်းကို
> ကျုပ်တွေ့
> ထားတယ်

ပဲ ဦးဆောင်လှုပ်ရှားတော့မယ်လို့ ထင်ထားကြတယ်။ ဒါပေမဲ့ ဆရာလှက ဒီမိုကရေစီအကြောင်းကို သိပ်မဟဘူး။ သူ့ကျောင်းဆရာဘဝ အတွေ့အကြုံတွေကိုပဲ စီကာပတ်ကုံး ပြန်ပြောပြတာ များတယ်။

အုန်းတောရွာရဲ့ ကင်းတဲမှာ ညတိုင်းလိုလို ဆရာလှရဲ့ စကားဝိုင်းရှိတယ်။ ဆရာလှ မရောက်ခင်တုန်းကတော့ ပုံမှန်အလှည့်ကျ ကင်းစောင့်တဲ့ ရွာသားတစ်ယောက်၊ နှစ်ယောက်လောက်ပဲ ရှိပေမဲ့ ဆရာလှလည်း ရောက်လာရော ကင်းတဲမှာ ည ခုနစ်နာရီလောက်ကနေ ကိုးနာရီလောက်အထိ လူစည်ကားနေတယ်။ ဆရာလှ စကားပြောရင်း ရေငတ်မှာစိုးလို့ ရေနွေးကျိုပေးတဲ့သူလည်း ရှိတယ်။ ❑

၂။

တစ်ညမှာတော့ ဆရာလှက သူ တွဲဖက်ကျောင်းမှာ မြန်မာစာသင်ခဲ့တဲ့ အတွေ့အကြုံတွေကို ပြန်ပြီး ဖောက်သည်ချနေတယ်။

'ကျွန်တော် ရန်ကုန်ရောက်တုန်း ရန်ကုန်က နာမည်ကြီး မြန်မာစာကျူရှင်ဆရာကြီးတစ်ယောက်နဲ့ တွေ့တယ်။ သူက ဆယ်တန်းမြန်မာစာမေးခွန်းအတွက် ကဗျာသုံးပုဒ်ကို ခန့်မှန်းပေးတယ်။ ဦးပုညရဲ့ **သိကြားလိမ်**ရယ်၊ ဗန်းမော်ညိုနွဲ့ရဲ့ **လက်ဖက်ရည်ကြမ်းဝိုင်း**ရယ်၊ မင်းသုဝဏ်ရဲ့ **ဗြော်သံ**ရယ်ကို ခန့်မှန်းတယ်။ အဲဒီအထဲက ကျွန်တော်က ထပ်စဉ်းစားတာပေါ့။ **သိကြားလိမ်**ဆိုတာ သိကြားမင်းက မိဖုရားတွေ အများကြီးယူပြီး မြတ်စွာဘုရားကို လိမ်တဲ့အကြောင်း ရေးထားတာ။ ဒီခေတ်နဲ့ဆိုပါမောက္ခ မေးရဲမယ် မထင်ဘူး။ နောက်ပြီး ဆရာ မင်းသုဝဏ် **ဗြော်သံ** ကိုလည်း အကြောင်းပြချက်တစ်မျိုးနဲ့ ကျွန်တော် ပယ်လိုက်တယ်။ နောက်ဆုံးတော့ **လက်ဖက်ရည်ကြမ်းဝိုင်း** တစ်ပုဒ်တည်းကိုပဲ အပိုင်ရွေးလိုက်တယ်' လို့ပြောရင်း ဆရာလှက ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်လိုက်တယ်။

'မေးလားဆရာ' လို့ ရွာသားတစ်ယောက်က မေး လိုက်တော့-

'မေးတာပေါ့ဗျ။ အဲဒီ နှစ်က ကျွန်တော် သင်တဲ့ တွဲဖက်ကျောင်းမှာ မြန်မာစာ ဂုဏ်ထူးတောင် ထွက်သွား တယ်။ ဆုပေးပွဲ အခမ်းအနား လုပ်တော့ မြန်မာစာဂုဏ်ထူး ဆုယူတဲ့ ကောင်လေးအလှည့် မှာ တီးလိုက်ကြတဲ့ လက်ခုပ် သံတွေဗျာ။ ခန်းမတစ်ခုလုံး ကို ညံသွားတာပဲ'

ဆရာလှက စကားခေ ခေတ္တရပ်နားထားလိုက်တယ် ပရိသတ်တွေကလည်း ဆရာ လှရဲ့ ဆက်ပြောလာမယ့် စကားကို စိတ်ဝင်တစား နားစွင့်နေဆဲမှာ ဆရာလှက ဆက်ပြောတယ်။

'ခေတ်က ပြောင်းသွား ပြီဗျ။ ဟိုတုန်းကသာ အရင် ရှင်ကို အရင်ရှင်းရမယ်ပြော တာ။ အခုနောက်ပိုင်းကျ တော့ အရင်းရှင်သားသမီး အလုပ်သမားသားသမီး ဘယ်သူ့ကို စာသင်မလဲ ကျုပ်ကတော့ အရင်းရှင်သား သမီးကိုပဲ သင်ချင်တယ် အလုပ်သမား သားသမီး မသင်ချင်တော့ဘူး။ ဒါ အလုပ်သမားသားသမီးဆို ပြောရဦးမယ်။ ကျုပ်တို့ရွာ လူတွေကိုပဲကြည့်။ အများ က လယ်သမားတွေ၊ အ သမားတွေချည်းပဲ မဟု လား။ လယ်ရှိတဲ့သူတွေ လယ်ထွန် ကောက်စိုက် နတ်၊ လယ်မရှိတဲ့သူတွေ ချောင်းထဲမှာ ဖားရှာ၊ ငါး ပဲ အချိန်တွေကုန်သွား အဲဒီတော့ ဘဝတိုးတ ထွက်ပေါက်ဆိုတာ တယ်ဗျ'



www.burmeseclassic.com

www.burmeseclassic.com

အနားထိုင်နေတဲ့ သူတွေကလည်း ဟုတ်တာပေါ့ ဆိုတဲ့ အကြည့်မျိုးတွေနဲ့ ဆရာလှ ဆက်ပြောမယ့် စကားကို နားစွင့်နေကြပြန်တယ်။ ရှေးမီ နောက်မီ လူကြီးတစ်ဦးဖြစ်တဲ့ ဘကြီးသာရင်ကလည်း ခေါင်းတညိတ်ညိတ်နဲ့။

'ဟိုဘက်ခေတ်မှာတော့ ဦးနုက **လူမွဲတို့ရဲ့ ထွက်ရပ်လမ်း** ဆိုတဲ့ခေါင်းစဉ်နဲ့ စာအုပ်တစ်အုပ် ရေးခဲ့ဖူးတယ်ဗျ။ အဲဒီစာအုပ်ရဲ့ ခေါင်းစဉ်နာမည်အတိုင်းပြောရရင် လူမွဲတွေရဲ့ ထွက်ရပ်လမ်းကို ကျုပ်တွေ့ထားတယ်'လို့ ဆိုလိုက်တဲ့အခါမှာ ဝိုင်းပြီး နားထောင်နေကြတဲ့ လူတွေရဲ့မျက်လုံးတွေက အရောင်တွေ ပြောင်လက်လာတယ်။ လူမွဲတို့ရဲ့ ထွက်ရပ်လမ်းက ဘာများပါလိမ့်ပေါ့။

'အခု ယိုးဒယားမှာ ဆယ့်ငါးရက်တစ်ခါဖွင့်တဲ့ ချဲထီဆိုတာ ရှိတယ်။ ချဲထီက သူတို့ထီရဲ့ နောက်ဆုံးသုံးလုံးကို ယူထားတာ။ ပေါက်ဂဏန်းက သုညသုံးလုံးကနေ ကိုးသုံးလုံးအထိ အကုန်ဖြစ်နိုင်ခြေရှိတယ်။ ဥပမာပြောရရင် နှစ်လေးငါးလို ဂဏန်းမျိုးပေါ့။ ပေါက်ခဲ့ရင် ကိုယ်ထိုးတဲ့ငွေရဲ့ အဆခြောက်ရာရတယ်။ တစ်ကျပ်ထိုးရင် ခြောက်ရာ။ တစ်ဆယ်ထိုးရင် ခြောက်ထောင်ဗျာ။ နောက်ပြီး ပတ်လည်တွတ်နဲ့ အထက်အောက် တွတ် ဆိုတာတွေလည်း ရှိသေးတယ်' ဆိုပြီး ဆရာလှက တွတ်တွေရဲ့ သဘောသဘာဝကို ရွာသားတွေ နားလည်သွားအောင်

ကိုယ်တိုင်
ထိုးကြည့်ပြီး
ပေါက်ဖူးတော့မှ
တည့်ပေါက်တာတို့
တွတ်၊ဝင်တာတို့
ဆိုတာတွေကို
ရှင်းသွားမှာ
ချဲသာပေါက်
လို့ကတော့
*နဂါးနီ*
သီချင်းထဲကလို
*'လူမွဲတွေက*
*မနေ့ခေတ်မီ*
*သူဌေး*
*ဖြစ်တော့မည်'*
ဆိုသလိုပေါ့ဗျာ

မျက်စိထဲမှာ ကွင်းကွင်းကွက်ကွက် မြင်တဲ့အထိကို အာဝဇ္ဇန်းရွှင်ရွှင်နဲ့ ရှင်းပြလိုက်တယ်။ ကျောင်းဆရာတစ်ယောက်ဖြစ်တာမို့လည်း ရှင်းရှင်းလင်းလင်းဖြစ်သွားအောင် ပြောပြနိုင်တယ်။

'ခင်ဗျားတို့ နားထောင်ရုံသက်သက်နဲ့တော့ အဓိပ္ပာယ်မရှိဘူး။ ကိုယ်တိုင် ထိုးကြည့်ပြီး ပေါက်ဖူးတော့မှ တည့်ပေါက်တာတို့ တွတ်၊ဝင်တာတို့ဆိုတာတွေကို ရှင်းသွားမှာ။ ချဲသာပေါက်လို့ကတော့ *နဂါးနီ* သီချင်းထဲကလို *'လူမွဲတွေက မနေ့ခေတ်မီ သူဌေးဖြစ်တော့မည်'* ဆိုသလိုပေါ့ဗျာ'

အဲဒီတုန်းမှာ အနားက ကိုမြင့်စိန်က မေးတယ်။

'ဆရာရယ် ကျုပ်တို့က ဘယ်သွားပြီး ချဲထိုးရမှာလဲ။ အခု ချဲထီဆိုတာတောင် ဆရာပြောမှ ကြားဖူးတာဗျ'

ဆရာလှက ဆေးပေါ့လိပ်တစ်လိပ်ကို ခေါင်းချီးမီးညှိရင်း ပြုံးလိုက်တယ်။

'ကိုမြင့်စိန်ကလည်းဗျာ မြို့ပေါ်မှာ ချဲဒိုင်ရှိပါတယ်။ ဒါပေမဲ့ သိပ်တော့ ခေတ်မစားသေးဘူးပေါ့။ ကိုင်း ဒီတစ်ပတ် ကျုပ် ဒိုင်ကိုင်မယ်။ အန်းတော တစ်ရွာလုံး ကျုပ်ဆီမှာ ဝိုင်းထိုးကြပေါ့။ ပေါက်ရင် တွတ်ရော တည့်ရော အဆခြောက်ရာ လျော်မယ်ဗျာ။ တစ်ယောက်ယောက်တော့ ကျိန်းသေ ပေါက်စေရမယ်။ ဘယ့်နှယ်လဲ'

တစ်ယောက်ယောက်တော့ ချဲ ကျိန်းသေပေါက်ရမယ်ဆိုတဲ့ မက်လုံးကြောင့် လူတွေရဲ့စိတ်အာရုံဟာ ချဲထီအပေါ် လုံးဝကျရောက်သွားတယ်။ ဆရာလှက ဆက်ပြောတယ်။

'ကျုပ်ကလည်း တွဲဖက်ကျောင်းဆရာ။ လူချမ်းသာတစ်ယောက်တော့ မဟုတ်ဘူး။ ဒီတော့ ငါးကျပ်ကွက်လောက်ပဲ ဒိုင်ကိုင်နိုင်မှာ။ တည့်ပေါက်ရင် သုံးထောင်ရမယ်။ တွတ်ဝင်ရင် ငါးဆယ်ရမယ်။ ခင်ဗျားတို့ ထိုးကြမယ် မဟုတ်လား'

'ထိုးမှာပေါ့ဗျ' ဆိုတဲ့ အန်းတောရွာသားတွေရဲ့ စကားသံတွေက တစ်ပြိုင်နက်တည်းလိုလို ထွက်ပေါ်လာတယ်။

❑

၃။

နောက်တစ်နေ့ မနက်လည်းရောက်ရော ဆရာလှတစ်ယောက် လွယ်အိတ်တစ်လုံးလွယ်ပြီး တစ်အိမ်ဆင်း တစ်အိမ်တက် ချဲလိုက်ရောင်းတယ်။ သူလွယ်အိတ်ထဲမှာ ဘောက်ချာစာအုပ်ပါတယ်။ မင်ခံစက္ကူပါတယ်။ မြဝတီ ဘောလ်ပင်တစ်ချောင်း ပါတယ်။ သူ့အင်္ကျီနောက်ကျောမှာလည်း ထီးကောက်ကြီးတစ်ချောင်း ချိတ်လို့။ ပထမဆုံး ဈေးဦးပေါက်အောင် ဘကြီးသာရင်ရဲ့ အိမ်ကို ဝင်လိုက်တယ်။ ဘကြီးသာရင်က ဆရာလှကို မြင်မြင်ချင်းပဲ 'လာကွာ၊ မောင်လှ'လို့ ခရီးဦးကြိုပြုလိုက်တယ်။

'ဦးလေးသာရင် ချဲထိုးပါဦးဗျ။ နှစ်ဆယ်ဖိုးလောက်တော့ အားပေးဗျာ'

'အားပေးမှာပေါ့ မောင်လှရာ'

'ချဲဂဏန်းတော့ ဦးလေး ရွေးတတ်မှာ မဟုတ်ဘူး။ ကျွန်တော်ပဲ ရွေးပေးမယ်'

'အေးကွာ၊ မင်းပဲ ရွေးပေးပါတော့'

ဆရာလှက ဘကြီးသာရင်ဆီက ငွေနှစ်ဆယ်ကို ယူလိုက်တယ်။ ပြီးတော့ ဂဏန်းလေးကွက်ကို ရေးပြီး ဘောက်ချာတစ်ခါတည်း ဖြတ်ပေးလိုက်တယ်။

'အဲဒီဘောက်ချာကို သေသေချာချာ သိမ်းထား ဦးလေးရေ၊ မြို့မှာဆို ဘောက်ချာပျောက်ရင်



www.burmeseclassic.com

www.burmeseclassic.com

အလျှော် မရဘူး'

ဘကြီးသာရင်လည်း အဲဒီဘောက်ချာဖြတ်ပိုင်း စာရွက်ကလေးကို တယုတယကိုင်ပြီး ဘုရားစင်ပေါ်က ပရိတ်ကြီးစာအုပ်ကြားမှာ သေသေချာချာ ညှပ်ထားလိုက်တယ်။ 'ဖွဟဲ့ ပေါက်ပါစေ' လို့လည်း ပါးစပ်က တိုးတိုးကလေး ရေရွတ်လိုက်သေးတယ်။

အဲသလိုနဲ့ ဆရာလှလည်း တစ်အိမ်တက်ဆင်း ချဲ လိုက်ရောင်းလိုက်တာ နောက်ဆုံးအကွက်တစ်ထောင် ပြည့်သွားတယ်။ ဒါပေမဲ့ ကိုယ်ထိုးချင်တဲ့ ဂဏန်း မထိုးရဘူး။ သူပေးတဲ့ဂဏန်းကိုပဲ ယူရတယ်။ ရွာသားတွေအနေနဲ့ ရွေးချယ်ခွင့် မရှိဘူး။ သူ့ရဲ့ အကြောင်းပြချက်ကတော့ 'ခင်ဗျားတို့ ဂဏန်းရွေးတတ်မှာ မဟုတ်ဘူး'တဲ့။ ဒါပေမဲ့ ရွာသားတွေကတော့ ဆရာလှရဲ့မိတ်ဆက်ပေးမှုကြောင့် ချဲထီနဲ့ ကြုံရတာဆိုပြီး ဝမ်းသာနေကြတယ်။ ချဲထွက်မယ့်နေ့ကို လည်တဆန့်ဆန့်နဲ့ မျှော်နေကြတယ်။

'ဦးစိန်လွင် ရာထူးက ထွက်သွားပြီတဲ့။ အခု ဒေါက်တာမောင်မောင် တက်လာပြီ ဘကြီးရေ'လို့ ကိုမြင့်စိန်က သူကြားလာတဲ့ သတင်းကို ပြောတော့-

'တက်ချင်တဲ့သူတွေ တက်ကြပါစေကွာ။ လာမယ့် အပတ်ထွက်မယ့် ချဲဂဏန်းလောက် စိတ်မဝင်စားဘူး'လို့ ဘကြီးသာရင်ကတုံ့ပြန်တယ်။ ❑

၄။

ချဲထွက်မယ့်နေ့လည်း

> စိတ်ရှည်
> လက်ရှည်နဲ့
> ချဲဂဏန်းကို
> စောင့်နေကြတုန်း
> သုံးနာရီခွဲ
> သာသာလောက်
> လည်းရောက်ရော
> လူတစ်ယောက်က
> 'ကိုးတစ်ခြောက်
> တဲ့ဗျာ' လို့
> ဆိုင်ထဲကို
> ဝင်လာရင်း
> ပြောလိုက်တဲ့
> အသံကို
> ကြားလိုက်ရတယ်

ရောက်ရော ဆရာလှနဲ့ ရွာသားတစ်ယောက်ဖြစ်တဲ့ ကိုသောင်းအေးတို့ဟာ မနက်စောစော ရွာက ထွက်တဲ့ မော်တော်လေးနဲ့ မြို့ကလေးကိုသွားကြတယ်။ ညနေ သုံးနာရီကျော်လောက်မှာ ထွက်မယ့် ချဲဂဏန်းကို စုံစမ်းဖို့ပါပဲ။ မော်တော်က ရေတက်ရေကျကိုကြည့်ပြီး ထွက်ရတာဆိုတော့ ကိုယ်ထွက်ချင်တဲ့အချိန် ထွက်လို့မရဘူး။

'ဆရာရေ ကျွန်တော်တို့ ပြန်ရင် မော်တော်မီမှာ မဟုတ်ဘူး'

'ဘာဖြစ်လို့လဲ မောင်သောင်းအေးရ'

'မော်တော်က နေ့ခင်းတစ်နာရီလောက် မြို့ကနေ ရွာကို ပြန်ထွက်မှာဗျ။ ချဲဂဏန်းက သုံးနာရီကျော်မှ ထွက်မှာဆိုတော့ ကျွန်တော်တို့အပြန်မှာ မော်တော်မီမှာ မဟုတ်ဘူး'

ကိုသောင်းအေးရဲ့ စကားကို ဆရာလှက ခဏစဉ်းစားလိုက်တယ်။

'သမ္ဗန်ကြုံတွေ၊ ဘာတွေရော မရှိနိုင်ဘူးလား'

'အရင်အချိန်ကဆို ရှိနိုင်တာပေါ့။ ဒါပေမဲ့ အခုက အရေးအခင်းကာလဆိုတော့ ရွာက စပါးသမ္ဗန်တွေ နားနေတယ်'

'ဒါဖြင့် လမ်းလျှောက်ပြန်ကြတာပေါ့ကွာ'လို့ ဆရာလှကပြောတော့ ကိုသောင်းအေး မျက်လုံးပြူးသွားတယ်။

'ဆရာ လေးနာရီ ခရီးနော်။ ဗွက်တွေ၊ လယ်ကန်သင်းရိုးတွေ ဖြတ်လျှောက်ရမှာ'

'ဖြစ်ပါတယ်ကွ။ ဒီနေ့ ရွာကို အရောက်ပြန်မှ ဖြစ်မှာ။ မဟုတ်ရင် အုန်းတောသားတွေက ဆရာ့ကို ချဲအလျှော်မပေးဘဲ ထွက်ပြေးပြီထင်မှာပေါ့'

ဆရာလှရဲ့စကားကြောင့် ကိုသောင်းအေးက လေးလေးစားစား အကြည့်နဲ့ ကြည့်လိုက်တယ်။

'ကျွန်တော်က ဆရာ့အားနာလို့ပါဗျာ'

သူတို့နှစ်ယောက် မြို့ပေါ်ရောက်တော့ မနက်ဆယ်နာရီလောက်ပဲ ရှိသေးတယ်။ မြို့ပေါ်မော်တော်ဆိပ်အနားက လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာပဲ အချိန်ဖြုန်းပြီး ညနေ သုံးနာရီခွဲအောင် ရင်ခု[illegible] စွာနဲ့ စောင့်မျှော်နေကြတယ်[illegible] ကိုသောင်းအေးကလည်း ဆရာလှ သူ့အတွက် ရွေးပေး[illegible] ထားတဲ့ ဂဏန်းဆယ်ကွက်[illegible] က တစ်ကွက်ကွက် ပါခဲ့ရင် ဆိုတဲ့ မျှော်လင့်ချက်မျိုးနဲ့ပေါ့[illegible] သူတို့နှစ်ယောက် လက်ဖက်ရည်ဆိုင် ထိုင်နေတုန်းမှာ ကြွေးကြော်သံတွေ ဆူဆူညံညံ တွေကိုကြားလိုက်ရတယ်[illegible]

'ဒီမိုကရေစီ ရရှိရေး--ဒို့အရေး- ဒို့အရေး'

'အရေးတော်ပုံ အောင်ရမည်'

'ဆရာရေ ဆန္ဒပြတဲ့သူ[illegible] တွေနဲ့ တူတယ်။ ကျွန်တော် တို့ လိုက်ကြည့်ကြရင် ကောင်းမလား'

ကိုသောင်းအေး[illegible] ပြောတော့ ဆရာလှက ခေါင်း[illegible] ညိတ်လိုက်တယ်။ အဲဒါနဲ့ သူတို့နှစ်ယောက် လက်ဖက်ရည်ဖိုးရှင်းပြီး ဆန္ဒပြတဲ့သူ[illegible] တွေနဲ့ လိုက်သွားကြတယ်[illegible] ကြွေးကြော်သံတွေကို သူများ[illegible] တွေ ကြွေးကြော်သလို သူတို့[illegible] နှစ်ယောက်လည်း လိုက်ကြွေး[illegible] ကြော်ကြတယ်။ နောက်တော့ သူတို့တွေနဲ့ လမ်းခွဲပြီး နှစ်[illegible] ယောက်သား နေစရာမရှိလို့ မြို့ဦးစေတီမှာသွားပြီး ဘုရား[illegible] ဖူးရင်း နားနေကြတယ်[illegible] ဘုရားနားက ထမင်းဆိုင်[illegible] လေးတစ်ဆိုင်မှာ ဝင်စားရင်း[illegible] နှစ်ယောက်သား နေ့လယ်စာ[illegible] ကို ဖြေရှင်းလိုက်ကြတယ်[illegible] နေ့ခင်း နှစ်နာရီလောက်လည်း[illegible] ရောက်ရော မြို့ဦးစေတီက[illegible] မြို့ကလေးရဲ့ လူအစည်ကား[illegible] ဆုံး လက်ဖက်ရည်ဆိုင်[illegible] ဆိုင်ဆီကို ဦးတည်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ကြတယ်။ ဒီဆိုင်မှာ လက်ဖက်ရည်သောက်ရင်း ချဲ့ဂဏန်းထွက်မယ့် အချိန်ကို ပဲ စိတ်ဝင်တစားနဲ့ စောင့်စား မျှော်လင့်နေမိတယ်။

'ဆရာရေ၊ အချိန်က သည်း ကုန်နိုင်ခဲလိုက်တာ' လို့ ကိုသောင်းအေးက ရေ ရွတ်လိုက်တယ်။

'စိတ်ရှည်ရှည် စောင့်ပါ ကွာ။ သုံးနာရီခွဲလောက်ကျ ရင် အလိုလိုသိရပါလိမ့်မယ်'

ကိုသောင်းအေးကသာ ထွက်မယ့်ဂဏန်းက သူ့ အတွက် ဆရာလှ ရွေးပေး ထားတဲ့ ဂဏန်းငါးကွက်ထဲ က ပါပါ့မလားလို့ ရင်ခုန်နေ သမဲ့ ဆရာလှကတော့ အေး အေးဆေးဆေး တည်တည် ငြိမ်ငြိမ်ပါပဲ။ ဘယ်ဂဏန်း ထွက်ထွက် သူ့အဖို့က တည့် ရာတွက်ရော အပြည့်လျော် မှာကို သူ သိထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ အကွက်တစ်ထောင်လုံးကုန် အောင် သူ ရောင်းထားပြီးပြီ ။ ငွေကလည်း လက်ငင်း ရပြီးသားဆိုတော့ အလျော် အစားလုပ်ပြီးရင်တောင် အမြတ်ငွေက ကျန်ဦးမှာ။

အဲဒီလိုနဲ့ စိတ်ရှည် လက်ရှည်နဲ့ ချဲ့ဂဏန်းကို စောင့်နေကြတုန်း သုံးနာရီခွဲ လောက်လည်းရောက် ရော လူတစ်ယောက်က 'ကိုး ခြောက်တဲ့ဗျာ'လို့ ဆိုင် ကို ဝင်လာရင်း ပြောလိုက် အသံကို ကြားလိုက်ရ တယ်။ အဲဒီအသံကိုလည်း ကြားလိုက်ရရော ကောင်တာ မှာ ထိုင်နေတဲ့ လူဝဝကြီးက မေးတယ်။

'ကိုထူး သေချာပြီ လား'

'သေချာပြီ ကိုကြင်ဝမ် ရေ၊ ကိုးတစ်ခြောက်တဲ့'

ချဲ့ဂဏန်း သေချာသွား ပြီးတဲ့နောက်မှာ ဆရာလှနဲ့ ကိုသောင်းအေးလည်း မြို့ ကလေးကနေ အန်းတောကို လမ်းလျှောက်ပြီး ပြန်ခဲ့ကြ တယ်။ ပြန်စရာ မော်တော် တွေ၊ သမ္ဗန်တွေကလည်း တစ်စီးမှ မရှိကြတော့ဘူး။ မိုးမကုန်သေးတဲ့ရာသီဖြစ်ပေမဲ့ မိုးမရွာတာ လေးငါးရက် ကြာပြီမို့ မြေကြီးတွေက ထိပ် တင်းနေလို့ လျှောက်ရတာ တော်သေးတယ်။ လမ်းမှာ-

'ဆရာ ကျွန်တော့်ကို ပေးတဲ့ဂဏန်း ငါးကွက်ထဲမှာ ခြောက်တစ်ကိုး ပါတယ်ဗျ။ ဒါဆို ကျွန်တော် တွတ်ဝင်ပြီ ပေါ့'လို့ ကိုသောင်းအေးက မေးတယ်။

'ဒါပေါ့ကွ။ မင်းထိုး တာ ငါးကျပ်ကွက်လေ။ ဆယ်ဆဆိုတော့ ငါးဆယ် ရပြီ'လို့ ဆရာလှက ပြန်ရှင်း ပြလိုက်တယ်။

❑

၅။

နောက်တစ်နေ့လည်း ရောက်ရော ဆရာလှက အလျော်အစား လုပ်တယ်။ တည့်ပေါက်တဲ့သူကတော့ သူ ပထမဦးဆုံးစ,ရောင်းတဲ့ ဘကြီးသာရင်ပဲ။ ဘကြီး သာရင်လည်း ငွေနှစ်ဆယ် လောက်ရင်းပြီး ငွေသုံးထောင် လောက်ရသွားလို့ ဝမ်းတွေ သာနေတယ်။ တွတ်ဝင်တဲ့သူ တွေကလည်း ပျော်တဲ့သူက ပျော်၊ မချင့်မရဲဖြစ်တဲ့ သူတွေ ကဖြစ်ပေါ့။ ဆရာလှလည်း စုစုပေါင်းချဲရောင်း ရငွေ ငါးထောင်ထဲက တည့်တစ် ကွက်အတွက် သုံးထောင်၊ တွတ်ခုနစ်ကွက်အတွက် သုံး ရာ့ငါးဆယ် လျော်လိုက်ရ တယ်။ စာရင်းချုပ်လိုက် တော့ သူ့အတွက် တစ်ထောင့် ခြောက်ရာနဲ့ငါးဆယ် အမြတ် ကျန်တယ်။ ဒီငွေနဲ့ဆို ကျူရှင် တွေ ရပ်ထားရတဲ့ အရေး အခင်းကာလမှာ မိသားစု အတွက် အထောက်အပံ့ဖြစ် သွားပြီလို့ သူ အောက်မေ့ လိုက်တယ်။ အလျော်အစား လုပ်ပြီးတော့ နောက်တစ်နေ့ မှာပဲ ဆရာလှလည်း အန်းတော ကနေ ကောက်ကာင်ကာ ပြန်သွားတယ်။

❑

၆။

အဲဒီနောက်မှာ တပ်မတော်အစိုးရ အာဏာ သိမ်းလိုက်ပြီး အန်းတောမှာ လည်း ဖွဲ့စည်းအုပ်ချုပ်ပုံ ပုံစံ အသစ်နဲ့ ဖြစ်လာတယ်။ အရင်ကလို ပါတီ၊ ကောင်စီ တွေလည်း မရှိတော့ဘူး။ အုပ်ချုပ်ပုံ အသစ်နဲ့ အတူ ဆရာလှပေးလိုက်တဲ့ ချဲ့ထီ ရောဂါကလည်း အန်းတော ရွာသားတွေကို ကူးစက်သွား တော့တယ်။ ဟိုတုန်းက မြို့ ပေါ်မှာရှိတဲ့ ကိုတိတ်စိန်ချဲဒိုင် ကိုသွားပြီး ထိုးရကောင်းမှန်း မသိပေမဲ့ အခုတော့ တကူး တက ထိုးတတ်နေပြီ။ အန်း တောရွာက ချဲ့တော်တော်ထိုး တဲ့ရွာမို့လို့ ကိုတိတ်စိန်က တောင် အန်းတောသားဖြစ်တဲ့ မြမောင်ကို ကော်မရှင်စားနဲ့ ရောင်းခိုင်းထားတယ်။ မြမောင်ကလည်း ညောင်သီး လည်းစားရင်း၊ လေးသံ လည်း နားထောင်ဆိုသလို ပေါ့။

ဒါပေမဲ့ အန်းတောသား တွေ တစ်ယောက်မှ ချဲ မပေါက်ကြတော့ဘူး။ ယုတ်စွအဆုံး တွတ်တောင် မဝင်တော့ဘူး။ ရွှေတွေငွေ တွေ ကုန်တဲ့သူက ကုန်၊ လယ်တွေပေါင်ရတဲ့သူက ပေါင်နဲ့ဖြစ်လာတယ်။ ဘကြီး သာရင်လည်း ပုတီးစိပ်၊ ပရိတ်ရွတ်ရမယ့်အချိန်တွေ အစား အိပ်မက်တွေကိုပဲ အတိတ်ကောက်နေတယ်။ သူ ပေါက်ထားတဲ့ ချဲ့ထီ ငါး ကျပ်ကွက်ဖိုးလည်း သူ ပြန် ထိုးလို့ ကုန်လုကုန်ခင်ပေါ့။ တစ်ခါထွက်တိုင်း၊ ထွက် တိုင်း သူ ထိုးတဲ့ ဂဏန်းတွေ က အမြဲလွဲနေတယ်။ ဒီတစ် ပတ်လည်း ထွက်တဲ့ဂဏန်း က လေးရှစ်ကိုးတဲ့။ ပြီးခဲ့တဲ့ အပတ်ကမှ ကိုးရှစ်လေး ထွက်ထားတာဆိုတော့ ဒိုင် က အချိုကြီး စားသွားပြန်ပြီ။

'ဘယ့်နှယ်လဲ ဘကြီး' လို့ ကိုသောင်းအေးက လှမ်း မေးတော့ ဘကြီးသာရင် ခေါင်းခါပြလိုက်တယ်။

'အေးဗျ။ ကျွန်တော်တို့ အန်းတောက ငွေတွေကို ကိုတိတ်စိန် စားနေတာ တော် တော်များပြီ။ သူ ပြန်အန်မယ့် နေ့ ကျွန်တော်တို့ တစ်ရွာလုံး ထောမယ့်နေ့ပဲ'

ဘကြီးသာရင်ကတော့ ခဏ ငြိမ်သက်သွားတယ်။ ပြီးတော့မှ လေသံတိုးတိုး လေးနဲ့ ရေရွတ်လိုက်တယ်။

'အေးကွာ၊ မောင်လှ ဒိုင်ကိုင်တုန်းကမှ ပေါက် သေးတယ်'

■

**နိုင်မြင့်**

www.burmeseclassic.com



နှစ်နှစ်ခြိုက်ခြိုက်
အိပ်လိုက်ချင်ပေမဲ့
နိုးတစ်ဝက်
အိပ်တစ်ဝက်ဖြင့်
ညက အိပ်ရေးမဝခဲ့ပါ။
မနက်ကျရင်
အမေနဲ့ ခရီးတစ်ခုကို
သွားရမှာမို့
အိပ်မပျော်နိုင်တဲ့
ကလေးဘဝက
ခံစားမှုမျိုးနဲ့။ အခုလည်း
အစောကြီး နိုးနေခဲ့တယ်။
အာစရိယပူဇော်ပွဲက ဒီနေ့။
မိုးတွေက တစ်နိုင်ငံလုံးမှာ
ရွာလိုက်တာ
ဟိုမြို့ ရေဘေးဒုက္ခရောက်၊
ဒီမြို့ ရေကြီး၊
လမ်းမကြီးတွေ
ရေမြုပ် ဆိုတဲ့
သတင်းတွေကလည်း
သတင်းစာတွေထဲမှာ
နေ့တိုင်းလိုလို
ဖတ်နေရတော့
အဝေးမြို့ရွာတွေမှာ
နေထိုင်ကြတဲ့
ဆရာ၊ ဆရာမကြီးတွေ
လာနိုင်ကြပါ့မလား။
နောက်ပြီး အဝေးမှာ
ရောက်နေကြတဲ့
သူငယ်ချင်းတွေအတွက်
သွားရေးလာရေး
ခက်မှာကို ပူပန်စပြုလာပြီ။
မိုးနည်းတဲ့
ကျွန်တော်တို့မြို့မှာပဲ
မိုးရေချိန်လက်မတွေက
မကြုံစဖူး များနေတာ။
ညတွေမှာဆို
သွန်ပြီး ချလိုက်သလား
အောက်မေ့ရတယ်။
မနက်လင်းတော့
တိတ်သွားလို့
တော်သေးရဲ့။
တော်သေးရဲ့

# စက္ကူလှေ

**အောင်ချင်းသစ်**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တော်သေးရဲ့နဲ့ ရက်တွေဆက်လာလိုက်တာ၊ အခု ငါးရက်တောင် ရှိနေပြီ။ မနေ့က နေ့ခင်းမှာပါ ရွာလာတော့ ပူပြင်းမှုတွေက စိုးရိမ်ရေမှတ်အထက် ရောက်ရပြန်ပေါ့။ ဒီနေ့မနက်လည်း အရုဏ်တက်ချိန်အထိ ရွာတုန်း။ မကြာခင်လေးကမှ တိတ်သွားတာ။ မိုးမှုန်မိုးဖွဲက ကျနေဆဲ။ အခမ်းအနားက ကိုးနာရီမှ စမှာဖြစ်ပေမဲ့ အိမ်ကစောပြီး ထွက်ခဲ့တယ်။ သွားချင်တဲ့ နေရာလေးတစ်ခု ရှိလို့။

ခု၊ ကျွန်တော် ဒီနေရာကို ရောက်ပြီ။ ဒီနေရာက အခမ်းအနားကျင်းပမယ့် နေရာကို မသွားခင် အရင်လာသင့်တယ်ထင်လို့ပါ။ ဒါမှလည်း အမိပွာယ်က ပြည့်စုံမှာလေ။ ဘာလို့လဲဆိုတော့ 'အခမ်းအနား ကျင်းပရခြင်း' ရဲ့ မြစ်ဖျားခံရာ နေရာမို့ပါ။ ဒီကတည်းက အခြားသူများနဲ့ စိတ်ကူးမတူ ခြားနားတဲ့သူက ကျွန်တော်။ ဒီနေရာမှာ ဆိုင်းဘုတ်မရှိတော့ပါ။ ကမ်းနားလမ်းရဲ့ ဒီနေရာမှာ အ·ထ·က ကျောင်းကြီးတစ်ကျောင်း ယခင်က ရှိခဲ့သည်ဆိုသော အထောက်အထားများလည်း မရှိတော့ပါ။ ထိုကျောင်းကြီးအား မြို့အပြင်သို့ ပြောင်းရွှေ့ခဲ့သည်မှာ ကြာမြင့်ခဲ့လေပြီ။ အ·ထ·က ကျောင်း ဖြစ်မလာခင် အရင်က နှစ်ခြင်း ခရစ်ယာန်သာသနာပြုကျောင်း တဲ့။ အဲဒီသာသနာပြုကျောင်းကို ပြည်သူပိုင်သိမ်းပြီးနောက် အထက်တန်းကျောင်း ဖြစ်လာတာလို့ ပြောကြတယ်။

ဒီ အ ထ က် တ န် း ကျောင်းကြီးမှာ ကျွန်တော်နေခဲ့တာ။ ကျွန်တော် မူလတန်းအောင်ပြီး ငါးတန်းတက်ရမှာမို့ အမေက အိမ်နဲ့နီးတဲ့ ဒီကျောင်းမှာ အပ်ခဲ့တာကိုး။ တစ်ခါတလေတော့လည်း ကိုယ်နေခဲ့တဲ့ ကျောင်းရဲ့ အကြောင်းကို နှိုက်နှိုက်ချွတ်ချွတ် သိချင်ခဲ့တာ။ ဘယ်လိုသိနိုင်မလဲ၊ ဘယ်စာအုပ်ထဲမှာရှိလဲ၊ ဘယ်သူ့ကိုမေးရင် သိနိုင်မလဲ စတဲ့ စိတ်ကူးတော့ အရှိသား။ သမိုင်းမှာ ရှိနေမှာပါလေ။ သမိုင်းဆိုတာကတော့ အတိအကျ ရှိနေမှာပါ။ ကိုယ်မသိတာဘဲ ရှိမယ်။

ကိုယ်သိတာတော့ ရှိတယ်။ အဲဒါက သမိုင်းမှာ မပါတဲ့ ကိုယ်ကိုယ်တိုင် ဖြတ်သန်းခဲ့ရတဲ့ ဘဝသမိုင်းမှာပါ။ ပျော်ရွှင်စွာ ဖြတ်သန်းခဲ့တဲ့ ငါးတန်းနှစ်မှသည် သူငယ်ချင်းများနဲ့ ဧရာဝတီကို မရိုးနိုင် မအီနိုင်အောင် နှစ်စဉ် ကြည့်ခဲ့ကြတဲ့အဖြစ်။ စီးနေတဲ့မြစ်ကို ကြည့်လို့ မဝခဲ့ဘူး။ မျောသွားတဲ့ ဗေဒါပန်းတွေကို လိုက်ပြီး ဆယ်ကြတယ်။ ခရမ်းပြာရောင် ဒေါင်းမြီးကွက်တွေနဲ့လှတဲ့ ပန်းခက်ဗေဒါဟာ လက်ထဲရောက်တာနဲ့ ဘာမှမကြာဘူး နွမ်းရော။ ရေထဲမှာတော့ လန်းလို့။ နောက်နှစ်တွေမှာလည်း ဗေဒါပန်းတွေ မျောတာပဲ။ မြစ်ညှာအရပ်မှာ ဗေဒါတွေအများကြီးရှိတဲ့ သိုက်ကြီး ရှိလေမလားလို့ ကလေးတွေး တွေးခဲ့တဲ့ အချိန်များပါပေ။

ဆိုင်းဘုတ်မရှိ၊ ကျောင်းမရှိသည့်တိုင်စေ အသေအချာကြည့်ရင်တော့ ဒီနေရာက သက်ဝင်လှုပ်ရှားနေတုန်းပါပဲ။ မရှိတော့တဲ့ အဆောက်အဦ အချို့က ရှိနေဆဲ။ အဲဒီ အဆောက်အဦတွေရဲ့ အတွင်းဘက်၊ အပြင်ဘက်မှာ ဆော့ကစားနေကြတဲ့ ကျွန်တော့် သူငယ်ချင်းတွေကို မြင်နေရတယ်။ သူတို့ စိန်ပြေးတမ်း ကစားနေကြတယ်။ ထုပ်ဆီးတိုးနေတဲ့ ခင်ယုဝေ၊ ညွန့်ညွန့်ဝင်း၊ ခင်မေစိုးနဲ့ ယဉ်ယဉ်သန်းတို့အဆော့မပျက်ကြပါ။ အခန်းထဲက မခွာတဲ့ သင်းသင်းမော်က အတန်းထဲမှာ ရှိတယ်။ မောင်နိုင်တို့ ခင်မောင်ဦးတို့ သားရေကွင်းပစ်တဲ့အထဲ ကျွန်တော် ဝင်ပြီး ကစားချင်ပါသေးတယ်။

နုပျိုတဲ့ အသက် အစိတ်သုံးဆယ်အရွယ် ဆရာမများကို မြင်ရတော့ ဆံထုံးမှာ ပန်းတွေဝေနေအောင် ပန်ထားတဲ့ သနပ်ခါးမှုန်မှုန်နဲ့ ဆရာမ ဒေါ်မြတ်စောကို သွားပြီး နှုတ်ဆက်ရရင် ကောင်းမယ်။ သိပ္ပံဆရာမ ဒေါ်ခင်စောယုနဲ့ ဒေါ်နုနုစိန်ကိုတော့ ကြောက်တယ်။ မိုးမှုန်တွေကြား မြင်ကွင်းများက ဝိုးတဝါးဆိုပေမဲ့ အတွေးထဲမှာတော့ ကြည်လင်ပြတ်သားနေမြဲ။ တစ်မုဟုတ်ချင်း ဖြစ်ပေါ်လာတဲ့ အတွေးများက လွန်မြောက်လိုက်တော့ ထိန်းလိုက်နိုင်တဲ့ အသိစိတ်မှာ 'ငါ တကယ် နှုတ်ဆက်ရတော့မှာပါလား၊ နှစ်ပေါင်းများစွာ မကြားနာခဲ့ရတဲ့ ဆုံးမစကားတွေ ကြားရတော့မယ်။ ဖြူစင်ရိုးသားလှ

တဲ့ ကျောင်းသူ၊ ကျောင်း… သားဘဝမှသည် အရိုးမ… သော အကြောင်းအရာတွေ… ဘဝအစုံစုံကို ကြုံသလို ဖြ… သန်းရတဲ့ သူငယ်ချင်းတွေ… ပြန်လည်ဆုံတွေ့ကြရတော့… မယ်။ ရေစုန်ကိုလှော်သူတော… ရေဆန်ကို ခတ်ကြရသူတွေ… ဆုံရဦးတော့မယ်။ တချို့က… တော့ဖြင့် တက်ကျိုး၊ တချို့… လှေမှောက်၊ တချို့က ဓော… ပေါက်ပြီး ကျန်ရစ်ကြတာ… တသသပြောရင်း လွမ်းကြ… မယ်ပေါ့။

ကမ်းနားလမ်းပလက်… ဖောင်းကို ကာရံထားတဲ့ … ပိုင်းတန်းကိုမှီပြီး ကျောင်း… ရာပဟောင်းကို ကြည့်နေရင်း… က ဧရာဝတီမြစ်ဘက်… လှည့်ကြည့်မိတယ်။ ဟို တစ်… ဖက်ကမ်းက အင်းဝမြို့… ဟောင်းဆီကို။ ဝါကြန့်ကြ… အရောင်နဲ့ နန်းမတော်မယ်… အုတ်ကျောင်း၊ နောက်ပြီး ဗ… စည်မှျော်စင်အဟောင်းကြီး… မိုးမှုန်တွေကြားက အထင်… သား မြင်ရတယ်။ လောက… 'မမြဲခြင်း' ကမ္ဘာ့ဒွန်းကို … ဖြန်းနေသလိုလို။ ဧရာဝတီ… မြစ်နဲ့အတူ စီးမျောခဲ့တဲ့ အချိ… ကာလတွေက နည်းမှမနည်း… တော့တာ။ ဒီကျောင်းကြီး… ရော ကိုယ်ကိုယ်တိုင်သော်… ဆယ်စုနှစ် သုံးစုကျော်ခဲ့ပေ… ကမ်းနားလမ်းမှာ စက္ကူတုံးဆ… တွေ အရင်က အစီအရီ… တာ။ အခုတော့ တစ်ပင်နှ… ပင်ပဲ ကျန်တော့တယ်။ မိုး… တွေနဲ့ စိုစွတ်နေတဲ့ ကျီး… ကောင်ဟာ ယောင်တော… တောင်နဲ့ ကျွန်တော့်ကို ကြ… နေတယ်လေ။ သူ နား… ပုံက စက္ကူတုံးရွက်အောက်…



www.burmeseclassic.com

www.burmeseclassic.com

နိုလို့။

❑

အခမ်းအနားစဖို့ အချိန်
ာ လိုပါသေးတယ်။ ဒါပေမဲ့
စောပြီး ရောက်ချင်တာ၊
အခမ်းအနား ပြင်ဆင်စရာတွေ
ရှိရင် ကူပြီး လုပ်ပေးမယ်။
တကယ်ရောက်သွားတော့
အားလုံး ပြင်ဆင်ပြီးနေပါပြီ။
ခန်းမရဲ့ အပေါက်ဝရောက်
တော့ ကျော်စိန်နဲ့တွေ့တယ်။
ကျွန်တော့်ကို 'ဟိတ်ကောင်
'ဆု'တို့လာတယ်ဗျ၊ လာ ငါ
လိုက်ပို့မယ်'။ 'ဆု'ဆိုတဲ့ နာ
ညေ်ကို ကြားလိုက်ရတော့
ရင်ထဲမှာ 'ဒိတ်'ခနဲ။ သူခေါ်
ရာကို ကျွန်တော်က မအူ
မလည်နဲ့ လိုက်သွားတော့
စားပွဲခုံတစ်ခုမှာ ဝိုင်းပြီး ထိုင်
နေကြတဲ့ သူငယ်ချင်းမတွေ
ကို တွေ့တယ်။ တစ်မြို့တည်း
နေတဲ့သူ တချို့ကိုတော့ လမ်း
မှာ ဖြတ်သွားဖြတ်လာ မြင်
နေရတော့ မှတ်မိတယ်။ ဆု
ကတော့ အရွယ်ရင့်သွားတာ
လောက်ပါပဲ။ 'နေကောင်း
တယ်နော်'လို့ ကျွန်တော် နှုတ်
ဆက်လိုက်ပါတယ်။

ဆု နဲ့ ကျွန် တော် က
အတန်းခွဲတိုင်း တူခဲ့တယ်။
ရှစ်တန်းအောင်တော့လည်း
သိပ္ပံနဲ့အောင်ကြတာမို့ ကျွန်
တော်တို့နေခဲ့တဲ့ ကမ်းနား
လမ်းက ကျောင်းကြီးကို ခွဲ
ခွာပြီး သိပ္ပံကျောင်းပြောင်းရ
ရော။ ကျောင်းပြောင်းတော့
အတူတူပါပဲ။ အဲဒီကျောင်းမှာ
လည်း အရင်ကျောင်းက
ယ်ပေါင်းတွေမို့ ခင်မင်ရင်း
နီးမှုက ပိုတယ်။ အချစ်ဆိုတဲ့
ရင်ခုန်သံအသစ်ဟာ နယ်လွန်
သွားတဲ့ သံယောဇဉ်ပါလို့
အဲဒီတုန်းက မသိခဲ့ကြ။

ကျွန်တော် ချစ်တဲ့အကြောင်း
သူ့ကို နှုတ်နဲ့မပြောခဲ့ပါ။
စာအုပ်ထဲမှာ ရေးပြီး ပေးခဲ့
တယ်။ ဆုက အဲဒီစုအုပ်ထဲ
မှာပဲ ပြန်ပြီး ရေးပေးတယ်။
အသွားအပြန်ရှိခဲ့တဲ့ ဒီစာအုပ်
လေးက မှန်မြတ်ခြင်းအတိပြီး
တဲ့ချစ်ခြင်းပေါ့။ တစ်ယောက်
ကိုတစ်ယောက် နားလည်စွာ
နဲ့ ရည်ရွယ်ရာ ပန်းတိုင်ကို
ရောက်အောင် ကြိုးစားခဲ့ကြ
ပါတယ်။ ရည်ရွယ်ချက်တွေ
ပြည့်စုံတဲ့တစ်နေ့အထိ ရှိနေ
မှာလို့ မျှော်လင့်မိပေမဲ့။

ကံကြမ္မာကိုပုံပြီး ချ
လိုက်ရတော့တဲ့ နေ့တစ်နေ့။
အဲဒီနေ့ဟာ ဘယ်နေ့ပါလို့ တိ
တိပပ မသိလိုက်ရဘူး။ သိ
လိုက်ရတဲ့အချိန်ဟာ အများ
ကြီး နောက်ကျခဲ့ပြီ။ ဆယ်
တန်းဖြေပြီးလို့ နွေကျောင်း
ပိတ်ရက်တွေမှာဆိုတော့။
သူတို့မိသားစု ပြောင်းရွှေ့
သွားကြပြီ။ သူ့အဖေတာဝန်
ကျရာ ရှမ်းပြည်မြောက်ပိုင်း
က မြို့ကလေးတစ်မြို့ဆီသို့။
နယ်ခြား မြေဝေး စွန့်ခွာ၍
ပြေးတာလား၊ ကျွန်တော်
ချစ်တဲ့ အချစ်များကို တိုး
တိတ်စွာ လျစ်လျူရှုသွားခဲ့
တာလား ဆိုတာကို ယနေ့
အချိန်အထိ ကျွန်တော် မသိခဲ့
ပါ။ နာကျင်ကြေကွဲရသော
နှလုံးသားဟာ မထိမရှဘဲ
ဒဏ်ရာရနေပြီ။ တိုးတိတ်
လွန်းတဲ့ အသံမဲ့စိတ်ကူးများ
က အလွမ်းတွေ ဖြစ်သွား
တော့လည်း ကြေကွဲစရာ ဗို
ချင်းရှည်က ကဗျာတစ်ပုဒ်ကို

တောင် ဆုံးအောင် မဆိုနိုင်
တော့လို့ပါ။ ပန်းချီဆရာ ဖြစ်
ခဲ့ရင်တော့ အကောင်းသား။
အလွမ်းတွေကို အရောင်တွေနဲ့၊
ဒါမှမဟုတ် သင်္ကေတတွေနဲ့
မြင်သာအောင် ပုံဖော်ဖြစ်ခဲ့
မှာ။ ဒါပေမဲ့ သင်္ကေတမဲ့စာ
များမှာ အလွမ်းကို ဘယ်လို
ပုံဖော်ရမှာလဲ။ ပုံဖော်နိုင်စရာ
အလွမ်းလက်ကျန်များကို လိပ်စာ
မဲ့ မြို့သို့ ပို့လို့မှ မရတော့
ရင်ထဲ သိမ်းထားရုံပဲပေါ့။

ဘဝမှာ နာတာတွေ ရှိ
ပါတယ်။ ဓားရှဖူးတယ်၊ သံ
စူးဖူးတယ်။ အဆုံးပြောရရင်
အသက်အန္တရာယ်နဲ့ အနီးဆုံး
ခွဲစိတ်ကုသခံခဲ့ရဖူးတဲ့ အထိ။
ဒါတွေဟာ ဘယ်လောက် နာ
ခဲ့သလဲလို့ အခုစဉ်းစားရင်
မသိတော့ဘူး။ ဒါပေမဲ့
အနက်ရှိုင်းဆုံးမှာ စူးခဲ့တဲ့ ဆူး
က အခုလို မိုးတွေရွာလည်း
နာတယ်၊ နှင်းတွေဝေလည်း
နာ၊ အရွက်တွေ ကြွေရင်
လည်း…။ 'နေကောင်း
တယ်နော်'ဆိုတဲ့ စကားလုံး
အပြင် ဘာမှ ထပ်ပြီး ပြောဆို
နိုင်စွမ်း မရှိတဲ့အတွက် ကိုယ့်
နှလုံးသားကို အားနာမိတယ်။
နှုတ်ဖျားမှ ကြားနိုင်မယ့်နား
ရှိမယ်ဆိုရင်၊ နှလုံးသားက
စကားပြောတတ်မယ်ဆိုရင်
'ဒီလောက်ပဲ ပြောခဲ့တာလား'
လို့ နှလုံးသားက စိတ်ကောက်
နေဦးမှာလား။ အလွမ်းအစက်
အပြောက်တွေကို အသည်းမှာ
မှတ်ကျောက်တင်ပြီး ချဉ်
လွန်းတဲ့ လောကခံအက်စစ်
ပြင်းနဲ့ စားလိုက်ပေမဲ့ ပျက်
ပြယ်မသွားတော့၊ ဒါ အချစ်
စစ်ပေါ့လို့ မပြောဖြစ်ခဲ့တာ
ကိုက ပိုပြီးလွမ်းရာ ကျလိမ့်
မယ်ထင်တယ်။ ဆုရဲ့မျက်နှာ

ကို ငေးကြည့်ပြီး ကျွန်တော်
တွေးနေမိတာ။

ဒါတွေဟာ မတွေးသင့်
တော့ဘူး။ ငါ မချစ်ခဲ့မိပါ
ဘူးလို့ တွေးရမယ်။ လွမ်း
လည်း မလွမ်းခဲ့ပါဘူးလို့
ဖွတ်မိုတ်ပြီး ဒါတွေကို မေ့ရ
ပါမယ်။ ကိုယ့်ကိုယ်ကို အသိ
နဲ့ ထိန်းလိုက်တယ်။ ယိုင်
သွားတဲ့ စိတ်တွေဟာလေ
တစ်ခါတလေတော့လည်း ပဲ့
မပါတဲ့ လှေတွေလိုပါ။

❑

အခမ်းအနား စတင်
ကြောင်း ကြေညာတော့ ကော်
ဇောခင်းထားတဲ့ ခန်းမကြီးထဲ
မှာ အသီးသီး နေရာယူပြီး
ထိုင်ကြတယ်။ ကန်တော့ခံ
စင်မြင့်အထက်မှာ ထိုင်နေကြ
တဲ့ ဆရာကြီး၊ ဆရာမကြီး
တွေက တစ်ဆယ့်ခြောက်
ယောက်ပဲ ရှိတော့တာ။
အသက်ရှစ်ဆယ်ကျော် ကျောင်း
အုပ်ဆရာကြီးက ကျွန်တော်
တို့ကို ဩဝါဒခြွေပါတယ်။
နောက်ပြီး ဆရာကြီးတစ်ဦးနဲ့
ဆရာမကြီးတစ်ဦးက အမှတ်
ရစရာ ကျောင်းကပွဲနဲ့ ဖြတ်
သန်းခဲ့ရတဲ့ ဆရာဘဝများကို
ပြောပြတော့ ကျွန်တော်တို့
အားလုံးနားထောင်ရင်းနဲ့ ငယ်
ဘဝ ပြန်ရောက်သွားရော။

ဩဝါဒခြွေအပြီးမှာ
တော့ ဆရာကြီး၊ ဆရာမကြီး
များကို လက်ဆောင်ပစ္စည်း
တွေနဲ့ ကန်တော့ကြပါတယ်။
မလိမ်မိုး မလိမ္မာဘဝမှ အပြစ်
ရှိသမျှ ဝန်ချပြီး ပြားပြားဝပ်
ကန်တော့ရင်း တွေးမိတယ်။
ဒီဆရာကြီး၊ ဆရာမကြီးတွေ
က ကျွန်တော်တို့ အတန်းထဲ
မှာ စေတနာ၊ ဝါသနာ၊ အနစ်
နာဆိုတဲ့ နာသုံးနာနဲ့ ပညာ



www.burmeseclassic.com

www.burmeseclassic.com

မိုးတွေ ဖွေရှာခဲ့တာပဲလို့။ ဘယ်သူတော့ ပိုတယ်၊ ဘယ်သူမို့ လိုမယ်မရှိပါ။ ရွာသွန်းတာချင်းအတူတူ ခံယူကြပုံတွေကသာ ကွဲလွဲမှု ရှိကြတယ်။ တချို့တလေက ဒီမိုးရေထဲမှာ ပျော်ရွှင်ဆော့ကစားရင်း ရေချိုးရုံလောက်ပါ။ တချို့က ခွက်နဲ့၊ ပုံးနဲ့၊ အိုးနဲ့၊ စည်ပိုင်းကြီးတွေနဲ့ ခံယူကြတယ်။ ခံယူတဲ့အပေါ် မူတည်ပြီး ဘွဲ့ရ၊ ဘွဲ့လွန်၊ ဒေါက်တာဘွဲ့ စသဖြင့်ပေါ့။ ကျွန်တော်ကတော့ ရေခပ်အိုးလောက်နဲ့သာ ခံယူမိခဲ့လေတော့ သာမန်ဘွဲ့လေးတစ်ခုနဲ့ လောကအလယ်မှာ လုံးလားထွေးလား၊ ထစ်ထစ်ငေါ့ငေါ့ ဘဝမှာပါ။

တစ်ခါတလေမှာ ဆရာတွေက သင်တယ်၊ ကျွန်တော်တို့က နားမတင်ဘူး၊ မှတ်မထားဘူးဆိုတော့ စာမရဘူး။ ဆရာက စာမရတဲ့ ကျွန်တော်တို့ကို အပြစ်ပေးတယ်။ အပြစ်ပေးတဲ့ဆရာကို မုန်းတယ်။ ဆရာ့အချိန်ဆိုရင် အကြောင်းရှာပြီး လစ်တယ်၊ ရှောင်ဖို့ပဲ ကြိုးစားတာ။ အဲဒီကတည်းက ဆရာ့ပညာဟာ ကိုယ်နဲ့ မထိုက်မှန်း၊ အဲဒီဘာသာမှာ အောင်ဖို့ရာလမ်းနဲ့ လွဲခဲ့မှန်း မသိနားမလည်ခဲ့ပါ။ လက်ငင်းအကျိုးပေးသော ဆရာပြစ်မှားသော ကံကြီးထိုက်ခြင်း ဆိုတာကို။

ဦးနှိမ်ချလို့ ကန်တော့အပြီးမှာ အခမ်းအနား ပြီးဆုံးပြီပေါ့။ ဆရာများထံသို့ ကျွန်တော် လက်အုပ်ချီပြီး သွားရောက်နှုတ်ဆက်ပါတယ်။ ကျွန်တော် ဘယ်သူပါ ဆရာ၊ ဘယ်စာသင်နှစ်ကပါ။ ဆရာမ ကျွန်တော့်ကို မှတ်မိလား၊ ဘယ်နှစ်ကပါ စသဖြင့်ပေါ့။ ဆရာ၊ ဆရာမကြီးများက ကျွန်တော်တို့ကို 'အသိအမှတ်ပြုခြင်း'နဲ့ 'ခွင့်လွှတ်ခြင်း'ကို ပေးပါတယ်။ ကျွန်တော်တို့က 'ကြီးမြတ်ခြင်း'နဲ့ 'ငြိမ်းချမ်းခြင်း'ကို ရလိုက်ပါတယ်။ ရင်ထဲမှ ဆွတ်ပျံ့တဲ့ပီတိများက အပြစ်မှလွတ်သော ကလေးငယ်၊ ဒါမှမဟုတ် အငြိအတွယ်မှ လွတ်သော လှေငယ်။

❑

အခမ်းအနား စကတည်းက သဲသဲမဲမဲ ရွာနေတဲ့မိုး။ အခုချိန်ထိ မတိတ်သေးဘူး။ ခန်းမရဲ့ရှေ့ ဆင်ဝင်အောက်အထိ ဆရာတွေကိုတွဲပြီး လိုက်ပို့ကြတယ်။ အသင့်ရပ်ထားတဲ့ ကားတစ်စီး ဆရာတစ်ယောက်နှုန်းနဲ့ ပို့ဖို့ ပြင်ဆင်ထားတော့ အဆင်ပြေတာပေါ့။ ဆရာတွေ သွားချင်တဲ့ အခြားနေရာတွေရှိရင်လည်း လိုက်မောင်းပြီး ပို့ကြမယ့် တပည့်တွေက အဆင်သင့်။ ကျွန်တော်တို့ ကျောင်းသားကျောင်းသူတွေ အုပ်စုကတော့ ခန်းမထဲမှာ ကျန်ရစ်နေခဲ့ကြပါတယ်။ ဆရာတွေ ထွက်သွားကြတော့ ခန်းမကြီးက ကလေးဘဝက စာသင်ခန်းကြီးလိုပါပဲ။ 'ဆက်ရက်သိုက် ကျီးဝင်ပြီးနှိုက်' ဆိုတဲ့ ပုံခိုင်းအတိုင်း ဆူညံပွက်လို့ ကိုယ့်အုပ်စုနဲ့ကိုး။ သူ့အကြောင်း၊ ကိုယ့်အကြောင်း။ 'မင်းအမျိုးသား ဆုံးတယ်လို့ ကြားပါတယ်။ စိတ်မကောင်းဘူး ဆုရယ်။ ကိုယ်တိုင်လည်း ဘာမှ မတတ်နိုင်တာ။ မင်းနေတဲ့အရပ်က အလှမ်းဝေးလွန်းတယ်၊ ကမ်းဝေးလွန်းတယ်။ မလှမ်းမကမ်းဆိုရင်တော့ လာခဲ့မှာ အမှန်ပါ'လို့ ကျွန်တော်က ပြောတော့ 'ရပါတယ်ဟယ်၊ ဘယ်တတ်နိုင်ပါ့မလဲ၊ ကံကြမ္မာပေါ့။ ငါလည်း ကလေးနှစ်ယောက်နဲ့ အတော်ရပ်တည်နိုင်အောင် ကြိုးစားရတာ။ အလယ်တန်းပြ ဆရာမတစ်ယောက်ရဲ့ ဘဝနဲ့ မမျှပါဘူး'။

ဆုပြောနေတဲ့ စကားတွေကို စိတ်မကောင်းစွာနဲ့ဘဲ ကျွန်တော် နားထောင်နေမိတယ်။ သူက ဆက်ပြီး 'နင်လည်း တစ်ယောက်တည်း မနေပါနဲ့ဟယ်။ သူငယ်ချင်းတွေ ရှိနေတာပဲ။ သူတို့နဲ့ အဆက်အသွယ်လုပ်မှပေါ့။ နင့်အလုပ်ရုံလေးထဲမှာပဲ အချိန်ကုန် မခံပါနဲ့ဟာ။ နင်စာရေးတယ်ဆို။ နင်ရေးတဲ့စာတွေကို ငါဖတ်ချင်တယ်။ ဘယ်မဂ္ဂဇင်းမှာ ရေးတာလဲ။ ငါ့ကို ပေးဖတ်မှာလား'။ ကျွန်တော် သူ့ကို ပြုံးပြီး ကြည့်မိလျက်သား ဖြစ်သွားတယ်။ 'အေးပါ'လို့ ပြောပြီး၊ အသင့်ယူလာတဲ့ မဂ္ဂဇင်းနှစ်အုပ်ကို ကျွန်တော့်အိတ်ထဲက ထုတ်ပြီး ပေးလိုက်တယ်။ တကယ်တော့ သူနဲ့တွေ့ရင် ပေးဖို့ ရည်စူးပြီးသား။ သူနဲ့ တိုက်ဆိုင်မယ့် ဝတ္ထုတိုပါတဲ့ မဂ္ဂဇင်းလေးတွေကို အိမ်ကတည်းက ထည့်လာခဲ့တာ။ ဆုက စာအုပ်ကလေးတွေကို လှမ်းယူပြီး ချက်ချင်းဆို သလိုပဲ သူ့အိတ်ထဲက ဓာ ရွက်တစ်ခု ထုတ်ပေးတယ်။ သူ့နေရပ်လိပ်စာနဲ့ ဖုန်း နံပါတ်။ သူလည်း ကျွန်တော့် လိုပဲ၊ တွေ့ရင်ပေးဖို့ ကြိုတင် ပြီး ရေးလာတဲ့ပုံပါ။ ဘာပဲ ဖြစ်ဖြစ် သူ့လက်ရေးလေး တွေကို မမြင်ရတဲ့ နှစ်ပေါင်း များစွာမှာ ဒါ ပထမဆုံး မြ မြင်ရခြင်းပါ။ ကျွန်တော်က သူ့အကြောင်းကို သူနဲ့အဆက် အစပ်ရှိတဲ့သူတွေနဲ့ တွေ့ရင် စုံစမ်းနေကျ။ ဒါပေမဲ့ သူ လည်း ကျွန်တော့်အကြောင်း ကို စုံစမ်းသိရှိပြီး ဖြစ်နေတယ် ဆိုတော့…၊ သူ့ရင်ထဲမှာ ကျွန်တော် ရှိခဲ့သည်ပေါ့။

❑

လက်သင့်မခံချင်ဘဲ လက်ခံလိုက်ရတဲ့အရွယ်၊ နား မလည်ချင်ဘဲ နားလည်လိုက် ရတဲ့ဘဝ၊ မသွားဘဲ ရောက်ခဲ့ တဲ့ အသက် တွေမှာသည် နား မလည် လက်မခံသေးတဲ့ နုပျိုစဉ်က အဖြစ်တွေကို တစ်ခါတစ်ရံတော့လည်း ပြ လည်တမ်းတတတ်ကြမြဲပါ နော်။ အချိန်တို့ရဲ့ ဆွဲငင်ခေါ် ဆောင်ရာကို လိုက်ပါလာကြ ရပေမဲ့ လှည့်ကြည့်ရင်းနဲ့ အရင်အချိန်တွေမှာ နေခဲ့ချင် တယ်ကွယ်။ အခုတော့ ဘ တွေက တစ်စစီ။ သူ တစ်စ၊ ကိုယ်ကတစ်စဆိုပေမဲ့ အဲဒီအပိုင်းအစလေးတွေကို ဆက်ကြည့်ရမယ့် ဆုံတွေ မဟုတ်လား။ အချို့သော အပိုင်းအစလေးတွေ လောကကြီးမှ အပြီးတိုင် ပျောက်ကွယ်သွားကြပြီ။ ဒါ ပေမဲ့ လိုနေတဲ့အပိုင်းအစလေး တွေကိုတော့ အတွေး နဲ့ ပြန်ဖြည့်ကြည့်ရမယ်လေ



www.burmeseclassic.com

www.burmeseclassic.com

မိုးကတိတ်ပြီ။ တင့်လွင်တို့အဖွဲ့ ရောက်လာတော့ စကားဆက်ဖို့ မဖြစ်တော့။ တင့်လွင်က 'ဆု နင်တို့အုပ်စုကို ငါက ကားကြီးကွင်းအထိ လိုက်ပို့ရမှာ၊ လာကြ၊ လာကြ။ မိုးတိတ်တုန်း သွားမှ။ ငါ့ကားက မိုးလုံတာ မဟုတ်ဘူး'။ ဆုက ကျွန်တော့်ကို လှမ်းကြည့်တော့ 'ငါ လိုက်မပို့တော့ဘူး၊ နောက်နှစ် ပြန်ဆုံကြမယ် ဆု'။ ဆုက 'နင် ရန်ကုန် လာခဲ့ဦးလေ'။ 'အေး…'ခေါင်းညိတ်ရင်း အားမပါတဲ့ ကျွန်တော့်စကားကို သူ နားလည်ပါလိမ့်မယ်။

'ဆု'တို့ ကားပေါ်တက်သွားတာကို ငေးကြည့်နေမိတယ်။ 'ဟိတ်ကောင် လိုက်သွားချင်လို့လား'၊ ကျွန်တော့်ကို လှမ်းပြီး ပြောလိုက်တဲ့ အသံ။ လှည့်ကြည့်စရာမလိုပါ။ ဒါ မောင်နိုင်ရဲ့ အသံ။ မောင်နိုင်တို့အဖွဲ့ဆီသို့ ကျွန်တော် သွားလိုက်တယ်။ သူတို့ စကားပြောနေတဲ့အထဲ ဝင်ထိုင်လိုက်ပြီး 'မောင်နိုင် ဒါ ငကျိုးကိုပေးလိုက်၊ ငကျိုးနဲ့ မင်းက အိမ်ချင်းနီးတယ်'။ ကျွန်တော်ပေးလိုက်တဲ့ အလှူငွေဖြတ်ပိုင်းကို မောင်နိုင်က လှမ်းယူရင်း 'ငကျိုး ဒီကောင် ဘာလို့ မလာတာလဲ မသိဘူး'၊ 'မလာရဲဘူးတဲ့ မောင်နိုင်ရာ၊ ငါက ပြောပါတယ်။ ဒီပွဲက ဆရာတွေကို ပူဇော်တဲ့ပွဲ၊ လာတဲ့လူတွေက ဘယ်လောက်ချမ်းသာချမ်းသာ၊ ဘာအရာရှိဖြစ်ဖြစ်၊ ချမ်းသာတာ အရာရှိတာတွေကို အပြင်မှာထားခဲ့။ ဒီအထဲရောက်ရင် အားလုံးဟာ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ် ကျောင်းသားတွေပဲ ဖြစ်ရမယ်လို့။ အဲဒီတော့ ငကျိုးက ဘာပြန်ပြောတယ်မှတ်လဲ။ 'ငါက ဘယ်သူ့မှ ဂရုမစိုက်ပါဘူးကွာ၊ ဂရုမစိုက်လို့မှ ဆိုက်ကားနင်းစားတာ။ မရှက်ပါဘူး။ ဒါပေမဲ့ ငါ ဆရာတွေကို မကြည့်ရဲဘူး။ အားနာတယ်ကွာ တဲ့။ ကျွန်တော့်စကား အဆုံးမှာတော့ မောင်နိုင်တို့၊ ခင်မောင်ဦးတို့ ငိုင်သွားကြတယ်။ 'မနေ့ နေ့လယ်က မိုးတိတ်တော့ ငါ လက်ဖက်ရည်ဆိုင်သွားလို့ ငကျိုးနဲ့တွေ့တာ။ ငါက အာစရိယပူဇော်ပွဲအကြောင်း ပြောပြတယ်။ ကမ်းနားလမ်းတုန်းက ရှိတဲ့ကျောင်းဟောင်းက ဆရာကြီး၊ ဆရာမကြီးတွေကို အဲဒီကျောင်းမှာတက်ခဲ့တဲ့ ငါတို့ကျောင်းသားဟောင်းတွေက ကန်တော့ကြမှာ။ မနက်ဖြန်ကျရင် လာခဲ့ဖို့' ငါကပြောတာကို ဒီကောင်က အင်းမလှုပ်၊ အဲမလှုပ်။ ငါနဲ့အတူ လက်ဖက်ရည်သောက်ပြီး ဆိုက်ကားနဲ့ ပြန်ထွက်သွားရော။

ငါကတော့ မြင့်အောင်တို့ ရောက်လာလို့ စကားဆက်ပြောနေတာ။ မိုးကရွာလာတော့ အိမ်ပြန်ဖို့ ခက်နေတုန်း ငကျိုးက မိုးထဲပြန်ရောက်လာတယ်။ သူ့ခါးကြားက တစ်ထောင်တန် အလိပ်ကလေး တစ်လိပ်ကို ထုတ်ပြီး ငါ့ကို ပေးခဲ့တယ်။ 'ငါ ဒီထက်ပိုပြီး လှူချင်ပါတယ်ကွာ၊ ဒါပေမဲ့ ဒီလောက်ပဲ တတ်နိုင်လို့ပါ။ ငါ့အတွက် မင်း လှူပေးစမ်းပါ'တဲ့။ ငါ့ကိုပြောပြီး ပြောပြောဆိုဆိုပါပဲ အပြင်ထွက်သွားရော။ မိုးရွာထဲမှာ ဆိုက်ကားကို ဖင်ထိုင်ခုံမှာ မထိုင်ဘဲ မတ်တတ်ရပ်အားယူပြီး ဖိနင်းသွားတဲ့ ဒီကောင့်ကို ငါကြည့်နေတာ။ သူဝတ်ထားတဲ့ အနီရောင်မိုးကာအင်္ကျီလေး မိုးတွေထဲမှာ ပျောက်သွားတဲ့အထိ ပေါ့ကွာ။ သူလှူသွားတာ တစ်ထောင်တန် သုံးရွက်ဆိုတော့ သုံးထောင်ပေါ့'။ စကားဝိုင်းက ငြိမ်သွားပြီး နားထောင်နေကြတဲ့သူတွေ အားလုံးက ငကျိုးအကြောင်းကို စဉ်းစားနေတာလား၊ ကိုယ့်ကိုယ်ကို သုံးသပ်နေကြတာလား ဆိုတာကတော့ သူတို့ကိုယ်တိုင်သာ သိကြမှာပါ။

ခဏကြာတော့ 'တီးဆိုင်သွားကြမယ်'လို့ ခင်မောင်ဦးက ပြောတော့မှ အားလုံး သက်ဝင်လှုပ်ရှားလာကြတယ်။ ကျွန်တော်နဲ့ မောင်နိုင်၊ ခင်မောင်ဦး သုံးယောက်ပဲ လက်ဖက်ရည်ဆိုင်ဘက် ထွက်ခဲ့ကြတာ။ ကျန်တဲ့ကောင်တွေက အိမ်ပြန်ရမယ့်လူနဲ့ သွားစရာရှိလို့ ပြောတဲ့လူနဲ့ ကျန်နေရစ်ခဲ့ကြတယ်။ ဆိုင်ထဲမှာလည်း ခင်မောင်ဦးနဲ့ မောင်နိုင်က ငယ်ကျိုးငယ်နာတွေပဲ ပြောလိုက်၊ ရယ်လိုက်ပါပဲ။ တချို့ဟာတွေကို ကျွန်တော်သိတယ်။ ကျွန်တော်ကိုယ်တိုင် ပါတာတွေလည်း ရှိတယ်။ မပါတာတွေလည်း ရှိတယ်။ တချို့တော့ မသိဘူး။ ဘာပဲဖြစ်ဖြစ် အခုမှသိရတဲ့ အကြောင်းတွေကလည်း ရယ်စရာပါပဲ။ အချိန်တွေက အကုန်မြန်လိုက်တာ။ အနောက်တောင်ဘက်က မိုးသားတွေ တက်လာပြန်ပြီ။ မိုးရွာတော့မယ် ထင်ရဲ့။ တိုင်မှာ ချိတ်ဆွဲထားတဲ့ ရွက်ဆုတ်ပြက္ခဒိန်က ၂၀၁၃ အောက်တိုဘာလ ရောက်နေပေမဲ့ ကျွန်တော်တို့က ၁၉၈၀ ပြည့်နှစ်ကို မကျော်နိုင်သေးတဲ့ အတွေးထဲမှာ။

ဆိုင်ထဲက ထွက်ခဲ့ကြရင်း 'မောင်နိုင်၊ မင်းက ဧမြဝတီဆိုတော့ နီးတယ်။ မင်းက ဂုံညှင်းတောင်အထိ ပြန်ရမှာ ခင်မောင်ဦး၊ မင်း ဆိုင်ကယ်ကို သေချာစီးဦး၊ လမ်းတွေက ဗွက်တွေနဲ့ ချောတယ်။ ကျွန်တော်ပြောလို့ ပါးစပ်မပိတ်ရသေးဘူး 'လမ်းထက် ငါက ပိုပြီး ချောတာပါကွာ' ခင်မောင်ဦး စကားအဆုံးမှာတော့ မောင်နိုင်က 'အောင်မယ်လေး၊ ရွှေ့သွားတွေကဖြင့် ကျိုးနေပြီ၊ ဒါများ ချောသတဲ့'။ 'ဟ သွားကျိုးတာ မဟုတ်ဘူး။ အခုမှ ငယ်သွားလဲတာ သိပလား'။ ကလေးတွေ အတိုင်းပါပဲ။ သူတို့နှစ်ယောက် ထွက်သွားတာကို ကြည့်ရင်း ကျန်နေရစ်ခဲ့ပေမဲ့ ငယ်ဘဝဆိုတဲ့ အတွေးရေလျဉ်ကြောအတိုင်း စိတ်တွေကို မျှောချင်တိုင်း မျှောခဲ့ကြပေါ့။

❑

လမ်းသွယ်လေးထဲ ချိုးဝင်လိုက်တော့ ကလေးတစ်သိုက်ကို တွေ့ရတယ်။ လမ်းမကြီးနဲ့ လမ်းမတန်းမှာရှိတဲ့ အဆောက်အဦတွေ၊ ဟိုတယ်ကြီးတွေက ရေတွေ၊ ကိုယ်တို့လမ်းသွယ်ထဲကို စီးဝင်နေကြ



www.burmeseclassic.com

www.burmeseclassic.com

ပြီ။ လမ်းသွယ်လေးရဲ့ ဘယ်ဘက်မှာ ရေစီးမြောင်းက မိုးကြီးတိုင်း ဖြစ်နေကျ။ လမ်းသွယ် မြေလမ်းကလေးက နွေမှာဆိုရင်သာ ဘာအပင်မှ မရှိတာ။ ဒါပေမဲ့ မိုးတွင်းဆိုရင်တော့ စိမ်းမြမြ မြက်ခင်းစပ်စပ်က လမ်းဘေးရဲ့ ဝဲယာမှာ။ မိုးပြီးလို့ ဆောင်းရောက်ရင် နှင်းစက်စိုစိုနဲ့ မြက်ခင်းလေး။ အခုတော့ မိုးက ကြီး, ကြီးနိုင်လွန်းတယ်။ မြေနိမ့်တဲ့ မြက်ခင်းပေါ်မှာ ရေတွေက အလုံးအရင်းနဲ့ စီးနေတော့၊ ကလေးတွေက စက္ကူနဲ့ ခေါက်ထားတဲ့ လှေတွေကို လွှတ်နေကြတာပေါ့။ လွှတ်လိုက်တဲ့လှေနဲ့ ယှဉ်ပြီး ကြည့်ရင်း လမ်းအတိုင်း ရှေ့ကလျှောက်နေတဲ့ ကလေးနှစ်ယောက်၊ သုံးယောက်။ လွှတ်လိုက်တဲ့လှေက ကမ်းစပ်နံဘေးမှာရှိတဲ့ မြက်နဲ့ချိတ်ပြီး ငြိနေလို့ ချန်နေရစ်ခဲ့တဲ့ ကလေးနှစ်ယောက်။ သူတို့ လုပ်နေပုံတွေကို ကျွန်တော် စိတ်ဝင်တစား ရပ်ကြည့်နေမိတယ်။ ကျွန်တော်နဲ့သိတဲ့ ကလေးတစ်ယောက်က 'ဦးလေး လှေလွှတ်ဦးမလား' တဲ့။ ကျွန်တော် ဘာမှ ပြန်မပြောဖြစ်ပါ။ ပြုံးပြီး ကြည့်နေလိုက်တယ်။ 'ဦးလေးလည်း လောကခံချောင်းထဲမှာ ဘဝကို လှေချိုးပြီး လွှတ်ခဲ့ဖူးပါတယ်' လို့ ရင်ထဲကပဲ ပြောနေမိရဲ့။

ကလေးတစ်သိုက်ကို ကျော်ပြီး လမ်းလျှောက်လာလိုက်တာ ကျွန်တော့်ခြံဝကို ရောက်ပြီ။ ခြံတံခါးကို ဖွင့်မယ်လို့လုပ်ပြီး မဖွင့်ဖြစ်တော့ပါ။ မနက်လင်းရင် ဒီမြောင်းလေးဟာ ရှိချင်မှ ရှိတော့မှာ။ ခန်းများသွားခဲ့ရင် ရေစီးမြောင်းနံဘေးမှာ လှေလေးတွေကို တွေ့ရမလားဘဲ။ ခေါက်ရိုးပြေပြီး မြေတွေသဲတွေ ပိနေမယ့် လှေတွေ၊ တစ်ပိုင်းတစ်စစီ ပဲ့ကြွေနေမယ့် လှေတွေ၊ ရေမျောကမ်းတင် ကျန်ရစ်မယ့် လှေလေးတွေကို မြင်ရတော့မယ်။ တချို့လည်း စက္ကူအပိုင်းအစ အဖြစ်နဲ့ပေါ့။ ရေနဲ့စက္ကူဆိုတာ အချိန်အတိုင်းအတာ တစ်ခုအထိသာ သက်တမ်းရှိကြတာလေ။ ဒီမြောင်းလေးရဲ့ အဆုံးအထိ မရောက်ခဲ့ရင်…။ ဘဝဆိုတာက စက္ကူလှေလေးတွေလိုမျိုး မဟုတ်လား၊ နောက်နှစ် ပြန်ဆုံမယ်ဆိုတာကလည်း…။

ကျွန်တော် အိတ်ကပ်ကို အမြန်စမ်းလိုက်မိတယ်။ အိတ်ကပ်ထဲမှာ သူပေးသွားတဲ့ လိပ်စာနဲ့ ဖုန်းနံပါတ်။ တော်သေးတယ်၊ ပိုက်ဆံထုတ်ပြီး လက်ဖက်ရည်ဆိုင်မှာ ရှင်းတုန်းက ကျမနေရ[…] လို့။ ဂျာကင်အတွင်း အိတ်ကပ်ထဲက ဖုန်းကို ထုတ်လိုက်[…]တယ်။ သူပေးထားတဲ့ ဖုန်း[…] ပါတ်ကိုနှိပ်ပြီး 'သူငယ်ချင်း[…]ဆု မင်းအခုဘယ်မှာလဲ၊ ကား[…]ကြီးကွင်းမှာလား၊ ရန်ကု[…] ရောက်ရင် ရောက်,ရောက်[…] ချင်း ငါ့ဆီ ဖုန်းဆက်နော်[…] ငါ အရမ်းစိတ်ပူတယ်' လို့[…]

■

**အောင်ချင်းသ[…]**

(စာကြွင်း။ ။ အထက်ပ[…] စက္ကူလှေစာစုအား ရေးဖွဲ့ခဲ့[…] သော အဖြူရောင်စက္ကူလှေ[…] တစ်စင်းသည် နှင်းတို့ဝေ[…] သော ဆောင်းတစ်ညဉ့် သူ[…] စီးမျောခဲ့သော ဘဝစမ်း[…] ချောင်းလေးမှ ဖယ်ခွာ၍ သံ[…] သရာဝဲဩဃထဲသို့ စီးဝင်[…] ပျောက်ကွယ်သွားပါကြောင်း[…] စာရေးသူ။)

ဘာသာစကား သင်တန်း

**English Language Classes**

**U San Lin Tun**

B.E (Metallurgy),Y.I.T
M.A(Thesis),ITBMU

**Basic English Conversation**
**Vocabulary Enrichment Course (Basic)**
**Phonetics**
**Basic Writing Course (Academic)**
**Advanced English/Creative Writing Course**

**Chinese Language Classes**

**Daw Moe Moe Lwin**

B.A (History)
Dip in Chinese ( Y.U.F.L )

နိုင်ငံခြားသွားမည့်သူများအတွက် စကားပြော (၂) လနှင့် ပုံမှန် (ရေး၊ ဖတ်၊ ပြော) တန်းခွဲသစ်ရှိသည်။
ကျောင်းသူ၊ ကျောင်းသား၊ ရုံးဝန်ထမ်းများအတွက် တရုတ်စာ 4 skills တတ်မြောက်စေရန် သင်ကြားပေးသည်။

သင်တန်းတည်နေရာ

၃၃၇ (စတုတ္ထထပ်)၊ မဟာဗန္ဓုလလမ်း၊ (လမ်း - ၄၀ထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
✆ 01 245211, 01 251850, 09 49329071, 09 250280028



www.burmeseclassic.com

www.burmeseclassic.com

'နင် ဘယ်လိုမှ မခံစားရဘူးလား ပြော'
သင္ကြရာဇ်တွေ နောက်ပြန်လှန်တဲ့အခါ ပါဝင်ခဲ့တဲ့
အခန်းကဏ္ဍတွေက ထင်းခနဲ ပေါ်လာတတ်ပါတယ်။
မှတ်မှတ်သားသား ဖြစ်စရာတွေ ဆိုခဲ့ရင် မေ့ပစ်တဲ့လူဘက်က
အရှုံး၊ လက်တွေ့ဘဝမှာ ဘယ်လိုနေရာမျိုးကပဲ
လှောက်လှမ်းနေရပါစေ သမိုင်းနဲ့ စစ်ချလိုက်မယ်ဆိုရင်တော့
လုံးဝ ငြင်းလို့မရမယ့် လူတစ်ယောက်ရဲ့ဇာတ်ရုပ်က
မလွဲမသွေ ပေါ်လာပါလိမ့်မယ်။
'အဲဒါတွေ ငါ့ကို မမေးနဲ့ နှင်းဆီနီ၊ ဟိုးတုန်းကတည်းက
အခုချိန်ထိ နင့်ကို ငါချစ်တယ်'
'အေး ငါကတော့ နင့်လို စိတ်ဓာတ်မျိုးရှိတဲ့သူမျိုးကို
ဘယ်တော့မှ အိပ်ထောင်ဖက်မရွေးဘူး၊ ရှင်းလား။
နင် လက်ရှိလုပ်နေတဲ့အဖွဲ့အစည်းကို ထိခိုက်ပြောတာ
မဟုတ်ဘူးနော်။ နင့်ရဲ့တစ်ကိုယ်ကောင်းဆန်မှုအတွက်
သီးသန့်ပြောတာ'
'လင်းသစ်'လည်း စိတ်ပျက်လက်ပျက်နှင့် 'နှင်းဆီနီ'ကို
ခေါင်းတွင်တွင်ခါမိတယ်။ နှင်းဆီနီဆိုတာ ဟိုတုန်းကတည်းက
ခေါင်းမာတဲ့ ကောင်မလေးဆိုတာ သိပြီးသားဖြစ်နေတော့
ချစ်ခြင်းတရားကို သီးသန့်ဖြစ်အောင်

# ဒါဆိုရင်
# တို့များဆုတောင်းမှားခဲ့လေသလား
# အချစ်ရယ်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုခွဲထုတ်ရမလဲ လင်းသစ် တွေးတော့တယ်။ အဲဒီအပိုင်းမှာတော့ လင်းသစ် အပြည့်အဝ အာမခံနိုင်တယ်။ သက်သေထူစရာတွေလည်း အများကြီးရှိတယ်။ ငယ်ဘဝ သံယောဇဉ်တွေ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ယှက်နွယ်မှုတွေ၊ ချစ်ခြင်းလို့ ပြောလို့ရတဲ့ အစိတ်အပိုင်းတွေ အများကြီးပဲ။ လင်းသစ် အနေနဲ့ကလည်း အရာရှိကြီး၊ ဆရာဝန် ဒေါက်တာအဖြစ် အသက်သုံးဆယ်နား ကပ်နေပေမဲ့ နှင်းဆီနီကို အခုထိ မျှော်လင့်နေတုန်းလို့ ပြောရင် ယုံမလား မသိဘူး။

'ကဲ ငါမေးမယ်၊ အမှန်အတိုင်းဖြေ'

'အေး၊ ငါလည်းနင့်ကို ကြိုတင်သတိပေးထားမယ်၊ ငါ နင့်ရဲ့အောက်လက်ငယ်သား မဟုတ်ဘူး၊ ငါ့ကို အဲဒီပုံစံ လာပြီးမဆက်ဆံနဲ့'

'ကဲပါဟာ နင်ကလည်း ဒါကိုပဲ လာလာနှိပ်ကွပ်နေတယ်၊ ကဲ ငါနင့်ကို ချစ်တယ်ဆိုတာ ယုံလား'

'ယုံတယ်'

နှင်းဆီနီဆီက မဆိုင်းမတွအဖြေ ထွက်လာတော့လည်း လင်းသစ် အံ့ဩရပြန်တယ်။ ဒါ ငြင်းလို့မရတဲ့ အမှန်တရားတစ်ခု လင်းသစ်အတွက် အားတက်စရာ ကောင်းလှပါတယ်။ လူကို ရှေ့အနည်းငယ်ယိုင်ပြီး နှင်းဆီနီကို ဖျောင်းဖျောင်းဖျဖျ နားချတဲ့ပုံစံမျိုး ပြောဖြစ်တယ်။ တကယ်ဆို နှင်းဆီနီရဲ့ လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး ပြောရမှာ။

'အေး နင် ခံစားနားလည်မိနေတာပဲ နှင်းဆီနီရယ်၊ ငါတို့ လက်ထပ်ကြရအောင်၊ ငါတို့အသက်တွေလည်း မငယ်တော့ဘူးလေ'

> အဲဒီ
> အကျိတ်အခဲကြီးကို
> ငါ
> ဘယ်လိုမှ
> ဖျောက်ဖျက်ပစ်လို့
> မရဘူး
> ဒါ သမိုင်းဟာ
> မြန်မာနိုင်ငံမှာ
> ဘယ်လိုမှ
> မေ့ပျောက်
> ပစ်လို့မရတဲ့
> သမိုင်း
> အဲဒီအထဲမှာ
> နင်လည်း
> ပါတယ်
> ငါလည်း
> ပါတယ်
> ဒီသမိုင်းကို
> ဘာမဟုတ်သလို
> ကျော်လွှား
> ထားခဲ့လို့
> ဘယ်ရမလဲ

နှင်းဆီနီရဲ့ မျက်နှာက အဝေးကို ငေးသွားတယ်။ ဆွဲဆွဲငင်ငင်တော့ မဟုတ်ဘူး။ ရှက်သွေးဖြာသွားတာမျိုးလည်း မဟုတ်ဘူး။ တစ်ခုခုကို အပြောရကျပ်ကျပ်နဲ့ သက်ပြင်းကို မှုတ်ထုတ်ပစ်လိုက်တယ်၊ ပတ်ဝန်းကျင်တစ်ခုလုံး ပိုပြီး ငြိမ်ကျသွားတယ်လို့ ထင်ရပါတယ်။

'မဟုတ်ဘူး လင်းသစ်၊ ငါ အမျိုးမျိုးစဉ်းစားတယ်။ နင့်ဘက်ကို လျှော့ပေါ့ပေးပြီးတော့၊ အဲဒါလည်း နင့်ကို ချစ်တဲ့သံယောဇဉ်နဲ့ပဲ။ ဒါပေမဲ့ မရဘူးဟာ၊ မရဘူး။ အဲဒီ အကျိတ်အခဲကြီးကို ငါ ဘယ်လိုမှ ဖျောက်ဖျက်ပစ်လို့ မရဘူး။ ဒါ သမိုင်းဟာ။ မြန်မာနိုင်ငံမှာ ဘယ်လိုမှ မေ့ပျောက်ပစ်လို့မရတဲ့သမိုင်း။ အဲဒီအထဲမှာ နင်လည်းပါတယ်။ ငါလည်းပါတယ်။ ဒီသမိုင်းကို ဘာမဟုတ်သလို ကျော်လွှားထားခဲ့လို့ ဘယ်ရမလဲ လင်းသစ်ရဲ့'

နှင်းဆီနီရဲ့ ရင်ထဲက မချိတင်ကဲ စကားတွေ အန်ကျလာတယ်။ အတိတ်ကို ပြန်ရောက်သွားသလို မောမောဟိုက်ဟိုက်ကြီးနဲ့။ လင်းသစ်လည်း ဘာမှ မချေပနိုင်တော့သလို လက်လျှော့ရမယ့်လမ်းထဲ ရောက်သွားတော့တယ်။ အတိတ်နေ့ရက်တွေထဲ ပြန်ရောက်သွားရင် လင်းသစ်ရဲ့ ဓာတ်ရုပ်က အဖြူအစိမ်းဝတ် ကျောင်းသားလို့တောင် ပြောလို့ရတော့မှာ မဟုတ်တော့ဘူး။ ❑

ငယ်ဘဝကို မှုန်းမှုန်းလေး ပြန်သွားရင်…

အဖြူအစိမ်းဝတ် စံပယ်နုံကလေးတွေ သင်းနေပါတယ်။

အတန်းထဲမှာ ပထမနဲ့ ဒုတိယနေရာကို အပိုင်သိမ်းထားတာ နှင်းဆီနီနဲ့လင်းသစ်ပဲ။ ဒါပေမဲ့ နှင်းဆီနီက ပိုတော်တယ်လို့ တညီတညွတ်တည်း အသံထွက်ကြတယ်။ အင်္ဂလိပ်စာ ဆရာမဖြစ်တဲ့ လင်းသစ်အမေကအစ၊ လင်းသစ်အဖေက နာမည်ပေါက်ဆရာဝန်ကြီး။ အဲဒီခေတ်အခါက အားနည်းချက်လို့ ပြောရ… မှာက နှင်းဆီနီအဖေ ဦးခ… ဆိုတာ ကိုကိုးကျွန်းပြန် ထောင်ထွက်ကြီး ဖြစ်နေတာ… ပဲ။ နှင်းဆီနီကို ဘာကျူရှင်မှ မထားဘဲ အတန်းစာတွေရော ပြင်ပစာတွေပါ သင်ပေးနေတာ… အဲဒီကျွန်းပြန်ကြီး ဦးခ… သားအဖနှစ်ယောက် စာသင်… ပုံက အပြန်အလှန် ဆွေးနွေး… နေကြတဲ့ပုံမျိုး၊ စာကျက်တာ… မဟုတ်ဘူး။ ပြောပြ၊ ရှင်းပြ… နေတာ။ အင်္ဂလိပ်စာပေဘာသာ… မှာလည်း နှင်းဆီနီက… အင်္ဂလိပ်စာဆရာမ ချီးကျူး… လောက်အောင် တော်တာ။

'နင်က ပိုတော်ပါတယ်ဟ'

'နင်လည်း တော်ပါ… တယ်၊ ဒါနဲ့ နင်က ဆရာဝန်… ဖြစ်ချင်တာလား'

'အေး ငါ့အဖေက… ဆရာဝန်ကြီးဖြစ်အောင် လုပ်… ရမယ်တဲ့'

'မဟုတ်ဘူး၊ ငါပြော… တာ နင့်သဘောထား။ နင့်… အဖေလုပ်ခိုင်းတာကို ပြော… တာမဟုတ်ဘူး။ နင်ကိုယ်… တိုင်က ဘာဖြစ်ချင်တာလဲ… မေးတာ'

'အဲ ငါက တကယ်… ပြောရမှာလား၊ ငါဖြစ်ချင်တာ… ကို'

'ပြောစမ်းပါ၊ ကိုယ့်… သဘောထား အစစ်အမှန်က… ကိုယ့်ဘဝကို ဖြစ်အောင်… မောင်းနှင်နိုင်မှာ။ နင် ဘာဖြစ်… ချင်တာလဲ'

'သိပ်တော်တဲ့ မိန်းမ… တစ်ယောက်ရဲ့ ယောကျ်ား… ဖြစ်ချင်တယ်'

နှင်းဆီနီက စူးစူး… ကြည့်နေတယ်။ နှ…ခမ်း…



www.burmeseclassic.com

www.burmeseclassic.com

မှုနဲ့ပြီးတော့ မဟုတ်ဘူး။ နှင်းဆီနီရဲ့အကြည့်မှာ မြား တွေအများကြီးပါဝင်နေတယ်လို့ လင်းသစ် ခံစားရတယ်။ လင်းသစ်အဖြေနဲ့ ပတ်သက်ပြီး နှင်းဆီနီက ဘာမှမှတ်ချက်မပေးဘဲ ထားခဲ့တယ်။ လင်းသစ်ကတော့ ရင်ဘတ်ထဲကအရာကို ခင်းချပြနိုင်လို့ ပေါ့ပေါ့ပါးပါးတစ်ဆင့် အောင်မြင်သွားတယ်။

မဖိတ်ခေါ်ဘဲ ရောက်လာတဲ့ ကံကြမ္မာမဟုတ်ဘူး။

တစ်နိုင်ငံလုံးရဲ့ လိုလားတောင့်တမှုကြီးတစ်ခု။

ဩဂုတ်လ မိုးရေစက်တွေနဲ့အတူ နှင်းဆီနီတို့ အဖြူအစိမ်းဝတ် ကျောင်းသူကျောင်းသားတွေ လမ်းမပေါ်ထွက်ခဲ့ကြတယ်။ အထက်တန်းကျောင်း အသီးသီးကတဖြည်းဖြည်းနဲ့ နိုင်ငံလုံးဆိုင်ရာ ဖြစ်သွားတယ်။ ကျောင်းနဲ့ပတ်သက်တဲ့ လှုပ်ရှားမှုတွေမှာ နှင်းဆီနီနဲ့အတူ ပါဝင်လေ့ရှိတဲ့ လင်းသစ်က ဒီနေရာမှာကြောက်ချေးပါပြီး ပျောက်နေတယ်လို့ ထင်မိတယ်၊ ယောက်ျားလေးဖြစ်ပြီးတော့။ နှင်းဆီနီကတော့ ကျောင်းသားကြီးတွေနဲ့ ပေါင်းပစ်လိုက်တယ်။ နှင်းဆီနီရဲ့ အဖေဆီကိုလည်း အဝင်အထွက်လုပ်နေကြတာ အများကြီး။ ဒါ နိုင်ငံသူ နိုင်ငံသားတိုင်း ပါဝင်ရမယ့် အရေးကိစ္စလို့ နှင်းဆီနီအဖေက ဆိုတယ်။ လင်းသစ်ကို သတိတရနဲ့ သွားခေါ်တယ်။ လင်းသစ်ဆိုတာ ကျောင်းမှာနာမည်ပေါက်ကျောင်းသားလေ။ ဒါပေမဲ့ လင်းသစ် ပါမလာခဲ့ဘူး။ ကိစ္စရှိလို့ နယ်မှာသွားထား

အဲဒီနေ့က
သမိုင်းလမ်းဆုံမှာ
နှင်းဆီနီတို့
ရှိနေကြတယ်
နှင်းဆီနီတို့
အဖြူအစိမ်းဝတ်
ကျောင်းသားတွေက
အရှေ့ဆုံးမှာ
အလံကိုင်တဲ့လူနဲ့
ဗိုလ်ချုပ်ပုံ
ပိုက်တဲ့လူနဲ့
နှင်းဆီနီတို့ထက်
အတန်းငယ်တဲ့
ရဲရဲတောက်
ကျောင်းသူလေး
တွေကို
ရှေ့ဆုံးက
နေရာ
ပေးထားတယ်

ကြောင်း လင်းသစ်အဖေက ပြောတယ်။ နှင်းဆီနီတို့ ဆရာမလည်း မရှိဘူး။

အချိန်တိုတိုအတွင်းမှာဘဲ နှင်းဆီနီတို့ လှုပ်ရှားမှုတွေ အင်အားတောင့်တင်းလာခဲ့တယ်။ အရပ်သူ အရပ်သားတွေလည်း အများကြီး ပါဝင်လာတယ်။ စက်ရုံအလုပ်သမားတွေလည်း အုပ်စုလိုက်အုပ်စုလိုက် အများကြီးပဲ။ အဲဒီနေ့က သမိုင်းလမ်းဆုံမှာ နှင်းဆီနီတို့ ရှိနေကြတယ်။ နှင်းဆီနီတို့ အဖြူအစိမ်းဝတ် ကျောင်းသားတွေက အရှေ့ဆုံးမှာ အလံကိုင်တဲ့လူနဲ့၊ ဗိုလ်ချုပ်ပုံပိုက်တဲ့လူနဲ့။ နှင်းဆီနီတို့ထက် အတန်းငယ်တဲ့ ရဲရဲတောက် ကျောင်းသူလေးတွေကို ရှေ့ဆုံးက နေရာပေးထားတယ်၊ အားပေးတဲ့လူနဲ့။ ကိုယ်တိုင်ကိုယ်ကျ ပါဝင်တဲ့သူနဲ့၊ ရန်ကုန်-အင်းစိန်လမ်းမကြီး အပြည့်ပဲ၊ ကြွေးကြော်သံတွေလည်း ညံလို့။

မင်္ဂလာဒုံ -အင်းစိန်ဘက်က ဆင်းလာမယ့် တပ်မတော်သား ဆန္ဒပြတဲ့အဖွဲ့တွေကို စောင့်နေတာ။ အလုပ်သမား အဖွဲ့တွေနဲ့တော့ ချိတ်ဆက်မိနေပြီ။ အားလုံးပေါင်းပြီးတာနဲ့ လှည်းတန်းကို ချီတက်မယ်။ လှည်းတန်းက ကျောင်းသားကြီးတွေ ဦးဆောင်တဲ့ အဖွဲ့တွေနဲ့ ပေါင်းပြီး မြို့တော်ခန်းမရှေ့အရောက် ချီတက်ကြဖို့။

'အားလုံး လူစုခွဲပြီး ကိုယ့်အိမ်ကိုယ် ပြန်ကြပါ၊ မေတ္တာရပ်ခံပါတယ်။ လူစုခွဲပြီး ကိုယ့်အိမ်ကိုပြန်ပါ'

သမိုင်းလမ်းဆုံကြီးကို စစ်ကားတွေနဲ့ ပိတ်သိမ်းပစ်လိုက်တယ်။ စစ်သားတွေလည်း အများကြီးပဲ။ နှင်းဆီနီတို့က ဒီလောက်နဲ့ ဘယ်ကြောက်မလဲ။ မြို့တော်ခန်းမရှေ့ကို ရောက်အောင်သွားမှာ။ ရှေ့ဆုံးက နေရာယူထားတဲ့ ကျောင်းသားတွေ နောက်ပြန်မလှည့်ကြဘူး။

'ရှေ့ဆက်တိုးရင် ပစ်ရပါလိမ့်မယ်၊ ရှေ့ဆက်တိုးရင် ပစ်ရပါလိမ့်မယ်၊ လူစုခွဲပြီး ကိုယ့်အိမ်ကိုယ် ပြန်ကြပါ'

'ဟေး ဟေး'

'ဖောင်း ဖောင်း ဖောင်း ဖောင်း'

နှင်းဆီနီတို့တွေ ပြေးကြတယ်။ လူအုပ်ကြီးက ကျပ်ခဲနေတော့ တော်တော်နဲ့ ပြေးလို့မရ၊ ပြီးတော့ နှင်းဆီနီတို့က ရှေ့ဆုံးရောက်နေတာဆိုတော့။ ဒါပေမဲ့ ပြေးတဲ့လူအုပ်ကြီးက ခဏချင်းပဲ ရပ်တန့်သွားတယ်၊ ဒါ တကယ်ပစ်တာ မဟုတ်ဘူးဆိုတာ . . .။ တကယ်လည်း ခြောက်လှန့်ပြီး မိုးပေါ်ထောင်ပစ်လိုက်တာ ဖြစ်ပါတယ်။

'ငါကတော့ အဲဒီကတည်းက သိလိုက်ရတယ်။ မိုးပေါ်ထောင်ပစ်တဲ့ သေနတ်သံက ဘယ်လိုဆိုတာ နင်တို့ကတော့ သိမှာပေါ့၊ သင်တန်းတွေမှာ'

'ကျောင်းတက်တုန်းက ခဏပဲ သင်လိုက်ရတာပါဟာ။ ငါတို့က စာပဲဦးစားပေးသင်ရတာ။ ကျောင်းပြီးပြန်တော့လည်း သေနတ်ကိုင်ရတာမှ မဟုတ်တာ။ ဆေးထိုးအပ်ပဲ ကိုင်နေရတာဆိုတော့ ငါ သူများအသက်မသတ်ခဲ့ပါဘူးဟာ။ သူများအသက်ကို ကယ်နေတာပါ'

'အဲဒါကိုထားပါ၊ ငါတို့တကယ့်ကို တိုင်းပြည်အတွက်၊ ကျောင်းသားထုကြီးကို ကိုယ်စားပြုလုပ်နေတဲ့ အချိန်မှာ နင် တစ်ကိုယ်ကောင်းဆန်ဆန်နဲ့ မပါဝင်ခဲ့တာကို ငါ ရင်နာတာ။ အဲဒီအချိန်ကာလက နင်လည်း အဖြူအစိမ်းဝတ် ကျောင်းသားပဲလေဟယ်'

အဖြူအစိမ်းဝတ် ကျောင်းသား၊ ကျောင်းသူတွေပဲ ရှေ့ဆုံးပြန်ရောက်သွားတယ်။ နှင်းဆီနီလည်း တကယ်ကို တိုးခွပြီး၊ အားလုံးက မရ ရအောင် ကျော်

www.burmeseclassic.com

ဖြတ်ပြီး ပြည်သူလူထုရဲ့ သဘောထားတွေကို ဟစ်ကြွေးမယ်လို့ ဆုံးဖြတ်ထားပြီးသား။ တချို့နေရာတွေမှာ အသေပစ်တယ်ဆိုတာ သိပါလျက်နဲ့။

'ဖောက် ဖောက် ဖောက်'

ရှေ့ဆုံးမှာရှိတဲ့ အဖြူအစိမ်းကလေးတွေ ခွေလဲကျသွားတယ်။ ပြေးကြတဲ့ လူအုပ်ကြီးကြားမှာ နှင်းဆီနီလည်း ဘယ်ပေါက်လို့ ဘယ်ရောက်မှန်းမသိ။ အိမ်တွေက နှင်းဆီနီတို့ အဖြူအစိမ်းတွေကို ဝှက်ပေးထားတယ်။ စစ်သားတွေက လမ်းထဲထိအောင် ဝင်လာကြတာ။ နှင်းဆီနီလည်း ကြောက်ကြောက်နဲ့ အိမ်ပြန်ရောက်တော့ မှောင်စပျိုးနေပြီ။

'နင်ကလည်းဟာ မသေကောင်း မပျောက်ကောင်း။ ငါပြောတာက အောင်မြင်နိုင်တဲ့ကိစ္စ မဟုတ်ဘဲနဲ့ အသက်ထိ မစွန့်စားသင့်ဘူးဆိုတာကိုပါ'

'ဒါဆို အဲဒီအချိန်တုန်းကတည်းက နင် ဘယ်ဘက်က ရပ်ခဲ့တာလဲ ပြောစမ်း လင်းသစ်။ နင် ဘာကျောင်းသားလဲဟာ သွားစမ်းပါ။ ဒါဆို အခုနင်လုပ်နေတဲ့ စစ်ဗိုလ်ဆိုတာလည်း…'

'အဲဒီလိုကြီးတော့ မဟုတ်ပါဘူး နှင်းဆီနီရယ်၊ ငါစစ်ဆေးတက်ခဲ့တယ်ဆိုတာက ဟိုဆရာဝန်အမှတ် မမီလို့ ဒီဆရာဝန်ဖြစ်အောင် လုပ်ခဲ့တာပါပဲ။ ငါ့အဖေကို ဆရာဝန်ဖြစ်အောင် ကြိုးစားပါ့မယ်လို့ ကတိပေးခဲ့ရတာဟ'

သွားစမ်းပါဟာလို့

ရှေ့ဆုံးမှာ
ရှိတဲ့
အဖြူအစိမ်း
ကလေးတွေ
ခွေလဲ
ကျသွားတယ်
ပြေးကြတဲ့
လူအုပ်ကြီး
ကြားမှာ
နှင်းဆီနီလည်း
ဘယ်ပေါက်လို့
ဘယ်ရောက်မှန်း
မသိ
အိမ်တွေက
နှင်းဆီနီတို့
အဖြူအစိမ်း
တွေကို
ဝှက်ပေးထားတယ်

မပြောဖြစ်တာ သံယောဇဉ်အကြွင်းအကျန်ကြောင့်လား၊ ငယ်ပေါင်းကြီးဖော်တွေကတော့ ဒီလိုအကြောင်းတရားတွေသာ ကြားမှာ ဖြစ်ပေါ်မလာရင် နင်တို့နှစ်ယောက် ညားမှာလို့ နိမိတ်ဖတ်ခဲ့ကြလေတော့ နှင်းဆီနီကတော့ အဲလို မထင်ဘူး။ ရပ်ကွက်ထဲပြန်ရောက်လို့ ရပ်ကွက်အရေးကိစ္စ ဆိုခဲ့ရင်လည်း ရပ်ကွက်သူရပ်ကွက်သားတစ်ယောက်အနေနဲ့ ပါဝင်လာရမှာပေါ့။

စစ်တပ်က အားလုံးကိုအုပ်စီးမိတဲ့အချိန်မှာတော့ ရပ်ကွက်ထဲမှာ ငြိမ်ကုပ်ပြီး တုတ်တုတ်တောင် မလှုပ်ရဲကြ။ ဗိုလ်ကြီးတစ်ယောက်ဆို ပစ္စတိုကို ခါးကြားမှာ အလွတ်ထိုးထားတယ်။ တိတ်ဆိတ်နေတဲ့ နှင်းဆီနီတို့ ရပ်ကွက်လေးကို စူးစူးဝါးဝါး အသံပေးပြီး ပြေးထွက်သွားတာက မိန်းမကြီးတစ်ယောက်။ လူတချို့လည်း ပစ်ချင်ရင်ပစ်ပစေတော့ဆိုတဲ့ စိတ်နဲ့ မိန်းမကြီးနောက်ကို လိုက်ကြတယ်။

'ငါ့သမီးလေးကိုပြန်ပေး၊ ငါ့သမီးအလောင်းကို ပြန်ပေး'

ညဦးမှာ အသံက စူးဝါးနေတယ်။ လမ်းထိပ်မှာ တားထားတဲ့ သံဆူးကြိုးတွေကို ကုတ်ဖက်ကျော်လွှားနေတဲ့ အဒေါ်ကြီး။ စစ်သားတွေက 'ဖျောင်း ဖျောင်း'အသံထွက်နဲ့ သေနတ်တွေ ထိုးချိန်တယ်။ နောက်မှာ လူအုပ်ကြီး ကပ်ပါလာတယ်။ ညမှောင်မှောင် မသဲမကွဲမှာ။

'ဒိုင်း…'

တစ်ချက်တည်းပဲ၊ သံဆူးကြိုးပေါ်မှာ ခွေခေါက်ပြီး မိန်းမကြီးလည်း သူ့သမီးလေးလို အလောင်းဖြစ်သွားတယ်။ နှင်းဆီနီတို့လည်း ရှေ့ဆက်မတိုးရဲတော့ဘူး။ စစ်သားတွေက အဲဒီမိန်းမကြီးအလောင်းကို တရွတ်တိုက်ဆွဲယူသွားကြတယ်။

'နင် ဘယ်လိုခံစားရလဲ လင်းသစ်'

'……'

'ငါနဲ့ ဘာဆိုင်လို့လဲတော့ မပြောနဲ့နော် လင်းသစ်၊ ငါ ပါးရိုက်မိလိမ့်မယ်။ ငါတို့လည်း စွတ်ရွတ် အော်ပြေးသွားတော့ ဆွဲချိန်တားချိန် မရလိုက်ဘူး။ မနက်က ပစ်[illegible] လိုက်တဲ့အထဲမှာ သူ့သမီး[illegible] လေး ပါသွားတယ်တဲ့ဟာ[illegible] အဲဒီကောင်မလေးက ဘယ်[illegible] သူလဲ သိလား'

'……'

'ငါတို့အတန်းထဲက[illegible] လေ။ ဟိုစွာကျယ် စွာကျယ်[illegible] နဲ့ကောင်မလေး။ နင် အသင်း[illegible] ခေါင်းဆောင်လုပ်တဲ့ အပြ[illegible] သင်းက ကောင်မလေး။ နှင်း[illegible] ရှေ့တစ်ခုံ ကျော်မှာထိုင်တဲ့[illegible] ကောင်မလေးလေ'

'ငါကြားပါတယ်၊ ဒါ[illegible] ပေမဲ့ ငါ ဘာမှ မတတ်နိုင်ဘူး[illegible] လေ နှင်းဆီနီရယ်။ သူလည်း[illegible] သူ့ခံယူချက်သူ သွားတာ[illegible] ဟာ'

'အေး အဲဒီခံယူချက်[illegible] နင်ပြောတဲ့ ခံယူချက်။ နင်ဟာ[illegible] အဖြူအစိမ်းဝတ် ကျောင်း[illegible] သားတစ်ယောက် ဖြစ်ပြီး[illegible] ကျောင်းသားခံယူချက် မ[illegible] ဘူး။ ဒီရပ်ကွက်ထဲမှာနေပြီး[illegible] ဒီရပ်ကွက်သား ခံယူချက်မ[illegible] ဘူး၊ နင်ဟာလေ…'

လင်းသစ်လည်း ဘာမှ[illegible] မတတ်နိုင်တော့။ နှင်းဆီနီက[illegible] အပိုင်စီးနဲ့ ဖိပြောနေပြီ။ နှင်း[illegible] ဆီနီရဲ့ ကျွန်းပြန်အဖေကြီး မ[illegible] တော့တဲ့နောက်ပိုင်း နှင်းဆီ[illegible] ရဲ့ရှေ့က မားမားမတ်မတ်[illegible] နေပေးမယ်ဆိုတဲ့ ရည်ရွယ်[illegible] ချက်နဲ့ နှင်းဆီနီရှေ့မှော[illegible] ရောက်လာခဲ့တာ။ ရာဇ[illegible] အရှိန်အဝါတွေကို ဌာနမှာ[illegible] ထားခဲ့ပြီး ငယ်ဘဝသံယော[illegible] ဇဉ်ကလေးတွေကို အခြေ[illegible] တည်၊ ချစ်ခြင်းမေတ္တာနဲ့[illegible] အတူတကွ ဘဝကို ဆက်[illegible] လက်မောင်းနှင်ကြမယ်ဆို[illegible] မယ့်လည်း…။ ■

[illegible]လိုထား[illegible]



www.burmeseclassic.com

www.burmeseclassic.com



# သေရာပါအစွဲကြောင့် ဝေဒနာသည်းရခြင်း

ကျွန်တော် ဟာသလေးတစ်ခု ဖတ်ဖူးပါတယ်။ သူ့အမေသေလို့ ဘုန်းကြီးကျောင်း လာငိုနေတဲ့ ဒကာကြီးတစ်ယောက်ကို ဘုန်းကြီးက တရားချတယ်။ လူဆိုတာ သေမျိုးပဲ။ သင်္ခါရတရားကို ဘယ်သူမှ ရှောင်လို့မရပါဘူး ဘာညာပေါ့လေ။ အဲဒီလို ဘုန်းကြီးက တရားချတော့ ဒကာကြီးလည်း ဖြစ်ပျက်သဘောကို ဆင်ခြင်မိသွားဟန်တူပါရဲ့။ အငိုတိတ်သွားပါသတဲ့။ မကြာပါဘူး။ ဘုန်းကြီးမယ်တော် ကွယ်လွန်ပါရော။ ဒီတော့ တရားပြခဲ့တဲ့ ဘုန်းကြီး အလူးအလိမ့်ပေါ့၊ ငိုတ

ဒီတစ်ခါ တရားပြန်ပြရသူက ဒကာကြီး ဖြစ်သွားပြီ။ 'သ

ထားပါ ဘုရား၊ သင်္ခါရပါ ဘုရား၊ ဘယ်သူမှ ရှောင်မရတဲ့

ကြီးပါဘုရား' ဆိုပြီး ပြောနေတုန်း ဘုန်းကြီးက 'ဟေ့ ဒ

တော်တော့။ အဲဒါတွေ ငါ သိတယ်။ ဒီစကားတွေက ငါ့

တွေ။ ဟိုဟာက မင်းအမေ၊ ဒါက ငါ့အမေ မတူဘူးကွ၊

ဘူး သိလား အီးဟီးဟီး' ဆိုပြီး ဆက်ငိုသတဲ့။

ဒီဟာသက ကိုယ်နဲ့ ဆိုင်တယ်၊ ပိုင်တယ်လို့ ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အရာဝတ္ထုတွေနဲ့ ပတ်သက်လာရင် ဘယ်သူမဆို ခံစားချက်ပြင်းတတ်တယ်ဆိုတဲ့ သဘောကို ဖော်ပြနေတာပါ။ အရိယာသံဃာတော်တို့က လွဲရင် ပုထုဇဉ်မှန်သမျှ ဒီအစွဲကြီးက သေရာပါ၊ပါပဲ။

❑

ရန်ကုန်မှာရှိတဲ့ အစ်မကြီးက ကျွန်တော့်ဆီကို တစ်ပတ်တစ်ခါလောက် ဖုန်းဆက်တတ်ပါတယ်။ သူဆက်တိုင်း အောင်ဝင်းအကြောင်း ပါတယ်။ 'နှင့်ညီကတော့ဟော့ မပြောချင်ဘူး' အစချီပြီး အောင်ဝင်းအကြောင်း စီကာပတ်ကုံး ပြောတော့တာပဲ။ အောင်ဝင်းက ကျွန်တော်တို့ညီအစ်ကို မောင်နှမ ၇ ယောက်မှာ အငယ်ဆုံးပါ။ အငယ်ဆုံးမို့ မိဘနှစ်ပါး ကွယ်လွန်ချိန် အမွေခွဲကြတော့ သူက လေးပင် နှစ်ဆောင်ပြိုင်အိမ်နဲ့ တခြား အတွင်းပစ္စည်းတချို့ အမွေရခဲ့ပါတယ်။ ဒီကောင်က အစိုလိုလို အခြောက်လိုလိုမို့ ကျွန်တော်တို့လို အိမ်ထောင် မရှိပါဘူး။ တစ်ယောက်တည်း သူဌေးဖြစ်နေသူပေါ့။ နဂိုကတည်းက စုတတ်ဆောင်းတတ်တော့ ကျွန်တော်တို့ရဲ့ အမွေတွေလည်း နောက်ဆုံး သူ့ဆီပဲ ရောက်ကုန်တာပါပဲ။ ကိုယ်က မပြေလည်သူကိုး။ မိဘလည်းမရှိ၊ အမွေလည်း ကုန်ပြီမို့ ကျွန်တော်လည်း ရွာမပြန်ဖြစ်တာ အတော်ကြာပါပြီ။ အဲ အစ်မကြီးကကျတော့ ကျွန်တော့်လို မဟုတ်ဘူး။ သူအမွေရတဲ့ လယ်လေးယာလေးတွေကို အောင်ဝင်းဆီမှာ အပ်ထားတယ်။ သုံးစုတစ်စုလား။ တစ်ယောက်တစ်ဝက်လားတော့ မပြောတတ်ဘူး။ ဒီတော့ အစ်မကြီးက ရွာနဲ့ အဆက်မပြတ်ဘူးပေါ့။ ဒီလို အဆက်မပြတ်နေတဲ့အတွက်ကြောင့်ပဲ သူ့မှာ သောကပွားစရာတွေ တွေ့နေရရှာတယ်။

အောင်ဝင်းက ပိုင်တဲ့ လယ်ယာတွေများတော့ တစ်ယောက်တည်း မနိုင်တော့ဘူး။ ဒါကြောင့် စာရင်းငှားရတယ်။ သူငှားတဲ့ကောင်လေးက ဖြူဖြူသန့်သန့်လို့ ပြောတယ်။ ရွာထဲကပါပဲ။ ဒါကြောင့် အောင်ဝင်းက ဒီကောင်လေးကို တိတ်တခိုး သဘောကျသလားတော့ မပြောတတ်ဘူး။ ကောင်လေးကို လိုတာထက် ပိုပံ့ပိုးပေးတယ်ဆိုပဲ။ ကြာတော့ ကောင်လေးက အရှင်သခင်ဖြစ်လာပြီး အောင်ဝင်းက သူ့အခိုင်းအစေဖြစ်သွားတယ်တဲ့။ ကျွန်တော် ရွာကို တစ်ခေါက်ရောက်တော့ မောင်နှမတွေက ဒီအတိုင်း ဝိုင်းပြောကြတယ်။ 'နှင့်ညီတော့ နွံနစ်နေပြီ။ ဘယ်သူပြောပြော မရတော့ဘူး' တဲ့။ ကျွန်တော် ဒီအကြောင်းမေးတော့ ညီက ငြင်းတယ်။ 'မင်း ဘေးစကားတွေ မယုံနဲ့။ ငါက စီးပွားရေးသမား၊ ငါ့အတွက် မပြတ်ဘဲနဲ့ ဒီလိုကောင်ကို အလကား အခွင့်အရေးပေးပါ့မလား။ ဘေးလူတွေက ငါ့ကို မနာလိုလို့ ပြောနေတာ' တဲ့။ ကိုယ့်အတွက် ဘာအမြတ်မှ မရနိုင်တဲ့ အရှုပ်ထုပ်ကြီးမှာ ဝင်မပါချင်လို့ ကိုယ် စားသောက်ကောင်းအောင်ပဲ အဆင်ပြေအောင်ပြောပြီး ပြန်ခဲ့တယ်။ နောက်ထပ်လည်း မရောက်တော့ပါဘူး။ ကျွန်တော်က ကိုယ့်အသိနဲ့ ကိုယ် ဒီဇာတ်လမ်းဖြတ်နိုင်ခဲ့ပေမဲ့ အစ်မကြီးက ဖြတ်နိုင်ပုံ မပေါ်ဘူး။ သူက ရွာနဲ့လည်း အဆက်အသွယ်က ရှိနေတာကိုး။ မတွေ့ချင် မြင်လျက်သားအခြေအနေကြောင့် မခံစားနိုင်တာလည်း ပါမယ်။ လူပျိုကြီး အောင်ဝင်းများ မတော်တဆ သေသွားရင် ကျန်ခဲ့တဲ့ အမွေလေးတွေကို ဒီစာရင်းငှားမိသားစုက ပိုင်သွားမှာကိုလည်း စိုးရိမ်ဟန်တူပါရဲ့။ သူ ဖုန်းဆက်တိုင်း အောင်ဝင်းအကြောင်း ပါတယ်။

'နှင့်ညီက တို့တွေကိုသာ နိုင်ထက်စီးနင်းပြောတာ။ သူ့ကောင်နဲ့တွေ့ရင် ပျော့လို့။ ဟိုကောင်က ဘာလိုချင်တယ်ဆိုရင် ချက်ချင်းဝယ်ပေးတာ။ ငါ့မှာဖြင့် ကိုယ့်ပစ္စည်း ဝေစုတောင်းတာတောင် ချော့တောင်းနေရတယ်။ ဖြစ်ပုံ၊ ဖြစ်ပုံ'

ဒီအကြောင်းပြောတိုင်း ကျွန်တော် ရယ်မိတယ်။ 'အစ်မရေ နင်လည်း အသက်ကြီးပြီ။ စိတ်လျှော့၊ စိတ်လျှော့။ သူပိုင်တဲ့ ပစ္စည်း ဘယ်သူ့ပေးပေးပေါ့။ ကိုယ်နဲ့ မဆိုင်တော့ဘူးလေ' လို့ ပြောရတယ်။ တကယ်လည်း ကျွန်တော့်စိတ်ထဲမှာ အောင်ဝင်းပစ္စည်းနဲ့ ပတ်သက်လို့ တစ်ခါမှ အာရုံ မရှိခဲ့ဘူး။ သူဘာသာ ဘယ်သူ့ပေးပေးလို့ပဲ စိတ်ထဲ အမြဲ အောက်မေ့ခဲ့တယ်။ ဆွေပြမျိုးပြအနေနဲ့ တစ်ခါပဲ သွားဖူးတဲ့ ကျွန်တော့်သား(သူ့တူ)တွေကိုတောင် ရွာမှာ လူချမ်းသာစာရင်းဝင်တယ်ဆိုတဲ့ အောင်ဝင်းက မုန့်ဖိုးပေးတာ တစ်ယောက် တစ်ထောင်တဲ့လေ။ 'ဒါတောင် မနည်းတောင်းခဲ့ရတာပါ အဖေရာ' တဲ့။ သားကြီးက ပြန်ပြောတယ်။ ဒီလောက် ကပ်စေးနဲတဲ့ကောင်ဆီက နောက်ထပ် ဘာရစရာရှိမှာလဲဆိုတဲ့ အသိနဲ့ ကျွန်တော် လမ်းစဖြတ်ထားတာ ကြာပါပြီ။ တစ်ဖက်ကလည်း အသက် ၆၀ ကျော်တာတောင် တရားစကားတွင်တွင်ပြောပြီး တရားအသိ မကိန်းနိုင်သေးဘဲ ကိုယ်နဲ့ဆိုင်တယ်ထင်ပြီး မောင်ဖြစ်သူရဲ့ ပစ္စည်းတွေအပေါ် ခုထိ ဥပါဒ်နေသေးတဲ့ အစ်မကြီးကို ရယ်လည်းရယ်ချင်သလို သနားလည်း သနားမိပါရဲ့။ သြော် ဒုက္ခ၊ ဒါ သခါရတွေလေ အစ်မကြီးရဲ့။

❑

ဒီနှစ် ဆောင်းနှောင်းမှာ ကျွန်တော် အိမ်ကို ပြင်ဆောက်ဖြစ်ခဲ့တယ်။ နေမရအောင် မဟုတ်ပေမဲ့ အိမ်က လူ မြင်လို့ မတင့်တယ်တော့ဘူးလေ။ ဒါကြောင့် ပြင်ဆောက်လိုက်တာပါ။ ပိုက်ဆံ မရှိဘဲ ဆောက်တာမို့ အကြွေးကတော့ ကျွန်တော် မကိုင်ဖူးတဲ့ ပမာဏကို တင်ပါတယ်။

'တင်လည်း ခဏပေါ့။ ရန်ကုန်က အဖေတို့ တိုက်ခန်းရောင်းထွက်ရင် အကြွေးတွေ ကျေသွားမှာပါ'

အကြွေးကြောက်တဲ့ ကျွန်တော့်ကို ဇနီးသည် အားပေးတယ်။

'မင်းအဖေ တိုက်ခန်း

www.burmeseclassic.com

www.burmeseclassic.com

က ရောင်းနေတာကြာလှပြီ။ တစ်ခါမှ မတည့်ဘဲနဲ့များ'

အမှန်လည်း သူတို့ ရောင်းဖို့ လေသံပစ်နေတာ သုံးနှစ်လောက်ရှိပြီလေ။ တစ်ခါမှ တည့်သံမကြားပါဘူး။

'အရင်က သူဌေး ဈေးရောင်းလုပ်နေလို့ပါ။ အခု ကျွန်မတို့ ငွေ တကယ်လိုပြီဆိုတာ အဖေတို့ သိရင် တည့်အောင်ရောင်းတော့မှာ'

ဇနီးသည်က အပိုင်ပေါက် လေသံနဲ့ ပြောတယ်။ ကိုယ်က အကြွေးတင်နေတာမို့ သူတို့ရဲ့ တိုက်ခန်းရောင်းထွက်ပါစေလို့ ဆုတောင်းမိတာတော့ အမှန်ပဲဗျ။ တက်နေတဲ့အတိုးကြောင့် ကိုယ်က ညညဆို အိပ်မပျော်တာ ကြာပြီလေ။ တခြားက ရစရာလည်း မရှိဘဲကိုး။ ဒီအိမ်လေးဆောက်မယ်ဆိုတော့ ပိုက်ဆံက မရှိလို့ လင်မယားနှစ်ယောက် ငွေစုငွေချေးလေးတင်ပြီး ရတဲ့ငွေ ၈ သိန်းနဲ့ ဆောက်ရတာ။

ရယ်စရာတော့ အကောင်းသား။ သိန်း ငါးဆယ်လောက်ကုန်မယ်လို့ လက်သမားက တွက်ထားတာကို ပေးနိုင်တာက ၈ သိန်းလေ။ အမြင်မတော် ဆင်တော်နဲ့ ခလောက်ကိန်းပါ။ ဘာပဲဖြစ်ဖြစ် ငွေအချေးအငှား မလုပ်ဖူးတဲ့ ကျွန်တော်က သူငယ်ချင်းတွေဆီကို 'ယောက္ခမတိုက်ခန်းရောင်းရရင် ပြန်ဆပ်မှာ'ဆိုတဲ့ မက်လုံးနဲ့ ငွေချေးတော့ အားလုံးက ယုံယုံကြည်ကြည်နဲ့ ချေးကြသဗျ။ ဒါကြောင့် မထင်နောက်ဘဲ အိမ်က နှစ်လနီးပါးနဲ့ အပေါ်ထပ်ပြီးသွားတယ်။ မသိတဲ့သူတွေကတော့ အထင်တွေကြီးလို့ပေါ့။ သူတို့က အထင်ကြီးနေချိန် ကျွန်တော့်မှာဖြင့် ညညဆို အိပ်မပျော်တော့ဘူး။ အကြွေးကို တွေးတွေးပြီးလေ။ ထွက်ပေါက်က ယောက္ခမမို့ ယောက္ခမတိုက်ခန်း မြန်မြန်ရောင်းထွက်ပါစေလို့ပဲ ဆုတောင်းနေရတယ်။ ဆုတောင်းပြည့်တယ် ထင်ပါရဲ့။ မတ်လကုန်ခါနီးမှာ သတင်းကြားရတယ်။ တိုက်ခန်း ရောင်းထွက်ပြီတဲ့။ ယောက္ခထီး သူ့သမီးကို 'မြန်မြန်လာခဲ့ပါ။ စီစဉ်စရာရှိတာတွေ စီစဉ်ရအောင်'တဲ့။ ကျွန်တော်တို့ မိသားစုမှာ ဝမ်းသာလိုက်တာ။ အကြွေးကျေတော့မယ်လေ။

ဧပြီလ ၉ ရက်မှ ကားလက်မှတ်ရတာကို ယောက္ခထီးက 'စောလာလို့မရဘူးလား'ဆိုပြီး လောနေသေးတာ။ အဲဒီကာလကတော့ ကျွန်တော်တို့အတွက် စိတ်ကူးယဉ်လို့ အကောင်းဆုံးပါပဲ။ အထူးသဖြင့် မိန်းမပေါ့။ 'သိန်းလေးရာကျော်ဆိုတော့ အဖေနဲ့အမေ စီးပွားရေးလုပ်ဦးတော့ ပိုသေးတယ်။ ကျွန်တာနဲ့ ကားဝယ်လို့ ရသေးတယ်'ဆိုပြီး စိတ်ကူးဖဲရိုက်နေရဲ့။ အိမ်ရှေ့လမ်းပေါ် သွားနေတဲ့ကားတွေကို ကြည့်ပြီး ဝယ်မယ့်ကားအမျိုးအစားတောင် ရွေးနေလိုက်သေး။ ကျွန်တော့်ကိုတောင် 'ရှင်ကလည်း ကားမောင်းလေး၊ ဘာလေး သင်ထားလေ'တဲ့။ ပိုင်စိုးပိုင်နင်းပြောသေးတယ်။ ကျွန်တော့်မှာ ချက်ချင်း ကညနကို ပြေးရတော့မလိုလို။ သူက ဒီလို စိတ်ကူးယဉ်နေပေမဲ့ ကျွန်တော်က သိပ်ပြီး စိတ်ကူး မယဉ်ရဲဘူး။ ယောက္ခထီးအခြေအနေကို သိလို့။ ယောက္ခထီးက စိတ်သိပ်မမှန်ချင်ဘူး။ ငွေမရှိရင် တစ်မျိုး၊ ငွေရှိရင် တစ်မျိုး။ ဒါကြောင့် သူတို့ စိတ်လွတ်ကိုယ်လွတ်ပျော်ပေမဲ့ ကျွန်တော် သိပ်မပျော်ရဲဘူး။ အကြွေးလေးပြန်ဆပ်နိုင်ရင် တော်ပါပြီလို့ပဲ အောက်မေ့မိတယ်။ ဇနီးကိုတော့ ရယ်စရာ ပြောမိတာပေါ့။ 'ငါ နဝရတ်လက်စွပ်လေး ဝတ်ချင်တယ်'လို့။ အံမယ် ဇနီးကလည်း အတည်ပေါက် ပြန်ပြောတယ်။ 'ရှင်ကလည်း မလောစမ်းပါနဲ့။ ရ,ရမှာပေါ့'တဲ့။ တကယ်တမ်းကျ ရန်ကုန်ရောက်ပြီး ၂ ရက်လောက်ပဲ ရှိသေးတယ်။ သမီးနဲ့ အဖေ ရန်ဖြစ်ကုန်ရော။ သမီးပြောသမျှ ငွေမာန်တက်ပြီး လက်မခံ၊ နောက်ဆုံး 'သားသမီးကို မယုံဘူးဟေ့'ဆိုပြီး ဟစ်ကြွေးတော့သတဲ့။ လိုက်သွားတဲ့ သားနှစ်ယောက်ခမျာလည်း သူတို့ အဘိုးဖြစ်သူရဲ့ ဟိန်းဟောက်ဆဲဆိုမှုကို နေ့တိုင်း ခံရတော့သတဲ့။ အငယ်လေးက ငယ်သေးလို့ ဘာမှ မသိသေးပေမဲ့ အလတ်ကောင် စွမ်းစွမ်းက သိနေပြီလေ။ ကျွန်တော့်ဆီ နေ့တိုင်း ဖုန်းဆက်ပြီး ပြန်လာခေါ်ဖို့ချည်း ပြောနေတော့ ကျွန်တော့်မှာလည်း သူ့ကို နှစ်သိမ့်ရင်း စိတ်တွေ ဆင်းရဲနေရတော့တာပေါ့။ သွားခေါ်ဖို့ဆိုတာကလည်း သင်္ကြန်တွင်းကြီးလေ။ တိုတိုပြောရရင် သူတို့သားအမိ မျက်နှာငယ်စွာနဲ့ပဲ ပြန်လာကြတော့တယ်။ ကျွန်တော်တို့ရဲ့ စိတ်ကူးအိပ်မက်တွေကတော့ ပျက်သွားတာပေါ့။ 'အေးလေ၊ သူ့ငွေကို သူ ဘာပဲလုပ်လုပ်ပေါ့ကွာ'လို့ ခန္တီစ မနိုင်၍ သည်းခံရခြင်းသည်လည်းကောင်း လုပ်လိုက်ရပေမဲ့ ကျွန်တော့်စိတ်ထဲမှာတော့ ယောက္ခထီးရဲ့ အပြုအမူကို မကျေနပ်ဘူး။ ခေါ်တုန်းက ခေါ်ပြီး ရန်ဖြစ်လွှတ်လိုက်တာကတော့ အတော်ရိုင်းတယ်လေ။ မိန်းမကတော့ သူ့အဖေကိုး။ ဘာမှ သိပ်မပြောဘူး။ 'နေပါစေတော့၊ ငရဲကြီးပါတယ်'လို့ပဲ စကားနည်းရန်စဲ ပြောတယ်။ ကျွန်တော်လည်း သူ့ကို သနားတာနဲ့ ဆက်မပြောတော့ပါဘူး။ စွမ်းစွမ်းကတော့ 'တော်ပါပြီအဖေရာ။ သားမှာ အဘိုးဆိုတာ မရှိတော့ဘူး'တဲ့။ 'သူ့ငွေလေး ကုန်တဲ့အခါကျရင် လာပါလိမ့်မယ်၊ ငါ့မြေးလေး စွမ်းစွမ်း' ဆိုပြီး ပြောလိုက်သေးတယ်။ မျက်နှာကလည်း မဲ့ရွဲ့လို့။

ဒီလိုနဲ့ အကြွေးကိစ္စဘယ်လိုလုပ်ရပါ့ဆိုပြီး ပွားလက်စသောက ဆက်ပွားနေတုန်းမှာ သတင်းတစ်ခုက ဝင်လာတယ်။ ယောက္ခထီးက သူ့ညီနဲ့ ရှေ့ဆက်ပြီး ဘာလုပ်ရမလဲ တိုင်ပင်တယ်တဲ့။ သူ့မှာတော့ ငွေရှိတယ်ပေါ့။ အတိုးအပွားရမယ့်ကိစ္စဆို သူလုပ်ချင်တယ်တဲ့။ ဒီသတင်းကြားတော့ မိန်းမတင် မကဘူး ကျွန်တော်ပါ ဒေါကန်သွားတယ်။

သူ့ညီဆိုတာ ကျွန်တော့်


www.burmeseclassic.com

www.burmeseclassic.com

တို့နဲ့ တစ်မြို့တည်း နေသူပါ။ နှုတ်ချိုပြီး လက်တိုသူပေါ့။ ယူပက်ခန့်ရပဲ ရှိပြီး ပေးဖို့ဆိုတာ စိတ်မဝင်စားတဲ့သူပါ။ ချေးတော လ,သာပြီး သူ့ဘာသာ သူငွေးလိုလို အသံလွှင့်နေပေမဲ့ အိမ်နီးချင်းအားလုံးကတော့ သူနဲ့ပတ်သက်ရင် နှာခေါင်းရှုံ့ကြပါတယ်။ ကျွန်တော်က သူ့နောက်တော်တော်ကြာမှ အိမ်ထောင်ကျပါတယ်။ သူ့ဆီက ဘာအကူအညီမှ မရခဲ့ဖူးပါဘူး။ ကျွန်တော်တို့ကပဲ သူ့ကို ကူညီပြီး ငွေချေးပေးရတာပါ။ ဒါတောင် အချိန်တန် မပေးလို့ သွားတောင်းတဲ့ သူ့တူမ၊ ကျွန်တော့်ဇနီးကို 'သူက ငွေလိုရင် ဒီလိုပဲ လာယူနေကျကွ'လို့ မင်္ဂလာယူပြီး ပြောတာကို ဇနီးသည်က နောက်မှ သိတော့ ဘာခံမလဲ။ ရန်သွားတွေ့တာပေါ့။ ဒီတော့လည်း သူက ရှူးသလို၊ ပေါသလိုနဲ့ 'ငါက ရယ်စရာပြောတာပါဟာ' ဘာညာနဲ့ လျှော့ချတယ်။ သူများဆီက ရမယ်ဆိုရင် ဘနဖူး သိုက်တူးမယ့်လူမျိုးပေါ့။ ဒါကို သူ့အစ်ကိုက မသိဘူး မဟုတ်ဘူး။ သိတယ်။ ဒါပေမဲ့ သူကလည်း ညီအစ်ကိုချင်း တစ်စားတည်းပဲ။ ဘယ်လို ချမ်းသာချမ်းသာ၊ ချမ်းသာဖို့ လိုရင်းဆိုတဲ့ ပုဂ္ဂိုလ်လေ။ ခုကျွန်တော်တို့နဲ့ သူ့ညီနဲ့ မပြေလည်ဘူးဆိုတာလည်း သိတယ်။ သိလို့လည်း တမင်လုပ်လိုက်တာပေါ့။ အိမ်ရောင်းရကြောင်းကို ကျွန်တော်တို့က တစ်မြို့တည်းနေပြီး ဘာမှ မပြောမိပေမဲ့ ယောက္ခထီးက သူ့ညီကို လှမ်းပြောထားပုံ ရတယ်။ ကျွန်တော်တို့ မယုံရကြောင်းကို သူ့ညီကလည်း တို့,ထားပုံ ရတယ်။

'ကျွန်မကတော့ ဒီကိစ္စကို လုံးဝကန့်ကွက်တယ်။ အမေ့ကိုလည်း လှမ်းပြောထားတယ်'

ဇနီးက ပြောသည်။

'ရှိတဲ့ပိုက်ဆံကို ရေထဲပစ်ချလိုက်တာကမှ 'ပလုံ' ခနဲ မြည်ဦးမယ်။ မင့် ဦးလေးနဲ့သာ စီးပွားစပ်တူလုပ်လို့ကတော့ ဘာသံမှ မကြားရဘဲကို ငွေပျောက်သွားမှာ။ ဒါမင်းအဖေ တို့ကို သက်သက်ရွဲ့တာကွ ဟင်း'

ပြောရင်း ဒေါသထွက်လာတယ်။ စဉ်းစားကြည့်လေ။ ရှင်းရှင်းပြောရရင် ဒီဟာတွေက ယောက္ခမသေရင် ကျွန်တော်တို့ရမယ့် အမွေတွေမဟုတ်လား။ ခုတော့ ဘာမှ မဆိုင်တဲ့ သူတွေလက်ထဲရောက်တော့မယ်လေ။ ဒီအတွေးဝင်လာတော့ ညည ကျွန်တော် အိပ်မပျော်တော့ပါ။ တွေးတိုင်း ဒေါသတွေထွက်နေမိတယ်။ တစ်ဆက်တည်း ကိုယ့်အမေသေတော့ ဖြေမဆည်နိုင်ဖြစ်နေတဲ့ ဘုန်းကြီးပုံပြင်လေးကိုလည်း ပြန်သတိရလာမိတယ်။ အောင်ဝင်းအတွက် သောက ပွေနေတဲ့ အစ်မကြီးမျက်နှာကိုလည်း ပြန်မြင်လာတယ်။ အင်း ခုချိန်များ တစ်ယောက်ယောက်က 'ဒါတွေဟာ သင်္ခါရတွေပါ။ မျှော်လင့်မနေပါနဲ့ ဘာညာ'လာပြီး တရားဟောရင် အဲဒီဟောတဲ့ သူ့ရဲ့ခေါင်းကို နီးရာနဲ့ ကောက်ရိုက်မိမှာ အမှန်ပဲဗျ။ ဒါက ကျွန်တော်ရမယ့် အမွေတွေလေ။ ဟုတ်ဘူးလားလို့ ဟင်းနော်။ ပြောရင်း ဒေါသထွက်လာပြီ။

■

ခန့်ကျော်ထင်လှိုင်၊လှိုင်တော်






www.burmeseclassic.com

www.burmeseclassic.com



နေလုံးသည်
ညောင်းညာပြီ ထင်၏။
အနောက်ဘက်ရှိ
တောင်တန်းများအပေါ်၌
မေးတင်လျက်ရှိနေလေပြီ။
မြေပုံမှိုမှိုကလေးကို
တယုတယပြုလုပ်နေသူ
အသက်ခုနစ်ဆယ်ခန့်
အတိုးအိုတစ်ယောက်
နှင့်အတူ ဗုဒ္ဓ၏
သားတော်တစ်ပါးသာ
ဤနေရာလေး၌
ရှိနေလေသည်။
ဤနေရာလေးသည်
အေးချမ်းသာယာ၍
သူတော်စင်
သူတော်မြတ်တို့သာ
တရားနှင့်
နှလုံးမွေ့လျော်ဖွယ်ရာ
နေရာကလေးတစ်ခု
ဖြစ်ခဲ့သည်။

'ဒကာကြီး…
နေတောင်
အတော်စောင်းသွားပြီ။
လုပ်စရာရှိတာ
ကိစ္စပြီးအောင်
လုပ်တော့လေ'
'တင်ပါ့ဘုရား…
ပြီးတော့မှာပါ
ဦးဇင်းလေးရယ်'
ဗုဒ္ဓသားတော်
ဦးပဉ္ဇင်းလေးက
သတိပေးလိုက်တော့မှ
မြေပုံမှိုမှိုကလေးပေါ်သို့
ဆူးခက်များကို
ပတ်ဝန်းကျင်အနီးမှ
လိုက်ခုတ်ကာဖုံး
ဖိနေသည်။
❑
'အနိစ္စ…ဒုက္ခ…
အနတ္တလို့
ဘုရားက ဟောခဲ့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဒကာကြီးလည်း အသက်ကြီးခါမှ ကိုယ့်ဒုက္ခ ကိုယ်ရှာတာပဲ။ သံယောဇဉ်ဆိုတာ တကယ်တော့ မီးပဲ'

ကပ္ပိယကြီးက ဝန်ခံသည့်အလား ဦးပဉ္ဇင်းလေးကို ပြန်လျှောက်တင်ခြင်း မပြုတော့။

တောရကျောင်းကလေးသည် ယခုတော့လည်း မူလနေရာမှန်သို့ ပြန်လည်ရောက်ရှိသွားသည့်အလား တိတ်ဆိတ်အေးချမ်းငြိမ်သက်လျက်ရှိနေပြန်တော့သည်။ သည်တောရကျောင်းကလေးသည် ရွာနှင့်သုံး,လေးမိုင်ဝေး၍ ချောက်တောအတွင်းရှိနေ၍ ချောက်တော တောရကျောင်းဟုပင် သမုတ်ခဲ့ကြသည်။

ကျောင်းပတ်ဝန်းကျင်တွင် သရက်၊ ဩဇာ၊ မာလကာတို့အပြင် ကျောင်းအနီးမှ ရစ်ခွေပတ်ကွေ့ စီးဆင်းသွားသော စမ်းချောင်းကလေးတစ်ချောင်းလည်း ရှိနေပေသည်။ စမ်းချောင်းကလေးက အေးမြသကဲ့သို့ သောက်ရေသုံးရေအတွက် အတောင်အစိတ်မျှနက်သော ရေတွင်းကလေးက ကျောင်း၏သာယာပုံကို ထပ်ဆင့်ဂုဏ်ပြုနေသယောင်ပင်။ တစ်ဖန်ရေတွင်းနှင့်မလှမ်းမကမ်းရှိနေသော နှစ်ရှည်ညောင်ပင်အိုကြီးကလည်း တောရကျောင်းကလေး၏ မြင်ကွင်းကို ပိုမိုလှပသာယာအောင် ဖန်တီးပေးနေပြန်သည်။

လူသူကင်းဝေးရာမို့ သူတော်စင်တို့အတွက် တရားနှင့် မွေ့လျော်ဖွယ်ကောင်းသော နေရာကလေး ဧကန်ပင်ဖြစ်

> ဗုဒ္ဓ၏
> သားတော်ဝီဝီ
> တရားသဘော
> ကိုသာ
> နှလုံးသွင်းနေမိသည်
> 'ဘယ်နေ့
> ဘယ်ခါ
> ဘယ်နေရာ
> ဆိုတာ
> မသိ
> တတ်နိုင်ပါလား'
> သေခြင်းတရားကို
> လွတ်မြောက်
> ရာသည်
> နိဗ္ဗာန်ပင်
> ဖြစ်ချေသည်
> ငိုကြွေးသံတို့က
> ဆူဝေ
> လျှံပွက်နေသည်

သည်။ ထို့ကြောင့်လည်း သည်ချောက်တော တောရကျောင်းကလေးကို ဦးပဉ္ဇင်းလေး ရှင်အဂ္ဂဓမ္မ ရွေးချယ်ခဲ့ခြင်းဖြစ်ပေသည်။ သံယောဇဉ်မီးများကို ငြိမ်းသတ်ရန်အတွက် ဤတောရကျောင်းကလေးကို ရွေးချယ်ခဲ့သော်လည်း…။

ငြိမ်းသတ်နိုင်၊ မငြိမ်းသတ်နိုင်သည်ကိုမူ ဦးပဉ္ဇင်းလေးကိုယ်တိုင်သာ အသိဆုံးဖြစ်ပေလိမ့်မည်။

အစကမူ 'တစ်ယောက်တည်းနေ၊ တစ်စိတ်တည်းထားကာ၊ သံသရာကို အမြစ်ဖြတ်၍ နိဗ္ဗာန်သို့ ရည်စူးလိုသော တရားသဘောဆန္ဒဖြင့် တစ်ပါးတည်း စတင်သီတင်းသုံးခဲ့ခြင်းဖြစ်သည်။

ဘဝကံကြမ္မာမျက်လှည့်၏ ဆန်းကြယ်ပုံကလည်း ဤတောရကျောင်းကလေးသို့ ရောက်လာဖို့ ဖန်လာစေခြင်းဆိုလျှင်လည်း မမှားပေ။ ဦးပဉ္ဇင်းလေး၏ ဘဝဇီဇပါရမီကြောင့်ထင်သည် သက်နိုးဝတ် ရှင်သာမဏေဘဝကပင် ပျော်မွေ့ခဲ့သည်။ သူ့မိဘများက ကျေးလက်တောရွာကလေးတစ်ခုမှ တောင်သူများသာဖြစ်ကြသည်။ မိဘကလယ်ထဲ၌ မိုးရွာ၊ နေပူမရှောင် ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်ခဲ့ရသူများဖြစ်သောကြောင့် သားကိုမူ ပညာတတ်ကြီးဘဝနှင့် ပန်ကာအောက်၌ အလုပ်လုပ်စေလိုပေသည်။ ထို့ကြောင့် ပညာရေးကို သားဦးပဉ္ဇင်းအား အားပေးခဲ့သည်။ လူ့ဘောင်၌ ရှိနေစဉ်က ပညာတော်သော်လည်း လောကီနယ်၌ သူမပျော်ပိုက်ခဲ့။ သူ့မိဘများ၏ စီးပွားရေးအခြေအနေအရ ဦးပဉ္ဇင်းလေးကို ရှစ်တန်းအောင်သောနှစ်မှသာ သာသနာ့ဘောင်သို့ ကိုရင်ဝတ်ဖြင့် သက်နိုးဆီးပေးနိုင်ခဲ့သည်။ ကိုးတန်းနှစ်ကျောင်းဖွင့်သောအခါမှသာ ဦးပဉ္ဇင်းလေး လူဝတ်လဲခဲ့သည်။

'ငါ့သား အဖေ့လို နေပူစပ်ခါးထဲ ဆင်းဆင်းရဲရဲ မလုပ်ရအောင် ပညာတတ်ကြီး ဖြစ်အောင်သာ ကြိုးစားပါ။ အနည်းဆုံး ကျန်းမာရေးတက္ကသိုလ်တက်ပြီး ငါ့သားဆေးမှူးဖြစ်ရင် အဖေ သေပျော်ပါပြီကွာ'

လောကီနယ်၌ ကျန်းမာရေးမှူးလေး သားဖြစ်လျှင်ပင် ဘဝတွင် လူဖြစ်ရကျိုးနပ်လေပြီ၊ ထိပ်တန်းသို့ရောက်လေပြီဟု ထင်မှတ်ခဲ့သော အဖေ၏ဆန္ဒများသည် ဆယ်တန်း၌ နှစ်ဘာသာဂုဏ်ထူးဖြင့် ကျန်းမာရေးတက္ကသိုလ် အမှတ်မီသော ဦးပဉ္ဇင်းလေးသည် သာသနာ့ဘောင်သို့သာ မိဘတို့အား ခွင့်ပန်၍ဝင်ခဲ့သည်။ နွေကျောင်းပိတ်ရက်များ၌ ဖတ်ရှုရသော မဟာဂန္ဓာရုံဆရာတော်၊ မိုးကုတ်တရားစခန်း၊ ရှင်ဆန္ဒာဓိက၊ ဦးဇောတိက၊ မေတ္တာရှင်(ရွှေပြည်သာ)တို့၏ တရားစာပေများနှင့် အခြားသော နေလို လထင်ရှားသော ဆရာတော်ကြီးများ၏ တရားအဆီအနှစ်က သူ့ဘဝကို တစ်ဆစ်ချိုးကွေ့စေခဲ့သည်။ သာသနာ့ဘောင်သို့ ရှင်သာမဏေဘဝ ရဟန်းဘဝသို့ပင် မိဘနှစ်ပါးကို ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမ ခံစေကာ ကူးနိုင်ခဲ့သည်။ အငယ်၊ အလတ်၊ အကြီးမှပင် ဓမ္မာစရိယတိုင်အောင် သာသနာ့ဘောင်စာမေးပွဲ အောင်ခဲ့ချေပြီ။ ဥပဇ္ဈာယ်ဆရာတော်၏ ကျောင်းတိုက်မှာပင် စာချကိုယ်တော်အဖြစ် နှစ်ဝါဆိုခဲ့ချေပြီ။

ဆရာတော်ကြီး၏ ... အတိုင်း သီလလုံခြုံ... ဘုရားသားတော်ပီပီ ကျင့်ကြံ... အားထုတ်ခြင်း၊ စာချရာတွင် နာမည်ရခြင်းတို့ကြောင့် ကြည်ညိုဆည်းကပ်သူများ... လာသည်။ ဦးပဉ္ဇင်းလေး... ဥပဇ္ဈာယ်ဆရာတော်... ဦးပဉ္ဇင်းလေး၏ ...ပညာ



www.burmeseclassic.com

www.burmeseclassic.com

ထက်မြက်ပုံကိုသိ၍ သာသနာ့ဘောင်၌ ပိဋကတ်သုံးပုံအထိ၊ နိုင်ငံခြားသာသနာပြုအထိ မျှော်လင့်အားထားခဲ့ကြသည်။

ယခုအခါ မိဘနှစ်ပါးများလည်း သာသနာ့ဘောင်၌ ရောက်နေသော သားဦးပဉ္ဇင်း၏ ဘဝကို ကျေနပ်နှစ်သက်ပီတိဖြစ်ကြရသည်။

'ကောင်းပါတယ်… ဦးဇင်းလေး အခုလို သာသနာ့ဘောင်မှာ မွေ့လျော်တော့ လောကီဘောင်လို သံယောဇဉ်မီး မပွားရဘဲ၊ နိဗ္ဗာန်ရောက်ကြောင်း ပိုအားထုတ်နိုင်တာပေါ့။ အခု ပဲနှမ်းသိမ်းပြီးရင် ဒကာကြီး၊ ဒကာမကြီးတို့က သိမ်ထပ်ပါရစေ ဘုရား'

မိဘနှစ်ပါးက သား ဦးပဉ္ဇင်းကို ရိုသေစွာ ရှိခိုးလျှောက်ထားရင်း ခွင့်တောင်းသည့်အခါ ဦးပဉ္ဇင်းလေးက 'ဒကာကြီး၊ ဒကာမကြီးတို့ ကောင်းသလိုသာ စီစဉ်ပါ'ဟု မိန့်ခဲ့သည်။

ကြည့်စမ်းပါ။ မိဘကပင်လျှင် ရှိခိုးရသော ဗုဒ္ဓ၏ သားတော်ဘဝသည် မည်မျှ မြင့်မြတ်အေးချမ်းပါသနည်း။

❑

'ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ'ဟူသော တရားသဘောကို နှလုံးသွင်းရင်း သံယောဇဉ်မီးတို့ကို ငြိမ်းသတ်ရပေတော့မည်။

ဦးပဉ္ဇင်းလေးကို သိမ်ထပ်ရန်အတွက် မြို့သို့ပဲနှမ်းရောင်းအသွား ကားမှောက်၍ မိဘနှစ်ပါးလုံး ဆုံးပါးသွားခဲ့ရသည်။ လောကဓံအထုအထောင်းသည် ဗုဒ္ဓသားတော် ဦးပဉ္ဇင်းလေး၏ ခံနိုင်ရည်ကို စမ်းသပ်နေသကဲ့သို့ပင်။

ခမည်းတော်နှင့် မယ်တော်ကြီးတို့၏ ရုပ်ကလာပ်ကို ကောင်းမွန်စွာသင်္ဂြိုဟ်အပြီး သူ၏ ဥပဇ္ဈာယ်ဆရာတော်ကို ခွင့်ပန်၍ ပဋိပတ္တိအလုပ်ကို ဇောက်ချလုပ်လို၍ ဤတောရကျောင်းကလေးကို ရွေးချယ်ခဲ့သည်။

သည်ချောက်တောကျောင်းကလေး၏ အနီးအနားတွင် ရွာ၏တစ်ခုတည်းသော သင်္ချိုင်းရှိသောကြောင့် နာရေးကိစ္စရှိသည်မှတစ်ပါး လူသူအရောက်အပေါက်နည်းလှပေသည်။ ကျောင်းသခ်မ်းကလေးမှာ သုံးပင်မြေစိုက်၊ ထရံကာ ထန်းရွက်မိုးတဲကျောင်းဖြစ်သော်လည်း သပ်ရပ်လုံခြုံသန့်ရှင်းလှသည်။

တစ်ပါးတည်းနေ၍ နေ့၌ ပရိယတ္တိ၊ ညအခါ၌ ပဋိပတ္တိ ပွားများရင်းမွေ့လျော်စွာ သီတင်းသုံးခဲ့သည်။ 'တစ်ယောက်တည်းနေ၊ တစ်စိတ်တည်းထားရင်း'တရားနှင့် မွေ့လျော်နေခဲ့သည်။

ဦးပဉ္ဇင်းလေး သီတင်းသုံးရာကျောင်းသခ်မ်းအနီးရှိ သင်္ချိုင်းကလေးတွင် မိဘနှစ်ပါးလုံး၏အရိုးပြာတို့ကို တစ်ဂူတည်း ထည့်သွင်း၌ာပနာပြုထားသော အုတ်ဂူငယ်ကလေးလည်း ရှိနေသည်။ 'သုသာန်ဝတင်'ဆောက်တည်ရင်း ကွယ်လွန်သူမိဘနှစ်ပါးအားပြုသမျှကုသိုလ်တို့ကို သာ အမျှပေးဝေရင်း ဖြေသိမ့်ရတော့သည်။

ဪ… တကယ်တော့…

'ရှာလည်း မတွေ့၊ ကြာလည်း မမေ့၊ ငါလည်း တစ်နေ့'သာ ပါလား။

ဗုဒ္ဓသားတော်ပီပီ နှလုံးစိတ်ဝမ်းအေးချမ်းစေရန် ပရိဒေဝ သောကမီးတို့ ငြိမ်းစေရန် ဤသို့တရားနှလုံးသွင်းခြင်းကပင်လျှင် အကောင်းမွန်ဆုံးဖြစ်နေပေလိမ့်မည်။

ရွာထဲသို့ နံနက်အရုဏ်ဆွမ်းခံထွက်၍ ဆွမ်း၊ ကွမ်းကိစ္စကို ဤတစ်ကြိမ်တည်းဖြင့် ပြီးစေခဲ့ပြီး တရားဘာဝနာဝိပဿနာပွားများချိန်ရအောင် ပြုလုပ်ခဲ့သည်။ ရွာကလည်း ဦးပဉ္ဇင်းလေးကို ကြည်ညိုသဟ္ဗာယ်လှသည်မို့ လောင်းလှူကြသည်မှာ ပို၍လှုံ၍ပင်နေတော့သည်။

တစ်နေ့ ရွာထဲ ဆွမ်းခံကြွစဉ် အသက်ခုနစ်ဆယ်အရွယ် အဘိုးအိုတစ်ဦးကို တွေ့ခဲ့ရသည်။ သားထောက်သမီးခံမရှိသည့်အပြင် ကျန်းမာရေး မကောင်းသည်မို့ ဦးပဉ္ဇင်းလေးက မေတ္တာပွားကာ ဆေးဝါးကုသပေးခဲ့သည်။ နောက်ဆုံးတွင် ကျောင်းသို့ ဝတ်ကြီးဝတ်ငယ် ပြုစုရန်အတွက်ထက် ကပ္ပိယကြီးအား သံယောဇဉ်စိတ်ဖြင့် ကျောင်းအနီးမှာပင် မီးတင်းကုပ်ကလေးဆောက်ပေးကာ နေရေးထိုင်ရေး ပြုစုစောင့်ရှောက်ပေးနေခဲ့သည်။ ကပ္ပိယကြီး၏ အမည်မှာ ဦးပျော့ဖြစ်သည်။

ဦးပျော့ကလည်း အသက်သခင်ကျေးဇူးရှင် ဦးပဉ္ဇင်းလေးကို တတ်စွမ်းသမျှ ဝတ်ကြီးဝတ်ငယ် ပြုစုရှာသည်။ အရဏ်မတက်မီကပင် ရေနွေးတည်၊ ယာဂုတည်ကာ ကပ်သည်။ ကျောင်းသခ်မ်းပတ်ဝန်းကျင်ကလေး၌ စားပင်၊ သီးပင်၊ ပန်းပင်ကလေးများ စိုက်ပျိုးကာ သာယာလှပအေးငြိမ်းသောတောရကျောင်းကလေးဖြစ်အောင် ပြုလုပ်ရှာပါသည်။ ဦးပဉ္ဇင်းလေး မိဘနှစ်ပါး၏ အရိုး၌ာပနာဂူအနီးကိုလည်း သန့်ရှင်းပေးသည်။

'ကပ္ပိယကြီး…ကျန်တာတွေ လျှော့။ ကိုယ့်အတွက် ပါအောင်လုပ်။ တတ်နိုင်သမျှ တရားဘာဝနာ ကျင့်ကြံပါ။ ဦးဇင်းလေး အတွက် ဝန်မပိပါစေနဲ့'

နောက်ဆုံး ကပ္ပိယကြီး၏ လုပ်ဆောင်မှုကို ဦးပဉ္ဇင်းလေးကပင် ဟန့်တားယူရသည်။ ဦးပဉ္ဇင်းလေးကိုယ်တိုင်ကလည်း 'တရားရှာကိုယ်မှာတွေ့'ဆိုသည့်အတိုင်း ကိုယ်တွေ့တရားကို ရအောင်ရှာနေတော့သည်။

တစ်နေ့ ဦးပဉ္ဇင်းလေး ကပ္ပိယကြီးရှိရာ မီးတင်းကုပ်အနီး၌ ခွေးတစ်ကောင်ကို တွေ့ရ၍ ကပ္ပိယကြီးကို မေးရသည်။ ကပ္ပိယကြီး မွေးထားသည့်ခွေးဖြစ်ကြောင်း သိလိုက်ရ၍-

'ကပ္ပိယကြီး ဘယ်က ခွေးလဲ။ ဒုက္ခမရှာနဲ့၊ သံယောဇဉ် မရှာနဲ့၊ ပြန်ပို့လိုက်'ဟု မိန့်လိုက်သည်။

'မှန်လှပါ ဦးဇင်းလေး ဘုရား။ ဒီခွေးကို တပည့်တော် မွေးတာတော့ မဟုတ်ပါဘူး။ ဦးဇင်းလေး ဦးမွှရွာထဲ ဆွမ်းခံကြွစဉ် တပည့်တော် ဂူကိုသန့်ရှင်းရေးလုပ်နေတုန်း ရွာထဲက အရက်သမားပေါက်စတို့လူတစ်သိုက် သင်္ချိုင်းထဲမှာ ဒီခွေးကို သတ်မလို့၊ ခွေးသားပေါ်မလို့ လုပ်နေလို့ တပည့်တော် အရင်

www.burmeseclassic.com

ဖို း၊ အမြည်းဖိုးပေးပြီး အသက်ကယ်မိပါတယ် ဘုရား။ ခွေးကလည်း ရွာကို ပြန်သွားရင် သူ့အသက်သေမှာ သိလို့လား မသိပါဘူး ဘုရား။ တပည့်တော် မီးတင်းကုပ်ထဲက မခွာတော့ဘူး။ တပည့်တော်လည်း ဦးဇင်းလေး သိရင် ပြောမှာစိုးလို့ ရိုက်မောင်း ပုတ်မောင်းနှင်လွှတ်တာတောင် အသားအနာခံပြီး မသွားတော့…'

'တော်တော် ကပ္ပိယကြီး…။ ဒကာကြီးရယ် သံယောဇဉ်ဆိုတာ တကယ်တော့ မီးလို့ ဦးဇင်းလေး ခဏခဏ ပြောခဲ့ဖူးသားပဲ။ အင်းလေ၊ သံသရာမှာ ဘယ်လို တော်စပ်ပတ်သက်ခဲ့တာလဲ မသိလေတော့လည်း…'

ဦးပဥ္စင်းလေး ဦးအဂ္ဂဓမ္မတစ်ယောက် ဆက်လက် မမိန့်တော့ပေ။

❑

ကပ္ပိယကြီးက သူ့ခွေးကို 'ကံကောင်း'ဟု အမည်ပေးခဲ့သည်။ 'ဇီဝိတဒါန' တစ်ခုကို ပြုလုပ်ခဲ့ပြီဟု နှလုံးသွင်းရင်း ကံကောင်းကို သံယောဇဉ်ပွားနေတော့သည်။ ကံကောင်းကို မတွေ့သည်နှင့် ကပ္ပိယကြီးတစ်ယောက် နေမထိ၊ ထိုင်မသာ ဟိုရှာသည်ရှာပင် လုပ်နေတတ်သည်။

ထို့ကြောင့်လည်း ဦးပဥ္စင်းလေး ဦးအဂ္ဂဓမ္မ၏ အဆိုအငေါက်ကိုပင် ခံခဲ့ရသည်။

ဦးပဥ္စင်းလေးကျောင်းသို့လာ၍ ဟိုရှာ သည်ရှာ လုပ်နေသည်ကို ဦးပဥ္စင်းလေးက မေး၍ ကံကောင်းကိုရှာနေသည်ဟု လျှောက်မိ၍ အငေါက်အဆို ခံခဲ့ရခြင်းပင်။

'ဒကာကြီး… သံယောဇဉ်မီးတွေ တော်တော်မွှေးနေပါလား။ ဦးဇင်းလေး တရားအလုပ်ပျက်တယ်။ နောက် မကြုံချင်ဘူး'

ဦးပဥ္စင်းလေး ငေါက်မည်ဆိုလျှင် ငေါက်စရာပင်။ ကံကောင်း ရောက်လာမှ ကပ္ပိယကြီး တရားအားထုတ်ချိန် နည်းပါးသွားသည်မှာ အမှန်ဖြစ်သည်။ သို့တစေ ကပ္ပိယကြီးက အမှတ်မရှိပါချေ။ သူ့အတွက် ပါလာသော ဆွမ်းဟင်းကောင်းများမှ အသားကို ကံကောင်းအားကျွေး၍ သူက အရိုးကိုက်သည့်အထိ လူသားတစ်ဦးနှင့် တိရစ္ဆာန်တစ်ကောင်တို့ သံယောဇဉ်မီး ပျိုးခဲ့ကြသည်။

ကံကောင်းအသက်ကို ကပ္ပိယကြီးက ကယ်ခဲ့သကဲ့သို့ ကံကောင်းကလည်း ကပ္ပိယကြီး၏ အသက်ကို ကယ်ခဲ့သောဖြစ်ရပ်ကလေးတစ်ခု ဖြစ်ခဲ့ပါသည်။ ထုံးစံအတိုင်း နံနက်အရုဏ်တက်၊ ရေနွေးကြမ်းနှင့် ယာဂုကျိုဆက်ကပ်ရန်ကပ္ပိယကြီးထင်းပုံသို့ သွားခိုက်တွင် ကံကောင်းက ကပ္ပိယကြီး၏ ပုဆိုးစကို ဆွဲထားသည်။ ကပ္ပိယကြီးက ဟန့်သော်လည်း မရ။ ထိုသို့ လူသံခွေးသံကြား၍ ဦးပဥ္စင်းလေး ကပ္ပိယကြီးရှိရာ မီးတင်းကုပ်ထဲသို့ ကြွလာသည်။

'ကပ္ပိယကြီး တစ်ခုခု တော့ထူးတယ်။ ကံကောင်းကို မဟန့်နဲ့'

'တင်ပါ့ဘုရား'

ကပ္ပိယကြီးအဟန့်လွှတ်မှ ကံကောင်းက ထင်းပုံအနီးသို့ ကပ်သွားသည်နှင့် ပါးပျဉ်းထောင်ကာပေါက်မည်ဟန်ပြုနေသော လက်မောင်းလုံးခန့်လုံးပတ်နှင့် အရှည်လေးငါးတောင်ရှိသော မြွေဟောက်ကြီးကို ကံကောင်းက ရှောင်ရင်း ဇက်ပိုးကို အသေခဲကိုက်သတ်နိုင်ခဲ့သည်။

ထိုအဖြစ်အပျက်ကလေး ပြီးသည်မှစ၍ ကံကောင်းနှင့် ကပ္ပိယကြီးတို့၏ သံယောဇဉ်ကို ဦးပဥ္စင်းလေး မည်သို့မျှဝေဖန်ပြောဆိုခြင်း မပြုတော့ပေ။ တရားသဘောကိုသာ နှလုံးသွင်းရင်း နေပေတော့သည်။

'သံသရာမှာ ဆွေမျိုးမတော်စပ်ဖူးသူဟူ၍ မရှိတဲ့' သို့ဆိုပါလျှင်…။

ကပ္ပိယကြီး ကံကောင်းနှင့် ဦးပဥ္စင်းလေးတို့သည်လည်း သံသရာတစ်ခုခု၌…။

ဦးပဥ္စင်းလေး သီတင်းသုံးရာတောရကျောင်းကလေးသည် ယခင်က အေးချမ်းသာယာမှု၊ တိတ်ဆိတ်ငြိမ်သက်မှု၊ သဏ္ဍာရသတို့နှင့် ပြည့်ဝခဲ့သော်လည်း နောက်တစ်ပတ်လောက်တွင် ဆူညံသက်ဝင်လှုပ်ရှားပေတော့မည်။ ယခုပင်လျှင် ကျောင်းသခ်မ်းအနီး၌ ရထားလမ်းဖောက်လုပ်ရေးအတွက် ဆောက်လုပ်ရေးကုမ္ပဏီကြီး၏ ဆိုက်တစ်ခု ရောက်လာပေတော့မည်။ အဆောက်အအုံ၊ အလုပ်သမားတန်းလျားတို့ပင် ပြီးစီးနေပေပြီ။

'အင်း…တစ်ယောက်တည်းနေ၊ တစ်စိတ်တည်းထားပြီး ဒီကျောင်းလေးကို လာရောက်သီတင်းသုံးခါကျမှပဲ…'

ဦးပဥ္စင်းလေး တွေးရင်း ယခင်နေ့များကဲ့သို့ တရားကို ဖြောင့်ဖြောင့် အားမထုတ်နိုင်တော့။

❑

ယခင်အခါက လပြည့်ညများတွင်သာ အလင်းရောင်ဖြာခဲ့သော တောရကျောင်းသခ်မ်းကလေးသည် ယခုအခါ၌ ဆိုက်ဆီမှ အလင်းရောင်များကြောင့် လမိုက်ညများမှာပင် မြို့ကြီးတစ်မြို့ကဲ့သို့ ရှိနေပေသည်။

ယခင်အခါက လူသံ တိတ်ဆိတ်ငြိမ်သက်အေးချမ်း လှသော်လည်း ယခုအခါ ဆိုက်ဆီမှ လူသံ၊ စက် ယန္တရားသံ၊ ကားသံ၊ မီး စက်အင်ဂျင်သံတို့ဖြင့် ဆူညံ နေပေသည်။ ဆိုက်နှင့် ကျောင်းသခ်မ်းလေးသည် တစ်ခေါ်သာသာလောက်သာ ဝေးသည်မို့ ဦးပဥ္စင်းလေးအနေ သုသာန်ရှုတင်ဆောင်ခဲ့ရသည် က များသည်။ ဦးပဥ္စင်းလေး ကို ဆိုက်ဘက်မှ အရာရှိဖြ သူက ကြည်ညိုလှသော ကြောင့် ဆွမ်းခံစရာမလို လောက်အောင်ပင် ဆွမ်း ကွမ်း၊ လာဘ်လာဘ များပြား လာသည်။

ဦးပဥ္စင်းလေးကမူ တစ် ပါးစာ သင့်တင့်မျှတရုံမှတစ် ပါး လာလှူသမျှကို ကပ္ပိယ ကြီး၏ မီးတင်းကုပ်ဆီသို့ ပို့ စေသည်။ လာသမျှလှူ ပေးကမ်းစွန့်ကြသည်။ ဗုဒ္ဓ သားတော်ပီပီ လာဘ်လာဘ ၌ သာယာတပ်မက်မှု မရှိ အောင် ကျင့်ကြံ၏။ အရာရှိ ကြီး၏ လျှောက်ထားတောင်း ပန်မှုကြောင့် အုတ်ခုံ၊ ဖျာ ထောင်၊ သွပ်မိုးကျောင်း ကလေးကိုပါ အလှူခံလိုက် ၏။ အလှူရှင်၏ စေတနာ



www.burmeseclassic.com

www.burmeseclassic.com

ကို မပျက်စေလို၍ အလှူခံလိုက်ရသော်လည်း နဂိုမူလကျောင်းကလေးမှာပင် သီတင်းသုံးသည်။ မီးဆင်ပေးခြင်းမှသည် အပေါ်စက်အောက်စက်အထိပါ ဦးပဉ္ဇင်းလေးတရားခွေနာရန်အတွက် လှူဒါန်းလာပြန်သည်။

ဆိုက်ရောက်လာသည်မို့ ရွာဆီမှ ဈေးဆိုင်တန်းကလေးလည်း ဆိုက်အနီးပေါ်ပေါက်လာပြန်သည်။

ဦးပဉ္ဇင်းလေးအနေဖြင့် ဤတောရကျောင်းသင်္ခမ်းလေးအား ရှိရင်းစွဲသံယောဇဉ်၊ ကပ္ပိယကြီးအပေါ် ထားမိသောသံယောဇဉ်တို့ကြောင့် ခွာရန်ကြိုးစားသော်လည်း မအောင်မြင်ခဲ့ပေ။ ကပ္ပိယကြီးကမူ ယခုမှ ပို၍ပျော်ရွှင်နေသည်။ ဗုဒ္ဓဇဉ်လူသားပီပီ လူပေါင်းစုံနှင့် ထိတွေ့ဆက်ဆံရခြင်း၊ ဦးပဉ္ဇင်းလေးကြောင့် ကျောင်းမှာ လာဘ်လာဘပစ္စည်းတို့ အလျှံပယ်ရှိလာခြင်းတို့ကြောင့် ဖြစ်သည်။ မုန့်၊ ဖျော်ရည်၊ သစ်သီး၊ နိုင်ငံခြားဖြစ်ပစ္စည်းတို့ကလည်း ဦးပဉ္ဇင်းလေးဘုန်းကံကြောင့် အလျှံပယ်ပင်ဖြစ်လာသည်။

ဦးပဉ္ဇင်းလေးအဖို့ ထိုလာဘ်လာဘများကို သောယာ၊ မခုံမင်၊ မတပ်မက်သော်လည်း သံယောဇဉ်မီးပွားတစ်စကိုမူ တွေ့လိုက်ရသည်။ ထိုမီးပွားကလေးအား ဆိုက်ထဲမှ အရာရှိကြီး၏ သုံးနှစ်ကျော် လေးနှစ်ခန့်ရှိသည့် သမီးကလေးပင်ဖြစ်နေတော့သည်။ အရာရှိကြီးတို့ဇနီးမောင်နှံ ကျောင်းဦးပဉ္ဇင်းလေးရှိရာသို့ ဆွမ်းချိုင့်လာတပ်တိုင်း ပါလာလေ့ရှိသည်။

'ဘုန်းဘုန်း...ဘုန်းဘုန်း' ဟုခေါ်ကာ လက်အုပ်ချီကန်တော့၏။ သင်္ကန်းစကို ဆွဲရင်း တွတ်တီးတွတ်တာ ပြောတတ်၏။ ဩကာသကို မပီကလာ၊ ပီကလာရွတ်ဆိုရင်း 'ဘုန်းဘုန်း ဆုပေးဦးလေ' ဟု ပြောတတ်၏။

'တစ်ယောက်တည်းနေ၊ တစ်စိတ်တည်းထားမည်' ဟူသော ဦးပဉ္ဇင်းလေး၏ အဓိဋ္ဌာန်တို့သည် အားလျော့လာသယောင် ရှိလာသည်။

နေရာတစ်ခုသည် ပုံသေသတ်မှတ်မရသကဲ့သို့ ဘဝတစ်ခုသည်လည်း ပုံသေသတ်မှတ်၍ မရပါချေတကား။

သို့တစေ မူလရည်ရွယ်ချက်ကို မပျက်ပြားအောင်တော့ ထိန်းသိမ်းထား၏။ ရွာကလေးဆီသို့ အရုဏ်ဆွမ်းကို ခံသည်။ ဦးပဉ္ဇင်းလေး ရွာထဲဆွမ်းခံကြွလာစဉ် ကံကောင်းကလည်း လိုက်ပါလေ့ရှိသည်။ ရွာထဲရှိ ခွေးများကြောင့် ဦးပဉ္ဇင်းလေးမှာ ကံကောင်းကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရသည်။ ကပ္ပိယကြီးသိသွား၍ ဦးပဉ္ဇင်းလေးဆွမ်းခံကြွသော် မလိုက်နိုင်စေရန်အတွက် ကြိုးဖြင့်ချည်ထားသော်လည်း ကြိုးကိုဖြေမပေးမချင်း အော်ဟစ်ရုန်းကန်သံကြောင့် ဦးပဉ္ဇင်းလေးကိုယ်တိုင်က-

'နေပါစေ...မလုပ်ပါနဲ့တော့။ သူလိုက်ချင် လိုက်ပါစေ' ဟု ခွင့်ပြုရတော့သည်။

ကံကောင်းကလည်း ဦးပဉ္ဇင်းအပေါ်မှာရော ကပ္ပိယကြီးအပေါ်မှာရော တိရစ္ဆာန်ပင်ဖြစ်သော်လည်း သံယောဇဉ်ကြီးလှပေသည်။

သံယောဇဉ်ဟူသည် မီးဟု သိပင်သိသော်ငြားလည်း တကယ်တမ်း ထိုမီးကို ရှောင်ရန်ခက်လှပေသည်။

ယခုလည်း ကံကောင်းတစ်ကောင် သံယောဇဉ်ကူးစက်ပြန်လေပြီ။ ဦးပဉ္ဇင်းလေးရှိရာသို့ အရာရှိကြီးဇနီးမောင်နှံနှင့် သမီးလေးတို့နှင့်အတူ ချင်စုခေါ် တောင်ဆုပ်သာသာရှိသည့် နိုင်ငံခြားခွေးထီးပေါက်စကလေးအပေါ် ဖြစ်သည်။ ခွေးကလေးကို ကျီစယ်သည်။ မီးတင်းကုပ်ထဲမှ အစားအသောက်ကလေးများကို နှုတ်မှ ချီယူလာ၍ ချကျွေးတတ်သည်။ ချင်စုမွေးပွခွေးစုတ်ကလေးက အစက အကပ်မခံရန်လုပ်တတ်သော်လည်း ကြာလာသည်နှင့်အမျှ ပြန်လည်ရင်းနှီးမှုကို ပြလာသည်။

ဆိုက်ကလေး၏ သက်တမ်းပင် ငါးလကျော်တော့မည်မို့ သံယောဇဉ်ကိုင်းအခက်အနွယ်များသည် တစ်ခုနှင့်တစ်ခု ကူးသန်းယှက်ဖြာရင့်သန်ခိုင်မာလာကြတော့သည်။ လူသားနှင့်တိရစ္ဆာန်၊ လူသားနှင့် လူသားချင်း၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ချင်း စသည်ဖြင့် မျိုးတူသည်ဖြစ်စေ၊ မျိုးမတူသည်ဖြစ်စေ 'သံယောဇဉ်' သည် 'သံယောဇဉ်' သာဖြစ်ခဲ့ပါသည်။

❑

တစ်ခါကလည်း ဆိုက်ထဲက အလုပ်သမားတစ်ယောက် ဖျားနာသေဆုံးသွားသော နာရေးတစ်ခုသို့ ဦးပဉ္ဇင်းလေး ကြွလိုက်ရသေးသည်။

ကျောင်းသင်္ခမ်းအနီးမှ သင်္ချိုင်းမှာပင် အသုဘကိစ္စကို စီမံရတော့သည်။ ဗုဒ္ဓ၏ သားတော်ပီပီ တရားသဘောကိုသာ နှလုံးသွင်းနေမိသည်။

'ဘယ်နေ့၊ ဘယ်ခါ၊ ဘယ်နေရာ ဆိုတာ မသိတတ်နိုင်ပါလား'

သေခြင်းတရားကို လွတ်မြောက်ရာသည် နိဗ္ဗာန်ပင်ဖြစ်ချေသည်။ ငိုကြွေးသံတို့က ဆူဝေလျှံပွက်နေသည်။

သေသွားသည့် ဆိုက်ထဲက အလုပ်သမားလေးတွင် သားမယားရှိနေခဲ့သည်။ သုံးနှစ်ရွယ်သမီးနှင့်အတူ ကိုယ်ဝန်အရင့်မာနှင့်မို့ ကျန်ရစ်ခဲ့သူတို့ ဒုက္ခများရတော့မည်။ သောကပွားရတော့မည်လေ။

တကယ်တော့ သည်ဟာကလည်း သံယောဇဉ်၏ ပူလောင်မှု မီးတောက်များပင် မဟုတ်ပါလော။

မကြာခင် သည်ဆိုက်အဖွဲ့ပြောင်းပြီး နောက်ဆိုက်အဖွဲ့လာပြန်မည် ဆိုပါလား။

'မှန်လှပါ...အရှင်ဘုရား။ တပည့်တော်တို့နောက်တစ်လဆိုရင် နောက်ဒေသတစ်ခုက ဆိုက်ကိုပြောင်းရပါတော့မယ်'

'ဘုန်းဘုန်း မီးမီးတို့ပြောင်းရင် ဘုန်းဘုန်းလည်း လိုက်ခဲ့ရမှာနော်...'

ဦးပဉ္ဇင်းလေး၏ သင်္ကန်းစလေးကို ဆွဲကိုင်ရင်း ပြောလာသော စကားကြောင့် ဗုဒ္ဓသားတော်ပင်ဖြစ်သော်လည်း သတိတစ်ချက်လွတ် အမှတ်တစ်ချက်လွတ်သလိုဖြစ်သွားကာ ရင်ထဲ၌ ဟာတာတာဖြစ်သွားခဲ့ရသည်။

မမြဲသော အနိစ္စတရားအောက်တွင် လောက၌ မည်သည့်အရာမှ မမြဲပါလား။

www.burmeseclassic.com

တရားနှလုံးသွင်းရင်း 'အေးအေး ဘုန်းဘုန်းလိုက်မှာပေါ့' ဟု သာ ပြောလိုက်ရသည်။

နောက် များမကြာမီ မပြောင်းမီညတွင် မိုးများသည်း ထန်စွာရွာနေစဉ် မိုးထဲလေထဲ၌-

'ဦးဇင်းလေး ဦးဇင်း လေး တပည့်တော်ပါ ဘုရား' ဟူသောအသံကြောင့် ဆိုက်ထဲ မှ အရာရှိ၏ အသံမှန်းသိလိုက် ရသည်။

'မှန်လှပါ ညကြီး မင်း ကြီး အခုလို နှိုးရတာ ခွင့်လွှတ် ပါဘုရား။ တပည့်တော် ခွေး ကလေးပျောက်နေလို့ ဆိုက် ထဲမှာ လိုက်ရှာတာ ဘယ်မှာမှ မတွေ့ရလို့ အရှင်ဘုရား ကျောင်းဘက်များရှိမလားလို့ လာရှာရတာ ခွင့်လွှတ်တော် မူပါဘုရား'

နောက်ဆုံး၌ ကပ္ပိယ ကြီး မီးတင်းကုပ်အောက်၌ နှစ်ကောင်သားခွေခွေလေး အိပ်နေကြသော ကံကောင်းနှင့် ချင်စုခွေးမွေးစုတ်ကလေးကို တွေ့လိုက်ရမှသာ အရာရှိကြီး စိတ်အေးသွားဟန်တူသည်။ လူတွေလိုများ မနက်ဖြန် ပြောင်းရမည်ကို သိ၍ အလွမ်းသယ်နေသယောင်ပင် ဖြစ်နေတော့သည်။

'ကဲ…ကဲ… စိတ် အေးသွားပါပြီ။ ဒီခွေး ကလေးက တပည့်တော်သမီး လေးကို နိုင်ငံခြားက သူ့အမျိုး တွေဆီက မွေးနေ့လက်ဆောင် ပေးထားတဲ့ သမီးလေးရဲ့ အသည်းကျော်မို့ပါ ဘုရား။ တပည့်တော်တို့ အကဲပိုတာ မဟုတ်ပါဘူး ဘုရား'

ထိုညက ဦးပဥ္ဇင်းလေး လည်း တစ်ညလုံးလိုလိုပင် တရားရှုမှတ်နေခဲ့သည်။

❑

အရာထက်တက်သည်နှင့် ဆိုက်ပြောင်းဖို့ ပြင်ဆင်နေကြ ပြီ။ ကံကောင်းကလည်း ခွေး ကလေးအနားမှပင် မခွာတော့။ ဦးပဥ္ဇင်းလေးရော ကပ္ပိယကြီး ပါ ရှိနေကြသည်။

ဦးပဥ္ဇင်းလေးကို နှုတ် ဆက်ကန်တော့၍ ချင်စုခွေး ကလေးပါ ကားလေးပေါ်သို့ တင်လိုက်သည်။ တကယ် တမ်း ခွဲခွာကြရပြီဆိုတော့ လည်း မည်သူ့မျှ စိတ်မကောင်း ကြတော့ပေ။ ကားပေါ်သို့ ရောက်နေသော ချင်စုခွေး ကလေးကို ကံကောင်းက အောက်မှ ဟစ်အော်နှုတ်ဆက် နေသလို ကားပေါ်က ခွေး ကလေးကလည်း ကားတံခါး မှ အောက်ဆင်းရန်ပြင်သည်။ ထို့ကြောင့် ကားမှန်တံခါးကို ပိတ်လိုက်သည်မို့ သူတို့အဖို့ ကမ္ဘာခြားသွားလေပြီ။ ဆိုက် အလိုက်ပြောင်းသည်မို့ ရှေ့ ဆုံးအရာရှိကားနောက်တွင် ဆယ့်နှစ်ဘီးကား၊ ဘူဒိုဇာ၊ ယန္တရားကားတို့ဖြင့် စည်ဝေ နေသည်။

အရာရှိကား ထွက်သွား သည်နှင့် မထင်မှတ် မမျှော် လင့်ခဲ့သော ဖြစ်ရပ်တစ်ခုဖြစ် သွားခဲ့ပါချေ၏။

ကားလေးနောက် အမှတ်မထင်ပြေးလိုက်သွား သော ကံကောင်းကို နောက်မှ ဆယ့်နှစ်ဘီးကားက တိုက်မိ သွားခဲ့သည်။

အရာရာသည် လျင်မြန် စွာ ပြောင်းခဲ့လေပြီတကား။

အပူဆွေးဆုံးသူမှာ ကပ္ပိယကြီးဦးပျော့ပင်။ မျက် ရည်များပင် ကျနေ၏။ ကျောင်းသင်္ခမ်းကလေးသည် ယခင်အခြေအနေရောက်ရှိ သွားသကဲ့သို့ ဖြစ်သွားသော် လည်း တစ်ယောက်တည်းနေ တစ်စိတ်တည်း မထားနိုင်ခဲ့၍ သံယောဇဉ်အပူဟပ်ခဲ့ရချေပြီ။

ကပ္ပိယကြီးရော ဦးပဥ္ဇင်းလေးပါ ခွေးကလေးကံ ကောင်း၏ မြေပုံမို့မို့ကလေး ကို ဆူးခက်များ သေချာတင် ပြီးချိန်တွင် မှောင်ရီပင်သန်း ချေပြီ။ ညက ကပ္ပိယကြီး တစ်ယောက် မျက်ရည်များ ဖြင့်ပရိဒေဝသောကမီးတောက် ခဲ့ရသည်။

တစ်ညလုံးလိုလိုပင် အိပ်၍မပျော်နိုင်ခဲ့။ ဦးပဥ္ဇင်း လေးကမူ သူ သီတင်းသုံးရာ ကျောင်းသင်္ခမ်းလေးပေါ်၌ တရားဘာဝနာပွားများနေပေ သည်။ ကပ္ပိယကြီးတစ် ယောက် ညက တစ်ညလုံးလို လို အိပ်မပျော်နိုင်ခဲ့ဘဲ မိုးလင်း ခါနီးမှ အိပ်ပျော်သွားခဲ့သည်။

သို့သော် အရာထက်တက် အမီမှာပင် ပြန်နိုးလာပြီး ပြု မြဲဝတ်အတိုင်း ရေနွေးကျို၊ ယာဂုတည်ရင်း ပြီးစီးသော် ဦးပဥ္ဇင်းလေး၏ ကျောင်းသင်္ခမ်း လေးဆီသို့ ဆက်ကပ်ရန်သွား သည်။

ယခင်က အရာထက်တက် ၌ ပြုနေကျဝတ်အတိုင်း ဦးပဥ္ဇင်းလေးဆီ လင်ပန်းပေါ် ၌ ယာဂု၊ ရေနွေးတို့တင်ကာ သွားစဉ် သူ့နံဘေး၌ ကံ ကောင်းက အမြီးတနန့်နန့်ဖြင့် လိုက်ပါနေကျမို့ ယခုမူ ဟာ နေသယောင်။

မျက်လုံးအိမ်၌ မျက် ရည်ဥတို့ပင် တွဲခိုလာခဲ့သည်။ သို့သော် ဦးပဥ္ဇင်းလေးရှေ့သို့ အပူပုံစံ အမူအရာဖြင့်သွားပါ က မကြိုက်သည်ကို သိထား ၍ မျက်ရည်စတို့ကို သိမ်း လိုက်သည်။

ကျောင်းသင်္ခမ်းသို့ ရောက်သည့်အခါ တံခါးပိတ် ထားသည်ကို တွေ့ရသည်။

တံခါး၌ စာကလေး တစ်စောင်ရေးသားထားခဲ့သည် ကို ကပ္ပိယကြီး တွေ့လိုက် ၍ လင်ပန်းကို အောက်ချ စာကို ယူ၍ဖတ်လိုက်သည်။

စာကလေးမှာမူ-

ဒကာကြီး…

ဒီတစ်ခါတော့ ဦးဇင်း လေးအမှန်စစ်စစ်တစ်ယောက် တည်းနေ၊ တစ်စိတ်တည်း ထားနိုင်မယ့်နေရာဒေသ တစ်ခုကို ကြွသွားပါပြီ။

ဒကာကြီး စိတ်မပူ ပါနဲ့။ မကြာမီမှာပဲ ဒီ ကျောင်းကို ကျောင်းထိုင်မယ့် နောက်ဦးပဥ္ဇင်းတစ်ပါး ကြွ လာပါလိမ့်မယ်။ နောက်ကို ဘာ သံယောဇဉ်မီးကိုမှ မွေး မိပါစေနဲ့။

ဦးပဥ္ဇင်းလေး

(ရှင်အဂ္ဂမွေ)

စာကိုဖတ်ရင်း ကပ္ပိယ ကြီး ငိုချလိုက်သည်။

ဩော် …တရား ဓာတ်ခံနည်းသူတို့အဖို့ သံသရာ၌ ကျင်လည်နေကြ ပေဦးတော့မည်။

တစ်ယောက်တည်း နေ တစ်စိတ်တည်းထား တရားဘာဝနာကျင့်ကြံအား ထုတ်ဦးမည့်…ဦးပဥ္ဇင်းလေး ရှင်အဂ္ဂမွေတစ်ပါးကမူ…။

■

*အရှင်ဆန္ဒာဓိက*

*ဦးအဂ္ဂမွေတို့အား*

*ဦးခိုက်*

**ကိုလှိုင်ကြည်ဝင်း**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဘဝတစ်လျှောက်
ဖြတ်သန်းခဲ့သောကာလအတွင်း
အကျဉ်းကျပ်ဆုံးသော အချိန်ဟု
သူ တွေးဖြစ်သည်။ စိတ် ၏
မွန်းကျပ်မှု၌ ခန္ဓာကိုယ်သည်
ဆောက်တည်၍ မရ။ တစ်နေရာတည်း၌
ထိုင်လျက် ထလျက်မနေနိုင်။
သို့နှင့် တစ်ညကုန်ခဲ့ရသည်။
သည်အချိန်ဆို သမီးလေး
မည်သို့ရှိမည်နည်း။ ဝမ်းနည်းဒေါသနှင့်
နာကြည်းနေမည်လား။
ကူကယ်ရာမဲ့ အားငယ်နေမည်လား။
တွေးသည်နှင့် ရင်က ကျဉ်၍လာသည်။
သို့သော် ထိုင်နေ၍ မဖြစ်။
လိုအပ်သည်များကို စီစဉ်ညွှန်ကြားပြီး
ပြင်ဆင်မှုများ လုပ်ရသည်။
ရေချိုးပြီးမှ သူ့စိတ်တို့
အနည်းငယ်ကြည်သွားသည်။
ဆရာ၊ ဆရာမ အားလုံးက ပိုင်း၍
ဖေးမကြသဖြင့်လည်း သက်သာရရ၏။
ကျောင်းအုပ်ကြီးဟူသော
နေရာတစ်ခုကို
အာဏာရှင်ယဇ်ပလ္လင်အဖြစ်
မဖန်တီးခဲ့သော သူ့စေတနာက
ယခု အကျိုးပေးသည်ဟု ယုံ၏။
အားလုံးက သူ့ဘက်မှာ ရှိနေကြသည်။
အမှန်တရားသည် တစ်ချိန်မှာ
အောင်လံလွှင့်ရမည်ဟု နားလည်သည်။
သို့သော် ကာလတစ်ခုအတွင်း၌မူ
အရာရာသည် အုတ်အရော်ရော်၊
ကျောက်အရော်ရော်။
ဂယနဏ
မသိသူများ၊
စဉ်းစားဆင်ခြင်မှု
မရှိသူများ
သူ့ကိုကျောခိုင်း
သွားကြသည်။
အပြစ်တင်
ကြသည်။
တချို့ ပက်ပက်စက်စက်
လာပြောကြသည်။ သို့တိုင်
သူ အပြုံးမပျက်။
ပြောရဲသောသတ္တိထက်

www.burmeseclassic.com

ပြောခဲ့ရသောသတ္တိကို ပိုမြတ်နိုးခဲ့သူဖြစ်သည်။ ထို့ကြောင့် ဗဟိုမှ လာရောက်ကိုင်တွယ်မည်ဆိုသည့်တိုင် သူမမှု။ သမာဓိနှင့် သစ္စာတရားကို လက်ကိုင်ထား၍ တည်ငြိမ်နေခဲ့သည်။

သို့သော် ကံကြမ္မာသည် သူ့ဘဝကို အလဲထိုးချင်ပုံရ၏။

အမှု၌ လိုအပ်မည့် စာရင်းဇယားများ ပြင်ဆင်နေတုန်း သမီးထံမှ ဖုန်းဝင်လာသည်။ 'မေမေ(သူ့ဇနီး)ဆုံးလို့ ဖေဖေ အမြန်ပြန်ခဲ့ပါ' တဲ့။

ရှိုက်ငိုရင်း တသဲ့သဲ့ပြောနေသည့် သမီးစကားတွေက ရင်နှလုံးကို တဟုန်းဟုန်း မြိုက်စေခဲ့သည်။ မယုံကြည်စွာ၊ မယုံနိုင်စွာ။

ဖုန်းချသွားသည်အထိ သမီးလေး ဘာတွေပြောခဲ့မှန်း သူ မသိ။ 'မေမေ ဆုံးလို့ ဖေဖေ ပြန်ခဲ့ပါ' ဆိုတာ လွဲလျှင် အားလုံးဝူးဝူးဝါးဝါး။

သွေးတိုး ဆီးချို စုံနေသည့် ဇနီးသည်သည် လျှပ်တစ်ပြက်ဖြစ်သွားနိုင်သည်ဟု မှတ်ယူထားသည့်တိုင် အမှန်တကယ် ကြုံတွေ့လာသောအခါ အတိုင်းအဆမဲ့တုန်လှုပ်ရသည်။

ထို့ကြောင့် ဖိုင်များကို စားပွဲပေါ် ပစ်တင်ပြီး သူ ထရပ်လိုက်ရသည်။ နှလုံးသွေးသည် တဒိုင်းဒိုင်း။ ဦးခေါင်းခွံသည် တဒုန်းဒုန်း။

အဝတ်အစားများကို သိမ်းပြီး အိတ်ထဲထည့်သည်။ မီးပူတိုက်ပြီးသား ခေါက်လျက်အဝတ်အစားတွေ မြင်တော့စကားအချို့ကို ကြားမိပြန်၏။

မည်သို့ပင်ရှိစေ
မနက်ဖြန်
ဟသ်ာတသို့
ပြန်ချင်သည်
ခိုင်မြဲသော
လက်နှင့်
သစ္စာရှိရှိ
ပါရမီဖြည့်ခဲ့သူ
ဇနီး၏
နောက်ဆုံးခရီးကို
လိုက်ပို့ချင်သည်
ဘဝမှာ
ခွဲနေခဲ့ရ
သော်လည်း
တစ်သက်တာ၏
နောက်ဆုံး
မြင်ကွင်းကိုတော့
ကြည့်ချင်
သေးသည်

'ရှင်ဟာလေ၊ အကျီတွေရှိရက်နဲ့ ဘယ်တော့မှ ထုတ်မဝတ်ချင်ဘူး။ ထည်ထည်ပြားပြား ဝတ်မှပေါ့ရှင့်'

'ဆရာကြီး…ဆရာကြီး…'

ခေါ်သံ ကြားသော်လည်း သူ ပြန်မထူးနိုင်။ ပြန်မထူးဖြစ်။ ဆရာဦးခေတ်ထွန်း တက်လာသည်ကို မြင်သည်။

'ဆရာကြီး၊ စစ်ဆေးရေး မနက်ဖြန်လာမယ်တဲ့'

နွေခေါင်ခေါင် မိုးကြိုးပစ်ခံလိုက်ရသည့် ရင်သည် အတိုင်းအဆမဲ့တုန်၏။

ဘုရားလေးရာ ဖရုံဆင့်ဆိုသော စကားသည် သူ့အတွက် ဖြစ်သည်လား။

စစ်ဆေးခြင်းကို မမှုသော်လည်း မနက်ဖြန်ကိုတော့ ကင်းလွတ်ချင်သည်။

ဆရာ ဦးခေတ်ထွန်းကို ပြောဖြစ်လိုက်၏။ စိတ်မကောင်းဖြစ်ရုံမှတစ်ပါး မည်သူစွမ်းနိုင်မည်နည်း။

ထိုကတည်းက သူ့စိတ်တို့ လွန့်ဆွဲရသည်။

မည်သို့ပင်ရှိစေ၊ မနက်ဖြန် ဟသ်ာတသို့ ပြန်ချင်သည်။ ခိုင်မြဲသော လက်နှင့် သစ္စာရှိရှိ ပါရမီဖြည့်ခဲ့သူ ဇနီး၏ နောက်ဆုံးခရီးကို လိုက်ပို့ချင်သည်။ ဘဝမှာခွဲနေခဲ့ရသော်လည်း တစ်သက်တာ၏ နောက်ဆုံးမြင်ကွင်းကိုတော့ကြည့်ချင်သေးသည်။ ထို့ကြောင့် ပြန်ရန်ဆုံးဖြတ်လိုက်သည်။ သို့သော် စစ်ဆေးရေးကိစ္စ ခေါင်းထဲဝင်လာ၏။

မနက်ဖြန် ခုံဖွင့်လာ၍ စစ်မည်။ သူ မရှိလျှင် မည်သို့ဖြစ်မည်နည်း။ ထမ်းဆောင်ဆဲ သူ့တာဝန်မှ ရပ်စဲခံရနိုင်သည်။ ထို့ထက်ပြင်းထန်လျှင် အကျဉ်းခံရနိုင်သည်။ ရှိစေ။ ငွေးတို့ကို သူမမှု။ သို့သော် ထို့ထက် အရေးပါသော ဝေါဟာရတစ်လုံးကို စဉ်းစားမိသွားသည်။

သိက္ခာ။

ဘဝတစ်လျှောက် သူ ကိုးကွယ်ခဲ့သော ဝေါဟာရတစ်လုံးသည် မနက်ဖြန် သူ မရှိသည်နှင့် မြောင်းထဲရောက်သွားနိုင်သည်။

အမှန်တရားသည် တစ်နေရာရာမှာ ရှိသည်ဆိုသော်လည်း ဖြေရှင်းခွင့် ကြုံမှ သူ ယုံသည်။ သို့မဟုတ်လျှင် အမှန်တရားသည်ပင် အမှားတစ်ရာဖြစ်သွားနိုင်ကြောင်း နားလည်သည်။

သက်မ မောကို မှုတ်ထုတ်ဖြစ်၏။ သို့သော် ရင်သည်ပေါ့၍မသွား။

ဘဝတစ်လျှောက်ဖြတ်သန်းခဲ့သော ကာလအတွင်း အကျဉ်းကျပ်ဆုံးသော အချိန်ဟု သူ တွေးဖြစ်သည်။ စိတ်၏ မွန်းကျပ်မှု၌ ခန္ဓာကိုယ်သည် ဆောက်တည်၍ မရ။ တစ်နေရာတည်း၌ ထိုင်လျက် ထလျက်မနေနိုင်။ သို့နှင့် တစ်ည ကုန်ခဲ့ရသည်။

မနက်ရေချိုးပြီးမှ သူ့စိတ်တို့အနည်းငယ် ကြည်သွားသည်။ သို့နှင့် လိုအပ်သည်များကို စီစဉ်ညွှန်ကြားနိုင်၏။

ကံကို ယုံ၍ ဆူးပုံ နင်းခဲ့သော်လည်း အမှန်တကယ် နင်းရန် ကြုံလာသောအခါ ရဲဝံ့စွာ နင်းရန် တွေးသည်။ ထို့ကြောင့် တာဝန်ရှိသူ အားလုံးကို အပြုံးနှင့် ဆီးကြိုနိုင်၏။

ကိုးနာရီထိုးတော့ အမှု စ၍ စစ်သည်။

ပြဿနာသည် အဓိ... ရှင်းဆုံးဖြစ်၏။ သူ့ကျောင်း... ကျောင်းဆောင် အသစ်... ဆောင် ဆောက်ရန် ဘတ်ဂျက်... ရသည်။ ထို့ကြောင့် ကျောင်း... ဆောင်ဟောင်းကို ဖျက်ပြီး ကျောင်းဆောင်အသစ်... ဆောက်သည်။ သို့သော် ယခင်ကတည်းက နှစ်ခြမ်း... ကွဲနေသော ရွာက မလို... (အလိုမတူသူ)အချို့... သည်။



www.burmeseclassic.com

www.burmeseclassic.com

မည်သို့ပင် ဆိုစေ၊ ရုပ်မိရုပ်ဖများနှင့် တာဝန်ရှိသူအားလုံးကို စည်းဝေးပြီး အားလုံး၏ သဘောတူညီမှုနှင့် ကျောင်းဆောင်ဟောင်းကို ဖျက်သည်။ ကျောင်းဆောင်အသစ်ကို ဆောက်သည်။ ထိုအတွက် သူ အတိုင်ခံရခြင်းဖြစ်သည်။ သို့သော် အရာရာသည် သူ့ဆန္ဒချည်းမဟုတ်။ အားလုံး၏ ဆန္ဒဖြစ်သည်။ ဘတ်ဂျက်ငွေကိုလည်း ဆောက်လုပ်ရေးကော်မတီနှင့် လုပ်ကြသဖြင့် သူ့အတွက် အတော်ရှင်းပါသည်။

လိုအပ်သည့် စာရင်းဇယားများ၊ ဘောက်ချာများ၊ သက်သေများ၊ ရုပ်မိရုပ်ဖများ၊ အကျိုးတော်ဆောင်များ အားလုံးစစ်ဆေးပြီးသောအခါ ညနေ ၄ နာရီ ရှိသွားသည်။

သည်အချိန်ဆို သမီးလေး မည်သို့ရှိမည်နည်း။ ဝမ်းနည်းဒေါသနှင့် နာကြည်းနေမည်လား။ ကူကယ်ရာမဲ့ ဝမ်းနည်းနေမည်လား။

ကျဉ်နေသော ရင်နှင့် နီနှစ်ရောင်ကျောင်းဆောင်ကြီးကို ကြည့်ဖြစ်သွားသည်။ ထို့နောက် ပြုံးဖြစ်လိုက်၏။ သို့သော် ပီပြင်လား၊ မပီပြင်လား၊ သူ့အတွေးမှာ ဇဝေဇဝါ။

'ရှင်ဟာလေ၊ စားပါ့မလဲ စေတနာနဲ့ အမျိုးစုံချက်ကျွေးလည်း ဘယ်တော့မှ အစုံမစားဘူး'

ဇနီးအသံကို ကြားမှ လိုက်လိုက်လှဲလှဲ သူ ပြုံးနိုင်သွားတော့သည်လေ။

■

နော်၊ကျောက်တိုင်၊


ပဲ့တင်သံ ဂျာနယ် Pae Tin Tharn Journal

နိုင်ငံသားတို့အသံ လွတ်လပ်စွာ ပဲ့တင်ထပ်စေမည်

## ဘယ်လိုမူနဲ့လဲ

မဏ္ဍိုင်သုံးရပ်ကို စောင့်ကြည့်ဝေဖန်သုံးသပ်သည့်အပြင်
စတုတ္ထမဏ္ဍိုင်၏ အခန်းကဏ္ဍကို ပီပြင်စွာကိုယ်စားပြုထင်ဟပ်ကာ
နိုင်ငံသားတို့၏အသံဟူသမျှအား လွတ်လပ်စွာပဲ့တင်ထပ်စေမည်။

## ဘာအသံတွေ ကြားရမှာလဲ

လွှတ်တော်အသံ၊ ရုံးတော်အသံ၊ ပါတီအသံ၊ တိုင်းရင်းသားအသံ၊
လူငယ်အသံ၊ ဈေးသည်အသံ၊ အနုပညာသည်အသံ၊
မြန်မာတစ်လွှားက နိုင်ငံသားအသံ၊
ကမ္ဘာတစ်လွှားက မြန်မာများအသံ။

## ဘယ်လိုထူးခြားတဲ့သတင်းတွေ ဖတ်ရမလဲ

**'ကမ္ဘာ့သတင်းစာမျက်နှာပေါ်က မြန်မာ'၊**
**'နိုင်ငံတကာမီဒီယာရဲ့ နိုင်ငံတကာသတင်း'၊**
**'သမဂ္ဂသတင်း'၊ 'သတင်းလူသား'**
**'သတင်းဝတ္ထု'...**
အစရှိတာတွေကို ဖတ်ကြရမှာပါ။

အပတ်စဉ် ကြာသပတေးနေ့တိုင်း ထွက်ပြီ

**ကိုယ်စားလှယ်များ မှာယူလိုပါက**
**ပဲ့တင်သံ ဂျာနယ်**
**အခန်းအမှတ်(၄-၀၁)၊ တိုက်(၁၇)၊ ၃ လွှာ**
**၅၂ လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**တယ်လီဖုန်း ၀၁ ၉၀၁၀၅၀၁ သို့ ဆက်သွယ်မှာယူနိုင်ပါသည်။**




www.burmeseclassic.com

www.burmeseclassic.com

'သရက်သီးမှည့် တစ်လုံးကို
တစ်ထောင်နှုန်းတဲ့ ဆရာရေ၊
ဆရာ မှာလိုက်တဲ့အတိုင်း
သုံးလုံးဝယ်လာတယ်။ ငါးထောင်တန်က
ကျန်တဲ့ နှစ်ထောင်ပါဆရာ ဒီမှာ'
တပည့်ကျော်က သရက်သီးမှည့်
ထည့်ထားသော အိတ်ကို မိမိစားပွဲပေါ်
အသာချရင်း တစ်ထောင်ကျပ်တန်
ငွေစက္ကူနှစ်ရွက်ကို ကမ်းပေးလာသည်။
မိမိက သူ့လက်ထဲက ငွေစက္ကူနှစ်ရွက်ကို
ချက်ချင်း ပြန်မယူသေးဘဲ မျက်မှောင်ကုတ်
ကြည့်ရင်း ဆုတ်ဆိုင်းနေမိသည်။
'ဟ နေပါဦး မောင်ကျော်ရာ၊ မင်းကို
မယုံတာတော့ မဟုတ်ဘူးကွာ၊
ဒါပေမဲ့ တစ်ထောင်ဖိုးသုံးလုံးဝယ်တာ
ဘာကြာသေးလို့လဲ၊ အခု တစ်လုံးတစ်ထောင်
ဆိုတော့ မလွန်လွန်းဘူးလားလို့၊
မင်း ဈေးသည်ဆီ ခံလာရတာများလားဟင်'
'ဆရာ ကျွန်တော့်ကို သက်ကြောင်းမှန်း
သိပါတယ် ဆရာရဲ့၊ ဈေးသည်ဆီမှာ
ခံလာရတာလည်း မဟုတ်ဘူး။ ကျွန်တော်က
ဈေးဆစ်၊ ဈေးသည်က အကျေအလည်
ရှင်းပြနဲ့ အတော်ကြာနေခဲ့သေးတာ။
ဈေးသည်က ပြောတာလည်း အဟုတ်သားပဲ
ဆရာရဲ့၊ သရက်သီးက ရာသီတုံးပြီတဲ့။

# ကာလတန်ဖိုး



ဒါက အပင်မှာ လက်ကျန်
ရှက်ပုန်းသီးကလေးတွေကို ခဲခဲကတ်ကတ်
ကောက်သင်းကောက် လိုက်ရှာဝယ်ပြီး
ရှားရှားပါးပါး ရောင်းရကြောင်း၊
သူ တမင်ရိတ်တာ မဟုတ်ရပါကြောင်း
သရက်သီး ပကာသနီကို နာကြားခဲ့ရသေးရဲ့
ဆရာရယ်။ ကာလတန်ဖိုး ပေးရတယ်လို့
မှတ်ပါဆိုတော့လည်း ကျေကျေနပ်နပ်
ဝယ်ခဲ့ရတော့တာ'
'အေးပေါ့ကွာ၊ ပေါက်ဈေးဆိုတော့လည်း...'
မိမိက ခေါင်းတညိတ်ညိတ်နှင့်
မောင်ကျော်ထံမှ ငွေကို လှမ်းယူလိုက်သည်။
'ပေါက်ဈေး မဟုတ်ဘူးတဲ့ ဆရာရေ၊ ယှဉ်ပြိုင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ရွေးချယ်စရာမဲ့ ဝယ်ရတာကြောင့် ကာလတန်ဖိုးပါလို့ ဈေးသည်က တီတီကျကျ ပြောပြလိုက်တယ်'

မောင်ကျော်က မိမိစကားကို ခက်ဆစ်ဖွင့်ပေးနေပြန်၏။

'ဩော် မင်းကလည်း ဈေးသည်စကားနဲ့ ငါ့ကို ကပ်ရှုပ်နေပြန်ပြီ၊ အေးအေး မင်းပြောတဲ့အတိုင်းပဲ ထားတော့။ ငါ့လည်းကွာ နေပြန်ကောင်း ခါစ နာလန်ထ ယောက်ျားကိုကန်တော့ဖို့ကြောင့် မလွဲသာ မရှောင်သာ ဝယ်ရတာဟော့၊ ဈေးကို မကြည့်နိုင်တော့ဘူး၊ အခု မင်းပြောတဲ့ ကာလတန်ဖိုးနဲ့ အောင့်ရတော့တာ'

မောင်ကျော်က အခန်းတံခါးများနှင့် မီးခလုတ်များကို လိုက်ပိတ်နေသည်။ မိမိက လုပ်စရာကျန်မကျန် ဝေ့ဝဲကြည့်ရှုလိုက်သည်။ စိတ်ချရပြီ ဖြစ်သဖြင့် သရက်သီးထုပ်နှင့် လက်ဆွဲအိတ်ကိုယူကာ အခန်းထဲမှ ထွက်ရန် ဟန်ပြင်၏။

'အား သူငယ်ချင်း ရုံးဆင်းသွားပြီတောင် ထင်တာ၊ တံခါးပွင့်နေသေးလို့ ဝင်ကြည့်ဦးမယ်လေဆိုပြီး ဝင်လာတာ၊ မင်းဆီ အထူးဧည့်သည် ခေါ်လာတယ်ကွ'

'ဟာ အောင်ဇော်၊ မင်းဘယ်တုန်းက ရောက်နေတာလဲကွ။ နိုင်ငံခြားမှာ အနေကြာလို့လား မသိပါဘူး' ကောင်ကြီးရော၊ တကယ့်နိုင်ငံခြားသားလို့တောင် ထင်ရတယ်'

ဝင်လာသော ဧည့်သည်ကို မိမိက ဖက်လှဲတကင်း ကြိုဆိုလိုက်သည်။ ဆယ်နှစ်ကျော်ကျော် ကင်းကွာနေခဲ့သော နိုင်ငံခြားရောက် သူငယ်ချင်းကို ရုတ်တရက် တွေ့လိုက်သဖြင့် အံ့သြဝမ်းသာရသည်လေ။

> သူငယ်ချင်း
> ဆိုပြီး
> မင်းတို့အပေါ်
> အာပေါင်နီက
> အကျိုးအမြတ်
> မတွက်ဘဲနဲ့
> တစ်ကြိမ်လောက်
> ကူညီခဲ့ရင်
> ငါ့ကို
> ပြောကြစမ်းပါကွာ
> အဲဒီ
> တစ်ကြိမ်နဲ့တင်
> ငါ့တစ်သက်
> ဒီကောင်
> ကောင်းကြောင်း
> လျှောက်ပြော
> နေချင်လို့

'ဒီနေ့ပါပဲကွာ၊ ရောက်ရောက်ချင်း မင်းတို့ဆီ ဝင်လာတာပဲ၊ မနက်ဖြန်လည်း ရွာကို သွားရဦးမယ်။ ရက်ကသိပ်မရတော့ အပြန်မှာ မင်းတို့ဆီ ဝင်ဖြစ်ဖို့ မသေချာတာကြောင့် အခုလာတွေ့တာ၊ ငါတစ်ယောက်တည်း ရွာကို ပြန်သွားရမှာတောင် ပျင်းသလိုပဲကွာ၊ မင်းတို့နဲ့အတူ သွားချင်တာ။ ရွာနောက်က တောင်တွေတက်၊ ကတွတ်သီးတွေ ခူးစား၊ ချောင်းထဲဆင်းပြီး ငါးမျှားနဲ့ လုပ်လိုက်ချင်သေးတယ် ဟေ့ကောင်ရေ'

တစ်ရွာတည်း အတူနေခဲ့ကြသည့် ငယ်ပေါင်းကြီးဖော်က ငယ်ဘဝပုံရိပ်ကို တမ်းတမ်းတတပြောလေသည်။

'ဟား ဟား မင်းက ကိုယ့်ရွာကို မမေ့တာ သိပ်ကောင်းတာပဲ၊ ငါတို့လည်း လိုက်ချင်ပါရဲ့ကွာ၊ ဒါပေမဲ့ ဒီမှာက ကြီးပွားချမ်းသာစရာ မရှိတဲ့ အလုပ်တွေနဲ့တင် ပိပြီး သပွတ်အူလိုက်နေတာလေ။ အချိန်မပေးနိုင်ပြန်ဘူးကွာ'

မိမိက ညည်းညည်းညူညူ ပြောပြနေဆဲ။

'ဟာ ဟေ့ကောင် မင်းနဲ့ငါ အတူတူပါနော်၊ မင်းဟာမင်း ဘာပဲဖြစ်ဖြစ် ဒီညနေတော့ ငါတို့နဲ့ လိုက်ခဲ့ဦး'

တစ်ရုံးတည်း အလုပ်ဝင်နေကြသည့် သူငယ်ချင်းထွန်းဦးက ဝင်ပြောသည်။ မိမိက စိတ်ထဲမှာ ခပ်တွေတွေနှင့် မတတ်သာသည့်အဆုံး ရောယောင်ခေါင်းညိတ်။

တကယ်က ဒီညနေမှာ ဇနီးသည်နှင့်အတူ သန်လျင်တွင်နေသည့် ယောက္ခမထံသို့ သွားကြဖို့ ချိန်းထားပြီးသား။ ဒီကိစ္စမျိုးကို မိမိထံ တကူးတက ရောက်လာသည့် သူငယ်ချင်းရှေ့တွင် ပြောရန် မသင့်လျော်သဖြင့် ခပ်မဆိတ်နေလိုက်ရ၏။ စိတ်ထဲတအုံနွေးနွေးနှင့်ပင် စားစားသောက်သောက်နှင့် တစ်ညနေလုံး အချိန်ကုန်လို့ ကုန်မှန်း မသိတော့ချေ။

❑

အချင်းချင်း နှုတ်ဆက်ပြီး အိမ်ပြန်ဖို့ မိမိလမ်းပေါ်ရောက်ချိန်မှာ လက်ပတ်နာရီက ညဆယ်နာရီယွန်းယွန်း[…] ပြနေ၏။ ယိမ်းယိုင်နေသည့် ကိုယ်ကို မနည်းတည့်[…] ထားရသည်။ အိမ်နေဇနီးချော၏စိတ်လည်း တံ[…] ထက်မက ကောက်ခွေ[…] မည်။ ဤအခြေအနေရောက်[…] မှတော့ မီးစဉ်ကြည့်ကန့်[…] တစ်ပါး အခြားမရှိ။

လောလောဆယ် ပြဿ[…] နာက သူငယ်ချင်းများ တ[…] သည့်ကြားကပင် လောက္က[…] ပိုကာကျသမျှ ငွေရှင်းခဲ့သဖြ[…] အိတ်ကပ်ထဲ နှစ်ရာတ[…] တစ်ရွက်ပဲ ကျန်တော့သည်[…] ကိစ္စပင်တည်း။

အိမ်ပြန်ဖို့ စဉ်းစားသော[…] အခါ ဒီလမ်းထဲမှာ ဘတ်[…] ကားမပြေးမှန်း သတိထား[…] သည်။ ပြေးသည်ဆိုဦး ကြာ[…] ကားအချိန်ရောက်ခဲ့ပြီ။ ကြာ[…] ကားစီးရအောင်ဆိုလျှင် ဘတ်[…] ကားပြေးသည့် လမ်းမကြီး[…] ဆီ ရောက်အောင် အတန်ကြာ[…] လျှောက်ရဦးမည်။ ဒီတော့[…] တက္ကစီငှားဖို့ ဆုံးဖြတ်ရ[…] တက္ကစီများက မိမိကိုကြည့်[…] ကာ ယစ်ထုတ်ကြီးဟု ထင်[…] ရှောင်ပြေးချင်ကြသည်ထင်[…] တဝီဝီ သွားနေကြပါလျှ[…] ခါတိုင်းလို တခုတ်တရ ခေ[…] မည့်သူ ပေါ်မလာ။ လမ်း[…] ဘေး ရပ်ရသည်မှာ ကြာလာ[…] သည်နှင့်အမျှ ခြေသလုံး[…] တောင့်ချင်လာသည်။ မိမိ[…] ခပ်လောလောနှင့် လက်[…] တားနေပါသော်လည်း တက္က[…] စီ တစ်စီးပြီးတစ်စီး လျှော[…] လျှောခနဲ။

'ဘယ်သွားမှာလဲ'

ကံကောင်းစွာပင်[…] စီးက ရပ်မေးလာသည်။

'သဃ်န်းကျွန်းစံပြဈေး'



www.burmeseclassic.com

www.burmeseclassic.com

'သုံးထောင်ကျမယ်'

အပေးအယူတည့်ပြီ။ သို့သော် စိတ်ထဲထင့်နေသည်ကို ရှင်းအောင် မေးဦးမှ။

'အိမ်က လမ်းကြားထဲ နည်းနည်းလျှောက်ဝင်ရမယ်၊ အိတ်ထဲမှာ ငွေမကျန်တော့လို့ ကားခကို အိမ်လိုက်ယူပေးပါလားဗျာ'

မိမိစကား မဆုံးလိုက်မီ ကားက ဝီနေအောင် ပြေးသွားပြီ။

ဒီလိုနှင့် နှစ်စီးမြောက်လည်း ထိုနည်းလည်းကောင်း၊ သုံးစီးမြောက်လည်း ထိုနည်းလည်းကောင်း။ မိမိကရှင်းလေ အလုပ်မဖြစ်လေ။ အချိန်သင့်လာသည်နှင့်အမျှ ကားလည်း ပိုကျဲလာသည်။ ဒီတော့မှ အကြံရလာ၏။ အကြံကုန် ဂဠုန်ဆားချက်ရတော့မည်လေ။

မာန်ကိုတင်းကာ ဝိုက်နှင့်ဆိုက်နှင့် ခပ်တည်တည် ဟန်လုပ်ဖို့ လုပ်လိုက်သည်။

'ဘယ်ကိုလဲဆရာ'

ဘာမျှမကြာလိုက်။ သုံးသရထား ဆိုက်လာသည်။

'ငါးထောင်ကျမယ် ဆရာ၊ ဒါတောင် ကားပြန်အသိမ်း လမ်းကြုံလို့'

သဘောတူကြောင်း ခေါင်းဆတ်ပြလိုက်၏။ ကားတံခါးကို ဂျိန်းခနဲ ခပ်တင်းတင်း ပိတ်ပစ်သည်။ ကားကလေးက အငြိမ့်သား။ အိတ်များကို ဘေးတွင်ချကာ မျက်စိများကို မှေးစင်းထားပြီး သက်ပြင်းချလိုက်သည်။ အခုမှ နေသာထိုင်သာ ရှိတော့သည်ကိုး။ ရသမျှအချိန်လေးမှာ ဆက်ရက်မင်းစည်းစိမ်ကလေးနှင့် နှပ်ထားဦးမှ။

သာတောင့် သာယာနှင့် နတ်ပြည်ရောက်သွားသည်အလား။ ဆိုင်မှာတုန်းက သူကလေးတွေတောင် နတ်သမီးအသွင် ပြောင်းနေတော့ ပြုံးမိသေး။

'ဘယ်နေရာလဲဆရာ'

'တာဝတိံသာ'

'ဗျာ'

'အဲ အဲဒီ တာဝတိံသာ ကွမ်းယာဆိုင်ရှေ့ရပ်၊ လမ်းမီးတိုင်အောက်ပဲ'

မည်သည့် ကွမ်းယာဆိုင်မျှ မရှိပါဘဲနှင့် နီးတစ်ဝက် အိမ်မက်ကို ရောချလိုက်ရသည်။

'ကားခကို အိမ်လိုက်ယူကွာ'

'ဘာဗျ'

'အစ်ကို့မှာ ယူလာတဲ့ငွေအားလုံး ကုန်လာလို့ အိမ်က ယူပေးမလို့ပါ၊ လိုက်ခဲ့ပါကွာ၊ မဝေးပါဘူး၊ ဒီလမ်းထဲ လှမ်းကြည့်လိုက်၊ အဝါရောင် အုတ်တံတိုင်းနဲ့အိမ်ပဲ'

ကားသမားက အင်တင်တင်နှင့် မိမိနောက် မလှမ်းမကမ်းက လိုက်လာသည်။ မိမိက ရှေ့က လျှောက်သွားပြီး ခြံတံခါးကို ဆွဲဖွင့်မည်အပြုမှာ တစ်စုံတစ်ရာကြောင့် လက်တွန့်သွားရ၏။ တံခါးရွက်ကြားမှာ ညှပ်လျက်သား စာရွက်ခေါက်ကလေးက မိမိကို ခြောက်လှန့်လိုက်ခြင်း ဖြစ်သည်။ အိမ်ထဲကို လှမ်းကြည့်တော့လည်း မီးများအားလုံး ပိတ်ထားသဖြင့် မှောင်မည်းနေ၏။ လမ်းထဲက ခွေးတစ်ကောင်က လှမ်းဟောင်တော့သည်။ စာရွက်ခေါက်ကလေးကို ဖြန့်၍ လမ်းမီးရောင်ပျပျမှာ မျက်စိပြူးပြဲနှင့် ဖတ်လိုက်သည်။

*ကျွန်မမိဘ ကျန်းမာရေးကို ရှင် ဂရုမစိုက်ပေမဲ့ ကျွန်မ ဂရုစိုက်ရမှာကြောင့် ကျွန်မတို့သားအမိ ရှေ့က သွားနှင့်ပြီ။*

'တောက် လွဲပြီကွာ'

ညနေက စားသောက်ဆိုင်ရောက်စဉ် ဇနီးသည်ထံ ဖုန်းဆက်အသိပေးတုန်းက ဆတ်ခနဲ ဖုန်းချသွားခဲ့သည်။ နောက်ထပ် မကြာမကြာ လှမ်းခေါ်သော်လည်း ဖုန်းပိတ်ထားခဲ့သည်။ ယခု အိမ်တံခါးပါ ပိတ်ထားပြီဖြစ်၍ မျှော်လင့်ချက် ကုန်ဆုံးရပြီ။

'ခင်ဗျား အူကြောင်ကျား မလုပ်နဲ့နော်၊ အစကတည်းက ပွင့်ပွင့်လင်းလင်းလည်း မပြောခဲ့ဘူး၊ အဲဒါ မရိုးသားလို့ဘဲ၊ ခင်ဗျား ဘယ်လိုရှင်းမလဲပြော၊ မရှင်းနိုင်ရင်တော့ ကျုပ် ရဲကိုလှမ်းတိုင်မှာ'

'ဘာကွ'

ကျဉ်းထဲ ကျပ်ထဲမှာ ကားသမားစကားက မိမိကို စော်ကားလွန်းသဖြင့် ကျွဲမြီးတိုသွားသည်။ လူကိုများ ဟောက်လား ငေါက်လား။ မိမိကပဲ လက်အောက်ငယ်သားများကို ငေါက်ငမ်းနေကျ။ ယခုမူ ကံကြမ္မာက ကိုယ့်ဘက်မှာမရှိ။

'ခင်ဗျား အမှန်အကန်ဆိုရင် ရပ်ကွက်ရုံးမှာ သွားရှင်းမယ်လေ၊ စောစောက ရုံးခန်းမှာ အစည်းအဝေးထိုင်နေကြတာ တွေ့ခဲ့တယ်၊ မပိတ်လောက်သေးဘူး။ ကျုပ်က ဘေလီထိ ပြန်ရမှာဗျ၊ တစ်နေ့လုံးလည်း မနားရသေးဘူး၊ ခင်ဗျားနဲ့တိုင်ပတ်နေပြီ'

သူပြောသည့်အတိုင်းလည်း မဖြစ်သေး။ ဒီရပ်ကွက်မှာ မိမိကပဲ သာရေးနာရေးမှန်သမျှ ဦးဆောင်နေကျ။ ယခုကဲ့သို့ အချိန်အခါမဟုတ် သောက်စားလာပြီး ကားခ မရှင်းနိုင်၍ ပြဿနာတက်သည်ဆိုလျှင် မျက်နှာကို ဓားနှင့် လှီးပစ်ဖို့သာ ကောင်းရှော့မည်။ ဒီလိုဆို မည်သို့ ရှင်းရပါအံ့။ ဇနီးသည်သွားရာ သန်လျင်သို့ လိုက်သွားပြန်လျှင်လည်း ဆင်ဖိုးထက် ချွန်းဖိုးကုန်မည့်အပြင် စွပ်စွဲချက်များဖြင့် ထိုးနှက်ခံရဦးမည်တစ်ကြောင်း။

ဓာချွေးပြန်ကာ အမူးပြေသွားသည်။ နတ်သမီးလေးများလည်း ကြက်ပျောက်ငှက်ပျောက်။

'ခင်ဗျား မလိုက်နိုင်ရင်လည်း ကျန်ခဲ့တော့ဗျာ၊ ကျုပ် ရပ်ကွက်ရုံးကို သွားပြီ'

'ဟော့ ဟော့နေဦး၊ ငါ့အကြောင်းနဲ့ငါ အခက်တွေ့နေလို့ပါကွာ။ ဒီအိမ်က ငါ့အိမ်၊ ဒီနားကအိမ်တွေအားလုံး ငါနဲ့ ရင်းနှီးပြီးသား၊ ရပ်ကွက်ရုံးနဲ့လည်း မရှင်းပါရစေနဲ့၊ ရဲကိုလည်း မတိုင်လိုက်ပါနဲ့၊ မင်းကားခကို ဒီည အကျေအလည် ရှင်းပေးနိုင်မှာပါ။ မင်း စောစောကပြောတယ်နော်၊ ဘေလီတံတားဘက် ပြန်ရမှာလို့'

'ဟုတ်တယ် ခင်ဗျား ဘာတွေကြံဖန်ပြီး ကျုပ်ကို ဒုက္ခပေးဦးမလို့လဲ'

ကားဆရာကလည်း လှုပ်လေမြုပ်လေ၊ မန်းလေပြဲလေဖြစ်သွားပြီ။ မိမိမှာလည်း သူခိုးမယား မငိုဝံ့ဆို

www.burmeseclassic.com

သကဲ့သို့ တိုးတိုးကျိတ်ကျိတ် ရှင်းနေရသည်။

'ဒီမှာ ငါ့ညီ၊ မင်းကို ပေးဖို့ လက်စွပ်ရှိတယ်၊ နာရီ ရှိတယ်၊ ဟန်းဖုန်းရှိတယ်၊ မြင်တယ်နော်၊ မတတ်သာတဲ့ အဆုံး မင်းကို ဒီထဲက တစ်ခုခု ပေးမယ်ကွာ။ မင်းနဲ့အတူ ဘောလီတံတား ဒီဘက်ထိပ်ထိ လိုက်ခဲ့မယ်၊ အဲဒီမှာ ငါ့မိတ်ဆွေရှိတယ်၊ ကားလမ်းမကြီးကပ်လျက်ပဲ၊ ရှင်းတယ်နော်။ ကဲ ကိုယ်တော်ကြွ'

ဟူး ဒီနေ့ တွက်ပီ ကံမကောင်းပါလားဟု ကာတွန်းဇာတ်လိုက်ကဲ့သို့ ညည်းရတော့သည်။ နာရီကို ကြည့်သောအခါ သန်းခေါင်ကို ချဉ်းခဲ့ပြီ။ မိမိမှာကား သန်းခေါင်ထက်နက်သော ညဉ့်ကို ဖြတ်သန်းရချေဦးမည်။ ဒီတစ်ခါ ငြိမ့်ညောင်းသော ကားကလေးပေါ်တွင် အိပ်မက်လှလှ မမက်နိုင်ပြီ။ မျက်လုံးများ ပြူးကျယ်လျက် ဘီလူးဇာတ်ခင်းနေရသည် မဟုတ်ပါလား။

'အာပေါင်နီဆိုတဲ့ ကောင်က သူငယ်ချင်းရယ်လို့ မျက်နှာမထောက်ဘူး၊ သူ့ဘဝမှာ ငွေမှငွေပဲ၊ ငါတော့ တစ်ခါဆက်ဆံ ဆယ်ခါလန့်ဟေ့'

'ငယ်ငယ်တုန်းက ဆင်းရဲရှာခဲ့လို့လား မသိဘူး။ အခု အာပေါင်နီက ငွေနဲ့ပတ်သက်လာရင် အစိမ်းအကျက် မရွေးဘူးမောင်'

'သူငယ်ချင်းဆိုပြီး မင်းတို့အပေါ် အာပေါင်နီက အကျိုးအမြတ် မတွက်ဘဲနဲ့ တစ်ကြိမ်လောက် ကူညီခဲ့ရင် ငါ့ကို ပြောကြစမ်းပါကွာ။ အဲဒီတစ်ကြိမ်နဲ့တင် ငါ့တစ်သက် ဒီကောင်ကောင်းကြောင်း လျှောက်ပြောနေချင်လို့'

'သူ ကူညီတာက အကျိုးလိုလို့ ညောင်ရေလောင်းတာ၊ ပြီးရင် သူ့ကိုယ်သူ ကယ်တင်ရှင်ကြီးလိုလို ပြောမဆုံးတော့ဘူး'

'မိန်းမရှိခိုး သွားမကျိုးဆိုတဲ့ အထဲကပါကွာ၊ သူ့ခမျာ မိန်းမဥစ္စာနဲ့ ကြီးပွားနေမှာတော့...'

ရွာက လာကြသည့် ဆွေမျိုးသားချင်းများလည်း ဒီစကား၊ မြို့ထဲက လုပ်ဖော်ကိုင်ဖက်များကလည်း ဒီစကား။ မိမိသူငယ်ချင်း အာပေါင်နီနှင့် ဆက်ဆံဖို့ပင် အလိုလို ကြောက်ရွံ့နေခဲ့မိသည်။ တစ်ခါမျှ မသွားရန်လည်း ဆုံးဖြတ်ခဲ့ဖူးသည်။ ယခုကြည့် ဆွေတော်မျိုးတော် အပေါင်းအသင်းနှင့် သူငယ်ချင်းအားလုံး၏ ချဉ်ဖတ်ဖြစ်နေသူအနီ အာပေါင်နီ၏ အိမ်ရှေ့တည့်တည့်မှာ မိမိကိုယ်တိုင် ထူးဆန်းအံ့သြဖွယ် ခြေစုံရပ်မိလျက်သား ဖြစ်ခဲ့ပြီ။ ပြီးတော့အကာလ ညအခါ။

'ဟဲလို ကျွန်တော် ဦးအောင်မောင်းပါ၊ အခု ဆက်တာ ဘယ်သူ...'

'ဟေ့ကောင် အာပေါင်နီ၊ ယဉ်ကျေးပြမနေနဲ့၊ ငါ အာကာပါကွ၊ အခု မင်းအိမ်ရှေ့ တံခါးဝမှာ ရပ်နေတယ်၊ ငါ အရေးတကြီး ငွေလိုနေလို့ မင်းတို့ ထုံးစံနဲ့ ကြည့်လုပ်ပေးဦး၊ အမြန်ကလေးလုပ်ကွာ၊ ငါ ဒီမှာ ကားပြန်လွှတ်ရမှာ'

'ဟာ အာကာ၊ ဒီအချိန်ကြီးကွာ၊ မိန်းမက ငွေပေးဖို့ မပြောနဲ့ တံခါးဖွင့်ဖို့တောင် လက်ခံမှာ မဟုတ်ဘူး၊ မင်း အခြားနည်းတစ်ခုခု...'

အာပေါင်နီက လေးလေးပင်ပင် တုံ့ပြန်သည်ကို စိတ်မရှည်ချင်ပြီ။

'ငါ့ကို လာအာမနေနဲ့ အာပေါင်နီ၊ မင်းဆီကို ဒီအချိန် ဘယ်သူမှ ပျော်ပျော်ပါးပါး မလာဘူး။ ဒီမှာ မင်းမိန်းမကို ပြော၊ ရွာက ဆွေမျိုးတစ်ယောက် အရေးပေါ် ဆေးကုဖို့လာရင်း လက်ဆောင်ပေးချင်လို့ပါလို့။ ပစ္စည်းအာမခံနဲ့ ငွေချေးဦးမယ်လို့၊ မင်းရဲ့ မိန်းမ ကြည်ဖြူအောင် ကျန်တာ ငါကြည့်လုပ်ပါ့မယ်။ ငါ ရပ်စောင့်နေတယ် ဒါပဲ'

ခဏအကြာတွင် ခြံတံခါး မီးအုပ်ဆောင်း လင်းလာသည်။ အဆင်ပြေသည့် နိမိတ် လက္ခဏာ။ အိမ်မီးများပါ လင်းပြီး အာပေါင်နီ ဆင်းလာကာ ခြံတံခါး ဖွင့်ပေးသည်။ ကားသမားကို အကျိုးအကြောင်း ပြောထားခဲ့ပြီး မိမိတစ်ယောက်တည်း လိုက်ဝင်သွားသည်။ အာပေါင်နီမိန်းမက သူ့မူအတိုင်း ထင်၏။ သုန်သုန်မှုန်မှုန်နှင့် ကြိုဆိုသည်။

'ဒီမှာ ညီမရေ၊ ညီမတို့ကို လက်ဆောင်ပေးချင်လွန်းလို့ ရွာထဲပတ်ပြီး သရက်သီးမှည့် လိုက်ရှာလာတာ၊ ငွေပေး ဝယ်တိုင်းတောင် ရတာ မဟုတ်ဘူး သိလား၊ ရော့ရော့။ ဒီအချိန်ကြီး အားတော့ နာတယ်။ အရေးကြီးလူနာကြောင့်သာ ဖွတ်နှစ်ဝင်ခဲ့ရတာ၊ ဟောဒီလက်စွပ်က သုံးမတ်သားရှိတယ်၊ တစ်သိန်းပဲ ယူမယ်။ ကျန်တာ ညီမတို့ ထုံးစံအတိုင်းလုပ်ပေါ့'

အာပေါင်နီမိန်းမက သူ့ အစီအစဉ်နှင့်သူ တီးလုံးကိုက် လုပ်လိုက်သည်မှာ ဘာမျှ မကြာလိုက်။ မျက်ထားတော် ပြေပြေနှင့် အဆင်ချောလှပါ ဘိတောင်း။ ပြေစာမှာ တစ် လအတွင်း ပြန်ရွေးရမည့် အရင်းအတိုး စုစုပေါင်းငွေကို ဖတ်ကာ မိမိမှာ အသက် အောင့်ထားလိုက်မိ၏။

အာပေါင်နီက ခြံဝအထိ လိုက်ပို့ပြီး တံခါးပိတ်သည်။ ပြီးနောက် တိုးလျှုလျှုပြော...

'ငွေပြန်ဆပ်တဲ့အခါ တစ်ထောင်လျှော့ပေးပါ သူငယ်ချင်း'

မိမိရင်ထဲ ကျဉ်ခနဲ ဖြစ် သွားသည်။ မည်သည့် အခက်အခဲ ကြုံရသည်ကို လုံးဝမမေး။ မည်သို့ပင် ... စေ ခပ်မဆိတ်နှင့် ... မပျက် လက်ခံလိုက်ရ...

ထိုညက ကားခရီး... မိမိလည်း နီးစပ်ရာ တည်း... ခန်းတစ်ခုတွင်ခိုနား။ တစ်... လုံးလိုလို အခန်းထဲမှာ အိပ် မပျော်နိုင် ဖြစ်နေရသည်။ အခန့်မသင့်သည့် ကား... တစ်ခုနှင့် ပက်ပင်းကြုံသော အခါ မိမိတန်ဖိုးထားသော ရည်မှန်းချက်များ၊ ကျင့်ဝတ် သိက္ခာများ၊ ယုံကြည်ချက် များအား ကမောက်ကမ... ပေးဆပ်လိုက်ရပုံကို တ... စိမ့်တွေးကာ မချင့်မ... တပည့်ဖြစ်သူ မောင်ကျော်... စိတ်လိုလက်ရ ပြောပြ... လျှင် ခက်ဆစ်ဖွင့်ခံရချေ... မည် ထင်၏တည်း။


*နှလုံးစိတ်...*
*အေးချမ်းကြ...*

**လှမြင့်အောင်၊ ...**



www.burmeseclassic.com

www.burmeseclassic.com



## မရှိမဖြစ် ရှိမဖြစ်စေသည့် လူ

မကျည်းတော်
ချိုင်ဆောင်

ဗမာလူညီး၊ မကျိုန်…မကျိုန်။ အဖေက တစ်ခါတလေ နိုင်
ရှိခေါ်တဲ့ မကျိုန်။

မကျိုန်မှာ ကျိုန်အပေါ်နဲ့ ပုလင်းကွဲတောင် အ
တားတာနဲ့ ညှိမရေးပဲ ရှိတယ်။ အဖေနဲ့ကျာရင် အ
ငယ်တေးတယ်။ အဖေက ခုနစ်ချယ်ရောက် ရှိပြီ။ အဖေက
နှစ်ချယ်ကျော်လေးရှိသေးရဲ့။ ဒါပေမဲ့ ကလေးက နှစ်
အဖေက လည်လည်ဝယ်ဝယ် ချာကျွေးပါတယ်။
ရေးရဲ ငှားပေးတယ်။ ပေါ်ချောင်ကောင်းရေးပေါ့။ အဖေက
ဘာမှ အလုပ်တတ်ဘူး။ တားကျိုမောင်နမနဲ့ကို ချာချာလ
အရပ်ထဲကတော့ အဖေ့ကို မသေးငယ်လို့ ပေါ်
နံပါတ်ချဉ် ဘယ်လောက်မှန်းတောင် အသိဘူး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အရပဲနဲ့ သက်ကျားအိုကြီးကို ရင်ရှပ်နေတာတဲ့။ အမေက ရှက်တော့ရှက်တာပေါ့။ ဒါပေမဲ့ ဘာတတ်နိုင်ပါ့မလဲ။ တားတားတို့တောင် မွေးပြီးပေါ့ ဥစ္စာ။ ငုံ့ခံနေရတာပေါ့။

တားတားကို မွေးပြီးတဲ့အထိတော့ ချောင်ချောင်လည်လည်ပါပဲ။ အဖေက ချာနိုင်ဖွေနိုင်တယ်ရေ။ နုနုထွတ်ထွတ်ကရေး အမေမကျိန်ကို ရထားတော့ရဲ့ အဖေကျော်တာပေါ့။ ချွဲကြိုးရေး၊ ရက်ကောက်ရေးရဲ ရှိတယ်။ အပေါ်ကျက်၊ အောက်ကျက်ရဲ ရှိတယ်။ အဖေက အိမ်မှာတော့ အညဲအနေဘူး။ တူ ရာချင် ရာတယ်။ အရာချင် အရာဘူး။

အဖေ့ အရွယ်ကြီးနဲ့ အမေ့ကို ရထားတာ အဖေက ဂုဏ်ယူတာပေါ့။ ကြီးတော့ ပေါ်တေးတယ်။ တန့်တန့်ရေးတဲ့။ အကျင်ကရေးတဲ့။ အနှိပ်ခန်းကဟာ ဟုတ်ဖူးတဲ့။ အကျိုကျစ်ကျစ်ကရေးတဲ့။ အဲဒီရှိ ပေါ်ပေမဲ့ အဖေ့အတွက်တော့ အမေ မကျိန်ဟာ မိန်းမတွေထဲက မိန်းမတစ်ယောက်ပါပဲ။ အဖေက ဘူ့ကိုမှ ကျွဲကျွဲရန်းရန်း အချစ်တတ်ပါဘူး။

တားတားကို မွေးပြီးမှ အဖေ့အကြောင်း တိရတာ။ မုတ်ချိုးဖိုရှိတာ ဘယ်ဟုတ်ရှို့တုံးတဲ့။ ရန်ကုန်မှာ တားကြီး မယားကြီး ရှိသတဲ့။ ဒါကြောင့်ပဲ ထင်ပါတယ်။ အဖေ ကျီးနေတဲ့ကားကို ရန်ကုန်အိမ်က ကျန်တိမ်းတယ်။ အဖေရှပ်နေတဲ့ လုပ်ငန်းအရင်းအနှီးတွေကိုရဲ ကျန်တိမ်းတွားတယ်တဲ့။ အင်းရေ… ကရေးငယ်ငယ်ရေးတွေ မွေးတဲ့အထိ နောက်မိန်းမယူတာတော့ အဘူကခွင့်ရှုတ်မှာရဲ နော်။

အမေ မကျိန်ကတော့ ညက်ကျိတငယ်၊ နားတငယ်ပါပဲ။ အဖေ့ကို အရင်ကတော့ ဘယ်ရိုခေါ်ရဲ အသိဘူး။ ခုတော့ တားတားတို့နဲ့ ရောပြီး 'အဖေကြီး' ရို့ပဲ ခေါ်တယ်။ အကြောင်းမတိရင် တားမယား ထင်မှာ မှုတ်ဖူး။ တမီးနဲ့ မြေးတွေရို့ပဲ ထင်ကြမှာ။

ဒါပေမဲ့ အဖေက အရွယ်တင်ပါတယ်။ တန်တန်မာမာကြီးပဲ။ ရှိုင်ကယ်ကျီးရို့ကောင်းတုန်း၊ အရက်တောက်ရို့ကောင်းတုန်း၊ ရက်ထဲမှာ ငွေမရှိပေမဲ့ အရပ်ကတော့ ဖစ်အောင်ရှပ်နေတာပဲ။ ရန်ကုန်အိမ်က အဲဒီရှိ ကြတ်ကြတ်တားတား ရှပ်ရိုက်တော့ အဖေက ကျိတ်နာတွားတယ်ထင်ပါတယ်။ ရန်ကုန်ကို အကျန်တော့ဘူး။ တားတားတို့ အခန်းရေးထဲကြောင်းလာတယ်။

အဖေက ကျော်တတ်တယ်။ အရက်လည်း ကြိုက်တယ်။ မိန်းမလည်း ကြိုက်တယ်။ အရပ်က အရင်ရှိမကောင်းပေမဲ့ အတုန်းအကျွဲက မချော့ဘူး။ ကားမချိတော့ ရှိုင်ကယ်ဝယ်ကျီးတယ်။ မနက်မိုးရင်းတာနဲ့ ရှိုင်ကယ်ကျီးပြီး ထွက်တာပဲ။ ဘယ်တွားပြီး ဘာရှပ်ရဲတော့ တားတားလည်း အသိဘူး။

အမေရဲ အတိဘူး။ အမေက တအားရိုးတာရေ။ မေးရဲ အမေးရဲဘူး။ ရန်ရဲအဖစ်ရဲဘူး။ အိမ်နီးနားချင်းတွေကို ရှက်နေတာ။ ငြိမ်ငြိမ်ကုပ်ကုပ်ရေးပဲ အမေနေတာ။ ရွယ်တူတက်တူ မိန်းမတွေနဲ့ များတွေ့ရင် အမေ့မှာ မျက်နှာရေး အောက်ချရို့။

အဖေက ပေါ်တယ်။

ဒိုင်း မွှန်း ကျိန်တဲ့။ ငါပေါ်ရင် ဟုတ်၊ ငါခိုင်းရင် လုပ်၊ ငါ ကျွေးရင် တုတ်၊ ငါ့ကို ခံမပေါ်နဲ့၊ အုပ်ကျစ်လိုက်မယ်တဲ့။ အမေကရေရိုးတာရော၊ ကျာမတတ်တာရော၊ အတက်ကွာတာရော၊ ကျေးဂျူးချင်ရှိတာရော၊ ရှက်တာရော၊ အကုန်ရောပြီး တုတ်တုတ်မှ အလှုပ်ရဲဘူး။

အဖေကတော့ ကျားလိုက်တောက်လိုက်၊ ရှိုင်ကယ်ကျီးလိုက်၊ ပိုက်ချံပါတဲ့အခါ ပေးလိုက်၊ မိန်းမဘယ်အရွယ်လေးနဲ့ပဲတွေ့တွေ့ ပုတ်လိုက်ခတ်လိုက်၊ ရယ်လိုက်မောလိုက်နဲ့ ဘာမှ အပူအပင်မချိဘူး။ တားတားတို့ကို ချစ်တလားရှိတာ မတေချာဘူး။ တားတို့ထက်ကြီးတဲ့ တူ့မြေးတွေကိုတောင် မချစ်တာ။ တားတို့ကို တေချာပေါက်ချစ်ပါ့မလား။ မုန့်တွေဘာတွေတော့ ဝယ်ကျွေးပါတယ်။ ဒါပေမဲ့ အနိုနဲ့တဲ့။ မချူနဲ့တဲ့။ ကရေးနိုသံတွေ၊ ချူတံတွေ အကြားချင်ဘူးတဲ့။ အဖေရှိရင် တားတို့မှာ နေရတာ ကျိတ်ကျဉ်းကြပ်တယ်။

ဒီရိုနဲ့ကြာလာတော့ အမေ့ ချွေကရေးတွေရဲ ကုန်ရော။ ပထမ ရက်စွပ်၊ ပြီးတော့ ရက်ကောက်၊ ပြီးတော့ ချွဲကြိုး။ အမေကတာ ကျိတ်ချင်းရဲနေတာ။ အဖေကတော့ ကျော်ကျော်ပဲ။ ကျားလိုက် တောက်လိုက် မူးပြဲလိုက်နဲ့ ဘာမှ အတွေးဘူး။

ဒီကြားထဲ အမေက … မကောင်းဖစ်ပြန်ရော။ အ… ပေါ်တော့ ဗိုက်ထဲမှာ က… ရေး ရှိတာတဲ့။ ဩော်… အဖေ အဖေ၊ အမေ့ကိုရဲ ထည့်မကျဉ်းကြားဘူး။ တား… တို့ကိုရဲ ထည့်မကျဉ်းကြား… ဘူး။ အမေကရဲ ခေတ်… ဘူး။ အဖေကရဲ ရှေ့နောက်… အတွေးဘူး။

အမေ့မှာရေ ဂျပင်တွေ… က ချူပ်ဖွာရို့။ ညက်တွင်း… ဟောက်ပက်နဲ့ ပိန်ရိုက်တာ… အရိုးချည်းပဲ။ ချူပ်ပြုတ်တ… နေတာပါပဲ။ အော့ရိုက် အ… ရိုက်၊ ထမင်းမကျား ဟ… မကျားနဲ့ ကြော့ခွေနေတာပဲ။

အဲဒီအချိန်မှာ အဖေ… အကြင်မှာချည်းပဲ အချိန်ကု… တာပါ။ မိုးရင်းက ထွ… တွားတာ မိုးချူပ်ချူပ် ချူပ်မှ… ကျန်ရာတယ်။ အရက်တွေ… မူးရို့။ ဒါပေမဲ့ အဖေက … ရေရေ ရယ်ရေရေပဲ။

ရယ်သာရယ်နေတာ… အဖေ့ပုံက အိုဂျာပုံပေါ်… တွားတယ်။ ချေးမဲ မရှိ… တော့ ဂျပင်တွေက … ကြောင်ကြားဖွေးရို့။ ရှို… ကယ်လဲ ရောင်းကျစ်ရိုက်… တယ်။ မုတ်ချိတ်မွေး အ… တွေရဲ ထွက်ရို့။ အဖေ့ကြည်… ရတာ ခါးတောင် ကုန်းတွ… တလိုပဲ။

ဒီရိုနဲ့ အမေ နော… ကရေးရေး မွေးတ… ရတနာရှိတဲ့ တ…

www.burmeseclassic.com

အဖေနဲ့ အမေ တိတ်ချိတ်ချာပဲ ကြိုချိုလိုက်ကြတယ်။ အခန်းကျဉ်းလေးထဲမှာ နောက်မွေးတဲ့ ညီရေးရဲ့အတံက အကျယ်ရှုံး။

ထူးရှန်းတာက အဖေ အကြင်အထွက်တော့ဘူး။ ရှိုင်ကယ်ရဲ့ အရှိတော့ဘူးရေ။ အရုပ်ကလည်း အဖစ်ဘူး ထင်ပါရဲ့။ ဂျပင်တွေ၊ မုတ်ချိတ်တွေရဲ့ ချေလို့။ ပါးရေတွေရဲ့ တွန့်ရှုံ့လို့။ အပေါ်ကျက်နဲ့ အောက်ကျက်ကို အမေက ရောင်းကျစ်လိုက်တယ်။ အကျီဘောင်းဘီ၊ ထဘီကောင်းကောင်းလေးတွေကို ရောင်းချကျားနေရတယ်။ အဲရေ အဖေ့အတွက်တော့ ရောင်းချ တောက်နေရတာပေါ့။

အဖေကရဲ့ အမေ့ကို ဂျကားအပေါ်ဘူး။ အမေကရဲ့ အဖေ့ကို ဂျကားအပေါ်ဘူး။ ပေါ်စရာဂျကားလည်း မရှိကြဘူး ထင်ပါရဲ့။ တစ်နေ့ တစ်နေ့ ဒီအတိုင်းပဲဖစ်နေတော့တာပဲ။

တစ်ရက်မှာ-

မနက်မိုးရင်းတော့ အဖေ အိပ်ရာက အထဘူး။ ခါတိုင်းလဲ တူ အိပ်ချင် အိပ်နေတာပါပဲ။ ဒါပေမဲ့ ဒီနေ့ကျတော့ အိပ်ရာထဲကနေ ဂျကားအပီပဲနဲ့ အော်အော်ပြီး ပေါ်နေတာ။ အမေက ကရေးရေးကို ချပြီး ပြေးကြည့်တော့ တားလဲ ပြေးကြည့်တယ်။

အား… အဖေ ပဂျပ်ကြီး ရွဲ့နေတယ်။ မျက်ကျိကလည်း အထက်လန်ရီ့။ လူကလည်း ဆွဲခါနေတာ။ လန့်ပြီး အမေရဲ့အော်၊ တားရဲ့အော်တော့ ဘေးအိမ်မှီးချင်းတွေ ပြေးလာတယ်။ နိုပ်တဲ့သူနိုပ်၊ ထူတဲ့သူထူ ရုပ်နေတုန်းမှာပဲ 'ခီး'ရှိတဲ့ အတံကြီး ထွက်ရာပြီး အဖေ ဂျက်ကျိုးကျတွားတယ်။

'မရတော့ဘူး သွားပြီ' လို့ ဘေးအိမ်က ဦးရေးကြီးက ပေါ်တယ်။ အမေ့ကို တနားတဲ့အကြည့်နဲ့ ကြည့်တယ်။ အမေက ကြောင်ပြီး ကြည့်နေတယ်။

'ဟဲ့ ငိုချလိုက်ဟဲ့၊ ငိုငို တင်းမခံနဲ့။ သွေးနုနု သားနုနုနဲ့ ဒုက္ခရောက်သွားလိမ့်မယ်' လို့ အဒေါ်ကြီးတစ်ယောက်က ပေါ်တယ်။

ဒါပေမဲ့ အမေ ညက်ရည်တစ်ဂျက်မှ အထွက်ဘူး။ အဖေ့ အတုဘက တိတ်တိတ်ချိတ်ချိတ်ပဲ ပြီးတွားတယ်။ ရန်ကုန်အိမ်ကလည်း အလာဘူး။ လူတွေ ရှန်းရှန်းရှန်းရှန်းနဲ့ ဟင်းကောင်းတွေ ကျားရတော့ တားတား တောင် ကျော်သလိုလိုပဲ။

ရက်လည်ပြီးတော့ အမေ့ရက်ထဲမှာ အတုဘကူငွေ နှစ်တောင်းလောက် ပိုတယ်။ ပိုက်ချံလေးရှေ့ချပြီး အမေက ငူငူကြီး ထိုင်နေတယ်။ ရင်ခွင်ထဲက ညီရေးက နို့ချို့လို့။ တူတောင် 'အဖေ' လို့ အခေါ်လိုက်ရသေးဘူး။ အဖေက ထွက်တွားပြီ။ ဂျပင်ချူတ်ဖွား၊ ခေါင်းချုပ်ဖွားနဲ့ အမေက ညီရေးကို ငုံ့ကြည့်တယ်။ ညီမရေးက ဘေးနားမှာ ထိုင်ရို့။ ဂျလုံထဲက ထမင်းတွေကို နှိုက်ကျားနေတယ်။

တားကတော့… တားကတော့ အင်းရေ… တားရဲ့ထိုင်နေတာပါပဲ။ ညီရေး နို့ချိုတဲ့အသံ ပွတ်…ပွတ်ကလွဲရင် တစ်ခန်းလုံး တိတ်ချိတ်နေတာပဲ။ အဖေ မချိတော့ အခန်းက ပိုကျယ်တွားသရိပဲ။ အဖေချိရင် ဒီနေရာမှာ အရက်ပုလင်း၊ ဖန်ခွက်၊ စီးကရက်တို၊ ပဲကြော်ခွံ၊ အဲဒါတွေနဲ့ ပွကျံရုံနေတာပဲ။ မူးရာရင် အဖေက ဂျကားများတယ်။ တစ်ယောက်တည်းလည်း ဂျကားတွေ ပေါ်နေတတ်တယ်။ နီဖူကြောင်ကြားဂျပင်ချေကြီးနဲ့ မုတ်ချိတ်အဖူတွေနဲ့ တွားတွေလည်း ကျိုးရို၊ မျက်နှာကလည်း တွန့်ချိုလို့ အဲဒါကြီးက တားတို့အဖေတဲ့။ အမေ မကျိန်ရဲ့ယောကျ်ားတဲ့။

တားတားတောင် ကျောင်းအတက်ရတေးဘူး။ တူက ထွက်တွားပြီ။ အမေက တွေးနုတားနု၊ ကရေးတုံးယောက်နဲ့။ ငွေလေး နှစ်တောင်းနဲ့ ဘယ်ရိုရုပ် နေရပ့်မရဲ့။

အဖေရေ…

အဖေကရေ တားတို့ချေ့ရေး ဘာမှ အကျဉ်းကြားဘူးနော်။ တားတို့ ချေ့ရေး၊ အမေ့ချေ့ရေး၊ ရန်ကုန်အိမ်ရဲ့ ချေ့ရေး ဘာမှ မကျဉ်းကြားခဲ့ပါဘူး။ အဘူ့ကိုမှရဲ ထည့်မတွက်ဘူး။ အဖေရုပ်ချင်တာ ရုပ်တွားတာပဲနော်။

တားတားရေ…

တွေးရင်း တွေးရင်း ကျိတ်ညစ်ရာတယ်။ ဒီပိုက်ချံ နှစ်တောင်းကုန်ရင် တားတို့ ဘာနဲ့ ထမင်းကျားမလဲ။ ဘယ်မှာနေရမလဲ။ ဘာရုပ်ကိုင်ကျားသောက်ရမလဲ။ တားတွေးနေသရိ အမေကျိန်ရဲ တွေးနေမှာပါ။ ဒါကြောင့် တားရော အမေရော ငြိမ်နေမိကြတာပေါ့။

အဖေ့မွေးကျေးဂျူးဆိုတာချည်းကို တားတားပေးချပ်ခွင့် မရလိုက်တာ ဝမ်းနည်းပါတယ်။ အမေ့နို့ဖိုး ချိသလို အဖေ့ချွေးဖို့လည်း ချိတယ်ရှိရင် အဲဒီ အဖေ့ချွေးဖိုးရှိတာကြီးကိုလဲ တားတားပေးချပ်လိုက်ချင်ပါတေးတယ်။

အဖေဟာ တားတားတို့အတွက် အရှိရင် အဖစ်တဲ့အဖေပါ။ ရှိရင်လဲ အဖစ်တဲ့အဖေပါ။ အဲဒီရှိ အရှိ… အဖစ်၊ ရှိ… အဖစ်တဲ့ အဖေကြီးကို တားတား ချစ်ပါတယ်။ ဒကယ်ပါ။

အဲဒီရှိအချိန်မှာ ထရံကြားထဲက အိမ်ညှောင်က ကျူတ်ထိုးလိုက်တယ်။ 'ကျွတ်…ကျွတ်… ကျွတ်…ကျွတ်' တဲ့။ အိမ်ညှောင်ရယ် တားတားကို တနားနေတာလားကွယ်။

ဘာပဲဖစ်ဖစ် အဖေရယ်။ ဂျကားကြီး ဂျကားကျယ်ပေါ်တယ်လို့ တားတားကို အပေါ်ပါနဲ့။ တောင်းရှိုးပလုံးရှိုးတာ ကျစ်ရိုးထိုးဂျံရှိတာပါ။ တားတမီးရှိုးကို ကျစ်ရိုးထုံးဂျံ အရှိဘူးရှိတဲ့ ဂျကားလိုပါပဲ။

တားတားလေ-

အဖေ့ကို အကျစ်ပါဘူးဗျာ။ ချစ်ပါတယ်။ တောင်းရှိုးပလုံးရှိုး အဖေကြီးကို တားတား ချစ်ပါတယ်။

(မှတ်ချက်။ ။ နွားအိုနောက်ကျသားကလေးတစ်ဦး၏ရင်ထဲက စာရေးသူ့အတွေးဖြစ်ပါသည်။) ■

**မကျည်းတန်၊လှိုင်ကော်**

www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ဒီနိုင်ငံမှာ ဒီအလုပ် လာမလုပ်ခင် မြန်မာနိုင်ငံက စက်ရုံတစ်ခုမှာ အလုပ်လုပ်ဖူးသေးတယ်။ အထည်ချုပ်စက်ရုံ တစ်ရုံမှာပေါ့။ ရာထူးအကြီးကြီး မဟုတ်ပါဘူး။ သာမန်



အလုပ်သမလေး ဘဝလေးပါပဲ။ ကျွန်မ ကျောင်းနေဖူးတာမှ ၈ တန်းအထိပဲ။ ပညာမှ မြင့်မြင့်မားမား မတတ်တာ။ ဘယ်လိုလုပ်ပြီး ရာထူးကြီးကြီးနဲ့ အလုပ်လုပ်နိုင်မလဲ။ ရာထူးကြီးကြီးမားမား ရဖို့ဆိုတာက ကိုယ်တိုင်ကလည်း ပညာတတ်မှ။ အင်္ဂလိပ်စာလည်း မိုးပျံအောင်တတ်မှ။ ပြီးတော့ အခြားသက်ဆိုင်ရာ သင်တန်းတွေလည်း တစ်သီကြီးတက်ထားနိုင်မှ။ ကွန်ပျူတာတို့ ဘာတို့လည်း တတ်ကျွမ်းမှလေ။

'မမလွင်မာ'က ကျွန်မနဲ့ ခွဲရမယ့်နေ့က ကျွန်မကို ဆုံးမစကားတွေပြောပြီး ဒီနိုင်ငံက အမြန်ဆုံး ပြန်နိုင်အောင် ပိုက်ဆံကို စုဖို့လည်း မှာသွားတယ်။ ဒီလိုပဲ စိတ်မကောင်းစွာနဲ့ဘဲ နှုတ်ဆက်စကားပြောရင်း ကျွန်မတို့အုပ်စုတွေ တစ်ယောက်ပြီးတစ်ယောက် ကိုယ့်ကိုလက်ခံမယ့် အိမ်ရှင်တွေဆီရောက် ကုန်ကြရင်း အုပ်စုတွေ ကွဲကုန်ကြတယ်

အဲဒီလိုတွေ တတ်ထား ပါလျက်နဲ့တောင် အလုပ်အတွေ့အကြုံ မရှိလို့ လစာနည်းနည်းနဲ့ အလုပ်ဝင်နေရတဲ့ ဘွဲ့ရတွေမှ ဒုနဲ့ဒေးဆိုတော့ ကျွန်မလိုလူက ဘယ်လိုလုပ်ပြီး ရာထူးကြီးကြီး၊ လစာမြင့်မြင့်နဲ့ ဘဝကို ရပ်တည်နိုင်မလဲ။

ရိုးရိုးစက်ရုံ အလုပ်သမ ရာထူးကလေးရဖို့တောင် စက်ရုံကဖွင့်တဲ့ သင်တန်းကို တစ်လနီးပါး တက်လိုက်ရသေးတယ်။ ရွာကနေ တက်လာတဲ့ တောသူကျွန်မက မော်တာနဲ့ စက်ချုပ်နည်းကို မတတ်လို့လေ။ ကျောင်းမနေဖြစ်တော့တဲ့နောက်ပိုင်း ရွာမှာ ကျွန်မ စက်ချုပ်ဖြစ်တယ်။ ရွာမှာ စက်ချုပ်တယ်ဆိုတာက ရိုးရိုးစက်တွေနဲ့ပဲ ချုပ်ရတာလေ။ ဒီရောက်တော့မှ မော်တာနဲ့ ချုပ်တာကို သင်ဖူးတာ။ သင်တန်းပြီးတော့ အလုပ်ကြိုးစားလို့ဆိုပြီး ကြီးကြပ်ရေးမှူးက အလုပ်ကို တစ်ခါတည်း တန်းခန့်တာနဲ့ အခက်အခဲ သိပ်မရှိလိုက်ဘဲ ဒီစက်ရုံမှာ အလုပ်လုပ်ခွင့် ရသွားတယ် ဆိုပါတော့။ အလုပ်တော့ ရပါရဲ့၊ လစာက မကောင်းပြန်ဘူး။ တစ်လတစ်လ အလျှဉ်မီအောင် မနည်းကို သုံးရတယ်။ ရွာက မိဘတွေက ငွေလိုလို့ ပို့လိုက်ရရင် အဲဒီလတော့ ပဲကြော်နဲ့ ထမင်းနဲ့ပဲ စားနိုင်တော့တယ်။

ဘဝကို ခက်ခက်ခဲခဲ ရုန်းကန်ရသူမို့ တစ်ခါတစ်ခါတော့ ကိုယ့်ဘဝကို ကိုယ်တိုင်ပဲ တော်တော်လေး စိတ်ပျက်မိတယ်။ စိတ်ဓာတ်တွေက လဲပြိုကျသွားလိုက်၊ 'ငါ့ကို မှီခိုနေတဲ့ မိသားစု ရှိသေးတယ်ဟဲ့'ဆိုပြီး အားပြန်တင်းထားလိုက်နဲ့ပေါ့။ ဆုံးမစကားတစ်ခွန်းကို မှတ်သားထားဖူးတယ်။ ဘာတဲ့ 'ကိုယ့်ဘဝကိုချည်း နိမ့်ကျနေတယ် မထင်ပါနဲ့။ ကိုယ့်ထက် နိမ့်ကျသူတွေ ကိုယ့်အနီးမှာ အများကြီး ရှိသေးတယ်ဆိုတာ သတိရပါ'တဲ့။ ဟုတ်တော့လည်း ဟုတ်ပါတယ်လေ။ ဒီစက်ရုံမှာ ကျွန်မထက် နိမ့်ကျသူတွေ အများကြီး ရှိသေးတယ်ဆိုတာ အမှန်ပဲ။

ဝေးဝေး မကြည့်နဲ့၊ ကျွန်မနဲ့တစ်ဆောင်တည်း အတူနေတဲ့ သူတွေထဲမှာပဲ ကျွန်မထက် နိမ့်ကျသူတွေ ပုံ လို့ပါပဲ။ ကျွန်မကမှ မိသား စီးပွားရေး မပြေလည်တာ တစ်ခုတည်း ရှိတယ်လို့ ပြော ရင်ရမယ် ထင်တယ်။ အခြား သော လူမှုပြဿနာတွေ မရှင်း နိုင် မလင်းနိုင်အောင် ကြုံရ တာတွေ မရှိသေးဘူး။ ဒီစက် ရုံက စက်ရုံဝန်ထမ်းတွေကို နေဖို့ပေးတဲ့ အဆောင်မှာ နေ တော့မှပဲ 'လောကကြီးမှာ ငါတော်တော်လေး ကံကောင်း နေပါသေးလား'လို့ တွေးမိ တယ်။ ပြောရရင်တော့ ရင် မောစရာတွေပဲမို့ ဆုံးနိုင်မှာကို မဟုတ်ဘူး။

မိသားစုလိုက် ဘဝဆုံး ကုန်လို့ မကောင်းတဲ့ ဘဝကို မရောက်ချင်ဘဲ ရောက်လာ ပြီး ကယ်တင်မ,စမယ့်သူနဲ့ တွေလို့ လွတ်မြောက်လာသူ တွေ။ မွေးကတည်းက မိဘ ဆိုတာ ဘယ်သူဘယ်ဝါမှန်း မသိဘဲ ကြီးပြင်းလာခဲ့သူ တွေ။ အတန်းပညာတောင်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မလောက် မတက်ခဲ့ဖူးဘဲ သေစာရှင်စာတောင် ကျွန်မရဲ့ အကူအညီကို ရယူရသူတွေ။ အို တကယ်ပါပဲ။ မြင်ရကြားရတာ ရင်ထဲမှာ ဆို့နင့်စရာတွေချည်းပဲ။ ပြောရင်းနဲ့ ကျွန်မ ငိုမိတော့မယ်။ ဒါပေမဲ့ ဆက်ပြောရဦးမယ်။ သူတို့ကြားမှာတော့ ကျွန်မက သူတို့ရဲ့ အားကျစရာ လူတစ်ယောက်ပဲ။ ဟုတ်တယ်လေ။ ကျွန်မမှာ မိဘရှိတယ်။ ချစ်စရာကောင်းတဲ့ မောင်လေးနဲ့ ညီမလေးရှိတယ်။ အတန်းပညာလည်း နေဖူးတော့ မြန်မာစာလည်း ကောင်းကောင်း ရေးတတ်ဖတ်တတ်တယ်။ အင်္ဂလိပ်စာလည်း နည်းနည်းပါးပါး နားလည်တယ်။ တစ်ခုခုဆို ကြီးကြပ်ရေးမှူးက ကျွန်မကိုပဲ ခိုင်းနေကျ၊ အားကိုးနေကျ။ နေရာလည်း ရတယ်ဆိုပါတော့။ လိုအပ်ချက်ဆိုတဲ့ စကားလုံးက ကျွန်မတို့ အသိုင်းအဝိုင်းမှာ အပေါ်များဆုံး စကားလုံးမို့ သိပ်တောင်မထူးဆန်းတော့ဘူး။ အဲဒီတော့ ကိုယ့်လိုအပ်ချက်တွေချည်း စဉ်းစားမနေဘဲ သူတို့တွေကို အားပေးရင်း ကိုယ့်မှာရှိတဲ့ စိတ်ညစ်စရာတွေ၊ အားငယ်စရာတွေဟာ တဒင်္ဂတော့ မေ့ပျောက်နိုင်တာပဲ မဟုတ်လား။

ဒီလိုပဲ နေလာရင်းနဲ့ ဒီစက်ရုံမှာ ကျွန်မ အလုပ်ဝင်တာ သုံးနှစ်ကျော်လို့ လေးနှစ်နီးပါးတောင် ဖြစ်လာပြီမို့ အတော်လေး နေသားတကျ ဖြစ်လာပြီ။ လုပ်သက်လည်း အထိုက်အလျောက် ရလာပြီဆိုတော့ လုပ်ငန်းပိုင်းလည်း အနည်းငယ် ကျွမ်းကျင်လာပြီပေါ့။ ကြီးကြပ်ရေးမှူးကလည်း ကိုယ့်အပေါ် ယုံကြည်မှုက တဖြည်းဖြည်း တိုးလာပြီမို့ အခုနောက်ပိုင်းတော့ စက်ချုပ်တဲ့ဘက်မှာ ကျွန်မ သိပ်မလုပ်ရတော့ဘူး။ ကြီးကြပ်ရေးမှူးရဲ့ တာဝန်အချို့ကို ခွဲဝေလုပ်ဆောင်ဖို့ အခွင့်ရလာခဲ့တယ်။ တာဝန်ကို ပိုယူလာရသလို လစာကိုလည်း တိုးပေးလာတယ်။ အရင်ကလောက်တော့ ကသီလင်တ မဖြစ်တော့ဘူး။

တစ်နေ့တော့ ကျွန်မတို့ စက်ရုံဝန်ထမ်းတွေ အသိဉာဏ်တိုးမြင့်ရေးအတွက် ဟောပြောပွဲတစ်ခု လုပ်ပေးတယ်။ ဟောပြောပွဲကို စက်ရုံဝန်ထမ်းအားလုံး တက်ခွင့်ရတယ်။ အဲဒီ ဟောပြောပွဲအတွက် ကျွန်မက ဧည့်ခံကြိုဆိုရေးမှာ တာဝန်ယူရတယ်။ တာဝန်ယူ ဟောပြောပေးတာက နာမည်ကြီး စာရေးဆရာမကြီးတစ်ယောက်ပဲ။ နာမည်တော့ မမှတ်မိတော့ဘူး။ ကျွန်မ မှတ်မိတာက သူဟောပြောတဲ့အကြောင်းအရာအချို့ပဲ။ ခြုံငုံပြီး ပြောရရင်တော့ လူဆိုတာ အပြောင်းအလဲလုပ်ဖို့ လိုတယ်ဆိုတဲ့အကြောင်းပဲ။ အပြောင်းအလဲကို လက်ခံနိုင်မှ ဘဝဆိုတာ တိုးတက်ပြီး အမြင့်ရောက်နိုင်မှာဆိုတဲ့ အချက်ပေါ့။ အဲဒီတော့ အပြောင်းအလဲကို လက်ခံဖို့ရာ စာများများ ဖတ်ဖို့လိုကြောင်း၊ အပြောင်းအလဲကို ကိုယ်တိုင်ရှာဖွေရမှာဖြစ်ကြောင်းလည်း ပြောသွားသေးတယ်။

သိပ်မှန်တာပေါ့။ ကျွန်မကိုယ်တိုင်က အပြောင်းအလဲကို လက်ခံပြီး ရှာဖွေနိုင်ခဲ့လို့ အခုလို ရန်ကုန်မြို့ကြီးမှာ အလုပ်တစ်ခုနဲ့ အတည်တကျ ရှိနေတာလေ။ ရွာမှာပဲ ကျန်ခဲ့တဲ့ ကျွန်မသူငယ်ချင်းတွေဆို ကောက်စိုက်၊ ပေါင်းလိုက်၊ ဒါမှမဟုတ် လင်ယူသားမွေးပေါ့။ ဒါတွေပဲ လုပ်ခွင့်ရကြတာလေ။ ကျွန်မလို မြို့ပြနဲ့ ထိတွေ့ခွင့်၊ လူတွေအကြောင်းကို လေ့လာခွင့် စတာတွေ ရနိုင်တာ မဟုတ်ဘူးလေ။ အရဲစွန့်ပြီး ရန်ကုန်ကို တက်လာခဲ့လိုက်တော့ ဘာပဲဖြစ်ဖြစ် ကျွန်မဝင်ငွေဟာ ရွာမှာ လုပ်တာထက်စာရင် အပုံကြီး သာတယ်လေ။ ရွာမှာနေတုန်းက တောသူမ ဘဝထက်တော့ အစစအရာရာ သာတာပဲလေ။ အဲဒီတော့ ကျွန်မ ရွာပြန်ဖို့တော့ လုံးဝ စိတ်ကူးမရှိတော့ဘူး။ ဒီ့ထက်တစ်ဆင့် မြင့်တဲ့ ဘဝကို ဖန်တီးဖို့ပဲ ကြိုးစားတော့မယ်။

ဒါကြောင့် အဲဒီဟောပြောပွဲ ပြီးကတည်းက ကျွန်မ စိတ်ဓာတ်တွေ တက်ကြွလန်းဆန်းနေခဲ့တယ်။ ကျွန်မဘဝ တိုးတက်ရာ တိုးတက်ကြောင်းကို ကျွန်မကိုယ်တိုင် ရှာဖို့လိုတယ်။ အပြောင်းအလဲကို ကျွန်မကိုယ်တိုင် လက်ခံနိုင်ဖို့လိုတယ်။ ကျွန်မ စာတွေ လိုက်ဖတ်တယ်။ ကျွန်မရဲ့ အခြေအနေနဲ့ ကိုက်ညီမယ့် အပြောင်းအလဲကို ကျွန်မ မဖြစ်မနေ လုပ်နိုင်မှသာ ကျွန်မရဲ့ဘဝက ဒီ့ထက် တိုးတက်မှာ။ တစ်နေ့မှာ ဂျာနယ်တစ်စောင် ဝယ်ဖတ်ရင်း ကြော်ငြာတစ်ခုကို ကျွန်မ တွေ့လိုက်တယ်။ အလုပ်ရှာဖွေရေး အေဂျင်စီတစ်ခုက ကြော်ငြာထားတာ။ နိုင်ငံရပ်ခြားမှာအလုပ်ရနိုင်မယ့် အခွင့်အရေး။ ကုန်ကျမယ့် စရိတ်တွေ အားလုံးကို အေဂျင်စီက အရင် စိုက်သုံးထားပေးမယ်လည်း ပါသေးတယ်။ ပြီးမှ အရစ်ကျ ပြန်သွင်းရမယ်တဲ့။ ကျွန်မ အရမ်းပျော်သွားတယ်။ အလုပ်ရဲ့သတ်မှတ်ချက်တွေကလည်း ကျွန်မအတွက် အံကိုက်ပဲ။ ကြော်ငြာထားတဲ့အတိုင်း အေဂျင်စီကို ဆက်သွယ်ကြည့်တော့ အဆင်ပြေတယ်။ သူတို့မေးတာတွေ နည်းနည်းပါးပါးတော့ဖြေရတာပေါ့။ ကလေးထိန်းတတ်လား၊ အိမ်မှုကိစ္စတွေ နိုင်နင်းရဲ့လား၊ ဘာလားပေါ့။ မေးခွန်းတွေက ကျွန်မအတွက်တော့ ရယ်စရာပဲ။ ဒီအလုပ်တွေကို ကျွန်မလူမည်အရွယ်ကတည်းက အကျွမ်းတဝင် ရှိခဲ့ပြီးသားပဲ။ အမေက အမြဲတမ်း မူးရူးနေတာ။ အမေကပဲ မိသားစုဝမ်းရေးအတွက် ဖြေရှင်းဖို့ အလုပ်ထွက်လုပ်နေရတော့ အိမ်မှုကိစ္စ အားလုံးနီးပါးကို ကျွန်မ ငယ်ငယ်ကတည်းက လုပ်ခဲ့ရတာ။ အခုလည်း ကိုယ့်ဘဝကိုယ်လျှောက်နေရတာမို့ ဒီအလုပ်တွေက ကျွန်မအတွက်တော့ မပြောပလောက်ပါဘူး။ အေဂျင်စီနဲ့ သဘောတူညီမှုရပြီးတဲ့နေ့က အပြန်လမ်းတစ်လျှောက်မှာ ကျွန်မ ခြေလှမ်းတွေ တက်ကြွလန်းဆန်းနေလေရဲ့။

ဘာပဲလုပ်ရလုပ်ရ နိုင်ငံ


www.burmeseclassic.com

www.burmeseclassic.com

ရပ်ခြားဆိုတာကတော့ ကျွန်မတို့နိုင်ငံမှာထက် အစစအရာရာ သာလွန်မှာ သေချာပါတယ်လေ။ ကျွန်မ ယတိပြတ် ဆုံးဖြတ်လိုက်တယ်။ အခြားမဟုတ်ဘူး။ အလုပ် ထွက်စာတင်ဖို့ပေါ့။ အခွင့်အရေးဆိုတာ နှစ်ခါမရဘူး မဟုတ်လား။ အလုပ်ကရော အဖေနဲ့အမေကပါ ကြည်ကြည်ဖြူဖြူပဲ ခွင့်ပြုတယ်။ နိုင်ငံခြားမှာ အလုပ်သွားလုပ်မယ့် ကျွန်မကို အတူနေ အဆောင်သူတွေက အံ့သြအားကျတဲ့ စိတ်တွေနဲ့ ကြည့်လို့ပေါ့။ သူတို့ရဲ့ အားကျမျက်လုံးတွေကြားမှာ ကျွန်မကိုယ်တိုင်လည်း ကျေနပ်နှစ်သက်နေမိတယ်။ နိုင်ငံခြားသွားဖို့အတွက် လိုအပ်တာတွေ ပြင်ဆင်ရင်း ခြောက်လအကြာမှာတော့ ကျွန်မရဲ့ အိပ်မက်တွေကို လက်တွေ့ မြင်မက်ခွင့်ရခဲ့တယ်။

'မြန်မာက ရောက်လာတာ သိပ်မကြာသေးပါဘူး။ လုပ်ရည်ကိုင်ရည် ရှိတယ်။ ဖော်ဖော်ရွေရွေရှိတယ်။ စိတ်လည်းချရတယ်။ ကျွန်မဘက်က အပြည့်အဝအာမခံတယ်'

ဒီနိုင်ငံဘက်က အကျိုးဆောင်က ချေ့သည်နဲ့ ကျွန်မတို့ကို မိတ်ဆက်ပေးနေတာပါ။ ကျွန်မတို့အားလုံးဟာ အေဂျင်စီက ဆင်ပေးထားတဲ့ တူညီဝတ်စုံတွေ ဝတ်လို့ပေါ့။ ရောက်ပြီး သိပ်မကြာဘူး။ ဒီနိုင်ငံက သတ်မှတ်ထားတဲ့ အိမ်အကူသင်တန်းကို တက်ကြရတယ်။ ပြီးတော့ အေဂျင်စီက ပို့တဲ့နေရာမှာ အခုလိုပဲ ကိုယ့်ကို လက်ခံမယ့် အိမ်ရှင်ကို ဝန်ဆောင်မှုပေးဖို့ စောင့်နေရတာလေ။ ကျွန်မတို့အုပ်စုမှာ စုစုပေါင်း ၁၅ ယောက်တိတိပဲ။ ပွင့်ပွင့်လင်းလင်းပြောရရင် မြန်မာနိုင်ငံက ထွက်လာတဲ့ ကျွန်မတို့အုပ်စုမှာကျွန်မတစ်ယောက်ပဲ အတန်းပညာ အနိမ့်ဆုံး။ ဘွဲ့ရတွေ၊ ဘွဲ့ကြိုတွေတောင် ပါတယ်။ ရန်ကုန်လေဆိပ်မှာ အရွယ်ပေါင်းစုံ၊ အရောင်အသွေးပေါင်းစုံနဲ့ နိုင်ငံရပ်ခြားကို ထွက်ဖို့ အဆင်သင့် ဖြစ်နေကြတာကို ကြည့်ရင်း မြန်မာနိုင်ငံမှာ လူမကျန်သေးရဲ့လားတောင် ကျွန်မတွေးမိတယ်။

> ကျွန်မနဲ့
> စက်ရုံမှာ
> အတူလုပ်ခဲ့ကြတဲ့
> မြန်မာနိုင်ငံက
> လုပ်ဖော်
> ကိုင်ဖက်တွေ
> ရော...၊
> ကျွန်မလို
> တိုးတက်
> ပြောင်းလဲ
> နေကြပြီလား
> သူတို့ရော
> ဘာတွေများ
> အပြောင်းအလဲ
> ဖြစ်နေကြပြီလဲ
> ပြီးတော့
> ကျွန်မနဲ့အတူတူ
> ဒီနိုင်ငံကို
> ရောက်လာခဲ့တဲ့
> အဖွဲ့ရောပေါ့

ဒီနိုင်ငံကို ထွက်လာတဲ့နေ့က ကျွန်မတို့အုပ်စုဟာ ဆင်တူဝတ်စုံတွေနဲ့မို့ လေဆိပ်မှာ လူတွေရဲ့ စိတ်ဝင်စားမှု အခံရဆုံးပဲ။ ကျွန်မတော့ စိတ်လှုပ်ရှားနေတာလား၊ ပျော်နေတာလားတောင် မခွဲခြားတတ်ဘူး။ ကျွန်မတို့အုပ်စုမှာ 'မမလွင်မာ'က အသက်အကြီးဆုံးပဲ။ ဆံပင်ရှည်ရှည်၊ တည်တည်ငြိမ်ငြိမ်နဲ့ အနေအေးပြီး အဝေးသင်နဲ့ ကျောင်းလည်း ပြီးထားတယ်လေ။ သူကတော့ တစ်ခုခုကို တွေးဆနေသလိုပဲ။ ကျွန်မကိုလည်း သူ့ညီမလေးနဲ့ ရုပ်ချင်းဆင်တယ်ဆိုပြီး ခင်နေလေရဲ့။ ကျွန်မကိုရော၊ သူ့အတွက်ရော စိတ်ပူတယ်လို့လည်း ပြောလား ပြောရဲ့။ ရွေးချယ်စရာ မရှိလို့သာ ဒီအလုပ်ကို ရွေးချယ်လိုက်ရတာလို့လည်း ပြောတယ်။ ကျွန်မကတော့ ခပ်ပျော်ပျော်ပဲပေါ့။ ဘဝမှာ ပထမဦးဆုံး လေယာဉ်စီးရမှာမို့ စိတ်လှုပ်ရှားနေမိတာတော့ အသေအချာပဲ။

ကျောင်းလည်း ပြီးထား၊ အင်္ဂလိပ်စကားလည်း ကျွန်မတို့ထက် အများကြီးနားလည်တဲ့ 'မမလွင်မာ'က ပထမဦးဆုံး ဈေးဦးပေါက်တယ်ပဲ ဆိုပါတော့။ 'မမလွင်မာ'က ကျွန်မနဲ့ ခွဲရမယ့်နေ့က ကျွန်မကို ဆုံးမစကားတွေ ပြောပြီး ဒီနိုင်ငံက အမြန်ဆုံး ပြန်နိုင်အောင် ပိုက်ဆံကို စုဖို့လည်း မှာသွားတယ်။ ဒီလိုပဲ စိတ်မကောင်းစွာနဲ့ဘဲ နှုတ်ဆက်စကားပြောရင်း ကျွန်မတို့အုပ်စုတွေ တစ်ယောက်ပြီး တစ်ယောက် ကိုယ့်ကိုလက်ခံမယ့် အိမ်ရှင်တွေဆီ ရောက်ကုန်ကြရင်း အုပ်စုတွေ ကွဲကုန်ကြတယ်။ ဖုန်းနံပါတ်နဲ့ လိပ်စာတွေ အပြန်အလှန် လဲရင်းပေါ့။ နိုင်ငံကူးလက်မှတ်နဲ့ အခြားသက်ဆိုင်ရာ စာရွက်စာတမ်းတွေကတော့ အေဂျင်စီကို အပ်ထားရတယ်လေ။ အေဂျင်စီက သူစိုက်ထုတ်ထားရတဲ့ ငွေပေးဆပ်နိုင်မှ ပြန်ထုတ်ပေးမှာလေ။

'မမလွင်မာ'နေရတဲ့ အိမ်ရှင်ကတော့ ကျွန်မ မသိဘူး။ ကျွန်မနေရတဲ့ အိမ်ရှင်ကတော့ လူလတ်ပိုင်းတွေပဲ။ ကလေးနှစ်ယောက်ရှိတယ်။ တစ်ယောက်က ၄ နှစ်၊ နောက်တစ်ယောက်က ၆ နှစ်။ ကလေးတွေက သိပ်မငယ်လွန်းတာမို့ ကျွန်မအဖို့ အတော်လေးသက်သာတယ်။ ရေချိုးပေး၊ ထမင်း ထည့်ကျွေးပေး၊ ကျောင်း ကြို/ပို့ လုပ်ပေးရုံပဲ။ ကျောင်းကလည်း အိမ်နဲ့ သိပ်မဝေးတော့ အဆင်ပြေပါတယ်။ အိမ်ရှင်တွေက အင်ဂျင်နီယာတွေလို့ ပြောတာပဲ။ လင်မယားနှစ်ယောက်စလုံး တစ်နေကုန် အလုပ်ဆင်းရတော့ မိုးချုပ်မှ အိမ်ပြန်ရောက်တယ်။ ထမင်းဟင်းတော့ ချက်ပေးစရာ မလိုဘူး။ အိမ်ရှင်အမျိုးသမီးက သူကိုယ်တိုင်ပဲ ချက်တယ်။ ကျွန်မ ချက်တတ်တဲ့ ဟင်းလည်း သူတို့စားတတ်မှာ မဟုတ်ဘူးလေ။ အဲဒီတော့ ကျွန်မရဲ့ အလုပ်က မီးပူတိုက်၊ အိမ်သန့်ရှင်းရေးလုပ်၊ အဝတ်လျှော်စက်နဲ့ အဝတ်လျှော်ပေး၊ လှန်းပေး။ အခြား တောက်တိုမည်ရ လုပ်ရ ပါပဲ။ ပင်ပန်းတယ် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ပေမဲ့ နားတော့ မနားရဘူး ပေါ့လေ။ အိပ်မှပဲ နားရတယ်ဆိုပါတော့။

ဒီလိုနဲ့နေရင်း ဒီနိုင်ငံမှာ အေဂျင်စီနဲ့ သဘောတူထားတဲ့ ပထမစာချုပ်သက်တမ်းတောင် ပြည့်ခါနီးပါရော။ အဆင်ပြေတဲ့သူ ရှိသလို မပြေတဲ့သူလည်း ရှိတာပဲပေါ့။ အိမ်ရှင်ပေါ် မူတည်တာပေါ့။ ဖုန်းအဆက်အသွယ် ရှိတဲ့အခါ ကြားရတဲ့ သတင်းတွေက ကောင်းတာလည်းရှိ၊ ဆိုးတာလည်းပါပေါ့။ အတူတူလာတဲ့ ကျွန်မတို့ အုပ်စုထဲမှာ ကျွန်မ အခင်ရဆုံးက 'မမလွင်မာ'ပဲလေ။ သူလည်း ကျွန်မကို အခင်ရဆုံး နေမှာပါ။ သူ့သတင်းတော့ သိပ်မကြားရဘူး။ သူကလည်း အနေအေးပြီး စကားလည်း သိပ်မပြောတာ ပါမှာပါ။

'ခင်လေး ညည်းအဖေ ဆုံးသွားပြီ။ ညည်း အဆင်ပြေရင် အမေ့ဆီကို ပိုက်ဆံပို့ပေးပါဦးလား'

အေဂျင်စီကတစ်ဆင့် ဝင်လာတဲ့ တိုတိုတုတ်တုတ် ဖုန်းသံဟာ ကျွန်မအဖို့ သိပ်ပြီး အံ့သြစရာတော့ မဟုတ်ပါဘူး။ တစ်ချိန်လုံး မူးရူးနေတဲ့ အဖေဟာ အသက်ငယ်ငယ်နဲ့ပဲ ဘဝဆုံးမယ်ဆိုတာ ကျွန်မ တွက်ပြီးသားပါ။ ဘဝတစ်လျှောက်လုံး ပင်ပင်ပန်းပန်း အလုပ်လုပ်ခဲ့ရတဲ့ အမေ့ကို နားစေချင်တာရယ်၊ အငယ်တွေရဲ့ နောင်ရေးနောင်တာ ရှိနေတာရယ်မို့ ကျွန်မ ဒီနိုင်ငံမှာ ဆက်နေဖို့ အေဂျင်စီနဲ့ စာချုပ်ထပ်ချုပ်ဖို့ ပိုသေချာသွားပြန်ရော။

'ခင် မင်း တို့အိမ်မှာ ဆက်နေဖြစ်လား'

အိမ်ရှင်လင်မယားရဲ့ အမေးကို ကျွန်မ ခေါင်းညိတ်လက်ခံရင်း ဒီနိုင်ငံမှာပဲ နောက်ထပ် စာချုပ်သက်တမ်း တစ်ခုစာ ဘဝကို ဖြတ်သန်းဖို့ အားတင်းထားလိုက်မိတယ်။ စိတ်ညစ်စရာတွေ ကြုံရပေမဲ့ အကောင်းဘက်ကိုလည်း လှည့်တွေးနိုင်ခဲ့တယ်။ ဒီကိုရောက်ပြီး နောက်ပိုင်း ကျွန်မ စက်ပစ္စည်းတွေနဲ့ အကျွမ်းတဝင် ရှိလာတယ်။ အဝတ်လျှော်စက်နဲ့ အဝတ်လျှော်တတ်လာတယ်။ အင်တာနက် သုံးတတ်လာတယ်။ ဖုန်းခေါ်တတ်လာတယ်။ ကလေးတွေနဲ့ ရင်းရင်းနှီးနှီး နေရင်း အင်္ဂလိပ်စကားလည်း အရင်ထက် အများကြီး ပြောတတ်လာတယ်။ ဒါတွေဟာ ကျွန်မ မျှော်လင့်ခဲ့တဲ့ အပြောင်းအလဲတွေပေါ့။ တိုးတက်မှုတွေပေါ့။ ငွေကြေးအရလည်း မိသားစုကို ပိုထောက်ပံ့လာနိုင်တယ်လေ။

ကျွန်မနဲ့ စက်ရုံမှာ အတူလုပ်ခဲ့ကြတဲ့ မြန်မာနိုင်ငံက လုပ်ဖော်ကိုင်ဖက်တွေရော…၊ ကျွန်မလို တိုးတက်ပြောင်းလဲနေကြပြီလား။ သူတို့ရောဘာတွေများ အပြောင်းအလဲဖြစ်နေကြပြီလဲ။ ပြီးတော့ ကျွန်မနဲ့အတူတူ ဒီနိုင်ငံကို ရောက်လာခဲ့တဲ့ အဖွဲ့ရောပေါ့။ အထူးသဖြင့် 'မမလွင်မာ'ပေါ့။ ဒီရက်ပိုင်း ကျွန်မ သူ့ကိုသိပ်တွေ့ချင်နေမိတယ်။ အခုလောက်ဆို ပြန်သွားလောက်ရောပေါ့။ ပထမစာချုပ်သက်တမ်း မပြည့်ခင်ထိတောင် သူက သိပ်နေချင်တာ မဟုတ်ဘူးလေ။ သူ့ရဲ့ ရိုးရိုးအေးအေး နေထိုင်မှုက ဒီနိုင်ငံနဲ့ ဘယ်လိုမှ အံဝင်ခွင်ကျ မရှိမှာ သေချာတယ်။ သေချာတာကတော့ ကျွန်မလို ဒုတိယအကြိမ်ထပ်ပြီး သက်တမ်းတိုး မလုပ်ဖြစ်မှာဘဲ။ ကျောင်းပြီးတဲ့အထိတောင် သူ့အိမ်ကလည်း ထားပေးနိုင်ခဲ့မှတော့ သူ့နောက်ခံ အခြေအနေက ကျွန်မလောက် မဆိုးမှာတော့ အသေအချာပဲလေ။

သူ့အကြောင်းကို တွေးရင်းနဲ့တစ်ရက်တော့ ကလေးတွေကို ကျောင်းပို့ပြီး အပြန်မှာ 'မမလွင်မာ'ကို တိုက်တိုက်ဆိုင်ဆိုင်ပဲ တွေ့လိုက်ရတယ်။ အနောက်တိုင်းဖြစ် မိတ်ကပ်တွေကို လှလှပပ လိမ်းခြယ်ပြီး၊ အဖိုးတန်အဝတ်အစားတွေကို စမတ်ကျကျ ဝတ်ဆင်ထားတဲ့ သူ့ကို မြင်လိုက်ရတော့ ကျွန်မ လူတောင်မှားကုန်တယ်။ ဒီနိုင်ငံမှာ အိမ်အကူတစ်ယောက်ရဲ့ လစာနဲ့ ဘယ်လောက်ထိပဲ နေနိုင်ထိုင်နိုင်မယ်ဆိုတာ ကျွန်မကိုယ်တိုင် သိနေလို့လေ။ ဆံနွယ်ရှည်ရှည်နက်နက်တွေ နေရာမှာလည်း ခပ်တိုတို ခွေလိပ်ထားတဲ့ အဝါရောင်ဆံနွယ်တွေက နေရာယူထားပြီလေ။ သူက အရင်လှမ်းခေါ်လိုက်မှ ကျွန်မ မှတ်မိတာ။ ကျွန်မ အတိုင်းဆို မမှတ်မိမှာ သေချာတယ်။ သူ ဒီနိုင်ငံမှာ ရှိနေတုန်းပဲမို့ ကျွန်မ အံ့သြနေမိတယ်။ သူကတော့ အရင်ကနဲ့ မတူဘဲ ခြားနားသွက်လက်တဲ့ စကားပြောဟန်တွေနဲ့လေ။ ကျွန်မကိုတောင် အချိန်ပေးပြီး စကားမပြောနိုင်တော့ဘူး။ မပြောနိုင်ဆို သူ့အိမ်ရှင် ထင်တာပါပဲ။ အတင်းလှမ်းခေါ်နေပြီမို့ သူလည်း ကျွန်မကို ကတိုက်ကရိုက် နှုတ်ဆက်ရင်း ထွက်သွားတယ်။

'သွားပြီနော် ခင်လေး၊ အဆင်ပြေတယ် မဟုတ်လား။ အန်ကယ်လ်က အနီးအနားမှာ ပြုစုမယ့် သားသမီးလည်း မရှိတော့ တို့တော့ ဒီမှာပဲ အခြေချဖြစ်တော့မလားတောင် မပြောတတ်သေးဘူး'

ခပ်ဝင့်ဝင့်လေး နှုတ်ဆက်ရင်း ထွက်သွားတဲ့ 'မမလွင်မာ'ကို ကျွန်မ ခေါင်းဆတ်ပြရင်း လက်ပြနှုတ်ဆက်လိုက်မိတယ်။ သူထွက်သွားပြီးတော့ နောက်ကျောဘက်ကနေ သူ့ကို ခပ်လှမ်းလှမ်းထိငေးကြည့်နေမိတယ်။ သူ့ရဲ့အိမ်ရှင်ဖြစ်ပုံရတဲ့ လက်တွန်းလှည်းပေါ်က အသက် ၇၀ ကျော်အရွယ် တရုတ်အဘိုးကြီးရဲ့ လက်တစ်ဖက်ဟာ 'မမလွင်မာ'ရဲ့ နောက်ကျောဘက် ခါးအောက်ပိုင်း ကောက်ကြောင်း တစ်နေရာကို ခပ်တင်းတင်း ဖျစ်ညှစ်လိုက်တာကို ကျွန်မ မြင်လိုက်ရတယ်။ 'မမလွင်မာ'ကလည်း သူ့ခန္ဓာကိုယ်ကို အလိုက်သင့် ယိမ်းနွဲ့ရင်း ပြုံးလို့ရွှင်လို့လေ။ အဲဒီမြင်ကွင်းဟာ ဒီနိုင်ငံမှာ 'မမလွင်မာ' တစ်ယောက် ဆက်နေဖြစ်ဖို့ ခိုင်လုံတဲ့ အကြောင်းပြချက်တစ်ခုများ ဖြစ်လေမလားလို့ ကျွန်မ မဝံ့မရဲ တွေးလိုက်မိတယ်။ သေချာတာကတော့ ကျွန်မရော သူပါ အမိမြေနဲ့ တစ်နည်း မဟုတ်တစ်နည်းနဲ့ ဝေးကွာနေဆဲ ဖြစ်နေဦးမှာပါလေ။ ■

လှိုင်ဖြူကို(စီးပွားရေးတက္ကသိုလ်)




www.burmeseclassic.com

www.burmeseclassic.com

၁။

'ဖေကြီး ခဝဲလေး
မရှိတော့ဘူး၊
သား ညက
သေချာထည့်ထားခဲ့တာ၊
အခု မရှိတော့ဘူး
ဖေကြီးရဲ့'
မျက်နှာသစ်ဖို့အတွက်
ရေခွက်ကို
လှမ်းယူလိုက်တဲ့
ကျုပ်လက်တွေ
ရပ်တန့်သွားရတယ်။
သားငယ်လေးရဲ့
မျက်နှာက
ပြုံတော့မယ့်မိုးလို
အုံ့မှိုင်းလို့။ ကျုပ်လည်း
ဆတ်ခနဲတုန်သွားတာပဲ။
ခဝဲဆိုတာ
ကျုပ်တို့သားအဖ
ချစ်စနိုးခေါ်တာလေ။



ခဝဲလေးက
တိုက်ကြက်ကောင်း။
နှစ်ပွဲတောင်
နိုင်ပြီးသွားပြီ။
ကြက်တိုက်သမား
တွေလည်း ဝယ်ဖို့
အမြဲလာလာ
မေးနေကြတာ။
ခဝဲလေးကို
သုံးသောင်းအထိ
ပေးထားကြတာ။
ဒါတောင်
ကျုပ်တို့
မရောင်းဘူး။

# နွေ့အာပူမှာ လေပူကာဆင့်

နတ်ရဲ၊ရှပဓမဒ၊



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျုပ် သူငယ်ချင်းက ပြော တယ်။ ငါးပွဲနိုင်လို့ရှိရင် ကြက်တိုက်သမားတွေက သိန်းချီပေးပြီး ဝယ်ကြတာ တဲ့။ အခု ခဝဲလေးကို မတွေ့ တော့ဘူးဆိုတော့ ကျုပ် တုန် လှုပ်သွားရတယ်။

'သေချာရဲ့လား သား ရဲ့၊ ညက သေချာထည့်ထား တာ ဖေကြီးလည်းတွေ့တာပဲ၊ ရှိရမှာပေါ့'

'သေချာကြည့်ပြီးပြီ၊ မရှိဘူး ဖေကြီးရဲ့၊ ခဝဲလေး အခိုးခံရပြီထင်တယ်၊ ဟို ဘက်ရပ်ကွက်ထဲက ကြက် တွေတောင် မကြာမကြာ အခိုးခံရတယ်တဲ့ ဖေကြီးရဲ့'

သားငယ်လေးက ပြော ပြီး မျက်ရည်ကျလာတော့ တယ်။ သားငယ်ကိုကြည့်ပြီး ကျုပ်ရင်ထဲ နင့်နေအောင် ခံစားရတယ်။ ခဝဲလေးကို သားငယ်လေး ဘယ်လောက် အထိ သံယောဇဉ်တွယ်နေလဲ ဆိုတာ ကျုပ် အသိဆုံး။

'မဖြစ်နိုင်ပါဘူး သား ရယ်၊ လာ…ဖေကြီးတို့ သွားရှာရအောင်နော်၊ ဖေကြီး တွေ့အောင်ရှာပေးမယ်၊ ကြား လား'

သားငယ်လေးက မျက် ရည်ကြားကနေ ခေါင်းညိတ် ပြတယ်။ ကျုပ် ခြေလှမ်းကျဲ ကျဲနဲ့ ကြက်ခြံဆီကို လျှောက် လာခဲ့တယ်။ ကြက်ခြံထဲဝင် ပြီး ကြက်တွေကို သေချာရှာ ကြည့်တယ်။ မတွေ့ဘူး။ ခဝဲ လေးကို ရှာလို့တောင် မတွေ့ ဘူး။ သားငယ်လေးပြောတာ မှန်ပြီ။ ခဝဲလေး အခိုးခံလိုက် ရပြီ။

'တောက်၊ တော်တော် အတင့်ရဲတဲ့သူခိုး၊ ခြံထဲဝင်ပြီး

> အရိုက်ခံရလို့
> အသံတစ်ချက်
> မထွက်တဲ့
> ကောင်က
> သူ
> ကုပေးထားတဲ့
> ခွေးကလေး
> တစ်ကောင်
> သေသွားတော့
> ငိုလိုက်တာများဗျာ
> ပြီးတော့
> တစ်နေ့လုံး
> ထမင်း
> လုံးဝ မစားဘဲ
> ငိုင်တိုင်ငိုင်တိုင်လေး
> နေတော့တာ

တော့တောင် ခိုးရတယ်လို့၊ မိရင်တော့လားကွာ…'

ကျုပ် ဒေါသတကြီး အော်ဟစ်လိုက်မိတယ်။ ကျုပ်တို့တန်ဖိုးထားတဲ့ ကြက် ကို ဒီလိုအလွယ်ခိုးသွားတာ ဘယ်လောက်ခံပြင်းဖို့ကောင်း လဲ။ ကျုပ်သားငယ်လေးက တော့ မြေကြီးပေါ်ထိုင်ပြီး တရှုပ်ရှုပ် ငိုကြွေးလို့။ သား ငယ်လေးအနားမှာ ကျုပ် လည်း ထိုင်ချလိုက်တယ်။ သားငယ်လေးရဲ့ ဆံပင်ကို ဖွဖွလေးပွတ်သပ်လိုက်ပြီး…

'မငိုနဲ့သားငယ်ရ၊ အဲဒီ သူခိုးကိုတွေ့ရင် မှတ်လောက် သားလောက်အောင်ကို ထိုး ပစ်လိုက်မယ်ကွ'

ကျုပ်ပြောလိုက်မှ သားငယ်လေးက မျက်ရည် တွေကြားကနေ ကျေနပ်သလို ကြည့်လာတယ်။ မခြောက် သေးတဲ့ မျက်ရည်စတွေကို ကျုပ် လှမ်းသုတ်ပေးလိုက် တယ်။ ဒါတောင် သားငယ် လေးက တရှုပ်ရှုပ်နဲ့ ငိုရှိုက် နေတုန်း။ ကျုပ်တို့က ကိုယ် မွေးထားတဲ့ တိရစ္ဆာန်တွေကို အရမ်းသံယောဇဉ်ကြီးတာ။ အရင်ကတော့ ကြက်မွေးတာ ကို ဝါသနာပါလှတာ မဟုတ် ဘူး။ ကိုယ့်ဘာသာ ဆိုင် ကယ်တက္ကစီလေးဆွဲပြီး ဘဝကို ဖြတ်သန်းလာတာ။ ကျုပ်ဆီ ဒီပိုးရောက်လာတာ သားငယ်လေးကြောင့်။

သားငယ်လေးက တိရစ္ဆာန်တွေကို အရမ်းချစ် တာ။ သူများ ရိုက်လွှတ်လိုက် တဲ့ ခွေးကလေးတွေ ထိပ် ပေါက်ခေါင်းကွဲ ဖြစ်ပြီဆို အရက်ပြန်လေး ထည့်ပေးပြီး ခေါ်ထားလိုက်ရော။ အနာ တွေ ပုပ်ပွပြီး နံစော်နေတဲ့ ခွေးကလေးတွေကိုတောင် ဒီ ကောင် မရွံရှာဘူး။ အနာထဲ ကို အရက်ပြန်တွေ လောင်း ထည့်လိုထည့်၊ မီးဖိုထဲက ပြာ တွေယူပြီး ထည့်လိုထည့်နဲ့ သူ့ဦးနှောက် တစ်ထွာတစ် မိုက်လေးက ထွက်တဲ့အတိုင်း ဒေါက်တာရမ်းကု လုပ်တတ် တာ။ ဟိုတစ်ခါကလည်း ခွေးလေးတစ်ကောင် ခြေ ထောက်နာနေတာကို သူ့ အမေရဲ့ ပရုတ်ဆီတွေ ယူ လိမ်းပေးတာ တစ်ဘူးလုံး ကုန်ရောလေ။ သူ့အမေ လက် ချက်နဲ့ အရိုက်ခံရတာတောင် ဒီကောင် အပြုံးမပျက်ဘူး။

သားငယ်လေးက တော့ ပေပေတေတေလေး ဆိုပေမဲ့ စိတ်ထားနူးညံ့တယ်။ တစ်ခုခုဆို ကူညီချင်လိုက် တာလည်း လွန်ရော။ တစ်ခါ က ခြံဝမှာလာတောင်းတဲ့ မိန်းမတစ်ယောက်ကို သူ့ အမေရဲ့ ထဘီအသစ်စ စက်ကြီးကိုယူပြီး ပေးလိုက် တာများ ရက်ရက်ရောရောပဲ။ အဲဒီထဘီက သူ့အမေ လ နဲ့ ယူထားတာလေ။ အကြွေ တောင် မကျေသေးတော့ ဒီ ကောင် အဆော်ခံရရောပေါ့။ သူ့အမေရိုက်လို့ တံမြက်စည်း တစ်ချောင်း ကုန်တာတောင် အသံတစ်ချက်မှ မထွက်ဘူး။ မနေနိုင်လို့ ကျုပ်ဝင်ဆွဲတော့ ဘာပြောတယ်မှတ်လဲ။

'ထဘီလေးတစ်ထည် ပေးလိုက်တာများ အကုန်ဆ လိုက်တာကျနေတာပဲ။ အ တော့ တံမြက်စည်းတစ် ချောင်း ဆုံးသွားပြီမဟုတ် လား၊ ဘုန်းကြီးကျောင်းမှာ သွားလှူရင် ကုသိုလ်တောင် ရဦးမယ်'

တဲ့လေ။ သူ့အမေခ ဒေါသထွက်လွန်းလို့ တဆ ဆတ်တုန်နေရော။

အရိုက်ခံရလို့ အသံတစ် ချက် မထွက်တဲ့ကောင်က သူ ကုပေးထားတဲ့ခွေးကလေး တစ်ကောင် သေသွားတော့ ငိုလိုက်တာများဗျာ။ ပြီးတော့ တစ်နေ့လုံး ထမင်းလုံး မစားဘဲ ငိုင်တိုင်ငိုင်တိုင်လေး နေတော့တာ။ အဲဒီလောက် အထိကို တိရစ္ဆာန်တွေ ချ တတ်တာ။

ရပ်ကွက်ထဲမှာလည်း သားငယ်လေးနဲ့ မသိတဲ့သူ မရှိဘူး။ ဒီကောင်က ကူညီ တတ်တော့ အားလုံးချ တယ်။ အဲဒီလို လူချစ်လူခ ပေါ်လို့လည်း ကြက်ကလေး



www.burmeseclassic.com

www.burmeseclassic.com

နှစ်ကောင် ပါလာခဲ့တာပေါ့။ ဘယ်သူပေးလိုက်လဲတော့ မသိဘူး။ ကြက်က အထီးနဲ့ အမတစ်စုံ။ မမွေးပါနဲ့လို့ ပြောတော့ သူ့ကြက်က ရိုးရိုးကြက် မဟုတ်ဘူး၊ တိုက်ကြက်တဲ့လေ။ သူ့အမေကတော့ ခါးခါးသီးသီးပဲ။ ဒီတော့ ဒီကောင် ထမင်းမစားဘဲ ဆန္ဒပြတော့တယ်။ ကျုပ်ကတော့ သားအမိနှစ်ယောက်ရဲ့ လွန်ဆွဲပွဲကို ဒီအတိုင်းပဲ ကြည့်နေလိုက်တော့တယ်။ ဒီကောင်နေနိုင်ပေမဲ့ သူ့အမေက မနေနိုင်ဘူး။ နောက်ဆုံးတော့ ခွင့်ပြုလိုက်ရောပေါ့။

အစကတော့ ဒီဝါသနာက သားငယ်တစ်ယောက်တည်း ပါလာသလားလို့ပေါ့။ တဖြည်းဖြည်းနဲ့ ကျုပ်လည်း ဝါသနာပါလာတယ်။ တက္ကစီဆွဲပြီးအပြန်ဆို ဒီကြက်ကလေးတွေဆီပဲ ပြေးကြည့်မိတယ်။ ကြက်ကလေးနှစ်ကောင်ကလည်း ကြီးလာလိုက်တာ အရောင်သွေးစုံစုံနဲ့။ သူ့အမေဆိုလည်း ဆန်လေးလက်တစ်ဆုပ်လောက် အမြဲကြဲပေးနေတာပဲ။ ဒီကြက်လေးနှစ်ကောင်ကို ကျုပ်တို့မိသားစု သံယောဇဉ်တွယ်လာရော။ ကြက်မက ဥတွေ စ,ဥတော့ သားငယ်လေး အရမ်းပျော်နေတာ။ ကြက်ကလေးတွေ ရတော့မယ်ဆိုပြီး ပျော်နေလိုက်တာ ကြည်နူးစရာအတိ။

ဒီလိုနဲ့ ကြက်နှစ်ကောင်ကို အစပြုပြီး ပွားလာလိုက်တာ ကျုပ်တို့အိမ်ဘေး မြေကွက်လပ်မှာ ကြက်ခြံသေးသေးလေး ဆောက်ထားရတဲ့အထိ။ သားငယ်လေးပြောတဲ့အတိုင်း ကြက်တွေက တိုက်ကြက်မျိုးဗျ။ အမျိုးကကောင်းသလား မမေးနဲ့။ တကယ့်ကြေးနဲ့ တိုက်စားတဲ့ ကြက်တိုက်သမားတွေတောင် မျက်စိကျလာကြတာ။ ဈေးကောင်းပေးပြီးလည်း လာဝယ်တယ်။ တိုက်ကြက်ဆိုတော့ တခြားကြက်တွေနဲ့စာရင် ဈေးကောင်းရတာပေါ့။

တိုက်ကြက်ဈေးကောင်းတော့ အရင်က ခွင့်မပြုခဲ့တဲ့ သူ့အမေက စိတ်ဝင်စားလာတယ်။ ဒါလည်း မိန်းမတွေရဲ့ သဘာဝလားတော့ မသိဘူး။ ငွေရမယ့်အကွက်ဆို မျက်ခုံးအသာပင့်ပြီး ကြည့်ပြီးသားပဲ။ အဲ သူ့အမေက ရောင်းချင်ပေမဲ့ ဒီကောင်က မရောင်းဘူး။ သူ့ကြက်ကလေးတွေကို ရောင်းမယ်လို့ပြောရင် တစ်နေ့လုံး ထမင်းမစား၊ စကားမပြောဘဲ ဆန္ဒပြတာလေ။

ကျုပ်သူငယ်ချင်း တစ်ယောက် အိမ်ကို ရောက်လာတာကစပြီး ဒီပိုးက သားငယ်လေးနဲ့ ကျုပ်ဆီ ကူးစက်သွားတော့တာပဲ။ ကျုပ်သူငယ်ချင်းက ပြောတယ်။ တိုက်ကြက်ကို ဒီအတိုင်းထားရင် ကြက်တုံးသွားတတ်တယ်တဲ့။ ဒီတော့ ခွပ်လက်ပေးရတယ်တဲ့။ ကျုပ်ကလည်း အခုမှ တိုက်ကြက်မွေးဖူးတော့ မသိဘူး။ ခွပ်လက်ပေးပြီး တိုက်ကြည့်လို့ တစ်ပွဲတက် နှစ်ပွဲတက်ဆို တိုက်ကြက်ဈေးက ကိုယ့်ပါးစပ်ထဲမှာဆိုပဲ။ တကယ့်ကြက်တိုက်သမားတွေက ကိုယ်ခေါ်သမျှဈေး ပေးဝယ်သတဲ့ဗျ။ ဒီတော့ တိုက်ကြက်အပေါ်ထားတဲ့ ကျုပ်သဘောထားတွေ ပြောင်းလာတယ်။

ကျုပ်သူငယ်ချင်းက သူ့ကြက်ကို ယူလာပြီး ကျုပ်ကြက်နဲ့ ခွပ်လက်ပေးတယ်။ နှစ်ချက်လောက်ပဲ ခွပ်ရသေးတယ် သူ့ကြက် ပြေးသွားရောဗျာ။ ကျုပ်ကြက်ရဲ့ ခွပ်ချက်က ပြင်းလိုက်တာလွန်ရော။ ကျုပ်သားငယ်လေးဆို သူ့ကြက်နိုင်လို့ ပျော်နေလိုက်တာ။ ကြက်ခွပ်လက်ပေးပြီး ဒီအတိုင်း မထားဘူးဗျ။ ရေထိုး လက်ပူတိုက်လုပ်ပေးတယ်။ ပြီးတော့ ကြက်ကို ချွဲထုတ်ပေးတယ်။ ကျုပ်သူငယ်ချင်း လုပ်ပေးနေသမျှ ကျုပ်သားနဲ့ကျုပ် ထိုင်ကြည့်နေမိတယ်။ တစ်ခါမှတ်မိသွားရင် နောက်တစ်ခါဆို သူများကို လုပ်ခိုင်းစရာ မလိုတော့ဘူးလေ။ ကိုယ်တိုင်လုပ်ရုံပေါ့။

ဒီလိုနဲ့ တိုက်ကြက်ပိုးက ကျုပ်တို့သားအဖဆီ ချင်းနင်းဝင်ရောက်လာတော့တယ်။ ကြက်ဖလေးတွေကိုကျတော့ ကောင်းကောင်း ပြုစုရတယ်။ ညရောက်လို့ အိပ်တန်းတက်ပြီဆို ကြက်ဖတွေကို တစ်ကောင်ချင်းစီ အစာထပ်ကျွေးတယ်။ ကျွေးတာကကျတော့ စပါးနဲ့ဆန်ကို ရောကျွေးတယ်။ ဒီအတိုင်း မြေမှာချကျွေးရင် ကြက်နှုတ်သီးနာမှာစိုးလို့ ဘူးခွံအလွတ်တစ်ခုမှာ အဝတ်ဟောင်းကို ပတ်ပြီး အစာတင်ကျွေးရတယ်။ ကြက်အတောင်တွေ ခြေထောက်တွေကို နှိပ်နယ်ပေးရတယ်။

ကျုပ်မိန်းမကတော့ သိပ်မကြည်ချင်ဘူး။ ကြက်တွေနဲ့ပဲ အလုပ်ရှုပ်နေတဲ့ ကျုပ်တို့သားအဖကို မျက်စောင်းတချိချိနဲ့ပေါ့။ ကျုပ်သားကြီးကတော့ ကြက်ကို ယောင်လို့တောင် မလှည့်ကြည့်ဘူး။ ကျုပ်တို့သားအဖနှစ်ယောက်သာပဲ ဒီတိုက်ကြက်တွေနဲ့ လုံးချာလိုက်နေလေတော့တယ်။

❑

၂။

အခုတလော တက္ကစီဆွဲရ သိပ်အဆင်မပြေဘူး။ မြို့သေးသေးလေးမှာ တိုးလာလိုက်တဲ့ ဆိုင်ကယ်တွေက အများကြီး။ တစ်အိမ်ကိုတောင် နှစ်စီး၊ သုံးစီး ရှိလာကြပြီ။ ကျုပ်မှာတော့ ရှိနေတဲ့ ဆိုင်ကယ်အစုတ်လေးနဲ့ပဲ ရလိုရငြား တက္ကစီဆွဲရတယ်။ တက္ကစီဆွဲတဲ့ ဆိုင်ကယ်သမားတွေလည်း အများသား။ ကိုယ့်ဖောက်သည်နဲ့ကိုယ်မို့သာ တစ်နေ့ လေးငါးထောင်ရအောင် မနည်းဟဲနေရတာ။ အများဆုံးရတဲ့နေ့ဆို ခုနစ်ထောင် ရှစ်ထောင်လောက်ပေါ့။ နယ်ဝေးကို အော်ဒါပါသွားရင် တစ်သောင်းလောက်တော့ရတယ်။

ဒါပေမဲ့ ရတဲ့ငွေက ဆိုင်ကယ်ပြင်လို့ ကုန်တာနဲ့ပဲ သိပ်အဖတ်မတင်မိဘူး။ ဆိုင်ကယ်က ကြာပြီဆိုတော့ အမြဲတမ်း ပြင်နေရတယ်။ ပျက်အစဉ်၊ ပြင်ခဏဆိုတဲ့ စကားလိုပဲ။ အမြဲပျက်ပျက်နေပြီး ပြင်လိုက်တော့လည်း ခဏလေးပဲခံတယ်။ ဆိုင်ရောက်ပြန်ရော။ ဆိုင်ကယ်လေးလည်း ထုတ်ချင်ပေမဲ့ လက်ထဲမှာလည်း ငွေပိုငွေလျှံ မရှိတော့ ခက်သား။

www.burmeseclassic.com

အခုတလော ကျုပ်မိန်းမကတော့ တော်တော်လေး တွက်ခြေကိုက်နေတယ်။ ကျုပ် တက္ကစီဆွဲတာ သိပ်မရပေမဲ့ ကြက်ရောင်းရတဲ့ငွေနဲ့ ကာမိနေလို့သာပဲ။ တိုက်ကြက်မျိုးမို့ လာဝယ်ကြတာ။ ကြက်မတမ်းတစ်ကောင်ကို ငါးထောင်ခြောက်ထောင် ရတယ်။ ကြက်ဖကျတော့ မရောင်းဘူး။ ကြက်မဆိုတော့ မျိုးပွားလာပြီး အများကြီးဖြစ်လာရင် အစာဖိုးနဲ့ အကုန်အကျများမှာစိုးတယ်။ ကိုယ်က စီးပွားဖြစ်မွေးတာမဟုတ်တော့ အများကြီးလည်း မမွေးနိုင်ဘူး။ ဒါတောင် စုစုပေါင်း အကောင်သုံးဆယ်လောက် ရှိသေးတယ်။ ကြက်မက များတယ်။ ကြက်ဖကျတော့ ဆယ်ကောင်လောက်ပဲပါတယ်။ ခွေးဆွဲတာတွေလည်း ရှိတော့ သိပ်အဖတ်မတင်ဘူး။

ကြက်ဖကကျတော့ ဈေးကောင်းရတယ်။ အလတ်စားတစ်ကောင်ကို တစ်သောင်းပေးနေပြီ။ ဒါတောင် ခွပ်လက်တစ်ခါပေးပဲ ရှိသေးတာ။ ခွပ်လက်သုံးခါ ပေးပြီးလို့ တစ်ပွဲနိုင်ရင် နှစ်သောင်း။ ဒါတောင် ကျုပ်မရောင်းဘူး။ ကျုပ်က ကြက်မွေးပြီးရင် သံယောဇဉ်ကြီးတယ်ဗျ။ ကျုပ်တို့သားအဖက ကြက်ကို ယုယုယယနဲ့ပြုစုတာ။ မျက်စိအောက် အပျောက်မခံနိုင်အောင်ချစ်တာ။

ဟိုသားအမိကကျတော့ ဒီလိုမဟုတ်ဘူး။ ကြက်ကို အစာတစ်ခါကျွေးရင် ကံကောင်း။ အိမ်ထဲကြက်ဝင်ရင် နီးတာနဲ့ ဆွဲပြီး

**သားငယ်လေး ပြောတဲ့အတိုင်း ကြက်တွေက တိုက်ကြက်မျိုးဗျ အမျိုးက ကောင်းသလား မမေးနဲ့ တကာယ့်ကြေးနဲ့ တိုက်စားတဲ့ ကြက်တိုက်သမားတွေတောင် မျက်စိကျလာကြတာ ဈေးကောင်း ပေးပြီးလည်း လာဝယ်တယ်**

ပစ်တာ။ ကြက်လာဝယ်တဲ့ အသံများ ကြားလို့ကတော့ အချိုးကို ပြောင်းသွားရော။ ကြက်ဖတွေ ဈေးကောင်းရပြီဆို ရောင်းချင်ကြတာပဲ။ ကျုပ်က ကျုပ်လက်နဲ့ ပြုစုထားတဲ့ကြက်ကို သူများကို မရောင်းချင်ဘူး။ ဒါကြောင့် ကြက်မကို ရောင်းနိုင်းပြီး ကြက်ဖကို ချမ်းသာပေးလို့ ပြောထားရတယ်။ ဒါတောင် သိပ်မကြည်ချင်သေးဘူး။ ဈေးကောင်းရတော့ ကြက်ဖကို မျက်စောင်းထိုးချင်သေးတယ်။ တကယ်မလွယ်တဲ့ မိန်းမ။

အဲ ပြောမယ့်သာ ပြောရတယ်။ ကျုပ်မိန်းမကိုလည်း သနားသားဗျ။ အရင်က ပြည့်ပြည့်စုံစုံ နေလာခဲ့သမျှ အခု အကျဉ်းထဲ အကျပ်ထဲ ရောက်လာတော့ သူလည်း ငွေရနိုင်မယ့်နည်းလမ်းတွေကို ကြံဖန်တွေးမိတယ်ထင်ပါ့။ ခြံထဲက ထွက်တဲ့ အသီးအနှံလေးတွေဆိုလည်း ဟင်းရွက်ရောင်းတဲ့ သူတွေကို ဖောက်သည်သွင်း။ ကြက်လာဝယ်ရင် ကြက်ရောင်းလို့။ ရလာတဲ့ငွေကလည်း လက်ထဲမှာ ကြာရှည်ခံတာမှတ်လို့။ နေ့မြင် ညပျောက် ဆိုသလိုပဲ။ အိမ်ရဲ့ဝေယျာဝစ္စမှန်သမျှ ကျုပ်မိန်းမပဲ ဖြေရှင်းနေခဲ့ရတာ။

အခုတလော မိန်းမလည်း မျက်နှာမကောင်းလှဘူး။ ငွေရေးကြေးရေး ကျုပ်တည်းမှုက ကျုပ်တို့ဆီ ရွှေ့လျားလာတော့ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး။ ဒီကြားထဲ တက္ကစီကလည်း သိပ်ဆွဲလို့မကောင်း။ ဟိုဘက်လမ်းထိပ်က မရွှေကြည်ကလည်း အိမ်ကို ခပ်စိပ်စိပ်လေး ဝင်ထွက်လာတော့ ကျုပ်သိလိုက်ပြီ။ ကျုပ်မိန်းမ အကြွေးယူထားမိပြီ။ မရွှေကြည်က ငွေမျက်နှာကလွဲပြီး ဘာကိုမှ ကြည့်တတ်တာ မဟုတ်ဘူး။ ဒီတော့ အကြွေးဘယ်လောက်ရှိလဲလို့ ကျုပ် မိန်းမကို မေးကြည့်မိတယ်။ ငါးသောင်းတဲ့။ အတိုးမပါဘဲ အကြွေးက ငါးသောင်းတောင်တဲ့။ တက္ကစီဆွဲလို့မှ တစ်နေ့ငါးထောင်ရရင် ကံကောင်း။ အခု ဒီငွေငါးသောင်းကို ကျုပ် ဘယ်လိုရှာရမလဲ။ ကျုပ်တို့မှာ ပိုလျှံလို့ စုမိဆောင်းမိတယ်ဆိုတာလည်း မရှိဘူး။ အကျဉ်းအကျပ်တွေက ဘေးတိုက်နံတိုက် ရွှေ့လျားလာတော့ ကျုပ်တို့လင်မယား နှစ်ယောက် ခေါင်းခဲရပြီ။

မရွှေကြည်က တစ်ပတ်[illegible] ရက်ဆိုင်းပေးထားသတဲ့။ တစ်ပတ်ပြည့်လို့မှ မပေးနိုင်ရင် မရွှေကြည်ကို ကျုပ်တို့ ဘယ်လိုရင်ဆိုင်ရမလဲ။ [illegible] စားမိတိုင်း ကျုပ်ခေါင်းမှာ ဆံပင်ဖြူတွေ များလာသလို ပဲ။ ကျုပ်မိန်းမလည်း ဘယ် လောက်တောင် သောကဖြစ် နေလိုက်မလဲ။ ကျုပ်မိန်းမကို သနားစိတ်တွေ တရိပ်ရိပ်တိုး လာရတယ်။

ကျုပ်က ဆိုင်ကယ် တက္ကစီလေးဆွဲ။ အပြန်ကျရင် ရလာတဲ့ငွေကို မိန်းမဆီအပ် ပြီးရင် ကျုပ်တို့သားအဖ ကြက်တွေနဲ့ပဲ အချိန်ကုန်သွား ကြတာ။ ကျုပ်မိန်းမကျတော့ လက်ထဲရောက်လာတဲ့ ငွေ လေးနဲ့ သင့်တင့်မျှတအောင် ဘယ်လို ခြိုးခြံသုံးနေရလဲ[illegible] တာ ကျုပ် မတွေးမိဘူး။ [illegible] တော့ ကျုပ်မိန်းမကို လေး[illegible] ရတဲ့ အချက်တစ်ချက်[illegible] ကြက်တွေကို လာဝယ်တိုင်း မရောင်းတာကိုပဲ။ ဟိုနေ့[illegible] ကြက်မတမ်းလေးတစ်ကောင် ကို လာဝယ်တော့ ကျုပ်မိန်း[illegible] ဝမ်းသာအားရနဲ့ကို ထရောင်း ရှာတာ။ လက်ထဲမှာလည်း ငွေလိုနေတယ်မဟုတ်လား[illegible] နောက်မှ လာဝယ်တဲ့သူဆီ[illegible] နေ ကြက်စွပ်ပြုတ်လေး[illegible] သောက်ချင်လို့ လာဝယ်တာ ဆိုတဲ့ စကားကိုလည်းကြား ရော မရောင်းတော့ဘူး[illegible] ငြင်းလိုက်တော့တယ်။

ကျုပ် ရင်ထဲ ပီတိဖြစ်[illegible] တယ်။ ငွေဘယ်လောက်[illegible] လို ကိုယ်မွေးထားတဲ့ ကြ[illegible] လေး သေတွင်းထဲ[illegible] မယ့် ကိစ္စကို တ[illegible]



www.burmeseclassic.com

www.burmeseclassic.com

တာ ဘယ်လောက်ကြည်နူးဖို့ကောင်းလိမ့်သလဲ။ ကျုပ်တို့က တိရစ္ဆာန်တွေကို မွေးပြီးရင် သံယောဇဉ်တွယ်လွယ်တယ်။ ကျုပ်သားငယ်လေးလည်း ဒီအတိုင်းပဲ။ သူ့ကြက်ကလေးတွေကို တုန်နေအောင်ချစ်ရှာတာ။ ကြက်မတွေရောင်းတာတောင် သူ့မျက်နှာမကြည်ချင်ဘူး။ ဒါပေမဲ့လည်း ကြက်မတွေက မရောင်းလို့မှမရ။ ကြက်တွေပွားလာရင် ထားစရာမရှိ ကျွေးစရာမရှိ ဖြစ်ကုန်မှာလေ။

'ဟူး ...'

ကျုပ် အတွေးတောင် မဆုံးသေးဘူး၊ မိန်းမဆီက ထွက်ပေါ်လာတဲ့ သက်ပြင်းချသံ သဲ့သဲ့က ကျုပ်ရင်ကို အပူလှိုင်းတစ်ခုလို ဖြတ်စီးသွားတော့တယ်။

❑

၃။

'ဖေကြီးရေ ဖေကြီး'

ဟိုတွေးဒီတွေးနဲ့ ကျုပ် ဘယ်လို အိပ်ပျော်သွားမှန်းတောင် မသိလိုက်ပါဘူး။ သားငယ်လေးရဲ့ ခေါ်သံကြားမှ ကျုပ် လန့်နိုးလာခဲ့တယ်။ ပထမဆုံး ရင်ဆိုင်လိုက်ရတာက သားငယ်လေးရဲ့ မျက်ရည်ဝိုင်းနေတဲ့ မျက်ဝန်းနှစ်စုံကိုပါပဲ။ ကျုပ် ထိတ်ခနဲ ဖြစ်သွားတယ်။ သားငယ်လေးက ကျုပ်လက်ကိုကိုင်ပြီး တုန်တုန်ယင်ယင် ပြောရှာတယ်။

'ဖေကြီး ညီလေး မရှိတော့ဘူးဖြစ်ဘူး ဖေကြီးရဲ့'

'ဘယ်လို၊ သေချာလို့လားသားရဲ့၊ ညီလေးကို ညက အစာကျွေးပြီး သားနဲ့အဖေပဲ ကြက်ခြံထဲ ပြန်ထည့်ခဲ့တာလေ'

'အခု မရှိတော့ဘူး ဖေကြီးရဲ့၊ သားရဲ့ညီလေး ပျောက်သွားပြန်ပြီ။ အီးဟီး။ သားကြက်လေး ခိုးသွားပြန်ပြီ ဖေကြီးရဲ့'

ကျုပ်ရှေ့မှာ သားငယ်လေးက ချုံးပွဲချ ငိုတော့တယ်။ ကျုပ်လည်း သားငယ်လေးကိုကြည့်ပြီး ဘာပြောရမလဲတောင် မသိတော့ဘူး။ အခုတလော ဟိုဘက်အိမ်တွေမှာလည်း ကြက်တွေပျောက်နေတယ်လို့ ပြောသံကြားတာပဲ။ အခုက သူခိုးက လျှင်ကိုလျှင်လွန်းတယ်။ ကြက်ခြံကို သေချာကြိုးချည်ထားတာတောင်မှ ရအောင်ခိုးသွားသေးတယ်။ ခိုးတဲ့ကြက်တွေကလည်း တကယ့်တိုက်ကြက်တွေချည်း။ ဈေးကောင်းပေးထားတာတောင် မရောင်းတဲ့ ကြက်တွေကို ရွေးခိုးသွားတာ။

'တိတ် တိတ် မငိုနဲ့ သားငယ်ရဲ့၊ ယောကျ်ားဆိုတာ မငိုရဘူးကွ'

'ဟိုနေ့ကလည်း သားရဲ့ ခဝဲလေး အခိုးခံရပြီးပြီ၊ အဲဒီသူခိုးကိုလည်း မိတာမဟုတ်ဘူး အီးဟီး'

သားငယ်လေးက ပြောလည်းပြော ငိုလည်းငိုတယ်။ ငိုတာမှ ရှိုက်ကြီးတငင်ငိုတာ။ ကျုပ်လည်း ပြောမယ့်သာ ပြောရတယ်။ ရင်ထဲမှာ ဝမ်းနည်းလွန်းလှပြီ။ ဒါပေမဲ့ ကြက်တွေ ပျောက်နေတာက ကျုပ်တို့တစ်အိမ်တည်း မဟုတ်တာ။ တခြားအိမ်တွေမှာလည်း ကြက်ပျောက်တဲ့ သတင်း ကြားနေရတာဆိုတော့ ကျုပ်မှာ မလူးသာ မလွန့်သာ။

'ဘာဖြစ်နေပြန်ပြီလဲ ဒီသားအဖ၊ မနက်လင်းတာနဲ့ အသံ ကြားနေရပြီ'

ကျုပ်မိန်းမက အိမ်ထဲက ထွက်လာပြီး လှမ်းပြောတယ်။ မိန်းမကို ကျုပ် အားကိုးတကြီး ကြည့်မိတယ်။ သားငယ်လေးက ဒီအတိုင်း ချော့လို့ကတော့ အငိုတိတ်မှာ မဟုတ်ဘူး။ ဒါကြောင့် မိန်းမကို စစ်ကူတောင်းသလို လှမ်းပြောလိုက်ရတယ်။

'ညီလေး ပျောက်သွားလို့ မိန်းမရဲ့'

'ဘာ ပျောက်ပြန်ပြီလား၊ ဒီသူခိုးတွေကလည်း တော် သူများအိမ်က ကြက်ကိုမှ ခိုးရတယ်လို့၊ သားငယ်လေးလည်း တိတ်တော့၊ အဲဒီ သူခိုးကိုမိရင် သားဖေကြီးက ထောင်ထဲထည့်လိုက်မယ်၊ မငိုနဲ့တော့နော်'

ကျုပ်မိန်းမက ဒေါသတကြီးအော်ပြောပြီး သားငယ်လေးကို ချော့တယ်။ ဒီတော့မှ သားငယ်လေးက ငိုရှိုက်ရင်း ခေါင်းညိတ်ရှာတယ်။ ဒါပေမဲ့ ဝမ်းနည်းတကြီးရှိုက်နေတုန်း။ ပြီးမှ ရှိုက်သံသဲ့သဲ့လေးနဲ့ ကျုပ်ကို လှမ်းခေါ်တယ်။

'ဖေကြီး'

'ပြောလေ သား၊ ငါ့သားလေးလည်း ငိုရလွန်းလို့ ပင်ပန်းနေပြီ၊ ဖေကြီးနားကို လာပါဦး သားရဲ့'

သားငယ်လေးကို ပွေ့ချီပြီး ကျုပ် ပေါင်ပေါ်မှာ ထိုင်ခိုင်းလိုက်တယ်။ ပြီးတော့ ပါးပြင်ပေါ်က မခြောက်သေးတဲ့ မျက်ရည်စလေးတွေကို လှမ်းသုတ်ပေးလိုက်တယ်။

'မေကြီး ပြောသလို သူခိုးကို ထောင်ထဲထည့်ရင် ဘာဖြစ်လဲဟင် ဖေကြီး'

'ထောင်ကျရင် လွတ်လွတ်လပ်လပ် မနေရဘူးပေါ့ သားရဲ့၊ ထောင်ဆိုတာ လူဆိုးတွေကို ဖမ်းပြီး ထည့်တာပေါ့၊ ဒီကြက်ခြံလေးလို အခန်းကျဉ်းလေးထဲမှာ နေရတာ'

'ဒါဆို ခဝဲလေးနဲ့ ညီလေးကို ခိုးသွားတဲ့ သူခိုးကို ထောင်ချပစ်နော် ဖေကြီး၊ ဒါမှ သားကြက်လေးတွေကို နောက်ထပ်မခိုးမှာ'

'အင်းပေါ့ သားရဲ့၊ နောက်တစ်ခါ မခိုးအောင် ဖေကြီး ထောင်ချပစ်မယ်နော်'

ကျုပ်ပြောလိုက်တော့မှ သားငယ်လေးက မျက်ရည်တွေကြားကနေ ပြုံးလာတယ်။ ဒီတော့မှ ကျုပ်လည်း သက်ပြင်းချနိုင်တော့တယ်။ သားငယ်လေးက သူ့ကြက်ကလေးတွေကို အဲဒီလောက်အထိကို သံယောဇဉ်ကြီးရှာတာ။ မဖြစ်တော့ဘူး။ နောက်ဆို ကြက်ခြံကို သေချာစောင့်ကြပ်မှဖြစ်တော့မယ်။ မဟုတ်ရင် လျှင်လွန်းတဲ့ သူခိုးတွေကြောင့် ကြက်ခြံလေး လုံးပါးပါးရချည်ရဲ့။

❑

၄။

ဒီနေ့ နိုးထလာတဲ့ မနက်ခင်းက ပိုခြောက်သွေ့နေသလိုပဲ။ မီးဖိုထဲမှာ ချက်ပြုတ်နေတဲ့ ကျုပ်မိန်းမအသံလည်း မကြားရဘူး။ စကားများလွန်းတဲ့ သားငယ်လေးရဲ့ အသံလည်း မကြားရဘူး။ အိပ်ရာထဲကနေ ကျုပ် ထလာခဲ့တယ်။ မျက်နှာသစ်ဖို့

www.burmeseclassic.com

အတွက် ခြံထောင့်နားက ရေတွင်းနားကို လျှောက်ခဲ့တယ်။ အဲဒီမှာ တရှုပ်ရှုပ်နဲ့ ငိုနေတဲ့ ကျုပ်သားငယ်လေးကို တွေ့လိုက်ရတာပဲ။

သားငယ်လေးက ရေတွင်းအနားမှာ ကျုံ့ကျုံ့လေး ထိုင်လို့။ နှပ်တွေတောင်ထွက်ပြီး တရှုပ်ရှုပ် ငိုနေရှာတယ်။ ကျုပ်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရပြန်တယ်။ သားငယ်လေး ဘာဖြစ်ပြန်တာလဲ။ သူ့အမေ ရိုက်လိုက်လို့များလား။ သူ့အမေရိုက်တိုင်း သားငယ်က ဒီနေရာလေးမှာ လာငိုတတ်တာ။ ဒီမိန်းမတော့ မနက်စောစောကြီး ကလေးကို ရိုက်ရတယ်လို့။ ကျုပ်မိန်းမကို ဒေါသဖြစ်သွားပြီး သားငယ်လေးဆီကို လျှောက်လာခဲ့တယ်။

'သားငယ် ဘာဖြစ်လို့လဲကွ၊ မေကြီး ရိုက်လိုက်ပြန်ပြီလား'

ကျုပ်မေးတော့ သားငယ်လေးက ခေါင်းခါပြတယ်။ ဒါပေမဲ့ ငိုနေတာကိုတော့ တစ်ချက်မှ မရပ်ဘူး။ သားငယ်လေးကို ကြည့်ပြီး ကျုပ်တောင် ဝမ်းနည်းလာမိတယ်။ သားငယ်လေးက ကျုပ်ကိုမြင်တော့မှ ပိုလို့ကို ရှိုက်ကြီးတငင်နဲ့ ငိုလာရော။

'ဒါဆို ဘာဖြစ်လို့လဲ သားရဲ့၊ ဖေကြီးကိုပြောလေ၊ မငိုပါနဲ့တော့ကွ'

ကျုပ် သားငယ်လေးရဲ့ မျက်ရည်တွေကို သုတ်ပေးလိုက်တယ်။ သားငယ်လေးက ကျုပ်ကိုကြည့်ပြီး လှမ်းပြောတယ်။

'ငနီလေး မရှိတော့ဘူး ဖေကြီးရဲ့'

သားငယ်လေးရဲ့ စကားကို ကြားတော့ ကျုပ် ထိုင်ချမိလျက်သား ဖြစ်သွားတယ်။ ခဝဲလေးနဲ့ ငညိုလေး ပျောက်သွားတာမှ မကြာသေးဘူး။ ဒီနေ့ ငနီလေး မရှိတော့ပြန်ဘူးတဲ့။

'သေချာရဲ့လား သားရဲ့၊ သေသေချာချာ ရှာကြည့်ပြီးပြီလား'

သားငယ်လေးက မျက်ရည်ကြားက ခေါင်းညိတ်ပြတယ်။ ကျုပ် ဒေါသတွေ ဆူဝေသွားတယ်။ ကျုပ်ကြက်တွေက တိုက်ကြက်မှန်းသိလို့ တမင်ခိုးသွားတာ။ ခဝဲလေးကိုဆို သုံးသောင်းပေးထားတာ။ ငနီလေးကျတော့ တစ်ပွဲပဲနိုင်သေးလို့ နှစ်သောင်းရနေပြီ။ ဒါသိလို့ကို တမင်ခိုးသွားတာ။ ကျုပ်တို့အိမ်က တိုက်ကြက်တွေကိုမှ ရွေးခိုးတာ အကြောင်းသိ မာတ်သိတွေထဲက ဖြစ်ရမယ်။ ဥစ္စာတစ်ခါပျောက် ငရဲဆယ်ခါရောက်တဲ့။ ကျုပ်မှာ ခဝဲလေးပျောက်ကတည်းက ငရဲကို အကြိမ်ကြိမ် ရောက်နေခဲ့ရတာ အခုထိ မပြီးနိုင်။

'တောက် ဒီသူခိုးတော့ကွာ၊ တွေ့ရင်တော့ မှတ်လောက်သားလောက်အောင်ကို ဆုံးမပြီး ထောင်ထဲပို့ရမယ်'

'ဟင့်အင်း ထောင်ထဲ မပို့ပါနဲ့ ဖေကြီးရဲ့'

ကျုပ်စကားအဆုံး သားငယ်လေးဆီကနေ အလန့်တကြားနဲ့ အသံထွက်လာတယ်။ ကျုပ် အံ့ဩသွားတယ်။ သူ့ကြက်လေး အခိုးခံရလို့ ရှိုက်ကြီးတငင် ငိုကြွေးနေခဲ့တာ။ အခုကျပြန်တော့ ကြက်ခိုးတဲ့ သူခိုးကို ထောင်မချပါနဲ့တဲ့။ သားငယ်လေးကို ကြည့်ပြီး ကျုပ် နားမလည်နိုင်အောင် ဖြစ်သွားတယ်။

'ဘာဖြစ်လို့လဲသားရဲ့၊ အဲဒီသူခိုးကို မတွေ့တွေ့အောင်ရှာပြီး ထောင်ချပစ်ရမှာပေါ့၊ ဒါမှ နောက်ထပ် ကြက်တွေလာမခိုးမှာ'

'ဟင့်အင်း ထောင်မချပါနဲ့နော် ဖေကြီး၊ သားမငိုတော့ပါဘူး ဖေကြီးရဲ့'

ကျုပ်ပြောလိုက်တော့ သားငယ်က အလန့်တကြား ခေါင်းခါပြတယ်။ ပြီးတော့ မျက်နှာပေါ် စီးကျလာတဲ့ မျက်ရည်တွေကို ကမန်းကတန်း သုတ်ပစ်ပြန်တယ်။ သားငယ်လေးကိုကြည့်ပြီး ကျုပ် နားမလည်နိုင်အောင် ဖြစ်သွားမိတယ်။

'ထောင်မချရင် သားရဲ့ ကြက်ကလေးတွေကို လာခိုးဦးမှာပေါ့ သားရဲ့၊ အဲဒီသူခိုးကို ထောင်ချပစ်ရမယ်'

'ဒါဆို ဖေကြီး ထောင်ကျသွားမှာပေါ့ ဖေကြီးရဲ့ အီးဟီး'

တိုးလျလျ စကားတစ်ခွန်းနဲ့အတူ ရှိုက်ကြီးတငင် ငိုချလိုက်တဲ့ သားငယ်လေးကို ကြည့်ပြီး ကျုပ် သွေးပျက်သွားမိတော့တယ်။ ကျုပ် ပါးစပ်အဟောင်းသားနဲ့ တိတ်ဆိတ်သွားမိတာ အကြာကြီး။ ကျုပ်မှာ ပြောစရာ စကားလုံးတွေ ဆွံ့အနေမိပြီး ရင်ထဲမှာ ဆို့နင့် နာကျင်လာတယ်။

'ညက ကြက်ခြံထဲမှာ အသံကြားလို့ သား ထကြည့်တော့ ငနီလေးကို ဖေကြီး ဖမ်းသွားတာ မြင်လိုက်တယ်၊ ဒါဆို ဖေကြီး ထောင်ကျမှာလားဟင်၊ ဖေကြီးထောင်ကျရင် သားအရမ်းလွမ်းနေမှာ ထောင်မကျပါနဲ့နော် ဖေကြီး သား မငိုတော့ပါဘူး ဖေကြီးရဲ့'

နွေခေါင်ခေါင်မှာ မိုးကြိုးပစ်ချလိုက်သလို ကျုပ်ခေါင်းထဲ နာကျင်မူးမိုက်သွားရတယ်။ အကြွေးတွေ ဆပ်ချင်လို့ မိန်းမနဲ့ကျုပ် တိုင်ပင်ပြီး ကြက်တွေယူရောင်းခဲ့မိတာ။ သားငယ်လေးသိရင် ဝမ်းနည်းမှာစိုးလို့ သူခိုးခိုးတယ်လို့ ပြောမိနေပေမဲ့ ကျုပ်ရင်ထဲ ဘယ်လောက်နာကျင်အောင့်မျက်ခဲ့ရသလဲ။ အခုတော့ သားငယ်လေးက သူ့ကြက်ပျောက်သွားတာထက် ကျုပ် ထောင်ကျမှာကို တွေးကြောက်နေရှာသတဲ့ လား။ ကျုပ် ရင်တွေ အစိတ်စိတ် အမြွာမြွာ ကွဲထွက်ကုန်ပြီ ထင်ပါရဲ့။

'ဖေကြီး ထောင်ကျရင် သား အရမ်းလွမ်းနေမှာ ထောင်မကျပါနဲ့နော်၊ သား မငိုတော့ပါဘူး ဖေကြီးရဲ့'

သားငယ်လေးက စကားတစ်ခွန်းကို ငိုပြီး အထပ်ထပ်အခါခါ ပြောနေခဲ့တယ်။ သားငယ်လေးရဲ့ အရှေ့မှာ ကျုပ်ဟာ အပြစ်ရှိသူလို ငူငူငိုင်ငိုင်နဲ့။ နွေ... အခုမှ ပိုပြီး ပူလာသလိုပါပဲ လား။ ထပ်ဆင့်တိုက်ခတ်လိုက်တဲ့ လေတွေကလည်း ခါတိုင်းထက် ပူပြင်းလို့။ ကျုပ်ရင်တွေလည်း တစစ်စစ် နာကျင်နေခဲ့ပြီ။ အခုနေများ မဟာပထဝီမြေကြီးက ကွဲ ထွက်လာပြီး ကျုပ်ကို စုပ်... ဝါးမျိုသွားစေချင်ပါရဲ့။

**နတ်ရဲ...**



www.burmeseclassic.com


www.burmeseclassic.com

စာရေးဆရာအောင်နိုင်မြင့်၏ ဤစာအုပ်ပါဆောင်းပါးများသည် သာမန်ဖတ်လိုက်ပါက သာမန်လောက်အကျိုးကျေးဇူးရသည်။

ပို၍လေးလေးနက်နက်ဖတ်ပါက ပို၍အကျိုးဖြစ်သည်။

စဉ်းစားချင့်ချိန် ဆင်ခြင်သုံးသပ်သော ဉာဏ်ဖြင့်ဖတ်ပါက မမျှော်မှန်းနိုင်လောက်သည့် ကျယ်ပြန့်သော အကျိုးကျေးဇူးများကိုရရှိနိုင်ပါမည်။

ဒေါက်တာစံထွန်းအောင်
B.Sc(Engg),M.C.P(Harvard)
D.M.A.,D.E.P.D.Engg




ဖြန့်ချိရေး-မိုးကျော်စာပေ

ဖမ္မတာလှစာပေအတွက်
မိုးကျော်စာပေမှဖြန့်ချိသည်။
အမှတ် (၃၈၅-၃၈၇) ဗိုလ်ချုပ်လမ်း(ရွှေဘုံသာလမ်းနှင့်၂၉လမ်းကြား)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၇၃၀ ၂၉၅၉၁၊ ၀၉-၇၃၂၄၅၂၅၇၊ ၀၉-၅၀၈၉၈၁၃၊ ၀၉-၄၂၃၇၁၈၀၀

ထွက်ပြီ

www.burmeseclassic.com

www.burmeseclassic.com

# ရွှေအသစ်

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း

အမှတ် ၃၀၂၊ ဇန်နဝါရီ၊ ၂၀၁၅

ရွှေအသစ်ကဏ္ဍာ ခေတ္တနားစဉ်မှာ
ရေးဖြစ်ခဲ့တဲ့ဆောင်းပါးကို
ရွှေအသစ်တိုင်း ဖတ်ဖြစ်မှာမဟုတ်ဘူးလို့
ယူဆတဲ့အတွက် ဒီနေရာမှာ
စကားနည်းနည်းပြောပါရစေ။ ဒီကဏ္ဍာကို
စာမူ မပေးပို့ခင်မှာ ဒီကဏ္ဍာရဲ့
စည်းမျဉ်းစည်းကမ်းများကို
သဘောတူနားလည်ပြီးဖြစ်တယ်လို့
ယူဆမှာဖြစ်တဲ့အတွက် စည်းကမ်းတွေ
မသိသေးရင် ရှာဖတ်စေချင်ပါတယ်။
စည်းကမ်းထုတ်ရခြင်းရဲ့
အဓိကရည်ရွယ်ချက်ကတော့
နည်းပညာအကူအညီကို အသုံးချနိုင်သူနဲ့
အသုံးမချနိုင်သူတွေကြားမှာ
တန်းတူ အခွင့်အရေးကို
အာမခံနိုင်ဖို့ပဲ ဖြစ်ပါတယ်။
စာတည်းများအနေနဲ့
စာရေးသူတစ်ယောက်ချင်းရဲ့အားနည်းချက်၊
အားသာချက်များသာမက ရေတိုရေရှည်
ရှင်သန်ရပ်တည်ရေးအတွက်ပါ
ထည့်သွင်းတွက်ချက်ရတာမို့
မိမိကိုယ်မိမိ တာဝန်ယူ၊ တာဝန်ခံနိုင်တဲ့
စာရေးသူများအားလုံးကို
ရွှေအသစ်က ကြိုဆိုပါတယ်။

၁။ *မြောင်းထဲသို့ စီးဝင်လာသော 'စကားစ'လေးများ*

၂။ *နေလောင်*

၃။ *ကြမ္မာဆုံရာ*

**ဆည်းဆာသစ်**

စကားပြေ၊ စကားပြော ရောထွေးမှုရှိနေပြီး စာရေးဟန် ရိုးစင်းရှေးကျနေပါတယ်။ **မြောင်းထဲသို့…** စာမူဟာ ပြော ချင်တာကို စာဖတ်သူ ရိုးရိုးလေး သဘောပေါက်သွားအောင် မခင်းကျင်းနိုင်သလို စာမူနာမည်ကလည်း စာဖတ်သူရဲ့အတွေး ကို အထောက်အကူမပြုပါဘူး။ **နေလောင်** က အချစ်ဝတ္ထု တစ်ပုဒ်ဖြစ်ပြီး သမားရိုးကျ ဆန်လွန်းလှပါတယ်။ **ကြမ္မာဆုံ ရာ** ကလည်း ပြောချင်တာကို အားစိုက်လွန်းပြီး အပြနည်းတဲ့ သာမန်စာမူတစ်ပုဒ်သာ ဖြစ်ပါတယ်။

၄။ *မဏ္ဍာပ်ထဲမှာ လူတစ်ယောက် ရှိနေတယ်*

၅။ *တောင်ညိုသူလေးနဲ့ တွေ့တုန်းက*

**ကောင်းစေသူ**

အရေးအသား ပြေပြစ်ပါတယ်။ ဒါပေမဲ့ အဖွဲ့အနွဲ့အား နည်းနေသလို အကြောင်းအရာတွေကလည်း ထူးခြားမှု မ ပါဘူး။ စာမူနှစ်ပုဒ်စလုံးဟာ စာဖတ်သူကို ဆက်ဖတ်ချင် အောင် ကောင်းကောင်းမဆွဲဆောင်နိုင်ခဲ့ပါဘူး။

၆။ *မျှော်လင့်ခြင်း သံယောဇဉ်ပွင့်ကြွေ*

**ရွှေကိုယ်နတ်(UCSM)**

စာရေးကောင်းပါတယ်။ အကြောင်းအရာအရ HIV ကို နောက်ခံထားပေမဲ့ အပြန်အလှန်စကားပြောကို အားပြုလွန်း တဲ့အတွက် ဇာတ်ကောင်စရိုက် မဖော်နိုင်တော့သလို တင်ပြ ပုံမှာလည်း အားနည်းသွားရပါတယ်။

၇။ *အရိုင်းခြေရာ*

**အသွင်ဆန်း(ပခုက္ကူ)**

မုန့်တိုင်းနောက်ခံဝတ္ထုတစ်ပုဒ်ဖြစ်ပြီး မုန့်တိုင်းရဲ့သ ရောက်မှုအပေါ် ပတ်ဝန်းကျင်အခင်းအကျင်း ပုံရိပ်တွေနဲ့ တာမျိုးမဟုတ်ဘဲ ဇာတ်ကြောင်းပြန်ပြောတဲ့၊ ရိုးစင်းလွန်း

www.burmeseclassic.com

www.burmeseclassic.com

တင်ပြပုံဖြစ်တာမို့ ဆွဲဆောင်မှုအားနည်းလှပါတယ်။

၈။ *အိမ်ပြန်ချိန်*

**မင်းထင်ကျော်(နှစ်ရှည်ပင်)**

ရိုးစင်းလှတဲ့ ဇာတ်ကွက်နဲ့ တင်ပြပုံဖြစ်ပြီး ထူးခြားမှုမရှိပါဘူး။ ပထမနာမ်စားသုံးပြီး ရေးတဲ့စာမူတွေမှာ ဇာတ်ကောင်စရိုက်ကို ပေါ်လွင်စေမယ့် အသုံးအနှုန်းနဲ့ လေယူလေသိမ်းတွေကို ထည့်မရေးနိုင်ဘူးဆိုရင် စာဖတ်သူကို ဇာတ်ထွက်တစ်ခုတည်းနဲ့ဆွဲဆောင်ဖို့ မဖြစ်နိုင်ဘူးဆိုတာ သိထားစေချင်ပါတယ်။

၉။ *ဖော်တမ်*

**ဖွဲ့နေရောင်**

ဆေးရုံပေါ်က လူနာတစ်ယောက်ရဲ့ခံစားချက်ကို အခြေခံပြီး ရေးဖွဲ့ထားတာဖြစ်ပေမဲ့ ဒိုင်ယာရီရေးသလို ဖြစ်စဉ်တွေကို တန်းစီရေးနေတာမို့ ဆွဲဆောင်မှုအားနည်းသွားပါတယ်။ ဇာတ်ကြောင်းတစ်ခုလုံးကို ဇာတ်ကောင်တစ်ယောက်နေရာက တောက်လျှောက်ရေးသွားမယ်ဆိုရင် စာဖတ်သူ ဆက်ဖတ်ချင်အောင်နဲ့ ဆက်စပ်တွေးနိုင်အောင် သဲလွန်စတွေကို စာမျက်နှာတိုင်းမှာ ဖြန့်ကြက်ထည့်ထားပေးနိုင်ရင် ကောင်းပါတယ်။ ဇာတ်ကောင်ရဲ့လေသံဟာလည်း တစ်သမတ်တည်း ဖြစ်နေတာထက် ဇာတ်ကွက်ကို လိုက်ပြီး အနိမ့်အမြင့် အတက်အကျရှိနေဖို့ လိုပါလိမ့်မယ်။

၁၀။ *ပုံရိပ်မဲ့ကြိုး*

**ကိုရင်သန်းထွန်း**

ဝတ္ထုစာမူတွေမှာ 'ကျွန်မ နာမည် ဘယ်သူပါ'လို့ စာသားမျိုးနဲ့ စဖွင့်တာဟာ စာဖတ်သူရဲ့ဆက်ဖတ်ချင်စိတ်ကို အထောက်အကူမပြုနိုင်ပါဘူး။ ဝတ္ထုဟာ စာစီစာကုံးမဟုတ်တဲ့အတွက် နောက်ခံဇာတ်ကြောင်းတွေကို အစအဆုံးပြောပြီးမှ ဇာတ်ကွက်တစ်ခုနဲ့ စာဖတ်သူကို ဆွဲခေါ်ဖို့ ကြိုးစားတာဟာ မအောင်မြင်နိုင်တဲ့ အားထုတ်မှုပဲ ဖြစ်ပါတယ်။

၁၁။ *အဖြူရောင်သင်္ကေတ*

**လင်းလက်အောင်(Y.T.U)**

စာမူနာမည်၊ အစဆုံးဝါကျနဲ့ ပထမဆုံး ဇာတ်ကောင်တွေဟာ ဝတ္ထုတိုစာမူတစ်ပုဒ်မှာ အရေးပါဆုံးဖြစ်တာမို့ အဲဒီသုံးခုကြားက အဆက်အစပ်ကို စာဖတ်သူ ကိုယ်တိုင်က ရှာဖွေတွေးတောချင်သွားအောင် ကြိုးစားဖို့ လိုပါတယ်။ စာမူအဖွင့်တွေကို သတိထားပြီး ဇာတ်ကောင်တစ်ယောက် ပေါ်လာတိုင်း စာဖတ်သူရဲ့အတွေးထဲမှာ အဲဒီဇာတ်ကောင်ရဲ့အခန်းကဏ္ဍကို ပိုသိချင်အောင် ပုံဖော်ပေးဖို့လည်း လိုပါတယ်။ အခုစာမူမှာ အဲဒီအပိုင်းတွေ အားနည်းနေပါတယ်။

၁၂။ *မတူညီတဲ့ နေဝင်ချိန်*

**မောင်သာခိုင်(မကွေး)**

အောက်ခြေလူတန်းစားတွေရဲ့ဘဝကို ပုံဖော်ဖို့ ကြိုးစားတဲ့စာမူဖြစ်ပါတယ်။ ဒီစာမူမျိုးမှာ ဖြစ်တတ်တဲ့အားနည်းချက်ကတော့ လူတိုင်းလိုလို ရေးဖွဲ့လေ့ရှိတဲ့ဇာတ်ကွက်၊ နိမိတ်ပုံနဲ့ ဝေါဟာရအသုံးအနှုန်းတွေကိုပဲ ထပ်မံသုံးစွဲနေတတ်ခြင်းဖြစ်ပါတယ်။ ဒီစာမူမှာလည်း ဖတ်နေကျပုံစံထဲက ကွဲထွက်မသွားတဲ့ အားနည်းချက်ဖြစ်လာပါတယ်။

၁၃။ *ကံပုဒ်မှသည်...*

**ASဝိုင်**

ဒီစာမူမှာလည်း စာမူအဖွင့်စာကြောင်းဟာ စာဖတ်သူရဲ့ဆက်ဖတ်ချင်စိတ်ကို မနှိုးပေးနိုင်သလို ပထမဆုံး အခန်းတစ်ခုလုံးဟာလည်း စာဖတ်သူ ဆက်တွေးချင်လောက်အောင် မပံ့ပိုးပေးနိုင်ခဲ့ပါဘူး။

၁၄။ *ထွက်ပေါက်ရှိပေမဲ့*

**ငြိမ်းချမ်းဇော်**

ဒီစာမူမှာလည်း စာမူခေါင်းစဉ်နဲ့ နိဂုံးကို ချိတ်ထားနိုင်ပေမဲ့ စာမူအဖွင့်ဟာ သာမန်ဆန်လွန်းပြီး စာဖတ်သူကို ဆက်ဖတ်ချင်စိတ် မပေးစွမ်းနိုင်ခဲ့ပါဘူး။

၁၅။ *သုံးယောက်ပေါင်း လောင်းကျော်*

**သူဇာခင်**

အပြန်အလှန်စကားပြောတွေကိုပဲ စာမူဖြစ်အောင် ရေး



www.burmeseclassic.com

www.burmeseclassic.com




ထားတာမျိုး ဖြစ်နေပါတယ်။ ဝတ္ထုတိုဆိုတာ ကိုရီးယားကား စာတန်းထိုးသလို အပြန်အလှန်စကားပြောတွေကို လိုက်ဖတ်ရုံနဲ့ စာဖတ်သူရဲ့စိတ်မျက်စိမှာ ဇာတ်ကွက်နဲ့ဇာတ်ကောင်တွေ ရုပ်လုံးကြွလာဖို့ဆိုတာ မလွယ်ကူပါဘူး။ ဒီနည်းနဲ့ စာမူကောင်းဖြစ်ချင်ရင် ပြောစကားတွေမှာ စာဖတ်သူစိတ်ဝင်စားလာအောင် ထူးခြားမှု၊ အချိတ်အဆက်တွေ ရှိဖို့ ကြိုးစားနိုင်မှ ဖြစ်ပါမယ်။

**၁၆။ *လှယုံ***

**မြတ်သောခေတ်**

စာမူနာမည်ကို စာမူနိဂုံးနဲ့ ကောင်းကောင်းကြီး ချိတ်ဆက်နိုင်သလို စာမူအဖွင့်ကလည်း အတန်အသင့်ဆွဲဆောင်မှုရှိပါတယ်။ ဒါပေမဲ့ ဇာတ်ကောင်နှစ်ယောက်ရဲ့အပြောအဆို၊ ဟန်ပန်ကို ကွဲပြားစေနိုင်မယ့် အသုံးအနှုန်းအားပြုပြီးတော့ စာမူအဆုံးသတ်ကို ထူးခြားထင်ရှားအောင် ရေးဖွဲ့နိုင်တယ်ဆိုရင်တော့ စာမူကောင်း ဖြစ်လာမှာပါ။ ကြိုးစားကြည့်ပါဦး။

**၁၇။ *ရေနွေးကြမ်းပုံပြင်***

**ပန်းမြတ်မာလာ**

ရေနွေးကြမ်းအကြောင်း ဆောင်းပါးတစ်ပုဒ်ဖြစ်နေပါတယ်။ ဝတ္ထု၊ ဆောင်းပါးနဲ့ စာစီစာကုံးကွာခြားချက်တွေကို လေ့လာပြီးမှ ရွှေအသစ်ကဏ္ဍအတွက် စာမူပေးပို့စေချင်ပါတယ်။

**၁၈။ *လူနဲ့လူ***

**၁၉။ *ခွင်***

**နေလမိုလ်**

စာမူအစနဲ့ အဆုံးတွေမှာ စိတ်ဝင်စားမှုရှိအောင် ရေးနိုင်ပေမဲ့ ရွေးချယ်ထားတဲ့အကြောင်းအရာတွေက ရိုးစင်းနေပါတယ်။ အထူးသဖြင့် **လူနဲ့လူ** မှာ ခွေးတစ်ကောင်နေရာက ရေးထားတာဟာ ဆန်းသစ်ရာ မကျပါဘူး။ **ခွင်** မှာ သစ်မှောင်ခိုအကြောင်းကို နောက်ခံထားပေမဲ့ စာဖတ်သူကို ဆွဲဆောင်နိုင်မယ့် ထူးခြားတဲ့ဗဟုသုတအခင်းအကျင်းကိုလည်း မဖွံ့ဖြိုး ပေးခဲ့နိုင်ပါဘူး။

**၂၀။ *တံငါသည် ကျွန်တော်***

**ကောင်းမြတ်**

ပြောချင်တာ ရှိနေပေမဲ့ အပြန်အလှန်စကားပြောကို အားပြုလွန်းတဲ့အတွက် ဇာတ်ကောင်စရိုက် အားမရှိပါဘူး။ ဇာတ်ကောင်တွေ တွေ့ဆုံကြတဲ့ နေရာဌာနအခင်းအကျင်းနဲ့ ပတ်ဝန်းကျင်ကို ဖွဲ့ပြပြီးတော့လည်း ဇာတ်ကောင်တွေရဲ့စရိုက်ကို အား ရှိအောင် ဖန်တီးပေးနိုင်တယ်ဆိုတာ မမေ့စေချင်ပါဘူး။

**၂၁။ *ညီကြည် နားလည်မှာပါ***

**၂၂။ *အိမ်ရဲ့ကာရံလေး***

**ဂျူပီတာ**

စာရေးကောင်းပါတယ်။ **အိမ်ရဲ့ကာရံလေး** က အကြောင်းအရာရိုးစင်းနေပြီး အဆုံးသတ်မှာ စာရေးသူ ဝင်ပြောဖို့ ကြိုးစားထားတာကြောင့် အားပျော့သွားတဲ့စာမူ ပုဒ်ဖြစ်ပါတယ်။ **ညီကြည် နားလည်မှာပါ** ကိုတော့ ဆရာ ဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်ပါတယ်။

**၂၃။ *လေဒီအိ***

**၂၄။ *ထွင့်ခေါင်သော်တာ***

**ရည်ရည်မွန်(မန္တလေး)**

အရေးအသား ပြေပြစ်သူပါ။ စာမူအဖွင့်တွေကို စိတ်ဝင်စားအောင် ကြိုးစားထားတာ တွေ့ရပါတယ်။ **ထွင့်ခေါင်သော်တာ** က ခပ်ရိုးရိုးစိတ်ကူးပေါ်မှာ ရေးဖွဲ့ထားတာဖြစ်ပြီး **လေဒီအိ** ကိုတော့ ဆရာ ဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ် ဆရာဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်တဲ့ စာမူတွေကတော့–

–ကိုဂျီးအဲရဲ့ **ရေပွက်လေးနဲ့ သမုဒ္ဒရာ**

–မြတ်ကိုကို(ရက္ခ)ရဲ့ **သူ့အရပ်နဲ့သူ့ဇာတ်**

–ဟာမ်စိုင်း(ဆေး/မန်း)ရဲ့ **ဆန့်ရေ**

–မိုင်း(မန္တလေး)ရဲ့ **တံခါးနီ**

–မိုးခကျော်သွင်ရဲ့

**စဉ်းစားရင်း တွေးရင်း ရှာဖွေဆန်းစစ်ရင်း**

တို့ဖြစ်ပါတယ်။

❑

*၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွက် ဆရာမ မသီတာ (စမ်းချောင်း) စိစစ်တင်ပြပေးလိုက်တဲ့ ဝတ္ထုတို ၇ ပုဒ်နဲ့ ပြန်လည်ပြင်ဆင်ပေးပို့လာတဲ့ ဝတ္ထုတို ၂ ပုဒ်ရှိတာကြောင့် ဒီလမှာ ရွှေအသစ်အဖြစ် ရွေးချယ်ဖို့ ဝတ္ထုတို ၉ ပုဒ်ဖတ်ရှုရပါတယ်။ ရွှေအသစ်ကဏ္ဍစတင်ဖွင့်လှစ်ခဲ့တဲ့ ၂၀၀၀ ပြည့်နှစ်ကအစ တစ်လမှာ အကောင်းဆုံး တစ်ပုဒ်၊ နှစ်ပုဒ်လောက်သာ ဖော်ပြခဲ့ရာက ၅ ပုဒ်အထိ တိုးမြှင့်နေရာပေးခဲ့ဖူးပါတယ်။ ဝတ္ထုတိုတွေ ကောင်းရင်ကောင်းသလောက် ကျွန်တော်တို့က နေရာပေးဖို့ ဝန်မလေးပါဘူး။ ဒါပေမဲ့ ကောင်းတော့ကောင်းပါရဲ့၊ တခြားဝတ္ထုတွေနဲ့ ယှဉ်လိုက်ရင် အားပျော့သွားတတ်တာတွေလည်း အများကြီး ကြုံရပါတယ်။*

*ဒီလမှာ ၉ ပုဒ်ဖတ်လိုက်တဲ့အခါ တော်တော်များများ ကောင်းကြပါတယ်။ ဝတ္ထုကောင်းတွေ ဖတ်ရလို့ ကျေနပ်မိပါတယ်။ ဒါပေမဲ့ အကောင်းတွေ များလာတဲ့အခါမှာ အချင်းချင်း ယှဉ်လိုက်တော့ အားပျော့သွားတာကို ဒီလမှာတွေ့ရပါတယ်။*

*ပထမဦးဆုံး ပြောချင်တာက ဆရာ မြတ်ကိုကို(ရက္ခ)ရဲ့ ဝတ္ထုနှစ်ပုဒ်ပါ။ ကျွန်တော်တို့က စကားပြေ၊ စကားပြော အရေးအသား ရောထွေးတာမျိုးကို လက်ခံလေ့မရှိပါဘူး။ စကားပြေနဲ့ ရေးမယ်ဆိုရင် တစ်ပုဒ်လုံး စကားပြေနဲ့ ရေးပါ။ စကားပြောလည်း ထိုနည်းတူပါပဲ။ ဆရာ မြတ်ကိုကိုရဲ့ 'လွှမ်းဆွဲပွဲ' နဲ့ 'သူ့အရပ်နဲ့သူ့ဇာတ်' နှစ်ပုဒ်စလုံးမှာ စကားပြေ၊ စကားပြောတွေ ရောထွေးနေတာ တွေ့ရပါတယ်။ ဒါကြောင့် နှစ်ပုဒ်စလုံးကို ကျွန်တော် ချန်လှပ်ခဲ့ပါတယ်။*

*ဆရာ မိုးခကျော်သွင်ရဲ့ 'စဉ်းစားရင်းတွေးရင်း ရှာဖွေဆန်းစစ်ရင်း' ဝတ္ထုက အသက်အရွယ်နဲ့မလိုက်အောင် အလှပြင်လွန်းတဲ့ မိန်းမတစ်ယောက်၊ ခင်ပွန်းသည်က သူ့အပေါ်မှာ စိတ်ကုန်နေတဲ့အခါ ငယ်ရွယ်သူ တခြားယောကျ်ားပျိုတစ်ဦးအပေါ်မှာ စိတ်တိမ်းညွတ်မှုကို ရေးဖွဲ့ထားပါတယ်။ အကြောင်းအရာ ထူးခြားဆန်းသစ်မှုမရှိပါဘူး။ လိုအပ်တာထက်ပိုပြီး ဖောင်းပွနေတာကြောင့် ကန့်သတ်ထားတဲ့စာမျက်နှာထက်လည်း ကျော်လွန်နေတာ တွေ့ရပါတယ်။*

*နောက်တစ်ပုဒ်ကတော့ ဆရာမ ရည်ရည်မွန်(မန္တလေး) ရဲ့ 'လေဒီအိ'ဝတ္ထုဖြစ်ပါတယ်။ အရေးအသားသွက်လက်ပါတယ်။ ဒါပေမဲ့ အကြောင်းအရာ ထူးခြားမှုမရှိပါဘူး။*

*နောက်ဆုံးတစ်ပုဒ်ကတော့ ဆရာ ကိုဂျီးအဲရဲ့ 'ရေပွက်လေးနဲ့သမုဒ္ဒရာ'ဝတ္ထုဖြစ်ပါတယ်။ ဆရာ ကိုဂျီးအဲရဲ့ ဝတ္ထုတင်ဆက်ပုံအတတ်ပညာက ကျွန်တော် လိုက်မမီပါ။ နားမလည်ပါ။ ကျွန်တော့်ခံယူချက်က အယ်ဒီတာဖြစ်တဲ့ ကျွန်တော်ကိုယ်တိုင် နားမလည်ဘူးဆိုရင် ကျွန်တော့်စာဖတ်ပရိသတ်လည်း နားလည်စရာအကြောင်းမရှိဘူးလို့ ထင်ပါတယ်။ ဒါကြောင့် ဆရာ ကိုဂျီးအဲရဲ့ဝတ္ထုကို မသုံးဖြစ်ပါဘူး။*

*ဒီလမှာ ရွှေအသစ်များအဖြစ် ဝတ္ထု ၄ ပုဒ်ကို ရွေးချယ်ဖော်ပြပေးလိုက်ပါတယ်။*

*–ဟာမ်စိုင်း(ဆေး/မန်း)ရဲ့ 'ဆန့်ရေ'*

*–မိုင်း(မန္တလေး)ရဲ့ 'တံခါးနီ'*

*–ဂျူပီတာရဲ့ 'ညိုကြည် နားလည်မှာပါ'*

*–ကောင်းမြတ်ရဲ့ 'မြေလျှောက်တဲ့ကြယ်'* ■

**ဝင်းငြိမ်း**

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မဇ္ဈိမတိုင်း၏ သိမ်းနက်
သင်္ကေတ ထင်မိသည်။
အချက်ပြမီးပန်းကို အရဏ်ကျင်းလုပြီမို့
ကောင်းကင်ထက်သို့ အလင်းဘက်လုလာသည့်
ချိန်ရွယ်လျက် သိမ်းနက် ကောင်းကင်ကြီးကို
ပစ်လွှတ်လိုက်သည်။ သိမ်းနက်
'ဖောင်း'ခနဲ ကြေကွဲစွာ
ပေါက်ကွဲသံနှင့်အတူ ငေးကြည့်မိသည်။
အမြင့်ဆီမှ မီးပွားတို့ သြော်...
လွင့်စဉ်ပြန့်ကျဲကျလာပုံက နှစ်ဟောင်းကုန်၍
ကောင်းကင်မှ နှစ်သစ်ကူးခဲ့
ကြယ်တစ်စင်း ချေပြီတကား။
ကြွေသည်နှင့်ပင် နှစ်တစ်နှစ်၏
တူသေးတော့။ သက္ကရာဇ်တို့
တောင်အောက်ဘက်ဆီမှ အကူးအပြောင်းမှာ
မဇ္ဈိမတိုင်းသားတို့၏ နေ့ရက်ဟောင်းတို့
ဩဘာသံကား အတားအဆီးမဲ့စွာ
တောင်ကမ်းပါးယံ ကြွေလွင့်၊
အဆင့်ဆင့်ကို ရိုက်ခတ်၍ ဒီလိုနှင့် ဒီကနေ့၏
အထက်ဘဝင်သို့တိုင် ဖြစ်ပျက်ခဲ့သမျှတို့
လွင့်တက်ခဲ့ပြီဟု သည်လည်း

အမှတ် ၃၀၂၊ ဇန်နဝါရီ၊ ၂၀၁၅

www.burmeseclassic.com

www.burmeseclassic.com

အချိန်၏ မရပ်မနား ရွေ့လျား ခြင်းအောက် နှောင်းလူတို့ ပြန်လည်ပြောဆိုစရာ ဒဏ္ဍာရီ ပုံပြင်များသဖွယ် ဖြစ်လာပေ ဦးတော့မည်။ ကျူရာဇာတ်ရပ် မှနေ၍ ပါဝင်ကပြအသုံးတော် ခံခဲ့ကြရသူတို့သည်သာ။

'အဂ္ဂနဲ့ရေဝတီ သူ့ရဲ ကောင်းတို့ရေ အသင်တို့ရဲ့ သမိုင်းဟာ မရိုင်းခဲ့ပါဘူး လေ၊ ကံကြမ္မာကသာ ရိုင်း စိုင်းကြမ်းတမ်းခဲ့တာပါ။ ဒီ နေ့မှာ အသင်တို့ရဲ့ မြင့်မြတ် တဲ့ ပေးဆပ်ခြင်းကို ကျွန်ုပ် နှလုံးသားမှာ ကမ္ပည်းတင် မော်ကွန်း ထိုးခဲ့ပြီ။ ဒီနောက် ပြည်ထောင်စုသားတိုင်းရဲ့ နှလုံးသားထဲမှာ ကမ္ပည်း မော်ကွန်းထိုးရစေမယ်ကွဲ့။

'သိမ်နုပ်တဲ့ အတွေး အခေါ်တွေနဲ့ ရက်စက်တဲ့ ကြမ္မာရိုင်းကို နှစ်ဟောင်းမှာ ထားရစ်လို့ အသင်တို့ရဲ့ မြင့် မြတ်တဲ့ ပေးဆပ်ခြင်းနဲ့ လွတ် လပ်မျှတတဲ့ သဘောထား အမြင်တွေကို ရာစုသစ်ဆီ သမိုင်းအသစ်တစ်ခုအနေနဲ့ ကျွန်ုပ် ယူဆောင်သွားပါ့မယ် သူ့ရဲကောင်းတို့ရယ်၊ ကျွန်ုပ် သယ်ဆောင်သွားပါ့မယ်'

❑

နှစ်သစ်ကူးတော့မည်။ ယခုနှစ်၏ နှစ်သစ်ကူးအခါ သမယသည် ဆယ်နှစ်တစ် ကြိမ် ကျင်းပမြဲဖြစ်သည့် သုံး ပြည်ထောင် မင်းလောင်းရွေး ပွဲကြောင့် ပြည်ထောင်စု အဝန်း ပိုလို့ပင် လှုပ်လှုပ်ရှား ရှား ဖြစ်နေခဲ့ရသည်။

ယဉ်ကျေးမှု၊ ထုံးတမ်း အစဉ်အလာတို့ မတူညီ ကွဲ ပြားသည့် တိုင်းသုံးတိုင်းကို စုစည်း၍ အင်အားကြီးမား

တိုင်းသုံးတိုင်းကို
မျှတ ညီညွတ်စွာ
ကျောသားရင်သား
မခွဲခြားဘဲ
အုပ်ချုပ်
မင်းလုပ်စေခြင်းငှာ
ပြဋ္ဌာန်းထားခဲ့သည့်
ဥပဒေတို့
သည်လည်း
အဘယ်ချောင်မှာ
ကွန်းခိုနေကြပြီ
မသိချေ
တဖြည်းဖြည်း
မသိမသာမှ
သိသိသာသာ
အက်ကြောင်း
ထင်လာခဲ့သည့်
ပြည်ထောင်စုကြီး၏
အတွင်း
သရုပ်အမှန်မှာကား
ပြည်ထောင်စု
တိုင်းသားအချင်းချင်း
ရန်စောင်အမျက်သို
မုန်းတီးစိတ်တို့ဖြင့်
ပြည့်လျှမ်းလို့
နေခဲ့ပေသည်

သည့် ပြည်ထောင်စုကြီးတစ် ရပ်အဖြစ် ရှေးအစဉ်အဆက် ဘုရင်မင်းမြတ်တို့ တည် ထောင်ခဲ့ကြသည်။

ကြမ်းတမ်းခက်ထန် သည့် မဇ္ဈိမတိုင်းသားတို့၏ စစ်တပ်၊ ရက်စက်ကြမ်း ကြုတ်သည့် ကောသလတိုင်း သားတို့၏စစ်တပ်၊ ရဲဝံ့စွန့်စား တတ်လွန်းသည့် ဂန္ဓာရတိုင်း သားတို့၏စစ်တပ်၊ ဤသုံး ပြည်ထောင် စစ်တပ်များကို စုစည်းထားသည့်ပြည်ထောင် စု၏ တပ်မဟာကြီးသည် အောင်ပွဲများ အလီလီရခဲ့ဖူး ပြီ။ ပတ်လေးလည်တိုင်း အားလုံးက လေးစားဝပ်တွား ရသည့် ပြည်ထောင်စုကြီး၏ ဩဇာအရှိန်အဝါ ခန့်ညားဝင့် ထွားပုံမှာကား စာဖွဲ့ဂုဏ်တင် ချီးမွမ်း၍ပင် ကုန်အံ့မထင်။

သို့ပေမဲ့ ဤအရာများ ကား အပေါ်ယံရွှေမှုန်ကြဲထား သည့် အလိမ်အညာ ဟန် ဆောင်မှုများသာ ဖြစ်ခဲ့ပြီး တကယ်လက်ရှိပြည်ထောင် စုကြီး၏ ပကတိအခြေအနေ မှန်မှာကား ထိုသို့မဟုတ်။ အချင်းချင်း မညီညွတ်၊ အတွင်းလှိုက်ခြစား စိတ်ဝမ်း ကွဲမှုများကြောင့် သုံးပြည်ထောင် တိုင်းသားချင်း မသင့်မမြတ် ဖြစ်ခဲ့ကြရသည်မှာ ကာလ ရှည်ကြာခဲ့ပြီ။

ရှေးအစဉ်အဆက် အမြော် အမြင်ကြီးခဲ့ကြသည့် ဘုရင် မင်းမြတ်တို့ တည်ထောင်ခဲ့ရာ စည်းလုံးညီညွတ်သည့်ပြည် ထောင်စုကြီးလည်း မဟုတ် တော့ချေ။ ကောသလတိုင်း သား သူ့ရဲကောင်း ရှင်ဘုရင် ဖြစ်ပြီဆိုမှဖြင့် ကျန်တိုင်းသား တို့အဖိနှိပ်ခံကြရသည်။ ဂန္ဓာ ရတိုင်းသားတို့၏ သူ့ရဲကောင်း ရှင်ဘုရင်ဖြစ်ခဲ့လျှင်လည်း မဇ္ဈိမတိုင်းသားနှင့် ကော သလတိုင်းသားတို့ ဘုရား တရား တ,ကြရသည်။ ထို နည်းတူစွာ မဇ္ဈိမတိုင်းသား သူ့ရဲကောင်းက ပြည်ထောင် စုကို အုပ်စိုးစီမံခွင့်ရပြန်လျှင် လည်း ကောသလတိုင်းသား များနှင့် ဂန္ဓာရတိုင်းသားတို့မှာ ဆယ်နှစ်စာ စိတ်သောက ဒုက္ခတို့ကို ရင်ဆီးကာ ခံစား ကြရပေတော့သည်။

တိုင်းသုံးတိုင်းကို မျှတ ညီညွတ်စွာ ကျောသားရင် သား မခွဲခြားဘဲ အုပ်ချုပ်မင်း လုပ်စေခြင်းငှာ ပြဋ္ဌာန်းထား ခဲ့သည့် ဥပဒေတို့သည်လည်း အဘယ်ချောင်မှာ ကွန်းခိုနေ ကြပြီ မသိချေ။ တဖြည်း ဖြည်း မသိမသာမှ သိသိသာ သာ အက်ကြောင်းထင်လာခဲ့ သည့် ပြည်ထောင်စုကြီး၏ အတွင်းသရုပ်အမှန်မှာကား ပြည်ထောင်စုတိုင်းသားအချင်း ချင်း ရန်စောင်အမျက်သို မုန်း တီးစိတ်တို့ဖြင့် ပြည့်လျှမ်းလို့ နေခဲ့ပေသည်။

သုံးပြည်ထောင်ခေါင်း ဆောင်တို့ ကိုယ်၌ကလည်း ပြည်ထောင်စုကြီး၏ အုပ်ချုပ် ခွင့်အာဏာကို မိမိတို့တိုင်း သားသူ့ရဲကောင်း လက်ဝယ် ပိုင်ပိုင်ရောက်ရှိရေး အကြောင်း တစ်ခုကိုသာ နည်းလမ်းမျိုးစုံ ဖြင့် အားထုတ်ကြိုးပမ်းလျက် ရှိနေခဲ့ကြရာ ပြည်ထောင်စု ကြီး ရေရှည်တည်တံ့ခိုင်မာ ဖွံ့ဖြိုးရေးအတွက် အနည်း ငယ်မျှပင် အချိန်မပေးနိုင် လောက်အောင် လွန်စွာ မအားမလပ်ဖြင့် အလုပ်ကိုယ် စီရှုပ်လျက် ရှိကြကုန်၏။

ပြည်ထောင်စုကြီး၌ အုပ်ချုပ်မင်းလုပ်မည့် ပြည် ထောင်စုရှင်အား ဆယ်နှစ် တစ်ကြိမ် သုံးပြည်ထောင် သူ့ရဲကောင်းများထဲမှ ရွေး ကောက်တင်မြှောက်ခဲ့ကြ သည်။ သုံးပြည်ထောင်စု ရွေးချယ်ခံသူ့ရဲကောင်း သုံး ယောက်တို့သည် တိုင်းသုံး တိုင်း ထိစပ်ဆုံစည်းရာ ... နေရာဖြစ်သည့် မရ...တောင်



www.burmeseclassic.com

www.burmeseclassic.com

ပေါ်ဝယ် သဘာဝအခက်အခဲ အတားအဆီးအမျိုးမျိုးကို ဦးစွာ ကျော်ဖြတ်ကြရပြီးနောက် အဆုံးတွင်မှ သူရဲကောင်းများ အချင်းချင်း စီးချင်းထိုးတိုက်ခိုက်ရင်ဆိုင်ပြီးသကာလ အနိုင်ရသည့်သူရဲကောင်းသာလျှင် ပြည်ထောင်စုရှင်အဖြစ်သို့အောင်မြင်စွာ ရောက်ရှိချီးမြှင့်ခြင်း ခံကြရပေသည်။

ပြည်ထောင်စုရှင် ဖြစ်ခွင့်ရသည့် သူရဲကောင်းမှအပ ကျန်သူရဲကောင်းများမှာ ရှင်သန်ကြွင်းကျန်ခြင်း အလျှင်းမရှိစေရ။ ဤသည်ပင် ပြည်ထောင်စု၏ပြင်းထန်ရက်စက်လှသည့် သံမဏိစည်းမျဉ်းတစ်ခု ဖြစ်တော့သတည်း။

❑

ပြည်ထောင်စုရှင် အဖြစ်မှ ရာထူးသက်တမ်း ကုန်ဆုံးတော့မည့် မဇ္ဈိမတိုင်းသားတို့၏ သူရဲကောင်း ရှင်ဘုရင်ကြီးသည် မိမိရှေ့တော်မှောက်၌ မိမိကိုယ်စား ပြည်ထောင်စုရှင်နေရာအတွက် သွားရောက်ယှဉ်ပြိုင်ရန် ရောက်ရှိနေသည့် သူရဲကောင်းကို တွေတွေကြီး ငေးကြည့်နေမိသည်။

သူရဲကောင်း သိမ်းနက်။ မိမိ၏ ရင်နှစ်သည်းချာ သားတော်၊ သူရဲကောင်းတို့၏ ကြန်အင်လက္ခဏာ ပြည့်စုံစွာဖြင့် ရင့်ကျက်တည်ကြည်စွာ ခမည်းတော်ထံမှ ဩဝါဒကို ခံ့ညားစွာ ငုံလင့်နေသည့် သားတော်၊ ယင်းသူရဲကောင်းသည် မိမိထံမှ ညွှန်ကြားမှုကို နောက်ဆုံးနာခံရန် ရောက်ရှိခဲ့ခြင်းပေလော။

မိမိ၏ နှလုံးသားကို ညှစ်ခြေခြင်းခံရဘိသကဲ့သို့ နာကျင်ပြင်းပြစွာ ဖြစ်ပေါ်လာသည့် စိတ်ခံစားချက်တို့ကို သားတော် မသိရှိ၊ မရိပ်မိအောင် ဖုံးဖိထားလျက် မိမိတို့မျိုးနွယ်စုအတွက် အသက်တမျှ အရေးကြီးသည်ဟု စိတ်ဝယ်ခံယူထားမိသည့် စကားတစ်ခွန်းကိုသာ သားတော်အား အလေးအနက်ထား မိန့်ကြားမိသည်။

'မဇ္ဈိမရဲ့ အောင်ပွဲကို ဆောင်ကြဉ်းခဲ့ပါ သားတော်'

သူရဲကောင်း သားတော်သည် ကတိမပေးခဲ့၊ ခမည်းတော် ဘုရင်ကြီးကို သာရှိသေစွာ ဂါရဝပြု၍ နှုတ်ဆက်ထွက်ခွာသွားခဲ့သည်။ မြဲမြံသော ခြေလှမ်းများ၏ ဦးတည်ရာကား သူရဲကောင်းတို့ဆုံရပ် မရဏတောင်ဆီသို့။

❑

ခပ်ကြမ်းကြမ်း တိုက်ခတ်နေသည့်လေဒဏ်ကြောင့် ခြေလက်တို့ကို ပိုမိုမြဲမြံစေလိုက်ပြီး အမြင့်မှ ထိုးထွက်နေသည့် ကျောက်စွန်းတစ်ခုဆီ သိမ်းနက် ဆက်တက်ခဲ့လိုက်သည်။

မရဏတောင်။ အမည်နှင့် လိုက်ဖက်စွာ ကြောက်မက်ဖွယ် မြင့်မားမတ်စောက်မှုတို့ဖြင့် ကျောက်သားအတိပြီးလေသောတောင်။ လွန်စွာ တက်ရခက်ခဲသည့် သဘာဝ၏ သေမင်းတမန် တောင်တစ်လုံး။ သစ်ကြီးဝါးကြီးတို့ ပေါက်ရောက်မှု လုံးဝမရှိဘဲ ကျောက်ကပ်နွယ်ပင် အချို့နှင့် ဆီးနှင်းတို့ဖြင့် ရွှဲရွှဲစိုနေသည့် ချုံပင်များသာ မင်းမူထားသည်။ မရဏတောင်၏ ပထဝီအနေအထားနှင့် ပြင်းထန်အေးခဲလှသည့် ရာသီဥတုဒဏ်ကြောင့် လူသတ္တဝါမဆိုထားဘိ သားရဲတိရစ္ဆာန်များကိုပင် တွေ့ရခဲလှသည်။

ဒီနေ့မှာတော့ မိမိအပါအဝင် လူသားသုံးဦးမှာဖြင့် အန္တရာယ်ကို ခါးပိုက်ဆောင်ဓားလို ရင်မှာပိုက်ပြီး ဤမရဏတောင်ကို တက်နေကြရသည်ဟု တွေးမိတော့ သိမ်းနက်နှုတ်ခမ်းတို့ အလိုလို ပြုံးမိသွားရသည်။ ကျောက်အစွန်းပေါ် ခြေပစ်လက်ပစ်ထိုင်ချလိုက်မိရင်း မိမိရင်ဆိုင်ရမည့် သူရဲကောင်းနှစ်ဦး၏ အကြောင်းကို ပြန်လှန်စဉ်းစားမိသည်။

ကောသလတို့၏ သူရဲကောင်း 'အဂ္ဂ'။ လုံ့အစွမ်းဖြင့် လွန်စွာမှ ကျော်ကြားလာခဲ့သူ အဂ္ဂ။ မဇ္ဈိမတိုင်းသားတို့၏ နှလုံးအိမ်ကို အမိက ညှိုးနွမ်းစေသူ အဂ္ဂ။ နောက်တစ်ဦးက 'ရေဝတီ'။ ဂန္ဓာရတိုင်းသားတို့ စေလွှတ်လိုက်သည့် သူရဲကောင်းသည် မိန်းမသားမို့အထင်သေးမိလျှင်တော့ ထိုသူသာ နောင်တရစရာအဖြစ်နှင့် ကြုံရပေလိမ့်မည်။ ဂန္ဓာရသားတို့သည် အနှိမ်ခံကလေးကို အပျင်းပြေ သေပွဲဝင်ခိုင်းရန်အလို့ငှာ ယစ်ပူဇော်သလို စေလွှတ်လိုက်ကြခြင်းတော့ မဟုတ်တန်ရာ။

မိမိခါးမှာ ချိတ်ဆွဲထားသည့် လက်စွဲတော်ဓားကို ကြည့်မိတော့ တက္ကသိုလ်မှ ဆရာသခင်များ၏ စကားက သိမ်းနက်နားဝမှာ ပြန်ကြားယောင်လာမိသလို။

'တရားမျှတမှုကို ချစ်ပါ တပည့်၊ မိမိဓားကိုလည်း ချစ်ပါ'။ ဓားကို အိမ်မှ ခပ်ဖွဖွ ဆွဲထုတ်လိုက်သည်။ လက်လေးသစ်ခန့်ရှိ နှစ်ဖက်သွားဓား၏ အသွားတစ်ဖက်စီမှာ အပြာရောင်လဲ့လဲ့ ယှက်သန်းလို့ နေပါ၏။

'အဆိပ်'၊ 'အဆိပ်'။ သိမ်းနက် ကိုယ့်အဖြစ်ကိုယ် ဟားတိုက်လို့သာ ရယ်လိုက်ချင်ပါ၏။ သြော် သူရဲကောင်းရဲ့ဓားမှာလည်း အဆိပ်နဲ့ပါလားလေ။ နတ်ဆရာနှင့် တကွ စစ်မှူးစစ်ကဲအပေါင်းတို့၏ အလိုဆန္ဒကို သိမ်းနက် မငြင်းဆန်နိုင်ခဲ့ပါ။ ဓားကို ဂရုတစိုက် အိမ်ထဲ ပြန်ထည့်ပြီး ဆိတ်သားရေအိတ်ထဲမှ ရေကို တစ်ကျိုက်မော့သောက်လိုက်သည်။

မိုးအမြင့်ဆီမှ မိမိကို ငုံ့လင့်နေသည့် မရဏတောင်ထိပ်။ အဝေးတောင်အောက်ဆီမှ စောင့်စားကြည့်ရှုနေကြသည့် မဇ္ဈိမတိုင်းသားတို့၏ အာရုံ၌ သူတို့၏ သူရဲကောင်းသည် တဖြည်းဖြည်း မြင်ကွင်းမှ ဝေး ဝေးသွား၊ နောက်ဆုံး အစက်အပြောက်လေးတစ်ခုအဖြစ် ဆည်းဆာနှင့်အတူ လုံးဝ ပျောက်ကွယ်သွားတော့သည်။

❑

သိမ်းနက်မျက်စိ မမှားနိုင်ပါ။ မီးခိုးတလူလူ ထွက်ပေါ်ရာနေရာသို့ အသာအယာ ချဉ်းကပ်ခဲ့လိုက်သည်။ တွေ့ရပါပြီ၊ ကျောက်သားကမူတို့ ကွဲပါးရာ တလင်းပြင်၌ မီးပုံတစ်ပုံ၊ မီးပုံပေါ်မှာ တံစို့ထိုးကင်ထားသည့် ယုန်တစ်ကောင်၊ မီးပုံဘေးဝယ် ကုန်းကွကွနှင့် ထင်းထိုင်ထိုးနေသည့် လူတစ်ယောက်။ မီးရောင်ကြောင့် ထိုသူ့နံဘေးမှာ ချထားသည့် ရွှေအိုရောင်အသွားနှင့် ပန်းပွားတပ်လုံ့ကို

www.burmeseclassic.com

အတိုင်းသား မြင်နေရသည်။ သေချာပြီ၊ ထိုသူသည် အဂ္ဂ။

မီးပုံရှိရာ သိမ်းနက် လှမ်းခဲ့လိုက်သည်။ လူရိပ်ကြောင့် မော့ကြည့်လာသည့် အဂ္ဂ၏ မျက်ဝန်းထဲမှာ စိုးရွံ့ခြင်း၏ အရိပ်လက္ခဏာတို့ အလျှင်းကင်းမဲ့နေသည်ဟု သိမ်းနက်ထင်သည်။ မီးပုံဘေးရှိ ကျောက်တုံးတစ်ခုပေါ် ဝင်ထိုင်လိုက်ရင်း…

'အသင် သတိလက်လွတ် နေနိုင်လွန်းတယ် အဂ္ဂ၊ ကျွန်ုပ်နေရာမှာ တခြားတစ်ယောက်သာဆို အသင် အသက်နဲ့ခန္ဓာ အိုးစားကွဲလောက်ပြီ'

သိမ်းနက်အပြောကြောင့် အဂ္ဂက စပ်ဖြဲဖြဲအမူအရာဖြင့် လှည့်ကြည့်လာသည်။ 'ဟဲဟဲ အသင်ထင်လို့ပါ သိမ်းနက်ရယ်၊ ကျွန်ုပ်မှာ ကင်းသမားရှိပါတယ်လေ'။ အဂ္ဂစကားအဆုံး ငှင်းလက်ထဲမှသစ်ကိုင်းဆီ 'ဒုတ်' ခနဲ မြားတစ်စင်း လာစွဲ၏။

'စကားပြောရင် ဆင်ခြင်ပြောအဂ္ဂ၊ အထက်စီးလေသံနဲ့ သိပ်မပြောနဲ့။ ကျွန်ုပ်မြားက အသင့်ကိုအရင် ဇီဝိန်ခြွေပစ်လိုက်မယ်'

အပြောမာသလောက် အပြုံးမျက်နှာလေးနှင့် မှောင်ရိပ်ထဲမှ လှမ်းထွက်လာသူက 'ရေဝတီ'။ အဂ္ဂ တဟားဟားအော်ရယ်၏။ သိမ်းနက်နှင့် ရေဝတီတို့လည်း မနေနိုင်။ သူရဲကောင်းသုံးယောက်၏ ရယ်သံကြောင့် ညဥ့်ငှက်တချို့ ထပျံပြေး၏။ ညကမ္ဘာလေးက ယခုမှ လှုပ်ရှားသက်ဝင်လာသလို။

❑

သိမ်းနက်၊ အဂ္ဂနှင့် ရေဝတီ။ သိပ်ချစ်ကြသည့် သူငယ်ချင်းသုံးယောက်။ မင်းညီမင်းသားတို့ တတ်မြောက်အပ်သည့် အဋ္ဌာရသပညာရပ်များ တည်မှီရာ တက္ကသိုလ်ကြီးမှာ သူတို့တွေ ပညာရည်နို့ အတူသောက်စို့ခဲ့ကြသည်။ အမျိုးမျိုးသော ပညာရပ်များ ပို့ချရာ တက္ကသိုလ်ကြီးသည် ရေဝတီတို့၏ ဂန္ဓာရတိုင်းအနီး၌ တည်ရှိသည်။ အတိုင်းတိုင်း အပြည်ပြည်မှ မင်းညီမင်းသားအပေါင်း တက်ရောက်ပညာဆည်းပူးရာ တက္ကသိုလ်ကြီးလည်း ဖြစ်သည်။ မင်းညီမင်းသားများ၏ အသက်အန္တရာယ် လုံခြုံရေးနှင့် ပတ်သက်၍ တက္ကသိုလ်မှ ဆရာသခင်များကပင် တာဝန်ယူကြရသည်။ ပညာသင်ကြားသူ အချင်းချင်း မည်သူမည်ဝါ မသိရှိစေရ။ မိဘတို့၏ ရာထူးဌာနနှင့် ဇာတိမျိုးနွယ်တို့ကို တိမ်မြုပ်ကွယ်ဖျောက်ထားကြရသည်။ မင်းညီမင်းသားများနှင့်တကွ အခြားတစ်ပါးသော မှူးမတ်ဗိုလ်ပါ သူဌေး သူကြွယ်တို့၏ သားသမီးများမှာလည်း ဤကျောင်းတော်ကြီး၌ သူလိုငါလို သင်ကြားဝင်စားလျက်ရှိကြပေ၏။

'ကျွန်ုပ်တို့ရဲ့ ဆရာသခင်များ ကျန်းမာပကတိရှိကြပါရဲ့လား ဝတီ'

'ဆရာအရှင်တွေမှာတော့ တက်လူငယ်တွေကို သင်ကြားပြသပေးနေရတာနဲ့ နားဖျားဖို့တောင် မအားလပ်နိုင်ဘူး ထင်ပါရဲ့ သိမ်းနက်ရယ်'

'အင်း ကျွန်ုပ်တို့မှာလည်း ကိုယ့်ဆရာသခင်တွေထံကနေ ထွက်ခွာခဲ့ပြီးကတည်းက ဦးခိုက်ဖို့ တစ်ကြိမ်တစ်ခါလေးတောင် ပြန်မရောက်နိုင်တဲ့ ဘဝပါလားနော်'

အဂ္ဂက ညည်းညည်းညူညူ ဆိုလာသည်။

'အပျင်းစိတ်က ဖုံးနေတော့ အသင်တို့က မလာချင်အဝေးက လွမ်းပြနေကြတာပေါ့'။

'လာချင်တော့လည်း သူတကာမရောက်နိုင်တဲ့ ဒီမရဏာတောင်ပေါ်ကို သင်တို့အရောက်လှမ်းနိုင်ခဲ့ကြသားပဲ'

ရေဝတီထံမှ ခနဲ့တဲ့တဲ့ ပြောလာတဲ့ စကားကြောင့် သိမ်းနက်နှင့်အဂ္ဂ ပါးစပ်အမြန် ပိတ်လိုက်ရတော့သည်။

'ဒီနေ့လို အချိန်အခါမျိုးမှာ ဆရာသခင်တွေရဲ့ ဂုဏ်ကျေးဇူးကို ဝတီ ပိုပြီး အမှတ်ရမိတယ်'

ရေဝတီ၏ စကားသံက ဆွတ်ပျံ့စွာ ထွက်ပေါ်လို့လာသည်။

'ဟုတ်တယ် ဝတီ၊ ဆရာသခင်များရဲ့ ဂုဏ်ကျေးဇူးကြောင့်သာ မဟုတ်ခဲ့ရင် ဒီအချိန်မှာ ကျွန်ုပ်တို့ဟာ ရန်သူကြီးတွေလို တစ်ဦးကိုတစ်ဦး သဲသဲမဲမဲ ရင်ဆိုင်တိုက်ခိုက် နေရလောက်ပြီ'

အဂ္ဂစကားဆုံးတော့ သိမ်းနက် သက်ပြင်းမောကို လေးတွဲ့စွာ ချမိသည်။

မှန်ပေသည်။ တက္ကသိုလ်မှ ပါမောက္ခ ဆရာသခင်ကြီးများသည် အမြော်အမြင်ကြီးမားစွာဖြင့် မိမိတို့သုံးဦးသားကို ညီရင်းအစ်ကို မောင်နှမသဖွယ်ဖြစ်အောင် ချစ်ခင်ညီညွတ်စေရင်း ပြုစုပျိုးထောင်ပေးခဲ့သည်။ မိမိတို့ဝါသနာပါရာ အသီးသီးသော ပညာရပ်များတွင်လည်း တစ်ဖက်ကမ်းခပ် တတ်မြောက်စေခဲ့သည်။

မဇ္ဈိမတိုင်း၊ ကောသလတိုင်းနှင့် ဂန္ဓာရတိုင်းမှ ဤကလေးငယ် သုံးဦးသည် တစ်ချိန်မှာ မိမိတို့တိုင်းအသီးသီး၏ဂုဏ်ဆောင် သူရဲကောင်းများ ဖြစ်လာမည်ကို ဆရာသခင်တို့ သေချာတပ်အပ် သိနှင့်ခဲ့ကြသည်ပဲလေ။

'ကျွန်ုပ်ဘယ်သူဘယ်ဝါဆိုတာ သိကြားရတော့ ကျွန်ုပ်ကို အသင်တို့ စိတ်မနာကြဘူးလား ဟင်'

သိမ်းနက်၏ အမေးကို ရေဝတီက ငေးငေးလေး ကြည့်နေခဲ့သည်။

'ဒီမှာ သူငယ်ချင်းသိမ်းနက်၊ ကံကြမ္မာက အခွင့်မပေးမှတော့ လူတိုင်းဟာ ကိုယ်လုပ်သင့် လုပ်ထိုက်တာကို ကိုယ်စီ မဖြစ်မနေ လုပ်ခဲ့ကြမှာပါပဲ။ အသင့်ရဲ့ ဖခမည်းတော်ကြောင့် ကျွန်ုပ်တို့ကို အသင် မျက်နှာပူစရာ ဘာအကြောင်းမှ မရှိဘူး သူငယ်ချင်း'

'ဟုတ်တယ် သိမ်းနက် အဂ္ဂဆိုသလိုပဲ အသင့်ရဲ့ ခမည်းတော်နေရာမှာ ဝတီရဲ့ ခမည်းတော်ဖြစ်ဖြစ်၊ အဂ္ဂရဲ့ ခမည်းတော်ပဲဖြစ်ဖြစ် သူတို့အပေါ်မှာ ကျရောက်လာတဲ့ တာဝန်နဲ့ ဝတ္တရားကို အသင့်ရဲ့ ဖခမည်းတော်လိုပဲ စီမံဆောင်ရွက်ကြမှာ မလွဲပါဘူးလေ။ ဒီအတွက် စိတ်မကောင်း မဖြစ်ပါနဲ့ သူငယ်



www.burmeseclassic.com

www.burmeseclassic.com

ချင်းရယ်'

သူငယ်ချင်းနှစ်ဦး၏ အားပေးနှစ်သိမ့်သံက ကြင်နာစွာ ထွက်ပေါ်လာသည်မို့ သိမ်းနက်ရင်ဝယ် အုံ့သြကြည်နူးခြင်းကို ပြင်းပြနက်ရှိုင်းစွာ ခံစားမိရသည်။ ကိုယ်ခန္ဓာ၏ ဆောက်တည်ရာမရ တုန်လှုပ်ခြင်းကြောင့် အဆိပ်တို့ဖြင့် အတိပြီးလေသော ဓားသည် လက်မှ လွတ်ကျသွားခဲ့ရပြီ။

'မကိုင်နဲ့ အဂ္ဂ'

သိမ်းနက် တုန်လှုပ်စွာ တားမြစ်မိတော့ ဓားဆီလှမ်းသည့် အဂ္ဂ၏လက်တို့ တုံ့သွားသည်။ သို့သော် ဓားကို ကောက်ယူလိုက်ပြီး သိမ်းနက်လက်သို့ ပြန်ထည့်ပေးလိုက်သည်။

'သူရဲကောင်းတို့ရဲ့ နှလုံးသားကို ဘယ်လို အညစ်အကြေးမျိုးကမှ အမည်းစက်ထင်းအောင် မလုပ်နိုင်ပါဘူးလေ။ ကျွန်ုပ်လုံ့ရဲ့အသွား၊ ရေဝတီရဲ့ မြားတွေဟာလည်း အသင့်ရဲ့ ဓားလိုပါပဲ သိမ်းနက်'

အဂ္ဂ၏ စကားကို ရေဝတီက ဝင်ရောက်ထောက်ခံပြန်၏။

'ဟုတ်တယ် သူငယ်ချင်းရယ်၊ ဝတီတို့ရဲ့ လက်နက်တွေဟာ အဆိပ်နဲ့အတိပြီးချင်ပြီးနေလိမ့်မယ်။ ဒါပေမဲ့ ဒီအရာတွေကို သယ်ဆောင်ထားခဲ့ရာက ဝတီတို့ရဲ့ ဟိတ္ဒခန္ဓာကပါ။ ဝတီတို့ရဲ့ အချုပ္တက အညစ်အကြေးတွေကို လက်မှ မခံတာဘဲ။ ဒီအချိန်မှာ အားလုံးက ဝတီတို့ သုံးဦးသားကို အမုန်းအရာတွေနဲ့ တစ်ဦးကိုတစ်ဦး အသေအကြေ တိုက်ပွဲဆက်နွှဲနေပြီလို့ မှတ်ယူကြလိမ့်မယ်။ ဒါပေမဲ့ ဝတီတို့ သူငယ်ချင်းသုံးယောက်ကတော့ ဒီမရဏာတောင်ပေါ်မှာ ရှေးဟောင်းနှောင်းဖြစ်တွေပြောပြီး သူငယ်ပြန်နေကြလိမ့်မယ်လို့ ဘယ်သူတွေးထင်မိမလဲ'

❑

ညဥ့်လေက တသုန်သုန်၊ နှင်းစက်တို့ ခပ်ဖြောက်ဖြောက် ကျဆင်းနေဆဲ။ ကောင်းကင်ယံမှ ကြယ်စင်စုတို့က နှင်းမြူများကြား လင်းတစ်လှည့် မှိန်တစ်လှည့်။

'မူဝံကြယ်က မြောက်အရပ်ကိုပြရင်း ခရီးသွားတွေကို အမြဲကူညီတယ်တဲ့။ ကျွန်ုပ် အရမ်းသဘောကျတယ်။ အဲဒီလို အမုန်တရားရဲ့ ပြယုဂ်တစ်ခုအဖြစ်နဲ့ အားလုံးအတွက် ဖြစ်တည်ခဲ့တဲ့ ကြယ်ကို…'

အဂ္ဂကပြောရင်း အရှိန်လျော့လာသည့် မီးပုံကို ထင်းထပ်ထိုးသည်။

'ဒါပေမဲ့ တရားမျှတမှုနဲ့ အမုန်တရားဟာ ကျွန်ုပ်တို့ဆီကနေ ထွက်ပြေးတိမ်းရှောင်နေတယ်လို့ ကျွန်ုပ်ခံစားရတယ်'

သိမ်းနက်အပြောကြောင့် ခဏတော့ သူတို့ သုံးဦးသား နှုတ်ဆိတ်သွားကြရသည်။ အတန်ကြာတော့မှ အဂ္ဂ၏ အသံက ထိုတိတ်ဆိတ်နေမှုကို ဖြိုခွင်းပစ်လိုက်သည်။

'အမြဲတမ်း နေမဟုတ်သလို၊ အမြဲတမ်း ညလည်းပဲ မဖြစ်နိုင်ပါဘူးလေ။ တရားမျှတမှုနဲ့ အမုန်တရားဟာ အမြဲတမ်း ကျွန်ုပ်တို့ထံပါးက ထွက်မပြေးနိုင်ပါဘူး။ သူဟာ တစ်နေရာရာကနေ ကျွန်ုပ်တို့ကို ရပ်စောင့်နေမှာပါ'

'ဝတီလည်း အဲဒီလိုပဲ ထင်တယ်။ ဝတီတို့ သူ့ကိုမိအောင် လိုက်ဖမ်းကြတာပေါ့၊ သင်း ဘယ်ထိပြေးနိုင်မလဲ'

ပြောပြီး ရေဝတီက သူမစကားကိုသူမ သဘောတကျနှင့် တခစ်ခစ် ရယ်နေပါသည်။ အဂ္ဂကလည်း ပြုံးလို့။ မိမိမှာသာ…။

'သိမ်းနက် သင်အိမ်ထောင်မပြုသေးဘူးလား'

ရေဝတီ၏ မဆီမဆိုင် မေးခွန်းကြောင့် သိမ်းနက်အူကြောင်ကြောင် ဖြစ်သွားရသည်။

'ဒီကောင်ကြီးက အသင့်ကို လိုချင်နေတယ်ဆိုတာ အသင်မသိဘူးလား ဝတီရယ် ဟဲဟဲ'

'အမလေးတော် ဝတီက အသင်တို့သူငယ်ချင်းနှစ်ယောက် အချစ်မပြယ်ရအောင် အခြားမှာ အိမ်ထောင်ထူလိုက်ရတာပါ။ မသိလို့ မေးတာမဟုတ်ဘူး အဂ္ဂရဲ့ သိချင်လို့ မေးရတာ။ ကဲ ဖြေပါဦး သိမ်းနက်ရဲ့'

ရေဝတီ၏ ပွင့်လင်းဖြောင့်ကျသည့် အမေးစကားကြောင့် သိမ်းနက်ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

'သင် အိမ်ထောင်သားမွေး ပြုခဲ့ပြီပေါ့'

'အမုန်ပဲသိမ်းနက်၊ ဝတီမှသာမဟုတ်ဘူး အဂ္ဂမှာလည်း သားနဲ့မယားနဲ့။ ဝတီလည်း သမီးတစ်ယောက်ကို တောင်မှ မျက်နှာမြင်ခဲ့ပြီးပြီ'

သိမ်းနက် ဘာဆက်ပြောရမည်ကိုပင် မတွေးတတ်တော့ချေ။

'ကျွန်ုပ်လေ ခမည်းတော်ဆီကတစ်ဆင့် သင်တို့ရဲ့ အကြောင်းတွေကို ကြားသိခဲ့ရတော့ ကျွန်ုပ် အင်မတန်တွေးကြောက်မိခဲ့တယ်။ ခမည်းတော်လို့မှ ခေါ်စရာရှိမလာနိုင်တဲ့ ကလေးတွေကို လောကကြီးထဲမှာ မထားခဲ့ရက်နိုင်ဘူး။ ကျွန်ုပ်ကိုယ် ကျွန်ုပ် မပိုင်ဘူးလို့လည်း ခံစားမိရတယ်လေ။ မဇ္ဈိမတိုင်းရဲ့ သူရဲကောင်းအဖြစ် ကျွန်ုပ်ကို ရွေးချယ်ဖို့ ရှိပါပြီဆိုကတည်းက အဆုံးသတ်ချိန်ထိ တစ်ကိုယ်ရေနေဖို့ ကျွန်ုပ်ဆုံးဖြတ်ခဲ့တယ်'

အဂ္ဂနှင့်ရေဝတီတို့ နှစ်ဦးကား အဓိပ္ပာယ်ဖော်ရခက်စွာ ပြုံးနေကြပါသည်။ ထို့နောက်မှ ရေဝတီက…

'ဒါဟာ အသင့်ဖခမည်းတော်ကို အသင်မလေးစားရာကျတာဘဲ သိမ်းနက်။ အသင့်ဖခမည်းတော်ထောင်မှ သတ္တိရှိရှိနဲ့ သင့်ကိုမွေးဖွားပြီးခါမှ ပြည်ထောင်စုရှင်ရွေးပွဲ ဝင်ခဲ့သေးတာပဲ'

'ဟုတ်တယ် သိမ်းနက်၊ အနည်းဆုံးတော့ ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့ ဖခမည်းတော်တွေရဲ့ ခြေရာကို နင်းနိုင်ခဲ့ကြတယ် မဟုတ်လား'

အဂ္ဂ၏ စကားကို သိမ်းနက် မထောက်ခံလိုပါ။

'ဒါပေမဲ့ အသင်တို့ရဲ့ ဘဝတွေ…'

'ကျွန်ုပ်တို့ရဲ့ ဘဝတွေ တဲ့လား၊ အစိုးမရတဲ့ ကံကြမ္မာရဲ့ သင့်တော်သလို ထိန်းကျောင်းမောင်းနှင်မှုပါပဲလေ။ ဘဝ ရလာတဲ့ သက်ရှိ



www.burmeseclassic.com

www.burmeseclassic.com

တိုင်း ဒါကို မလွဲမသွေ နာခံရမှာပဲ။ အဲဒီအတွက် မစိုးရိမ်သင့်ဘူး သူငယ်ချင်း။ မွေးဖွားခြင်းကနေ သေဆုံးခြင်းဆီကို ခရီးသွားနေရတာ လူတိုင်းပဲ မဟုတ်ပေဘူးလား။ ကျွန်ုပ်တို့ရဲ့ ဖခမည်းတော်တွေဟာ သူရဲကောင်းတွေပါ။ သူတို့ရဲ့ ကျေးဇူးကြောင့်ပဲ ဒီနေ့ဒီနေရာမှာ ဂုဏ်သိက္ခာရှိစွာ ကျွန်ုပ်တို့ ဆုံစည်းခွင့်ရကြတယ်။ ဒီလိုပဲ ကျွန်ုပ်တို့ရဲ့ကလေးငယ်တွေဟာလည်း တစ်နေ့မှာ ကျွန်ုပ်တို့ရဲ့နေရာကို အစားထိုးဝင်ရောက်လာလိမ့်ဦးမယ်။ ဒါမှမဟုတ် ဝင်ရောက်ခွင့်ရချင်မှလည်း ရလိမ့်မယ်။ ဒါပေမဲ့ အနည်းဆုံးတော့ ကျွန်ုပ်တို့ဟာ မွေးဖွားခံလာရပြီးတဲ့နောက် ဆုံးပါးမကွယ်လွန်မီစပ်ကြား ထပ်မံမွေးဖွားခြင်းအမှုကို လူပီသစွာ ပြုခွင့်ရသေးတာပ။ သူရဲကောင်းဟာလည်း ပုထုဇဉ်ဆိုတာမမေ့အပ်ဘူးလေ။ အသင်ကတော့ ငှက်ပျောတုံးဖက်ဖို့ပဲ စဉ်းစားနေတယ်ထင်ရဲ ဟဲ ဟဲ'

အဂ္ဂရဲ့စကားကြောင့် သူတို့အားလုံး ပွဲကျသွားကြရသည်။

'ကိုင်း သူငယ်ချင်းတို့ ညစာကို ယုန်ကင်လေးနဲ့ အာဟာရဖြည့်လိုက်ကြဦးစို့ရဲ့'

စားသောက်ကြဖို့ ဆော်ဩလာသူရေဝတီက ယုန်ကင်ကို အညီအမျှ ခွဲတမ်းချလေသည်။ ညစာကို သုံးဦးသား မြိန်ရှက်စွာစားရင်း နှစ်သစ်မှာ ပြည်ထောင်စုကြီး အေးချမ်းပါစေကြောင်း အတူတကွ အကြိုဆုတောင်းလိုက်ကြသည်။

❑

မီးပုံမှ အလင်းအားကား လျော့ကျလို့လာခဲ့ပြီ။ ဆီးနှင်းများက ပိုမိုသိပ်သည်းလာ၏။

'ထင်း မရှိတော့ဘူး' ဟု ရေဝတီက ဆိုလာသည်။

'ထင်းရှိပါတယ်'

အဂ္ဂက ပြောပြောဆိုဆို ၎င်းနံဘေးမှာ ချထားသည့် လှံကို ကောက်ကိုင်ပြီး ထက်ပိုင်းချိုးချလိုက်သည်။

'အဂ္ဂ အသင် ဒါ ဘာလုပ်တာလဲ'

အထိတ်တလန့် အမေးရှိလာသည့် သိမ်းနက်ကို ပြုံးကြည့်လျက် အဂ္ဂက သူ့လှံကို မီးပုံထဲ ထိုးစိုက်ထည့်ရင်း-

'အဆွေတော်သိမ်းနက် ကျွန်ုပ်တို့အားလုံးရဲ့ ဘဝတွေဟာ ယခု ကျွန်ုပ်တို့ရှေ့က မီးပုံလိုပဲ၊ မကြာခင် ချုပ်ငြိမ်းသွားရမှာပါ၊ ဘာတွေကို ဒီလောက် တန်ဖိုးထားနေရဦးမလဲ'

'ဝတီ အသင် မတားတော့ဘူးလား၊ အဂ္ဂတစ်ယောက်ဟာ ရူးနှမ်းတဲ့အလုပ်တွေ လုပ်နေပြီ'

သိမ်းနက် ပြောလိုက်ခါမှ ပိုဆိုးကုန်တော့သည်။ ရေဝတီကပါ သူမ၏ လေးကိုင်းနှင့် မြားကျည်တောက်ကို မီးပုံထဲပစ်ထည့်လိုက်ပြန်၏။ သိမ်းနက် တုန်လှုပ်စွာ ထိုင်ရာမှ ထရပ်မိ၏။ သိသလိုလို မသိသလိုလိုနှင့် တစ်စုံတစ်ရာကို နားလည်သဘောပေါက်လာသလို ရှိသော်လည်း ထိုအခြင်းရာကို သိမ်းနက် လက်မခံနိုင်ပါ။

'အ သင် တို့ '

ထစ်အ,တွန့်ဆုတ်စွာ ပေါ်ထွက်လာသည့် သိမ်းနက်၏ စကားသံ၌ အဂ္ဂနှင့်ရေဝတီတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ပြုံးလိုက်ကြသည်။ ထို့နောက် ၎င်းနေရာများမှ ဖြိုင်တူထလာလျက် သိမ်းနက်ရှေ့၌ ဒူးထောက်လိုက်ကြ၏။

'အမှန်ပါပဲ ပြည်ထောင်စုရှင်၊ ဒီနေ့ဒီအချိန် ဒီနေရာမှာ အကျွန်ုပ်ရဲ့ အသက်ကို ပြည်ထောင်စုရှင်ထံ အပ်နှံပါတယ်'

'ဂန္ဓာရတိုင်းသူ ရေဝတီဟာလည်း ကောသလတိုင်းသား အဂ္ဂနည်းတူပါ အရှင်'

'မဖြစ်နိုင်ဘူး အသင်တို့၊ ဒီလို မလုပ်ရဘူး'

သိမ်းနက် ကြေကြေကွဲကွဲ အော်မိသည်။

'ဒီလိုမှ မဟုတ်ရင် ဘယ်လိုနည်းလမ်းကောင်းများ ရှိပါသေးသလဲ အရှင်'

အဂ္ဂ၏ အမေးကို သိမ်းနက် ဖြေနိုင်ခြင်းငှာ မစွမ်းသာပါ။ နှုတ်ခမ်းများက အာစေးမိသူလို ဆွံ့အ,နေသည်။ လည်ချောင်းများက ပြောစရာ စကားစတို့ ဖွေရှာရမှုကြောင့် အသံတိတ် တုန်ခါလို့နေ၏။ အသည်းနှလုံးတို့မှုကား ပြင်းပြနာကျင်သော စိတ်ခံစားချက်ကြောင့် ကွဲအက်ကြေမွရချေပြီ။ အဂ္ဂ၏ စကားသံက တိုးဖွဖွဖြင့် ဆက်လက် ထွက်ပေါ်လို့လာခဲ့သည်။

'အကျွန်ုပ်တို့ရဲ့ နှိမ့်ချခြင်းကို လက်ခံပေးပါအရှင်၊ အကျွန်ုပ်တို့ရဲ့ ပေးဆပ်ခြင်းနဲ့ အကျွန်ုပ်တို့ရဲ့ ပြည်ထောင်စုကို ကယ်တင်ပေးတော်မူပါ'

'ဂန္ဓာရတိုင်းသူ ရေဝတီ နောက်ဆုံး လျှောက်ထားဝံ့ပါတယ် ပြည်ထောင်စုရှင်၊ ဒီနှစ်ရဲ့ သူရဲကောင်းသုံးဦး တွေ့ဆုံမှုကို နောက်ဆုံး အဆုံးသတ်စေဖို့ အရှင်ကြိုးစားပေးတော်မူပါ။ ကောသလတိုင်းနဲ့ ဂန္ဓာရတိုင်းသား နှစ်ဦးရဲ့ မဖြစ်စလောက် ပေးဆပ်မှုကို ပြည်ထောင်စုကို သိကြားစေတော်မူပါအရှင်။ အကျွန်ုပ်တို့ မထမ်းဆောင်နိုင်တဲ့ တာဝန်ကြီးကို အရှင့်ထံ ဦးခိုက်လွှဲပေးခဲ့ရတဲ့အတွက် အရှင့်ကို ခယ နူးညွတ်စွာ တောင်းပန်အပ်ပါတယ် ပြည်ထောင်စုရှင်'

'ကောသလတိုင်း အဂ္ဂလည်း နောက်ဆုံး လျှောက်ထားခဲ့ပါရစေအရှင်၊ တရားမျှတမှုနဲ့ အမှန်တရားကို ကိုယ်ချင်းစာတရားနဲ့ ပြည်ထောင်စုအတွက် အရှင်ကိုယ်တိုင် ရှာဖွေဆောင်ကြဉ်းပေးတော်မူပါ။ ကျွန်တော်မျိုးတို့ နှစ်ဦးနဲ့တကွ အရှင့်ရဲ့ ရိုးသားစွာပေးဆပ်မှုကို အချည်းနှီး မဖြစ်ပါရစေနဲ့အရှင်။ အရှင့်နှုတ်မှ ကတိသစ္စာစကား မြွက်ကြားပေးတော်မူပါ'

မီးပုံသည် လောင်စာများဖြင့် ပြည့်လျက် လွန်စွာ လင်းဝင်းတောက်ပလျက် ရှိ၏။ အဂ္ဂနှင့် ရေဝတီတို့၏ နှလုံးသားများသည်လည်း သောကနှင့် မျက်ရည်လည်လျက် ရှိကြကုန်၏။ သိမ်းနက်၏ မျက်ဝန်းအိမ်မှလည်း နှင်းသွေးတို့ ဖိတ်လျှံကျခဲ့ရချေပြီ။

'ထကြပါ သူရဲကောင်းတို့ရယ်၊ ကျွန်ုပ်ဟာ ... မကောင်း အကြောင်းမလှ ... နဲ့ အသင်တို့ရဲ့ အရှင်သ... နေရာကို ဘာကြောင့် ... ရောက်ခဲ့ရတာလဲ ဟင် ...



www.burmeseclassic.com

www.burmeseclassic.com

ကြစမ်းပါဦး သူရဲကောင်းတို့ရဲ့။ ကျွန်ုပ်ကို ဒီထက်သိမ်သိမ်မွေ့မွေ့နဲ့ နားဝင်လွယ်အောင် ပြောပြကြစမ်းပါဦး'

ရေဝတီ၏ ရှိုက်သံက အစိုးမရစွာ ထွက်ပေါ်လို့ လာခဲ့သည်။ အဂ္ဂကား ခေါင်းငုံ့နေဆဲ။ သိမ့်သိမ့်တုန်ခါနေသည့် ကျောပြင်ကြောင့်သာ။

'အကျွန်ုပ်တို့နှစ်ဦးရဲ့ ဓိဝိန်ကို အရှင့်လက်ဖြင့် ချုပ်ငြိမ်းစေတော်မူပါလို့ အသနားခံ တောင်းပန်အပ်ပါတယ် အရှင်၊ ဒီလိုမှသာ အရှင်လက်လွန်ခြေလွန်ဖြစ်လာနိုင်တဲ့ အခါ ခပ်သိမ်းမှာ အကျွန်ုပ်တို့ရဲ့သွေးတွေ စွန်းပေနေတဲ့ အရှင့်လက်က အရှင့်ကို အမြဲသတိပေးနိုင်ပါလိမ့်မယ် အရှင်'

'ဩော် အဂ္ဂ အဂ္ဂ၊ အသင်နဲ့ ရေဝတီတို့နှစ်ဦးက ကျွန်ုပ်ကို အဆုံးစွန်သော ရက်စက်မှု ပြုလိုက်ကြတာပ'

'မကြာမီ ရောင်နီလာပါတော့မယ် အရှင်'

အဂ္ဂနှင့် ရေဝတီတို့၏ သတိပေးစကားသံက ပြည်ထောင်စုရှင်၏ သောတအာရုံ၌ မိုးကြိုးအထပ်ထပ်ပစ်ချလိုက်သကဲ့သို့ ရှိချေပြီတကား။

❑

'ဩော် နှစ်အကူးတဲ့လား၊ ကြည်နူးစရာ ဘာများကျန်ပါသေးလဲကွယ်။ အချစ်နဲ့တွေ့ဆုံ၊ အချစ်နဲ့လမ်းခွဲလိုက်ကြရပုံများ ကျန်ရစ်သူသာ အခါခါ ငိုကြွေးရတော့မယ်။

'သူငယ်ချင်းတို့ရယ် အဘယ်ကို ရိုးမယ်ဖွဲ့လို့ အဘယ်ကိုများ တိုင်တည်ရမှာပါလဲ သူရဲကောင်းတို့ရယ်။

'နှစ်သစ်ကူးပြီလေ သင်္ကြန်ခါမို့ ကျွန်ုပ်တို့ရဲ့ တိုင်းသားတွေကတော့ ပျော်ကြရှာရှာမယ်။ ဒီအချိန်မှာ သူတို့ရဲ့ သူရဲကောင်းကို ဆီးကြိုချင်ရှာမယ့် အသင့်တို့ရဲ့ တိုင်းသားတွေကို ကျွန်ုပ် ဘယ်လိုနှလုံးသားမျိုးနဲ့ နှစ်သိမ့်ရမှာပါလဲ သူငယ်ချင်းတို့ရယ်။

'အသင်တို့ရဲ့ အိမ်အပြန်ကို အသင်တို့ရဲ့ ရင်သွေးငယ်တွေ စောင့်မျှော်နေတယ်လေ။ သူရဲကောင်းတို့ရဲ့ အိမ်အပြန်ခရီးကို ပီတောက်အခက်ခက်နဲ့ အောင်ပန်းဆက်ဖို့ သူတို့လေးတွေ စောင့်ကြိုနေကြတယ်ကွဲ့။ သူတို့လေးတွေကို ကျွန်ုပ် ဘယ်လိုခွန်အားနဲ့ ရင်ဆိုင်ရမှာလဲ သူငယ်ချင်းတို့ရယ်။

'သူငယ်ချင်းတို့ရဲ့ သွေးတွေ စွန်းပေနေတဲ့လက်နဲ့ ပြည်ထောင်စုရဲ့ သရဖူကို ကျွန်ုပ် ကိုင်မြှောက်ခွင့်ရခဲ့ပြီလေ။ ဒီအချိန်မှာ သင်တို့ရဲ့ တိုင်းနှစ်ခုဆီမှ သူရဲကောင်းများစွာကတော့ မျက်ရည်နဲ့ ဒူးထောက်၊ နှလုံးသားထဲက တောက်ခေါက်ကြရှာမယ် သူငယ်ချင်းတို့ရယ်။

'အရှုံးကိုလည်း ကျွန်ုပ်မမှုပါဘူး။ အနိုင်ကိုလည်း မမက်ခဲ့ပါဘူး။ ဒါပေမဲ့ သူငယ်ချင်းတို့ရယ်၊ အရှုံးအနိုင်ကြားက ပေးဆပ်ခြင်းရဲ့ တံခါးတွေ ပွင့်နေသရွေ့ ကျွန်ုပ်တို့ ချစ်ရတဲ့ချစ်သူတွေကို ဘယ်လောက်များ ထပ်ပြီး ဆုံးရှုံးခံရဦးမလဲကွယ်၊ ဘယ်လောက်များ…ထပ်…ပြီး…'။

■

မိုင်း၊မန္တလေး၊

# ရွှေအသစ်စာမူများအတွက် စည်းကမ်းချက်များ

ရွှေအသစ်ကဏ္ဍသို့ ရောက်ရှိလာသောစာမူများတွင် စာမျက်နှာနှစ်ဖက် ရေးသားခြင်းမျိုး၊ ဘောပင်မျဉ်းမသားဘဲ စာပိုဒ်လည်းမခွဲကာ သတ်ပုံအမှားအယွင်းနှင့် ပေးပို့လာခြင်းမျိုး များပြားလာသည်ကို တွေ့ရှိနေရပါသည်။ ယခုအခါ ရွှေအသစ်စာမူများမှာ လစဉ်ဖတ်ရှုပြန်ကြားနိုင်သည့် အရေအတွက်ထက်များစွာကျော်လွန်နေသည့်အတွက် စည်းကမ်းနှင့်မညီသည့် စာမူများကို နောင်တွင်ပြန်ကြားချက်၌ ထည့်သွင်းဖော်ပြသွားမည် မဟုတ်ဟု အယ်ဒီတာများမှ ဆုံးဖြတ်ထားပါသည်။ လိုက်နာရန်စည်းကမ်းများကို ရွှေအသစ်စာမူပေးပို့လိုသူများ သိရှိနိုင်စေရန်ဖော်ပြလိုက်ပါသည်။ နောင်လများမှစ၍ အောက်ဖော်ပြပါစည်းကမ်းချက်များနှင့် မကိုက်ညီသည့်စာမူများကို ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြခြင်းမပြုတော့ဘဲ ပယ်လိုက်မည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားအပ်ပါသည်။

၁။ စာမျက်နှာတစ်ဖက်တည်းသာ ရေးသားပါ။

၂။ ဘောမျဉ်းသားပါ၊ စာပိုဒ်ခွဲပါ။ စကားပြောများကို မျက်တောင်အဖွင့် အပိတ် ထည့်ပေးပါ။

၃။ လက်ရေးလက်သား ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား ရေးသားပါ၊ သတ်ပုံမှန်ကန်အောင် စစ်ပေးပါ။

၄။ လက်ရေးစာမူဆိုလျှင် A 4 စာမျက်နှာ ၆ မျက်နှာထက် မပိုစေရပါ။ ကွန်ပျူတာစာစီစာမူဆိုလျှင် A 4 စာမျက်နှာတွင် ၁၃ ပွိုင့်ဖြင့် ၄ မျက်နှာထက် မပိုစေရပါ။

၅။ စာမူအမည်နှင့် ကလောင်အမည်ကို ထင်ရှားစွာ ဖော်ပြပါ။

၆။ မိမိကိုယ်တိုင်ရေးသားကြောင်း ခံဝန်ချက်ပါရှိရန် လိုအပ်ပါသည်။

၇။ အခြားမဂ္ဂဇင်းတိုက်သို့ ပေးပို့ထားခြင်း မပြုရပါ။

၈။ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။


၉။ ဝတ္ထုသစ်များသာဖြစ်ရမည်။ အွန်လိုင်းတွင်တင်ပြီး ဝတ္ထုမျိုးမဖြစ်စေရ။ မိမိဝတ္ထုတိုစုစည်းမှုတွင် ဖော်ပြပြီးသည့် ဝတ္ထုတိုမဖြစ်စေရ။

၁၀။ စာမူကိစ္စနှင့်ပတ်သက်၍ သိလိုသည်ဖြစ်စေ၊ တစ်စုံတစ်ခုပြောကြားလိုသည်ဖြစ်စေ ရွှေအမြုတေမဂ္ဂဇင်းတိုက်၊ တယ်လီဖုန်းအမှတ် ၀၁-၉၀၁၀၁၁၅ အေးမြတ်မြတ်ချိုနှင့်သာ ဆက်သွယ်ရန်လိုပါသည်။ အယ်ဒီတာများ၏ အီးမေးလ်သို့ဖြစ်စေ၊ ဖေ့စ်ဘွတ်သို့ဖြစ်စေ ဆက်သွယ်ခြင်းမပြုရပါ။

* စည်းကမ်းချက်နှင့်မညီ၍ ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြမည်မဟုတ်သည့်စာမူများကို ကာယကံရှင်ထံ ပြန်လည်ပေးပို့နိုင်မည် မဟုတ်ပါသဖြင့် မိမိတို့၏စာမူများကို လက်ခံမိတ္တူထားရှိကြပါရန် အသိပေးအပ်ပါသည်။ ■

အယ်ဒီတာ(ရွှေအမြုတေမဂ္ဂဇင်း)

www.burmeseclassic.com




# သူ့ရဲ့ ဟာမိုနီ (ဆေး/ယမ်း)

အမှတ် ၃၀၂ ဇန်နဝါရီ ၂၀၁၅

ကျွန်တော့်ရင်တွေ တဆတ်ဆတ်တုန်နေသည်။ အင်္ကျီလင်ဆေးပုလင်းထဲ အပ်စိုက်ရင်း ဆေးကုန်သည်အထိ စုပ်နေသော လက်များက ကတုန်ကယင်။ သည်ကိစ္စကို ဆရာဝန်တစ်ယောက် အနေဖြင့် မလုပ်သင့်မှန်း သိသည်။ သို့သော်-

'အဟမ်း အဟမ်း'

အဘွား၏ ချောင်းဆိုးသံကြောင့် တုန်ယင်နေသော လက်အစုံမှ ဆေးပိုက်က ခုတင်ပေါ်သို့ ပြုတ်ကျသွားသည်။ ပိုက်ကို ကုန်းကောက်လိုက်ချိန် အဘွားထံမှ အညစ်အကြေးများ၊ ပြည်ပုပ်နံ့များနှင့် ရောထွေးနေသော လူအိုနံ့က နှာခေါင်းထဲသို့ တိုးဝင်လာသည်။

'အဘွား ထပ်ပြီး စဉ်းစားပါဦးလား'

'လူလေးရယ် အဘွား ဆုံးဖြတ်ပြီးပြီ။ ဒါ အဘွားအ... လွတ်မြောက်မယ့်လမ်းပဲ။ လူလေး ကျေးဇူးကို နောက်... ဆပ်ပါ့မယ်'

'ငါ လုပ်သင့်ရဲ့လား၊ ငါရော အဘွားနေရာမှာ... ဘယ်လမ်းကို ရွေးမိမလဲ'



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို သူ စိတ်ထဲမှ ပြန်မေးကြည့်သည်။ အဘွား၏ဆုံးဖြတ်ချက်နှင့် ထပ်တူကျသော အဖြေထွက်လာသည်။ ခုတင်ပေါ်တွင် ပင်ပန်းကြီးစွာ လဲလျောင်းနေသော အဘွား၏ တွန့်လိပ်အိတွဲနေသော လက်မောင်းသားကို ဖိကိုင်ပြီး ဆေးထိုးအပ်ကို သွေးကြောထဲသို့ ထိုးသွင်းလိုက်သည်။ ဆေးထိုးသွင်းလိုက်ဖို့တော့ တွေဝေနေမိဆဲ။



www.burmeseclassic.com

www.burmeseclassic.com

'လူလေးရယ်၊ အဘွားသားနဲ့သမီးတွေ အိမ်ကို ပြန်မလာခင် မြန်မြန်ထိုးလိုက်ပါ။ ဒီနည်းက အဘွားကို ကူညီရာရောက်ပါတယ်'

ကျွန်တော့်လက်က နာရီကို ကြည့်မိတော့ နှစ်နာရီခွဲ။ အဘွား၏ သနားစဖွယ်ရုပ်သွင်နှင့် တောင်းဆိုမှုက တုန်ယင်နေသော လက်အစုံကို အနည်းငယ် တည်ငြိမ်သွားစေသည်။ ဆယ်ပေပတ်လည် အခန်းလေးထဲတွင် ကျွန်တော့် နှလုံးခုန်သံ တဝုန်းဝုန်းမှအပ တိတ်ဆိတ်ငြိမ်သက်နေသည်။ နာရီလက်တံ ရွေ့လျားမှုများကို ရင်ခုန်စွာ စောင့်စားရင်း သုံးနာရီအရောက်တွင်-

'အဘွား အဘွား'

'.......'

'အဘွား အဘွား'

'.......'

နားကြပ်မှ တစ်ဆင့် အဘွား၏ နှလုံးခုန်သံများက တစ်စထက်တစ်စ တိုး၍ နောက်ဆုံးတွင် လုံးဝပျောက်ကွယ်သွားသည်။ သက်ပြင်းရှည်တစ်ချက်ချရင်း လှုပ်ရှားနေသော စိတ်ကို တည်ငြိမ်လာအောင် ကြိုးစားရသည်။ မျက်နှာမှ ချွေးသီးချွေးပေါက်များကို လက်ဖြင့် သပ်ချရသည်။ တိတ်ဆိတ်နေသော အခြေအနေက ရုတ်တရက် ပျက်စီးသွားသည်။

'လူသတ်သမား ငါတို့အမေ အသက်ကို ပြန်လျော်ပေး'

'ဆရာဝန် လူသတ်သမား'

'လူသတ်သမား၊ အမေ့အသက်ကို ပြန်လျော်ပေး'

'မဟုတ်ဘူး။ ကျွန်တော် သတ်တာ မဟုတ်ဘူး'

'အမေ့နားမှာ မင်းပဲ ရှိတာ။ အခု မင်းလက်မှာ အပ်တန်းလန်းနဲ့။ မင်း ဆေးထိုးပြီး သတ်လိုက်တာ မဟုတ်လား'

'မဟုတ်ဘူး။ ဆေးက လုံးဝမထိုးရသေးဘူး။ ကျွန်တော့်ကြောင့် မဟုတ်ဘူးဗျာ။ ကျွန်တော် သတ်တာ မဟုတ်ဘူး'

ကျွန်တော် နောက်ကို ဆုတ်ရင်းဆုတ်ရင်း ဖင်ထိုင်လျက် လဲကျသွားသည်။ ဆေးထိုးအပ်က ကျွန်တော့် ခြေဖမိုးကို ထိုးစိုက်သွားသည်။

'အား...'

'ဟေ့ကောင် ကျော်ဇော ထတော့။ အိပ်မက်ဆိုးတွေ မက်နေလို့လား၊ ခြောက်နာရီ ထိုးပြီ။ ဒီမနက် မင်း ရွာပြန်မလို့ဆို'

ဂျူတီချိန်းရန် လာသော သူငယ်ချင်း ကျော်မင်း၏ လှုပ်နှိုးမှုကြောင့် အိပ်မက်ဆိုးမှ လွတ်မြောက်လာရသည်။ အဖေ နေမကောင်းဟု ဖုန်းဆက်လာသောကြောင့် မနေ့ညနေကတည်းက နံနက်ခင်း အစော ကားလက်မှတ်ကို လှမ်းဖြတ်ထားသည်။ သူငယ်ချင်းကိုလည်း ပုံမှန်ဂျူတီချိန်းချိန် နံနက် ရှစ်နာရီထက် နှစ်နာရီစော၍ လာပေးရန် အကူအညီတောင်းထားခဲ့သည်။ ဘာလိုလိုနှင့် နေပြည်တော် ကုံကော်အထူးကုဆေးရုံမှာ အလုပ်ဝင်တာ နှစ်လပြည့်တော့မည်။ အဆင်မပြေမှုတွေ ကြုံလာတိုင်း ဆရာဝန်ဘွဲ့ ရပြီးစက ဇာတိဖြစ်သော ကျောက်ဆည်မြို့နယ် အင်ရောင်းရွာ၌ ငါးလခန့် ကိုယ်ပိုင်ဆေးခန်းဖွင့်ခဲ့သည့်နေ့ရက်တွေကို တမ်းတမိသည်။

> အိပ်ရာထက်ဝယ် နွမ်းလျစွာ လဲလျောင်းနေသော ဘွားစံရင်၏ မှိန်ဖျော့ဖျော့ မျက်ဝန်းတွင် ရောင်စဉ်တစ်ခု ဖြတ်ပြေးသွားသည် ဘွားစံရင်က သူမ၏နားကပ်ကို တုန်ယင်နေသော လက်အစုံဖြင့် ကြိုးစားချွတ်ပြီး ကျွန်တော့်ဆီသို့ ပေးလာသည် ကျွန်တော်၏ မျက်ခုံးအစုံ ပင့်တက်သွားမိသည်

❑

နေပြည်တော်မြို့မဈေး ကားကြီးကွင်းတွင် ခရီးသွားများ၊ ဈေးသည်များနှင့် ကားများက ရှုပ်ထွေးလျက်။ အိမ်အတွက် နန်းစိန်ကိတ်မုန့်များ ဝယ်ပြီး ကားပေါ်တက်ထိုင်နေလိုက်သည်။

'လူလေး ဒါ နံပါတ် ဆယ့်တစ်လား'

'ဟုတ်ပါတယ် အဘွား'

ခုံနံပါတ်ကပ်လျက်က အဘွားကိုတွေ့တော့ မနေ့ညက အိပ်မက်နှင့်ဘွားစံရင်ကို မဆီမဆိုင် သတိရသွား၍ ပြုံးမိသည်။ ခုချိန်ဆိုလျှင် ဘွားစံရင်တစ်ယောက် မန္တလေး အရိုးအထူးကုဆေးရုံမှဆင်း၍ လမ်းတောင် လျှောက်နေပြီ ရော့မည်။ ကားက သိမ့်ခနဲ စတင်ထွက်ခွာသည်။ မနေ့ညက နံနက်ပိုင်း ခဏသာ အိပ်ခဲ့ရသောကြောင့် ကား ထွက်ထွက်ချင်း အိပ်ပျော်သွားသည်။ မိတ္ထီလာတွင် ထမင်းစားနားမှ နိုးတော့သည်။ မိတ္ထီလာမှ ပြန်အထွက် ကားပြတင်းပေါက်မှ ရှုခင်းများကြည့်ရင်း အတွေးများက ဟိုရောက်ဒီရောက်။ ဘေးက အဘွားကို ကြည့်မိတော့ မျက်လုံးမှိတ်ပြီး ပုတီးစိပ်လျက်။

'သေမတတ် နာနေတာ တရားလည်း မမှတ်နိုင်ဘူး ဟေ့'

ဘွားစံရင်၏စကားသံကို ကြားယောင်ရင်း နေပြည်တော်မလာခင်နေ့က ဖြစ်ရပ်တွေကို မျက်လုံးထဲ မြင်ယောင်လာသည်။

'ဆရာလေး၊ အမေ ရေချိုးရင်း ချော်လဲလို့ အိမ်ကို လိုက်ကြည့်ပေးပါဦး'

ရွာတောင်ပိုင်းက အန်တီတင် အလောတကြီး လာပင့်သည်။ ဆေးခန်းတွင် လူနာမရှိချိန်ဖြစ်၍ ဆေးအိတ်ကို ဆွဲကာ အမြန်ဆုံး လိုက်သွားသည်။

'ဒီဘက် အခန်းပါ ဆရာ'

ခုတင်ပေါ်တွင် ဘွားစံရင်က နာကျင်စွာ

www.burmeseclassic.com

www.burmeseclassic.com

နေသည်။

'အား···နာလိုက်တာ၊ ကျွတ် ကျွတ် ကျွတ်'

'အမေ ဘာမှမပူနဲ့၊ ဆရာ ပင့်လာပြီ။ နာလွန်းရင် တရားမှတ်နေနော်'

'သေမတတ် နာနေတာ တရားလည်း မမှတ်နိုင်ဘူး ဟေ့'

အဘွားစကားသံ ကြောင့် အနည်းငယ်ပြုံးမိသွားသည်။

'အဘွား စိတ်လျှော့ထားနော်။ ကျွန်တော် ခဏ စမ်းသပ်မယ်'

'အဘွားခြေထောက်တော့ ကျိုးပြီနဲ့တူပါတယ်။ အဘွားကို ကယ်ပါဦး လူလေးရယ်'

ဘွားစံရင်၏ ညာဘက်ပေါင်ရင်းက ရောင်ကိုင်းနေသည်။ ညာဘက်ခြေထောက်က အပြင်သို့ကား၍ အနည်းငယ်ကွေးနေသည်။ ဘယ်ခြေထောက်ထက် အနည်းငယ်တိုနေသည်။ ညာပေါင်ရင်းပေါ် လက်တင်လိုက်သည်နှင့် အာခေါင်ခြစ်ပြီး အော်သည်။ စိတ်မှန်းဖြင့် ဆွဲသော Shoemaker's Line က ချက်အောက်မှ ဖြတ်သွားသည်။ ဘွားစံရင်အား အနာသက်သာစေရန် ဆေးထိုးပေးလိုက်သည်။ ဆေးအိတ်ယူကာ အန်တီတင်ကို မျက်ရိပ်ပြ၍ အပြင်သို့ လိုက်ခဲ့ရန် ခေါ်ရသည်။

'ဆေးဖိုး ဘယ်လောက်ကန်တော့ရမလဲ ဆရာ'

'ငါးထောင်ပါ'

'ဦးလေးဆီက ယူပါ ဆရာ'

'အဒေါ်ဆီက ယူပါ'

'အို···အန်တီတင်ဆီကပဲ ယူပါ'

ဘွားစံရင် ရေချိုးရင်း ချော်လဲသည်ဟူသောသတင်းကြောင့် တစ်ရွာတည်းနေ အိုးခွဲအိမ်ခွဲများ ဖြစ်သော သားကြီးဦးမောင်နှင့် သမီးလတ်ဒေါ်ခင်တို့ ရှေ့ဆင့်နောက်ဆင့်ရောက်လာပြီး ဘွားစံရင်နှင့်အတူနေ သမီးငယ် အန်တီတင်နှင့် ဆေးဖိုးအငြင်းအခုံ ပေးနေကြသည်။ ဆေးဖိုးကို ကျွန်တော်နှင့်အနီးဆုံးဖြစ်သည့် အန်တီတင်ဆီမှ ယူလိုက်ရသည်။

'မိတင် နင် အသုံးမကျလို့ အမေ ဒီလိုဖြစ်ရတာ'

'အို ညီမလေးလည်း ကလေးတွေတစ်ဖက်နဲ့ အမေ့ဝေယျာဝစ္စကို တတ်နိုင်သမျှ လုပ်ပေးနေတာပဲ။ အမေ့ဘာသာ ရေချိုးရင်း ဖြစ်ရတာ။ မမကြီးအိမ်ကို ခေါ်ထားလို့ ပြောတုန်းကဖြင့် မသိချင်ယောင်ဆောင်နေပြီးတော့'

'ဟဲ့ နင်က အမွေအများဆုံး ရထားတာလေ'

'မမကြီးနဲ့ ကိုကြီးရော မယူကြလို့လား'

'တောက်၊ တော်ကြစမ်း။ ဆရာလေးက အမေ့ရောဂါအခြေအနေ ပြောမလို့တဲ့။ ဒီကို လာကြဦး'

ဦးမောင်ခေါ်သံကြောင့် ညီမနှစ်ယောက် စကားသံများ ရပ်တန့်သွားသည်။

'ဘွားစံရင်က ပေါင်ရိုးကျိုးသွားတယ်။ ခွဲစိတ်ဖို့ လိုမယ်။ မန္တလေးအရိုးဆေးရုံကို တင်ရင် အကောင်းဆုံးပဲ'

'အခု ချက်ချင်းလား ဆရာ'

'ဟုတ်ကဲ့၊ အခုသွားရင် အကောင်းဆုံးပေါ့'

'ပိုက်ဆံ ဘယ်လောက်ကုန်မလဲ ဆရာ။ နောက်ပြီး ကျွန်တော်တို့အမေမှာ ဆီးချိုရောဂါအခံရှိတော့ ခွဲစိတ်လို့ ရပါ့မလား'

'ဆီးချိုရောဂါကို ထိန်းချုပ်ပြီးမှ ခွဲမှာပါ။ ပေါင်ရိုးထဲ အစားထိုးမယ့် ပစ္စည်းတွေက နိုင်ငံခြားက မှာရတာ။ ဈေးတော့ ကြီးတယ်။ ဆေးရုံနေစရိတ် စားစရိတ်တွေနဲ့ သိန်းနှစ်ဆယ်နီးပါးတော့ ကုန်လိမ့်မယ်'

ပတ်ဝန်းကျင်က ခဏတာ တိတ်ဆိတ်သွားသည်။ ညီမနှစ်ယောက်က အစ်ကိုဖြစ်သူ၏ ဆုံးဖြတ်ချက်ကို စောင့်စားနေကြသည်။

'မယ်တင်၊ နင်က အမေ့အိမ်နဲ့ လယ်တွေ ပိုရထားတော့ ဆယ်သိန်းထုတ်။ ငါနဲ့ မယ်ခင်က ငါးသိန်းစီထုတ်မယ်'

'အစ်ကိုကြီးကလည်း အဖေ ဆုံးကတည်းက အမေ့ကို တင်ကျွေးထားတာကျ မမြင်ဘူး။ ခွဲတမ်းချရင် အညီမျှ ချပေါ့။ ကိုယ့်ညီမက မုဆိုးမဆိုတာ သတိရပါဦး'

'ညည်းက အမေ့ရွှေတွေ ရောင်းတုန်းက အစ်မဖြစ်သူကို တစ်ပြားတစ်ချပ် ပေးခဲ့လား။ ဘာအခုမှ အညီအမျှတွေ လာပြောနေတာလဲ'

မောင်နှမ သုံးဦးစကားဝိုင်းက ဆွေးနွေးပွဲသို့မရောက်ဘဲ ရန်ပွဲဘက်သို့ ဦးတည်နေသည်။ တစ်ရွာတည်းသားဆရာဝန်မို့ ဂရုစိုက်ကြဟန်မတူ။ မောင်နှမသုံးဦးပိုင်ဆိုင်မှု၏ အပုံတစ်ရာပုံလျှင် တစ်ပုံတောင် မရှိသော ငွေကြေးအတွက် ငြင်းခုံနေကြသည်။ ဘွားစံရင်အတွက် စိတ်မကောင်းဖြစ်မိသည်။

'အဟာမ်း ဟမ်း၊ အမေဆိုတာလေးတော့ ခေါင်းထဲထည့်ပြီး စဉ်းစားကြပါ။ မိဘဆိုတာ အစားထိုးလို့ မရပါဘူး။ ဦးမောင်အိမ်မှာ ကားရှိနေတာပဲ။ ဒီနေ့ပဲ သွားကြပါဗျာ'

'ဆရာရော ကျွန်တော်တို့နဲ့ လိုက်ခဲ့လို့ ရမလား'

'အားတော့ နာတယ်ဗျ။ ကျွန်တော်က နေပြည်တော်ဆေးရုံမှာ အလုပ်ရလို့ သွားရတော့မှာ။ ဒီညနေ ကားလက်မှတ် ဖြတ်ပြီးသွားလို့ပါ။ သွားဖြစ်အောင် သွားကြပါ။ ခွဲစိတ်ပြီးရင် ကောင်းသွားမှာပါ'

❑

'ဟန်မြင့်မိုရွာလမ်းခွဲဆင်းမယ့် အစ်ကို ကြိုတင်ပြီး ပြင်ဆင်ထားပါ'

ကားစပယ်ယာ၏ သတိပေးသံကြောင့် အတိတ်က အတွေးစတို့ ပြတ်တောက်သွားရသည်။ ကားပေါ်မှ ဆင်းရန် ပြင်ဆင်ရသည်။ ရွာလမ်းခွဲတွင် ညီလေးက ရောက်နှင့်ပြီဖြစ်ကြောင်း လက်ပြ၍ အသိပေးသည်။ ဟန်မြင့်မိုရွာနှင့် အင်ရောင်းရွာက ဆိုင်ကယ်နှင့် ဆိုငါးမိနစ်ခန့် မောင်းရသည်။ ရွာလမ်းခွဲမှ ကျောက်ဆည်မြို့ဘက် ထွက်သွားသော ဦးမောင့်ကားကို တွေ့လိုက်ရသည်။

ရွာထိပ်ပိုင်းကို ဖြတ်၍ တသွင်သွင်စီးဆင်းနေသည့် ချောင်းရေတွေက မှုန်းတည့်နေမင်းအောက်တွင် တလျှပ်

www.burmeseclassic.com

လှျပ်တောက်ပနေသည်။ ဗေဒါပင်အချို့ မျောပါသည့်နောက် ဘဲတစ်အုပ်က လိုက်ပါနေကြသည်။ ရေဆန်ကိုဆန်တက်နေသည့် ငန်းမောင်နှံကိုလည်း တွေ့ရသည်။ ရွာအဝင်လမ်းတွင် အသိများကလှမ်း၍ နှုတ်ဆက်ကြသည်။ ရွာအဝင်လမ်း တောင်ဘက်က ဒေါ်ခင်ကုန်စုံဆိုင်တွင် ဈေးဝယ်သူတွေက ရှုပ်ယှက်ခတ်လျက်။ အိမ်ရောက်ရောက်ချင်း အဖေ့အကြောင်းကြားရတော့ ငိုအားထက်ရယ်အားသန် ဖြစ်ရသည်။ အဖေက ဝက်သားတုတ်ထိုးများစားပြီး ဝမ်းကိုက်ခြင်းဖြစ်သည်။ ဝမ်းသွားရင်းသွေးပါလာတာကြောင့် အစိုးရိမ်လွန်ပြီး ကျွန်တော့်ဆီ ဖုန်းဆက်ခြင်းဖြစ်သည်။ နီးစပ်ရာ ဆေးခန်းပြပြီး ညဦးပိုင်းကတည်းက သက်သာသွားပြီဟု ဆိုသည်။ အဖေ့ကို စိတ်အေးရပြီဖြစ်သဖြင့် ဘွားစံရင်အိမ်သို့ ပြေးသွားမိသည်။

'အန်တီတင် အန်တီတင်'

'....'

အန်တီတင်တို့အိမ်က သုသာန်တစပြင်လို တိတ်ဆိတ်နေသည်။ ရောက်ဖူးသည့် အိမ်မို့ ဘွားစံရင်အခန်းထဲသို့ ဝင်သွားမိသည်။

'အဘွား ကျွန်တော်ပါ၊ သက်သာရဲ့လား'

အိပ်ရာထက်ဝယ် နွမ်းလျစွာ လဲလျောင်းနေသော ဘွားစံရင်၏ မှိန်ဖျော့ဖျော့မျက်ဝန်းတွင် ရောင်စဉ်တစ်ခု ဖြတ်ပြေးသွားသည်။ ဘွားစံရင်က သူမ၏နားကပ်ကို တုန်ယင်နေသော လက်အစုံဖြင့် ကြိုးစားချွတ်ပြီး ကျွန်တော့်ဆီသို့ ပေးလာသည်။ ကျွန်တော်၏ မျက်ခုံးအစုံ ပင့်တက်သွားမိသည်။

'လူလေးရယ်၊ လူလေးကို ဒီနားကပ်နဲ့ ကန်တော့ပါတယ်။ အဘွားကို သေဆေးအမြန်ဆုံး ထိုးပေးပါ။ အဘွားဘဝက ရှင်လျက်နဲ့ သေနေတာပါ ဟီး...ဟီး...'

ရှိုက်ငိုနေသော ဘွားစံရင်ရုပ်ရည်က သိသာစွာ ပိန်ကျသွားသည်။ မျက်လုံးဟောက်ပက်နှင့် ပါးရေတွေက တွန့်လိပ်နေသည်။ အရိုးငေါငေါပေါ်က အရေပြားအောက်တွင် သွေးကြောများက အတိုင်းသား မြင်နေရသည်။ ကျင်ကြီးကျင်ငယ်နံ့များက အသက်ရှူကျပ်လာစေသည်။ ကျောနှင့် ခြေဖနောင့်တွေမှာ အိပ်ရာပူနာများက ပြည်တရွှဲရွှဲ။ ဆီးချိုဆေးတွေ ပုံမှန်မသောက်ရဘူး ထင်သည်။

ဘွားစံရင် အခြေအနေက သိပ်ကို မကောင်းတော့။ မွန်းကျပ်နေသော ကျွန်တော့်စိတ်ကို ထွက်ပေါက်ပေးသည့်အနေဖြင့် စကားလုံးအချို့ အန်ထွက်လာသည်။

'အဘွား ဆီးချိုဆေးပုံမှန်မသောက်ဘူးလား'

ဘွားစံရင် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းပြသည်။

'အဘွားရယ်၊ လူ့ဘဝဆိုတာ ရခဲပါတယ်။ တရားဘာဝနာစီးဖြန်းပြီး နေပေါ့။ ဝဋ်ကြွေးဆပ်ရတယ်လို့ သဘောထားပါ။ ဆီးချိုဆေးတွေ ကျွန်တော် ဝယ်ပေးပါ့မယ်။ ဆေးသောက်ရင် အဘွားအနာတွေ ပျောက်သွားမှာ သိလား'

လက်ရှိအခြေအနေကို ဖုံးကွယ်ရင်း အားပေးစကားတွေကို ဆက်တိုက်ပြောနေမိသည်။

'အယ်...ဆရာလေး၊ ဘယ်တုန်းက ပြန်ရောက်လဲ။ အန်တီတင် အပြင်သွားတုန်း အမေက နောက်ဖေးသွားထားတာနဲ့ တူတယ်။ အားနာစရာကြီး'

'ရပါတယ်၊ ဒါနဲ့ ဘွားစံရင်ကို ဆေးရုံမတင်ဖြစ်ဘူးလား'

'ပြော မပြောချင်ဘူး ဆရာရေ ဟိုနှစ်ယောက်ပေါ့၊ ပိုက်ဆံငါးသိန်းထက် ပိုမပေးနိုင်ဘူးတဲ့။ သူတို့အမေ မဟုတ်တဲ့အတိုင်းပဲ။ အန်တီတို့ စုံစမ်းကြည့်တော့ ဆေးရုံတင်ရင် သိန်းသုံးဆယ်ကျော်ကုန်မယ်တဲ့။ အန်တီတင် တစ်ယောက်တည်းကျတော့ မတတ်နိုင်ဘူးလေ။ ကလေးနှစ်ယောက် နောင်ရေးကလည်း ရှိသေးတယ်'

ဘွားစံရင် မျက်ဝန်းမှ မျက်ရည်များ တလိမ့်လိမ့်စီးကျလာသည်။ အန်တီတင် မျက်နှာလွှဲသွားသည်ကို အလိုက်ကန်းဆိုးမသိသော ကျွန်တော့်မျက်လုံးတွေက မြင်မိလိုက်သေးသည်။ အိပ်မက်ထဲတွင် ကျွန်တော့်ကို လူသတ်သမားဟု စွပ်စွဲပြောဆိုနေသော မောင်နှမတွေကို မြင်ယောင်ရင်း ဘယ်ဘက်ရင်အုံက စစ်ခနဲ နာကျင်သွားသည်။

■

**ဟမ်စိုင်း**
**(ဆေး/မန်း)**

**အယ်ဒီတာအဖွဲ့**

အခန်း (၃-ဝ၃)
တိုက်အမှတ် ၂၁/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-ဝ၁-၉ဝ၁ဝ၁၁၅
E-mail:
nyeinfamily@gmail.com

www.burmeseclassic.com

www.burmeseclassic.com

လဝန်းပြုစာပေ


ရွှေအမြုတေမဂ္ဂဇင်း ရွှေအသစ်ကဏ္ဍ၏ ဇင်တင်ကလောင်ရှင်

# အပြုရောင်၊ ရွှေ၊

# နတ်မြင်းပျံ ရေငန်ညစ်မှာ နစ်ခဲ့ပြီလေး

နှင့်

အခြားဝတ္ထုတိုများ



အပြုရောင်(ရွှေ)ရဲ့ ဝတ္ထုတွေထဲမှာ ကျွန်တော် မီးမောင်းထိုးပြသင့်တယ်ထင်တာ 'အသည်းနှလုံးဖြင့် ရေးသောစာ'ပါ။ အမှာစာရေးသူတစ်ယောက်အနေနဲ့ ကျွန်တော့်မှာ ဒီလောက်ပဲ ရေးခွင့် ရှိပါတယ်။ ခရီးသွားများကိုယ်တိုင် ပါဝင်လှုပ်ရှားရတဲ့ ခရီးဟာ စိတ်ဝင်စားစရာ အကောင်းဆုံး မဟုတ်ပါလား။

၊ကျော်စောမင်း၊

ထွက်ပြီ


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ညိုကြည်နူးလည်းမှားပါ

ကျော်ဝင်း

တိုင်ကပ်
နာရီလေးသည်
သူ့စားပွဲလေးပေါ်တွင်
ဟိုတစ်ခု၊ ဒီတစ်ခုနှင့်
ကျဲပြန့်နေသည်။
ဝက်အူလေးများက
သေးလွန်း၍
ပျောက်သွားမှာ
စိုးရိမ်မိသလို
ကလေးများ
ဆော့မှာကိုလည်း
ကြောက်နေ
မိသေးသည်။
ထို့ကြောင့်လည်း
အားဆေးပုလင်း၏
အဖုံးလေးထဲတွင် ဝက်အူ
လေးတွေချည်းသတ်သတ်
ထည့်ထားသည်။
ဒါတောင် အငယ်ကောင်က
သူ လုပ်သမျှကို
ဘေးနားလာထိုင်ကာ
ကြည့်နေတတ်သေးသည်။
'ဘိုးဘိုး
ဘာလုပ်နေတာလဲ'
တဲ့လေ။ သူမို့
မေးရက်သည်။
နာရီပြင်နေတာကို
သိနေလျက်နှင့်
မေးရက်သတဲ့လေ။
ထားပါ ကလေးမို့။
'နာရီပြင်နေတာ
အငယ်လေးရဲ့'
ဟု သူပြောပြရသည်။
'ဘိုးဘိုး
အမေက ပြောတယ်'
အလုပ်ထဲ
အာရုံနှစ်ထားသော်လည်း
မရ။ ဘေးနားတွင်
ကပ်မြဲကပ်ကာ
အငယ်ကောင်သည်
စပ်စုနေသည်။
'အပြင်မှာ သွားဆော့ချေ'
ဟု ချော့ပြောလည်းမရ။
'တိတ်တိတ်နေ' ဟု
ဒေါသသံနှင့်
ခြောက်ပြောသော်လည်း
မရ။ ဘေးနားက မခွာပေ။
ခုလည်း ကြည့်
သူ့စကားနှင့်သူ
စ,ပြောကာ
စကားဖြတ်လိုက်သည်။
သူက မျက်မှန်ကို
လက်ညှိုးနှင့်ထောင်၊

အမှတ် ၃၀၂ ဇန်နဝါရီ၊ ၂၀၁၅

www.burmeseclassic.com

www.burmeseclassic.com

မျက်လွှာကို မော့ကြည့်ကာ 'ဘာပြောလဲ' ဟူသည့် သဘောနှင့် အငယ်ကောင်ကို မော့ကြည့်တော့ အငယ်ကောင်ပုံစံလေးက ပြောရခက်၊ မပြောရခက်နှင့် တွေဝေနေသည့်အလား။

'ကဲ ပြောပါဦး မင်းအမေက ဘာပြောလဲ'

အသက်ရှူချောင်သွားသည့်ပုံစံလေးနှင့်–

'အဘိုးက ဖျင်းလို့ နာရီကို ဖြုတ်လိုက်တပ်လိုက် လုပ်နေတာတဲ့။ နောက်ပြီး နာရီကလည်း ပြန်ကောင်းမယ့်ပုံ မပေါ်ဘူးတဲ့'

ဒါကြောင့်မို့ ထင်ရဲ့။ အငယ်ကောင်က အမေပြောသောစကား ဟုတ်မဟုတ် သေချာရန် သူ့ကို စောင့်ကြည့်နေပုံရသည်။ သူကတော့ ဘာမျှဆက်မပြောဘဲ နာရီကိုသာ ဆက်၍ အာရုံစူးစိုက်နေမိသည်။ သမီးမချောကတော့–

'အဖေရယ် နာရီတွေမှ ဈေး ဘယ်လောက်ရှိတာကျလို့၊ ပြင်မနေပါနဲ့'တဲ့လေ။ ပျက်လျှင်ပြင်မည်ဟု မတွေး၊ ပျက်လျှင် ဝယ်မည်ဟုသာ စဉ်းစားတတ်သော သမီးကြီး မချော၊ သူတို့အမေနှင့်တော့ ကွာပါ့။ သူတို့အမေ ဆိုလျှင်လေ စဉ်းစားရင်း သူ ဝမ်းနည်းလာမိသည်။ သွားလေသူ ညိုကြည်ကို တမ်းတလာမိသည်။

'ကဲ အဘိုး နားလိုက်ဦးမယ်'

အလုပ်ထဲ အာရုံက မရောက်တော့။ နာရီကို တစ်စစီ ဖြုတ်ထားလိုက်သော အချိန်မှစ၍ သူ

**သွားလေသူ ညိုကြည်ကတော့ ဘာမျှ မသိရှာတော့ပေမဲ့ ကျန်ရစ်ခဲ့သူ သူ့မှာတော့ လွမ်းဆွတ်မှုတွေ၊ အသက်အရွယ် ရလာတော့ တရားကို အာရုံထားပေမဲ့ အိမ်သူဇနီး ကိုတော့ လွမ်းဆွတ် မိသေးသည်လေ**

ညိုကြည်ကိုသာ မြင်ယောင်နေမိသည်။ တချက်ချက်နှင့် အချိန်ကိုသိစေ၍ တိုင်တွင် ကပ်နေသော နာရီကို ကြမ်းပြင်ပေါ်ကျစေသော ကြောင်ကိုသာ ဒေါသထွက်နေမိသည်။ ကြောင်ကသာ ထိုနာရီကို ကျအောင် မချခဲ့လျှင်။ အင်း…။

'ဘိုးဘိုး နေမကောင်းဘူးလား'

နေကတော့ ကောင်းပါရဲ့၊ စိတ်သာမကောင်းတာပါဟု အငယ်လေးကို ပြောလျှင်လည်း သူ ဘာမျှ နားလည်မှာ မှတ်လို့။ ကလေး မပြောနဲ့၊ သမီးကြီး မချောပင် သူက ညိုကြည်ကို တမ်းတမိ၍ မျက်နှာညှိုးလျှင် နေမကောင်းဖြစ်သည်ဟုထင်ကာ အားဆေးတို့၊ ဘာတို့ ဝယ်ပေးတတ်သည်လေ။

'မင်းတို့အမေကို လွမ်းတာ အားဆေးသောက်ရင် အလွမ်းပြေမတဲ့လား' ဟုသာ မေးလိုက်ချင်တော့သည်။ သို့ဆိုလျှင်–

'အဖေရယ် သမီးတို့လည်း လွမ်းတာပေါ့၊ ဒါပေမဲ့ သေတဲ့လူလည်း သေပြီပဲလေ တရားဘက်ကိုပဲ အာရုံထားပါတော့' ဟု နားချလိမ့်ဦးမည်မှာလည်းမလွဲ။ တရားဘက် အာရုံထားတာလည်း ထားတာပေါ့၊ အိမ်သူမယား ညိုကြည်ကို တမ်းတမိတာလည်း တစ်ကဏ္ဍပေပဲကိုး။

မှတ်မှတ်ရရ ယခု သူပြင်နေသော နာရီကြီးသည် တစ်ခါမှ ပျက်ဖူးသည်ဟူ၍ မရှိ။ ဓာတ်ခဲအသစ်လဲ၍ သုံးလာခဲ့သည်မှာ ယခုအထိ။ သူ့ပင် ခြောက်ဆယ့်နှစ်နှစ်ရှိပေါ့။ သူနှင့် ညိုကြည်တို့ မင်္ဂလာလက်ဖွဲ့ရထားသော နာရီကြီး။ ကြိုးဆို တိုင်ကပ်နာရီကြီး။ လှသည်ဆိုတာထက် ခံ့ညားသည်ဟု ဆိုရပေလိမ့်မည်။ ထောင့်လေးထောင့်ကို ချိုင့်သဏ္ဌာန် ခွက်နေအောင်လုပ်ထား၍ ရွှေအိုရောင် လေးထောင့်နာရီကြီး။

'ဒီနာရီကြီး အိမ်မှာ ချိတ်ထားရမယ်' ဟူသော ညိုကြည်၏ အသံကိုပင် သူ ပြန်ကြားနေရသလို။ လက်ဖွဲ့မြောက်မြားစွာထဲကမှ ထိုတိုင်ကပ်နာရီကြီးကိုသာ ရွေးကြိုက်ခဲ့သော ညိုကြည်လေ။

နာရီကြီးကသာ သူနှင့်အတူ ယခုတိုင် (ကြောင် မချခင်ထိ) လည်ပတ်နေသော်လည်း ညိုကြည်မှာတော့ သူနှင့်အတူ ဆက်လက်ရှင်သန်ခြင်း မရှိခဲ့။

ကြောင်တစ်ကောင်၏ ပယောဂကြောင့် ယခုတော့ သူ့စားပွဲပေါ်လေးတွင် တစ်စစီ ဖြုတ်ထားခံနေရသည်လေ။ အစကတော့ ကြောင်ကို မာန်မဲသော်လည်း သူသာ ဒေါသထွက်မည်၊ ကြောင်ကတော့ မမှု။ ဆိုင်အပ်ရန်ထက် ဘာကြောင့်ရယ်မှန်းမသိ သူ ကိုယ်တိုင်ပြင်ကြည့်ရန် ဆန္ဒ ပြင်းပြနေမိသည်။

ထိုနာရီကြီးသည် သမီးကြီးထက်ပင် တစ်နှစ်ခန့် ကြီးမည်။ နောက်ပြီး အိမ်ထောင်ဦးပစ္စည်း၊ ညိုကြည် နှစ်သက်သည့်ပစ္စည်း။ ညိုကြည်မရှိတော့သည့်နောက် ပိုင်း အမှတ်ရစရာတွေထဲက တစ်ခု။

အငယ်ကောင် အပြင်ထွက်သွားသည်။ နာရီကြီးဆီ သူ့အာရုံ ပြန်ထားလိုက်မိသည်။ လက်တံများကို ဖြုတ်ထားရာမှ စမ်း၍ တပ်ကြည့်သည်။ ဝက်အူတွေ ပြန်[illegible]သည်။ လက်တံကလည်း သုံးခု စုံသည်။ ဘယ်အစိတ်အပိုင်းက ချို့ယွင်း၍ လက်တံမလည်ခြင်းကို သူ နားမလည်။ သို့သော် သူ စမ်းကြည့်ချင်သည်။ ပြင်ကြည့်ချင်သည်။

နာရီက အစိတ်အပိုင်း တစ်ခုမှ မပါသော ဟောင်းလောင်း ဖြစ်နေသည်။ [illegible] အောက်တွင် လက်တံ[illegible] တံ၏အောက်တွင် [illegible]



www.burmeseclassic.com

www.burmeseclassic.com

ရေးထားသော လေးထောင့်ခံ ရွှေရောင်စက္ကူပြား၊ စက္ကူပြား၏ အောက်ခံအရာကမူ သူ့ကို အလွန်ခက်ခဲစေသော အရာတစ်ခု။ ထိုပစ္စည်းကို ဘာနှင့် လုပ်ထားကြသနည်း။ တစ်စစီဖြတ်တုန်းက လွယ်ကူသော်လည်း ထိုတစ်ခုတည်းကသာ တပ်ရ ခက်နေသည်။

'ဂရက် ဂရက်' ဟု ခေါ်မလား၊ 'ဂရိ ဂရိ' ဟု ခေါ်မလား ထိုမသိသောအသံနှင့် ထောင့်တစ်ဖက်နား တပ်လို့ရလျှင် ကျန်သုံးနေရာက ထောင်ထွက်လာသည်။ 'ဟာကွာ' ဟူသော စိတ်မရှည်သံနှင့် ချွေးထွက်အောင် သူ လုပ်နေရသည်။

'ဒီကြောင်ကတော့ကွာ' ဟူသော အသံကလည်း တစ်ခါတစ်ခါ ထွက်လာသေး။ ထိုအသံကတော့ ဒေါသသံနှင့် ဖြစ်လိမ့်မည်။ သူ စဉ်းစားမိပြီ။ ဒီပုံအတိုင်းတော့ ရမည်မထင်။ သူ ဆိုင်သွားပြလျှင် ကောင်းမည်ဟု ဆုံးဖြတ်လိုက်သည်။ သူ ပြင်လို့ ပျက်သွားမှာထက်စာလျှင် ဆိုင်မှာ သွားပြင်လိုက်လို့ ကောင်းလာလျှင် မဆိုးဘူးလေ။

'အဘိုးရယ် အသစ်သာ ဝယ်လိုက်ပါတော့။ ဈေးဘယ်လောက်မှ မရှိပါဘူး။ နောက်ပြီး ကျွန်တော်တို့က ဒီလိုတစ်စစီ ဖြုတ်ထားတဲ့ နာရီကို မပြင်ချင်ဘူး' ဟု သူ့ကို ဆိုင်က ငြင်းလွှတ်လိုက်သည်လေ။ ကောင်လေးပြောမှလား အသစ်ပြန်ဝယ်လို့ရတာတော့ သိသားပဲ။ ဘာကယ်လို့ နာရီအသစ် ဝယ်ပါပြီတဲ့၊ အဲဒီနာရီမှာ ညို့ကြည်နှင့် ပတ်သက်ဖူးသော အတိတ်၊ အရိပ်၊ ခံစားချက်နှင့် မေတ္တာတွေ ပါနေမှာတဲ့လား။ ကောင်လေးမှ မသိဘဲ။

'အေးပါကွာ' ဟူသော စကားသုံးခွန်းနှင့်သာ သူ အိမ်ဘက် ပြန်လှည့်လာမိသည်။ နာရီကို ဒီအတိုင်းထားလိုက်ရတော့မလား။ မဖြစ်နိုင်တာ သူ လက်မလျှော့ချင်သေးပေ။ စိတ်ကူးတစ်ခု ထပ်ပေါ်လာသည်။ အိမ်အပြန်လမ်း ဆိုင်တစ်ဆိုင်တွင် စူပါကလူး ဝယ်လာသည်။ စုစုပေါင်း ဆယ်ဘူး။ တစ်ဘူးတစ်ရာ တစ်ထောင်ဖိုး။

သူ့ကို ဒုက္ခပေးသော နာရီအတွင်းပိုင်းမှ အရာကို စူပါကလူးနှင့် ကပ်ထားလိုက်သည်။ ငါးမိနစ်လောက် အခြောက်ခံကာ တောက်လျှောက် လိုက်ကပ်ထားလိုက်သည်။ ငါးဘူးမြောက်တွင် 'ခရက်' ဟူသော အသံနှင့်အတူ ကော်ကမကပ်ဘဲ ထောင်တက်လာပြန်သည်။ လက်နှင့်ဖိထားသောနေရာမှ အပ ကျန်တာ ကွာနေသည်။ ထိုအရာသည် တစ်ခါက ဓာတ်မှန်ရိုက်၍ ရဖူးသော အမည်းရောင်တောင့်တောင့်နှင့် ဆင်လွန်းသည်။ ဘာနှင့်များ လုပ်ထားကြတာပါလိမ့်နော်။

နာရီပြင်မရတိုင်း ကြောင်ကိုသာ ဒေါသပိုထွက်လာမိသည်။ ကြိကြိဖန်ဖန် တိုင်မှာ ကပ်ထားသည့်နာရီကိုပင် ဖြုတ်ကျစေသည်လေ။ ကျန်နေသေးသော ငါးဘူးနှင့် ဖွဲ့မလျှော့ဘဲ လိုက်ကပ်နေမိသည်။

တစ်ခါမှာတော့ သူ့လက်မ စူပါကလူး အရည်ထိမိ၍ ခွာမရဘဲ ဖြစ်နေသည်။ တော်တော်လေး ပူသွားသည်။ ခွာလိုက်တော့ လက်မမှ အရေခွံပင် ပါလာသည်။ သို့သော် နာရီမှာတော့ မကပ်၊ 'ခရက် ခရက်' ဟူသောအသံနှင့် တစ်ဖက်ကပ်လျှင် ကျန်သုံးဖက်က လွတ်လို့နေသည်။ 'ဟူး' ခနဲမြည်အောင် သူ သက်ပြင်းချလိုက်မိသည်။

ချွေးတလုံးလုံးနှင့် မြေးအငယ် ပြန်ရောက်လာသည်။ နောက်ပြီး အံ့သြနေပုံရသည်။ ဘာကြောင့်ဆို နာရီတစ်လုံးနှင့် မျက်နှာညိုးနေသော အဘိုးကို မြင်လိုက်ရခြင်းကြောင့်ပင်။ သူ့အနားကပ်လာသည်။ အဘိုးကို တစ်လှည့်၊ နာရီကို တစ်လှည့် ကြည့်နေသည်။ နောက်ပြီး သူ့လက်ညှိုးဖိထားပုံကို အကဲခတ်နေသည်။ သူကမြေးငယ်ကို စကားမပြောဘဲ အရေးမစိုက်သည့်ပုံစံနေလိုက်သည်။ အကြီးကောင်ဆိုလျှင် သူတစ်ခါ ငေါက်လိုက်တာနှင့် နောက်ထပ်၍ပေါ်မလာတော့။ အငယ်ကောင်ကသာ။

သူ့လက်နှစ်ချောင်းက ထောင့်နှစ်နေရာကိုဖိ၍ ကပ်ထားစေကာမူ ကျန်နှစ်နေရာက လွတ်နေပြန်သည်။ သူ့လက်သန်းလောက်ပင် မရှိသော လက်ညှိုးလေးနှင့် အငယ်ကောင်က ထောင်ထွက်နေသောတစ်ဖက်ကို လာဖိသည်။ အဘိုး၏ မျက်နှာရိပ်ကိုလည်း ခိုးကာကြည့်လိုက်သေးသည်။

အတော်လည်လိုက်သည့်ကလေးလေး။ တစ်ယောက်နှင့်တစ်ယောက် စကားမပြောမိကြ။ မြေးငယ်ဆီက ချွေးစော်နှင့် ဖုန်မှုန့်စော်များ နံနေသည်။ သူ ရှူသွင်းလိုက်သော ဝင်သက်ထွက်သက်တိုင်းတွင် အနံ့ရနေသည်။

ဆယ်ဘူးမြောက်တွင် မကပ်ချင် ကပ်ချင်နှင့် အဆင်ပြေသွားသည်။ နှစ်ယောက်က ပြိုင်တူသက်ပြင်းချလိုက်ကြသည်။ ထို့နောက် နှစ်ယောက်သား အခြေအနေကို ရိပ်မိကြသည့်အလား တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။ သူတို့က ကပ်လျှင်ပြီးရော နာနာကပ်နေကြတာ ထိုအရာက အတွန့်အလိမ်များနှင့်။ ဤပုံအတိုင်းဆိုလျှင် လက်တံလည်သည့်အခါ အဆင်ပြေရန်မလွယ်။ ချိုင့်ဝင်နေသည့်နေရာတွင် ကိစ္စမရှိသော်လည်း တစ်ပြေးညီမဟုတ်တော့ လက်တံလည်ရန် အဆင်မပြေ။

လက်ပတ်နာရီကို ကြည့်မိတော့ သုံးနာရီပင် ထိုးလုပြီ။ မနက် ဆယ့်တစ်နာရီခန့် စ,ခဲ့သောအလုပ် သူ ခုထိ အဆုံးမသတ်နိုင်သေး။ နေ့လယ်စာ စားရန်ပင် အမှတ်မရတော့။ နေပါစေ နေ့တိုင်းလည်း စားနေကျပဲ၊ ဒီနေ့ခင်းလေးလွတ်တာ ကိစ္စ မရှိဟု သူ တွေးလိုက်သည်။

'ကဲ ဒီနေ့တော့ အဘိုးနားလိုက်ဦးမယ်'

ပြောပြောနှင့် နာရီအစိတ်အပိုင်းအားလုံးကို အိတ်ထဲစုထည့်ကာ ထ,လိုက်မိသည်။ အငယ်လေး

စာမျက်နှာ(၂၅၃)သို့…

www.burmeseclassic.com



www.burmeseclassic.com



(နွေလိုက်ကာ အဖွင့်)
ဘယ်လိုပြောရမလဲဆိုတာ
မသိတော့ပါ။ စဉ်းစား
လိုက်လေတိုင်းလည်း ခေါင်း
တစ်ခုလုံး ရှုပ်ထွေးနောက်ကျိလို့သာ
လာပါတယ်။ ခုံရှည်လေးပေါ်မှာ
ထိုင်ရင်း ခေါင်းကိုတွင်တွင်သာ
ခါယမ်းနေမိတော့တယ်။ သက်ပြင်း
လေးလေးပင်ပင်ကြီးတွေကိုလည်း
တစ်ချက်ပြီးတစ်ချက်ချနေမိတယ်။

❑

(အခန်း-စံပယ်)
အဖေက အေးပုံ လူမှန်း
မသိတတ်ခင်ကတည်းက
ဆုံးသွားတော့ ငယ်ငယ်
ကတည်းက
အမေနဲ့ပဲ အေးပုံ
နေရတယ်။
အမေက မနက်ဆို
အစောကြီး အကြော်ကြော်ပြီး
ရွာထဲလည်ရောင်းတယ်။
ပြီးရင်တော့ ရွာထဲက
အဝတ်လျှော်ဖို့မှာထားတဲ့
အိမ်တွေမှာအဝတ်သွားလျှော်တယ်။
ကျန်တဲ့ဟာ ခိုင်းရင်လည်း
စပါးလုံးကောက်တာတို့၊
ရေခပ်တာတို့ လုပ်ပေးရသေးတယ်။
လယ်ထဲအလုပ်ရှိတဲ့ အချိန်လည်း
ကောက်စိုက်၊ ကောက်ရိတ်ခေါ်ရင်
လိုက်ရတာပဲ။ အမေ့ကိုတော့ အေးပုံ
သနားတယ်။ အေးပုံတို့ကမချမ်းသာ
ပေမဲ့လည်း အေးပုံကြီးလာတော့
အမေက ဟိုဘက်ရွာက
ကျောင်းလေးမှာထားပေးပါတယ်။
အစပိုင်းနေ့တွေကဆို ကျောင်းမှာ
အမေ့ကို သတိရလို့ ငိုငိုနေရပေမဲ့

အမှတ် ၃၀၂၊ ဇန်နဝါရီ၊ ၂၀၁၅

www.burmeseclassic.com

နောက်ရက်တွေကျတော့ အေးပုံ ကျောင်းမှာပျော်လာတယ်။ ကျောင်းမှာက သူငယ်ချင်းတွေ အများကြီးပဲလေ။

အဲ့ဒီ သူငယ်ချင်းတွေထဲမှာ မိစုကတော့ အေးပုံနဲ့ အခင်ဆုံးပေါ့။ မိစုကလည်း အေးပုံတို့ ညောင်ရှည်ရွာကပဲ။ စာလည်းတော်တယ်။ အတန်းထဲမှာဆို အမြဲတမ်း ပထမရတာ။ ပြီးတော့ အေးပုံတို့ ညောင်ရှည်ရွာမှာဆို မိစုတို့က အချမ်းသာဆုံး။ သူ့အမေ မရှိတော့ပေမဲ့ သူ့အဖေ ဦးအေးသောင်ဆို ဒီရွာဘက်တွေမှာ မသိတဲ့ လူက ခပ်ရှားရှားပဲ။ မိစု ထမင်းချိုင့်ဆို အမြဲတမ်း ဟင်းကောင်းပဲ။ မုန့်ဆိုလည်း အကောင်းစား။ ကျောင်းကိုဝတ်လာတဲ့ ဂါဝန်လေးတွေဆိုလည်း လှမှလှ။ ပြီးတော့ ဆရာမတွေက မိစုကို သိပ်ချစ်ကြတာ။ အေးပုံလေ မိစုကို သိပ်အားကျတာပဲ။ အေးပုံကျတော့ သူ့လိုဘာလို့ မဖြစ်ရပါလိမ့်လို့ အေးပုံ စဉ်းစားလို့ မရဘူး။

မိစုနဲ့ အေးပုံက မနက်ဆို ကျောင်းကိုအတူလာကြ၊ ကျောင်းဆင်းရင် အတူပြန်နေကျပေါ့။ အေးပုံတို့ တွဲတာများ ဆရာမတွေကတောင် ပြောယူရတယ်။ 'အမြွှာများလားဟယ်' တဲ့။ ပြောလည်း ပြောစရာလေ။ အတန်းထဲမှာ ထိုင်တော့လည်း ဘေးချင်းကပ်လျက်။ နေ့ခင်း ထမင်းစားကျောင်းဆင်းတော့လည်း အတူတူပဲ။ ကစားတော့လည်း အတူတူ။ ရှူးရှူးပေါက်ဖို့ လက်ညှိုးလေးထောင်ပြီး ထွက်ရင်တောင် အတူတူပဲ။ ဒါတောင်ကျောင်း

ဦးလေး
အေးသောင်းက
တဘက်
တစ်ထည်နဲ့
နွားနို့တစ်ခွက်
လာချပေးပြီး
အိမ်ပေါ်ထပ်
ပြန်တက်
သွားတယ်
အေးပုံလည်း
စိုနေတဲ့ ခေါင်းနဲ့
အင်္ကျီတွေကို
တဘက်နဲ့သုတ်ပြီး
နွားနို့ကို
တကျိုက်ကျိုက်နဲ့
ကုန်အောင်
သောက်ချ
ပစ်လိုက်တာပဲ
နည်းနည်းတော့
နွေးနွေးထွေးထွေး
ဖြစ်သွားတယ်

မှာ တွဲတာပဲ မြင်ကြလို့။

ကျောင်းဆင်းလို့ ရွာပြန်ရောက်ရင် အမေ့ကို အလုပ်ကူလုပ်ပေး၊ ဈေးသွားဝယ်ပေးပြီးတာနဲ့ မိစုဆီကို ပြေးတာပဲ။ မိစုတို့ အိမ်ရှေ့ကုက္ကိုပင်အောက်က ကွပ်ပျစ်ပေါ်မှာ သူ့ဘိုမရုပ်လေးတွေနဲ့ ကစားကြတယ်။ တစ်ခါတလေလည်း အိုးတမ်းခွက်တမ်းကစားကြတယ်။ ဦးလေးအေးသောင်ကလည်း အေးပုံတို့ကို မုန့်တွေကျွေးတယ်လေ။ အချိုရည်ဘူးတွေလည်း တိုက်တယ်။ တစ်ခါတစ်မျိုး မရိုးရပါဘူး။မုန့်တွေကလည်း အကောင်းစားတွေဆိုတော့ အေးပုံ သိပ်ကြိုက်တာပဲ။ တစ်ခါတလေဆို အေးပုံဖို့တောင် အရုပ်တွေ ဝယ်ပေးသေးတယ်။ ကျောင်းပိတ်ရက်ဆိုရင်လည်း တစ်မျိုးပျော်ဖို့ကောင်းတာပဲ။ တစ်ရွာလုံးက သူငယ်ချင်းတွေအကုန် ဒီကုက္ကိုပင်အောက် လာဆော့ကြတာ။ တူပုန်းတမ်း၊ ကြိုးခုန်တမ်း၊ ရွှေစွန်ညို အို စုံလို့ပါပဲ။ ဒါပေမဲ့ အဖွဲ့ခွဲရမယ့်ကစားနည်းဆို အေးပုံနဲ့ မိစုက တစ်ဖွဲ့တည်း။

အေးပုံတို့ အဲလောက်ချစ်ကြပေမဲ့ ခွဲရမယ့်ကံက ကြုံလာခဲ့တယ်။ လေးတန်းအောင်တော့ မြို့ထဲမှာ သွားတက်ရမှာမို့ အေးပုံ ကျောင်းဆက်မတက်ရတော့ဘူး။ မြို့ကျောင်းကလည်း ရွာကနေ အဝေးသား။ ဒီတော့ တခြားသူငယ်ချင်းတွေလိုပဲ လေးတန်းအောင် ကျောင်းထွက်ပြီး အလုပ်လုပ်ရုံပေါ့။ ဒါပေမဲ့ အမေကတော့ အေးပုံကို သူများလို လယ်ထဲချောင်းထဲ မခိုင်းပါဘူး။ အကြော်သည်ပဲ ဆက်လုပ်ခိုင်းတယ်။

မိစုကတော့ မြို့က အဒေါ်အိမ်မှာနေပြီး ကျောင်းဆက်တက်တယ်။ မိစုကို မတွေ့ရတော့ စစချင်းဆို အေးပုံ ဘယ်လိုမှမနေတတ်ဘူး။ တစ်ခုခုလိုနေသလိုမျိုးပဲ။ သူလည်း သောကြာနေ့ ညနေမျိုးဆိုရင်တော့ ပြန်ပြန်လာတတ်ပါတယ်။ အေးပုံလည်း သူတို့ အိမ်ရှေ့ကုက္ကိုပင်ကြီးအောက် သွားသွားစောင့်နေမိတယ်။ သူပြန်လာမှ အေးပုံလည်း အလွမ်းသယ်ရတာ။ ပြီးတော့ အတူတူကစားကြတယ်။ မုန့်တွေစားကြတယ်။ စကားတွေအများကြီးပြောကြတယ်။ တနင်္ဂနွေ ညနေဆိုရင်တော့ မိစုမြို့ကို ပြန်တယ်။

ဟို တစ်နေ့ကလည်း သောကြာနေ့ဆိုတော့ မိစု ပြန်လာမလားလို့ ကုက္ကိုပင်အောက်မှာ အစောကြီးသွားစောင့်နေမိသေးတယ်။ ညနေ ငါးနာရီ၊ ငါးနာရီခွဲလောက် အထိလာတာ မတွေ့သေးတော့ အေးပုံစိတ်ညစ်မိတယ်။ 'အင်းလေ သူလည်း ခုနှစ်တန်းတောင် ရောက်ပြီပဲ။ အတန်းကြီးပြီဆိုတော့ စာတွေများမှာပေါ့။ အရင်လို အပတ်တိုင်း ဘယ်ပြန်လာနိုင်မှာလဲ' လို့ပဲ အေးပုံဖြေတွေးလေးတွေးရတယ်။ မိုးကလည်း တဖြောက်ဖြောက်နဲ့။ အင်္ကျီတွေတောင် တော်တော်စိုကုန်တယ်။ မိစုပြန်လာဖြစ်၊ မလာဖြစ် ဦးလေးအေးသောင်ကို ဝင်မေးပြီး ပြန်တော့မယ်လို့ပဲ အေးပုံ တွေးတော့တယ်။

'ဪ သမီးအေးပုံ လာလေသမီး။ သမီး သူငယ်ချင်း ပြန်လာမယ်တော့ ပြောထားတာပဲ။ ဘာလို့ နောက်ကျနေတယ် မသိပါဘူး။ အထဲမှာ လာထိုင်စောင့်လေ'

အိမ်ပြန်ချင်နေပြီဆိုပေမဲ့ မိုးကလည်း သည်းလာပြီမို့ အိမ်ရှေ့ခန်းက ခုံရှည်အကြီးကြီးတွေပေါ်မှာ အေးပုံ ဝင်ထိုင်ရင်းစောင့်နေလိုက်တယ်။ ခဏနေတော့ ဦးလေး အေးသောင်းက တဘက်တစ်ထည်နဲ့ နွားနို့တစ်ခွက်လာချပေးပြီး အိမ်ပေါ်ထပ်ပြန်တက်သွားတယ်။ အေးပုံလည်း စိုနေတဲ့ ခေါင်းနဲ့အင်္ကျီတွေကို တဘက်နဲ့သုတ်ပြီး နွားနို့ကို တကျိုက်ကျိုက်နဲ့ကုန်အောင် သောက်ချ



www.burmeseclassic.com

www.burmeseclassic.com

ပစ်လိုက်တာပဲ။ နည်းနည်းတော့ နွေးနွေးထွေးထွေးဖြစ်သွားတယ်။ မိစုကို စောင့်ရင်းနဲ့ မလာနိုင်တဲ့အဆုံးတော့ အေးပုံလည်း ပျင်းပျင်းနဲ့ ခုံရှည်ကြီးတွေပေါ် ကွေးကွေးလေး အိပ်ပျော်သွားတယ်။

မိစု အေးပုံကို လာနှိုးတော့ ခုနစ်နာရီတောင် ကျော်နေပြီ။ အေးပုံ ဆက်အိပ်ချင်နေသေးပေမဲ့ အမေ စိတ်ပူနေမှာစိုးလို့ အားတင်းပြီးထရတယ်။ မိုးမိထားတဲ့အရှိန်ကြောင့် ထင်တယ်။ တစ်ကိုယ်လုံးလည်း နာကျင်ကိုက်ခဲနေတာပဲ။ ခေါင်းလည်းမူးတယ်။ အိမ်ကျမှ အမေ့ဆီက ဆေးတောင်းသောက်ဖို့ စိတ်ကူးတယ်။ မိုးက တဖွဲဖွဲကျနေတုန်းမို့ မိစုပေးလိုက်တဲ့ ထီးလေးဆောင်းပြီး ပြန်လာခဲ့တယ်။ အိမ်ရောက်တော့ အမေက ဆူလိုက်တာ မပြောပါနဲ့တော့။ အမေ့ကို ကူဖော်မရဘဲ ညဥ့်နက်အောင် အိမ်လည်ရမလားလို့တဲ့။ အမေ ဆူတာကတော့ ရိုးနေပါပြီ။ ဒါပေမဲ့ အမေ့ဒေါသကို ကြောက်တာနဲ့ ထမင်းစား ပြီးတော့ ဆေးတောင်း မသောက်ရဲဘူး။ ဒီအတိုင်းပဲ အိပ်ရာဝင်လိုက်တော့တာ။

နောက်တစ်နေ့ကျတော့ အေးပုံဖျားတော့တာပဲ။ တစ်ကိုယ်လုံးလည်း နာကျင်ကိုက်ခဲနေတယ်။ အမေ့ကိုတောင် ဘာမှမကူနိုင်ဘူး။ ဒေါ်စိန်တင်ဆိုင်က အမေဝယ်လာပေးတဲ့ အဖျားဖြတ်ဆေးတစ်ထုပ်သောက်ပြီး အိပ်ရာထဲမှာပဲ ကွေးနေလိုက်တယ်။ မိစုဆီလည်း မသွားနိုင်ဘူး။ တနင်္ဂနွေ မနက်ကတော့ သူ လာသေးတယ်။

'စာမေးပွဲနီးလာပြီဆိုတော့ နောက်ဆိုခဏခဏပြန်မလာနိုင်လောက်တော့ဘူးဟ။ ကျောင်းပိတ်ရက်လည်း ဆရာမကို အိမ်လာသင်ပေးဖို့ ပြောထားတယ်။ အတန်းတင်စာမေးပွဲပြီးလို့ ကျောင်းကြီးပိတ်မှပဲ အေးအေးဆေးဆေး ပြန်လာနိုင်တော့မှာ'

ပြောတာကတော့ စုံလို့ပါ။ အေးပုံတော့ နေမကောင်းတာနဲ့ ဘာမှပြန်မပြောလိုက်နိုင်ဘူး။ မိစု ပြန်သွားတော့တောင် သူ့ထီးလေးပေးလိုက်ဖို့ သတိမရဘူး။

အေးပုံ နေပြန်ကောင်းလာတော့ နောက်ရက်ပတ်တွေမှာ မိစုတို့အိမ်ဘက် သွားသွားမျှော်နေမိသေးတယ်။ မိစုကလည်းလေ တကယ်ကို ပြန်မလာဘူး။ ဦးလေးအေးသောင်ကလည်း မိစုပြန်မလာဖြစ်သေးဘူးဘဲ အမြဲပြောနေတာပဲ။ နောက်ကျတော့လည်း မိစုတို့အိမ်ဘက် အေးပုံသွားမမျှော်ဖြစ်တော့ဘူး။

သူ့ကို သိပ်လွမ်းတာပဲ။ အောင်ဘုတို့ ခင်အေးတို့ဆီ သွားလည်လည်း အေးပုံ မပျော်ဘူး။ အေးပုံတော့ နွေကျောင်းပိတ်ရက်ကြီးကိုပဲ မျှော်နေရတော့မှာ။ ကျောင်းကြီးပိတ်ရင် အတူတူပြန်တွေ့ကြ၊ ကစားကြဖို့ကိုတော့ အေးပုံ စိတ်ကူးယဉ်လို့။

❑

(အခန်း–အမှောင်)

သမီးလေးတစ်ယောက်ရှိတာများ ဘာမှကို အားမကိုးရဘူး။ အဖော်ကလည်း မက်လိုက်တာ။ သူ့သူငယ်ချင်းကို မတွေ့ရတာများ မစားနိုင်မသောက်နိုင် လွမ်းဖျားလွမ်းနာကျလို့။ ခုတလောဆို ဘာမှကို ခိုင်းလို့မရဘူး။ လုပ်ရင်လည်း အရင်လို သွက်သွက်လက်လက် မရှိလိုက်ပုံများ။ ဘာလေးမှဖြင့် မလုပ်ရသေးဘူး မောရပန်းရတာနဲ့ ပြီးတော့တာ။ အားအားရှိ အိပ်ရာထဲမှာချည်းပဲ။ အရင်လိုတောင် ဆော့တာ၊ ကစားတာ သိပ်မတွေ့ဘူး။ ဒီနှစ်ထဲကျမှ ဖျားလိုက် နာလိုက်တာလည်း ခဏခဏ။ ကျုပ်သာ လူလဲဖြစ်လိုက်ချင်တယ်။ လိမ္မာစေချင်လို့ ဆူရငေါက်ရပေမဲ့ ဖတဆိုးလေးဆိုတော့လည်း ရိုက်မောင်းပုတ်မောင်း မလုပ်ရက်ဘူး။ ရှိစေတော့လို့သာ ထားလိုက်ရတာ။

အခုလည်း ဘယ်လိုဖြစ်တယ် မသိဘူး။ ဗိုက်ကကယ်ကယ်နေတယ်တဲ့။ အစကတော့ ရင်ပူတယ်ပဲ ပြောပြောနေတာ။ အစာအိမ်လား ဘာလားပဲ။ အစာလည်း မကြေဘူး။ တစ်ခါတစ်ခါ အန်တယ်။ မစိန်တင်ဆိုင်က မေးမေးပြီး ဆေးဝယ်တိုက်နေရတယ်။ဆေးရုံဆေးခန်းဆိုတာကလည်း နီးတာမဟုတ်ဘူး။ မြို့ကိုတက်နိုင်ပါမှ။ ပိုက်ဆံကလည်း တတ်နိုင်ဦး မှကိုး။

ဒေါင်းသေရွာမှာတော့ ဆေးဆရာတစ်ယောက်ရှိတယ်။ ဒီနားပါးနီး နေထိုင်မကောင်းရှိ သူ့ပဲ အားကိုးရတာ။ ခုလည်း ရောဂါမသက်သာတဲ့အပြင် ဗိုက်ကြီးကပါ ဖောင်းဖောင်းလာလို့ အဲဒီဆရာပဲ သွားပင့်ပြီး ကုလိုက်ရတယ်။ ပိုက်ဆံလေး ကန်တော့သလောက်နဲ့ ကျေနပ်တာပဲကျေးဇူးတင်ရမယ်။ ဆရာထွန်းပြောတာတော့ ရေဖျဉ်းစွဲတာတဲ့တော်။ သောက်ဆေးသောက်ရမယ်။ ဆေးလည်းလိမ်းရမတဲ့။ ဒါမှ သက်သာမတဲ့။ တစ်ပတ်တစ်ခါ ဆေးလာယူရမတဲ့။

ဆေးလိမ်းဆေးသောက်တာ သုံးလေးလလောက်ရှိပေမဲ့ ရေဖျဉ်းဆိုတာလည်း ကျကိုမသွားဘူး။ ပိုပိုတောင် တင်းလာသေးတယ် ထင်ပါ့။ သမီးအေးပုံမလည်း သနားစရာပါ။ ကျုပ်လည်း ဘယ်လိုလုပ်ရမယ် မသိဘူး။ ဆေးလည်းကုနေတာပဲလေ။ ဆရာထွန်းကတော့ 'ကောင်းလာမှာပါ၊ စိတ်ချ၊ ဆေးသာဆက်လူး'တဲ့။

အရိပ်တကြည့်ကြည့် လုပ်နေချင်ပေမဲ့ အကြော်ကလည်း ကြော်ရသေးတယ်လေ။ ဆေးဖိုးက ထားလို့ စားဖို့သောက်ဖို့ကလည်း ရှိသေးတယ်မဟုတ်လား။ ဒါတောင် မစိန်တင်ဆီမှာ ယူထားရတဲ့အကြွေးက နည်းတာမှတ်လို့၊ သောင်းဂဏန်း ခိုက်နေပြီ။

'အမေရယ်၊ အေးပုံတော့ သေတော့မလား မသိဘူး။ နေရတာ ဘယ်လိုမှ မသက်သာဘူး။ ဘယ်လိုနေလဲဆိုရင်လည်း အေးပုံ မပြောပြတတ်ဘူး'

ကျုပ်လည်း အေးပုံမကို ပြန်ကောင်းစေချင်ပါပြီ။ သူ့ခမျာလည်း အိပ်ရာထဲမှာပဲ တပုံ့ပုံ့နဲ့။ နေသာပြန်ကောင်းလာပါစေတော်။ အရင်လို ကစားနိုင်လို့ကတော့ ဆော့ပါစေတော့၊ ကစားပါစေတော့။အရင်လို ကျုပ် မဆူ

www.burmeseclassic.com

တော့ပါဘူး၊ ပြောလည်းမပြော တော့ပါဘူး။ ပြန်ကောင်းလာဖို့သာ အဓိကပါတော်။

❑

(အခန်း-လေပွေ)

'ကဲ ဆရာမရေ မွေးဖို့ပြင်'

'ရှင် ဘာကိုလဲဆရာ'

'ကလေးမွေးဖို့ ပြောတာလေ ဆရာမ။ ဒါ Labour Pain(ကလေးမွေးခါနီး ဗိုက်နာခြင်း)ကြီးလေ ဆရာမရယ်'

'တကယ်ကြီးလား ဆရာ၊ သေချာလို့လား။ သူက ကလေးလေးပဲ ရှိသေးတယ်လေ'

'ကဲ ဆရာမ၊ ဆရာမတို့တုန်းက အသက်ဘယ်လောက်မှာ အပျိုဖော်ဝင်သလဲ။ အပျိုဖော်ဝင်ရင် ကိုယ်ဝန်စရနိုင်ပြီလေ'

'... ... ...'

ဆရာမ မခိုင် ဘာမှထပ်မပြောတော့ဘဲ မွေးခန်းဘက်သာ လျှောက်သွားတော့တယ်။

'ဪ ဆရာမ၊ သူ့အမေကိုပါ မွေးခန်းထဲခေါ်သွားလိုက်ပါနော်'

ကျွန်တော် ညနေ Ward Round ပြီး ပြန်ခါနီးမှာ သူရောက်လာခဲ့တာပါ။

'ဆရာ...လူနာသစ်ရောက်တယ်။ Acute Abdomen(ရုတ်တရက် ဗိုက်နာလာခြင်း)တဲ့'

လူနာကို တစ်ချက်ကြည့်လိုက်ကတည်းက မသင်္ကာချင်ဘူး။ စိုးရိမ်စိတ်တစ်ဝက်နဲ့ ရောဂါရာဇဝင်မေးကြည့်တယ်။ ဗိုက်နာတဲ့အချိန်၊ နာပုံနာနည်း၊ သွေးမပေါ်တာ၊ ဗိုက်စပူလာတဲ့အချိန်၊ ပြီးတော့စပ်ဆိုင်နေတဲ့ လက္ခဏာတွေ။ သေချာနေပါပြီ။မဟုတ်ပါစေနဲ့ ဆုတောင်းရင်း စမ်းသပ်ခဲ့ပေမဲ့လည်း ကံဆိုးစွာပဲ Labour Pain ဖြစ်နေခဲ့ပြီလေ။ ကံကောင်းတာတစ်ခုကတော့ ကိုယ်ဝန်ရဲ့ဆိုးကျိုးဆက်တွေ မတွေ့ရတာပါ။ ဒါပေမဲ့ အသက်ငယ်တဲ့ကိုယ်ဝန်ဆောင်ကလည်း အန္တရာယ် လက္ခဏာတစ်ခုပဲ မဟုတ်ဘူးလား။

သူ ကံကောင်းစွာပဲ ချောချောမောမော မွေးဖွားနိုင်ခဲ့ပါတယ်။ ကံမကောင်းတာကတော့ သူ့ကလေးနဲ့ ကျွန်တော်သာဖြစ်ပါတယ်။

'မဟုတ်ဘူး ဆရာကြီး၊ အဲဒါအေးပုံရဲ့ကလေးမဟုတ်ဘူး။ အေးပုံကလေးလေးလည်း မလိုချင်ဘူး။ ဆရာကြီးဖြစ်ပြီး မဟုတ်တာတွေလာမပြောနဲ့'

'အဲဒါဆိုလည်း ကလေးလေးကိုတော့ နို့တိုက်လိုက်ပါ သမီးရယ်နော်။ ကလေးလေး သနားပါတယ်။ ကြည့်စမ်းပါဦး၊ ကလေးလေးက ချစ်စရာလေး'

'မကြည့်ဘူး ဆရာကြီး မကြည့်ဘူး။ နို့လည်း မတိုက်နိုင်ဘူး။ အဲဒီကလေးလေးကို ဝေးဝေးခေါ်သွားကြပါ ဆရာမရယ်။ အေးပုံ ကြောက်လို့ပါ။ ပြီးတော့ အေးပုံ အိမ်ပြန်မယ်'

မမွေးခင်ကတော့-

'မဖြစ်နိုင်ဘူး ဆရာ၊ လုံးဝမဟုတ်ဘူး။ ကျွန်မသမီးလေးရဲ့ဗိုက်က ကိုယ်ဝန်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး'လို့ ဆက်တိုက်ပြောနေခဲ့ပေမဲ့ သမီးဖြစ်သူ ကလေးလေးတစ်ယောက်ရဲ့ဗိုက်ထဲက ကလေးလေးတစ်ယောက် ထွက်လာတာကို မယုံကြည်နိုင်သည့်တိုင် မျက်မြင်ဒိဋ္ဌတွေ့ခဲ့ရသူ၊ ပြီးတော့ အေးပုံရဲ့အမေ၊ ကလေးလေးရဲ့အဘွားဖြစ်သူ ဒေါ်ထွေးခင်ကတော့ ဘယ်လိုမှကို မဆိုနိုင်တော့ဘူး။ ငိုပဲငိုနေတော့တယ်။ ကလေးရဲ့အဖြစ်သနစ်နဲ့ပတ်သက်လို့ မေးကြည့်တော့လည်း ဘာမှရေရေရာရာမပြောနိုင်။

'ကျွန်မလည်း မပြောတတ်တော့ပါဘူး ဆရာရယ်။ ကျွန်မ သမီးက ကလေးလေးပဲ ရှိပါသေးတယ်။ ခုထက်ထိ ဆော့လို့ ကစားလို့တောင် မဝရှာသေးပါဘူး။ ရက်စက်လိုက်ကြတဲ့လူတွေ၊ ကျွန်မဘယ်လိုလုပ်ရမလဲဆရာရယ်။ ကံဆိုးလိုက်တဲ့ အေးပုံလေးရယ် ဟီး ဟီး'

'အေးပုံလေး ရာသီသွေးမပေါ်တာကို ဒေါ်ထွေးခင် သတိမထားမိဘူးလား။ ပြီးတော့ ဗိုက်ပူလာတော့ရောသံသယရော မဖြစ်မိဘူးလား'

'မပြောတတ်ပါဘူး ဆရာရယ်။ ကျွန်မတို့တုန်းကလည်း ဒီလိုပဲ အပျိုဖော်ဝင်စမှာ ပေါ်လိုက် ပျောက်သွားလိုက်နဲ့ပဲလေ။ ဗိုက်ဖောင်းလာတာက ရေဖျဉ်းစွဲတာပဲ မဟုတ်ဘူးလား ဆရာ'

ကျွန်တော် သက်ပြင်းသာ ချနိုင်ပါတော့တယ်။

ကလေးလေးကတော့ တအဲ့အဲ့နဲ့ ငိုတယ်။

အခြေအနေမှန်နဲ့တကွ လူနာရဲ့အခြေအနေ၊ လောလောဆယ် လုပ်ဆောင်ရမှာတွေ၊ နောက်ထပ်ဆက်လုပ်ဖို့လိုအပ်တာတွေကို သားအမိနှစ်ယောက်ကို သေသေချာချာ ရှင်းလင်းပြောပြထားပြီးပါပြီ။ ကလေးလေးရဲ့မိခင်ကလေးကိုလည်း သူနားလည်နိုင်မယ့်စကားလုံးတွေ ရွေးပြီးတော့ကို အဘွားဖြစ်သွားသူနဲ့အတူ ချော့မော့ပြောပြထားရတယ်။ ဒါပေမဲ့ အခြေအနေကတော့ ဒီအဆင့်ကနေ တက်မယ့်ပုံမပေါ်ဘူး။ ဇာတ်လမ်းကလည်း ခုမှ စ,ရမှာ မဟုတ်လား။

ဘယ်လိုပြောရမလဲဆိုတာ မသိတော့ပါ။ စဉ်းစားလိုက်လေတိုင်းလည်း ခေါင်းတစ်ခုလုံး ရှုပ်ထွေးနောက်ကျိလို့သာ လာပါတယ်။ ခုံရှည်လေးပေါ်မှာ ထိုင်ရင်း ခေါင်းကို တွင်တွင်သာ ခါယမ်းနေမိတော့တယ်။ သက်ပြင်းလေးလေးပင်ပင်ကြီးတွေကိုလည်း တစ်ချက်ပြီးတစ်ချက် ချနေမိတယ်။

❑

(အခန်း-နွေ)

သီးသန့်ခန်းလေးထဲက ခုတင်ပေါ်မှာ နံရံဘက်ကို လှည့်ထိုင်နေတဲ့ကလေးမလေး တစ်ယောက်ရှိတယ်။ အခန်းထောင့် ကြမ်းပြင်ပေါ်မှာ ဖိနပ်ကို ခုထိုင်ပြီး တရှုပ်ရှုပ်ငိုနေတဲ့ အဒေါ်ကြီးတစ်ယောက်လည်း ရှိတယ်။ ခုတင်ဘေးက ခုံရှည်လေးပေါ်မှာထိုင်ပြီး ငေးမှိုင်နေတဲ့ ဆရာဝန်တစ်ယောက်ရှိတယ်။ အဒေါ်ကြီးရဲ့လက်ထဲမှာတော့ မွေးကင်းစ ကလေးလေးတစ်ယောက် ရှိတယ်။

ကလေးလေးက တစ်ချက်တစ်ချက် တအဲ့အဲ့ငိုတယ်။ ■

ကျော်ဝင်းမြတ်



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၂၄၇)မှ…*

ကတော့ သူ့အဘိုးကို နား မလည်စွာနှင့် ကြည့်နေသည်။ မနက်ဖြန် ဆက်လုပ်လျှင် စူပါကလူးကပ်ထားတာကို ပြန်ခွာရမည်။ ပြန်ခွာစရာတောင် လိုမည်မထင်။ ကွာနေမှာတော့ သေချာသည်။ တွန့်လိမ်နေသောအရာများကို တူနှင့် ခပ်နာနာလေးထုမည်။ တစ်ပြေးတည်း ညီသည့်အချိန်တွင်မှ စူပါကလူးနှင့် ထပ်ကပ်မည်။ ဒီတစ်ခါဝယ်လျှင် အခုလိုဘူးသေးဝယ်တာထက် ဘူးကြီး ဝယ်လိုက်မည်။ နောက်ပြီး မြေးငယ်ကိုပါ အကူအညီတောင်းရမည်ဟု တွေးလိုက်သည်။

သမီးကြီးတောင် ရှုံးဆင်းတော့မှာပါပဲ။ ပြန်ရောက်လာ၍ သူ နာရီပြင်နေတာကိုမြင်လျှင် အသစ်သာ ထပ်ဝယ်ရန် ပြောနေလိမ့်ဦးမည်။ သမက်ကတော့ ဘာမျှဝင် စွက်ဖက်မှာ မဟုတ်။ သမီးကြီးနှင့် သမီးငယ်၏ ဂရုစိုက်တတ်မှုများသည် သူ့ကို ကျေနပ်စေသည်။ မြေးနှစ်ယောက်၏ ရယ်သံလေးတွေက သူ့ကို ပျော်ရွှင်စေသည်။

ဒီနေ့မနက် အိပ်ရာနိုးလာတော့ သူ့စိတ်တွေ တစ်မျိုးဖြစ်နေသည်။ သွားလေသူ ညိုကြည်၏ ဓာတ်ပုံမှ အပြုံးနှင့်အတူ သူလည်း ပြုံးလိုက်သည်။ ဘုရားရှိခိုးသည်။ မနက်စာ ထမင်းစားပြီးတာနှင့် မနေ့က အစီအစဉ်အတိုင်း နာရီပြင်ရမည်။ ညိုကြည်ကြိုက်သည့်နာရီကို ပြန်အသက်သွင်းရမည်။ ပြန်လည် အသက်မသွင်းနိုင်သည့်တိုင် ပြန်ပြုပြင်မည်။

ထိုနေရာတွင် နာရီအသစ်တစ်လုံး တချက်ချက်နှင့် လည်ပတ်နေသည့် အချိန်က။ 'အဖေ အံ့ဩသွားလား၊ အဖေက ဟိုနာရီ အဟောင်းကိုပဲ တကုပ်ကုပ် လုပ်နေတာကို ဇက်ကြောတက်နေမှဖြင့်၊ အဖေက ပျက်သွားတဲ့ နာရီအမျိုးအစားမှ ကြိုက်တယ်မှတ်လို့ သမီးမှာ ဆိုင်တွေပတ်ပြီး ရှာလိုက်ရတာမောလို့၊ မနေ့ကမှ အမျိုးအစားတူတာလေး တွေ့လို့ဝယ်ခဲ့တာ'

သမီးကြီးသည် သူ ပြောချင်နေသောစကားများကို သူ့အတွက် ထမင်းကြော်ခူးပေးရင်း ကရားရေလွှတ်ပြောနေသည်။ သူ့မှာတော့-

'အိမ်ရောက်လာတော့ သမီးလည်း ပင်ပန်းလာလို့ အဖေ့ကို မပြောဖြစ်တာ။ မနက်ရောက်မှ အဖေ အံ့ဩသွားအောင်လို့ဆိုပြီး အဖေ့သမက်က ကပ်ထားတာ။ အရောင်တော့ နည်းနည်းကွာတာပေါ့ အဖေရယ်။ ဒါပေမဲ့ ကောင်းပါတယ်နော်'

သမီးကြီးသည် အဖေလိုအပ်နေသော အရာတစ်ခုကို ဖြည့်ဆည်းပေးလိုက်ရလို့ ထင်ရဲ့ပျော်နေသည်။ အဖေ ကြိုက်လိမ့်မည်ဟုလည်း တွေးထင်နေပုံရသည်။ သို့သော်-

'ဒါဆို နာရီအပျက်ရော'

'အဖေ တွေ့နေရင် စိတ်ဆင်းရဲမှာစိုးလို့ ပစ်လိုက်ပြီ'

အဖေ့အတွက် အတော်လေး စဉ်းစားပေးသည့် သမီးလိမ္မာပေပဲ။ သူ ဘာကြောင့် စိတ်ဆိုးရမှာလဲ၊ အပြစ်တင်ရမှာလဲ။ ဒါပေမဲ့ စိတ်တော့ မကောင်း။

'ဒီနာရီပျက်ကို မပစ်ရဘူး။ အဖေ နှစ်သက်တန်ဖိုးထားရတဲ့ပစ္စည်း'လို့လည်း သူမှ မှာမထားတာကိုး။ သူ ဘာမျှမပြောမိတော့၊ မျက်နှာ ပျက်သွားမှာတော့ သေချာသည်။ သို့သော် သမီးကြီး မရိပ်မိအောင်နေရမည်။

ပျောက်၊ ပျက်သွားသော ပစ္စည်းတိုင်း အသစ်အသစ်အစားထိုးဝယ်နိုင်ပေမဲ့ တချို့ပစ္စည်းတွေက။ ခုလည်း ကြည့်၊ ခု နာရီလေးက အရောင်လေးဖျော့နေရုံမှအပ ကျန်တာတူပါသည်။ သို့သော် ညိုကြည် နှစ်သက်၊ ထိတွေ့၊ ကြည့်ဖူးသော အရင်နာရီကား မဟုတ်။

ခုနာရီက သူ့ကို အရင်လို နှစ်သိမ့်ပေးနိုင်မှာ သေချာရဲ့လား။ သွားလေသူ ညိုကြည်ကတော့ ဘာမျှမသိ ရှာတော့ပေမဲ့ ကျန်ရစ်ခဲ့သူ သူ့မှာတော့ လွမ်းဆွတ်မှုတွေ၊ အသက်အရွယ်ရလာတော့ တရားကို အာရုံထားပေမဲ့ အိမ်သူဇနီးကိုတော့ လွမ်းဆွတ်မိသေးသည်လေ။ သမီးကြီးကတော့ အဖေ့ကို နာရီ ဝယ်ပေးလိုက်ရ၍ စိတ်ချမ်းသာနေပုံပေါ်သည်။ သူ့မှာတော့ ရင်ထဲမှာ ခံစားနေရသည်။ နာရီပျက်ကလေးကို သူ တွေးနေမိသည်။ အိမ်ထောင်ဦးပစ္စည်းလေးတစ်ခုကိုတောင် သူ ဂရုမစိုက်မိပါလား။ သူ ညိုကြည့်ကို ရှက်နေမိသည်။ ■

ဂျူပီတာ

အယ်ဒီတာအဖွဲ့

အခန်း (၃-၀၃)
တိုက်အမှတ် ၂၀/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၁၁၅
E-mail:
nyeinfamily@gmail.com



www.burmeseclassic.com

www.burmeseclassic.com

(၁) ဟိန်းဆက်သွင် *သွေးစက်ပေါ်မှ ဒိုင်ယာရီ* ၊ရန်ကုန်၊ (၂) သုတမောင် *ကျွန်တော်နဲ့ အမေပြီးတော့ အနီရောင်၊ အဖြူရောင်၊ အစိမ်းရောင်လေးတွေ* ၊ရန်ကုန်၊ (၃) ဆည်းဆာသစ် *မပြည့်သောအိုးထဲက လှုံကျလာသော မေတ္တာများ* ၊ပခုက္ကူ၊ (၄) ဝင်းတင်(ရွှေရောင်မြေ) *သိက္ခာ* ၊သထုံ၊ (၅) မေသွန်းခေတ် *ငှက်ကလေးတို့ တိုင်းပြည်* ၊E-mail, (၆) ဖြူလေး *သံယောဇဉ်နှောင်ကြိုး* ၊လယ်ဝေး၊ (၇) ဖြူလေး *လမ်းခွဲမှသည် အေးရိပ်နှင်းသို့* ၊လယ်ဝေး၊ (၈) ရေကြည်သူ *ခွေးနှင့်ကြောင်* ၊E-mail, (၉) နိုင်လေး(ရွှေတောင်) *လက်ချောင်းပြတ်များပေါ်က မျက်ရည်တစ်စက်* ၊E-mail, (၁၀) မင်းတုန်းမောင်စိမ်းလွင် *ရေပျော်ငှက်* ၊ပြည်၊ (၁၁) ဂျူပီတာ *တောင်းဆုတွေ ပြည့်ပါစေ* ၊ချင်း၊ (၁၂) ခင်ခင်၊ *အနော်တို့မြို့* ၊ရန်ကုန်၊ (၁၃) လင်းသစ္စာဦး *နှလုံးသားကာ နေတဲ့ချစ်သူ* ၊သရက်၊ (၁၄) နွေရိပ်ဇော် *ဘဝတိုက်ပွဲကြားက သူ့ရဲကောင်း နှင်း* ၊ပခုက္ကူ၊ (၁၅) နှင်းဆီဖြူ(လယ်ဝေး) *နှစ်ဆယ့်တစ်ရာစု မိန်းမပျို၏ ရင်ခုန်သံ* ၊လယ်ဝေး၊ (၁၆) ဇကေရီဝိုင်း *နံပါတ် ၁* ၊မန္တလေး၊ (၁၇) နိုင်လေး(ရွှေတောင်) *ရိုးသားသော အဖြူရောင် ဆုတောင်းလေး* ၊E-mail, (၁၈) ငြိမ်းချမ်းဇော် *အသက် လျှောက်တဲ့လမ်း* ၊ရန်ကုန်၊ (၁၉) ပွင့်သစ်မိုး *အချစ်ထက် ပိုတဲ့အချစ်* ၊ရန်ကုန်၊ (၂၀) မောင်နိုင်ထူး(S.A.I Patheing Yi), *ဖေဖေ…သိစေချင်တယ်* ၊မန္တလေး၊ (၂၁) မောင်နိုင်ထူး (S.A.I Patheing Yi), *မဝေခင် ကြွေလွင့်သွားသည့် ပန်းကလေး တစ်ပွင့်* ၊မန္တလေး၊ (၂၂) ဟာမ်စိုင်း(ဆေး/မန်း) *မြေနီမှိမြစ်ဝှမ်းလွင်ပြင်* ၊မန္တလေး၊ (၂၃) ကိုယ်လက်သစ် *ညှိုးသည်တစ်ယောက်၏ ခရီးမှတ်တမ်း* ၊မြစ်ကြီးနား၊ (၂၄) ခနူး(ရန်ကုန်) *အချစ်ရှိုက်* ၊ရန်ကုန်၊ (၂၅) ကိုဂျိုးအဲ *ကိုယ်ထင်ပြတဲ့အရိပ်* ၊မုံရွာ၊ (၂၆) မောင်ဗလ *ရေဒီယို* ၊ရန်ကုန်၊ (၂၇) ဝက်ပါ *အသံ* ၊မန္တလေး၊ (၂၈) ဖြိုးနွဲ့နွဲ့ဝါ *စံပယ်ဖွေးဖွေး လရေးရေး* ၊သထုံ၊ (၂၉) သုတမောင် *ဝဲဂယက်ထဲ၌ စိတ်ညစ်သည်ပျော်သည်* ၊ရန်ကုန်၊ (၃၀) ဆုလဒ်ပြည့် *နေသာသူ* ၊မော်လမြိုင်၊ (၃၁) ပျူမခ(ကော့သောင်း) *သက်ကယ်အကျီနှစ်ထည်ရဲ့ အတ္ထုပ္ပတ္တိ* ၊ကော့သောင်း၊ (၃၂) ညီထွန်းလင်း *သတ်ကွင်း* ၊မြစ်ကြီးနား၊ (၃၃) ရည်ရည်မွန်(မန္တလေး) *နားလည်မှု* ၊-၊ (၃၄) ဖြူလေး(လယ်ဝေး) *ကျွန်မဘက်က စဉ်းစားကြည့်ပါ* ၊လယ်ဝေး၊ (၃၅) သျှင်မုန်းသူ *ဝေမြေလူ့ ခရေဦး* ၊ရန်ကုန်၊ (၃၆) သျှင်မုန်းသူ *ဥယျာဉ်မှူးရဲ့ အမေ* ၊ရန်ကုန်၊ (၃၇) သျှင်မုန်းသူ *အစ်အီကွားလ်တူ* ၊ရန်ကုန်၊ (၃၈) သျှင်မုန်းသူ *ချစ်သူခမိုန်* ၊ရန်ကုန်၊ (၃၉) ဒဏ္ဍာရီ *အမြဲတမ်းစီးဆင်းနေသော* ၊-၊ (၄၀) ဝက်ပါ *မီးကွင်းမှကျွန်* ၊မန္တလေး၊ (၄၁) ကောင်းစေသူ(မုံရွာ) *ထိပ်ဆုံးသို့* ၊မုံရွာ၊ (၄၂) ခွန်းဆက်(မိုးညှင်း) *အဆန်တာရှိ အစုန်မရှိ* ၊မိုးညှင်း၊ (၄၃) ရင်ခွင်ဦး(ဟံဇား) *ကြက်ခြေခတ်တွေ ပွင့်သော ဥယျာဉ်* ၊ဟံဇား၊ (၄၄) လင်းဇော်ဦး *နေဝင်ပြီးတော့ မိုးကြိုးချုပ်* ၊မြစ်ကြီးနား၊ (၄၅) ငြိမ်းချမ်းဇော် *ဘာဖြစ်ကြသွားတာလဲ* ၊ရန်ကုန်၊ (၄၆) သျှင်မုန်းသူ *မီရာအချစ်* ၊ရန်ကုန်၊ (၄၇) သျှင်မုန်းသူ *သခင်မဖြေသေး* ၊ရန်ကုန်၊ (၄၈) နီယွန်းအိမ်(သာခေါင်း)

BURMESE CLASSIC

၂၀၁၄ ခုနှစ်
ဇူလိုင်
၁၅ ရက်နေ့
မှ
၂၀၁၄ ခုနှစ်
ဒီဇင်ဘာ
၈ ရက်နေ့
အထိ

www.burmeseclassic.com

www.burmeseclassic.com

*မွေးစားသား* ၊ပုသိမ်၊ (၄၉) ကျော်စွာ(ရန်ကုန် စီးပွားရေးတက္ကသိုလ်) *ဖယောင်းတိုင်လေး* ၊ရန်ကုန်၊ (၅၀) သူစာခင် *သုံးယောက်ပေါင်း လောင်းကျော်* ၊ကျောက်ဖြူ၊ (၅၁) အောင်နန်းမွေး(သရက္ကုံ) *ယူနီဖောင်း* ၊ကန့်ဘလူ၊ (၅၂) သီလလုံ(ပင်းမူ) *ကြယ်တွေမစုံတဲ့ကောင်းကင်* ၊စစ်ကိုင်း၊ (၅၃) ဖြူလေး(လယ်ဝေး) *ပျော်မွေ့ရာဆီသို့* ၊လယ်ဝေး၊ (၅၄) ဖြူလေး(လယ်ဝေး) *ရှောင်တိမ်းခြင်း မစွမ်းသာသော်လည်း* ၊လယ်ဝေး၊ (၅၅) တောမြင့်မြေ(ကျွန်းလှယဉ်) *အရိုးပြုတဲ့ လူထုအားလုံး ကျွန်းမာ ချမ်းသာစေ* ၊ပခုက္ကူ၊ (၅၆) မင်းတုန်းမောင်စိမ်းလွင် *ဆိပ်ကမ်းမဲ့ပင်လယ်* ၊ပြည်၊ (၅၇) မိုင်နွယ်နွယ်အောင် *မေတ္တာမဲ့မှီး* ၊မကွေး၊ (၅၈) မင်းတင်သိန်း(ပွင့်လျက်) *ဥယျာဉ်မှူး၏ဥယျာဉ်မှူးပုံပြင်* ၊စစ်ကိုင်း၊ (၅၉) မင်းတင်သိန်း(ပွင့်လျက်) *မီခင်* ၊စစ်ကိုင်း၊ (၆၀) မင်းတင်သိန်း(ပွင့်လျက်) *နှစ်ရွာတစ်ရွာ* ၊စစ်ကိုင်း၊ (၆၁) ဝင်းတင်(ရွှေရောင်မြေ) *ဇရာ* ၊သထုံ၊ (၆၂) မင်းထေးနွဲ့(ရာမညမြေ) *စရိုက်* ၊မွန်၊ (၆၃) နေ့သစ်မေ *မနက်ဖြန်ဆိုလျှင်* ၊E-mail, (၆၄) ဆွေဝင်းနီ(ပွင့်ဖြူ) *မိခင်စိတ်* ၊မကွေး၊ (၆၅) ဆွေဝင်းနီ(ပွင့်ဖြူ) *သမားသုံးဖော်* ၊မကွေး၊ (၆၆) နေလပိုလ် *ကျွန်မရဲ့…မောင်* ၊ဟသ်ာတ၊ (၆၇) မိုင်နွယ်နွယ်အောင် *ခေါင်မိုးမဲ့အိမ်* ၊မကွေး၊ (၆၈) မိုးမခ (တောင်ငူ) *ပင်လယ်သေနှင့် ရေချိုတစ်ခွက်* ၊တောင်ငူ၊ (၆၉) မောင်ဗလ *ဒေါ်လာ တစ်ရာ* ၊ရန်ကုန်၊ (၇၀) ရွှေတောင်ပံ *စကားပြောသော မျက်ဝန်းများ* ၊E-mail, (၇၁) ဝန်းသို လွမ်းရဝေ *ကြွေရွာသူလေး* ၊ကသာ၊ (၇၂) ရွှေမိန်းခလေး *ယုန်ပွင့်ပုံပြင်* ၊–၊ (၇၃) လင်းနိုင် *မုံမုံတို့နေရာ* ၊မန္တလေး၊ (၇၄) ကိုကိုးအဲ *ဗေဒါနဲ့ တူတဲ့လမ်း* ၊မုံရွာ၊ (၇၅) သွန်းစ *မြေဆီခမ်းခြောက် ဥယျာဉ်မှူးပျောက်လည်း* ၊ရန်ကုန်၊ (၇၆) မောင်စိုဝေ *Floppy Disk အဟောင်းဝေါမှ အိပ်မက်အပိုင်းအစများ* ၊E-mail, (၇၇) သုတမောင် *ကြိုးလေးနှစ်ချောင်းမှ အစပြု၍* ၊ရန်ကုန်၊ (၇၈) မိုးမိုး(ဂါထာ) *ပင်အိုတက်ပေါက် အပွင့်ဝေသော* ၊စစ်ကိုင်း၊ (၇၉) မင်းတင်သိန်း(ပွင့်လျက်) *မုသားမဲ့ သစ္စာရှင်* ၊စစ်ကိုင်း၊ (၈၀) ဖြူလေး(လယ်ဝေး) *အပျံမသင်တဲ့ငှက်* ၊လယ်ဝေး၊ (၈၁) ဖြူလေး(လယ်ဝေး) *ဒြပ်မဲ့ကြည်နူးမှု* ၊လယ်ဝေး၊ (၈၂) မိုးမြေ *ကျောက်ခဲစား ကြသူများ* ၊ရန်ကုန်၊ (၈၃) မင်းမူပိုင် *အချစ်နဲ့မွှင့်ဆိုတဲ့… ကျွန်တော်၏အတိတ်* ၊ရန်ကုန်၊ (၈၄) ဝန်းသို လွမ်းရဝေ *မျက်ရည်စကား* ၊ကသာ၊ (၈၅) အောင်နန်းမွေး (သရက္ကုံ) *ပေယျာလ ပုစ္ဆာ* ၊စစ်ကိုင်း၊ (၈၆) သထုံငယ်ငယ် *နှင်းဆီနီနီ* ၊သထုံ၊ (၈၇) သထုံငယ်ငယ် *အတုများနှင့် နေထိုင်ခြင်း* ၊သထုံ၊ (၈၈) ညချမ်းညိုညို *ရွေးချယ်မှု* ၊ရန်ကုန်၊ (၈၉) လင်းသစ္စာဦး *အမျှော်တွေ လင့်လင့်သွားတဲ့ မျှော်လင့်မှုတွေ* ၊သရက်၊ (၉၀) မင်းဇော *ငြင်းလိုက်ပါနဲ့စိမ်းရယ်* ၊ရန်ကုန်၊ (၉၁) ရင်ထက်ခိုင်မြလွှန်း *သစ်စိမ်းချိုး၍ ကျိုးသည့်နောက်တွင်* ၊စစ်ကိုင်း၊ (၉၂) မငယ်လေး *တွယ်တာရှာအမြစ်၏အလှပ* ၊ရွှေဘို၊ (၉၃) ဖြူလေး(လယ်ဝေး) *မရနိုင်သော ရယူမှု* ၊လယ်ဝေး၊ (၉၄) ဖြူလေး(လယ်ဝေး) *မွေးနှင့်မွေး* ၊လယ်ဝေး။

■

*အောန်မြတ်မြတ်ချို ပြုစုသည်။*



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၉၃)မှ…*
အချိန်က မြန်လိုက်တာ'

❑

စုံနံ့သာမြိုင် မင်းသမီး ခင်လှသီ ထွက်လာပြီ။ ခင်လှသီ၏ မျက်နှာမှာ ပင်ကိုကပင် သနားစရာကလေးဖြစ်၏။ သနားဖွယ်အခန်းကို ဆင်နွှဲရတော့မည်။ လွမ်းချင်းသီလျှင် နဂိုကပင် စိတ်ဓာတ်ပျော့နွဲ့သူကလေး ဖြစ်၍ မျက်ရည်များ အလိုလို နပါးပြင်ပေါ်သို့ သွယ်ဖြာ ဆင်းလာ၏။ ယနေ့ တစ်ညလုံး မျက်ရည်ပွဲ ကျင်းပရတော့မည်။



**ရှစ်စုံရှက်ကြာ** အမျှော် စိုက်ပတ်ပျိုးကို ငြိမ့်ငြိမ့် ညောင်းညောင်းသီကာ၊ နွဲ့နွဲ့ နှောင်းနှောင်း မူရာဖြင့် အိမ်တော်ပေါ်မှ ခင်လှသီ နွမ်းလျလျ ဆင်းလာပုံကို မည်သူမျှ မမေ့နိုင်။ သဘင်သမ္မာရင့်သူ သီတာ ဒေါ်ခင်ထွေးကပင် 'ဆရာရယ် အလှ(ခင်လှသီ) မျက်နှာပေးကလေးဟာ ကျွန်မ အသည်းမှာ စွဲနေတာပဲ'ဟု ပွဲပြီးနောက် တွေ့တိုင်း တွေ့တိုင်းပင် ပြောပြသေးသည်။ (ငွေရတုသဘင်ပြီးမှ ဒေါ်ထွေးကို ငါးကြိမ်သာ တွေ့ပါသည်။)

'စုံနံ့သာမြိုင် ရဂုံတွင်း'သို့ မင်းသမီးကလေး ရောက်ချေပြီ။ 'ညှာညောင်းစွန့်ချိန်'တွင် 'ကြင်သူငယ်ဝေး လင်ရေးကြောင့် လိုက်ခဲ့ရရှာသည်။'

ခင်လှသီ- *'ရွှေကျူဂေဟာ၊ ငွေရဇတနှင့် ရော့ရှုလိုဏ်၊ ပန်းစုံပေါ်တဲ့၊ မောရမြိုင်တဲ့မှ မောရမြိုင်'*

BURMESE CLASSIC

❑

မောရမြိုင်သို့ မင်းသမီးကလေးရောက်ရ၏။ ဤဌာနတွင် ဘုရားလောင်း ဥဒေါင်းမင်းသည် ဒေါင်းမစနက်ဖြင့် ညွတ်ကွင်းသို့ ဆင်းသက်ခဲ့၏။ ဥဒေါင်းမင်း ဒေါင်းမ၏ ကျော့ကွင်းမှာ မိသကဲ့သို့- မောင်တော်ဘုရားလည်း အခြားမင်းသမီး၏ ကာမဂုဏ်ကျော့ကွင်းမှာ ငြိလေရော့သလား ဟု 'မောရမြိုင်'က လင်ပျောက်ရှာ မင်းသမီးအတွက် ဆွေးဇာတ်ကြောင်း ဖန်တီးခဲ့သည်။ နတ်မောက် ဦးကျော့သည် ကရုဏာရသကို စာလုံးဖြင့် ခြယ်ခဲ့သည်။ ငွေရတုသဘင်တွင် ဘင်တန်ကျောင်းသူများက ကိုယ်တိုင်အကဖြင့် သရုပ်ဖော်ကြ၏။

ဘင်တန်ကျောင်းသူကလေး ရှစ်ယောက် ဒေါင်းအဝတ်အစားနှင့် ထွက်လာ၏။ ပရိသတ်မှာ ငြိမ်လှ၏။ တုတ်တုတ်မျှ မလှုပ်။ မြရတနာ ရစ်ပတ်ခြယ်လှယ်သော ပုလဲပွင့်ကလေးများပမာ မြစိမ်းရောင် ဒေါင်းရုပ်ဆောင်းထားသည့် ဖြူဖွေးသော မျက်နှာကလေးများမှာ ပရိသတ်၏ မျက်နက်ပဒေသာ အကြည်ဓာတ်၏ ကျက်စားရှင်မြူးရာ ဖြစ်သည်။ အိုးဆေသီချင်းသံကလေးများမှာ အစီအရီ လေလှိုင်း စီးကာ သောတရှင်များ နားဝသို့ ခိုခကြ၏။ ငွေဆည်းလည်းသံလို နားဝင်ချိုလှ၏။ ပီတိဟုန်ကြွကာ အချစ်ဘာဝနာပွားစေသော အသံများပေတကား။

ရောင်နီကျင်းလေပြီ။ *'ကျွန်းငယ်နှစ်ထောင်နဲ့ ထွန်းဝရောင်ရှိန်၊ လေးကျွန်းတမြင့်မိုရ်၊ ယုဂန်စွန်းက ထွက်ပေါ်လာပေ့၊ ပတ္တမြားရောင်ရှိန်၊ သူရိန်မင်းထိန်ဝင်းလို့မမှိန်၊ ဒေါင်းဖ ဝါရောင်ရွှန်း(ဇမ္ဗူဒီပါ)၊ အရှေ့ကျွန်းက နေဝန်းထွက်ပေါ်လာ'* နေအရုဏ် တက်လာ၏။ ဘုရားအလောင်း ရွှေဒေါင်းမင်း ထွက်လာသည်။ ဆောင်းထားသည့် ဒေါင်းရုပ်မှ ရွှေရောင်များ ပြန်ဂဟပ် လွှမ်းနေသည့် ဘင်တန်သူ မလှမြင့်၏ မျက်နှာမှာ ဝါဝါဝင်းဝင်း ချစ်တင်းနှောစဖွယ်ကလေး ဖြစ်သည်။ မရှေးမနှောင်းပင် တိန်ညင်မ ဥဒေါင်းပျို မကျင်ရီ၏ အသံကလေးသည် ပရိသတ်ကို နှလုံးသွေးတစ်ချက် အလိုလို တန့်ရပ်သွားစေသည်။

'ဒီ ဒေါင်းမနဲ့ဆိုရင် ငါလည်း မိမှာပဲ။ ဘယ်သူဖြစ်ဖြစ် မိမှာပဲ'ဟု ကျောင်းသားတစ်ယောက် ဝေဖန်သံသဲ့သဲ့ ကြားလိုက်သည်။

'ဒါထက် ဒေါင်းမကလေးတွေက ဘယ်သူတွေလဲ'ဟု ဘင်တန် 'အင်ဆိုက်ကလိုပီးဒီးယား'(ဗဟုသုတပဒေသာကျမ်း)တစ်ဦးကို လှမ်း၍ ကိုးကားလိုက်သည်။ ဖိုးပြောချင်ကလည်း 'ရှေ့တန်းက စန်းစန်းမြင့်၊ စန်းစန်းရီ၊ မလှကြည်၊ မခင်ကြွယ်။ နောက်တန်းမှာ တင်တင်မြင့်၊ မမေသီ၊ စုစုဆေ၊ ခင်ခင်မော်'ဟု အစီအစဉ်အတိုင်း လျှာခလုတ်မတိုက်မိဘဲ တစ်မှုဟုတ်ချင်း ရွတ်ပြသည်။ အာဂုဏ်ပေ။

ဒေါင်းဖို ညွတ်ကွင်းတွင်မိပြီ။ ဒေါင်းမကို ချစ်မာယာသွေးသည်ဟု အပြစ်တင်တော့၏။ အပြစ်ကင်းသူ ဒေါင်းမငယ်ပျိုကလေးက သနားစဖွယ် ငိုယိုတောင်းပန်၏။ ခုနစ်သံချိုငိုချင်းဖြင့် ကာလသံနှောကာ သီဆိုငိုကြွေးသည်။

ကျောင်းသားတစ်ယောက်။ ။'ဟင်း…'သက်ပြင်းကြီးချကာ ပင့်သက်ရှူလိုက်၏။

'ဟော့ ဘာဖြစ်တာလဲ'

'သိင်္ဂါရ-ရသမြောက်လိုက်တာကွယ်'

စင်စစ် သွေးရိုးသားရိုးအတိုင်း ကရုဏာ-ရသသာ မြောက်ထိုက်သည်။ ပယောဂ အထူးအဆန်းတွေ ပူးကပ်လေပြီ။

❑

*'လွမ်းပုံကို မဖန်တီးနိုင်ဘူး။ မြိုင်ကြီးသေလာ၍ ဆေး… သူ့ ဆွေးစေဖို့လေး။ ငှက်ကျေးသာရကာ၊ မြူးပျော်…*



www.burmeseclassic.com

www.burmeseclassic.com

*ဘာသာနှော*' အလွှမ်းပတ်ပျိုးကို သီဆိုကာ စုံနှံ့သာမြိုင် မင်းသမီး ဆွေးလျှလျှ ထွက်လာခဲ့ပြန်သည်။

စန္ဒကိန္နရာ မောင်မယ်တို့ စံရာ စန္ဒတောင်ခြေသို့ ရှာပုံတော် မင်းသမီးကလေးရောက်ခဲ့၏။ '*လောင်းစန္ဒကိန္နရာ သေငယ်ဇောနှင့် မြှားသည့်တာကို လက်ျာတော်နတ်၊ သူ့ချစ်ဆွေငယ်၊ ပွေဖျာပါနှင့် ရွှေနှာတောင်နှပ်စဉ်က စိမ်းဖပ်ဖပ်ရွက်လူလူ၊ ပင်ချင်းယှက်ပါတဲ့၊ ကတ္တူရူတဲ့မှ ကတ္တူရူ*' ဗျာဆွေးသစ်သွယ်ကရုဏာညှို့သံဖြင့် သီဆိုကာ ခင်လှသီ ဝင်သွားပြန်သည်။ စန္ဒကိန္နရီပူဆွေးပုံကို ဇာတ်ကြောင်း သွယ်ခဲ့သည်။

စန္ဒကိန္နရီ၏ အပူမီးနှင့် မင်းသမီးကလေး အပူမီးတို့ အတောက်ချင်း ပြိုင်ကြ၏။ 'မယ်အပူသည်' ရွှေးပွဲတွင် စန္ဒကိန္နရီနှင့် ရှာပုံတော်မင်းသမီးနှစ်ဦးမှာ မည်သူက အကဲသာမည်နည်း။ နဂိုဇာတ်ခံ ပူရင်းတွင် ကိန္နရီကလေး၏ ဆွေးဇာတ်ဟောင်းက အပူရှိန် ထပ်လောင်းသဖြင့် မင်းသမီးကလေး ဘက်သို့ အပူချိန်ခွင် လျှာ ပြူထွက်လာတော့သည်။ ဦးကြော့၏ ကဗျာဉာဏ်ကား ဆန်းကြယ်လှ၏။

ငွေရတုသဘင်တွင် အင်းယားသူ ပျိုယမင်းများက ဦးကြော့ဉာဏ်ပလီကို စံမီအောင်သရုပ်ဖော်ခင်းကျင်းကြသည်။

စန္ဒကိန္နရာ မလှသန်းနှင့် စန္ဒကိန္နရီ လှလှညွန့်တို့ ဧချင်းသီကျူးပြီးလျှင် ရွှေလည်တွဲ၍ ပျံဝဲပျော်မြူးကာ ထွက်လာကြသည်။

'မလှသန်းကတော့ တကယ့် အနုပညာသည် အစစ်ပဲ။ ဆေးစက်ကျရာ အရုပ်ထင်တာပဲ။ လှလှညွန့်ကလေးလည်း အကတော့ ဇာတ်မင်းသမီးက အရှုံးပေးရတယ်'ဟု ကျောင်းသားများ နှုတ်ဖျားမှ ချီးကျူးသံများ တိုးထွက်လာကြသည်။ 'လှလှညွန့် ထဘီအနားခတ်ပုံက ချစ်စရာကလေးပဲ'လို့ သီတာဒေါ်ခင်ထွေး ချီးမွမ်းသံကို ခဏခဏ ကြားရသည်။

ကိန္နရီမယ် အင်းယားသူ ခြောက်ယောက်သီချင်းပြိုင်ဆိုကာ ထွက်လာကြသည်။ ရွှေဝါရောင်ထဘီပေါ်တွင် ငွေမှုန်ကြဲထားသော ဒွါဒရာများ ဆင်ထားသဖြင့် ပြာလဲ့လဲ့ ဓာတ်မီးရောင်တွင် အင်းယားမယ် ကိန္နရီ လှမြုတေကလေးများမှာ တစ်ပုံတင့်ဆန်း ရှုမခန်းပင်။ ထင်မြင်ချက်ပေးရာတွင် ဆံခြည်ခန့်မျှ ဦးမလေးသော ကျောင်းသားထုမှ 'ကိန္နရီတွေကကျွန်တော့်အသည်း ဆွဲနုတ်သွားပြီ။ ဒေါက်တာရောဘတ်ကယ်ပါ'

'စန္ဒကိန္နရာစူးတဲ့မြှား ကျွန်တော့် စူးသွားပြီ'

'နှာတံပေါ်ပေါ် အရပ်သွယ်သွယ် ကိန္နရီကလေးကို မြှားနဲ့ ပစ်ချင်တယ်'ဟု တောင်စဉ်ရေမရ ပြောကြသည်။

ကရုဏာရသမှာ ပွဲကြည့်ပရိသတ်အတွက် အရေးမကြီးလှ၊ ကိန္နရီတွေ၏ အလှနှင့် အကသာ သူတို့အတွက် အဓိကဖြစ်သည်။ ထို့ထက် အရေးကြီးသော အချက်တစ်ခု ကျန်ပါသေးသည်။ ကိန္နရီတွေ ဘယ်သူများပါလိမ့်။ အတိအကျသိလိုသည်။ ဤတစ်ကြိမ်၌ 'အင်းယားကျောင်းဆောင်အဘိဓာန်ကြီး'ကို ဦးခိုက်ရပြီ။

'ကိန္နရီများမှာ မမြသန်း၊ ခင်မမကြင်၊ ရင်ရင်ကြင်၊ အေးအေး၊ တင်တင်အေး(ပေါ်လီ)၊ နီနီတို့ ဖြစ်သည်။ ဗြဟ္မဒတ်မင်းကြီးမှာ မြင့်ဦးကြွေ ဖြစ်သည်'ဟု အင်းယား အဘိဓာန်က မထစ်မငေါ့ ပြော၏။ အခန်းနံပါတ်တွေနှင့် အတန်းကို ပွဲပြီးမှပေးမည်ဟု စေတနာ ရေစီးကမ်းပြိုဖြင့် အဆစ်ထည့်လိုက်သေးသည်။ အနန္တကျေးဇူးရှင်ပါတကား။

ကိန္နရီဇာတ် ပြည်ဖုံးချလေပြီ။

❑

'*တိမ်သီဂီနှင့်သာ၊ နေရီရီ၊ လှမ်းမီတော့ရှာ။ နှဖဝါးတော်နှာ၊ သွေးခြည်သာတန်းပါလို့၊ အိုယန်းဘွဲ့သာ။* **ဖြေနိုင်ပေါင် ချောင်းချားကလေး**ပတ်ပျိုး သီဆိုကာ ခင်လှသီ၏ ညင်းတွဲ့တွဲ့ ယိမ်းလဲ့လဲ့ အသံထွက်ပေါ်လာ၏။ ရော်ရွက်ဝါမျက်နှာမှာ နှင်းမျက်ရည်ဖြာနေသည်။ အကယ်စင်စစ် လွမ်းသရုပ်ပေါ်လွင်လှ၏။ သို့သော် ကောင်းကင်သို့ ကျောင်းသားထုမှ ဝေဖန်သံ လွင့်ပျံ့ကွန့်မြူး၏။

'ဒီမင်းသမီးကြည့်ရတာ မသက်သာလှဘူး။ ကေ-အင်-ဒီ-အိုနဲ့ အလံနီပေါင်းပြီး နှိပ်စက်လွှတ်လိုက်တဲ့ ဒုက္ခသည်ထင်တယ်'

ခင်လှသီက ဆက်လက်၍ '*ယမုန်သောင်စပ်၊ ရွှေသမင်ရေတင်လို့ခပ်စဉ်က လောင်းမြတ်ကဲ့သူမွန်၊ ရွှေလိုဝင်းပါတဲ့မင်းသုဝဏ်၊ စိန်ချွန်တော်ထိ၊ ဒုက္ခတွေဖိတုန်းက*'ဟု သုဝဏ္ဏသာမ ဇာတ်ကြောင်းဖော်ခဲ့သည်။

သုဝဏ္ဏသာမ မြှားဆိပ်မွှန်သော ငွေသောင်စပ်သို့ ရှာပုံတော်မင်းသမီး ရောက်ခဲ့သည်။ သုဝဏ္ဏသာမကို မြှားမှန်၍ မိဘနှစ်ပါး အပူပွားကြပုံနှင့် စုံနှံ့သာမြိုင် မင်းသမီးနွမ်းလျပုံကို ဦးကြော့က ပရိသတ်အား မှတ်ကျောက်တင်စေသည်။ သားပျောက်နှင့် လင်ပျောက် အပူမီးတောက်ပုံကို ယှဉ်ပြခဲ့သည်။ မင်းသမီးကလေး၏ ဆွေးတောင်ထုကို ဦးကြော့က စာရှုသူတို့အာရုံတွင် တံဆိပ်နှိပ်ခဲ့သည်။

သုဝဏ္ဏသာမဇာတ်ကြောင်းကို ဘင်တန်ကျောင်းသူများပင် သရုပ်ဖော်ကြသည်။

သမင်ဖိုသမင်မ စုံတွဲကလေးများ လည်ချင်းတင်ကာ ထွက်လာကြသည်။ သမင်ဖိုများမှာ ရွှေဖလားရောင်ပုဆိုးကို ခါးတောင်းကျိုက်၍ ရွှေသမင်ခေါင်း ဆောင်းထားသည်။ သမင်မကလေးများကား ရွှေဖလားရောင်ထဘီ ဆင်ထားသည်။ သူတို့လည်း တစ်မျိုးတစ်ဖုံ မျက်စိ အသရေကို ဆောင်ကြသည်။ သမင်ယိမ်းမှာ ရိုးရိုးကလေးနှင့် ဆန်းသစ်သည်။

အလောင်းတော် မင်းသုဝဏ်လုပ်သူ မတင်လွှမ်းမှာ ဆံမြိတ်ကွင်းချကာ သျှောင်တစောင်း ထုံးထား၏။ ယောဂီအဝတ် လက်ကတော့ ထိုးထားသည်။ ရှုမငြီးဖွယ်ရာ ကျက်သရေနှစ်ကလေးဖြစ်သည်။ တရွှဲ့စောင်းဝေဖန်ဖျက်သမား ကျောင်းတော်သားတိုင်းလိုကပင် 'ယောဂီအဇော်

www.burmeseclassic.com

ကလေးနဲ့ သျှောင်တစောင်း ထုံးထားတာ သိပ် ပန်းသင့်တာပဲ။ သူ့, ဘယ်သူလဲ၊ ဘယ်သူလဲ'ဟု အငမ်းမရ တစ်ဦးကို တစ်ဦး မေးကြသည်။ သုဝဏ္ဏသာမ မြားမှန်၍ လဲသွားရာ ကျောင်းသားထုတွင် 'ကျွတ်ဝင်'တော့သည်။ ပါးစပ်တိုင်းမှ အောက်ကလီအာ'ကျွတ်… ကျွတ်… ကျွတ်'သံ ပျံတက်လာသည်။ ထို 'ကျွတ်… ကျွတ်… ကျွတ်' အသံကို မည်သည့် အလင်္ကာရသ မြောက်သည်ကို ဆန်းစစ်ရန် တက္ကသိုလ်မဂ္ဂဇင်း စာတည်းအဖွဲ့သို့ လွှဲအပ်လိုက်ရသည်။

**သုဝဏ္ဏသာမ**ဇာတ်ကို ဘင်တန်သူ မတင်လွှမ်း၊ မေမေသီ၊ ခင်ခင်မော်၊ ခင်ခင်မေ၊ မလှကြည်၊ စုစုဝေ၊ မခင်ကြွယ်၊ စန်းစန်းရီ၊ စန်းစန်းမြင့်၊ မလှမြင့်တို့ ပါဝင်ပြသသည်။

**သုဝဏ္ဏသာမ**ဇာတ်ကို မတင်လွှမ်း၏ လွမ်းသံ ရှိုက်သံဖြင့် နိဂုံးချုပ်လိုက်သည်။

ပရိသတ်ထုမှ ဝေဖန်ချက် အထူး မပေါ်လာချေ။ သို့သော် 'သမင်မ ဝဝတုတ်တုတ်ကလေးတော့ မွေးချင်သတဲ့ စန်းစန်းရီ'

❑

BURMESE CLASSIC

ပရိသတ်။ ။ 'ဟော ခင်လှသီအသံ'

*အမယ်မင်း… နဒီချမ်းမြေ့ ရေယဉ်စမ်းနှင့် ခင်တန်းကျွေ့က တမြည့်မြည့်သာ၊ တရွေ့ရွေ့လာခဲ့… မယ်ဂဏ္ဍာနှင့် ဇာလီမောင်နှမ၊ သနားစဖွယ်၊ ကစားရွယ်ကို၊ ပုဏ္ဏားဝယ်သတုန်းက ချုန်းချလို့ငို၊ မဒ္ဒီလဲတဲ့ သဲမိုမိုကို၊ ပင်ကိုယ်နတ်ကယ်၊ အရှာကြူးလို့၊ ရောက်ဖူးတယ်…တဲ့မှ ရောက်ဖူးတယ်…'*

'မဒ္ဒီလဲတဲ့ သဲမိုမို'မှာ- ရှာပုံတော်မင်းသမီးကလေးသည် လွမ်းပင် ပျိုးပြန်သည်။ လွမ်းပင်ကလေးကို ဆွေးမျက်ရည်ဖြင့် သွန်းလောင်းကာ ဗျာပါမြေတောင်မြှောက်ခဲ့သည်။

'မဒ္ဒီလဲတဲ့ သဲမိုမို'တွင် လွမ်းမှန်တိုင်းဆင်ပုံကို ဘင်တန်ကျောင်းသူ မရီလေးချို၊ မကျင်ရီ၊ မတင်လွှမ်း၊ မေမေသီတို့က ပန်းချီခြယ်ကြသည်။

ရီလေးချိုက 'ဝေဿန္တရာမင်းကြီးလုပ်ပြီး ပူပုံဖမ်းတာ တော်တော် သရုပ်ပါတယ် ဆရာ'ဟု ဆရာမပေါက်စကလေးတွေ ချီးကျူးကြသည်။ 'မေမေသီကလေးလည်း မျက်ရည်ကျပြီး လွမ်းခန်းဆင်တာ တော်တာပဲ'ဟု သူတို့ သူငယ်ချင်းတွေက ဩဘာပေးကြသည်။ မဒ္ဒီဒေဝီ မကျင်ရီ၏ သနားစဖွယ် အမူအရာမှာ ချစ်ခင်ဖွယ် ဖြစ်သည်။ ငွေရတုသဘင်ပြီးသည်မှာ ငါးလရာသီကျော်ခဲ့ပြီ။ သို့သော် မဒ္ဒီ၏ မျက်လုံးညို့ဓာတ်ကား ဥဒါန်းမကျေနိုင်။ နောင် ၂၅ နှစ် လွန်မြောက်သည့် 'ရွှေရတုသဘင်'၌ ဤကဲ့သို့ ပီတိနှီးသော မျက်လုံးအစုံမျိုးကို အမွေပေးခဲ့နိုင်ပါစေဟု ဆုတောင်းမိသည်။ မဒ္ဒီကို ကရုဏာထက် သဒ္ဓါလွန်ကဲကြသည်။ ရှေးအကျိုးပေး ရင့်သန်ပေ၏တကား။

မဒ္ဒီဆွေးခန်း နိဋ္ဌိတံပြီ။

❑

ခင်လှသီအသံ။ ။ *'လှိုက်လှိုက်လှဲလှဲ၊ ရှိုက်လို့သာခဲ့ရ ပလလဲခေါ်၊ ဆင်မင်းငယ်ပျော်၊ တောမှော်ရုံပြန့်၊ မြကြက်သိမ်းငယ်၊ တဖိန်းဖိန်း လန့်တာမို့၊ မသန့်လိပ်ပြာ… ထိတ်စရာ… တဲ့မှ… ထိတ်စရာ…'*

ပလလဲတော၌ ပလလဲဆင်မင်းသည် မြတ်စွာဘုရားသခင်ကို တမ်းတ၍ ရင်ကွဲနာနှင့် သေရာစခန်းသို့ ရှာပုံတော်မင်းသမီး ရောက်ချေပြီ။ စင်စစ် ဦးကြော့၏ ရည်ရွယ်ချက် အာဘော်မှာ-'ဆင်မင်းကို ၅၂၈ သွယ်သော မေတ္တာမှ ပေါက်ဖွားသည့် သာမညအလွမ်းဖိစီးရုံမျှနှင့် အသက်ဆုံးစေနိုင်သော်၊ မင်းသမီးကလေး၏ လွမ်းတောင်ထုကား ဆိုဖွယ်ရာ မရှိတော့'ဟု ပေါ်လွင်စေချင်၏။ သို့သော်-

ပရိသတ်အတွက် လွမ်းဇာတ်ကွက်များဖြင့် ငြီးငွေ့မည်စိုး၍ အလွမ်းစခန်းကို အသောခန်း ဖန်တီးလိုက်ရသည်။

ကောသမ္ဗီပြည်တွင် မြတ်စွာဘုရား ဆုံးမ၍ မနိုင်သော ဓမ္မဂိုဏ်းနှင့် ဝိနယဂိုဏ်းသံဃာတို့ ရန်ဖြစ်ကြပုံကို ကျောင်းတော်သားများက သရုပ်ဖော်ကြ၏။ ဤသို့ သရုပ်ဖော်ရာတွင် ကျောင်းတော်သား မောင်ဝင်းမောင်က ဘုရားလူကြီး၊ လှစိုးလွင်နှင့် မောင်မြင့်သန်းတို့က ဖိုးသူတော်၊ မောင်တင်ညိုက ပလလဲဆင်၊ မောင်ယု၊ မောင်ကျော်ဝင်း၊ မောင်ဇင်မောင်တို့က ဘုန်းကြီးကျောင်းသား အသီးသီး တာဝန်ယူလုပ်ကြသည်။

ဖိုးသူတော်နှစ်ပါး အင်းယားကျောင်းဆောင်နှင့် ဘင်တန်ကျောင်းဆောင်အတွက် ဒရဝမ်လျှောက်ကြသည့် ပြက်လုံးမှာ ပွဲအကျဆုံးပင်။ ကျောင်းသားထုကား မနောပီတိခွေ့နေ၏။ ပလလဲဆင်ကြီးက *ချစ်ဒုက္ခ*သီချင်းဖြင့် မြတ်စွာဘုရားကို တမ်းတ,ရာ ဆရာ ဦးဘညွန့် စံချိန်ကို မီလုမတတ်ဖြစ်သည်။

ကျောင်းသူနှစ်ယောက်၏ မိခင်ကြီးက 'ဖိုးသူတော်နှစ်ယောက်ကို အကြိုက်ဆုံး'ဟု ပြောသည်။ ဖိုးသူတော် မြင့်သန်းမှာ ထိုအဒေါ်ကြီး စံချိန်ချိုးနိုင်သူနှင့် တွေ့သွားပြီ။ ငွေရတုသဘင်၏ ကျေးဇူးမဟုတ်ပါလော။ ယခုတော့ ကရုဏာရသမြောက်ဖွယ် မုဆိုးဖိုဖြစ်ရှာပြီ။ သြော် သင်္ခါရ- သင်္ခါရ။ ဖိုးသူတော် လှစိုးလွင်မှာ ငြိမ်ချက်ကောင်းတုန်းဖြစ်သည်။ မြင့်သန်း အားကျပြီး မုဆိုးဖိုဖြစ်အောင် ကြိုးစားပါလား၊ အို… ဘွာ… ဘွာ။

ဤအခန်းကို လူကြိုက်အတော်များ၏။ သနားဖွယ်ဇာတ်လမ်းတွင် အသောဖောက်ထားသဖြင့် သုံးထပ်သားဝက်သားနီတွင် အချဉ်ရည် အအီပြေကဲ့သို့ ဖြစ်သည်။

❑

'ရိပ်ကောင်းမှောင်မှောင်၊ ဆိတ်ကျောင်းညောင်၊ ဘုန်းမောင်ကြောင့် ရောက်ခဲ့ပေ့' မင်းသမီးကလေးသည် မောင်တော်နှင့် တွေ့ရန် အဋ္ဌလီတင်ချိသသော ဌာနဖြစ်သည်။ မြတ်စွာဘုရားသည် ဆိတ်ကျောင်းညောင်မှာ မာရ်နတ်၏ သမီးသုံးယောက်ကို ဆုံးမ၏။ ထို့နောက် မြတ်စွာဘုရားအား တပုဿတို့ လာရောက်ပူဇော်ကြသည်။ ထိုနေရာသို့ တဖော်တိသော

www.burmeseclassic.com

www.burmeseclassic.com

နတ်သမီးများ လာရောက်ဖူးမြော်ရာ ဝမ်းမြောက်ဝမ်းသာ အဆို အကဖြင့် ကန်တော့ကြပုံကို ထိုးဇာတ်ဆင်ထားသည်။ မြန်မာ အသင်း ငွေရတုသဘင်တွင် မြန်မာမှု အနုပညာကို နိုင်ငံခြား သားများနှင့်တကွ အမျိုးသားအားလုံး သိမြင်စေရန် စေတနာ ဖြင့် ဖန်တီးခြင်းဖြစ်သည်။ သီတာ ဒေါ်ခင်ထွေးကလည်း လက်စွမ်းကုန် သင်ပြထားသည်။

ဘင်တန်ကျောင်းသူ 'မတင်လွမ်၊ စန်းစန်းမြင့်၊ တင်တင် မြိုင်၊ မကြင်ရီ၊ စန်းစန်းရီ' တို့က ခိုင်ပန်းစုံ ယိုးဒယားအကဖြင့် မြန်မာအနုပညာကို တိမ်ညွန့်ပျံ့စေခဲ့သည်။ ပရိသတ်ကလည်း ရင်သပ်ရှုမောပင်။ ယိုးဒယားအက ကျင့်ရသည်မှာ ပါရမီရင့်ရန် လိုသည်။ သာမည ဝါသနာ၊ သာမည ဉာဏ်၊ သာမည ဖွဲ့ တို့နှင့်ကား ဤအနုပညာမျိုးမှာ မည်သည့်နည်းနှင့်မျှ ဆွေမျိုး စပ်နိုင်လိမ့်မည် မဟုတ်ပါ။

'ခိုင်ပန်းစုံမယ်' ကလေး ငါးယောက်မှာ နုံ့သာရောင်ဝတ် စုံညီနှင့် ယိုးဒယားဟန်ချီနွဲ့ကြသည်။ 'ရှုမငြီးအင်္ဂါ ချစ်မငြီး မူရာ' ရတနာ အနှစ်များပင်။

❑

*'နန်းဆောင်ဆောင် ဝေဇယန်နှင့်၊ ငွေဗိတာန်၊ ဆောင်ဘုံ မျူးပါတဲ့၊ ငုံဖူးပွင့်မြတ်ညာလှိုင်ငယ်၊ ဆဒ္ဒန်ပိုင်ဘုန်းတော်ထွန်း ပါလို့၊ လေးကျွန်းကိုစကြာလည်သောခါ၊ ခက်မြွာစုံ သိရ်သရေ နှင့်၊ ထိန်,ပဒေ, ကုက္ကိုဖြူးဆီက၊ ပုံတောင်းသံ ညံညံကြား သောခါ၊ လျှောက်ကြားကာ ဆွေမဟာနှင့်၊ နောက်တော်ပါ အမြန်လိုက်ခဲ့ပါ...'*

မောင်တော် အိမ်ရှေ့မင်းသား(ခင်လေးငယ်) စကြာ ရတနာစီး၍ ပြန်ရောက်လာသည်။

*'တွေ့ရင်ဖြင့် ယန်းပါဘူး၊ ပင်နန်းသူ...'*

ရာပုံတော် စုံနံ့သာမြိုင် မင်းသမီး၏ အပြုံးကား တိမ် မှောင်ထုကို ဖြိုခွင်းသည့် လျှပ်ရောင်ပမာ ကြည်လင်လှသည်။ မောင်,မယ်စုံ နှစ်ဦးကြည်နူး ပျော်ရွှင်ကြပေပြီ။

❑

'စုံနံ့သာမြိုင် ရာပုံတော်ကြီး သရုပ်ဖော်ပြဇာတ်' ကို ခင်လှ သီ အပြုံးဖြင့် နိဂုံးချုပ်လိုက်သည်။

ရန်ကုန်တက္ကသိုလ် မြန်မာအသင်းကြီး၏ ၂၅ နှစ်မြောက် ငွေရတုသဘင်ကြီးကား အောင်မြင်မင်္ဂလာ ဝေဖြာခဲ့ပြီ။ နောင် ၂၅ နှစ် ရာသီကုန်မြောက်၍ ၁၉၇၇ ခုနှစ်သို့ ရောက်သော် ဤအသင်းကြီး၏ ရွှေရတုသဘင် ဆင်နွှဲနိုင်ပါစေသောဝ်။

(ဆရာ ဦးကျော်ရင်နှင့် ဆရာ ဦးလှမောင်တို့သည် 'ရွှေ ရတုသဘင်' အောင်မြင်မြိုင်ဆိုင်စွာ ဆင်ယင်နိုင်ရန် ငွေ ၁၅၀၀ ကျပ်စီ ချီးမြှင့်ဖို့ စီစဉ်ပြီးဖြစ်သည်။ မြန်မာအသင်း ရွှေရတု သဘင်ကို ရည်စူးပြီးလျှင် ၂၅ နှစ်စီမံကိန်းချကာ ၁၅၀၀ ကျပ်စီနှင့် အသက်ပေါင်ထားပြီးပြီ။ ဆရာ ဦးမောင်မောင်ကြီး နှင့် ဆရာ ဦးလှရွှေတို့လည်း ဤနည်းနှင်နှင် စီစဉ်နေပြီ။ စင်စစ် သူတို့တစ်တွေမှာ မြန်မာအနုစာပေ မြန်မာအနုပညာကို အသက်ပမာ လေးစားသူများ မဟုတ်ပါလော။)

■

လှမောင်၊ မြန်မာစာဌာန၊

BURMESE CLASSIC

ပုံနှိပ်တိုက်

စာအုပ်အမျိုးမျိုးကို စာမူပေးပြီးပါက စာအုပ်ဖြစ်သည် အထိတာဝန်ယူ လုပ်ဆောင်ပေးပါသည်။

- Calendar
- Pamphlet
- Name Card
- Table Calendar
- Box
- Voucher
- File Holder
- Booklet
- Letter Head
- Lable အမျိုးမျိုးကို စိတ်တိုင်းကျ အရည်အသွေး ပြည့်ဝစွာ ဆောင်ရွက်ပေးနေပါသည်။

ကော်ကပ်ချုပ်စက်ဖြင့် စာအုပ်အမျိုးမျိုးကို ချုပ်လုပ်ပေးပါသည်။

အမှတ် ၁၃၃၊ မြေညီထပ်၊ လမ်း၄၀၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၃၉၀...



www.burmeseclassic.com